www.burmeseclassic.com


မောင်ဝေသိ

# ရှေ့နေကြီးပယ်ရီမေဆင်နှင့်နှစ်ခြမ်းကွဲအိမ်ကြီးအမှု

The Case of the Fenced-in Woman

by

Erle Stanley Gardner



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၁၉၈/ ၂၀၀၄ (၂)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၁၅၇၂/ ၂၀၀၃ (၁၁)

**ပုံနှိပ်ထုတ်ဝေခြင်း**

ဖေဖော်ဝါရီ၊ ၂၀၀၄ (ဒု-ကြိမ်)

**ထုတ်ဝေသူ**

ဦးအောင်လှ(ပန်းအောင်စာပေ)

အမှတ် ၅(အေ)၊ မြဝတ်ရည်လမ်း၊

၁၃ ရပ်ကွက်၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ပန်းအောင်အော့ဖ်ဆက်

အမှတ် ၁၁၃၆၊ ချင်းတွင်းလမ်း၊

(၆၃)ရပ်ကွက်၊ စက်မှုဇုံ (၂)၊

တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

မောင်မောင်သိုက်

**အုပ်ရေ** - ၁၀၀၀

**တန်ဖိုး** - 1000

ပန်းအောင်စာပေတိုက်ထုတ်စာအုပ် (၃၇)

ပန်းအောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ပန်အောင်စာပေတိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၂၈။ ကာတွန်းဇိုဇမ် — တီထွင်ဖန်တီးကာတွန်းရေးဆွဲနည်း
စာမူခွင့်ပြု-၁၃၀၂/၂၀၀၂ (၁၂)

၂၉။ ကြပ်ကလေး — မမှားတဲ့ဖိတ်စာ (ဒုတိယအကြိမ်)
စာမူခွင့်ပြု-၅၅၅/၂၀၀၃ (၅)

၃၀။ ကိုပိုက် — ဝိညာဉ်ကလှဲစား
စာမူခွင့်ပြု-၇၈၂/၂၀၀၂ (၆)

၃၁။ မောင်ချစ် (မန်းတက္ကသိုလ်) — နည်းနည်းပြောမယ်
စာမူခွင့်ပြု-၈၅၀/၂၀၀၃ (၆)

၃၂။ မင်းလူ — အများနှင့်မသက်ဆိုင်သောသူ
စာမူခွင့်ပြု-၁၂၅၈/၂၀၀၃ (၉)

၃၃။ မောင်ကိုယု — တကယ့်ရွှေနေ
စာမူခွင့်ပြု-၁၁၇၄/၂၀၀၃ (၁၁)

၃၄။ ကိုပိုက် — မီးလောင်ကုန်းရွာသူ
စာမူခွင့်ပြု-၁၄၇၅/၂၀၀၃ (၁၀)

၃၅။ မောင်ဝံသ — ရွှေနေကြီးပယ်ရီမေဆင်နှင့် အစားထိုးမျက်နှာအမှု
စာမူခွင့်ပြု-၁၄၇၆/၂၀၀၃ (၁၀)

## ယခု

၃၆။ မောင်ဝံသ — ရွှေနေကြီးပယ်ရီမေဆင်နှင့် နှစ်ခြမ်းကွဲအိမ်ကြီးအမှု
စာမူခွင့်ပြု- ၁၅၇၂/၂၀၀၃ (၁၁)

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၃၇။ ဝင်းပ — ပီကာဆို
စာမူခွင့်ပြု-၇၂၃/၂၀၀၃ (၈)

၃၈။ မောင်ပေါ်ထွန်း — ကျောရာကျော်ကြောင်း
စာမူခွင့်ပြု-၃[illegible]၀/၂၀၀၃ (၅)

www.burmeseclassic.com

www.burmeseclassic.com

မှုခင်းစုံထောက်နှင့် ဥပဒေပညာပေး

# ရှေ့နေကြီး ပယ်ရီမေဆင်

# နှင့်

# နှစ်ခြမ်းကွဲအိမ်ကြီးအမှု

မောင်ဝံသ
(မြန်မာပြန်

**The Case of The Fenced - in Woman**
**by**
**Erle Stanley Gardner**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တရားရုံးချုပ် စီရင်ချက်တစ်ခုကို ရှေ့နေကြီး ပယ်ရီမေဆင် ဖတ်ရှုလေ့လာနေစဉ် ရုံးခန်းအတွင်းသို့ သူ၏ ကိုယ်ရေး အတွင်းရေးမှူး ဒယ်လာ စထရိ ဝင်လာသည်။

မေဆင်က ဒယ်လာကို မော်ကြည့်လိုက်ပြီး "ဒယ်လာရေ- အသက်တစ်ရာမနေရ အမှုတစ်ရာတွေ့ရ ဆိုသလိုပဲနော်၊ လူတွေကြောင့် ဖြစ်ပွားတဲ့ အမှုတွေ မဆုံးနိုင်အောင် ဖြစ်နေတော့တာပဲ။ ရှေ့နေတစ်ယောက်အဖို့ အမှုတစ်မှု ပြီးသွားပြန်ရင်နောက်တစ်မှု ဘယ်လိုအဆန်းတကြယ် ကြုံရဦးမယ်ဆိုတာ မသိနိုင်ဘူးကွယ့်နော်"

ဒယ်လာကနှုတ်ခမ်းထောင့်ကလေးမှ အပြုံးသဲ့သဲ့ဖြင့် ပြန်ပြောသည်။ "ဥပမာ-မော်လေအီဒင်အမှုမျိုးပေါ့ဆရာ"

"အေးပေါ့ကွယ်၊ ဟော...ဒါထက် ဒယ်လာပြောတာ ဘာ အမှုလဲကွယ့်"

"မော်လေအီပင်အမှုပါဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အီဒင်-အီဒင်၊ အင်း...နေစမ်းပါဦး၊ ဆရာအဲဒီအမှုမမှတ်မိဘူးကွယ့် ဘာအမှုပါလိမ့်"

"ဆရာ ဘယ်သိဦးမလဲလေ၊ အီဒင်ဆိုတဲ့လူက ခုမှ ဆရာ့ရုံးခန်း အပြင်မှာ စောင့်နေတာပဲ။ သူ့ကြည့်ရတာ အတော်ကလေး သောက ရောက်နေပုံပဲဆရာ"

"သူ့ဒုက္ခက ဘယ်လိုတဲ့လဲ"

"မိန်းမချော မိန်းမလှတစ်ယောက်က အီဒင်ရဲ့အိမ်ကို အလယ် တည့်တည့်ကနေ ငါးပင်လိမ်သံဆူးကြိုးတွေနဲ့ ခြံကာထားလို့ပါတဲ့ ဆရာ"

မေဆင်က ဒယ်လာအား စူးစမ်းအကဲခတ်ကြည့်ပြီး "ဒီ-အီဒင် ဆိုတဲ့လူက ဒယ်လာကို နောက်ပြောင်ပြီး ပြောတာလား၊ ဒါမှမဟုတ် ဒယ်လာက ဆရာ့ကို ရယ်စရာပြောနေတာလား"

"တကယ်ပြောတာပါဆရာ၊ အီဒင်ရဲ့ အိမ်ကြီးကို အလယ်တည့်တည့် က ဖြတ်ပြီး သံဆူးကြိုး ခြံကာခံရတယ်၊ သံဆူးကြိုး တစ်ဖက်မှာ အင်မတန် ဆွဲဆောင်မှုရှိတဲ့ မိန်းမလှတစ်ယောက် နေနေတယ်၊ အဲဒီမိန်းမက ငေး ကြည့်လောက်အောင်လှတဲ့ ကိုယ်လုံး ကိုယ်ပေါက် ရှိတယ်၊ နေပူစာလည်း လှူတတ်တယ်။ ဒါပေမယ့်"

"ကိုင်း...ဒယ်လာ၊ ဆရာပြောတဲ့ ခပ်ဆန်းဆန်းအမှုဆိုတာမျိုးဟာ ဒါမျိုးပဲကွယ့်၊ ဒီတော့ အဲဒီ အီဒင်ဆိုတဲ့လူနဲ့ ဆရာကိုယ်တိုင်တွေ့ပြီး သူ့ ဇာတ်လမ်း နားထောင်ကြည့်တာပေါ့"

"နောက် ၁၅ မိနစ်မှာ ဆရာ တခြားအမှုသည်တစ်ယောက်နဲ့ ချိန်း ထားတာရှိတယ်လေ၊ ဖြစ်ပါ့မလားဆရာ"

ဒယ်လာက သတိပေးသည်။

"အေးကွယ်၊ အဲဒီအမှုသည်ကို နည်းနည်းပါးပါး စောင့်ခိုင်းရမှာ ပေါ့၊ အခုလောလောဆယ်မှာ မော်လေအီဒင်ကို ဆရာတွေ့ရလိမ့်မယ်"

ဒယ်လာက ချတ်ချင်းထပြီး အပြင်ရုံးခန်းသို့ ထွက်သွားသည်၊ စက္ကန့်





ပိုင်းမျှအကြာတွင် သူစိမ်းယောကျ်ားတစ်ယောက်နှင့်အတူ ပြန်ဝင်လာ သည်။ ထိုသူမှာ အသက် ၃၀ ကျော်ခါစအရွယ်ပိုင်းတွင် ရှိပြီး ဂင်တိုတို ပုံပန်းရှိသည်။ အခန်းဝမှ ဝင်လာသည်နှင့် အစွမ်းကုန် ပြုံးပြထား သည်။ ဒယ်လာက မေဆင်နှင့် အီဒင်အား မိတ်ဆက်ပေးပြီး သူမ၏ အတွင်း ရေးမှူး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ အီဒင်က မေဆင်ကို လက် ဆွဲ နှုတ်ဆက်ပြီး "ကျန်းမာပါစဆရာကြီးခင်ဗျာ၊ ဆရာ့အကြောင်း ကျွန်တော် အများကြီး ကြားဖူးထားပါတယ်၊ ကျွန်တော် လူသတ်မှုတို့ ဘာတို့နဲ့ အစွပ်စွဲခံရတဲ့အခါကျရင် ဆရာ့ဆီဦးဆုံးပြေးလာမယ်လို့ သန္နိဋ္ဌာန် ချထားပါတယ်၊ ဒါပေမဲ့ အခုတော့ လူသတ်မှု မဟုတ်ပေမယ့် အတော် ကြီး အန္တရာယ်များတဲ့အခြေအနေနဲ့ ကြုံလာရလို့ ပြေးလာခဲ့ပါတယ် ဆရာ"

"အင်း... နောက် ၁၅ မိနစ်လောက်မှာ အမှုသည်တစ်ယောက်နဲ့ ချိန်းထားတာရှိနေတယ်ဗျာ၊ ဒီတော့ ဖြစ်ပုံကို လိုရင်းပြောပြနိုင်မလား မစ္စတာ အီဒင်"

အီဒင်က မေဆင် ညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်ပြီး

"ဟုတ်ကဲ့... လိုရင်းကိုပြောပါ့မယ်ဆရာ၊ ဖြစ်ပုံကရယ်စရာလည်း ကောင်း၊ စိတ်ညစ်စရာလည်းကောင်းခင်ဗျ"

မေဆင်က အီဒင်ကို စီးကရက်တလိပ် ကမ်းပေးပြီး သူကိုယ်တိုင် တစ်လိပ်မီးညှိသောက်ကာ "အင်း...ပြောစမ်းပါဦး"ဟု ထောက်ပေးသည်။

"ဒီလိုခင်ဗျ၊ လော်ရင်းကာဆင်ဆိုတဲ့လူတစ်ယောက်မှာ အိမ်မြေ နေရာတစ်ခုရှိတယ်။ သူက မြေကွက်နှစ်ကွက် တွဲလျက်ဝယ်ပြီး အဲဒီ မြေပေါ်မှာ တိုက်ဆောက်၊ တက်ဈေးနဲ့ ပြန်ရောင်းဖို့ စိတ်ကူးခဲ့တယ်၊ ကျွန်တော့်မှာကလည်း အဲဒီလိုမြေကွက်မျိုးနဲ့ အံဝင်ခွင်ကျ အိမ်ပုံစံ တစ်ခုရှိတယ်၊ ကျွန်တော်ကိုယ်တိုင် ပုံစံထုတ်ထားတာပါ။ အဲ-ကျွန်တော့် ဆီ ဒီသုကာလားလို့ မမေးပါနဲ့ မဟုတ်ပါဘူး။ ကျွန်တော်က မ[illegible]တ်



www.burmeseclassic.com

www.burmeseclassic.com



တခေါက်သမားပါ၊ ခေတ်မီတိုက်အိမ်တွေရဲ့ ဓာတ်ပုံတွေ၊ အိမ်တွင်း အခန်းအနားအဆင်အပြင် လှလှပပဓာတ်ပုံတွေပါတဲ့ မဂ္ဂဇင်းတွေ ကြည့်ပြီး ကျွန်တော်က အိမ်ပုံစံဆွဲတဲ့ ဝါသနာအိုးဖြစ်လာခဲ့ပါတယ်"

အီဒင်က ခေတ္တနားပြီး ဆက်ပြောသည်။

"ကာဆင်ဆိုတဲ့လူက အဆောက်အအုံ ဆောက်လုပ်ရေး ကန်ထရိုက်တာတစ်ယောက်ပါ။ သူက ကျွန်တော်ဘယ်လိုမှ ငြင်းနိုင်စရာမရှိတဲ့ ကမ်းလှမ်းချက်တစ်ခုပေးလာခဲ့ပါတယ်။ သူ့မြေကွက်ပေါ်မှာ ကျွန်တော့်စိတ်ကြိုက်တိုက်ပုံစံအတိုင်း ရက် ၉၀ အတွင်း အပြီးဆောက်ပေးမယ်။ ကျွန်တော်က ငွေလက်ငင်းချေရမယ်။ ခုမှအပြစ်တင်ရင်လည်း ခံရတော့မှာပေါ့ဆရာရယ်၊ ကျွန်တော်တို့ဟာဟ ဘိုးသူတော်ရှူးနဲ့ လှေလူးတွေ့ဆိုသဟာမျိုးလို ကာဆင်ကလည်း ငွေလိုချင်၊ ကျွန်တော်ကလည်း တိုက်ဆောက်ချင် ဖြစ်ခဲ့ကြတာကိုး။ ကာဆင်ရဲ့မြေကွက်တွေက တစ်ကွက်ကို သူပိုင်ပြီး တစ်ကွက်ကို သူ့မိန်းမက ပိုင်တယ်။ ကျွန်တော်ကတော့ နှစ်ယောက်စလုံးအတွက် ကာဆင်က တာဝန်ယူရောင်းပေးတာလို့ပဲ နားလည်ပြီး ငွေပေးချေခဲ့တယ်။ ကာဆင်ကလည်း ချက်ချင်းပဲ ကျွန်တော့်အိမ်ပုံစံအတိုင်း တိုက်ကို စဆောက်ပေးပါတယ်"

မဆင်က ကြားဖြတ်မေးသည်။

"နေပါဦးဗျ၊ ကာဆင်လင်မယားက သူတို့ မြေတွက်တွေကို လွတ်လွတ်လပ်လပ် အရှုပ်အရှင်းမရှိ ပိုင်ဆိုင်ကြတယ် မဟုတ်လား၊ ဒါဆို ဘာပြဿနာရှိစရာ-"

အီဒင်က"သူ့မိန်းမက ကာဆင်နဲ့တွာရှင်းခွင့် ရုံးမှာလျှောက်ထားပါတယ်ဆရာ"

"ဒါပေမယ့် မြေကွက်တွေဟာ ဇနီးမောင်နှံပိုင် ပစ္စည်းဆိုရင် ခင်ပွန်းသည်က ပိုင်ဆိုင်မှုပစ္စည်းရဲ့ စီမံခန့်ခွဲသူ ဖြစ်ရတာပဲ"

" ခက်တာက ဆရာရယ်၊ မြေကွက်တွေက ဇနီးမောင်နှံပိုင် မဟုတ်





ဘူးခင်ဗျ၊ ကာဆင်ဆိုတဲ့ လူက ထက်ဝက်တောင် မပိုင်ဘူး၊ ကာဆင်ဟာ အဲဒီ မြေကွက်နှစ်ကွက်ကိုဝယ်ခဲ့စဉ်က တစ်ကွက်ကို သူ့ဇနီးရဲ့ သီးခြားပိုင်ငွေကို သုံးပြီး ဝယ်ခဲ့တယ်၊ ကျန်တစ်ကွက်ကို သူတို့နှစ်ဦးပိုင်ငွေနဲ့ ဝယ်ခဲ့တယ်၊ အဲဒီတော့ ရှုပ်ကုန်ရောပေါ့ဆရာ၊ တရားသူကြီးက မြေကွက် နှစ်ကွက်အနက် တစ်ကွက်သည် ဇနီးဖြစ်သူ၏ သီးခြားပိုင်ဆိုင်မှုဖြစ်တယ်၊ ကျန်တစ်ကွက်သည် မိသားစုပိုင်ဖြစ်တယ်လို့ ဆုံးဖြတ်တယ်၊ ဒါပေမယ့် ကာဆင်ကို သက်ညှာတဲ့အနေနဲ့ မိသားစုပိုင်မြေကွက်ကို ကာဆင်ရဲ့ သီးခြား ပိုင်ဆိုင်မှုအဖြစ် တရားသူကြီးက ခွဲခြားပေးလိုက်ပါတယ်"

"မြေကွက်ပေါ်မှာ ခင်ဗျားရဲ့အိမ်ပုံစံနဲ့ တိုက်ဆောက်နေတုန်းက အမျိုးသမီးက မကန့်ကွက်ခဲ့ဘူးလား"ဟု မေဆင်က မေးသည်။

"အဲဒါ ပြဿနာပဲပေါ့ဆရာ၊ တိုက်ဆောက်နေတုန်းမှာ အမျိုးသမီးဆီက စာတစ်စောင်ရတယ်၊ မွှေးကြိုင်နေတဲ့ စာရေးစက္ကူနဲ့ ရေးပို့လိုက်တဲ့ စာပဲ၊ စာထဲမှာ ကျွန်တော်ဟာ သူ့ရဲ့ မြေပေါ်မှာ တိုက်ဆောက်နေတာဖြစ်တယ်လို့ ရေးထားပါတယ်"

"အဲဒီတော့ ခင်ဗျားက ဘာလုပ်သလဲ"

"တိုက်က ဆောက်လက်စ ဖြစ်နေပြီ ဆရာရယ်၊ ကျွန်တော်က ကာဆင်ကို သူတို့လင်မယား ကွာရှင်းလို့မှုလျှောက်ထားတဲ့ကိစ္စ ကျွန်တော့်ကို ဘာကြောင့် မပြောသလဲလို့မေးတော့ ကာဆင်က ဘာပြဿနာမှ မရှိပါဘူးတဲ့၊ သူ့ဘက်က ပိုင်ပြီးသားပါလို့ ပြောတယ်။ သူ့မိန်းမ နောက်ကို အလွတ်စုံထောက်တစ်ယောက် ငှားပြီး နောက်ယောင်ခံ လိုက်ခိုင်းခဲ့တယ်၊ သူ့မိန်းမ ဖောက်ပြန်နေတာ သက်သေအထောက်အထားနဲ့ ရထားပြီ၊ ဒါကြောင့် တရားရုံးမှာ သူက သူ့မိန်းမရဲ့ စာရိတ္တပိုင်းကို ပြန်လှန်စွပ်စွဲနိုင်တော့မယ်။ အဲသလို ချေပလိုက်ရင် သူ့မိန်းမက သူ့အပေါ် ကွာရှင်းခွင့် လျှောက်ထားတာ ပျက်ပြယ်ရုံမက သူ့မိန်းမရဲ့ ပိုင်ခွင့်တွေကိုပါ သူက ချုပ်ကိုင်နိုင်မယ်လို့ ပြောပါတယ်။ ကျွန်တော်က သူပြောတာ မယုံဘူး



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စုံထောက်နဲ့ တွေ့ချင်တယ်လို့ ပြောပါတယ်"

"စုံထောက်နဲ့ တွေ့သလား"

"ဟုတ်ကဲ့ဆရာ၊ ဒေတန်ဆိုတဲ့ စုံထောက်ပါ။ သူ့ဆီက အထောက်အထားတစ်ခုကိုကြည့်ပြီး ကာဆင်ပြောတာကို ကျွန်တော်လက်ခံလိုက်ပါတယ်။ သူ့မိန်းမ ဗီဗီယန်ကာဆင်ဆီက စာကိုလည်း ကျွန်တော် ဂရုမစိုက်တော့ဘဲ နေလိုက်ပါတယ်"

"ဒီတော့ ဘာဖြစ်လာသလဲ"

"ကာဆင်က သူ့မိန်းမဖောက်ပြန်နေပါတယ်လို့ ရုံးတော်မှာ တန်ပြန်စွဲဆိုပါတယ်။ အဲဒီတော့မှ ချောက်ကျတော့တာပဲ ဆရာ၊ သူ့စုံထောက်ဒေတန်ဟာ တခြားမိန်းမတစ်ယောက်နဲ့ လူမှားပြီး လမ်းလွဲလိုက်မိခဲ့တာကိုး။ ဖြစ်ပုံက ဒီလိုဆရာ၊ သူ့မိန်းမ ဗီဗီယန်နောက် စုံထောက်ကို လိုက်ခိုင်းတော့မယ်ဆိုတော့ ကာဆင်က ခပ်လှမ်းလှမ်းက ညွှန်ပြခဲ့တယ်၊ မိတ်ဆုံပွဲတစ်ခုက ဗီဗီယန်ပြန်ထွက်လာမယ့်အချိန် ကာဆင်နဲ့ ဒေတန်ဟာ မိတ်ဆုံပွဲကျင်းပတဲ့ အဆောက်အအုံအပြင်ဘက်မှာ ကားထဲက ထိုင်စောင့်ခဲ့ကြတယ်၊ ဗီဗီယန်တို့ အပြင်ထွက်လာကြတော့ အမျိုးသမီးအုပ်စုလိုက် လမ်းလျှောက်လာကြတုန်း ကာဆင်က ဟောဟို ဘေးအစွန်က အကျႌ အစိမ်းနဲ့ဟာ ကျုပ်မိန်းမပဲလို့ စုံထောက်ကို ပြောတယ်။

"စုံထောက်က အဲဒီအချိန်မှာ မျက်လုံးက တခြားဘက်ကို ကြည့်နေမိတယ်။ သူကြည့်တဲ့ဘက်မှာလည်း အကျႌအစိမ်းနဲ့ မိန်းမတစ်ယောက်ရှိတယ်တဲ့၊ ဒါနဲ့ပဲ ကာဆင်ပြတာက တစ်ယောက်၊ စုံထောက်က သူ့မိန်းမပဲလို့ မှတ်လိုက်မိတာက တစ်ယောက် ဖြစ်သွားတော့တာပဲ။ စုံထောက်ဒေတန်ကလည်း သူမှတ်မိတဲ့ အကျႌစိမ်းနဲ့ မိန်းမနောက် ခြေရာခံလိုက်တဲ့အခါ အဲဒီ မိန်းမက တကယ်ဖောက်ပြန်နေသူဖြစ်နေလေတော့ ဒေတန်က ကာဆင်ဆီ သတင်းပို့၊ အထောက်အထားတွေရအောင်စုဆောင်း၊ အသင့်ပြင်ဆင်ပြီးတော့မှ ကာဆင်က တန်ပြန်စွဲချက်တင်တော့တာကိုး၊ တရား





ရုံးမှာ တကယ် ရင်ဆိုင်ရှင်းကြတော့မှ ဗီဗီယန် ဘာမှမဖြစ်ဘဲ ကျွန်တော့်လူကာဆင် မရှုမလှ ခံရတော့တယ်။

"သူတို့အမှုကို စီရင်ချက်ချတဲ့ တရားသူကြီးက မြေတစ်ကွက်ကို ကာဆင်က ပိုင်ကြောင်း၊ အခြားမြေတစ်ကွက်ကို ဗီဗီယန်ကာဆင်က ပိုင်ကြောင်း၊ ကျွန်တော်ကတော့ မြေနှစ်ကွက်စလုံးပေါ်မှာ ခွပြီး အိမ်ဆောက်ခဲ့တာဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။

"ကာဆင် လူလည်လုပ်တာ ကျွန်တော် ခံခဲ့ရတာပါပဲ ဆရာ၊ မှားခဲ့တာလည်း မှားပါစေတော့၊ အမှားကြွေးဆပ်ဖို့ကလည်း ကျွန်တော်က အသင့်ရှိပါတယ်၊ ဒါကြောင့် ဗီဗီယန်ကာဆင်ဆီ ကျွန်တော်က ကိုယ်စားလှယ် တစ်ယောက်လွှတ်ပြီး ဖြစ်ခဲ့တဲ့ကိစ္စအတွက် ဝမ်းနည်းကြောင်း၊ သူ့မြေကွက်ပေါ်မှာ ကျွန်တော့်အိမ် ထက်ဝက်ဆောက်ထားမိတဲ့အတွက် သူ့မြေကွက်ကို ကျသင့်တဲ့ဈေး ပေးချေပြီး ကျွန်တော်ယူပါမယ်လို့ ပြောခိုင်းပါတယ်။

"ဗီဗီယန်က ကျွန်တော်ဟာ သူ့ယောကျ်ားနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းလို့ နားလည်ထားပုံရပါတယ်။ ကျွန်တော့်ကိုယ်စားလှယ်ကို ဒေါသတကြီး ပြောလွှတ်လိုက်တယ်၊ မစ္စတာအီဒင်ရေထဲ ဆင်းသေလိုက်ပါလားလို့ ပြောလိုက်သတဲ့ခင်ဗျာ။

"ကျွန်တော်တလည်း ဆောက်ပြီးသားအိမ်ကို ကျွန်တော်မြန်မြန်သွားနေလိုက်ရင် ကျွန်တော့်အနေနဲ့ လက်ဆုပ်လက်ကိုင်ဖြစ်ပြီး တခြားနည်းနဲ့ ကြံဆိုင်ဖန်ဆိုင်မယ်လို့ စဉ်းစားမိပါတယ်။

"ဒါပေမယ့် ဗီဗီယန်ဟာ အာဂ အမျိုးသမီးဗျ၊ တရားသူကြီးကို တားမိန့်ထုတ်ခိုင်းတယ်၊ သူ့ယောကျ်ားဖြစ်စေ၊ သူ့ယောကျ်ားနဲ့ ဆက်စပ်တဲ့ တခြားမည်သူဖြစ်စေ ဗီဗီယန်ရဲ့ ပိုင်ဆိုင်မှုကို ကျူးကျော်စွက်ဖက်ခြင်းမပြုရဆိုတဲ့ တားမြစ်မိန့်ပဲဆရာ။ ဒါနဲ့ စနေ၊ တနင်္ဂနွေအားလပ်ရက်မှာ ကျွန်တော် ခရီးထွက်သွားတုန်း ဗီဗီယန်ဟာ မြေတိုင်းသမားတစ်ယောက်ရယ် ဆောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရေးအဖွဲ့တစ်ဖွဲ့ရယ်၊သော့ပြင်ဆရာတစ်ယောက်ရယ် ငှားပြီး အလုပ်စပါတော့တယ်၊ မြေကွက်နှစ်ကွက်ရဲ့ နယ်ခြားမျဉ်းတည့်တည့် တိုင်းပြီး အိမ်ရှေ့ကအိမ်နောက်အထိအလယ်တည့်တည့်တစ်လျှောက် သမံတလင်းမှာ အပေါက်တွေဖောက်၊ သံတိုင်တွေထူ၊ သံဆူးကြိုးတွေနဲ့ ခြံကာပါတယ်၊ ခြံအဝင်လမ်းလယ် အုတ်တိုင်ကနေ အိမ်အလယ်ကြော တည့်တည့်ဖြတ်ပြီး နောက်ဖေးရေကူးကန်လွန်တဲ့အထိ သံဆူးကြိုးအပြည့် ကာထားတာ ဖြစ်ပါတယ်။

"ကျွန်တော်အိမ်ပြန်ရောက်တော့ ဗိဗိယန်ဟာ သူပိုင်တယ်ဆိုတဲ့ မြေကွက်ပေါ်က ကျွန်တော့်အိမ်တစ်ခြမ်းမှာ အပိုင်တက်နေလေချည်ရဲ့ ခင်ဗျာ၊ သံဆူးကြိုးခြံတစ်ဖက်မှာသူ၊ တစ်ဖက်မှာ ကျွန်တော်၊ သူက တရားသူကြီးရဲ့ တားမြစ်မိန့် စာရွက်မိတ္တူကို ကျွန်တော့်ကို သံဆူးကြိုးအပေါ်က ကမ်းပေးတယ်"

"တရားသူကြီးက ဘယ်သူလဲ" ဟု မဆောင်က မေးသည်။

"တရားသူကြီး ဝွတ်ဒွင်းပါ။ ကာဆင်တို့ လင်မယား ကွာရှင်းဖို့ လျှောက်ထားမှုကို စစ်ဆေးခဲ့တဲ့ တရားသူကြီးပါပဲ"

မဆောင်က မျက်မှောင်ကြုတ်လျက်

"တရားသူကြီး ဝွတ်ဒင်းတို့ ကျုပ်ကောင်းကောင်းသိတယ်၊ သူဟာ အင်မတန် စေ့စပ်သေချာတဲ့ တရားသူကြီးပဲ၊ တရားပြိုင်နှစ်ဖက်စလုံး ဘယ်ဘက်ကမှ မနာရအောင် တိတိကျကျ ဆုံးဖြတ်လေ့ရှိတယ်လို့ နာမည်ကြီးတယ်၊ သူက ဥပဒေပညာပိုင်း ဆိုင်ရာတွေကို သိပ်အရေးထားလေ့မရှိဘူး"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ခုတိစွမှာတော့ ဒီတရားသူကြီးဟာ မဟုတ်ကဟုတ်က ဆုံးဖြတ်ခဲ့တာ သေချာတယ်"ဟု အီဗင်က ပြန်ပြောသည်။

မဆောင်ကမျက်မှောင်ကြုတ်လျက်အလေးအနက် စဉ်းစားနေပြီးမှ

"ဒါထက် ခင်ဗျားက အိမ်ထောင်ရှင်လား"ဟု မေးသည်။





အီဗင်က ခေါင်းယမ်းပြပြီး...

"အိမ်ထောင်တော့ ကျဖူးပါတယ်၊ ဒါပေမယ့် ကျွန်တော့်မိန်းမ ဆုံးသွားတာ သုံးနှစ်လောက်ရှိပါပြီ"

"ခင်ဗျားတစ်ယောက်တည်းနေဖို့ ဒီလောက်ကြီးတဲ့အိမ်မျိုး ဘာကြောင့် ဆောက်ချင်ရတာလဲ"

"အဲဒါတော့ ကျွန်တော်လည်း ပြောတောင်မပြောတတ်တော့ပါဘူး ဆရာ၊ ကျွန်တော့်ဝါသနာက ဒီဇိုင်းတွေ ဆွဲရတာကို သိပ်သဘောကျတယ်။ ပုံဆွဲကတ်ပြားနဲ့ ခဲတံတစ်ချောင်းကိုင်ပြီး စိတ်ကူးရတဲ့အိမ်ပုံစံတွေ စမ်းဆွဲနေတတ်ပါတယ်၊ အခုဆောက်တဲ့အိမ်ပုံစံကို ဆွဲပြီးတော့ ကျွန်တော့်မှာ ဥပါဒါန်ကြီးစွဲနေပြီး အဲဒီအိမ်မျိုး ဆောက်ပြီး နေချင်လာတာပါပဲ"

"ခင်ဗျားအလုပ်အကိုင်က ဘာလဲ"

"အဲ...ဝယ်ရောင်း ပွဲစားလို့ ခေါ်ရင် သင့်မြတ်မယ် ထင်ပါတယ်။ ကျွန်တော်တောင်းတယ်ထင်တဲ့ပစ္စည်းတွေ့ရင် ဝယ်တယ်၊ ဈေးကောင်းရရင် ပြန်ရောင်းတယ်၊ အခုတော့ အငြိမ်းစား ပွဲစားပေါ့ဆရာရယ်၊ ထိုင်စားလို့ ရလောက်အောင် စီးပွားရေးလည်း ကောင်းခဲ့ပါတယ်"

"မစ္စတ်ကာဆင်နဲ့တော့ ခင်ဗျား တစ်ခါမှ မတွေ့ခဲ့ရဘဲ သူ့ယောက်ျားနဲ့ပဲ ဆက်ဆံခဲ့တယ်ပေါ့-ဟုတ်စ"

"ဟုတ်ပါတယ် ဆရာ"

"မစ္စတ် ကာဆင်နဲ့ ဘယ်တော့တွေ့သလဲ"

"မနေ့ကပါဆရာ၊ တနင်္ဂနွေနေ့ပါ။ ခရီးထွက်ရာက ကျွန်တော် ပြန်လာတော့ အိမ်ဝင်ဝင်ချင်း ဟိုခြံစည်းရိုးကြီးကို တွေ့ရပါတယ်၊ အိမ်ရှေ့တံခါးဖွင့်ဝင်သွားတော့လည်း အိမ်အလယ်တည့်တည့်ကနေ သံဆူးကြိုးခြံကာထားတာ တွေ့ပြန်ပါရော၊ မီးဖိုဆောင်တံခါးလည်းပွင့်နေပြီး မိန်းမ တစ်ယောက် ချက်ပြုတ်နေတာတွေ့ပါတယ်၊ သူ့အိုးသူ့အိမ်လို သဘော ထားပြီး အေးအေးဆေးဆေးနေတဲ့ ပုံစံမျိုးပဲ ဆရာ၊ ကျွန်တော်ရယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကြည့်နေတာမြင်တော့ အမျိုးသမီးက သံဆူးကြိုး နားလျှောက်လာပြီး တရားသူကြီးဆီက အမိန့်စာ မိတ္တူကို ထုတ်ပြပါတယ်။ ပြီးတော့မှ ကျွန်မတို့ အခုအိမ်နီးနားချင်းတွေ ဖြစ်နေကြပြီဆိုတော့ တစ်ဖက်နဲ့တစ်ဖက် အဆင်မပြေစရာတွေ မဖြစ်စေဖို့ ကြိုးစားလိမ့်မယ်လို့ ယုံကြည်ပါတယ်တဲ့၊ လူကြီးလူကောင်းတစ်ယောက်အနေနဲ့ သူ့ရဲ့သီးသန့်လွတ်လပ်ခွင့်ကို မထိပါဘူးလို့ မျှော်လင့်ပါတယ်တဲ့၊ အဲသလိုပြောပြီးတော့ ကျွန်မတို့ ဆက်ဆွေးနွေးစရာမလိုတော့ပါဘူး၊ ဒါပါပဲလို့ပြောပြီး ပြန်လှည့်ထွက်သွားပါလေရော။

"အိမ်နီးချင်းတွေတဲ့ဆရာရယ်၊ သံဆူးကြိုး ခြားပြီးနေကြတာကို ပြောသွားပုံက ဇော်တားမော်တား၊ ကျွန်တော်လည်း စိတ်ပျက်လက်ပျက်နဲ့ ခဏနားနေပြီး အိမ်နောက်ဖေး ရေကူးကန်ဆီထွက်လာတော့ အမျိုးသမီးကိုတွေ့ပြန်ရော၊ ဘီကီနီရေကူးဝတ်စုံကလေးနဲ့ဆရာ၊ ကန်ဘောင်မှာ နေစာလှုံနေတယ်၊ ဒီလိုနဲ့ ဒီနေ့မနက်မှာ ကျွန်တော်အိပ်နေတုန်း တစ်ဖက်မှာ အမျိုးသမီးက ကော်ဖီအိုးနှပ်ပြီး ကြော်လှော်နေတယ်၊ စားစရာအနံ့တွေရတော့ ကျွန်တော့်မှာ ဆာလိုက်တာ မပြောပါနဲ့တော့၊ ဒါပေမယ့် မီးဖိုသုံးပစ္စည်းတွေက ဟိုဘက်ခြမ်းမှာချည်း ဖြစ်နေတယ်"

"ဒီတော့ ခင်ဗျား ဘာလုပ်သလဲ"

မေဆင်က ဖြတ်မေးသည်။

"ကျွန်တော်အိပ်ရာကထပြီး တစ်ဖက်ကို မျှော်ကြည့်မိတာပေါ့ ဆရာရယ်၊ အမျိုးသမီးက ကျွန်တော့်ကို လှမ်းမြင်တယ်၊ မနက်စောစော မိုးလင်းစာ ဆာနေလို့ ကျွန်တော်မျှော်နေတာပဲ ဆိုတာ သိပုံရတယ်၊ ကော်ဖီလေးတစ်ခွက်လောက် သောက်ဦးမလားလို့ လှမ်းမေးတယ်ခင်ဗျ၊ ကျွန်တော်တလည်း ငတ်မရှက် ဆိုသလိုပေါ့ဆရာရယ်၊ ကောင်းသားပဲလို့ ပြောလိုက်တော့ အမျိုးသမီးက ကော်ဖီခွက်နဲ့ ပန်းကန်ပြားကို သံဆူးကြိုးကြားက လှမ်းပေးတယ်၊ ပြီးတော့ နို့နဲ့သကြားယူဦးမလားလို့ မေးပါတယ်၊ ဒါနဲ့





မပြီးသေးဘူး၊ ခုလို ကျွေးမွေးတာဟာ ကျွန်တော့်အနေနဲ့ ကိုယ့်ဘက်အခြမ်းမှာ အခြေတကျ မဖြစ်သေးခင် အိမ်နီးချင်းကောင်း ဝတ္တရားအတိုင်း ကူညီတာပါတဲ့၊ ကျွန်တော်အခြေကျသွားရင် နောက်ထပ် စကားစမြည်ပြောစရာ မလိုပါဘူးတဲ့"

မေဆင်က ပြုံးပြီး

"နေပါဦး အီဗင်ရဲ့၊ ခင်ဗျားအဖြစ်က အတော်ပြဇာတ်ဆန်နေတယ်၊ အမျိုးသမီးဟာ သူ့ဘက်အခြမ်းအတွက် ခင်ဗျားဆီက ဈေးကောင်းကောင်းရအောင် ချူနေတာများ ဖြစ်နေမလား"

"ပထမတော့ ကျွန်တော်လည်း အဲသလိုပဲ တွေးမိပါတယ်ဆရာ၊ ဒါပေမယ့် အဲဒါမသေချာဘူးထင်တယ်၊ ဒီအမျိုးသမီးဟာ တကယ်က မကျေနိုင် မချမ်းနိုင်ဖြစ်နေတာပဲ၊ သူ့ကို ဖောက်ပြန်ပါတယ်ဆိုပြီး တန်ပြန်တရားစွဲဖို့ ကြိုးစားတဲ့ သူ့ယောက်ျားအပေါ် ဒေါသူပုန်ထပြီး လက်စားချေနေပုံရတယ်"

အီဗင်က ခေတ္တရပ်ပြီး ဆက်ပြောသည်။

"ကာဆင်ဆိုတဲ့လူဟာ သူငှားထားတဲ့စုံထောက် လူမှားစုံစမ်းပြီး ပေးတဲ့ အချက်အလက်ကို အပိုင်တိုင်ခဲ့မိတာ ငါးပါးမှောက်တာပဲ"

"မစ္စတ်ကာဆင်မှာ ရှေ့နေငှားထားတာရှိမှာပေါ့"

မေဆင်ကမေးသည်။

"လင်မယား ကွာရှင်းခွင့်လျှောက်တုန်းကတော့ ရှေ့နေငှားခဲ့တယ်တဲ့၊ အခု သူ့မြေကွက်ပိုင်ဆိုင်မှုနဲ့ပတ်သတ်ပြီး သူကိုယ်တိုင်ပဲ ဖြေရှင်းမယ်လို့ ဆိုပါတယ်"

"မစ္စတ်ကာဆင်ဆီက မြေကွက်ကို ဝယ်ဖို့ ခင်ဗျားကြိုးစား တင်လှမ်းခဲ့ပြီးပြီနော်...ဟုတ်စ"

"တမ်းလှမ်းခဲ့ပြီးပါပြီဆရာ၊ အပြတ်ငြင်းပယ်ခဲ့ပါတယ်"

"ရေကူးကန်ကို ခင်ဗျား ထွက်လာတော့ အမျိုးသမီးက ဘီကီနီ



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ နေတာလည်းနေတယ်နော်...ဟုတ်စ"

"ဟုတ်ပါတယ် ဆရာ၊ အမျိုးသမီးဟာ အသက်မွေးဝမ်းကျောင်း မြေမယ်တစ်ယောက်ပါ၊ ဒီလောက်လှတဲ့အမျိုးသမီးကို ကာဆင်လိုလူက ဘယ်လို ရခဲ့သလဲတော့ ကျွန်တော်မစဉ်းစားတတ်ဘူး၊ အမျိုးသမီးဟာ အဆင့်အတန်းတော့ ရှိပါတယ်"

မေဆင်က ဒယ်လာစထရီအား တစ်ချက် လှမ်းကြည့်လိုက်ရာ ဒယ်လာက ပြုံးပြသည်။

မေဆင်သည် လက်ပတ်နာရီကို အရေးတကြီးကြည့်ပြီး

"ကိုင်း...အီဒင်၊ ခင်ဗျားကိုပြောထားတဲ့ အတိုင်းပဲ၊ ကျုပ်မှာ ချိန်းထားတာတစ်ခုရှိနေတယ်၊ ခင်ဗျားကိစ္စကိုတော့ အခင်းဖြစ်ပွားနေတဲ့ ခင်ဗျားတို့ အိမ်ကို ကျွန်တော်လာကြည့်ပြီးမှ ဆက်ပြောရင် ကောင်းမယ်ထင်တယ်၊ ဝထမဆုံး ကျုပ်အနေနဲ့ တရားသူကြီး ဝွတ်ဒွင်းနဲ့တွေ့ပြီး စကားပြောချင်သေးတယ်၊ တရားသူကြီးက အခြေအနေတွေ သေသေချာချာ သဘောပေါက်သွားရင် သူ့အမိန့်ကို ပြင်ဆင်ချက် လုပ်ပေးကောင်း လုပ်ပေးမယ် ထင်ပါတယ်၊ ခုလောလောဆယ်တော့ ခင်ဗျား အဲဒီမှာ မနေပဲ..."

အီဒင်က မေးကြောတင်းလျက် ဖြတ်ပြောသည်။

"အို...ဒါတော့ မဖြစ်ဘူးဆရာ၊ ကျွန်တော်ကတော့ ကိုယ့်အိမ်မှာ ကိုယ်နေရမှာပဲ၊ ကျွန်တော့်ကို နှိပ်စက်တဲ့အမျိုးသမီးကို ပြန်ပြီး နှိပ်စက်ရလိမ့်မယ်၊ ကျွန်တော် လျှပ်စစ်မီးဖိုကလေးတစ်လုံးဝယ်မယ်၊ ကျွန်တော့် အိပ်ခန်းထဲမှာပဲ ချက်ပြုတ်စားမယ်၊ ကျွန်တော့်ဘက်အခြမ်းမှာ နံရံမြှုပ်မီးလင်းဖိုတစ်ခုလည်းရှိတယ်၊ မီးဖိုထဲ မီးသွေးတွေထည့်မယ်၊ အသားတွေကင်မယ်၊ ကြက်သွန်တွေကြော်မယ်၊ ဗီဗီယန်ကာဆင်ဟာ ကိုယ်ဟန်ပြ အလှမယ်ဆိုတော့ သူ့ကိုယ်လုံးကိုယ်ပေါက် အလှမပျက်အောင် အစားအသောက်ကို ရွေးစားရတယ်ဆိုတာ ကျွန်တော်သိတယ်၊ ကျွန်တော့်





ဘက်က ညှော်တိုက်ပြီး ချက်ပြုတ်စားနေရင် ဟိုဘက်ခြမ်းမှာ သူဘယ်လိုမှ ပုံမှန်မစားနိုင်တော့ဘူး၊ အစားအသောက်တွေ ပျက်ကုန်မှာ သေချာတယ်"

မေဆင်က မျက်မှောင်ကြုတ်၍သာ နားထောင်နေသည်။

ဒယ်လာက မေဆင်၏ အချိန်းအချက်စာအုပ်ကို လှန်ပြီး

"ဆရာ...ဒီနေ့ မွန်းလွဲ ၂ နာရီခွဲနောက်ပိုင်းမှာ ဆရာ အားပါတယ်၊ အခုချိန်းထားတဲ့ အမှုသည်ကိုတော့ ရက်ရွှေ့လို့မဖြစ်ဘူး ဆရာ၊ အရင်တစ်ခါလည်း သူ့ကို ရက်ရွှေ့ချိန်းခဲ့ရပြီးပါပြီ၊ အဲဒီကိစ္စပြီးရင် တစ်ညနေလုံး ဆရာအားနေပါတယ်၊ မက်ဖားလိန်းအမှု လျှောက်လဲချက်ကို နှုတ်တိုက်ချပေးဖို့တော့ နောက်တစ်နေ့ကို ရွှေ့လို့ရပါတယ်"

"ခင်ဗျားရဲ့အိမ်ကို ကားမောင်းလာရင် ဘယ်လောက်ကြာမလဲ "

မေဆင်က အီဒင်ကို မေးသည်။

"ဆရာ့ရုံးကဆို ၃၅ မိနစ်လောက် ကြာမယ်ဆရာ"

မေဆင်က နာရီကို ကြည့်ပြီး

"ကောင်းပြီ၊ အမှုသည်နဲ့ချိန်းထားရင် ကျုပ်ကို တွေ့ဖို့ စောင့်မနိုင်းထားချင်ဘူး၊ ဒီတော့ တွေ့စရာရှိတာတွေ့လိုက်မယ်၊ ခင်ဗျားက ဒယ်လာနဲ့ တစ်ဖက်ခန်းကို လိုက်သွားပြီး ခင်ဗျားအိမ်ကို ဘယ်လိုလာရမယ် ဆိုတာ မြေပုံကလေး ဆွဲပေးခဲ့၊ ဒီညနေ ကျွန်တော်လာခဲ့မယ်၊ ဒါနဲ့ ဒယ်လာ အဲဒါပြီးရင် တရားသူကြီး ဝွတ်ဒွင်းရုံးကို ဖုန်းဆက်ပြီး ဆရာလာတွေ့နိုင်မယ့် အချိန်ကလေးပေးဖို့ တောင်းထားပါ"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ညနေ ၄ နာရီမထိုးမီ တရားသူကြီး ဂွတ်ဒွင်း တရားခွင်မှ ဆင်းလာခဲ့၍ တရားသူကြီး နားနေခန်းသို့ အလာတွင် ပယ်ရီမေဆင် စောင့်နေသည်ကို တွေ့ရသည်။

"ဘယ့်နှယ်...ဘယ့်နှယ် ရှေ့နေကြီး ပယ်ရီမေဆင်၊ ခင်ဗျား ဒီကို ဘာကိစ္စလာသလဲ၊ ခင်ဗျားအတွင်းရေးမှူး မိန်းကလေးက ဖုန်းဆက်ပြီး တွေ့ခွင့်တောင်းကတည်းက ကျုပ်စဉ်းစားနေတာ၊ လင်ကွာမယားကွာ အမှုတွေကိုင်တဲ့ ကျုပ်လို တရားသူကြီးတစ်ယောက်ဆီကို လူသတ်မှုပါရဂူ ရှေ့နေကြီးက ဘာကိစ္စလာတွေ့ချင်ရသလဲလို့ ဆိုစမ်းပါဦး"

မေဆင်က တရားသူကြီးအား လက်ဆွဲနှုတ်ဆက်ပြီး ပြုံးရယ်လျက်

"တစ်ခါတလေ လင်မယားမှုန်ထူကြရာကနေ လူသတ်မှုတွေလည်း ဖြစ်တတ်တယ်မဟုတ်ပါလား တရားသူကြီးခင်ဗျား"ဟု ပြောလိုက်သည်။

"ဟာ...ဒီလောက်လေးနက်တဲ့ ကိစ္စမျိုးကို ရယ်ရွှန်းဖတ်ရွှန်း မပြောနဲ့လေ ရှေ့နေကြီးရဲ့၊ လာဗျာ အခန်းထဲသွားကြရအောင်"ဟု ဆိုကာ အခန်း





အတွင်းသို့ ခေါ်သွား၍ ထိုင်ကြပြီးနောက် အကျိုးအကြောင်း မေးမြန်းသည်။

"ဗီဗီယန်တာဆင်နဲ့ လော်ရင်းကာဆင်အမှုကို မှတ်မိသလား တရားသူကြီး"ဟု မေဆင်က မေးသည်။

"ဟာ...သိပ်မှတ်မိတာပေါ့" တရားသူကြီးက ပြုံးစစဖြင့် ဖြေသည်။

"ခင်ဗျားဟာ အဲဒီအမှုမှာ အတော်ထူးဆန်းတဲ့ ဆုံးဖြတ်ချက်တစ်ခု ချခဲ့တယ်လေ"

"ထူးဆန်းတယ်ဟုတ်လား၊ ဘာကို ပြောတာလဲ"

"ဗီဗီယန်ပိုင်ငွေနဲ့ ဝယ်ထားတဲ့ မြေကွက်ကို ဗီဗီယန်တစ်ဦးတည်း ပိုင်စေ၊ လင်မယားနှစ်ဦးပိုင် ငွေနဲ့ဝယ်တဲ့ ကပ်လျက်မြေကွက်ကို လော်ရင်းတာဆင်ပိုင်တဲ့ ပစ္စည်းအဖြစ် သတ်မှတ်စေလို့ ဆုံးဖြတ်ခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"အဲဒါပြီးတော့တစ်ခါ ဗီဗီယန်ပိုင်တဲ့ မြေကွက်အခြမ်းကို လော်ရင်းတာဆင်ဖြစ်စေ၊ သူ့ကိုယ်စားလှယ်တွေဖြစ်စေ တစ်နည်းနည်းနဲ့ ကျူးကျော်ခြင်းမရှိစေရဆိုတဲ့ တားမြစ်မိန့် ထုတ်ပေးခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်၊ အဲဒီတားမြစ်မိန့်ကို ကျုပ် လက်မှတ်ထိုးပေးခဲ့တယ်"

"အခု အခြေအနေတွေက ရှုပ်ထွေးနေပြီခင်ဗျ၊ ကျွန်တော့် အမှုသည် မော်လေအီဒင်ဆိုတဲ့လူက အဲဒီမြေကွက် နှစ်ခုစလုံးပေါ်မှာ ခွဆောက်ထားတဲ့တိုက်အိမ်ကို လော်ရင်းတာဆင်ဆီက ဝယ်ထားတယ်"ဟု မေဆင်က အစချီကာ ဗီဗီယန်က တရားသူကြီး၏အမိန့်စာကို လက်ကိုင်ပြု၍ အိမ်အလယ်မှ ဖြတ်ပြီး သံဆူးကြိုးကာထားပုံ၊ သူမ ပိုင်ဆိုင်သော မြေကွက်ပေါ်ရှိ အိမ်တစ်ဖက်ခြမ်းတွင် နေပုံ၊ အီဒင်က တစ်ဖက်တွင် နေရပုံစသည်တို့ကို ရှင်းလင်းပြောကြားရာ တရားသူကြီးက ဟာသဇာတ်လမ်းတစ်ခုအဖြစ် နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မဆောင်က အခက်အခဲများ ပြေလည်သွားစေရန် ဆုံးဖြတ်ချက်ကို ပြင်ဆင်ပေးနိုင်ရေးအတွက် စဉ်းစားပေးဖို့ တောင်းပန်သည်။

"ဘယ်လိုပြင်နိုင်မယ် ထင်သလဲ"ဟု တရားသူကြီးက မေးသည်။

"အဲဒီမြေကွက်နှစ်ခုစလုံးကို ခင်ပွန်းဖြစ်သူ လော်ရင်းတာဆင် ပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ပေးပြီး ဗီဗီယန်ရဲ့ မြေကွက်အတွက် ရပိုင်ခွင့်အတွက် တခြားဝစ္စည်းအစားထိုးပေးလို့ဖြစ်နိုင်မလား"

"ဒီမယ် မဆောင်၊ ကျုပ်ပြောမယ်ဗျာ၊ တရားဥပဒေနဲ့ ပတ်သက်ပြီး ကျုပ်ဘယ်လောက် တိတိကျကျ လုပ်တတ်တယ်ဆိုတာ ခင်ဗျား သိပါတယ်လေ၊ ပြီးတော့လည်း တရားသူကြီးတစ်ယောက်အနေနဲ့ လူလူချင်း အငြင်းပွားမှုတွေမှာ အမှန်အမှားဆုံးဖြတ်ဖို့ ဘယ်လောက် တာဝန်ရှိတယ် ဆိုတာလည်း ခင်ဗျားနားလည်ပါတယ်၊ ဒီတော့ ကျုပ်တို့နှစ်ယောက်ချင်း ခင်ဗျားကို ပြောချင်တာက အဲဒီတားမြစ်မိန့်ကို ကျုပ်လက်မှတ်ထိုးပေးလိုက်တာဟာ တမင်လုပ်လိုက်တာပဲ၊ အခြေအနေတွေကို အားလုံးကျုပ်သိပြီးသား၊ မော်လေအီဗင်ဆိုတဲ့ ခင်ဗျားရဲ့ အမှုသည်ဟာ လူချမ်းသာတစ်ယောက်၊ ဒါပေမယ့် ကမူးရှူးထိုးသမားဗျ၊ စိတ်သဘောကတော့ ကောင်းတယ်၊ ဒါပေမယ့် ထင်မိထင်ရာ လုပ်တတ်တဲ့လူ၊ အီဗင်ဟာ လူချမ်းသာမဟုတ်ပဲ ဆင်းရဲသားတစ်ယောက် ဆိုရင်တော့ ကျုပ်ခုလို အမိန့်ထုတ်ပြီး ဒုက္ခရောက်အောင် မလုပ်ပါဘူး"

"အီဗင်ဟာ မြေကွက်တိစ္စ၊ အိမ်ဆောက်ဖို့ကိစ္စ ဆက်ဆံတော့ လော်ရင်းတာဆင်နဲ့ ဆက်ဆံခဲ့တယ်၊ အိမ်ဆောက်နေချိန်မှာ ဗီဗီယန်တာဆင်က သတိပေးစာ ရေးတယ်၊ ဒါပေမယ့် လော်ရင်းတာဆင်က သူ့မိန်းမကို တန်ပြန်တရားစွဲပြီး အပြတ်ရှင်းဖို့ သူ့ဘက်က ပိုင်တဲ့အကြောင်း အီဗင်ကို ပြောတယ်၊ အီဗင်ကလည်း ဟိုစုံထောက်ဆီက အထောက်အထားတွေကို ယုံပြီး ဗီဗီယန်ကို အရေးမစိုက်ခဲ့ဘူး၊ လော်ရင်းတာဆင်က သူ့မိန်းမ ဗီဗီယန်ဟာ ဖောက်ပြန်နေပါတယ်လို့ တရားစွဲတော့





ဗီဗီယန်ခမျာ သတင်းစာတွေထဲ စာလုံးမည်းကြီးတွေနဲ့ သတင်းပါပြီး အရှက်တကွဲ ဖြစ်ရတယ်၊ အမှုက မမှန်ပေမယ့် အရှက်ကွဲရတာက အရင်၊ ဒါတောင် ယောကျ်ားလုပ်တဲ့လူက သူ့စုံထောက် လူမှားလို့ ဒီလို ဖြစ်ရတာလို့ ပြောသေးတယ်၊ ဒီတော့ လော်ရင်းတာဆင်ဟာ သူမဟုတ် မမှန်တာတွေ လုပ်ခဲ့တဲ့အတွက် ဒဏ်ခတ်ခံရသင့်တယ်၊ ခင်ဗျားရဲ့ အမှုသည်အီဗင်က လော်ရင်းတာဆင်ကို လိမ်လည်မှုနဲ့ တရားစွဲရမယ်၊ သူ မပိုင်တဲ့ မြေကွက်ကို လက်ညှိုးထိုးပြပြီး လိမ်လည်အိမ်ဆောက်ရောင်းခဲ့ပါတယ်လို့ စွဲဆိုစရာ အချက်အလက်လည်း ရှိနေပြီ၊ ဒါကြောင့် အီဗင်က လော်ရင်းတာဆင်ကို တရားစွဲလာအောင် ကျုပ်က ဟိုအမိန့်ကို တမင်ထုတ်ပေးခဲ့တာ"

"ဒါလောက်နဲ့ မပြီးသေးဘူးခင်ဗျ၊ ကျွန်တော့်အမှုသည်က သူ တိုယ်တိုင်ပုံစံဆွဲထားတဲ့ အဲဒီအိမ်ကို သံယောဇဉ်ဖြစ်နေရှာတာ၊ ကာဆင် တို လိမ်လည်မှုနဲ့ တရားစွဲတာက တစ်ပိုင်း၊ လောလောဆယ် အဲဒီအိမ်မှာ ဆက်နေသွားချင်တာက တစ်ပိုင်း"

"သူနေချင်ရင် နေပေစေပေါ့"

"ဒါပေမယ့် တစ်ဖက်ခြမ်းမှာ ဗီဗီယန်က ရှိနေတော့ သူ့ဒုက္ခရောက်နေတာပေါ့"

"ဗီဗီယန်ဆီက တစ်ဖက်ခြမ်းအတွက် ငွေထပ်ပေးပြီး ဝယ်လိုက်ရင် ဖြစ်တာပဲ"

"အဲသလို မဖြစ်လို့ ခက်နေတာပေါ့ဗျာ၊ ဗီဗီယန်က သူ့ဘက်ခြမ်းကို ဘယ်သူ့မှ မရောင်းဘူး၊ သူ့ယောကျ်ားလွတ်လွတ်ကျွတ်ကျွတ် အရောင်းအဝယ် လုပ်နိုင်မယ့် အခြေအနေကိုမရောက်အောင် အကျပ်ကိုင်ထားတယ်"

"ဒါတော့ ဗီဗီယန်ကို အပြစ်မတင်နဲ့ဗျာ၊ ယောကျ်ားတွေကလည်း ယောကျ်ားတွေပဲ၊ အိမ်ထောင်တစ်ခု ပြိုကွဲတယ်ဆိုတာ ယောကျ်ား[illegible]



www.burmeseclassic.com

www.burmeseclassic.com



မတုတ်တာ လုပ်လို့ ဖြစ်ရတာများတယ်၊ အိမ်ထောင်ရေးအခြေအနေ ယိုလွင်းလာတဲ့အခါ မိန်းမတွေဟာ လက်စားချေချင်တဲ့စိတ်တွေ ဖြစ်လာတတ်တယ်ခင်ဗျ။ အခုကာဆင်ကိစ္စမှာပဲ ကြည့်လေ၊ လော်ရင်းကာဆင်ဟာ လောင်းကစားသမားတစ်ယောက် ဖြစ်ခဲ့တယ်၊ လပ်စ်ဗေးဂတ်စ်မြို့ကို မကြာမကြာသွားပြီး လောင်းကစားရင်း အဲဒီက ကစားဝိုင်း ရွှေကြိုမလေးတစ်ယောက်နဲ့ ငြိတယ်၊ ကောင်မလေး နာမည်က ဂျင်နီဗီးဟိုက်တဲ့၊ ကာဆင်ဟာ ငွေကြေးလည်း အတော်ပွခဲ့ပုံရတယ်၊ ဒါပေမယ့် လောင်းကစားလို့ ရှုံးကုန်ပြီဆိုပြီး လျှိုထားခဲ့တယ်၊ မိန်းမက သူ့ကို ကွာရှင်းဖို့ တရားရုံးမှာ လျှောက်တဲ့အခါ သူကတန်ပြန်စွပ်စွဲဖို့ ကြိုးစားပြီး မိန်းမကို နာမည်ဖျက်အောင်လုပ်တယ်၊ ဘာကောင်းသလဲဗျာ၊ ဒီတော့ ခင်ဗျားကို ကျုပ်က ယုံလည်းယုံလို့၊ လေးစားလည်းလေးစားလို့ ဝန်ခံပြောရရင် အဲဒီကာဆင်ဆိုတဲ့ ငနဲကို ခင်ဗျားအမှုသည်က လိမ်လည်မှုနဲ့ တရားစွဲစေချင်လို့ ကသိကအောက် ဖြစ်စရာအမိန့်ကို ကျုပ်က ထုတ်ပေးခဲ့တာပဲ”

“အင်း…ဗီဗီယန်ကလည်း ခင်ဗျားစိတ်ထဲ ဘာရှိတယ်ဆိုတာ သိပုံရတယ်၊ သူကလည်း သူ့ယောက်ျားကို အီဒင်က တရားစွဲချင်လာ အောင် အီဒင်ကို စိတ်အနှောင့်အယှက် ပေးနေတယ်လေ၊ အိမ်နောက်ဖေး ရေကူးကန်မှာ ဘီကီနီကလေးနဲ့ နေပူစာ ထွက်လှုံနေတာတို့ ဘာတို့…”

“ခင်ဗျားအမှုသည်က အဲဒါကို မကျေနပ်ဘူးတဲ့လား” တရားသူကြီးက ပြုံး၍မေးသည်။

“ဒါ…စိတ်အနှောင့်အယှက် ဖြစ်အောင်လုပ်တာပဲ မဟုတ်ဘူးလား”

“ဒါကတော့ ဗီဗီယန်ဟာ အင်မတန် ချောင်မြင့်တဲ့ စံပြကိုယ်ဟန်ပြမယ်တစ်ယောက် ဖြစ်ခဲ့တယ်လေ၊ လှလည်း အင်မတန်လှတယ် မဟုတ်လား၊ ဒီတော့ ဘီကီနီနဲ့ နေတာဟာ ဗီဗီယန်အဖို့တော့ အနှောင့်အယှက် မဖြစ်ပါဘူး”

“ကျွန်တော့်အမှုသည်က လူလွတ်တစ်ယောက်ဆိုတော့ တစ်ဖက်က





ဒါမျိုးလုပ်ပြနေတာဟာ တစ်မျိုးဖြစ်နေတာပေါ့ဗျာ”

“အို…ကိုယ့်ကိုယ်ကို ထိန်းသိမ်းဖို့ပဲ လိုတယ်လေ၊ ခင်ဗျား အမှုသည်က သံဆူးကြိုးတစ်ဖက်ကို လက်ညှိုးတစ်ချောင်း ကျွံလာရင်တော့ တရားရုံးတော်က တားမြစ်မိန့်ကို ကျူးလွန်ဖောက်ဖျက်တယ်လို့ သတ်မှတ်မှာပဲ၊ ကိုင်း…ဒါတွေထားပါတော့၊ ခင်ဗျားအမှုသည်က လော်ရင်းကာဆင်ကို ထိုက်သင့်တဲ့ ပြစ်ဒဏ်ခံရအောင် တရားဥပဒေကြောင်းအရ အရေးယူဖို့ ကြိုးစားနိုင်းပါ။ ကာဆင်ဟာ အကြံအဖန်တွေနဲ့ ငွေတွေ အများကြီး ဝင်ခဲ့တယ်၊ ဒါပေမယ့် ဝင်ငွေခွန်မပေးဘဲ ထိန်ချန်နေခဲ့တာ ကြာပြီ။ တရားစွဲခံရတော့မှ သူ့ငွေတွေထွက်လာမယ်၊ အဲဒီကိစ္စပြီးရင် ခင်ဗျားအမှုသည် အဆင်ပြေအောင် ကျုပ်ရဲ့အမိန့်ကို ပြန်ပြီးပြင်ပေးပါ့မယ်၊ ဟုတ်ပြီလား”

မေဆင်မှာ လာရင်းကိစ္စ လောလောဆယ် မအောင်မြင်သဖြင့် စိတ်မသတ်မသာဖြစ်ပြီး ပြန်လာခဲ့ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မေဆင်က သူ၏ရုံးသို့ ဖုန်းဆက်ရာ စက်ခလုတ်ခုံမှ စာရေးမတ လေးက နားထောင်၍ "ဒယ်လာစထရိနဲ့ စကားပြောမယ်ကွယ်"ဟု ပြော လိုက်သည်။

ခဏအကြာတွင် ဒယ်လာထံ လိုင်းဆက်ပြီး၍ မေဆင်က "တရား သူကြီး ဂွတ်ဖွင်းနဲ့တွေ့ပြီးပြီ၊ တို့အမှုသည်ကို တရားသူကြီးက ကရုဏာ တော့ဖြစ်ပါရဲ့၊ ဒါပေမယ့် သူ့ဆုံးဖြတ်ချက်ကို ပြင်မယ့်ပုံ မရှိဘူး၊ အီဒင် အနေနဲ့ ကားဆင်ကို လိမ်လည်မှုနဲ့ တရားစွဲဖို့ တရားသူကြီးက လိုလားနေ တယ်" ဟုပြောသည်။

အဲဒီတော့ ဘာလုပ်မလဲဆရာ"

ဒယ်လာတမေးသည်။

"ဒီတော့ ဆရာ အီဒင်ရဲ့အိမ်ကို သွားကြည့်ရမှာပေါ့၊ ဒယ်လာ့ဆီ ဖုန်းဆက်တာက ဆရာ့ကို စောင့်မနေနဲ့လို့ပြောဖို့ပဲ"

"ဆရာ အဲဒီကို သွားတာ အချိန်နောက်ကျနေပြီထင်တယ်"





"ဘာ နောက်ကျမှာလဲကွယ်"

"စံပြမယ်ဟောင်း ဗီဗီယန်ဟာ ဘီနီကီဝတ်ပြီး နေပူစာလှုံတာ ခုအချိန်ဆို ပြီးလောက်ရောပေါ့"

မေဆင်ကရယ်ပြီး

"ဩော်...ဒါလား၊ ကိစ္စမရှိပါဘူး ဒယ်လာ၊ ခုအချိန်ဆို ရေချိုးပြီးလို့ ကိုယ်လုံးပေါ် ကိုယ်ကျပ်ဝတ်ရုံ ခြုံပြီး အချမ်းပြေ ကောက်တေးလ် အရက် တလေး သောက်နေပါလိမ့်ဦးမယ်"

"နေရာကျလိုက်တာ ဆရာရယ်၊ ဒီလိုဆို ဆရာ့ကို အမျိုးသမီးက မိတ်ဖြစ်ဆွေဖြစ် စကားလာပြော၊ သံဆူးကြိုးကြားကနေ ကောက်တေးလ် အရက်ခွက် ကမ်းပေးပြီး ဧည့်ဝတ်ပြုမှာပေါ့။ သတိထားနော်ဆရာ၊ ခွက် လှမ်းယူရင်း လက်ကို သံဆူးကြိုး ခြစ်မိနေဦးမယ်"

"သတိထားပါ့မယ် ဒယ်လာ၊ ကိုင်း...ရုံးတံခါးပိတ်ပြီး ပြန်ပေတော့၊ အီဒင်ဆီကို ဖုန်းလှမ်းဆက်ပြီး ဆရာသူ့ဆီလာနေပြီဆိုတာ ပြောထားလိုက် ဝါ"

အီဒင်ဆွဲပေးခဲ့သော မြေပုံကို ကြည့်၍ မေဆင်က ကားမောင်း လာခဲ့ရာ မြို့အစွန်ရှိ တောင်ကုန်းကလေးများကို ဖြတ်ခဲ့ပြီးနောက် သဘာဝ ကုန်းမြင့်ကလေးတစ်ခုကို တွေ့ရသည်။ ထိုကုန်းမြင့်ကလေးအဆင်းတွင် လွင်ပြင်ငယ်တစ်ခု၌ ဝင်လုဆဲနေရောင်ခြည် ဖြာကျနေသော ပုံစံလှလှ တိုက်အိမ်တစ်လုံးကို တွေ့ရသည်။ အိမ်ဆီသို့အဝင် လမ်းအလယ်မှစ၍ သံဆူးကြိုးများ ကာထားရာ လမ်းကိုနှစ်ပိုင်း ပိုင်းထားသကဲ့သို့ ရှိသည်။ မေဆင်က လမ်း၏ ဘယ်ဘက်ခြမ်းမှ မောင်းဝင်လာခဲ့သည်။ လမ်း၏ ညာဘက်အခြမ်းတွင် ကားအမြောက်အမြား ရပ်ထားသည်ကို တွေ့ရ သည်။ အိမ်ရှေ့တံခါးတွင် မော်လေအီဒင် စောင့်ကြိုနေသည်။ မေဆင် ကားရပ်ပြီး အဆင်းတွင် အီဒင်က ကားဆီသို့လျှောက်လာပြီး နှုတ်ဆက် ကြိုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်အခြမ်းမှာ ပါတီတစ်ခုပေးနေတယ်ဆရာ၊ ဆရာတွေ့ဖူးသမျှထဲမှာ ကြောက်စရာအကောင်းဆုံး ညှော်ခံပွဲဖြစ်လိမ့်မယ်"

"ဘာတွေလုပ်နေလို့လဲ"

"ယောကျ်ားတစ်ယောက်မှ မပါဘူးဆရာ၊ မိန်းမတွေချည်းပဲ၊ အားလုံး လှလှပပမိန်းမတွေ ကိုယ်ဟန်ပြမယ်တွေ ထင်ပါရဲ့ ဆရာရယ်၊ ဝတ်ထားလိုက်ကြတာကလည်း ဝတ်အူချောင်းပေါ်က အရေခွံပါးပါးလို တိုယ်လုံးပေါ်ဝတ်စုံတွေနဲ့"

"သူတို့ခင်ပျားကို စကားလှမ်းပြောကြသေးသလား"

"မပြောဘူးဆရာ၊ ကျွန်တော်ကလှမ်းပြောမလားလို့ စောင့်နေတြပုံပဲ၊ ကွက်ကြည့်ကွက်ကြည့်နဲ့"

"သွားမစနဲ့ ကိုယ့်လူ၊ ထောင်ထဲရောက်သွားလိမ့်မယ်။ သူတို့တတမင်ထောင်ချောက်ဆင်နေတာ၊ တစ်နည်းနည်းနဲ့ သူ့ဘက်အခြမ်းကိုခင်ပျားဝင်မိရင် တရားရုံးတားမြစ်မိန့်ကို ချိုးဖောက်တယ်ဆိုပြီး ခင်ပျားကို ကိုင်တော့မှာ၊ ဒါကြောင့် ခင်ပျားသူတို့ဘက် လာရောချင်အောင် ဒီပွဲမျိုး တမင်လုပ်တာ"

"ကျွန်တော်လည်း အဲသလိုပဲထင်ပါတယ်ဆရာ၊ ဒါပေမယ့် ယောကျ်ားတစ်ယောက်ကို ဒီလိုနှိပ်စက်တာတော့ မကောင်းပါဘူး"

"ကျုပ်အကြံပေးချင်တာက ခင်ပျား ဒီကထွက်သွား၊ ဟိုတယ်တစ်ခုမှာ ယာယီသွားနေဗျာ"

အီဒင် မေးကြောများ တင်းသွားပြီး...

"ဒါတော့မလုပ်နိုင်ဘူးဆရာ၊ အဲသလိုထွက်ပြေးသွားရင် ကျွန်တော်လူညံ့ဖြစ်မှာပေါ့၊ ကျွန်တော်ကတော့ တိုက်ပွဲဆက်ဝင်သွားမှာပဲ၊ တဲ... လာပါဆရာ အထဲကြွပါ၊ အိမ်ထဲက မြင်ကွင်းတွေလည်း ကြည့်ပါဦး"

အီဒင် က တံခါးဖွင့်၍ ဝင်သွားသည်။ မေဆင်က ဝင်လိုက်သွားရာ ဧည့်ခန်းဆောင်သို့ ရောက်သွားသည်။ ဧည့်ခန်းဆောင်၏ အီဒင်ဘက်အခြမ်း သုံးပုံ





တစ်ပုံတွင် သံဆူးကြိုး ကာထားသည်ကို တွေ့ရသည်။ သံဆူးကြိုး တစ်ဖက်တွင် အမျိုးသမီးတစ်သိုက်ကို တွေ့ရသည်။ ကောက်တေးလ် အရက်ခွက်ကိုယ်စီကိုင်၍ ပျော်ရွှင်မြူးတူးစွာ စကားပြောဆို ရယ်မောနေကြသည်။ အသံဗလံများ ဆူညံလျက်ရှိသည်။ မေဆင်တို့ ဤဘက် အခြမ်းသို့ ဝင်လာသည်ကို မည်သူကမျှ သတိထားမိပုံမရ၊ ဂရုစိုက်ခြင်းလည်းမရှိ။

အီဒင်က "အဲဒါပဲ ဆရာရေ့"ဟု သူ၏လက်ဖြင့် ညွှန်ပြ၍ ပြောသည်။

မေဆင်က သံဆူးကြိုးနံရံနားသို့ ရွှတ်နောက်နောက် ပြုံးလျက်တပ်သွားသည်။ ထို့နောက် ခြေနှစ်ဖက် ခပ်ကားကား ခွဲရပ်ပြီး ကွတ်အင်္ကျီအိတ်များထဲ လက်နှစ်ဖက်စလုံး နှိုက်လျက် တစ်ဖက်မှ မြင်ကွင်းကို ကြည့်နေသည်။ ဆံပင်နီနီ မျက်လုံးပြာပြာနှင့် အမျိုးသမီးငယ်တစ်ယောက်က မေဆင်တို့ ပထမဦးဆုံး သတိပြုမိသွားပြီး သံဆူးကြိုးနားသို့ ခပ်သွက်သွက် လျှောက်လာကာ

"အဲလို... ရှင်ဘာလာလုပ်နေတာလဲ၊ ရှင်ရှေ့နေကြီးပယ်ရီ မေဆင်မဟုတ်လား"ဟု မေးသည်။

မေဆင်က ခေါင်းညိတ်ပြသည်။

"ဘုရားရေ... ရှေ့နေကြီးကို ဒီမှာတွေ့ရတာ အံ့ဩစရာပါပဲလား၊ ဘာလာလုပ်နေတာလဲရှင့်"

"ကျုပ်လား အမှုသည်တစ်ယောက်ကို အကြံပေးစရာရှိလို့လာ ခဲ့တာပဲ။ ဒါထက် ခင်ပျားတို့ကကော ဘာလုပ်နေကြတာလဲ"

"အခု ကျွန်မလုပ်နေတာကတော့ ဒုတိယခွက် သောက်ပြီးသွားလို့ တတိယခွက်သောက်ရင် ကောင်းမလား စဉ်းစားနေတာ"

"မဟုတ်ပါဘူး၊ ဘာအထိမ်းအမှတ်နဲ့ ဘာပွဲလမ်းလုပ်နေကြတာလဲလို့ ကျုပ်မေးနေတာ"

"ဘုရားရေ...အဲဒါတော့ ကျွန်မမသိဘူး ၊ ဗီဗီယန်က ဖိတ်လို့လာခဲ့တာပဲ၊ ကျွန်မတို့ကို ကိုယ်လုံးပေါ် ကိုယ်ကျပ်ဝတ်စုံတွေ ဝတ်ခဲ့ဖို့



www.burmeseclassic.com

www.burmeseclassic.com



သူက မှာတယ်၊ သူယောက်ျားဟောင်းနဲ့ ပတ်သက်တဲ့ဝနဲက ဒီဘက်ကို တစ်နည်းနည်း နယ်ကျွံလာရင် သူ့ကိုပြောဖို့ မှာထားတယ်"

"ခုထိတော့ ဟိုလူက မကျွံဘူးမဟုတ်လား"

ဆံပင်နီမလေးက ရယ်လျက်...

"ပြောပါသေးတယ်လေ၊ သူက..."

"ဟယ်လင်၊ မင်းဘာလုပ်နေတာလဲ" အမျိုးသမီးတစ်ယောက် သံဆူးကြိုးနားသို့ အရေးတကြီးကပ်လာပြီး လှမ်းမေးသည်။

ဆံပင်နီမလေးက တခစ်ခစ်ရယ်လျက်

"ပယ်ရီမေဆင်နဲ့ စကားပြောနေတာလေ"

"မင်းကို ကိုယ်ပြောထားတယ်မဟုတ်လား၊ တို့ဘက်က ဘာမှစ မပြောနဲ့လို့"

"ဟာ...သူငယ်ချင်းကလည်း မင်းပြောထားတာက မင်း ယောက်ျားဟောင်းကြီးနဲ့ ပတ်သက်တဲ့ ဟိုဝနဲကို စကားသွားမပြောဖို့ပဲ မဟုတ်လား၊ သူက ပယ်ရီမေဆင်လေ၊ ရှေ့နေကြီး-သူ့ကို မင်းမသိဘူးလား သေလိုက်ပါတော့ကွယ်၊ ကိုယ်ကသူ့ပရိသတ်ကွ၊ တကယ်ပဲရှင်၊ ရှင့်ကို ဒီမှာ တွေ့ရတာ တကယ်ပျော်စရာကြီး"

မေဆင်က နောက်ရောက်လာသော အမျိုးသမီးကို ကြည့်၍

"ခင်ဗျားက ဗီဗီယန်ကာဆင်ထင်ပါ့"

သူမက မေဆင်ကို အကဲခတ်ကြည့်လျက်-

"ဟုတ်ပါတယ်၊ ဒါထက် ရှင်ဒီမှာ ဘာလာလုပ်တာလဲ မေးပါရစေ"

"အခြေအနေကို လာလေ့လာတာပါ"

"ကောင်းပါပြီရှင်၊ ကျွန်မ အစီအစဉ်တွေကို ဟယ်လင်က ဖျက်ပစ်လိုက်ပြီ၊ ကျွန်မ..."

"ခင်ဗျားက ထောင်ချောက်ဆင်တာ မဟုတ်လား"

မေဆင်က မေးရာ ဗီဗီယန်က ငြိမ်နေပြီးနောက် သူမ၏မျက်လုံးများ





နူးညံ့သိမ်မွေ့သွားပြီး

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ မစ္စတာမေဆင်၊ အဲလေ... ကျွန်မဝန်ခံလို့လည်း မကောင်းပါဘူး"

"ကျုပ်ကလည်း ပြေပြေလည်လည်ဖြစ်အောင် ကြိုးစားသွားမှာပါ၊ ပြောစရာဆိုစရာတွေကိုတော့ ခင်ဗျားရဲ့ရှေ့နေရှေ့မှာ မဟုတ်ဘဲ မပြောချင်ဘူး"

"ကျွန်မမှာ ရှေ့နေမရှိပါဘူး၊ ကျွန်မဘာသာ ကိုယ်စားပြုတယ် ကျွန်မငှားခဲ့တဲ့ ရှေ့နေတလည်း ကျွန်မစိတ်ထဲ ကြံထားတာတွေကို မထောက်ခံဘူးရှင့်"

"ခင်ဗျား ကြံထားတာတွေက တော်တော်ဆိုးလို့လား"

"ဆိုးတယ်ပဲ ထားပါတော့ရှင့်၊ အဲ-ဒီမယ် ရှင့်အမှုသည်ဟာ ရှေ့တိုးလာပြီး ကျွန်မတို့စကားပြောတဲ့အထဲ ဝင်ရောမယ့် ပုံမျိုး ရှိနေတယ်၊ သူ့ကို မလာပါနဲ့လို့ ပြောလိုက်ပါ"

"ဘာဖြစ်လို့လဲ၊ ခင်ဗျားပဲ သူ့ကို ကော်ဖီတွေ ဘာတွေ တိုက်ပြီး မိတ်ဖွဲ့ခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်လေ၊ ဒါပေမယ့် အဲဒါဟာ ရှင်းရှင်းပြောရရင် ကျွန်မရဲ့ သရုပ်ဆောင်ကွက်တစ်ကွက်ပဲရှင့်၊ ဘယ်လောက်ကြံ့ခိုင်တဲ့လူဖြစ်ပေစေ၊ မနက်စောစော ကော်ဖီနံ့ကလေးတသင်းသင်း ရသွားရင် သွားရည်မကျဘဲ မနေနိုင်ဘူးမဟုတ်လား၊ ဥပဒေအရဆိုရင် ကျွန်မက ရှင့်အမှုသည်ကို စကားပြောချင်ရင်ပြောမယ်၊ ကျွန်မကစပြီး ဦးဆောင်ခွင့် ရှိတယ်၊ တရားသူကြီးရဲ့ တားမြစ်မိန့်က ကျွန်မဘက်ခြမ်းကို ရှင့်လူ မကျူးကျော်ဖို့ ထုတ်ပေးထားတာပဲ၊ ဒါပေမယ့် သူကစပြီး ကိုယ်အားဖြင့် ဖြစ်စေ၊ နှုတ်အားဖြင့်ဖြစ်စေ ကျွန်မကိုသော်လည်းကောင်း၊ ကျွန်မရဲ့ ဧည့်သည်များကိုသော်လည်းကောင်း ထိပါးခွင့်၊ ပြောဆိုခွင့်မရှိဘူး၊ သူက လာမယ်ဆိုတာနဲ့ တစ်ပြိုင်နက် ကျွန်မ သူ့ကိုတရားစွဲရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သူ့ကို ဒီလောက်မုန်းနေသလားဗျာ"

"ကျွန်မယောက်ျားကို ကျွန်မမုန်းတယ်၊ ကျွန်မယောက်ျားရဲ့ ကြံရာပါတို့လည်း ကျွန်မမုန်းတာပဲ"

ထိုအချိန်တွင် အီဒင်သည် အနီးသို့ ရောက်လာပြီး "ခွင့်ပြုပါဆရာ... ကျွန်တော်ပြောချင်တာက..."ဟု စကားစသည်။

မေဆင်က သူ့အား တိတ်တိတ်နေရန် အမူအရာဖြင့်ပြပြီး "ခဏတလေးနေဦးဗျာ"ဟု ပြောလိုက်သည်။

အီဒင်က...

"မဟုတ်သေးဘူးလေ၊ ဆရာ့ကိုတော့ ကျွန်တော် စကားပြောနိုင်ပါလိမ့်မယ်"

မေဆင်က မျက်လုံးများ လက်ခနဲဖြစ်သွားပြီး

"အို မှန်တာပေါ့၊ ခင်ဗျားက ကျုပ်ကို စကားပြောနိုင်တာပဲ၊ ဒါ-ခင်ဗျားရဲ့အိမ်၊ ခင်ဗျားပိုင်ပစ္စည်း၊ ဒီတော့ ခင်ဗျားဘက်အခြမ်းမှာ ဘယ်သူတို့မဆို ခင်ဗျား စကားပြောနိုင်တယ်"

အီဒင်က

"အမျိုးသမီးကို ဆရာအကြံပေးပါလား၊ ဥပဒေကြောင်း ဆိုင်ရာ အခက်အခဲတွေကို ညှိနှိုင်းနေတုန်းမှာ တစ်ဖက်နဲ့တစ်ဖက် သဟဇာတဖြစ်အောင် ကျွန်တော်က နေသွားချင်ပါတယ်"

မေဆင်က ဗီဗီယန်ဘက်သို့လှည့်ပြီး

"မစ္စတ်တာဆင်... ကျွန်တော့်အမှုသည်က သူ့အနေနဲ့ တင်းတင်းမာမာ သဘောထားမရှိတဲ့အကြောင်း ခင်ဗျားကို အာမခံချက်ပေးဖို့ ကျွန်တော့်ကို ပြောပါတယ်"

အီဒင်က...

"သူ့ကို တစ်ခုပြောပေးပါဦး ဆရာ၊ ကျွန်တော့်လို အထီးကျန် ယောက်ျားတစ်ယောက်အဖို့ မစ္စက်ကာဆင်လို လှပတဲ့ အမျိုးသမီး





တစ်ယောက် ရေကူးကန်မှာ ပျော်ပျော်ရွှင်ရွှင် ရေကူးနေတာကို ကြည့်ရတာ အများကြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်၊ သူ့အနေနဲ့ ရေကူးကန် အလယ်တည့်တည့် သံဆူးကြိုးအောက်က ရေငုပ်ဝင်ပြီး ကျွန်တော့်ဘက် အခြမ်းက ဒိုင်ဗင်ခုံကို အသုံးပြုချင်ရင် အသုံးပြုနိုင်ပါတယ်"

ဗီဗီယန်က အီဒင်အား အကဲခတ်သော မျက်လုံးများဖြင့် လှမ်းကြည့်ပြီး မေဆင်ထံ ဖျတ်ခနဲလှည့်၍

"ရှင့်အမှုသည်ကို ပြောလိုက်ပါ မစ္စတာမေဆင်၊ ရန်သူကို အရောတဝင်လုပ်ဖို့ ကြိုးစားရင် ရုံးတော်ကို မထီမဲ့မြင်ပြုမှုနဲ့ အရေးယူခံရလိမ့်မယ်လို့"

အီဒင်က ချက်ချင်းပြန်ပြောသည်။

"သူ့ကို ပြောပေးပါဆရာ၊ ကျွန်တော်ဟာ သူ့ကို ရန်သူလို့ သဘောမထားပါဘူး၊ သူဘာကြောင့် ဒီလိုလုပ်နေတယ်ဆိုတာကို ကျွန်တော် နားလည်ပါတယ်၊ သူ မတရားခံခဲ့ရတဲ့ ကိစ္စကိုလည်း ကျွန်တော် စာနာ သဘောပေါက်ပါတယ်လို့ ပြောပေးပါဆရာ"

အီဒင်၏စကားအဆုံးတွင် ဗီဗီယန်သည် ချာခနဲလှည့်ထွက်သွားသည်။ ထိုနောက် တချေသည်မတစ်ယောက်ကဲ့သို့ ငြိမ့်ခနဲ ပြန်လှည့်လာကာ သံဆူးကြိုးတန်းကြားမှ သူမ၏လက်ကို ဆန့်ထုတ်ပေးပြီး-

"ဝမ်းနည်းပါတယ် မစ္စတာအီဒင် ရှင်ဟာ လူကောင်းတစ်ယောက်ပါ ပဲလား၊ ရှင့်ကို တသိကအောက်ဖြစ်အောင် ကျွန်မတတ်နိုင်သလောက် လုပ်ခဲ့ပေမယ့် ရှင်က သဘောထားကြီးပါပေတယ်"

အီဒင်က သူမ၏ လက်ကိုဆုပ်ကိုင်ပြီး

"ကျေးဇူးတင်ပါတယ် မစ္စက်ကာဆင်၊ ခင်ဗျားရဲ့လက် ကျွန်တော့်ဘက်အခြမ်းမှာရှိနေသမျှ ကျွန်တော်လက်ဆွဲနှုတ်ဆက်ခွင့် ရှိမယ်ထင်ပါတယ်နော်"

ဗီဗီယန်က ပြုံးလျက်



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်၊ အခုတော့ ကျွန်မစိတ်နောက်ကိုယ်ပါ လုပ်မိလို့ ကျွန်မရဲ့ အိမ်စီအစဉ်တော့ ပျက်သွားပြီ။ ဒါပေမယ့် သတိပေးထားပါရဲ့ မော်လေ အိဒင်၊ ကျွန်မယောက်ျားကိုတော့ သူလုပ်ခဲ့တဲ့ မတရားမှုတွေအတွက် ကျွန်မ လက်စားချေရလိမ့်ဦးမယ်၊ အဲဒီ ကာလမှာဖြင့် ရှင်လည်း မီးခဲတိုင်မိသလို ဖြစ်နေဦးမှာပဲ"

မေဆင်တဝင်ပြောသည်၊

"ကျွစ်နားလည်ပါတယ်။ ခုလို တွေ့ကျေလည်လည် ပြောကြဆိုကြတာတွေကို တရားရုံးကို သတင်းပို့လို့ မဖြစ်သေးဘူး မဟုတ်လား"

"ဘယ်ဖြစ်ဦးမလဲ" ဗီဗီယန်က ပြောသည်။

"မိုးလား ကဲလား ကြိမ်းဝါးခဲ့တာလည်း ကျွန်မ၊ ကျေအေးရေးလုပ်မှာလည်း ကျွန်မပဲဖြစ်နေတာ မကောင်းပါဘူး၊ ဒီတော့ မစ္စတာမေဆင်ခု လောလောဆယ်တော့ ဒီအတိုင်းပဲ နေသွားကြသေးတာပဲ ကောင်းပါတယ်၊ မစ္စတာအိဒင်ကတော့ အနေရအထိုင်ရ ကျဉ်းကျပ်မှာပဲ"

"သံဆူးကြိုးတွေကို ဖြုတ်ပစ်ရင် ဘယ့်နှဲ့လဲ"

မေဆင်က မေးကြည့်သည်။

"အို... မဖြစ်သေးဘူး၊ ခုအချိန်မှာ မစ္စတာအိဒင်က ကျွန်မ ဘက်အခြမ်းနဲ့ ပတ်သက်ပြီး ဘာပဲလုပ်လုပ် ရုံးတော်အမိန့်ကို ချိုးဖောက်ရာကျလိမ့်မယ်၊ အခုယာယီစစ်ပြေငြိမ်းရေး တုန်လွှန်သွားတာနဲ့ တစ်ပြိုင်နက် မစ္စတာအိဒင်ဟာ ဒီဘက်အခြမ်းဆီကို စကားလည်း လှမ်းပြောလို့ မဖြစ်ဘူး၊ လက်ရောက်ထိပါးလို့လည်း မဖြစ်ဘူး"

"ဒါကတော့ ခင်ဗျား ကျွန်တော့်ကို ညှဉ်းဆဲနေတာပဲဗျာ"

အိဒင်က ဝင်ပြောသည်၊

"ညှဉ်းဆဲတယ်လို့ သဘောမထားပါနဲ့ရှင် စောင့်ပါဦး အချိန်တန်တဲ့အထိ"

မေဆင်က...





"ကျုပ်အမှုသည်က သူ့ဘက်ခြမ်းမှာ လျှပ်စစ်အော်ဂင်ကြီးတစ်လုံးဆင်ပြီး ညဘက်မှာ တီးမှုတ်ဖို့ ကြံထားတယ်ဗျ"

ဗီဗီယန်က မျက်လုံးများ တောက်ပြောင်လာပြီး

"အို-ဟုတ်လား၊ တိုက်ဆိုင်လိုက်တာရှင်၊ ကျွန်မကလည်း တောနတ်သင်ခန်းစာတွေ သင်ဖို့ စီစဉ်နေတယ်၊ ကျွန်မရဲ့ဆရာက သံစုံတီးဝိုင်းတီးပြမယ်၊ သူအားတဲ့ အချိန်ကလည်း ညပိုင်းမှာဆိုတော့ ညညမှလာတီးနိုင်မှာ"

အိဒင်က

"ဒါဆိုရင် ကျွန်တော်တို့အတွက် ဘင်ခရာတွေပဲ လိုတော့တာပေါ့ မဟုတ်ဘူးလား"

"ဒါပေါ့၊ ဟော့...ဟယ်လင်၊ ဘာလဲ လာလေ"

ဗီဗီယန်က စကားဖြတ်၍ ဆံပင်နီမကလေးကို လှမ်းခေါ်လိုက်သည်၊

ဟယ်လင်က အနီးသို့ကပ်လာပြီး သံဆူးကြိုးကြားမှ လက်ထုတ်၍ ဆန့်တန်းကာ

"မစ္စတာမေဆင်၊ ရှင့်ကို တွေ့ရတာ သိပ်ဝမ်းသာတာပဲရှင်"ဟု လှမ်းပြောသည်၊

မေဆင်က အလိုက်သင့် လက်ဆွဲနှုတ်ဆက်ပြီး

"အေးကွယ်...ခုလိုကြားက တံတိုင်းမခြားတဲ့အချိန်မှာ တို့ထပ်ပြီး တွေ့ချင်ပါသေးတယ်"

ဟယ်လင်က...

"ကျွန်မကလည်း ထပ်တွေ့ချင်ပါသေးတယ်"ဟု ကလိဆွဲသော လေသံဖြင့် ပြန်ပြောသည်၊ ဗီဗီယန်က အကဲပိုနေသော ဟယ်လင်အား လမ်းမောင်းမှ ကိုင်ဖမ်း၍ အသာဆွဲခေါ်သွားသည်။

မေဆင်က အိဒင်ကို ပြောသည်၊



www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးက လော်ရင်းကာဆင်ကို မှတ်လောက်သားလောက် ခဏ်ခတ်ချင်နေတယ် အီဒင်၊ ဒီတော့ ကာဆင်ကို လိမ်လည်မှုနဲ့ ခင်ဗျားက တရားစွဲလိုက်ရင် ဒီကိစ္စတွေ ပြတ်သွားနိုင်တယ်"

"ကျွန်တော်အဲဒါ လုပ်သင့်သလားဆရာ"

"ကျုပ်တတော့ လုပ်သင့်တယ်ထင်တာပဲ"

"ဒါဆို စွဲပါဆရာ၊ ကျွန်တော့်မှာ နစ်နာရတယ်လို့ ပြောနိုင်တဲ့ အချက်တွေအားလုံး ထည့်သွင်းပြီး ကာဆင်ကို တရားစွဲပေးပါ"

"အဲဒီအမှုမျိုးက အချိန်ကုန်တယ်၊ ပိုက်ဆံလည်း ကုန်တယ် အီဒင်"

"အချိန်တော့ မကြာပါစေနဲ့ဆရာ၊ ငွေတော့ အကုန်ခံနိုင်ပါတယ်၊ ဆရာပဲ ဆက်လုပ်ပေးပါ၊ ပြီးတော့..."

ထိုအချိန်တွင် အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။

"အိမ်ရှေ့ တံခါးမှာ တစ်ယောက်ယောက် ရောက်နေတယ် ထင်တယ်"

အီဒင်က ပြောသည်။

မဆင်က

"ရှေ့တံခါးအဝင်အထွက်မှာ လိုက်ကာတွေရှိတယ် မဟုတ်လား တံခါးဖွင့်မပေးခင် အဲဒီလိုက်ကာတွေချထားရင်ကောင်းမယ်၊ တစ်ဖက်က မမြင်ရအောင်"

"ဟုတ်ကဲ့ဆရာ၊ ဒါပေမယ့် လိုက်ကာချထားလည်း စကားပြောသံတော့ ကြားရမှာပဲ"

အီဒင်ရှေ့တံခါးဆီသို့ ထွက်အသွားတွင် မဆင်က ညေ့်ခံဖွဲ့မြင်တွင်းကို လှမ်းကြည့်နေသည်၊ ထိုအချိန်တွင် ဗိဗီယန်၏အသံကို ကြားရသည်။

"ဒီမယ် သူငယ်ချင်းတို့၊ ခုအချိန်တစပြီး မစ္စလေ့စတာလင်းက ကိုယ်ဟန်ပြပါလိမ့်မယ်"





လက်ခုပ်ဩဘာသံ တဖြောင်းဖြောင်း ထွက်ပေါ်လာသည်။ အမျိုးသမီးတစ်ဦး ရှေ့ထွက်လာပြီး ကိုယ်ဟန်ပြလမ်းလျှောက်ရာ သူမအပေါ်သို့ ထွက်၍ မီးမောင်းထိုးထားသည်။ အမျိုးသမီးမှာ ဟယ်လင်ဖြစ်သည်၊ သူမက ဝတ်စုံ၏ ဇစ်ကြိုးကို ဖြုတ်ချရန် ဟန်ပြင်နေသည်။ ထိုအချိန်တွင် ဗိဗီယန်က အီဒင်၏ ညေ့်ခန်းဘက်သို့ မျက်လုံးထောင့်ကပ်၍ လှမ်းကြည့်သည်။

မဆင်က ထိုင်ရာမှထ၍ သံဆူးကြိုးအနီးကပ်သွားကာ

"ဒီမယ်...မစ္စတ်ကာဆင်၊ ခင်ဗျားတို့ ဖမ်းချင်တဲ့ငှက်က ပျံပြေးပြီးဗျ မရှိတော့ဘူး"ဟုပြောသည်။

"ရှင် ဘာကို ဆိုလိုတာလဲ"

ဗိဗီယန်က ပြန်မေးသည်။

"မော်လေအီဒင်မရှိဘူး"

"အီဒင်နဲ့ ဘာမှ မဆိုင်ပါဘူး"

ထိုသို့ပြောနေစဉ် ဟယ်လင်က ကျောပြင်မှ ဇစ်ကြိုးကို ဆွဲချလိုက်ရာ ဝတ်စုံသည် ကြမ်းပြင်ပေါ်သို့ ပုံကျသွားသည်။ ထိုးထားသော မီးမောင်းက သူမ၏ ကိုယ်ပေါ်သို့ ဖြာကျနေသည်။ ထိုအချိန်တွင် ရှေ့တံခါးဆီမှ ရှုန်းရင်းဆန်ခတ် အသံဗလံများ ကြားရသည်၊

မဆင်သည် လိုက်ကာခန်းဆီးကို ဖယ်၍ ရှေ့သို့ ကမန်းကတန်း ထွက်သွားရာ မော်လေအီဒင် ကြမ်းပြင်ပေါ် လဲကျနေသည်ကိုတွေ့ရသည်။ အားကစားသမား ပုံပန်းရှိသော ခပ်ငယ်ငယ်လူတစ်ယောက်က ဒေါသထကြီးဖြင့် အပေါ်မှ စီးကြည့်နေသည်၊

အီဒင်က

"ခင်ဗျား...ခင်ဗျား...ဘယ်လိုလုပ်..."ဟု ပြောပြောဆိုဆို ဒယိမ်းဒယိုင် ထုံးထနေသည်။

မဆင်က...



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ နေစမ်းပါဦး" ဟုပြော၍ အမြန်ချဉ်းကပ်သွားပြီး "ဘာတွေဖြစ်နေတာလဲ"ဟု မေးသည်။

"သူ ကျွန်တော့်ကို ထိုးတယ်"

အီဒင်ကပြောသည်။

"အေး မင်းကို ထပ်ပြီးထိုးဦးမယ်၊ ထစမ်းပါ"ဟု သူစိမ်းက ပြောသည်။

မေဆင်က သူတို့နှစ်ယောက်ကြားဝင်ရပ်ပြီး

"နေစမ်းပါဦး၊ ဘာဖြစ်ကြတာလဲ"ဟု မေးသည်။

"ခင်ဗျား ဖယ်စမ်းဗျာ၊ ခင်ဗျားပါ ခံသွားရမယ်"ဟု သူစိမ်းက မေဆင်ကို ပြောသည်။

"ဩော်...ဒီလိုလား၊ မင်းက အဲသလို သဘောထားရင် ငါက လည်း မင်းလိုပဲပေါ့၊ မင်းဘာလုပ်ချင်သလဲ လုပ်စမ်း"

မေဆင်က ခပ်တင်းတင်းပြော၍ ရင်ဆိုင်ရာ သူစိမ်းက မေဆင်၏ ကျယ်ပြန့်သောပခုံးများနှင့် ကျစ်လျစ်သန်မာသော ကိုယ်လုံးကိုယ်ပေါက် ကိုကြည့်၍ တုံ့သွားသည်။ ထိုနောက် ချက်ချင်း မှတ်မိသွားဟန်ဖြင့်

"ဟာ...ဆရာ၊ ရွှေနေကြီးပယ်ရီမေဆင်မဟုတ်လား"ဟုပြောသည်။

"ဟုတ်တယ်၊ ကျုပ်ပယ်ရီမေဆင်ပဲ၊ ခင်ဗျားတို့ ဘာဖြစ်ကြတာလဲ ပြောစမ်းပါ"

မေဆင်၏ကိုယ်ကိုတွယ်၍ အီဒင်သည် လဲနေရာမှထပြီး

"ခုနက သူ ကျွန်တော့်ကို အလစ်မှာ တွယ်လိုက်တာဆရာ၊ အခု ကျွန်တော်အသင့်ရှိနေတုန်း ထိုးခိုင်းစမ်းပါ အကြောင်းသိသွားမယ်"

မေဆင်က သူတို့နှစ်ယောက်ကြားတွင် ခြားထားပြီး အီဒင်ကို လှည့်ပြောသည်။

"အေးအေးနေစမ်းပါ အီဒင်၊ ဘာဖြစ်သလဲဆိုတာ မေးစမ်းပါရစေ"

အီဒင်က...





"ဖြစ်ပုံကတော့ သူက ကျွန်တော့်ကို လော်ရင်းကာဆင်လို့ ထင်နေတယ်"

"ဒါဖြင့် ခင်ဗျားဟာ ကာဆင်မဟုတ်ဘူးလား"

သူစိမ်းက မေးသည်။

"သူက မော်လေအီဒင်ပါ၊ ခင်ဗျားက ဘယ်သူလဲ၊ ဘာလိုချင်လို့လဲ"

မေဆင်က ဝင်ပြောသည်။

"သူက မော်လေအီဒင်တဲ့လား၊ ဒီမှာ သူ ဘာလာလုပ်နေတာလဲ"

"အီဒင်ဟာ ဒီအိမ်ကို လော်ရင်းကာဆင်ဆီက ဝယ်ထားတယ် တိုင်း...ဆိုစမ်းပါဦး၊ ခင်ဗျားကဘယ်သူလဲ"

"ဟာ...ဒါဆိုဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်စိတ်မထိန်းနိုင်အောင် ဖြစ်သွားလို့ပါ"

"ထားပါတော့လေ၊ ဘာဖြစ်ကြတာလဲ ပြောစမ်းပါ"

မေဆင်က ထပ်မေးသည်။

"ကျွန်တော်က နော်ဘတ်ဂျင်းနင်းပါ၊ သူ ကျွန်တော့်ကို သိပါတယ်"

"ကျွန်တော် ခင်ဗျားကို နာမည်ပဲသိတယ်"

အီဒင်က ပြန်ပြောသည်။

မေဆင်က နောက်ထပ် အကြမ်းပတမ်း ထပ်မံ မဖြစ်နိုင်တော့ ကြောင်း သိ၍ အေးအေးဆေးဆေး ဆက်မေးသည်။

"လိုရင်း ပြောကြစမ်းဗျာ၊ ခင်ဗျားက ဒီကိစ္စထဲ ဘယ်လိုဝင်ပါလာ ရတာလဲ"

"ဆရာ့အမှုသည် သိပါလိမ့်မယ်"

အီဒင်က...

"ကာဆင်က သူ့မိန်းမ ဗီဗီယန်နဲ့ ဖောက်ပြန်နေတယ်လို့ စွပ်စွဲခဲ့တာ ဂျင်းနင်းဆိုတဲ့လူနဲ့ပဲ"

"အင်း... ကျုပ်နားလည်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



မဆင်က ပြောလိုက်သည်။

"ကာဆင်ဆိုတဲ့လူဟာ ကျွန်တော့်ကို နာမည်ပျက်အောင်၊ ဘဝပျက်အောင် လုပ်ခဲ့တယ်"ဟု ဂျင်းနင်းကပြောသည်။

"ဘယ်လိုလုပ်ခဲ့လို့လဲ"

"သူတို့က နာဒင်းပါးမားကို နောက်ယောင်ခံ လိုက်ပြီး အတွင်းရေးတွေ ဖော်ခဲ့တယ်လေ"

အီဒင်က

"ဒါတွေဟာ အားလုံးတလွဲတချော်တွေ ဖြစ်ခဲ့တာဗျ၊ ကာဆင်က သူမိန်းမ ဗီဗီယန် ဖောက်ပြန်နေတယ်လို့ အထောက်အထား ပြနိုင်အောင် အလွတ်စုံထောက် ဒေတန်ဆိုတဲ့လူကို ငှားတယ်။ စုံထောက်က မစ္စက်ပါးမားကို ဗီဗီယန်လို့ထင်ပြီး မစ္စက်ပါးမားနောက်ကို လိုက်ထောက်လှမ်းခဲ့တယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ နာမည်ပျက်ခဲ့ရတာပဲ"

ဂျင်းနင်းကပြောသည်။

"ဘာတွေဖြစ်လို့လဲ"

မဆင်က မေးသည်။

"ဘာတွေဖြစ်ရမှာလဲ၊ တရားရုံး မှတ်တမ်းတွေမှာ ကျွန်တော့်နာမည် ပါတုန်းတော့တာပေါ့"

"သတင်းစာတွေထဲမှာလည်း ပါသေးသလား"

"ပါတာပေါ့ဆရာရယ် ဘယ်နေပါ့မလဲ၊ ကျွန်တော့်မှာ နေရင်းထိုင်ရင်း ကြာကူလီမောင်မောင် ဖြစ်ခဲ့ရတယ်၊ ညကလပ်တွေ၊ ဂေါက်သီးရိုက်ပွဲတွေမှာ ကျွန်တော့်ကို ကြည့်ပြီး တီးတိုးတီးတိုး ပြောကြတယ်၊ ကျွန်တော်အပြင်တောင် မထွက်ရဲတော့ဘူး"

"နာဒင်းပါးမား ယောကျ်ားကတော ဘယ်လိုဖြစ်သလဲ"

"သူ့မှာ ယောကျ်ားမရှိတော့ပါဘူး ဆရာ၊ ကွာရှင်းပြီးသားပါ၊





သူလွတ်လွတ်လပ်လပ် ဖြစ်နေချိန်မှာ ကျွန်တော်နဲ့တွဲတာပါ"

"ခင်ဗျားကကော အိမ်ထောင်မရှိဘူးလား"

"ဟင့်အင်း မရှိပါဘူးဆရာ၊ ဒါကြောင့် ကျွန်တော်ဒီလောက် ဒေါသထွက်ရတာပါ၊ လွတ်လပ်တဲ့မိန်းမတစ်ယောက်နဲ့ လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက် စိတ်တူကိုယ်တူ တွဲခဲ့ကြတာကို ကာဆင်ဆိုတဲ့လူက ကျွန်တော့်ကို ကြာကူလီဖြစ်အောင် လုပ်ခဲ့တာ မကျေနပ်နိုင်ဘူး ဆရာ၊ ဒါကြောင့် ကာဆင်ကို တွေ့ပြီး ဆုံးမဖို့ ဒီကိုလာခဲ့တာ ဟောဒီက မစ္စတာအီဒင်ကို တွေ့တော့ လူမှားပြီး..."

"ခင်ဗျားက မမေးမစမ်းဘဲ ရမ်းလုပ်တာကိုး" ဟု အီဒင်က ပြောသည်။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကိုင်း...အခု ခင်ဗျားရှေ့နေသည်း ရှိတုန်း ခင်ဗျားကို ကျွန်တော်လက်ရောက် ကျူးလွန်မိတဲ့အတွက် နစ်နာကြေး တောင်းချင်ရင် တောင်းပါ၊ ကျွန်တော် ချက်လက်မှတ် ရေးပေးပါ့မယ်"

အီဒင်က စဉ်းစားနေရာ မဆင်က

"တဲ ဘယ်လိုလဲ အီဒင် ပြောလိုက်လေ"ဟု ထောက်ပေးသည်။

အီဒင်က သွားစေ့ပြုံးပြီး မေးစေ့ကိုပွတ်လျက်

"အင်း ခင်ဗျားက ဒီလိုတောင်းပန်တော့လည်း ကျုပ်ဘာမှ မတောင်းချင်တော့ပါဘူးဗျာ၊ ကျုပ်လည်း ခင်ဗျားလိုပဲ လော်ရင်းကာဆင်ကို အရေးယူစေချင်နေတာပဲဗျ၊ ခင်ဗျား သူ့ကိုတွေ့ရင်သာ ခုနက ကျွန်တော့်ကို ထိုးသလောက် ပြင်ပြင်းတလေးထိုးချလိုက်စမ်းပါ၊ ကျွန်တော့်အတွက်ပါ နောက်တစ်ချက် ထပ်ထိုးခဲ့ဗျာ"

"စိတ်ချပါ၊ ဒီငနဲကို ကျုပ်တွေ့အောင်ရှာပါ့မယ်၊ ကောင်းကောင်း ဆုံးမလိုက်ပါ့မယ်"

"ဖြည်းဖြည်းပေါ့ဗျာ၊ ဒြိမ်းခြောက်စကားတွေ ပြောတာ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေ အန္တရာယ်ကြီးတတ်တယ်ဗျ”

မဆောင်က ဝင်သတိပေးသည်။

“ကိစ္စမရှိပါဘူးဆရာ၊ ကျွန်တော်ကတော့ ဒီကောင့်ကို စိတ်တိုင်းကျ ဆုံးမရမှ တျေနပ်မယ်၊ အဲဒီအတွက် ပိုက်ဆံကုန်ချင်သလောက် ကုန်ပါစေ”

“ခင်ဗျား သူ့ကို တရားစွဲဖို့ စိတ်မကူးဘူးလား”

“တရားစွဲတော့ကော ဘာထူးမှာလဲဆရာ၊ ထပ်ပြီး ဟိုးလေး တကျော် ဖြစ်တာပဲ အဖတ်တင်မယ်၊ ကိုင်း...မစ္စတာ အီဒင်၊ ခင်ဗျားကို ကျွန်တော် စော်ကားမိတာ တောင်းပန်ပါတယ်”

ဂျင်းနင်းက ပြောပြောဆိုဆို အီဒင်ကို လက်ကမ်းပေး၍ အီဒင်က လက်ဆွဲနှုတ်ဆက်သည်၊ ထိုနောက် ဂျင်းနင်းသည် စကားထပ်မပြောတော့ဘဲ အိမ်ထဲမှ ထွက်သွားသည်။

အီဒင်က သူ့မေးစေ့ကို လက်ဖြင့်ပွတ်ရင်း

“ကျွန်တော်တို့ပြဿနာကတော့ ပိုပြီး ရှုပ်ထွေးလာပြီဆရာ”ဟု ပြောသည်။

မဆောင်က

“အဲဒါက ကိစ္စမရှိဘူး၊ ဟိုဘက်ခန်းထဲမှာ ပိုသောင်းကျန်းနေကြပြီ သတိသာ ထားပေတော့”

“သူတို့ဘက်ကို မကြည့်ရဘူးလားဆရာ”

“အဲသလိုလည်း မဟုတ်ဘူးလေ၊ ကြည့်တာတော့ကြည့်ပေါ့ ငါးစာကိုလည်း ကြည့်၊ ငါးမျှားချိတ်ကိုလည်း ရှောင်ရမယ်”

“ကောင်းပါပြီဆရာ၊ ကျွန်တော့်ရဲ့ရှေ့နေကြီးအဖြစ်နဲ့ ဆရာလည်း ဒီမှာကြိုက်သလောက် အချိန်ကြာကြာနေနိုင်ပါတယ်၊ လာသွားကြည့်ကြရအောင်ဆရာ”

အီဒင်က တံခါးဝမှ ခန်းဆီးကိုဖယ်၍ စည့်ခန်းဘက်သို့ ဝင်လာသည်၊ တစ်ဖက်ခြမ်းတွင် မီးမောင်းအောက်၌ နောက်ထပ် စံပြမယ်





တစ်ယောက် လှုပ်လီလှုပ်လဲ့ဖြင့် အဝတ်များကို လျှော့ချနေချိန်ဖြစ်သည်။

အခန်းထောင့်တွင် ရပ်နေသော ဗီဗီယန်သည် စံပြမယ်ကို မကြည့်ဘဲ အီဒင်တို့ဘက်သို့ လှမ်းကြည့်နေသည်။ အီဒင်နှင့် မေဆင်ဝင်လာချိန်တွင် ဗီဗီယန်က သူမ၏လက်တွင် ကိုင်ထားသော ခန်းဆီးအဝတ်စတစ်ခုကို မြှောက်၍ သံဆူးကြိုးအပေါ်တွင် လာချိတ်တင်သည်။ အဝတ်စနှစ်ခုကို ဆွဲစေ့လိုက်ရာ စည့်ခန်းတစ်ဖက်ခြမ်းကို မမြင်ရတော့ဘဲ ခန်းဆီးအပြည့်တာထားသကဲ့သို့ ဖြစ်သွားသည်။

“ဩော် ဒါကြောင့် သံဆူးကြိုးအပေါ်မှာ သံတန်းရှည်တစ်ခု ကပ်ထားတာကိုး ” အီဒင်က ပြောသည်။

မေဆင်က သွားစေ့ပြုံးလျက်...

“အင်း... အမျိုးသမီးဟာ အဘက်ဘက်က စဉ်းစားပြီးမှ လုပ်ပုံရတယ်”ဟု ပြောသည်။

“ဟုတ်လိမ့်မယ်ဆရာ၊ ခုအတိုင်းဆို သံဆူးကြိုးပေါ်က ကျွန်တော့်လထည်းတစ်ချောင်းလျှိုပြီး ခန်းဆီးပိတ်နှစ်ခု ဟသွားအောင် လုပ်ရင်ဘယ့်နှယ့်နေမလဲ”

“တရားရုံးအမိန့် ဖီဆန်မှုနဲ့ ဒုက္ခရောက်သွားမှာပေါ့”

မေဆင်က တားမြစ်လိုက်သည်။

အီဒင်က သက်ပြင်းချပြီး...

“ဒါဆိုရှင် ကျွန်တော်တို့ ခုအချိန်မှာ ချွတ်ဖော်ကပွဲ ကောင်းကောင်းရှိတဲ့ ညကလပ်တစ်ခုကို ဆက်သွားကြဖို့ပဲ ရှိတော့တာပေါ့ ဆရာ”

“တော်ပါပြီလေ၊ အခြေအနေအရ ခုလောလောဆယ် ခင်ဗျားနဲ့ အချုပ် ဆွေးနွေးစရာမလိုတော့ဘူး ထင်ပါရဲ့”

မေဆင်ကပြောသည်။

အီဒင်က ရယ်မောပြီး

“တစ်ခုမေးပါရစေ ဆရာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ပြောလေ"

"ဟိုဘက်ခြမ်းက ခန်းဆီးလည်းမကာဘူး၊ ပြပွဲလည်း ဆက်မြင်နေရဦးမယ်ဆိုရင် ဆရာဆက်ကြည့်နေဦးမှာပဲ မဟုတ်လား၊ အဲဒီ အချိန်အတွက်တော့ ဆရာ ကျွန်တော့်ဆီက စရိတ်တောင်းမှာလား"

"တောင်းရမှာပဲ၊ အမှုသည်နဲ့ တိုင်ပင်နှီးနှောခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ စရိတ်တောင်းရမှာပေါ့"

"အင်း ကျွန်တော်ရှေ့နေပညာ မသင်မိခဲ့တာ နာလိုက်တာ ဆရာရယ်"ဟု အီဒင်က ပြုံးကျဲကျဲဖြင့် ပြောသည်။

"ဒါထက်ဆရာ၊ ဒီအမျိုးသမီးနောက်တစ်ဆင့် ဘာဆက်လုပ်ဦးမယ်ထင်သလဲ"

"အဲဒါတော့ ကျုပ်လည်း ခန့်မှန်းဖို့ မကြိုးစားချင်ဘူး၊ ခုဆက်လုပ်စရာက တာဆင်ဆိုတဲ့ငနဲကို လိမ်လည်မှုနဲ့ တရားစွဲဖို့ လျှောက်လွှာရေးရမယ်၊ သန်ဘက်ခါမနက် ၁၀ နာရီ ကျုပ်ရဲ့ ရုံးခန်းကို လာခဲ့ပါ၊ စာရွက်စာတမ်းတွေ အသင့်လုပ်ထားမယ်၊ လက်မှတ်ထိုးရုံပဲ"

* * *



အခန်း (၄)

ပယ်ရီမေဆင်သည် ရုံးခန်းတွင်းခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း နာရီကို ကြည့်၍ ဒယ်လာစထရီကို လှမ်းမေးသည်။

"အီဒင်အတွက် ဦးတိုက်လျှောက်လွှာ မရသေးဘူးလား ဒယ်လာ"

"လက်နှိပ်စက် ရိုက်ခိုင်းထားပါတယ်ဆရာ၊ ၁၅မိနစ်လောက်ဆိုရပါလိမ့်မယ်"

"၁၀နာရီမှာ လိုချင်တယ်ကွယ့်၊ ရုံးတော်ကို ချက်ချင်းတင်ချင်တယ်၊ ဒါထက် ပေါလ်ဒရိတ်က ဘယ်လိုလဲ၊ သူ့ရုံးကို မလာသေးဘူးလား"

"မရောက်သေးဘူးထင်တယ်ဆရာ၊ သူလည်း အမှုတစ်ခုအတွက် တစ်မနက်လုံးအလုပ်များနေတယ်၊ သူပြန်ဝင်လာလာချင်း ဆရာ့ဆီဆက်သွယ်ဖို့ မှာထားပါတယ်"

"အေးကွယ် စုံထောက်အလုပ်ကလည်း အချိန်ရယ် ဘာရယ် သိပ်ရေရာတာ မဟုတ်ဘူး၊ ဆရာတို့လိုပဲပေါ့၊ ဆရာတို့လည်း…"

မေဆင်ပြောနေစဉ် သူ၏ သီးသန့်ခန်း စင်္ကြံလမ်းဘက်မှ တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



အချက်ပေးခေါက်သံကြား၍ စကားဖြတ်ပြီး…

"ပေါလ်ဒရိတ်လာနေပြီ ဒယ်လာ၊ သွားဖွင့်ပေးလိုက်ပါ"

ဒယ်လာထသွားပြီး တံခါးဖွင့်ပေးရာ ပင်ပန်းနွမ်းနယ်နေသော အမူအရာဖြင့် ပေါလ်ဒရိတ် ဝင်လာသည်၊ သူသည် ပယ်ရီမေဆင်၏ မိတ်ဆွေရင်းချာလည်းဟုတ်၊ အလုပ်မိတ်ဖက်လည်း ဟုတ်သည်။

'ဒရိတ် စုံစမ်းထောက်လှမ်းရေးအေဂျင်စီ' ဟူသော အလွတ်စုံထောက်ဌာန တစ်ခုကို ဦးစီးဖွင့်လှစ်ထားပြီး သူ၏ရုံးမှာ ပယ်ရီမေဆင်၏ ရုံးတည်ရှိသော အဆောက်အအုံတွင် အထပ်တစ်ထပ်တည်း၌ ရှိသည်။

ဒရိတ်ကနှုတ်ဆက်ပြီးနောက်

"ဆိုစမ်းပါဦး ပယ်ရီ၊ ခင်ဗျားခေါ်တယ်ဆိုလို့ လာတာ၊ ဘာကိစ္စလဲ"

"ဒီမနက် ၁၀ နာရီ ကျော်ကျော်လောက်မှာ မော်လေအီဒင်ဆိုတဲ့ ကိုယ့်အမှုသည်က လော်ရင်းကာဆင်ဆိုတဲ့လူကို လိမ်လည်မှု တိုင်ချက် ဖွင့်ချင်တယ်၊ နစ်နာကြေးရလို့မှပေါ့ကွာ"

"တရားမမှုသဘောပေါ့၊ ဟုတ်လား"

ဤတွင် မေဆင်က အီဒင်၏ အဖြစ်အပျက်များကို အတိုချုပ်၍ ရှင်းပြသည်။

"အဲသလို လိမ်လည်မှုနဲ့ တရားစွဲတာနဲ့တစ်ချိန်တည်းမှာ ကာဆင်ဆိုတဲ့ ငနဲရဲ့ ထိမ်ချန်ထားတဲ့ ပိုင်ဆိုင်မှုတွေ ငွေကြေးတွေကို ဖော်ထုတ်ချင်တယ်" ဟု မေဆင်က ပြောသည်။

"ဒီတော့ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ပထမဆုံး လုပ်ပေးဖို့က ကာဆင် အခု ဘယ်မှာလဲဆိုတာ သိချင်တယ်၊ အဲဒီ သိပြီးရင် ကာဆင်ကို နောက်ယောင်ခံလိုက်ပေးရမယ်၊ သူ့နောက်ကြောင်းတွေကိုလည်း အသေးစိတ် သိချင်တယ်၊ တရားရုံးမှာ ရင်ဆိုင်တဲ့အခါ ဘာတစ်ခုမှ သူလိမ်မပြောနိုင်အောင် သူ့အကြောင်းတွေကို သိထားချင်တယ်"





"ဘယ်လိုဟာမျိုးတွေလဲ"

"သူဘယ်မှာနေခဲ့တယ်၊ တခြားနာမည်တွေ သုံးခဲ့ဖူးသလား၊ နာမည်ကွဲတွေနဲ့ ဘဏ်စာရင်းဖွင့်ထားတာတွေ ရှိသလား၊ အာမခံသေတ္တာတွေနဲ့ အပ်ထားတဲ့နေရာရှိသလား၊ အဲဒါမျိုးတွေကို သိချင်တယ်၊ ဒါတင်မကသေးဘူး၊ ကာဆင်ဟာ လောင်းတစားမြို့တော်ဖြစ်တဲ့ လပ်စ်ဗေးဂတ်စ်မြို့က ညကလပ်တစ်ခုမှာ စည်ကြိုလုပ်တဲ့ ကောင်မလေး တစ်ယောက်နဲ့ အဆက်ရှိတယ်၊ နာမည်က ဖျင်နီဝီးဟိုက်တဲ့၊ အဲဒီမိန်းကလေးနဲ့ ပတ်သက်တာတွေလည်း သိချင်တယ်။ ကာဆင်က သူဟာ လပ်စ်ဗေးဂတ်စ် ကစားဝိုင်းတွေမှာ အကြီးအကျယ်ရှုံးခဲ့တယ်လို့ သတင်းလွှင့်ထားတယ်။

"ဒါပေမယ့် တရားသူကြီးဝွတ်ဒွင်းက ကာဆင်ဟာ သူ့ငွေတွေကို ငွေစက္ကူတွေ အဖြစ်နဲ့ပဲ တစ်နေရာရာမှာ ဝှက်ထားတယ်လို့ မသင်္ကာဖြစ်နေတယ်၊ အဲဒါကိုကိုယ်တို့ ဖော်ထုတ်ချင်တယ်"

"အဲဒါဘယ်လွယ်မလဲဗျာ၊ ငွေစက္ကူတွေအဖြစ် တစ်နေရာရာမှာ ဝှက်ထားတာ ဘယ်လိုသဲလွန်စ ရှာလို့ရနိုင်မလဲ"

"ဘယ်လိုလဲကွ ပေါလ်၊ မင်းမနေ့ညက အတော်ပင်ပန်းခဲ့သလား"

"ညကလည်း တစ်ညလုံးလိုလို၊ ဒီမနက်လည်း တစ်မနက်လုံး ကောင်းကောင်းတို မနားရသေးပါဘူးဗျာ၊ မနက် ၃ နာရီထိုးမှ ခဏလေး မှေးခဲ့ရတယ်၊ ကောင်းပြီလေ၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပေးမယ်၊ ကာဆင်ကို စုံစမ်းဖို့တော့ အစကလေးရှာပေးဦးဗျာ၊ သူဘယ်မှာ ရှိတတ်သလဲ"

မေဆင်ပြန်မဖြေရသေးမီ ဒယ်လာစားပွဲမှ တယ်လီဖုန်းမြည်သံကြားရပြီး ဒယ်လာက ကောက်ကိုင်နားထောင်သည်၊ အပြင်ရုံးခန်းမှ စည်ကြိုစာရေးမလေးဂါတီထံမှ လှမ်းဆက်ခြင်းဖြစ်သည်။

"ဂါတီလား၊ ဘာပြောတယ်။ ဘယ်သူ လော်ရင်းကာဆင်တဲ့လား၊ ခဏလေးနော် ဂါတီ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်လာက ဖုန်းခွက်ကို လက်ဖြင့်ပိတ်၍ မေဆင်ကို လှမ်းပြောသည်။

"ဆရာ...မစ္စတာ လော်ရင်းကာဆင် ရောက်နေတယ်တဲ့၊ အင်မတန် အရေးကြီးတဲ့ကိစ္စရှိလို့ ဆရာ့ကို ချက်ချင်းတွေ့ချင်သတဲ့"

မေဆင်က သွားစေ့ပြုံးလျက်

"ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာပါပဲလား၊ ကိုင်း...ပေါလ်ရေ ဘေးတံခါးဝနားသွားနေ၊ ကာဆင် ဝင်လာတာနဲ့ အသာထွက်သွားဒါမှ သူ့ကို မင်းလှမ်းကြည့်ပြီး မှတ်မိဖို့အခွင့်အရေး ရမယ်၊ မှတ်မိအောင် ကြည့်ပြီးတာနဲ့ တံခါးဖွင့် ထွက်သွားပေတော့"

"ဘယ်ဟုတ်မလဲ ပယ်ရီ၊ ဒါဆိုသူကလည်း ကျွန်တော့်ကို ကြည့်ပြီး မှတ်မိသွားမှာပေါ့၊ ကိစ္စမရှိဘူးလေ၊ သူခင်ဗျားဆီက ထွက်တော့မှ စကြီလမ်းတစ်နေရာက ကျွန်တော်စောင့်ကြည့်နေမယ်"

မေဆင်က ခေါင်းညိတ်ပြပြီး

"ဒယ်လာရေ၊ အပြင်ခန်းကို သွားပြီး မစ္စတာ ကာဆင်ကို ခေါ်သွင်းခဲ့ကွယ်"

ပေါလ်ဒရိတ်က ချက်ချင်းပင် ဘေးတံခါးမှ ထွက်သွားသည်။ ခေတ္တမျှ အကြာတွင် ဒယ်လာက မေဆင်၏ သီးသန့်ခန်းတံခါးကို ဖွင့်ပြီး တုတ်တုတ်ခိုင်ခိုင်နှင့် ခပ်စွာစွာ ပုံပန်းမျိုးရှိသူ တစ်ဦးကို ဝင်ခိုင်းသည်။ ထိုသူက သူ၏ညာလက်ကို ရှေ့သို့ဆန့်တန်းလျက်ဝင်လာပြီး

"မစ္စတာမေဆင်"ဟု လှမ်းနှုတ်ဆက်သည်။

ခဏကြာမှ မေဆင်က သူ၏ ဆန့်တန်းထားသော လက်ကို ဆွဲ၍ တုံ့ပြန်သည်။

"လော်ရင်းကာဆင် ဆိုတာ ကျွန်တော်ပါပဲဗျာ၊ ကျွန်တော်တော့ ခေါင်းမီးတောက်နေပြီ" ဟု ထိုသူကပြောသည်။

"မစ္စတာကာဆင်၊ ခင်ဗျားကိစ္စက ကျုပ်နဲ့ မဆိုင်ဘူးထင်တယ်၊





ခုလောလောဆယ်မှာ ကျုပ်ဟာ ခင်ဗျားရဲ့ ဆန့်ကျင်ဘက် လူတစ်ယောက်ကို ကိုယ်စားပြုနေတယ်၊ ကျုပ်ရဲ့အမှုသည်ဘက်က ရပ်တည်ဖို့ပဲရှိတယ်"

ကာဆင်ကရယ်ပြီး

"ဒါကတော့ သံခင်းတမန်ခင်းနဲ့ ရှင်းလိုက်ရင် ပြီးပါတယ်ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော် နည်းနည်းပါးပါးပြောပြီးရင် ခင်ဗျား အခုပြောနေတဲ့ကိစ္စ ရှင်းပြီးသား ဖြစ်သွားမှာပါ"

"ကျုပ်ကတော့ ခင်ဗျားနဲ့ ဆွေးနွေးစရာ မလိုဘူးထင်တယ်၊ ခင်ဗျားဟာ ကျုပ်ရဲ့ဆန့်ကျင်ဘက်မှာရှိနေတယ်၊ ဒီတော့ ရှေ့နေမငှားရသေးရင် ရှေ့နေ တစ်ယောက် ငှားဖို့လိုလိမ့်မယ်၊ ခင်ဗျားရဲ့ ရှေ့နေနဲ့ပဲ ကျုပ်စကားပြောမယ်၊ ခင်ဗျားနဲ့တော့ မပြောနိုင်ဘူး"

"အို...ခင်ဗျားတို့ လုပ်ငန်းသဘောကျင့်ဝတ်တွေ ကျင့်ထုံးတွေ ဘေးဖယ်ထားစမ်းပါဗျာ၊ တကယ်က ကျွန်တော်သာ အဓိကပါ၊ ရှေ့နေငှားရင်လည်း ရှေ့နေက ကျွန်တော်ပြောခိုင်းတာ ပြောရမှာပဲ"

"မဟုတ်ဘူးလေ၊ ကျုပ်ကတော့ ခင်ဗျားနဲ့ မဆွေးနွေးနိုင်ဘူး"

"ခင်ဗျားကျုပ်ကို ဆွဲထုတ်ပစ်မယ်တော့ မထင်ပါဘူးလေ၊ မဟုတ်ဘူးလား"

"ဆွဲထုတ်ပစ်သင့်ရင် ဆွဲထုတ်ပစ်ရမှာပဲ"

"ကောင်းပြီ၊ ခင်ဗျားကျုပ်ကို ဆွဲမထုတ်ပစ်သေးသမျှတော့ ကျုပ်က ခင်ဗျားနဲ့ ဆွေးနွေးမှာပဲ၊ အမှန်ပြောရရင် ကျုပ်မှာ ရှေ့နေမရှိဘူး၊ ငှားခဲ့တဲ့ရှေ့နေကလည်း သူ့ကို ချောက်ကျအောင် လုပ်ရမလားဆိုပြီး ကျုပ်နဲ့ ခွာပြသွားပြီ"

"ဪ ဟုတ်လား"

"အမှန်ပြောရရင် ဒီပြဿနာတစ်ခုလုံးဟာ ဟိုအသုံးမကျတဲ့ အလွတ်စုံထောက် မွေတာပဲဗျ၊ ဒေတန်ဆိုတဲ့ ငနဲပေါ့ဗျာ၊ ကျုပ်က ကျုပ်မိန်းမ နောက်ကို လိုက်စုံစမ်းပေးဖို့ သူ့ကိုငှားတယ်၊ မိန်းမတို့



www.burmeseclassic.com

www.burmeseclassic.com



ခြင်ဖူးအောင် ပြတယ်၊ ဘယ်လိုပြရမလဲ၊ အလွတ်စုံထောက်တစ်ယောက်နဲ့ အတူ တွဲလျှောက်သွား၊ မိန်းမကိုတွေ့တော့ လက်ညှိုးထိုးပြ၊ မိန်းမကို လည်း ဟလို... အချစ်ရေ နေကောင်းလားလို့ နှုတ်ဆက်ရင် မိန်းမက ရှင်ဘာလုပ်တာလဲ၊ ဒီလူက ဘယ်သူလဲလို့ မေးမှာပေါ့၊ အဲဒီတော့မှ အို...သူက ကိုယ့်မိတ်ဆွေ တစ်ယောက်ပါ။ ကိုယ့်မိန်းမဟာ ဘယ်လို ပုံဝန်းရှိသလဲ သိချင်လို့ ခေါ်လာပြီး မင်းကို ပြတာပါလို့ ပြောရမလား"

ကာဆင်က သူ့ဘာသာသူပြော၊ သူ့ဘာသာသူသဘောကျနေဟန် ဖြင့် ခေါင်းကို နောက်လှန်ပြီး ရယ်သည်။

"အဲသလို ဘယ့်နှယ်ပြလို့ဖြစ်မလဲ၊ မဟုတ်ဘူးလား။ ဒီတော့ ကျုပ်က စုံထောက်ငနဲကို ခပ်လှမ်းလှမ်းကပြတယ်၊ အဆောက်အအုံထဲက ထွက် လာတဲ့ မိန်းမတစ်သိုက်ထဲက ဝတ်စုံအစိမ်းရင့်နဲ့ဟာ ကျုပ်မိန်းမပဲလို့ ပြော ပြီး ကားထိုင်ခုံနောက်မှာ ကွယ်ထိုင်နေရတာပေါ့"

"ဒီတော့ စုံထောက်က တခြားမိန်းမတစ်ယောက်နဲ့မှားပြီး နောက် ယောင်ခံလိုက်တော့တာပဲလား"

မေဆင်ကမေးသည်။

"အစစ်ပေါ့ဗျာ၊ တခြားမိန်းမတစ်ယောက် နောက်ကို လိုက်ပြီး သူက ကျုပ်ကိုပြောတယ်၊ သူတို့စုံတွဲ တိတ်တိတ်ပုန်းချိန်းတွေ့တဲ့ တည်းခိုခန်း ကော၊ အခန်းနံပါတ်ကော သိပြီတဲ့၊ အခန်းထဲက မြင်ကွင်းကို ဓာတ်ပုံရိုး ရိုက်ပေးရမလားတဲ့၊ ကျုပ်က အဲသလောက် ပြင်းပြင်းထန်ထန်ကြီး မလုပ် ချင်ဘူးလေ၊ မိန်းမကို စာရိတ္တဖောက်ပြန်တယ်လို့ စွပ်စွဲပြီး သူ့ပိုင်ဆိုင် ခွင့်တွေ ဖယ်ရှားလို့ရရင် ပြီးရောလို့ ဆုံးဖြတ်ခဲ့တယ်၊ အဲဒါ ကျုပ်မှားသွား တာပဲ၊ ဓာတ်ပုံသာရခဲ့ရင် လူမှားနေပြီဆိုတာ သိမှာ။

"ဒါပေမယ့် စုံထောက်ကသူ့ဆီမှာ တည်းခိုခန်း မှတ်ပုံတင် စာရင်း ဓာတ်ပုံမိတ္တူတွေ၊ သူတို့နှစ်ယောက် လာတည်းသွားကြောင်း ထွက်ဆိုချက် တွေရှိနေပြီဆိုတော့ ကျုပ်ကလည်း လုံလောက်တယ်လို့ ထင်ခဲ့မိတယ်"





"ကိုင်း...တော်လောက်ပြီ မစ္စတာကာဆင်၊ ခင်ဗျားနဲ့ကျုပ် ဆက် မဆွေးနွေးနိုင်တော့ဘူး၊ ခင်ဗျားအနေနဲ့ ရှေ့နေတစ်ယောက်သာငှားဝါ"

"ရှေ့နေမလိုပါဘူးဗျ၊ အီဗင်ကို ကျုပ် တရှုကာ သက်မိပါတယ်။ အီဗင်ကို ကျုပ်ပြောခဲ့တာတွေဟာ မှန်သောသစ္စာစကားကို ပြောခဲ့တာပါ။ သူ့ကို လိမ်လည်လှည့်ဖြားတဲ့သဘော လုံးဝမရှိပါဘူး"

"ကျုပ် ခင်ဗျားနဲ့ ဆွေးနွေးစရာမရှိဘူး မစ္စတာကာဆင်"

"ခင်ဗျားက မဆွေးနွေးပေမယ့် ကျုပ်က ဆွေးနွေးရလိမ့်မယ်၊ ဒီမယ် ခင်ဗျားကို ကျုပ်တစ်ခုပြောမယ် မစ္စတာမေဆင်၊ ကျုပ်ကို လိမ်လည်မှုနဲ့ ဖြစ်စေ၊ တခြား အလားတူ စွဲချက်မျိုးနဲ့ ဖြစ်စေ၊ တရားစွဲဖို့မကြိုးစားပါနဲ့၊ အဲဒါ မြဲမြဲမှတ်ထားပါ။ အရေးကြီးတယ်နော်၊ ကျုပ်ဟာ ခုလောလောဆယ် မှာ သိမ်မွေ့နက်နဲတဲ့စီးပွားပြုနိုင်းမှုတချို့ကို လုပ်နေတယ်၊ ဒီကြားထဲမှာ တရားတပေါင်တွေ ဘာတွေမရှိစေချင်ဘူး"

"ခင်ဗျားဖြစ်စေချင်တာနဲ့ ကျုပ်အမှုသည်ရဲ့ဆန္ဒနဲ့ တခြားစီ ဖြစ် နေတယ်။ ကျုပ်ကတော့ ကိုယ့်အမှုသည်ရဲ့အကျိုးစီးပွားအတွက် အကောင်း ဆုံးဖြစ်နိုင်မယ့်ကိစ္စကို ဆောင်ရွက်ပေးရမှာပဲ"

"ကျုပ်ကလည်း အဲဒါပဲ ပြောချင်တာပါ၊ ခင်ဗျားအမှုသည်ရဲ့ အကောင်းဆုံး အကျိုးစီးပွားအတွက်ဆိုရင် ကျုပ်နဲ့ ပူးပေါင်းဆောင်ရွက် ဖို့ လိုလိမ့်မယ်"

"ဒီမယ် မစ္စတာကာဆင်၊ ခင်ဗျားကို ကျုပ်မေးစရာတွေရှိတယ်၊ ဒါပေမယ့် တရားရုံးမှာ ခင်ဗျားကျမ်းကျိန်ပြီး ရှေ့နေတစ်ယောက်က ခင်ဗျားအတွက် အကျိုးဆောင်ပေးနေတဲ့အချိန်ကျမှ ကျုပ်မေးတော့မယ်"

"ကျုပ်သိပါတယ်၊ ခင်ဗျားဟာ ဟိုတရားသူကြီး ဝွတ်ဒွင်းဆိုတဲ့ အဘိုး ကြီးနဲ့ ဆွေးနွေးခဲ့တယ်မဟုတ်လား၊ အလကားလူကြီးဗျ၊ ဗီဗီယန် လှည့်စား သမျှ သူခံခဲ့ရတာပဲ။ ဗီဗီယန်ဆိုတဲ့ မိန်းမတလည်း အတော် မလွယ်တဲ့ အစားထဲကပဲ။ မိန်းမတစ်ယောက်နဲ့ခင်ဗျား အတူနေဖူးရင် သိပါလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိန်းမတော့ အတော်ဆော့တယ်ဗျ၊ မျက်လုံးက ကြောင်ပစ်လား ပစ်ရဲ့၊ ဒူးချိတ်ထိုင်လိုက်၊ ဒူးချထိုင်လိုက် လုပ်လားလုပ်ရဲ့၊ အဲသလိုနည်းတွေနဲ့ တရားသူကြီးကို အပိုင်ချည်ခဲ့တာခင်ဗျ၊ တရားသူကြီး ဝွတ်ဖွင်းကတော့ဗျာ တတ်နိုင်ရင် ကျုပ်ကို ထောင်ချပစ်သေးရဲ့"

"မစ္စတာကာဆင်၊ ခင်ဗျားတို့လင်မယားကိစ္စ ကျုပ်မဆွေးနွေးချင်ဘူး၊ ခင်ဗျားမိန်းမကလည်း တခြားအမျိုးသမီး တစ်ယောက်နဲ့ ခင်ဗျား ရှုပ်နေတယ်လို့ ပြောတာပဲ"

"အလကားဟာတွေပါ၊ သူတို့ဘာမှ အထောက်အထား မပြနိုင်ပါဘူး။ တကယ်က မစ္စဟိုက်ဟာ ကျုပ်ရဲ့ သွေးရိုးသားရိုး မိတ်ဆွေ တစ်ယောက်ပါ၊ လပ်စ်ဗေးဂတ်စ်မြို့ကို ကျုပ်မကြာမကြာသွားတတ်တာ တော့ ဟုတ်တယ်။ ဒါပေမယ့် လောင်းကစားဖို့ သွားခဲ့တာပဲ၊ ကောင်မလေး က အဲဒီမှာ ရှိတယ်၊ ကျုပ်ကလည်း သဘောကျတယ်၊ အပြင်တွေ ဘာ တွေ တွဲထွက်ကြတယ် ညကလပ်တချို့မှာ ညစာအတူစား မော်တော်ကား လျှောက်စီးပေါ့ဗျာ၊ ကျုပ်မိန်းမဆိုတဲ့ ဗီဗီယန်ကတော့ တစ်ချိန်လုံး ပူညံ ပူညံနဲ့ဗျ၊ ယောကျ်ားတစ်ယောက်ဟာ တစ်နေကုန် အဆောက်အအုံ ကန်ထရိုက်တိစ္စတွေနဲ့ နပန်းလုံးနေခဲ့ရ ဝင်ပန်းနွမ်းနယ်ပြီး အိမ်ပြန်လာ တော့ မိန်းမက မကြည်မသာနဲ့ ကြိုဆိုတယ်ဆိုရင် ဘယ်လိုနေမလဲ"

"ခင်ဗျားကို ကျုပ် အကြိမ်ကြိမ်ပြောပြီးပြီ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားနဲ့ဘာမှ မဆွေးနွေးချင်ဘူး၊ ဒီတော့ ကျုပ်ရုံးခန်းက ခင်ဗျားထွက် သွားပါ၊ စကြီလမ်းဘက် ထွက်တဲ့ဒီတံခါးပေါက်က ထွက်ပါ"ဟု ပြောပြော ဆိုဆို မေဆင်က ထ၍ ရပ်လိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားက နှင်ထုတ်ပြီပေါ့ ဟုတ်လား၊ ကျုပ်က တော့ ခင်ဗျားဆီလာပြီး ခင်ဗျားနဲ့ရော မော်လေအီဒင်နဲ့ပါ အေးအေးဆေး ဆေး ရင်းရင်းနှီးနှီး စကားပြောလို့ ဖြစ်မယ်မှတ်တယ်၊အဲသလိုဆွေးနွေး ဖြစ်ရင် ပြဿနာတွေအားလုံးရှင်းပြီးသား ဖြစ်သွားမှာပဲ ထင်ခဲ့တယ်"





"မော်လေအီဒင်နဲ့ ခင်ဗျားစကားပြောချင်ရင် သွားပြောနိုင်တာပဲ၊ သူနဲ့စကားမပြောရဘူးလို့ ဘယ်ဥပဒေကမှ မတားထားပါဘူး"

"အို ခင်ဗျားတို့နှစ်ယောက်လုံး အလကားလူတွေပဲ"

ကာဆင်က ပြောပြောဆိုဆို တံခါးဆီသို့ ထလျှောက်သွားသည်။

"ခင်ဗျားတို့လည်း ကိုယ့်လမ်းကိုယ်သွား ကျုပ်လည်း ကိုယ့်လမ်း ကိုယ် သွားမယ်"

ကာဆင်က တံခါးဘုကို ဆွဲလှည့်၍ ဖွင့်လိုက်သည်။

"ကောင်းသော နံနက်ပါ မစ္စတာကာဆင်"ဟု မေဆင်က အသံ ကျယ်ကျယ်ဖြင့် လှမ်းအော်နှုတ်ဆက်လိုက်သည်။ လမ်းတွင် စောင့်ကြည့် နေမည်ဖြစ်သော ပေါလ်ဒရိတ်ကြားအောင် အသံပေးလိုက်ခြင်းဖြစ်သည်။

"ကောင်းသောနံနက်ပါ မစ္စတာမေဆင်"ဟု ကာဆင်ကလည်း ပြန် အော်သည်။

"ခင်ဗျားနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကျုပ်ကြိုးစားခဲ့တယ်၊ ဒါပေမယ့် အလုပ်မဖြစ်ဘူး၊ ဒီတော့ ခင်ဗျားကျုပ်ကို နောက်ထပ်တွေ့ချင်ရင် ကြိုးစား ပြီးသာ ရှာပေတော့"

ကာဆင်က သူ၏ တုတ်ခိုင်သော ပခုံးများဖြင့် တံခါးကို ဆောင့် တွန်း ပိတ်ခဲ့ပြီး စကြီလမ်းတစ်လျှောက် ခြေသံပြင်းပြင်းဖြင့် လျှောက်ထွက် သွားသည်။ ယောကျ်ားအိမ်သာခန်း အဝင်နားတွင် မယောင်မလည် ရပ် နေသော ပေါလ်ဒရိတ်က ကာဆင်ကို မှတ်မိအောင် လှမ်းကြည့်ယိုက် သည်။

"အတော် ကိန်းကြီးခန်းကြီးနိုင်တဲ့လူပဲနော်၊ ဗီဗီယန်ကလည်း အစက အဲဒါကို အထင်ကြီးပြီး ယူခဲ့သလားမသိဘူး"ဟု ဒယ်လာက မှတ်ချက် ချသည်။

မေဆင်က...

"သူမှာလည်း အထင်ကြီးစရာတွေ ရှိမှာပေါ့ကွယ်၊ ဒါပေမယ့် သူက



www.burmeseclassic.com

www.burmeseclassic.com



အခေါ်ခံစီးသူလွန်းလို့ လူတွေက သူ့ကို မနှစ်သက်ကြတဲ့အခါ သူကပြန်ပြီး ငြိုးတက်ချလာတာဖြစ်လိမ့်မယ်"

ထိုအချိန်တွင် အခန်းတံခါးမှ လူခေါ်ခေါင်းလောင်းသံ ကြားရ၍ ဒယ်လာက

"လက်နှိပ်စက်ဌာနက အချက်ပေးတာပဲဆရာ၊ ကာဘဆင်ကို အီဒင်က တရားစွဲတဲ့လျှောက်လဲချက် လက်နှိပ်စက်ရိုက်ပြီးသွားပြီထင်တယ်"

"အေးကွယ်၊ အီဒင်လာရင် လက်မှတ်တွေ အပြည့်အစုံ ထိုးခိုင်းလိုက်ပါ၊ ဆရာအပြင်ထွက်ပြီး စနည်းနာလိုက်ဦးမယ်"

"ဘာလုပ်မလို့လဲ ဆရာ"

"တစ်မီးပြီးတစ်မီး အပိုင်းခံနေရတဲ့ မိန်းမတယောက်ရဲ့ သဘောထား ဘယ်လိုရှိမလဲသိချင်လို့"

"နာဒင်းပါးမားနဲ့ သွားတွေ့မလို့လား"

မေဆင်က ခေါင်းညိတ်ပြသည်၊

"နာဒင်းပါမားက ဆရာ့ကို လိုလားမှာမဟုတ်ဘူးထင်တယ် ဆရာ"

"အေး လိုလားမှာတော့ မဟုတ်ဘူး၊ ဒါပေမယ့် အနည်းဆုံးတော့ အခြေအနေတွေကို သူ့ကို ဆရာပြောပြနိုင်ပါလိမ့်မယ်"

မေဆင်က နာရီကို ကြည့်လိုက်ပြီး

"ကာဆင်ကို အီဒင်က လိမ်လည်မှုနဲ့ တရားစွဲတဲ့အကြောင်း ချက်ချင်း ဟိုးလေးတကျော်ဖြစ်သွားလိမ့်မယ်၊ မစ္စတာအီဒင်ကို ပြောပါ၊ သူ့အိမ်မှာ နေ့လယ် ၁ နာရီ သတင်းစာရှင်းလင်းပွဲ လုပ်မယ်၊ဓာတ်ပုံဆရာတွေ ကြိုက်သလို ဓာတ်ပုံရိုက်နိုင်ပါတယ်လို့ သတင်းထောက်တွေကို ပြောခိုင်းပါ၊ အီဒင်ရဲ့ အိမ်ကို နေ့လယ် ၁ နာရီ မထိုးခင် ဆရာအရောက်လာခဲ့မယ်၊ ဆရာလာတဲ့အထိ စောင့်ဖို့လည်း ပြောပါ၊ အိမ်ရှေ့တံခါးသော့ပိတ်ထားပြီး ဆရာ မရောက်မချင်း ဘယ်သူ့ကို မှ အိမ်ထဲအဝင်မခံဖို့ အီဒင်ကို ပြောပါ"

ဒယ်လာက မေဆင်၏ မှာကြားချက်များကို မှတ်စုစာအုပ်တွင်





သိုတ်မှတ်ပြီး မော်ကြည့်၍ ခေါင်းညိတ်ပြသည်။

"ကောင်းပါပြီ၊ အီဒင်ရဲ့နစ်နာမှုလျှောက်လွှာမှာ တရားလိုရဲ့ ရှေ့နေအဖြစ် ဆရာလက်မှတ်ထိုးသွားမယ်၊ အီဒင်လက်မှတ်ထိုးပြီး အတည်ပြုပြီးချင်း တရားရုံးကို ချက်ချင်းပို့လိုက်ပေတော့"

ဒယ်လာက

"ဟုတ်ကဲ့ဆရာ စိတ်ချပြီးသာသွားပါ၊ ဆရာ မှာစရာတွေ မှာပြီးရင် ကျွန်မက ဆရာ့ရဲ့ အတွင်းရေးမှူးအနေနဲ့ တင်ပြစရာကလေးရှိပါတယ်"

"ဆိုစမ်းပါဦး ဘာများလဲကွယ့်"

"ဆရာ့ဆံပင်တွေ ရှည်နေပြီ၊ ဆံပင်ညှပ်ဖို့ လိုမယ်၊ အီဒင်ရဲ့အိမ်မှာ နေ့လယ်ကျရင် သတင်းစာရှင်းလင်းပွဲ လုပ်မယ်မဟုတ်လား၊ ပြီးတော့လည်း အခုဆိုရင် ဆရာဟာ နာဒင်းပါးမားဆိုတဲ့ ချောချောလှလှ တစ်ခုလပ်မလေးဆီသွားဦးမှာ မဟုတ်လား၊ ဒီတော့ ဆံပင်တွေဘာတွေ ညှပ်ပြီးမှ ဆိုရင်..."

"တော်ပါပြီ ဒယ်လာ၊ ဆက်ပြောစရာမလိုတော့ပါဘူး ဆရာ အခုပဲ ဆံပင်သွားညှပ်ပါ့မယ်၊ လက်သည်း ခြေသည်းတွေလည်း ညှပ်သွားဦးမှ"

"လက်သည်းခြေသည်း ညှပ်ဖို့ ကျွန်မ မပြောပါဘူးဆရာရယ်"

"ဆရာသိပါတယ်၊ ဒါက ဆရာ့ကိုယ်ပိုင်စိတ်ကူးပါ"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အမျိုးသမီးက တံခါးကို လက်မဝက်ခန့်သာ ဖွင့်ပေးသည်။ မေဆင်က တံခါးအဟကြားမှ လှမ်းကြည့်ရာ အရပ်အတော်ရှည်ပြီး ကျက်သရေရှိရှိ လှပသော အမျိုးသမီးကို တွေ့ရသည်။ သူမက ကိုယ်ရုံ အဝတ်စတစ်ခုကို ရင်ဘတ်ဆီ၌ တင်းကျပ်စွာ ဖိကပ်ထားသည်။

"ဘာကိစ္စရှိလို့လဲ"ဟု သူမက မေဆင်အား စူးစမ်းသလို ကြည့်ပြီး မေးသည်။

"ကျုပ် ရှေ့နေ ပယ်ရီမေဆင်ပါ ကိစ္စက..."

"အို ဟုတ်လား၊ ဒါကြောင့် ရှင့်ကို ကျွန်မမြင်ဖူးသလိုထင်မိတာကိုး တွေ့ရတာ ဝမ်းသာလိုက်တာ မစ္စတာမေဆင်၊ ကျွန်မ တံခါးဖွင့်မပေးနိုင်တာ အားနာပါတယ်ရှင်၊ ခုပဲ ကျွန်မရေချိုးပြီးထွက်လာလို့ပါ"

သူမက ပြောပြောဆိုဆို ခေတ္တမျှ ဆိုင်းငံ့နေပြီးနောက် တံခါးကို အနည်းငယ်တွန်းပြီး လက်ကမ်းပေး၍ နှုတ်ဆက်သည်။

"ခဏလောက် အထဲဝင်ပါရစေလား"





မေဆင်က မေတ္တာရပ်ခံလိုက်သည်။

"ကျွန်မအဝတ်အစား မလဲရသေးတော့ အဲလေ...လာပါရှင်၊ ကျွန်မ အဝတ်လဲနေတုန်း ခဏစောင့်ပါ"

"ကျေးဇူးတင်ပါတယ်၊ ကိစ္စက အရေးကြီးလို့ပါ၊ နို့မို့ရင် ခင်ဗျားကို အနှောင့်အယှက်မပေးပါဘူး"

မေဆင်က ဖွင့်ပေးသောတံခါးမှ ဝင်လိုက်ရာ အတန်ငယ်ကျဉ်းသော်လည်း လှပစွာ မွမ်းမံထားသော တိုက်ခန်းတွင်းသို့ ရောက်သွားသည်။ သူမက စာကြည့်စားပွဲငယ်ဘေးမှ ကုလားထိုင်တစ်ခုတွင် မေဆင်အား ထိုင်ခိုင်းပြီး

"ဘာကိစ္စများပါလိမ့်ရှင်၊ ကျွန်မ ဒုက္ခတွေအများကြီး တွေ့ခဲ့ရပြီးပါပြီ၊ နောက်ထပ်လည်း ဒုက္ခတွေ့စရာတွေ ရှိသေးတယ်ထင်ပါရဲ့ ကိုင်း... ကျွန်မ အဝတ်လဲလိုက်ပါရစေဦး"

"ရပါတယ်၊ အချိန်သိပ်မရှိပေမယ့် ကျုပ်စောင့်နေပါ့မယ် ကျုပ်အခု အထင်းစာရှင်းလင်းပွဲ တစ်ခုကို သွားစရာရှိတယ်၊ ကျုပ်က မော်လေအီဒင်နဲ့ ရှေ့နေအဖြစ် ဆောင်ရွက်နေပါတယ်၊ မော်လေအင်ဒီကို ခင်ဗျား ဆီချင်မှ သိမယ်၊ သူက လော်ရင်းကာဆင်ဆီက ပစ္စည်းတချို့ ဝယ်ခဲ့တဲ့ သူပဲ ပြီးတော့..."

ကာဆင်နာမည်ကို ကြားလိုက်ရသည်နှင့် သူမ၏မျက်လုံးများ ဝင်းလက်ဖြစ်သွားပြီး နှုတ်ခမ်းတင်းတင်းစေ့သွားသည်။ အိပ်ခန်းဆီသို့အသွား တံခါးထက်ဝက်တွင် ရပ်လိုက်ပြီး မေဆင်အား ချာခနဲလှည့်ကြည့်သည်။

"ဒီမယ်ရှင့်၊ လော်ရင်းကာဆင်နဲ့ ရှင်ဘယ်လို သက်ဆိုင်သလဲ"

"အင်း ပြောရရင်တော့ လောလောဆယ်မှာ ကျုပ်ဟာ လော်ရင်း ကာဆင်ကို တရားစွဲဖို့ကိစ္စရှိနေတယ်၊ ကာဆင်က ကျုပ်အမှုသည်ကို လိမ်လည်ခဲ့တဲ့အတွက် ဒေါ်လာသုံးသိန်းခွဲ နစ်နာခဲ့လို့ နစ်နာမှုရဲ့ သုံးဆ လျော်ကြေးတောင်းဖို့ရယ် နောက်နောင်အလားတူဖြစ်မှုမျိုး မကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



အောင် နမူနာပြအဖြစ် နစ်နာကြေးတောင်းဖို့ရယ် အစီအစဉ်ရှိတယ်"

"လုပ်စမ်းပါရှင်၊ သူ့မှာ ခြူးတစ်ပြားမှ မကျန်အောင် လုပ်စမ်းပါ"

မေဆင်ကပြုံး၍…

"ခင်ဗျားက သူနဲ့ အဆင်မပြေဘူးထင်တယ်"

"ဟိုရှင် အဲဒီလူယုတ်မာဟာ ကျွန်မကို မျက်နှာမဖော်ဝံ့အောင် အရှက်ခွဲခဲ့တဲ့လူပဲ"

"ကျုပ်နားလည်ထားတာကတော့ သူတို့ နောက်ယောင်ခံ လိုက်တာ လူမှားသွားတယ်ဆိုပဲ"

"ဘယ်ကလူမှားရမှာလဲရှင့်၊ သူ့မိန်းမကို နာမည်ပျက်အောင် တမင် လုပ်ခဲ့တာပဲ၊ ကျွန်မက ကြားထဲက မားစာခံဖြစ်ရတာ"

"ခင်ဗျားနာမည်ကို တပ်ပြီး စွပ်စွဲခဲ့သလား"

"ဟုတ်တယ်လေ၊ ကာဆင်က သူ့မိန်းမဟာ နာဒင်းပါးမားဆိုတဲ့ နာမည်သုံးပြီး နော်ဘတ်ဂျင်းနင်းဆိုတဲ့ လူတစ်ယောက်နဲ့ တိတ်တိတ်ပုန်း ဖောက်ပြန်နေပါရယ်လို့ စွပ်စွဲခဲ့တာပဲ၊ ဒါပေမယ့် သူ့မိန်းမက ပိုင်ပိုင် နိုင်နိုင် ပြန်ရှင်းတဲ့အခါကျတော့မှ သူ့အလွတ်စုံထောက်က လူမှားပြီး လိုက် စုံစမ်းမိခဲ့လို့ပါ။ ဘာဘာညာညာနဲ့ လျှောချသွားတာ၊ တကယ်က ကာဆင် ဟာ သူ့စုံထောက်ကို စပြီး လူပြကတည်းက ကျွန်မကို လက်ညှိုး ထိုး ပြခဲ့တာရှင့်၊ သူ့မိန်းမကို နာမည်ဖျက်ရပြီးရောဆိုပြီး ယုတ်ယုတ်မာမာ လုပ်ခဲ့တာပါရှင်၊ အဲဒီမှာ ကျွန်မက ကြားက ခုတုံးဖြစ်ခဲ့ရတာပဲ"

မေဆင်က တရုဏာသက်စွာ ခေါင်းညိတ်ပြသည်။ နာဒင်းပါးမားက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး

"မထူးတော့ပါဘူးရှင်၊ ရှင်လည်း ရှေ့နေကြီး တစ်ယောက်ဆိုတော့ မိန်းမတွေကို ရေချိုးပြီးခါစ ခြုံထည်နဲ့ပဲနေတုန်း တွေ့ဖူးမြင်ဖူးမှာပါ။ ရှင့်မှာလည်း အချိန်သိပ်မရှိ ကျွန်မမှာလည်း အချိန်သိပ်မရှိလေတော့ ခုလိုပဲ စကားဆက်ပြောကြတာပေါ့"





ထိုနောက် နာဒင်းတွ သူမ၏အကြောင်းကို မေဆင်အား အတိုချုံး၍ ပြောပြသည်။ ဟာဗေးပါးမားဆိုသူနှင့် အိမ်ထောင်ကျခဲ့ပုံ သဘောချင်း မတိုက်ဆိုင်သဖြင့် ငါးနှစ်အကြာတွင် ကွာရှင်းခဲ့ပုံ ထိုအချိန်တွင် လူလွတ် တစ်ဦးဖြစ်သော နော်ဘတ်ဂျင်းနင်းနှင့်တွေ့ဆုံပြီး တွဲခဲ့ကြပုံစသည်များကို ပြောပြသည်။

"ဂျင်းနင်းဟာ ကျွန်မကို လက်ထပ်ဖို့ခွင့်တောင်းလာမှာပဲလို့ ကျွန်မ ယုံကြည်ခဲ့တယ်၊ အဲဒီအချိန်မှာ ကာဆင်ဆိုတဲ့လူယုတ်မာကြောင့် ခုလို တိုးလေးတကျော် အရှက်တွဲခဲ့ရတာပဲ"

"အခု ဂျင်းနင်းက လက်ထပ်ဖို့ မပြောတော့ဘူးလား"

"အို ဘယ့်နှယ်မပြောဘဲ နေမှာလဲ၊ ကျွန်မဆီ တစ်နေ့နှစ်ကြိမ် သုံး ကြိမ် ဖုန်းဆက်ပြီး လက်ထပ်ဖို့ချည်းပြောနေတာပဲ ၊ ကျွန်မက ငြင်းနေရ တယ်၊ သူအခုလို လက်ထပ်ဖို့ လှမ်းပြောနေတာဟာ ကျွန်မကို သိက္ခာ ဆယ်တဲ့ သဘောမျိုး ဖြစ်နေတာကိုး"

နာဒင်းပါးမားက ခေါင်းကို နောက်သို့လှန်ပြီး သက်ပြင်းရှူထုတ်၍

"အခု ကျွန်မပြောချင်တာတွေပြောရလို့ ကျေနပ်သွားပါပြီရှင်၊ ရှင်လာရင်းကိစ္စသာ ပြောပါတော့"

"ကောင်းပါပြီဗျာ၊ ကျုပ်လာတဲ့ကိစ္စကတော့ ခင်ဗျားကို ပွဲထုတ်စရာ တလေးတစ်ခုရှိလို့ပါပဲ"

"ဘယ်လိုရှင့်"

"ဒီလိုပါ၊ ကျုပ်ဟာ ကျုပ်ရဲ့အမှုသည် မော်လေအီဒင်အတွက် လော်ရင်းကာဆင်အပေါ် တရားစွဲမယ်ဆိုတာ သိပြီနော် ခုအချိန်လောက် ဆို အမှုတွဲတောင် ရုံးကိုတင်ပြီးလောက်ပြီ၊ ခင်ဗျားကတော့ ကာဆင်နဲ့ အီဒင် အိမ်မြေအရောင်းအဝယ်ကိစ္စကို သိမသိ မပြောတတ်ဘူး"

သူမက ခေါင်းယမ်းပြသည်။

"ကောင်းပါပြီ၊ ကျုပ်ရှင်းပြမယ်၊ မြေကွက်နှစ်ကွက် ကန့်သတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ တစ်ကွက်ကို မစွက်ကာဆင်ခေါ် ဗီဗီယန်က ပိုင်တယ်။ ကျန်တဲ့ တစ်ကွက်ကို ကာဆင်နဲ့ ဗီဗီယန် နှစ်ယောက်တွဲ ပိုင်တယ်။ တရားရုံးက အဲဒီမြေကွက်ကို ကာဆင်ပိုင်ဆိုင်ခွင့်အဖြစ် ဆုံးဖြတ်ခဲ့တယ်။ မြေကွက်နှစ်ခု စလုံးပေါ်မှာ ဆောက်ထားတဲ့အိမ်ကို ကျုပ်ရဲ့အမှုသည် အီဒင်က ဝယ်မိ လေတော့ ဗီဗီယန်ပိုင်တဲ့ မြေကွက်ပေါ် ရောက်နေတဲ့ အခြမ်းကို မသက် ဆိုင်သလိုဖြစ်နေရတယ်"

မဆောင်က ခေတ္တနားပြီး ဆက်ပြောသည်၊

"ကျုပ်ရဲ့ အမှုသည်နစ်နာရုံတွင်မက ကာဆင်ရဲ့ စွပ်စွဲချက်ကြောင့် ခင်ဗျား သူ့မိန်းမ ဗီဗီယန်ပါ အကြီးအကျယ် သိက္ခာကျခဲ့ကြတယ် မဟုတ် လား"

"ဗီဗီယန်အတွက် ကျွန်မစိတ်မကောင်းပါဘူးရှင် "

နာဗင်းကပြောသည်။

"တရားသူကြီး ဂွတ်ဒွင်းကလည်း စိတ်မကောင်းရှာဘူးဗျ"

"ဒါပေမယ့် တရားသူကြီးက ဘာလုပ်နိုင်မလဲ၊ ကာဆင်ဆိုတဲ့လူက သူဟာ စီးပွားပျက်နေပါတယ်လို့ သတင်းလွှင့်ထားတယ် မဟုတ်လား"

"တရားသူကြီးတစ်ယောက်ကို လျှော့တွက်ရင် မှားလိမ့်မယ်၊ ဒီလို လုပ်လို့ ဘယ်ရမလဲ"

"ကာဆင်က တရားသူကြီးဂွတ်ဒွင်းကို လျှော့တွက်ခဲ့တယ်လို့ ဆို ချင်တာလား"

"ကျုပ်ကတော့ အဲသလို ထင်တာပဲ"

"ဘာတွေဖြစ်နေသလဲရှင် ကျွန်မ သိခွင့်ရှိရင် သိချင်ပါတယ်"

"အဲဒီအတွက် ခင်ဗျားဆီကို လာခဲ့တာပဲ ခင်ဗျားသိသင့်တယ်လို့ လည်း ထင်တယ်လေ။ တရားသူကြီးက အမျိုးသမီးတစ်ယောက်ဟာ မဟုတ်မမှန် အစွပ်အစွဲခံရလို့ နာမည်တစ်ကြိမ်ပျက်ပြီးရင် နာမည်ကို ပြန်အဖတ်ဆည်ဖို့ အတော်ခဲယဉ်းတယ်လို့ ယူဆနေတယ်"





"ကျွန်မတို့ကိစ္စ ထပ်ပြီးပေါ်လာစရာ ရှိသေးလို့လားရှင်"

"သတင်းစာတွေဆိုတာက စာဖတ်ပရိသတ် စိတ်ဝင်စားတဲ့ သတင်း မျိုးတွေကို အသားပေးတတ်ကြတယ် မဟုတ်လား။ ဥပမာ - အမျိုးသမီး တစ်ယောက်ကို ပြင်ပတစ်နေရာရာမှာ အမျိုးသားတစ်ယောက်နဲ့ တိတ် တိတ်ပုန်း ခုတ်လမ်းခင်းနေတုန်း လက်ပူးလက်ကျပ် ဖမ်းမိတယ် ဆိုတဲ့ သတင်းမျိုးဆိုရင် ပရိသတ် အကြိုက်ပဲ မဟုတ်လား အဲ. . . နောက်တော့ မှ သတင်းအမှား ဖြစ်နေတယ်ဆိုရင် သတင်းစာတွေက အသားမပေး ချင်ကြတော့ဘူး"

"ကျွန်မကိစ္စကို ပြောနေတာလားရှင်"

"ခင်ဗျားတိစ္စ မပါဘူး တရားသူကြီးက ဗီဗီယန်အတွက် စဉ်းစား နေတာ၊ ဗီဗီယန်ဟာ ကာဆင်စွပ်စွဲသလို မဟုတ်တဲ့အကြောင်း ကာဆင်က မတရားစွပ်စွဲခဲ့တာ ဖြစ်တဲ့အကြောင်းကို တရားသူကြီးက လူသိရှင်ကြား ဖြစ်စေချင်တယ်၊ ဒါကြောင့် ကျုပ်အမှုသည် အီဒင်က ကာဆင်ကို တရား စွဲလာအောင် ဟိုအိမ်ကို နှစ်ခြမ်းပိုင်းနိုင်းတဲ့ အမိန့်ထုတ်ပြီး အကျပ်ကိုင် ခဲ့တာပဲ၊ တရားသူကြီးဂွတ်ဒွင်းဟာ အတော့ကို ဉာဏ်သွားပေမယ့် သူ စဉ်းစားတဲ့အထဲမှာ တစ်ခုကျန်သွားတယ်"

"အဲဒါ ဘာပါလိမ့်ရှင်"

"ခင်ဗျားအပေါ် ထိခိုက်လာမယ့်ကိစ္စပဲ"

ကျွန်မကို ထိခိုက်စရာ ဆိုတာက ဘာပါလိမ့်"

"ဒီလိုလေ...ဗီဗီယန်ဟာတခြားယောကျ်ားတစ်ယောက်နဲ့ မေတ္တာ ဖြားနေတယ် ဆိုပြီး ကာဆင်က စုံထောက်ငှား စုံစမ်းခိုင်းတယ်။ စုံထောက် ကို လူမှတ်မိအောင်ပြတဲ့အခါ ကာဆင်က ဗီဗီယန်ကို ပြပေမယ့်စုံထောက် က ခင်ဗျားပဲလို့ထင်ပြီး နောက်ယောင်ခံလိုက်ခဲ့တယ်၊ သတင်းစာတွေက ဒီကိစ္စကို ဟာသသတင်းအနေနဲ့ ပုံကြီးချဲ့ရေးကြတယ် မဟုတ်လား"

"အိုရှင် သူတို့တမင်သက်သက် အကွက်ဆင်ပြီးလုပ်ခဲ့တာပေါ့ လူပြ

www.burmeseclassic.com



ထိုတည်းက တာဆင်က ကျွန်မကို ပြခဲ့တာပဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ ခုတစ်ခါ သတင်းစာတွေထဲမှာ အဲဒီဇာတ်လမ်းတွေ ပြန်ပါဖို့ ဇာတ်တိုက်ထားပြီးသား ဖြစ်နေပြီထင်တယ်"

နာဒင်းက တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ မေဆင်၏စကားကို စဉ်းစားမိဟန်ဖြင့် ငြိမ်သွားသည်။ ပြီးမှ-

"ကျွန်မတို့ တည်းခိုခန်းမှာ ချိန်းတွေ့ကြတဲ့အကြောင်းကို သတင်းစာထဲ ပြန်ထည့်ကြဦးမှာလားရှင်"

"သေချာတာပေါ့"

"ဘုရား ဘုရား"

သူမက ညည်းတွားလိုက်သည်။

မေဆင်က

"ဒါကြောင့် ခင်ဗျားအနေနဲ့ ကြိုတင်ပြီး အစီအစဉ်တွေလုပ်ဖို့ လိုလိမ့်မယ် ထင်တယ်၊ သတင်းထောက်တွေနဲ့ ခင်ဗျား တွေ့နိုင်မယ်ဆိုရင်တော့ စာနဲ့ အသင့်ရေးပြီးသား ကြေညာချက်တခုကို ပေးလိုက်ရုံပဲ။ ဒါဆိုရင် သူတို့ မဟုတ်တမ်းတရား ရေးချင်ရာရေးလို့ မရတော့ဘူး။ နို့မဟုတ်ရင် တော့ သူတို့လိုရာ ဆွဲရေးကြတော့မှာပဲ"

နာဒင်းက ခေတ္တမျှ ဆိုင်းငံ့နေပြီးနောက်

"သတင်းထောက်တွေနဲ့ တွေ့ဖို့ဆိုတာက ဘယ်တော့လဲ"

"နောက်တစ်နာရီလောက်မှာပဲ"

သူမက ထိုင်ရာမှထလိုက်ပြီး

"ကျွန်မ ဘာလုပ်ရင်ကောင်းမလဲရှင် အကြံပေးပါဦး"

မေဆင်က ခဏမျှစဉ်းစားလျက် ခေါင်းခါပြပြီး

"ကျုပ်ဟာ ခင်ဗျားကို အကြံပေးနိုင်တဲ့ အနေအထားမှာ မရှိဘူး ခင်ဗျားက ကျုပ်ရဲ့အမှုသည်လည်း မဟုတ်ဘူး၊ ကျုပ်အနေနဲ့ ဒီအမှုမှာ အမှုသည်တစ်ယောက် ရှိနှင့်ပြီး ဖြစ်နေပြီ။ ခင်ဗျားကို မိတ်ဆွေတစ်ယောက်





လို သဘောထားပြီး ပြောနိုင်တာပဲ ရှိတယ်"

"ကောင်းပါပြီလေ၊ ရှင်က မိတ်ဆွေတစ်ယောက်အနေနဲ့ တိုက်တွန်းတာကို ကျွန်မ သဘောကျပါတယ်။ ဒါပေမယ့် ကျွန်မဘာမှ မရှင်းတော့ဘူးရှင်၊ ခဏလေးစောင့်ပါနော်၊ ရှင်နဲ့ပဲ အတူလိုက်ခဲ့မယ်၊ မြို့ထဲကို ကားနဲ့ မောင်းပို့ပေးနိုင်မယ် မဟုတ်လား"

သူမက ပြောပြောဆိုဆို အိပ်ခန်းဆီသို့ လျှောက်သွားပြီး တံခါးကို ဖွင့်ဝင်လိုက်သည်။

တံခါးပြန်မပိတ်မီ သမင်လည်ပြန်လှည့်၍

"ကျွန်မ အဝတ်လဲပြီး ပစ္စည်းကလေး ဘာလေးထည့်တာ ခဏ စောင့်ပါနော်"ဟု ပြောသည်။

မေဆင်က လက်ပတ်နာရီကို ကြည့်ကာ မျက်မှောင်ကြုတ်၍ စဉ်းစားနေရာမှ အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။ ဘူးထဲတွင် စီးကရက် တုန်နေသည်ကို တွေ့ရသည်။

နောက်ထပ် တစ်မိနစ်ခန့် စောင့်နေပြီးနောက် မေဆင်က ပိတ်ထားသော တံခါးဘက်သို့ လှည့်၍

"စီးကရက်မရှိဘူးလားဗျာ၊ မစ္စက်ပါးမား"ဟု မေးလိုက်သည်။

အခန်းထဲမှ ပြန်ပြောသည်။

"ကျွန်မလက်ကိုင်အိတ်ထဲမှာ ရှိတယ်၊ အိတ်က စားပွဲပေါ်မှာ..."

မေဆင်က စားပွဲပေါ်မှ လက်ကိုင်အိတ်ကို ကြည့်လိုက်ရာ ပွင့်နေသည်ကို တွေ့ရသည်။ အထဲတွင် စီကရက်ဘူးတွေ့၍ တစ်လိပ်ထုတ်ယူပြီး ဓာတ်မီးခြစ်ခြစ်၍ မီးညှိသည်၊ သို့ရာတွင် စီးကရက်ကို မီးမကူး၍ ကြည့်လိုက်ရာ ရေငွေ့များပြန်နေပြီး တွန့်လိမ်နေသည်ကို တွေ့ရသည်၊ ထိုစဉ် အိပ်ခန်းတံခါး ရုတ်တရက်ပွင့်လာပြီး ပါးလွှာသော အဝတ်အစား ကပိုကရို ဖြင့် နာဒင်းပါးမား ထွက်လာသည်။

"စီးကရက်တွေ့ရဲ့လား" ဟု မေးကာ သူမက စားပွဲပေါ်မှ လက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို ဆွဲလှ၍ အထဲသို့လက်နှိုက်ပြီး ရှာသည်။ ထိုနောက် စီးကရက်ဘူး ထုတ်လိုက်ပြီး မဆောင်ထံ ကမ်းပေးသည်။

မဆောင်က နေရာရွှေ့ထိုင်ရာ သူမက ရယ်လျက်

"ကျွန်မက အဝတ်အစားလဲမလို့ လုပ်တုန်းရှိသေးတယ်၊ ရှင့်ကို စည့်ဝတ်ကျေပွန်အောင် စီးကရက်လာပေးတာပါ၊ ကဲ. . . ရော့"ဟု ပြောသည်။

မဆောင်က ဘူးထဲမှ စီးကရက်တစ်လိပ်ထုတ်ယူပြီး ပထမစီးကရက်ကို ကုတ်အင်္ကျီအိတ်ထဲသို့ မသိမသာထည့်လိုက်ရင်း

"ကျေးဇူးတင်ပါတယ်"ဟု ပြောလိုက်သည်။

"ကျွန်မ ခုလိုပုံနဲ့ ထွက်လာတုန်း ရှင်မျက်စိမှိတ်ထားရင် ကောင်းမယ်၊ ကိုင်း...မကြာတော့ပါဘူးရှင်၊ ခဏလေးစောင့်ပါဦး"ဟု ဆိုကာ အဝတ်များကို ဖုံးဖုံးဖိဖိလုပ်၍ အိပ်ခန်းတွင်း ပြန်ဝင်သွားသည်။

မဆောင်က စီးကရက် အသစ်ကို မီးညှိရာ ကောင်းစွာမီးစွဲသည်ကို တွေ့ရသည်။ စားပွဲပေါ်ရှိအိတ်ထဲမှ စီးကရက်ဘူးကို ကြည့်သောအခါ ပထမစီးကရက်ထုတ်ယူသောဘူးနှင့် တစ်မျိုးတစ်စားတည်းဖြစ်နေသည်။ ဘူးအသစ်ထဲမှ စီးကရက်များမှာ အားလုံးခြောက်ခြောက်သွေ့သွေ့ ရှိသည် ဖြစ်ပေရာဖြင့် မဆောင်သည် သူ့အင်္ကျီအိတ်ထဲမှ စီးကရက်ကို ထုတ်ပြီး လက်မနှင့် လက်ညိုးဖြင့် ညှစ်ကြည့်ရာ ရေများစိုနေသည်မှာ သေချာကြောင်း တွေ့ရသည်။ ထိုဆေးလိပ်ကို အင်္ကျီအိတ်ထဲ ပြန်ထည့်ပြီး ဆိတ်ငြိမ်စွာ ထိုင်လျက် စီးကရက်ဖွာရင်း စဉ်းစားနေသည်။

စီးကရက် တုန်ခါနီးတွင် အိပ်ခန်းတံခါးပွင့်လာပြီး နာဒင်းပါးမားသည် သပ်ရပ်သောဝတ်စုံကို အကျအန ဝတ်ဆင်လျက် ထွက်လာသည်။ ခရီးဆောင်လက်ဆွဲသေတ္တာတစ်လုံးနှင့် အဝတ်သေတ္တာငယ်တစ်လုံးကို အခန်းဝတွင်တွေ့ရသည်။

"အဝတ်သေတ္တာကိုတော့ တစ်ဆိတ်ကူဆွဲပေးပါရှင်၊ ရှင့်မှာ ကားပါ





တယ် မဟုတ်လား"

"ပါ ပါတယ်"

"ဘတ်စ်ကားဂိတ်အထိ ပို့ပေးပါနော်"

"ရပါတယ်"

"ရှင် ဘယ်လမ်းကသွားမှာလဲ"

"ကျုပ်ရဲ့အမှုသည် အီဝင်ဆီကို သွားမှာ၊ ကာဆင်ရဲ့အိမ်ကို ဝယ်ခဲ့တယ်ဆိုတဲ့လူလေ"

"ရှင်အခုအဲဒီကို တန်းပြီးသွားမှာလား"

သူမက စိတ်ပျက်သွားဟန်ဖြင့် မေးသည်။

"ဟုတ်တယ်"

"ပထမဆုံးတွေ့တဲ့ ဘတ်စ်ကားဂိတ်မှာ ကျွန်မ ဆင်းပါ့မယ်"

"တက္ကစီကို ဖုန်းဆက်ပြီး ခေါ်ရင်ရသားပဲ၊ ဒီကပဲခေါ်ပါလား"

"ကျွန်မ ဒီက ရှင်နဲ့အတူတူ ထွက်ချင်လို့ပါ ဒါမှ နောက်ယောင်ခံ အလိုက် မခံရမှာ၊ တော်ကြာ သတင်းထောက်တွေက စိတ်အနှောင့်အယှက် ဖြစ်စရာမေးခွန်းတွေ လိုက်မေးနေမှာစိုးတယ်"

"ကျုပ်နားလည်ပါပြီ၊ ဒါထက် ခင်ဗျားတို့ ချိန်းတွေ့ခဲ့ကြတုန်းက နော်ဘတ်ဖျင်းနှင်းနဲ့ ဇနီးဆိုပြီး တည်းခိုခန်းမှာ စာရင်းမပေးဘူးမဟုတ်လား။ ခင်ဗျားနာမည်ရင်းပဲ ပေးခဲ့တယ်ဆို"

"ဟုတ်ပါတယ်ရှင်၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ချိန်းတွေ့တာဟာ ချိန်းတွေ့တာပဲပေါ့။ ကျွန်မဟာ သူငယ်နှစ်စားကလေးလည်း မဟုတ်တော့ပါဘူး။ အရွယ်ရောက်ပြီးတဲ့မိန်းမတစ်ယောက်ပေါ့ ဒါပေမယ့် လူတွေက တစ်ခုလပ်တစ်လင်ကွာ ဆိုရင်ပဲ တစ်မျိုး သဘောထားတတ်ကြတယ် ကျွန်မလည်း တစ်ခုလပ်တစ်ယောက်မဟုတ်လားရှင် ကိုင်း. . . ကျွန်မတို့ သွားကြရအောင်လား"

မဆောင်က နာဒင်း၏ အဝတ်သေတ္တာကို ဆွဲပြီး တက်စီတားဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ ထွက်လာခဲ့သည်။ အဆောက်အအုံမှ ထွက်လာခဲ့ပြီး မေဆင်၏ ကားဆီသို့ အရောက်တွင် နာဒင်းသည် ဘေးဘီသို့ အရေးတကြီး လှည့်ကြည့်ပြီး ကားထဲသို့ ဝင်ထိုင်လိုက်သည်။

နေသားတကျ ထိုင်မိပြီးနောက် သူမက နှစ်ခြိုက်စွာ ပြုံးလျက် "ကျေးဇူးတင်တယ် မစ္စတာမေဆင် ရှင်. . . ကျွန်မကို အများကြီး ကူညီပေးတာပဲ၊ အခုအချိန်မှာ ရှင်သိတာထက် အများကြီး ပိုပြီးကူညီလိုက်တာလို့ပဲ ပြောပါရစေရှင်"

"ရပါတယ် မစ္စက်ပါးမား တရားသူကြီးဝွတ်ဒွင်းတ ဗီဗီယန် အကျိုးအတွက်ပဲ စဉ်းစားခဲ့ပေမယ့် ခင်ဗျားဟာလည်း ဗီဗီယန်လိုပဲ အပြစ်မရှိဘဲ ကြားက မြေဇာပင် ဖြစ်ရတယ်ဆိုတာ ကျုပ်နားလည်ထားတယ်လေ"

"ဒါတော့ ဒါပေါ့လေ ဒါပေမယ့် ကျွန်မကလည်း နော်ဘတ်ဂျင်းနင်းနဲ့ အဆက်ဖြစ်ပြီး ချိန်းချိန်းတွေ့ခဲ့မိတာ အမှန်ပဲကိုး။ သီတင်းပတ်အဆုံးနေ့တွေမှာ ဂျင်းနင်းနဲ့ ကျွန်မ ခဏခဏ အပျော်ခရီးထွက်ခဲ့ကြတယ်"

"ဘယ်တွေကို သွားခဲ့သလဲ"

"နေရာတွေကတော့ အစုံပဲရှင်၊ နောက်ကြောင်း အလိုက်ကောင်းတဲ့ သတင်းထောက်တွေရေးတဲ့ သတင်းတွေကို သတင်းစာထဲမှာ ရှင်ဖတ်မိရင် တွေ့မှာပါ။ ဟို ကာဆင်ငှားခဲ့တဲ့ စုံထောက်ကလည်း ကျွန်မနောက်က တကောက်ကောက် လိုက်ခဲ့သေးတယ် မဟုတ်လား။ ကျွန်မကလည်း အမှုမဲ့အမှတ်မဲ့ နေတတ်လွန်းပါတယ်ရှင်၊ အင်းလေ... နောက်က စုံထောက်တစ်ယောက်လိုက်နေပြီး ကျွန်မလုပ်သမျှ ကိုင်သမျှ မှတ်စုတွေရေး မှတ်တမ်းတင်နေလိမ့်မယ်လို့ ဘယ်လိုမျှော်လင့်ပါ့မလဲ"

"အရှက်တကွဲ ဖြစ်စရာတွေရှိခဲ့လို့လား"

"ပြောချင်လည်း ပြောနိုင်တာပေါ့ရှင်၊ လပ်စ်ဗေးဂတ်စ်မြို့မှာ ညတခွဲ ကြည့်ပြီး ဂျင်းနင်းက ကျွန်မကို အခန်းအထိလိုက်ပို့တယ် ။ အခန်းထဲမှာ ကျွန်မတို့ အရက်နည်းနည်း သောက်ပြီး စကားထိုင် ပြောခဲ့ကြတယ်၊





မနက်လင်းအားကြီး ၂ နာရီခွဲလောက်ရှိနေပြီ။ ပြီးတော့ ဂျင်းနင်း ပြန်သွားတယ်။ အဲဒီအချိန်တစ်လျှောက်လုံးမှာ ဟိုစုံထောက်က အောက်ကစောင့်နေပြီး အချိန်ကိုမှတ် သူလိုရာ ကောက်ချက်ဆွဲ မှတ်တမ်းတင်တော့မှာပေါ့ရှင် "

မေဆင်က ကားစက်နှိုးပြီး ညင်သာစွာ မောင်းထွက်လာသည်။

"ဒါထက် လပ်စ်ဗေးဂတ်စ်မှာ ချည်ကြိုးမိန်းကလေးတစ်ယောက် ကို သိသလား။ သူ့နာမည်က ဂျင်နီဗီးဟိုက်တဲ့"

"ဘာဖြစ်လို့လဲ"

"အဲဒီမိန်းကလေးဟာ လော်ရင်းကာဆင်ရဲ့ အဆက်လို့ ဆိုတာပဲ၊ အဲဒါမှန်ရင် ဒီမိန်းကလေးဟာ အမှုနဲ့ပတ်သက်ပြီး အရေးကြီးတယ်ဆိုတာ ခင်ဗျားနားလည်မှာပေါ့။ သူ့ကို ခင်ဗျားသိသလား၊ လူကိုရော တွေ့ဖူးသလား"

နာဒင်းက မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။ ခဏကြာမှ

"ကျွန်မ မသိဘူးထင်တယ်၊ ချည်ကြိုးမိန်းကလေးတွေတော့ အများကြီး တွေ့ရတာပဲ။ သူတို့နာမည်တွေဘာတွေ မေးမနေပဲ စကားပြောခဲ့တာတွေလည်းရှိတယ်။ လပ်စ်ဗေးဂတ်စ်ကိုတော့ ကျွန်မ မကြာမကြာ ရောက်တယ်"

"ဂျင်းနင်းနဲ့ အတူတူလား"

"သူနဲ့အတော်များများ သွားဖူးတာပဲ၊ ကျွန်မက လပ်စ်ဗေးဂတ်စ်မြို့ကို အတော်သဘောကျတယ်၊ စိတ်လှုပ်ရှားရတာကို ပျော်တယ် ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်မက လောင်းကစား ဝါသနာပါတယ်ရှင့်"

"ခင်ဗျားအဲဒီကို သွားတော့ တစ်ယောက်တည်းကော သွားတတ်သလား"

"ဟင့်အင်း... ဘယ်တော့မှ တစ်ယောက်တည်းတော့ မသွားဘူး။ နော်ဘတ်ဂျင်းနင်းလို အဖော်တွေနဲ့ပဲသွားတယ်၊ လောင်းကစားတဲ့အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ လခစားမိန်းကလေးတစ်ယောက်အတွက် စရိတ်ကြီးလွန်းပါတယ်ရှင်၊ အဖော်ယောက်ျားရဲ့ အကူအညီနဲ့မှ ကစားလို့ ဖြစ်တာပါ”

“ခင်ဗျားယောက်ျားနဲ့ ကွာရှင်းကြတော့ မယားစရိတ် ရသေးသလား”

“ဟိုရှင် မတောင်းပါဘူး၊ မယားစရိတ်လည်း မလိုချင်ပါဘူး”

“ဝါဖြင့် မေးပါရစေနော် ခင်ဗျားခုလိုနေနိုင်ထိုင်နိုင်အောင် ဘယ်လိုများ ရှာဖွေ…”

မေဆင်၏ စကားမဆုံးမီ နာဒင်းက ကမန်းကတန်း လှမ်းပြောသည်။

“ဟောဟိုမှာ တက္ကစီတစ်စီးတွေ့ပြီ၊ ကျွန်မ ဘတ်စ်ကားနဲ့ မသွားတော့ဘူး။ တက္ကစီနဲ့ပဲ သွားတော့မယ်၊ ဗဲဗီနားမှာ ရပ်ပါရှင်”

ပြောပြောဆိုဆို သူမက ကားမှန်တံခါးကိုဖွင့်ချပြီး “တက္ကစီ တက္ကစီ” ဟု လှမ်းခေါ်သည်။

မေဆင်က တက္ကစီကားရပ်ထားသော နေရာအနီးသို့ ကားကိုဘေးကပ်၍ ရပ်ပေးလိုက်သည်။ တက္ကစီ ယာဉ်မောင်းက ခေါင်းညိတ်ပြပြီး ကားတံခါးကို ဖွင့်ပေးကာ မေဆင်၏ကားထဲမှ နာဒင်း၏ အထုပ်အပိုးများကို သယ်ယူသွားသည်။

“ကျေးဇူးအများကြီး တင်ပါတယ် မစ္စတာ မေဆင်”ဟု နာဒင်း နှုတ်ဆက်ပြီး ပြောင်ချော်ချော် အမူအရာဖြင့် အနမ်းတစ်ချက်ပေးကာ တက္ကစီကားဆီသို့ လှည့်ထွက်သွားသည်။ ထိုစဉ် မေဆင်၏ ကားနောက်မှ အခြားကားတစ်စီးက ဟွန်းပေး၍ မေဆင်က သူ့ကားကို မောင်းထွက်လာခဲ့သည်။

* * *



## အခန်း (၆)

ပယ်ရီမေဆင်သည် ‘ပြသနာအိမ်ကြီး’ ရှေ့သို့ အရောက်တွင် အီဒင်၏အခြမ်းဘက်သို့သွားသော လမ်းမှကားကို မောင်းဝင်လာခဲ့သည်။ အီဒင်၏ အခြမ်းရှေ့တွင် မော်တော်ကား ခြောက်စီးခန့် ရပ်ထားသည်ကို သတိထားမိသည်။ မေဆင် ကားအရပ်လိုက်တွင် တင်မရာနှင့် လျှပ်တစ်ပြက်မီးခွက် လွယ်ထားသော သတင်းထောက်တစ်ယောက် သူ့ကားဆီသို့ အပြေးကလေး ရောက်လာသည်။ ထိုသူပြေးသွားသည်ကို မြင်၍ အခြားဓာတ်ပုံ သတင်းထောက်များပါ လိုက်လာကြရာ ခဏအကြာတွင် မေဆင်၏ ကားဘေး၌ သတင်းထောက်များ ဝိုင်းနေကြတော့သည်။

မေဆင်က ကားတံခါးဖွင့်ပြီး အဆင်းတွင် သတင်းထောက်တစ်ယောက်က

“ဘာသဘောလဲဗျ ကျုပ်တို့ ဒီကိုရောက်နေတာ ၁၅ မိနစ်ရှိပြီ၊ တိုင်နိုက ခင်ဗျား မလာမချင်း အိမ်ထဲ မဝင်ပါနဲ့ဦးလို့ တားနေတယ်”

“ခင်ဗျားတို့ကို စောင့်ခိုင်းတဲ့အတွက် ဝမ်းနည်းပါတယ်ဗျာ” ဟု



www.burmeseclassic.com

မေဆင်က ပြောလိုက်သည်။

"သတင်းစာဆိုတာက အချိန်ကို စောင့်နေတာ မဟုတ်ဘူးဗျ၊ ဒါပေမယ့် သတင်းအယ်ဒီတာက ခင်ဗျားနဲ့ အင်တာဗျူးလုပ်ပြီး မေးစရာတွေ မေးခဲ့ဖို့ မှာလိုက်လို့သာ၊ ကိုင်း...လာဗျာ အချိန်မရှိဘူး အိမ်ထဲ ဝင်ပြီး ကြည့်ရအောင်၊ ဘယ်လိုဟာတွေမှန်း မသိပေါင်ဗျာ"

"ခင်ဗျားတို့ ဟိုဘက်အခြမ်းကနေ အိမ်ထဲဝင်ဖို့ကော ကြိုးစားကြည့်သေးလား"

မေဆင်ကမေးသည်။

"တံခါးခေါင်းလောင်း သွားနှိပ်သေးတယ်၊ ဘယ်သူမှ မရှိဘူး ထင်တယ် တံခါးလည်း သော့ခတ်ထားတယ်။ အပြင်ဘက်က မြင်ကွင်းတွေကို တော့ ဓာတ်ပုံရိုက်ပြီးပါပြီ။ အဲဒီဘက်အခြမ်းမှာနေတဲ့ မစ္စက်ကာဆင်က တိုယ်ဟန်ပြမယ်ဆို၊ အီဒင်က မစ္စက်ကာဆင်ဟာ အိမ်အပြင်မှာလည်း ရေကူးဝတ်စုံနဲ့ ဟန်ရေးပြနေတတ်တယ်လို့ ပြောထားတယ်"

အိမ်တံခါးဝ၌ ရပ်နေသော အီဒင်က ဝင်ပြောသည်။

"အဲသလိုစကားမျိုး ကျုပ်လုံးဝမပြောခဲ့ပါဘူး။ မစ္စက်ကာဆင် ဟန်ရေး ပြတယ်လို့လည်း မပြောခဲ့ဘူး ရေကူးဝတ်စုံနဲ့ ရေကူးကန်ဘေးမှာ နေစာလှုံနေတာ တစ်ကြိမ်တွေ့ဖူးတယ်လို့ပဲ ပြောတာပါ"

"မထူးပါဘူးလေ အဓိပ္ပာယ်က အတူတူပါပဲ"ဟု သတင်းထောက်က ပြောသည်။

"လာဗျာ၊ ခင်ဗျားဆီမှာ တံခါးသော့ရှိတယ်မဟုတ်လား ဖွင့်ပြီး ဝင်ကြရအောင်"

အခြားသတင်းထောက်တစ်ယောက်က

"ကျုပ်တို့သတင်းအယ်ဒီတာက ပယ်ရီမေဆင်နဲ့ အင်တာဗျူးသတင်းကို လိုချင်နေတယ်၊ ဒီတော့ ဒီနှစ်ခြမ်းကွဲအိမ်ကြီးကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျား ဘယ်လောက်ပြောပြနိုင်မလဲ မစ္စတာမေဆင်"ဟု ဝင်ပြောသည်။





မေဆင်က...

"အမှုနဲ့ ပတ်သက်ပြီး အကျဉ်းချုပ်ကို ကျွန်တော်ပြောပြပါ့မယ်၊ ဒါပေမယ့် ကျွန်တော့် ဓာတ်ပုံတွေ ဘာတွေတော့ ထည့်မနေပါနဲ့ဗျာ၊ ရှေ့နေတစ်ယောက်အနေနဲ့ သတင်းစာနဲ့ ပေါင်းပြီးကြော်ငြာသလို ဖြစ်နေမှာ စိုးတယ် ပြီးတော့လည်း..."

"ဟာဗျာ... ကိစ္စမရှိပါဘူး၊ ကျုပ်ရဲ့ အယ်ဒီတာက ဓာတ်ပုံတွေပါ အသုံးချင်တာ အိမ်အနေအထား ဓာတ်ပုံတွေတော့ ရိုက်ပြီးပါပြီ အိုင်း...ရှင်းပြမယ်ဆိုတာကိုသာ ပြောပါဗျာ"

ထို့ကြောင့် မေဆင်က လော်ရင်းကာဆင် ကလိမ်ကျမှုကြောင့် ပြဿနာများ ဖြစ်ပုံနှင့် ကာဆင်ကို အီဒင်က တရားစွဲထားပုံများကို ရှင်းလင်းပြလိုက်သည်။

"ဒီတော့ ခင်ဗျားက အီဒင်ရဲ့ ရှေ့နေအနေနဲ့ ကာဆင်ကို လိမ်လည်မှုနဲ့ တရားစွဲပြီပေါ့ဟုတ်လား"ဟု သတင်းထောက်က မေးသည်။

"ဟုတ်တယ်၊ ကျုပ်အမှုသည် အမှန်တကယ် နစ်နာရတဲ့အတွက် နစ်နာကြေးရဖို့ရယ်၊ လိမ်လည်မှုအတွက် ပြစ်ဒဏ်စီရင်ဖို့ရယ် နမူနာပြငွေဒဏ်ပေးဖို့ရယ် တောင်းဆိုထားတယ်"

"ကာဆင်က သူ့မိန်းမဟာ ဖောက်ပြန်နေတဲ့အတွက် သူ့ဘက်က အနိုင်ရှိတဲ့အကြောင်း အီဒင်ကို ပြောခဲ့တယ်ဆို၊ ကာဆင်က စုံထောက်တစ်ယောက်ငှားပြီး သူ့မိန်းမနောက်ကို လိုက်ချောင်းခိုင်းတယ်။ သူ့မိန်းမဟာ တခြားယောက်ျားတစ်ယောက်နဲ့ ဖောက်လွဲဖောက်ပြန် ဖြစ်နေတယ်ပြီး စွပ်စွဲခဲ့တဲ့ ကိစ္စကတော့ ဘယ်လိုလဲ"

"အဲဒါကတော့ ဒီလိုရှိတယ်ဗျာ၊ အီဒင်ကို ကာဆင်က ဘယ်လိုပြောခဲ့တယ်ဆိုတာ အီဒင်ကို မေးကြည့်ချင်မေးကြည့်၊ ဒါမှမဟုတ် တရားခွင်မှာ ကာဆင်ကို စစ်ဆေးတဲ့အခါ သိရမှာပဲ။ ကာဆင်က စွပ်စွဲခဲ့တဲ့ကိစ္စနဲ့ ပတ်သက်လို့တော့ ကျွန်တော်ခုအချိန်မှာ မပြောချင်သေးဘူး၊ တရားခွင်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကျမှ ပြောပါရစေတော့"

"ခင်ဗျားတို့ရှေ့နေတွေမှာ ရှေ့နေကျင့်ဝတ်တွေ ရှိသလို သတင်းစာတွေတလည်း သတင်းကို ဦးဦးဖျားဖျား ဖော်ပြနိုင်ဖို့ တာဝန်ရှိတယ်ဗျာ၊ အဲဒါ အတော်ခွကျတဲ့အနေအထားပဲ။ ဒီတော့ ခင်ဗျားက ကျုပ်တို့ သိချင်တာ မပြောရင် ကျုပ်တို့က ကျုပ်တို့ကြားထားတာတွေကို ရေးရတော့မှာပဲ၊ တကယ်လို့ အဖြစ်မှန်တွေကို ခင်ဗျားကပြောပြလိုက်ရင် ကျုပ်တို့ မှန်မှန်ကန်ကန် ရေးနိုင်မယ်၊ ဒီလိုမှမဟုတ်ရင် တခြားလူက ပြောတာကို ရေးရလိမ့်မယ်၊ ဒါထက် ဟိုဘက်ခြမ်းက မစ္စက်ကာဆင် ဘယ်တော့ ပြန်လာမယ်ထင်သလဲ"

မေဆင်က ခေါင်းခါပြပြီး...

"သူ အပြင်သွားနေတယ်ဆိုတာတောင်ကျွန်တော်မသိဘူး"ဟု ပြောသည်။

"ပရိသတ်သည်းခြေကြိုက်မယ့် ဓာတ်ပုံမျိုးတွေ ကျုပ်တို့ လိုချင်တယ်ဗျာ။ ဥပမာ-မစ္စက်ကာဆင်က ဘီနီကီ ရေကူးဝတ်စုံကလေးနဲ့ သံဆူးကြိုး ဟိုဘက်ခြမ်းမှာရှိနေတုန်း မော်လေအီဒင်က ဒီဘက်ခြမ်းက လှမ်းခြင်နေရပုံ၊ အဲဒါမျိုးသာရရင်တော့ ဝက်ဝက်ကွဲပေါ့ဗျာ၊ ပြီးတော့ အီဒင်ကို အမျိုးသမီးက တစ်နေ့က မနက်စာစားမှာ ကော်ဖီတစ်ခွက် ကမ်းပေးသတဲ့။ အမျိုးသမီးကို ကော်ဖီခွက်ကိုင်ပြီး သံဆူးကြိုးကြားက လှမ်းပေးနေပုံ ဓာတ်ပုံအရိုက်ခံခိုင်းလို့ ရချင်မှ ရမှာဗျ"

"မစ္စက်ကာဆင် အကြောင်း ကျွန်တော်ပြောစရာ ဘာမှမရှိပါဘူး" ဟု မေဆင်က ပြန်ပြောသည်။

"ခင်ဗျားရဲ့ အမှုသည်ကတော့ ပြောစရာ ရှိမှာပေါ့"ဟု သတင်းထောက်ကမေးရာ မေဆင်က အီဒင်ကို တစ်ချက်လှမ်းကြည့်ပြီး

"ကျွန်တော့်အမှုသည်ကတော့ ပြောစရာ ရှိကောင်းရှိပါလိမ့်မယ်"

"ဓာတ်လမ်းက ပရိသတ်အတော်ကြိုက်မယ့်ဟာမျိုးဗျ... ဒီတော့





ကျွန်တော်တို့ အထဲဝင်ပြီး အနေအထားတွေ ကြည့်ချင်တယ် ဖြစ်မလား" ဟုသတင်းထောက်တစ်ယောက်က ဝင်ပြောသည်။

"ဘယ့်နှယ့်ဗျာ၊ ဒါသူ့အိမ်ပဲ။ သူ့ငွေနဲ့ ဆောက်ခဲ့တာ၊ ဟိုဘက်ခြမ်းဆို ဝင်တဲ့ သော့တွေ သူ့မှာမရှိဘူးလား"

"သော့တွေတော့ရှိတာပေါ့လေ ဒါပေမယ့် တရားရုံးက တားမြစ်မိန့်ကြီး ရှိနေတယ်ဗျ၊ ဟိုဘက်ခြမ်းကို ခြေတစ်လှမ်းတောင် ချလို့မရဘူး ခြေတွင်မကဘူး ဟိုဘက်ခြမ်းကပိုင်ရှင်ရဲ့ ခွင့်ပြုချက်မရဘဲ သံဆူးကြိုးကြားနေ သူ့လက်တစ်ဖက်တောင် ထည့်လို့မရဘူး"

"ဟာ တော်တော်ဆိုးပါလား၊ ကျုပ်ရဲ့ အယ်ဒီတာကတော့ ဟိုဘက်ခြမ်းက အမျိုးသမီးပြန်ရောက်လာတဲ့အချိန်အထိ စောင့်ခိုင်းပြီး ဓာတ်ပုံရိုက်ခိုင်းတော့မှာ သေချာနေပြီ "ဟု သတင်းထောက်တစ်ယောက်က ပြောသည်။

ထို့နောက် အီဒင်ဘက်သို့ လှည့်၍"မစ္စက်ကာဆင် ဘယ်သွားသလဲဆိုတာ ခင်ဗျားကော မသိဘူးလား၊ သူအပြင်သွားတာ ခင်ဗျားမြင်လိုက်သလား"

"မသိဘူးဗျာ၊ ကျွန်တော်လည်း ခင်ဗျားတို့နဲ့ ရှေ့ဆင့်နောက်ဆင့်ဒီကို ရောက်လာတာပဲ ကျွန်တော့်နောက်က ခင်ဗျားတို့ကားမောင်းပြီး သိုက်ဝင်လာကြတာမဟုတ်လား"

"ဒါဖြင့် ခင်ဗျားကိုယ်တိုင်လည်း အိမ်ထဲမရောက်သေးဘူးပေါ့ ဟုတ်လား"

မေဆင်က အီဒင်ကိုမေးလိုက်သည်။

အီဒင်က ခေါင်းခါပြပြီး

"ဟုတ်တယ်၊ ဆရာ့အတွင်းရေးမှူး မစ္စစထရိက အိမ်တံခါးကို ဆရာရောက်မချင်း မဖွင့်နဲ့လို့ မှာလိုက်ပါတယ်၊ ကျွန်တော်ကလည်း တံခါးသာဖွင့်ဝင်ရင် သတင်းထောက်တွေက နောက်က ဖွတ်ဝင်လိုက်ကြမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်လို့ လုံးဝမဖွင့်ဘူး၊ သူတို့က သတင်းဓာတ်လမ်း လိုချင်လို့ အရေးတကြီး ဖြစ်နေကြတယ်လေ”

“အရေးတကြီး မလုပ်ရင် ကျုပ်တို့အတွက် သတင်းဘယ်ရမလဲဗျ ကဲပါလေ… အထဲဝင်ကြရအောင်၊ ပြီးတော့ အိမ်နောက်ဖေး ရေကူးကန်ကို သွားမယ်၊ ခင်ဗျားက ရေကူးဝတ်စုံ ဝတ်ပြီး ဒိုင်ဗင်စင်ပေါ်က ဒိုင်ဗင်ထိုးချမယ့် ဟန်ပြင်နေပုံ၊ ဒါပေမယ့် ကန်အလယ်တည့်တည့် သံဆူးကြိုးအောက်ကနေ တစ်ဖက်ကိုလွန်ပြီး ရေပေါ် သွားပေါ်မှာ စိုးလို့ ဒိုင်ဗင်မထိုးရဲဘဲ ဖြစ်နေပုံ အဲသလိုဓာတ်ပုံမျိုးတွေ လိုချင်တယ်ဗျာ ဒါထက်… မစ္စက်ကာဆင် ဘယ်သွားသလဲ ခင်ဗျားသိသလား”

သတင်းထောက်တစ်ယောက်က အီဒင်ကို ဆက်မေးသည်၊

အီဒင်က ခေါင်းခါပြီး သူ၏အိတ်ထဲမှ သော့တွဲတစ်ခုကို ထုတ်ယူကာ ရှေ့တံခါးကိုဖွင့်သည်၊

“ဟိုဘက်ခြမ်းနဲ့ ကူးတဲ့ ဘေးတံခါးသော့လည်း ကျွန်တော့်ဆီမှာ ရှိတယ်၊ ဒါပေမယ့် မကူးသန်းရဆိုတဲ့ တားမြစ်မိန့်ထွက်ကတည်းက တစ်ခါမှ မဖွင့်သေးဘူး၊ ဟိုအမျိုးသမီးက သော့တွေပြောင်းထားသလားတောင် မသိပါဘူး၊ ကျွန်တော်ခရီးထွက်နေတုန်း အိမ်ထဲကို သူတို့ ဝင်တော့ သော့ပြင်ဆရာတစ်ယောက်ခေါ်ပြီး သော့ဖျက်ဝင်တယ်လို့ သိထားတယ် ဒီတော့ သော့အိမ်တွေလည်း ပြောင်းထားချင်ပြောင်းထားမှာပဲ”

အီဒင်ဖွင့်ပေးသောတံခါးမှ သတင်းထောက်များနှင့် ဓာတ်ပုံသတင်းထောက်များ စုပြုံဝင်ရောက်ကြပြီး ဧည့်ကြိုခန်းထဲ၌ လှည့်ပတ်ကြည့်ကြသည်၊ ထို့နောက် သတင်းထောက်တစ်ယောက်က

“ရေကူးကန်ဆီကို ဘယ်တသွားရသလဲ” ဟု မေးရာ အီဒင်က လမ်းကို ညွှန်ပြသည်၊

သတင်းထောက်များသည် ဧည့်ကြိုခန်းမှတစ်ဆင့် ဧည့်ခန်းကျယ်ဆီသို့ ခပ်သုတ်သုတ် ဝင်ရောက်သွားကြသည်၊ သို့ရာတွင် ရှေ့မှဝင်သွား





သူအချို့က ရုတ်တရက် နောက်သို့ ခြေလှမ်းပြန်ရုပ်လိုက်ကြ၍ အားလုံး တုံ့သွားကြသည်၊

“ဟော့ ဒါက ဘာလဲ”

သတင်းထောက်တစ်ယောက်က အော်လိုက်သည်၊

“လူတစ်ယောက် လဲနေတယ်ဗျို့”

အီဒင်က အထိတ်တလန့် ပြန်ပြောသည်၊

“လဲနေရုံမဟုတ်ဘူး၊ ဟောဒီမှာ သွေးတွက်တွေဝါ တွေ့ရတယ်၊ ခင်ဗျားတို့အားလုံး နောက်ဆုတ်နေရင် ကောင်းမယ်”

မေဆင်တပြောနေစဉ်မှာပင် သတင်းထောက်များ အတင်းရှေ့တိုးလာကြသည်၊ လျှပ်တစ်ပြက် မီးခွက်များ တလက်လက် မိုးမွှန်သွားတော့သည်၊ မေဆင်က ရှေ့နားတိုးပြီး လဲနေသူ၏ ပုံဝန်းသဏ္ဌာန်ကို အသေအချာ ကြည့်သည်၊

ထို့နောက် တယ်လီဖုန်းရှိမည့်နေရာကို လှည့်ရှာရာ ခန်းမထဲတွင် တယ်လီဖုန်းတစ်လုံး တွေ့ရသည်၊ မေဆင်သည် ရဲဌာနချုပ်သို့ တယ်လီဖုန်း လှမ်းဆက်ပြီး လူသတ်မှုစုံစမ်းရေးဌာနသို့ ခေါ်လိုက်သည်၊

“လူသတ်မှုစုံစမ်းရေးဌာနကလား ရဲအုပ်ကြီး ထရက်နဲ့ စကားပြောချင်ပါတယ်၊ သူရှိလား”

“ခု ပြောနေတာဘယ်သူလဲ ”

“ပယ်ရီမေဆင်ပါ”

“ဒီနားမှာတော့ ခုနက တွေ့လိုက်တာပဲ ခဏကိုင်ထားပါ၊ အဲ… တွေ့ပြီ ခေါ်ပေးမယ်နော်”

မေဆင်က ဖုန်းလက်ခံသော ရဲ၏အသံကို ကြားနေရသည်၊

“ရဲအုပ်ကြီးထရက် ပယ်ရီမေဆင်က စကားပြောချင်လို့တဲ့”

ခဏအကြာတွင် ထရက်၏ ခြောက်တပ်တပ်အသံကို ဖုန်းထဲမှ ကြားရသည်၊



www.burmeseclassic.com

www.burmeseclassic.com



"တိုင်း...ဆိုစမ်းပါဦးပယ်ရီ၊ ဘာကိစ္စလဲ ၊ အလောင်းတစ်လောင်း တွေ့ဖြန့်ပြီ ဆိုတာမျိုးတော့ မပြောနဲ့ဗျာ"

"ကျုပ်တွေ့တာ မဟုတ်ပါဘူးဗျာ၊ သတင်းထောက်တွေက တွေ့တာပါ၊ သူတို့ကတော့ အခုဓာတ်ပုံတွေ တဖြန်းဖြန်း ရိုက်နေကြလေရဲ့"

"ဘယ်နေရာမှာလဲ၊ ဘာအလောင်းလဲ၊ ဘယ်က သတင်းထောက်တွေလဲ၊ အခုခင်ဗျား ဘယ်ကပြောနေတာလဲ"

ထရက်က ကြွပ်ဆတ်ဆတ်ပြန်မေးသည်။

"အလောင်းတွေ့တဲ့နေရာက မော်လေအီဒင်ကို လော်ရင်းကာဆင်က ရောင်းလိုက်တဲ့အိမ်မှာဗျ၊ မော်လေအီဒင်က အခုဒီမှာ ရှိနေတယ်၊ အသတ်ခံရတယ်လို့ ထင်ရတဲ့ လူကတော့ လော်ရင်းကာဆင်ဗျာ၊ ဒီနေရာကို လာဖို့က နည်းနည်းခက်တယ်။ ဒါပေမယ့် ကျုပ်ရဲ့အတွင်းရေးမှူး ဒယ်လ်ာစထရိဆီမှာ လာလမ်းပြမြေပုံတစ်ခုရှိတယ်၊ အဲဒီအတိုင်းလာရင် ရောက်မှာပဲ"

"ကျုပ်တို့ဆီမှာလည်း မြေပုံတွေ ရှိပါတယ်ဗျ။ လမ်းနာမည်နဲ့ အိမ်နံပါတ်သာပြောပါ။ နံပါတ်မရှိရင် လမ်းနာမည်နဲ့ အိမ်ပုံစံပြောပြဗျာ။ ဟို သတင်းထောက်တွေကိုလည်း အလောင်းနားက မောင်းထုတ်ထားစမ်းပါ"

"သတင်းထောက်တွေကို သတင်းရှိတဲ့နေရာက မောင်းထုတ်ဖို့ လွယ်မယ်ထင်သလားထရက်။ မီးရှိတဲ့နေရာကို ပိုးဖလံတွေ မလာဖို့ မောင်းသလို ဖြစ်နေမှာပေါ့။ ကဲ...ခဏကိုင်ထား။ မော်လေအီဒင်ကို ခေါ်ပေးမယ် ဒီနေရာကို ဘယ်လိုလာရတယ်ဆိုတာ ခင်ဗျားကို သူပြောပြလိမ့်မယ်"

မဆင်က အီဒင်ကို ခေါင်းညိတ်ပြပြီး လှမ်းခေါ်ကာ

"အီဒင်...အခုတယ်လီဖုန်းနဲ့ စကားပြောနေတာ လူသတ်မှု စုံစမ်းရေးဌာနက ရဲအုပ်ကြီးထရက်ပဲ။ သဲလွန်စတွေ ပျောက်ပျက်မကုန်ခင် သူတို့ မြန်မြန်ရောက်လာစေချင်တယ်၊ ဒီတော့ ဒီကို ဘယ်လိုလာရတယ် ဆိုတာ ပြောပြလိုက်ပါ"





မေဆင်က တယ်လီဖုန်းကို အီဒင်လက်သို့ ပေးပြီး အလောင်း တွေ့သော ဧည့်ခန်းဘက်သို့ အမြန်ပြန်လာခဲ့သည်၊ အလောင်းဘေးတွင် သတင်းထောက်တစ်ယောက် ဒူးထောက်ထိုင်နေသည်ကို တွေ့ရသည်။

"ဟေ့...ဟောဒီ စိန်လက်ကြယ်သီးကို ကြည့်စမ်း။ ဗီဝနဲ့ ဘာလုပ်ထားသလဲတွေ့လား။ စိန်တွေပေါ်မှာ ဆေးအမည်းလိုဟာမျိုး သုတ်ထားတယ်။ ဒါကြောင့် အရောင်မတောက်တာ၊ ဒါပေမယ့် ဆေးကွာနေတဲ့ နေရာတွေမှာ တလက်လက်ဖြစ်နေတယ်မဟုတ်လား။ အောက်ကဟာ စိန်တွေပဲကွ။ ဟော... သူ့ရှပ်အင်္ကျီလက်မောင်းတွေလည်း ရေတွေစိုလို့ ပါလား"ဟု ထိုသတင်းထောက်က အော်ကြီးဟစ်ကျယ် ပြောနေသည်။

မေဆင်က အနားသို့သွား၍-

"ရဲအဖွဲ့က ဒီကိုလာနေပြီဗျာ၊ သက်သေခံ အထောက်အထားတွေ ခြေရာလက်ရာ မပျက်ပါစေနဲ့လို့ ပြောတယ်"

"သူတို့တာတော့ ပြောမှာပဲပေါ့ဗျာ၊ ကျုပ်တို့ သတင်းစာတွေတလည်း သတင်းလိုချင်တာပဲဗျ၊ သတင်းဖြစ်မယ့်အချက်အလက်ကို ရှာရမှာပဲ၊ အခု ကျုပ်တို့သိလာရတာက ဒီငနဲဟာ လော်ရင်းကာဆင် ဖြစ်တယ်၊ သူဟာ သံဆူးကြိုး ဟိုဘက်ခြမ်းမှာနေတဲ့ ဗီဗီယန်ကာဆင် ခေါ် မစ္စတ်ကာဆင်ရဲ့ ကွာရှင်းထားတဲ့ ခင်ပွန်းဟောင်း ဖြစ်တယ်။ ခင်ဗျားရဲ့ အမှုသည် မော်လေအီဒင်ကို မြေကွက်ရောင်း၊ မြေကွက်ပေါ် အိမ်ဆောက်ပြီး ရောင်းခဲ့တာလည်း သူပဲ မဟုတ်လား"

"ဟုတ်ပါတယ်"ဟု မေဆင်က ပြန်ဖြေသည်။

"သူက ဒီကို ဘာလာလုပ်တာလဲ"

"ဒါတော့ ကျွန်တော်ဘယ်သိမလဲ၊ ရှပ်အင်္ကျီလက်တွေက ရေ တော်တော် စိုနေသလား"

မေဆင်က ပြန်မေးသည်။

"အင်း... ရှပ်အင်္ကျီလက်တွေက ရေစိုနေတယ်၊ ဒါပေမယ့် အပေါ်



www.burmeseclassic.com

www.burmeseclassic.com



အာ တုတ်အင်္ကျီလက်တွေကတော့ ရေမစိုဘူးဗျ"

"သူဘယ်လိုသေသလဲ ကြည့်လိုက်သေးသလား၊ သွေးတွေတော့ တွေ့တယ်၊ သေနတ်ဒဏ်ရာလား ဒါမှမဟုတ်. . ."

"ဟောဒီဘက်က ကြည့်လေဗျာ၊ ဒါဆို သူဘယ်လိုသေသလဲ တွေ့လိမ့်မယ်၊ သစ်သားဓားရိုးနဲ့ သားလှီးဓားတစ်ချောင်း သူ့ကျောမှာ စိုက်နေတယ်လေ၊ ဓားသွားအဆုံးဝင်ပြီး ဓားရိုးပဲ အပြင်မှာကျန်နေတယ်"

"ရှပ်အင်္ကျီလက်နှစ်ဖက်စလုံး ရေစိုနေသလား"

မေဆောင်က ထပ်မေးသည်။

"ရှပ်အင်္ကျီလက်နှစ်ဖက်စလုံးပဲ၊ ဒါပေမယ့် ကုတ်အင်္ကျီလက်တွေတော့ ရေမစိုဘူး"

"ရှပ်အင်္ကျီလက် ဘယ်နားအထိ ရောက်အောင် ရေစိုနေသလဲ"

"လက်မောင်း တံတောင်ဆစ်အထိဗျ၊ ကျုပ်က ကွတ်အင်္ကျီတော့ ချွတ်မကြည့်ပါဘူးဗျာ၊ အလောင်းအနေအထား ပျက်သွားမှာစိုးလို့၊ ဒါပေမယ့် ရှပ်အင်္ကျီလက်အနားတွေနဲ့ လက်မောင်းတွေ ရေစိုနေတာ စမ်းကြည့်လို့ ရတယ်"

ထိုအချိန်တွင် ဝိုင်းအုံနေကြသော သတင်းထောက်များအနက် တစ်ယောက်က သုတ်ခနဲခွာပြီး ညှော်ကြိုခန်းမရှိ တယ်လီဖုန်းသို့ ပြေးသွားသည်။ ထိုအခါတွင်မှ အားလုံးအရေးတကြီး ထကြပြီး မော်လေအိဇင်ကို "တယ်လီဖုန်းနောက်ထပ် ဘယ်နေရာမှာရှိသေးသလဲ" ဟု မေးကြသည်။ အိပ်ခန်းထဲတွင် တယ်လီဖုန်းတစ်လုံး ရှိသေးကြောင်း အိဇင်ကပြောရာ သတင်းထောက်တစ်ယောက်က ခြေမြန်လက်မြန်ဖြင့် အိဇင်ကို ဆွဲခေါ်သွားသည်။

"ဟေး...မက်...မင်းတစ်ယောက်တည်းတော့ မောင်ပိုင်မစီးနဲ့နော်၊ မင်းအရင်ပြောတာတော့ပြောပေါ့၊ ဒါပေမယ့် ငါတို့ ပြောဖို့အလှည့်လည်း ပေးဦးကွာ"





သတင်းထောက်တစ်ယောက်က လှမ်းအော်သည်။

"ငါ ပေးစရာရှိတဲ့သတင်းပေးလို့ ပြီးအောင်တော့ ပြောရမှာပဲကွ ရှုပ်မနေနဲ့"

"ဒီနေရာနဲ့အနီးဆုံး ဘယ်မှာ တယ်လီဖုန်းရှိမလဲဗျ"

သတင်းထောက်တစ်ယောက်က မေဆောင်ကို လာမေးသည်။

မေဆောင်က ခေါင်းယမ်းပြပြီး

"ဒီအနားမှာတော့ မရှိဘူး၊ ဒီအိမ်လာတဲ့လမ်းခွဲကိုချိုးတဲ့ လမ်းမကြီးပေါ်မှာတော့ ဓာတ်ဆီဆိုင် တစ်ဆိုင်ရှိတယ်၊ အဲဒီကိုပဲ သွားပြောပေတော့"

မေဆောင်၏ စကားအဆုံးတွင် သတင်းထောက်များ သူ့ထက်ငါ ဦးအောင် ထွက်သွားကြ၍ မိနစ်အနည်းငယ်မျှအတွင်း အခန်းထဲ၌ မေဆောင်တစ်ယောက်တည်း ကျန်နေခဲ့သည်။ သူ၏အနီးတွင် ကားရားကြီး လဲကျနေသော ကာဆင်၏ အလောင်းသာ ရှိသည်။ မေဆောင်က အလောင်းကို ငုံ့ကြည့်လေ့လာပြီးနောက် အခန်းတွင်း၌ စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုနေသည်။

အလောင်းနှင့် တပ်လျက် သံဆူးကြိုးတန်းအောက် တည့်တည့်တွင် အရောင်တလက်လက် အရာတစ်ခုကိုတွေ့၍ ခါးကိုင်းပြီး ကြည့်ရှုရာ ရေစက်ကလေးနှစ်ခုကို တွေ့မြင်ရသည်။ ရေစက်တစ်ခုလျှင် စားပွဲတင်ဇွန်းကလေးနှင့် သုံးဇွန်းစာထက် မပိုဟု ထင်ရသည်။ ရေစက်နှစ်ခုအကြားတွင် ခြေရာတစ်ခုတွေ့ရသည်။ သတင်းထောက်တစ်ယောက် ထိုနေရာတွင် ရပ်သွားပုံရ၍ ရေစက်များဘေးတွင် ရွှံ့အရာများထင်နေသည်။

မေဆောင်သည် နောက်ဖေးဘက် ကူးသောတံခါးဆီသို့ လျှောက်သွားပြီး ရေကူးကန်ဆီသို့ လှမ်းမျှော်ကြည့်သည်။ တွေ့မြင်ရသောမြင်ကွင်းအရ ရေကူးကန်အနီးတွင် အခင်းဖြစ်ပွားခဲ့ပုံရကြောင်းထင်ရှားနေသည်။ အိဇင်ဘက်အခြမ်းရှိ နေရိပ်ကျသောအပိုင်းတွင် ရေကူးကန်နံရံ၌ ရေငွေ့များ ဖျံနေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မဆောင်က ပြန်လှည့်လာခဲ့ပြီး မော်လေအီဒင်ကို ချက်ချင်းသတိရ၍ ခေါ်ကြည့်သည်။

"အီဒင်...အီဒင်...ခင်ဗျား ဘယ်မှာလဲ"

အီဒင်က အိပ်ခန်းများရှိရာဘက်မှ ထွက်လာ၍ ခန်းမထဲတွင် ဆုံမိသည်။

"ဒီအိမ်ထဲ တခြားနေရာမှာ တယ်လီဖုန်း ရှိသေးလား" မဆောင်က မေးသည်။

"ဒီဘက်ခြမ်းမှာတော့ ခုနကပြောတဲ့ ဖုန်းပဲရှိတယ်၊ ဟိုဘက်ခြမ်းမှာ တစ်လုံးရှိတယ်"

"တိုက်ရိုက်ဖုန်းလား"

"ဟုတ်ကဲ့ တိုက်ရိုက်လိုင်းပါ"

"ဟိုဘက်ခြမ်းကိုဝင်တဲ့ တံခါးဖွင့်ဖို့သော့ ခင်ဗျားဆီမှာ ရှိတယ်မဟုတ်လား"

"ရှိပါတယ်၊ အရင်ကတော့ ဖွင့်လို့ရတာပဲ၊ ဒါပေမယ့် ကျွန်တော် မဖွင့်ရဲဘူး ခင်ဗျ၊ ကျွန်တော်..."

"ဒါဖြင့် ကျုပ်ကို အဲဒီသော့ပေးစမ်းဗျာ"

အီဒင်သည် ခေတ္တတုံ့ဆိုင်းနေပြီး

"တရားရုံးအမိန့် ရှိနေတယ်လေဆရာ၊ ဒုက္ခတွေ ရောက်ကုန်ဦးမယ်"

"ပေးမှာသာပေးစမ်းပါ မြန်မြန်"

အီဒင်က သူ့အိတ်ထဲမှ သော့ထည့်သော သားရေအိတ်ကလေးကို ထုတ်ယူပြီး သော့တစ်ချောင်းကို ဖြုတ်ပေးသည်။

"ဘေးတံခါးကို အရင်က ဒီသော့နဲ့ပဲ ဖွင့်လို့ရတာပဲ၊ အခု ရ မရတော့ မသိဘူး"

မဆောင်က ဘာမျှ ပြန်မပြောဘဲ သော့ကိုဆွဲယူကာ ရှေ့တံခါးမှထွက်လာခဲ့သည်။ ထို့နောက် နှစ်ပိုင်းခြမ်းထားသော သံဆူးကြိုးများကို လှမ်း





ကြည့်ရာ ခြံကျယ်ကြီး၏ထိပ် လမ်းဆုံအထိ ပြေးသွားသည်ထက် ကားမောင်းသွားသည်က ပိုမြန်မည်ကို တွက်မိ၍ ကားပေါ်တက်ပြီး စက်နှိုးကာ မောင်းထွက်လာခဲ့သည်။

သံဆူးကြိုးအဆုံး အုတ်တိုင်ဆီသို့ အရောက်တွင် ဂငယ်ကွေ့ကွေ့၍ တစ်ဖက်ခြမ်းသို့ မောင်းဝင်ခဲ့သည်။ ထို့နောက် ကားရပ်ပြီး ဆင်းကာ ဘေးတံခါးဆီသို့ အပြေးသွား၍ သော့ကို ထိုးလှည့်ဖွင့်ကြည့်သည်။ တစ်ချက်တည်းဖြင့် သော့ပွင့်သွားရာ မဆောင်သည် တိုလီမိုလီ ပစ္စည်းများထားသော အခန်းငယ်ကို ဖြတ်၍ အိမ်ထဲသို့ ခပ်သုတ်သုတ်ဝင်သွားသည်။

တယ်လီဖုန်းရှိမည့်နေရာကို ကမန်းကတန်းရှာဖွေရာ မီးဖိုဆောင်ထဲ၌ တွေ့ရသည်။ မဆောင်က ဖုန်းခွက်ကို ကောက်ကိုင်ပြီး ပေါလ်ဒရိတ်၏ ရုံးခန်းသို့ လှမ်းခေါ်သည်။ ခဏအကြာတွင် ပေါလ်ဒရိတ်၏အသံကို ကြားရ၍

"ပေါလ်- ပယ်ရီမေဆင်ပြောနေတယ်၊ သိပ်အရေးကြီးတယ်၊ ခု ချက်ချင်း လိုက်မှတ်ပြီး ကိုယ်ပြောတာတွေ ဆက်လုပ်ပေတော့"

"အိုကေ ပြောဗျာ ကျွန်တော်အသင့်ပဲ"

"နာဒင်းပါးမားဆိုတဲ့ အမျိုးသမီး၊ လိုင်စာတ နံပါတ် ၁၇၂၀၊ ခရော့ကလီရိုပ်သာလမ်း၊ တစ်လင်ကွာ တစ်ခုလပ်၊ လွန်ခဲ့တဲ့တစ်နာရီလောက်သူ့တိုက်ခန်းကနေ ကိုယ်နဲ့အတူတူ ထွက်လာတယ်၊ လမ်းမကျယ်ကြီးကိုထွက်ထဲ့ လမ်းဆုံမှာ နတ်စတာပေါ်းလ်ဆိုတဲ့ တိုက်တန်းလျှားနားရောက်တော့ အဲဒီအမျိုးသမီးဟာ တက္ကစီတစ်စီးကို လမ်းရဲ့ ညာဘက်ကားဂိတ်က ခေါ်ပြီး လိုက်သွားတယ်၊ သူဘယ်သွားသလဲဆိုတာ သိချင်တယ်၊ မင်းသူ့ကိုတွေ့ရင် မျက်ခြည်မပြတ် လိုက်ထားပေတော့"

မဆောင်က ခေတ္တနားပြီး ဆက်ပြောသည်။

"တက္ကစီကားကုမ္ပဏီတို့ ဆက်သွယ်ပြီး စုံစမ်းကွာ၊ အဲဒီအမျိုးသမီးကို ခုနက ကိုယ်ပြောတဲ့ နေရာမှာရှိနေတဲ့ တက္ကစီကားတို့ ဖော်နိုင်ရင် လိုက်ခို



www.burmeseclassic.com

www.burmeseclassic.com



လွယ်သွားပြီ၊ နာဒင်းပါးမား ဘယ်နေရာတွေကို သွားတယ်၊ ဘယ်သူတွေနဲ့ တွေ့တယ်ဆိုတာ အားလုံးသိချင်တယ်။ သူနောက်က လိုက်နေတယ်ဆိုတာ လုံးဝမသိစေနဲ့နော်"

ထိုအချိန်တွင် သူ့နောက်မှ တစ်စုံတစ်ရာအသံ ကြားလိုက်ရ၍ မေဆင်က ချာခနဲ လှည့်ကြည့်လိုက်ရာ တံခါးဝတွင် ဗီဗီယန်ကာဆင် ရပ်နေသည်ကို တွေ့ရသည်။ သူမ၏လက်ထဲတွင် စားသောက်စရာများ ဝယ်ခြမ်းလာသော အိတ်များကို ကိုင်ထားသည်။

"ဒီမယ်...မစ္စတာမေဆင်၊ အိမ်ပြန်ပြီး ယူစရာရှိတဲ့ပစ္စည်းတွေ ယူပေတော့၊ ရှင့်ကို ရဲအဖွဲ့က လာခေါ်လိမ့်မယ်"ဟု သူမက ခက်ထန်လှစွာ လှမ်းပြောသည်။

မေဆင်က ဖုန်းခွက်ကို ပြန်ချလိုက်ပြီး

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်တလည်း အရေးတကြီး တယ်လီဖုန်းဆက်စရာရှိလို့"

"ဟုတ်ပါလိမ့်မယ်လေ၊ ရှင်တယ်လီဖုန်းနဲ့ လှမ်းပြီး ညွှန်ကြားနေတာတွေ ကျွန်မကြားသားပဲ၊ ကျွန်မရဲ့ အိမ်ထဲမှာ လာပြောတဲ့စကားကို ကျွန်မ နားထောင်တာကတော့ တရားတယ် ထင်ပါတယ်"

"တွန်တော် ဝမ်းနည်းပါတယ်ဗျာ"

"ဝမ်းနည်းပါတယ်လို့ ပြောရုံနဲ့တော့ မလုံလောက်ဘူးထင်တယ်ရှင့်။ ရှင်အခု လုပ်ပုံဟာ တရားသူကြီးရဲ့ အမိန့်ကို ဖောက်ဖျက်ကျူးလွန်တာပဲ"

"မှန်ပါတယ် ဒါပေမယ့် တရားသူကြီးကို ကျုပ် ရှင်းပြပါ့မယ်။ ဒါထက် ခင်ဗျားဘယ်သွားနေတာလဲ သိပါရစေလား"

"ကျွန်မ ဈေးသွားဝယ်နေတာရှင့် "

"ဘယ်လောက်ကြာပြီလဲ"

"ဒါ ရှင့်အလုပ် မဟုတ်ပါဘူး"

"အင်းလေ... ကျုပ်အလုပ် မဟုတ်ဘူး ဆိုတာတော့ ဟုတ်ချင်ဟုတ်





ပါလိမ့်မယ် ဒါပေမယ့် ရဲအဖွဲ့ရဲ့အလုပ်တော့ ဖြစ်လာလိမ့်မယ်"

"ဘာပြောတယ်ရှင့်၊ ရဲအဖွဲ့က ဘာဖြစ်လို့လဲ"

"ကျုပ်ဆိုလိုတာက ခင်ဗျားရဲ့ ခင်ပွန်းဟောင်း လော်ရင်းကာဆင်ဟာ သံဆူးကြိုးရဲ့ တစ်ဖက်ခြမ်းမှာ လူသတ်ခံရလို့ သေနေပြီ၊ တစ်ယောက်ယောက်က သူ့ကို နောက်ကျောက ဓားနဲ့ထိုးလိုက်တာပဲ၊ သေသေချာချာ ကြံစည်ပြီး ကျူးလွန်ခဲ့ပုံရတယ် မစ္စတ်တာဆင် ပြီးတော့. . ."

ဗီဗီယန်ကာဆင်၏လက်ထဲမှ ဈေးအိတ်များ လွတ်ကျကုန်သည်၊ နွားနို့ဘူးတစ်ဘူးပွင့်၍ နို့များစီးထွက်ကာ ဆီပုလင်း တစ်ပုလင်းလည်း ကွဲသွားသည်။

"ကျွန်မယောကျ်ား. . . လူ. . . သတ်ခံရ. . . ဟုတ်. . . ဟုတ်လား" သူမက တတုန်ကယင်ဖြင့် မေးသည်။

"ဟုတ်တယ်၊ လူသတ်ခံရတာ၊ အဲဒါ. . . ရဲအဖွဲ့တတော့. . ."

ထိုစဉ် ရဲကားဥဩဆွဲသံ ကြားရသဖြင့် မေဆင်က စကားကို ဖြတ်လိုက်သည်။

"ကိုင်း. . . ရဲတွေတောင် ရောက်လာပြီ၊ခင်ဗျားကားထဲမှာ ဈေးဝယ်လာတဲ့ အထုပ်အပိုးတွေ ကျန်သေးသလား"

"အထုပ်နှစ်ထုပ် ကျန်သေးတယ်"

"ဒါဆို အဲဒီအထုပ်တွေ ကျုပ်သွားယူပေးမယ် "

မေဆင်က အပြင်သို့ထွက်ရန် လျှောက်သွားရာ ဗီဗီယန်က နောက်က လိုက်မည်ပြုပြီးမှ ခေါင်းယမ်းပြီး နံရံကို လက်ဖြင့် မှီတွယ်၍ ကုလားထိုင်တစ်လုံးဆီသို့ ဒယီးဒယိုင် လျှောက်သွားပြီး ထိုင်ချလိုက်သည်။

မေဆင်က အပြင်ထွက်၍ သူမ၏ကားဆီသို့ လျှောက်သွားစဉ် သံဆူးကြိုး တစ်ဖက်ခြမ်း၌ ရဲဝိုင်လာလက်ကားတစ်စီးကို လှမ်းမြင်ရသည်။ မေဆင်သည် ဗီဗီယန်၏ ကားတံခါးကို ဖွင့်၍ အထဲသို့ သေသေချာချာ ကြည့်ရာ ကုန်စုံအပြည့်ထည့်ထားသော အိတ်နှစ်လုံးကို တွေ့ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပွေ့သူပြီး အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။ တစ်ဖက်ခြမ်း၌သာ ရဲအဖွဲ့ဝင်များ အာရုံစိုက်နေကြ၍ မဆောင်ကို မမြင်လိုက်ကြချေ။

မဆောင်က ဈေးအိတ်နှစ်ခုကိုပွေ့လျက် ဗီဇီယန်ရှေ့၌ ရပ်ပြီး

"ဒါတွေ ဘယ်မှာထားရမလဲ မစ္စက်ကာဆင်၊ မီးဖိုခန်းထဲမှာလား"

"ဟုတ်ကဲ့ရှင့် ဟုတ်ကဲ့"

"လာပါ၊ ထားရမယ့်နေရာ ပြပါဦး"

"ကျွန်...ကျွန်မ မလျှောက်နိုင်..."

"အို... မဟုတ်တာဗျာ၊ တုလားထိုင်က ထစမ်းပါ၊ ဘယ်နေရာ ထားရမလဲ၊ ပြဦးလေ"

မဆောင်၏ ခပ်ထန်ထန်လေသံကြောင့် သူမသည် ထိုင်ရာမှထပြီး ရှေ့သို့ အနည်းငယ် လျှောက်လာသည်။ ထိုနောက် မီးဖိုခန်းဆီသို့ ဖြည်းညင်းစွာ ဝင်သွားသည်။

မဆောင်က အိတ်များကို စားပွဲတစ်လုံးပေါ် ချပြီး

"ဗီမယ် မစ္စတ်ကာဆင်၊ ခင်ဗျားအပေါ်မှာကျုပ် ရှုရှုတတ သဘောထားချင်ပါတယ်။ ကျုပ်ဒီမှာရှိနေတုန်း ကြည့်စရာတွေ ကြည့် သွားချင်တယ်"

"ရှင်ဘာကို ဆိုလိုတာလဲ "

"ခင်ဗျားယောကျ်ားဟာ အသတ်ခံရတာနော်၊ တစ်ဖက်ခြမ်းမှာ အခုဆို ရဲအဖွဲ့ဝင်တွေလည်း ရောက်နေပြီ၊ မီးဖိုဆောင်နဲ့ ဟိုဘက်က ထမင်းစားခန်းကြားက တံခါးကို ခင်ဗျား အခုဖွင့်လိုက်တာနဲ့ သံဆူးကြိုးတစ်ဖက်က ညှိခန်းမြင်တွင်းကို မြင်ရမှာပဲ ရဲတွေကခင်ဗျားကို မေးမြန်းကြလိမ့်မယ် "

သူမက တိတ်ဆိတ်စွာ ခေါင်းညိတ်ပြသည်။

"ခင်ဗျားဟာ အတော်တော့ ဟန်ကောင်းတဲ့အမျိုးသမီးပဲ၊ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ခင်ဗျားသိပါတယ်။ ခင်ဗျားဟာ လော်ရင်း





ကာဆင်ကို တူးတူးခါးခါးမုန်းတယ်။ ဒါပေမယ့် သူအသတ်ခံရတယ် ဆိုတော့ ခင်ဗျား ဘာကြောင့် ခုလောက် ထိတ်လန့်တုန်လှုပ်ရတယ်ဆိုတာ ကျုပ် နားမလည်ဘူး။ ခင်ဗျား တစ်နည်းနည်း ပတ်သက်နေလို့လား"

"ရှင် ဘာပြောချင်တာလဲ"

"ရှင်းရှင်းမေးမယ်ဗျာ၊ သူ့ကို ခင်ဗျားသတ်လိုက်တာလား "

"ဘယ်သူ. . . ကျွန်မလား၊ ဘုရားရေ. . . ဘုရားရေ၊ မဟုတ်ပါဘူး ရှင်"

မဆောင်က မီးဖိုညာဘက်ရှိ နံရံမှ တန့်လန့်ဖြတ်သံလိုက်ချောင်းတွင် တွဲလောင်းချိတ်ထားသော တစ်ဒါဇင်ခန့်ရှိမည့် ဓားများကို လှမ်းကြည့်ပြီး

"ဓားတွေထားတဲ့နေရာမှာ ကွက်လပ်ဖြစ်နေပါလား၊ ကျန်တဲ့ ဓားတွေက အကွာအဝေးအတူတူ ရှိနေပြီး တစ်နေရာမှာ ကွက်လပ်ဖြစ်နေတယ်"ဟု ပြောသည်။

"ဓားတစ်ချောင်းက ရေခဲသေတ္တာထဲမှာပါ။ ပေါင်မုန့်လှီးပြီးတော့ ကျွန်မ အဲဒီအထဲ ထည့်ထားလိုက်တယ်၊ နေစမ်းပါဦးရှင့် လူသတ်မှုအတွက် ကျွန်မအပေါ် ပုံချဖို့ ကြိုးစားတာ မြန်လှချည်လား။ ရှင် အကာအကွယ်ပေးရမယ့် အမှုသည် ရှိနေသလား"

"ဒီလိုလုပ်ကြစို့ဗျာ၊ ခင်ဗျားကို ရဲအဖွဲ့က မေးခွန်းတွေမမေးခင် ကျုပ်က ဓာတ်တိုက်ကြည့်မယ်၊ မကောင်းဘူးလား၊ ဒီတော့ ကျုပ်မေးတာကို ဖြေကြည့်စမ်း. . . ခင်ဗျား ဈေးထွက်ဝယ်တာ ဘယ်လောက်ကြာခဲ့သလဲ"

"တစ်နာရီကျော်ကျော် နှစ်နာရီပေါ့ရှင့်"

"စားစရာလေးတွေ ဝယ်ရုံသက်သက် ဒီလောက်ကြာရသလား"

"အိမ်အပြန်မှာ ကုန်စုံဈေးကြီးဝင်ပြီး ဟင်းသီးဟင်းရွက်တွေ ဝယ်သေးတယ်"

"ကျန်တဲ့အချိန်မှာကော"

"ကားလှည့်ပတ်မောင်းပြီး ဟိုဆိုင်ဒီဆိုင်ဝင်၊ ကျပန်းလိုက်ဝယ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဈေးလိုက်ဝယ်နေတုန်း အသီအကျွမ်းထဲက တွေ့သလား"

သူမက ခေါင်းခါပြသည်။

"တစ်နည်းအားဖြင့် ပြောရရင် 'အလီဘိုင်' ပြနိုင်သလားလို့မေးတာ မှုခင်းဖြစ်ပွားချိန်မှာ တခြားတစ်နေရာရာမှာ မိမိရှိနေကြောင်း သက်သေအခိုင်အမာ ပြနိုင်သလားလို့ မေးတာ"

"ကျွန်မက ဘာကြောင့် အလီဘိုင်ပြဖို့ လိုမှာလဲရှင့် "

"ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်ပါလေ"

"ရှင်ပြောတော့ လော်ရင်းကာဆင်ဟာ သံဆူးကြိုးရဲ့ တစ်ဖက်ခြမ်းမှာ သေနေတာဆို"

"ဟုတ်တယ်. . . ဒါပေမယ့် သူ့အလောင်းဟာ သံဆူးကြိုးတန်းရဲ့ တစ်ဖက် လက်မနည်းနည်းပဲကွာတဲ့နေရာမှာရှိနေတယ်၊ သူဟာ သံဆူးကြိုးကို ကျော်ပေးနေရာက ဓားနဲ့အထိုးခံရပြီး ရှေ့ကို တလှမ်းနှစ်လှမ်း ဒိုက်ကျပြီး လဲသွားတာ ဖြစ်နိုင်တယ်။ ဓားနဲ့ ထိုးတဲ့လူဟာ ခင်ဗျားဖြစ်ခဲ့ရင် ဒီဘက်ခြမ်းကနေ သံဆူးကြိုးကြားက ဓားနဲ့ လှမ်းထိုးလိုက်လို့ ရတယ်။ နောက်တစ်ခု ဖြစ်နိုင်တာက အိမ်နောက်ဖေး ရေကူးကန်ထဲကို ဆင်း၊ အလယ်တည့်တည့် သံဆူးကြိုးအောက်ကို ရေငုပ်ပြီးဖြတ်၊ တစ်ဖက်မှာ သွားပေါ်ပြီး ဟိုဘက်ခြမ်း အိမ်ထဲကို နောက်ဖေးပေါက်ကဝင်၊ ခင်ဗျားယောကျ်ားကို ဓားနဲ့ထိုးပြီး လာလမ်းအတိုင်း ပြန်ခဲ့လို့လည်း ရတယ်"

"ရှင်ပြောသလို ကျွန်မလုပ်မယ်ဆို လုပ်လို့ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မ လုပ်ခဲ့တာ မဟုတ်ပါဘူး"

"ခင်ဗျားရဲ့ရေကူးဝတ်စုံဘယ်မှာလဲ"

"ကျွန်မဝတ်စုံက ရှားရှားပါးပါးပါရှင့်၊ ကျွန်မက ကိုယ်ဟန်ပြမယ် မဟုတ်လား၊ ဒီတော့ ကိုယ်လုံးအလှ ပေါ်အောင် ရေကူးဝတ်စုံကို ကောင်းပေ့ ညွှန့်ပေ့ ဆိုမှဝတ်တတ်..."

"အဲဒါတွေ ထားစမ်းပါလေ၊ ခင်ဗျား ရေကူးဝတ်စုံ ရှားတာတွေ





…တာတွေ ပြောမနေပါနဲ့. ဘယ်မှာလဲသာပြောစမ်းပါ"

"ရေကူးကန်အနားက ရေချိုးခန်းထဲမှာ ရှိပါတယ်၊ ရေတော့စိုနေ…ပေါ့။ မနေ့ညနေက ကျွန်မရေကူးပြီး ရေကူးဝတ်စုံကို ရေလျှော်ခဲ့တယ်၊ …နေ့ အပြင်ထုတ်ပြီး နေပူလှမ်းမလို့ပဲ၊ ဒါပေမယ့် မေ့နေတယ်"

"ကောင်းပြီ... ခင်ဗျားကို အမှုမပတ်အောင် ကျုပ်ဆွဲထုတ်ပေးနိုင်…မယ်ထင်ပါတယ်၊ တစ်နေ့ ခင်ဗျား ကျုပ်ကို ကျေးဇူးတင်လာလိမ့်မယ်"

"ကျွန်မ အမှုမပတ်အောင် ဆွဲထုတ်ပေးမယ်ဆိုတာက ဘာလဲ ရှင့်"

"ခင်ဗျားကို ရဲအရာရှိတွေက မေးခွန်းတွေ မေးလာတဲ့အခါ ခင်ဗျား…သောပေါက်လာပါလိမ့်မယ်လေ၊ ကိုင်းအခု လောလောဆယ်တော့ …ဗျား မီးဖိုဆောင်ထဲက ပုလင်းကွဲတွေဘာတွေ ရှင်းပစ်လိုက်ပါဦး။ …တွေက စစ်လားဆေးလား မလုပ်ခင် ရှင်းဖို့ အချိန်ရပါလိမ့်ဦးမယ်။ ခင်ဗျား…ည်း အခု အတော် ကျွန်ကျွဆောင်နိုင်ပြီပဲ ။ ဆက်ပြီးတော့ ခပ်မှန်မှန်သာ…ပါ"

ပြောပြောဆိုဆို မေဆင်က မီးဖိုခန်းမှ ဘေးတံခါးဆီသို့လျှောက်…တာ အပြင်သို့ ထွက်လာခဲ့သည်။ သူ၏ကားဆီသို့ သွား၍ လမ်းထိပ်…ထိုင်အထိ မောင်းသွားပြီးမှ တစ်ဖက်လမ်းသို့ ပြန်ကွေ့ဝင်လာခဲ့သည်။

အီဒင်ဘတ်အခြမ်း ရှေ့တံခါးမကြီးမှာ ပွင့်နေပြီး မေဆင်ကားရပ်၍ …သာချိန်တွင် အိမ်ထဲမှ လူတစ်စုထွက်လာသည်ကို တွေ့ရသည်။ ယူနီ…င်းဝတ် ရဲအရာရှိတစ်ယောက်က သတင်းထောက်များနှင့် ဓာတ်ပုံ…င်းထောက်များကို အပြင်ထွက်ခိုင်းနေခြင်းဖြစ်သည်။

"ခင်ဗျားတို့လည်း ကျုပ်တို့ရဲ့စည်းကမ်းကို နားလည်လျက်သားနဲ့ဗျာ။ …ပေးသင့်တဲ့ သတင်းတွေကို ကျုပ်တို့ထုတ်ပေးသွားမှာပါ။ ဒါပေမယ့် …ခွဲ အလုပ်လုပ်နေတုန်းမှာ သဲလွန်စတွေ ရှုပ်ထွေးကုန်အောင် …င်း ဝိုင်းမနေကြပါနဲ့၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေ စစ်ဆေးပြီးတဲ့အထိ …တို့ အားလုံး အပြင်ကပဲ စောင့်နေကြပါ။ ခင်ဗျားတို့ကို တယ်လီဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖို့ အဆင်ပြေအောင်လည်း ကျွန်တော်တို့ စီစဉ်ပေးပါ့မယ်"

ရဲအရာရှိက ပြောဆိုနေစဉ် မေဆင်က ညှိကြိုးခန်းမမှတစ်ဆင့် အတွင်းသို့ လှမ်းကြည့်လိုက်သည်။ ရဲအဖွဲ့ဝင်တစ်ယောက်က ကာဆင်၏ အလောင်းရှိနေသော ညှိခန်းတွင် ကြိုးဖြင့် တိုင်းတာနေသည်ကို တွေ့ရသည်။ အခြားရဲအရာရှိတစ်ယောက်က အီဒင်ကို စစ်ဆေးမေးမြန်းနေသည်။ အီဒင်က တံခါးဆီသို့ မျက်နှာလှည့်နေရာ မေဆင်ကို လှမ်းမြင်လိုက်၍...

"ဟာ... ဆရာ၊ ဘယ်သွားနေတာလဲ၊ ကျွန်တော်ဖြင့် ရှာလိုက်ရတာ အန့်ပဲ၊ ရဲအဖွဲ့က သူတို့ဆီဖုန်းဆက်တာ ဘယ်သူလဲ၊ အလောင်းကို ဘယ်သူက တွေ့တာလဲ၊ မစ္စတာမေဆင်က ဒီကိစ္စမှာ ဘယ်လိုပတ်သက်နေသလဲဆိုပြီး မေးနေတယ်၊ ကျွန်တော်က ဆရာ့ကိုပဲမေးကြည့်ဖို့ ပြောထားတယ်"

မေဆင်က ဝင်သွားရာ သူ၏ကျောဘက်မှ တစ်စုံတစ်ယောက်က လှမ်းပြောသည်။

"ဟုတ်တယ်ပယ်ရီ၊ ခင်ဗျားဆီက ရှင်းလင်းချက်ပေးရလိမ့်မယ်"

မေဆင်က လှည့်ကြည့်လိုက်ရာ ရဲအုပ်ကြီး ထရက်ကို ပြုံးစစနဲ့ မြင်တွေ့ရသည်။

"နောက်ထပ်၊ အလောင်းတစ်လောင်းပေါ့ "ဟု ထရက်က ပြောသည်။

"ဟုတ်တယ်၊ နောက်ထပ်တစ်လောင်းပေါ့" ဟု မေဆင်က ပြန်ပြောသည်။

"အလောင်းတွေရှာတဲ့ အလုပ်က ခင်ဗျားရဲ့ အကျင့်ပဲထင်တယ် ပယ်ရီ၊ ဟုတ်စ"

"ခင်ဗျားမှာလည်း အဲဒီအကျင့်ရှိတာပဲ မဟုတ်လား ကိုယ့်လူ"

"ဒါက ကျုပ်အလုပ်ပဲ။ ကျုပ်ရဲ့ အလုပ်ကိုက အလောင်းတွေနဲ့





ပတ်သက်နေတာကိုး"

"ကျုပ်လည်း ခင်ဗျားလိုပဲပေါ့ထရက်။ ဒါပေမယ့် ဒီအလောင်းကို ကျုပ်က စတွေ့တာ မဟုတ်ဘူး၊ သတင်းထောက်တွေက တွေ့တာ"

"အဲဒီအချိန် ခင်ဗျားလည်း ရှိနေတာပဲ မဟုတ်လား"

"အင်း...ကျုပ်လည်း ရှိနေခဲ့သပေါ့လေ"

"တိုက်ပဲတိုက်ဆိုင်လွန်းသဗျာ၊ ကဲပါလေ ဘာတွေဖြစ်တယ်ဆိုတာ ကျုပ်တို့ကို ပြောပြမယ် မဟုတ်လား ပယ်ရီ"

"ကျုပ်တိုက်တွန်းချင်တာက ခင်ဗျား ဒီမှာကြည့်စရာရှိတာတွေ သေသေချာချာ ကြည့်ရင်ကောင်းမယ် ရဲအုပ်ကြီး၊ သတင်းထောက်တွေက တော်တော်မွှေသွားပြီဗျ"

ထရက်က မျက်မှောင်ကြုတ်၍ အလောင်းဆီသို့ လှမ်းကြည့်ပြီး ပြောသည်။

"သက်ဆိုင်တဲ့ ရဲအရာရှိတွေက လုပ်စရာရှိတာ လုပ်နေကြပါပြီ၊ ကျုပ်က ခင်ဗျားနဲ့ ပြောစရာရှိတာပြောဖို့လိုတယ်။ ဒါထက် ဒီသံဆူးကြိုး ကာတာ အိမ်အလယ်ကနေ ဘာကြောင့် ကာထားသလဲ မေဆင်"

"တရားသူကြီး ဂွတ်ဒွင်းရဲ့ စိတ်ကူးပဲလေ၊ လင်မယားကွာရှင်းမှု တစ်ခုနဲ့ပတ်သက်ပြီး အိမ်ကို နှစ်ပိုင်းခြမ်းဖို့ တရားသူကြီးက ဆုံးဖြတ်ခဲ့တယ်"

"ဒီဘက်ခြမ်းမှာ ဘယ်သူနေသလဲ"

"မော်လေအီဒင် နေတယ်။ ခင်ဗျားဘေးမှာ ရပ်နေတဲ့လူပေါ့ "

"သူက ခင်ဗျားရဲ့အမှုသည်လား"

"ကျုပ်ရဲ့အမှုသည်ပဲ"

"ဘယ့်နှယ့်လဲ မစ္စတာအီဒင်၊ ဒီနေရာမှာ လူသတ်မှုဖြစ်လာလိမ့်မယ်လို့ ခင်ဗျားက ဘာကြောင့် တွေးထင်မိခဲ့သလဲ"

"ကျွန်တော်မထင်ခဲ့ပါဘူး"ဟု အီဒင်က ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်မှုဖြစ်မယ်ဆိုတာ မထင်ဘဲနဲ့ ခင်ဗျားက ဘာကြောင့် ပယ်ရီမေဆင်ကို ရွှေနေငှားခဲ့သလဲ"

"ဒါကတော့ ဒီလိုပါ"

မေဆင်ကဝင်ပြောသည်။

"မစ္စတာအီဒင်က လော်ရင်းကာဆင်ကို တရားစွဲခဲ့တယ်။ ကာဆင်ကသူ့ကို လိမ်လည်ခဲ့တဲ့အတွက် တရားစွဲတာပဲ။ အဲဒါ ကျုပ်က အီဒင်ရဲ့ ရွှေနေအဖြစ် မကြာသေးခင်ကပဲ တရားစွဲဆိုတဲ့လျှောက်လွှာတင်ခဲ့ပြီ၊ အဲဒီကိစ္စ ရှင်းလင်းဖို့ သတင်းထောက်တွေကို ဖိတ်ကြားခဲ့တဲ့အတွက် သတင်းထောက်တွေတလည်း ဒီကို ရောက်လာခဲ့ကြတယ်"

"အင်း...အင်း...သိပါပြီ၊ လော်ရင်းကာဆင်ဆိုတာက ဘယ်သူလဲ"

"လော်ရင်းကာဆင်ဆိုတာက ဒီအိမ်ကို ဆောက်တဲ့လူ... ဒီအိမ်ဆောက်ထားတဲ့ မြေကွက်နှစ်ကွက်ကို ရောင်းခဲ့တဲ့လူ လင်မယား ကွာရှင်းလို့မှာ တရားခံဖြစ်ခဲ့သူ။ ပြီးတော့ ယောဒီကြမ်းပေါ်မှာ လဲကျနေတဲ့ အလောင်းပဲ"

"ဪ... ကောင်းပါပြီ၊ ကောင်းပါပြီ၊ အင်း...အတော်ကလေး ရှင်းသွားပါပြီ။ ဒါဖြင့် အိမ်ရဲ့ဟိုဘက်ခြမ်းမှာက ဘယ်သူနေသလဲ"

"တရားသူကြီး ဝွတ်ဒွင်းရဲ့ စီရင်ချက်အရ ဗီဗီယန်ကာဆင်ဆိုတဲ့ အမျိုးသမီး နေနေတယ်"

"ကြမ်းပေါ်လဲနေတဲ့လူရဲ့ မိန်းမပေါ့ ဟုတ်လား"

"အခုတော့ မုဆိုးမဖြစ်နေပါပြီလေ"

"အင်း. . . ခင်ဗျားပြောတာ မှန်ပါတယ်၊ အခုမစ္စက်ကာဆင် ဘယ်မှာရှိပါသလဲ မစ္စတာမေဆင်"

"သူ့ဘက်အခြမ်းမှာ ရှိမယ်ထင်တာပဲ "

"ဟိုဘက်အခြမ်းကို ဘယ်လိုသွားလို့ရမလဲ "

"သွားလို့ရတဲ့ နှစ်လမ်းရှိတယ်၊ တစ်လမ်းက နောက်ဖေးတတ်ကို





ထွက်၊ ရေကူးကန်ထဲ ဒိုင်ဗင်ထိုးဆင်း၊ ရေကူးကန်အလယ်တည့်တည့် သံဆူးကြိုးတန်းအောက်ကရေငုပ်၊ တစ်ဖက်မှာသွားပြီးပေါ်၊ အဲဒီကနေ တိုဘတ်အခြမ်းကို ဝင်သွားပေတော့၊ နောက်တစ်လမ်းက အိမ်ရှေ့က ထွက်သွား၊ လမ်းထိပ် အုတ်တိုင်က ကွေ့ပြီး တစ်ဖက်ခြမ်းလမ်းအတိုင်း ပြန်ဝင်သွား အိမ်ဟိုဘက်ခြမ်းရဲ့ ဘေးတံခါးဆီ ရောက်သွားလိမ့်မယ်"

"ဒီနှစ်လမ်းပဲလား၊ သံဆူးကြိုးအောက်ခြေက ဝမ်းလျားထိုးတွားသွားပြီး ဝင်လို့တော့ မရနိုင်ဘူးလား"

"ခင်ဗျားဝင်ကြည့်ပေါ့၊ ဒါပေမယ့် လူတန်းစေ့ ကိုယ်လုံးကိုယ်ထည်ရှိတဲ့ လူဆိုရင် တွားသွားပြီးဝင်လို့ မရနိုင်ပေဘူး၊ သံဆူးကြိုးတွေက ငါးပင်လိမ် သံဆူးကြိုးတွေဗျ၊ တွန်းလို့ဖယ်လို့ မရဘူး"

"ပါးပါးလျားလျား သွယ်သွယ်လျလျ ကိုယ်လုံးကိုယ်ထည်ရှိတဲ့ အမျိုးသမီးတစ်ယောက် ဆိုရင်တော့ အောက်ဆုံးအဆင့် သံဆူးကြိုးအောက်တနေ အသာကလေး လှိမ့်ဝင်သွားနိုင်မယ်ထင်တယ်၊ တကယ်လို့ ငြိစရာ တွယ်စရာ အဝတ်တွေ ချွတ်ဖယ်ထားရင်ပေါ့လေ"

"ဘီကီနီ ရေကူးဝတ်စုံတလေးနဲ့ဝင်ရင် ရလောက်တယ်လို့ ပြောချင်လား၊ ဒါကတော့ ခင်ဗျားအတွေးနဲ့ ခင်ဗျားပဲလေ၊ ကျုပ်ကတော့ ထင်မြင်ချက် မပေးချင်ဘူး၊ ခင်ဗျားသံသယ ရှိချင်သလို ရှိနိုင်ပါတယ်"

"အို... ကျုပ်က သံသယရှိတယ်လို့ မပြောရသေးပါလား၊ ဖြစ်နိုင်ခြေ အလားအလာတွေကိုပဲ စဉ်းစားနေတာပါ"

ထရက်က ဟျာဟျာသလဲပြောဆိုပြီး မျက်မှောင်ကြုတ်လျက် စည့်ခန်းအလယ်သို့ လျှောက်သွားကာ ပတ်ဝန်းကျင် အနေအထားများကို ကြည့်ရှုအကဲခတ်နေသည်။

ထိုအချိန်တွင် ရဲအဖွဲ့ဝင်တစ်ဦးက

"ရဲအုပ်ကြီးခင်ဗျား၊ ယောဒီမှာ ရေစိုနေတဲ့ အကွက်တစ်ခု တွေ့ပါတယ်၊ တစ်ယောက်ယောက်ဆီက ရေဖိတ်ကျလို့ ဖြစ်နေပုံရဲ့၊ ဖန်ခွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုက ကျတဲ့ ရေမျိုးလို့ ထင်ရတယ်”ဟု လှမ်းပြောသည်။

ထရက်က ထိုသူထံသို့ လျှောက်သွားပြီး ကြည့်ရှုကာ မေဆင်ဘက်သို့ လှည့်လာပြီး

“ဒီမယ်မေဆင် ပိန်ပိန်သွယ်သွယ်အမျိုးသမီး တစ်ယောက်ဆိုရင် ဒီသံဆူးကြိုး အောက်ခြေက လျှိုဝင်နိုင်တယ်ဗျ။ ဘီကီနီဝတ်ထားတဲ့ အမျိုးသမီး အဲ...ရေစိုနေတဲ့ ဘီကီနီနဲ့ပေါ့လေ။ ခုနက ခင်ဗျား အကြံပေးတဲ့အတွက် ကျေးဇူးတင်တယ်ဗျာ”

“ကျုပ်က အကြံပေးတာ မဟုတ်ပါဘူး ခင်ဗျားပြောတဲ့ စိတ်ကူးပါ”

“ဟုတ်ပါတယ် စိတ်ကူးကတော့ ကျုပ်ရဲ့စိတ်ကူးပါပဲ။ အကြံဉာဏ်တခင်ဗျားပေးခဲ့တာလေ”

ထရက်က ခပ်ပြုံးပြုံးဖြင့် ပြန်ပြောလိုက်သည်။

* * *



အခန်း (၇)

မေဆင်က အီဒင်၏လက်မောင်းကို ဆွဲ၍ ခန်းမထဲသို့ ခေါ်လာခဲ့သည်။

“လော်ရင်းကာဆဝ် ဗီအိမ်ထဲကို ဘယ်လိုရောက်နေခဲ့သလဲ အီဒင်” မေဆင်က မေးသည်။

“ကျွန်တော်လည်း အဲဒါသိချင်နေတာပဲ ဆရာ၊ ကျွန်တော် တွေးလို့ရတာ တစ်ခုက ကာဆင်ဟာ ဒီအိမ်ကို ဆောက်ခဲ့တဲ့လူ ဖြစ်နေလေတော့ သူ့ဆီမှာ သော့ပိုတွေ ရှိနေလိမ့်မယ် ဟင်တာပဲ”

“ကာဆင်က အိမ်ပြီးသွားတဲ့အချိန်မှာ ခင်ဗျားကို သော့တွေအားလုံး မပေးခဲ့ဘူးလား”

“သော့တွေ အစုံလိုက် နှစ်စုံပေးပါတယ်၊ ဒါပေမယ့် သူ့ဆီမှာ တတိယ သော့တစ်စုံ ချန်ထားတယ် ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆီမှာ သော့တွေချန်ထားတယ်လို့ တွေးမိတာကလွဲလို့ ဒီအိမ်ထဲ တိုသူ ဘယ်လိုရောက်နေခဲ့သလဲဆိုတာ တခြားစဉ်းစားမိတာမရှိဘူးလား"

"မရှိဘူးဆရာ"

"ခင်ဗျားက ဘယ်တွေသွားနေသလဲ"

"ဒီနေ့မနက်ပိုင်းမှာ ကျွန်တော်ဆရာ့ရုံးခန်းကိုလာပါတယ်။ ကာဆင် အပေါ် တရားစွဲတဲ့ လျှောက်လွှာလက်မှတ်ထိုးဖို့ပါ။ ဆရာက အပြင်သွား နေတယ်၊ ဒါနဲ့ ကျွန်တော်လည်း စာရွက်တွေကို အတည်ပြုလက်မှတ် ထိုးပေးခဲ့တယ်။ ဆရာ့အတွင်းရေးမှူး မစ္စဒယ်လာစထရိက ဒီနေ့ မွန်းလွဲ တစ်နာရီမှာ ဆရာ ဒီအိမ်ကို လာလိမ့်မယ် ဆရာ မရောက်မချင်း သတင်း ထောက်တွေကို အိမ်ထဲအဝင်မခံဘဲ စောင့်နေပါလို့ ကျွန်တော့်ကို မှာပါ တယ်"

"ပြီးတော့ခင်ဗျား ဘာလုပ်သလဲ "

"ကျွန်တော့် အရောင်းအဝယ်လုပ်ငန်း လုပ်တဲ့ရုံးခန်းကို ပြန်သွားပါ တယ်"

"ခင်ဗျားရဲ့ ရုံးခန်းကိုရောက်ပြီးတော့ကော"

"တရားရုံးကို ဆရာတင်လိုက်တဲ့ တရားစွဲတဲ့ လျှောက်လွှာကိစ္စ သတင်းထောက်တွေ သိသွားပြီဖြစ်လို့ သတင်းထောက်တွေဆီက တယ်လီ ဖုန်းတွေ ဆက်တိုက်လာပါတယ်၊ ကျွန်တော်က အိမ်ကိုလာခဲ့ကြပါ။ နေ့ လယ် တစ်နာရီမှာ ကျွန်တော် အိမ်မှာ ရှိနေမယ်လို့ ပြန်ဖြေပါတယ်"

"ကာဆင်ရဲ့ အလောင်း အိမ်ထဲမှာရှိနေတာ ခင်ဗျားမသိသေးဘူး လား"

"လုံးဝ မသိပါဘူးဆရာ"

"ကာဆင်ကို ခင်ဗျားမတွေ့တာဘယ်လောက်ကြာပြီလဲ"

"အတော်ကလေးကြာပါပြီဆရာ"

"အင်း...ကာဆင်ဟာ ကျုပ်ရဲ့ရုံးခန်းကို လာသွားတယ်၊ လေလုံး





မိုးလုံးတွေထုတ်ပြီး ပြောသွားတာတွေကတော့ အများကြီးပဲ။ ဒါပေမယ့် သူလာသွားတဲ့ ရည်ရွယ်ချက်ကတော့ ခင်ဗျားကို ကိုယ်စားပြုပြီး သူ့ကို ကျုပ်က တရားမစွဲဖို့လာပြောတာပဲ၊ သူဟာ အတော်ကလေးသိမ်မွေ့ ရှုပ်ထွေးတဲ့ စေ့စပ်ညှိနှိုင်းမှုတွေ လုပ်နေတယ်တဲ့။ ဒီအချိန်မှာ သူ့ကို တရားစွဲရင် အနှောင့်အယှက်တွေ ဖြစ်သွားနိုင်သတဲ့၊ အဲသလို ပြောသွား တယ်"

အီဒင်က မျက်မှောင်ကြုတ်၍

"အပေးအယူတချို့ လုပ်ဖို့စေ့စပ်ညှိနှိုင်းနေတာ ဖြစ်မယ်ထင်တယ် ဆရာ၊ အပေးအယူတိစ္စမပြီးပြတ်ခင် လူသိရှင်ကြား မဖြစ်ချင်လို့ထင်တယ်"

"အပေးအယူလုပ်တယ်ဆိုတာ ဘယ်လိုဟာမျိုးဖြစ်နိုင်သလဲ ဘယ်လို ထင်သလဲ"

မေဆင်က မေးရာ အီဒင်ကခေါင်းခါပြသည်။

"ကာဆင်ဆိုတဲ့လူဟာ လေတော့ အတော်များတယ်။ ဒါသူ့ဝင်ကို သဘာဝပဲ ထင်ပါတယ်၊ ခင်ဗျားကို ကိုယ်စားပြုပြီး ကျုပ်ကသူ့ကို လိမ်လည် မှုနဲ့ တရားစွဲတော့မယ့်ဆဲဆဲဆိုတော့ သူ့ကို လက်ခံစကားပြောနေလို့ မဖြစ်ဘူးလေ။ ဒါနဲ့ ရှေ့နေတစ်ယောက်ငှားဖို့ သူ့ကိုပြောတယ်။ သူက ရှေ့နေငှားစရာ မလိုပါဘူးတဲ့။ ကျုပ်နဲ့ပဲ ဖြေရှင်းချင်တယ်လို့ ပြောတယ် အတော်တော့ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတာပဲ၊ သူ့ပုံပန်းက စကားရော ဖွဲ့ရောနဲ့ လူချင်းရင်းနှီးအောင်လုပ်ပြီး သူပြောချင်တာ ပြောမယ့် ပုံမျိုးဗျ" ဟု မေဆင်ကပြောသည်။

အီဒင်က-

"အဲဒါ ကာဆင်ရဲ့လက်သုံးနည်းပဲဆရာ၊ သူဟာ လူတစ်ယောက်ကို ချွတ်အတင်းရောနှောပြီး ဖိအားပေးတတ်တယ်။ သူလိုချင်တာရှိရင် အတင်း တွယ်ကပ်ပြီး ရအောင်လုပ်တဲ့ လူမျိုးပေါ့ ဆရာ"

"သူဒီအိမ်ကို ဘယ်လိုလာသလဲ၊ တားနဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မဆောင်က မေးသည်။

"မသိဘူးဆရာ၊ ကျွန်တော်ရောက်တဲ့အချိန်မှာတော့ သတင်းထောက် တစ်ယောက် နှစ်ယောက်က လွဲလို့ တခြားဘယ်သူမှ မရှိဘူး။ ကျွန်တော်ရောက်ပြီးမှ နောက်ထပ် သတင်းထောက်ကားနှစ်စီး ထပ်ဝင်လာတယ်"

"အင်း…ကာဆင်ဟာ ဒီကို လမ်းလျှောက်လာတာ မဟုတ်တာတော့ သေချာတယ်၊ တက္ကစီကားတစ်စီးစီးနဲ့ လာရင်လာ၊ နို့မဟုတ်ရင် တစ်ယောက်ယောက်ရဲ့ကားကြုံနဲ့ လိုက်လာတာဖြစ်မယ်။ သူ့ကို ဒီမှာ ချပေးပြီး ကားကို တခြားမောင်းသွားလိမ့်မယ်၊ ဒါထက် ခင်ဗျားကရောရုံးကနေ ဒီကို တန်းပြီးလာခဲ့တာလား"

"ရုံးကနေ တန်းလာတာတော့မဟုတ်ဘူးဆရာ၊ မိန်းမတစ်ယောက်က ဖုန်းဆက်ပြီး ကျွန်တော်လိုချင်တဲ့ ပစ္စည်းတချို့နဲ့ ပတ်သက်ပြီး ပြောစရာရှိတယ်လို့ဆိုတယ်။ နာရီဝက်အတွင်း သူနဲ့ လာတွေ့ရင် ဒေါ်လာ တစ်သောင်းလောက် အမြတ်ထွက်စရာရှိတယ်၊ သူ့အတွက် ပွဲခတစ်ထောင်ပေးရမယ်လို့ ပြောတယ်"

"ဒီတော့ခင်ဗျားဘာလုပ်သလဲ"

"အဲဒီအမျိုးသမီးချိန်းတဲ့နေရာကို ကျွန်တော် လာတွေ့မယ်လို့ ပြောလိုက်ပါတယ်"

"အမျိုးသမီးက ဘယ်သူလဲ"

"နာမည်မပြောဘူးဆရာ၊ သူစိမ်းအမျိုးသမီးတစ်ယောက်ပဲ။ ရင်ဘတ်မှာ အဖြူရောင် ဇော်မွှားပန်းပုံ ဇာနားကွပ်ထားတဲ့ အစိမ်းရင့်ရောင် ဝတ်စုံ ဝတ်ထားမယ်လို့ ပြောတယ်"

"အစိမ်းရင့်ရောင် ဝတ်စုံတဲ့လား၊ ဗီဗီယန်ကာဆင်နဲ့ နာဒင်းပါးမားကို လူမှားပြီး နောက်ယောင်ခံလိုက်မိတုန်းကလည်း ဒီအရောင်ပဲမဟုတ်လား။ သူတို့နှစ်ယောက်စလုံး အဲဒီအရောင်ဝတ်ခဲ့ကြတယ်လေ၊ ကောင်းပြီ၊





ဆက်ပြောပါဦး။ သူချိန်းတဲ့နေရာကို သွားတော့ အဲဒီအမျိုးသမီး တွေ့သလား"

"ဟင့်အင်းဆရာ၊ ကျွန်တော်နာရီဝက်လုံးလုံးစောင့်တယ်၊ လုံးဝပေါ်မလာဘူး"

မေဆင်က မျက်မှောင်ကြုတ်၍

"ဒါကြောင့် ခင်ဗျားနောက်ကျနေတာပေါ့ ဟုတ်လား"

"ပြောရင်လဲ ပြောစရာပဲပေါ့ဆရာ။ ဒါပေမယ့် ဆရာ့ အတွင်းရေးမှူးက ဆရာဒီအိမ်ကိုမလာခင် တခြားလူတစ်ယောက်နဲ့ သွားတွေ့စရာ ရှိတယ်လို့ ပြောထားတော့ ကျွန်တော်လည်း အလောတကြီး မဟုတ်ဘဲ အေးအေးဆေးဆေးမှ လာခဲ့တာပါ။ ကျွန်တော်ဒီကို တစ်နာရီလောက်မှာ ရောက်ပါတယ်ဆရာ"

"ခင်ဗျားဒီကိုရောက်တော့ ဟိုဘက်ခြမ်းက မစ္စတ်ကာဆင်ကို အရိပ်အယောင်မတွေ့မိဘူးလား"

"ဟင့်အင်း မတွေ့ဘူးဆရာ"

"မစ္စက်ကာဆင်ရဲ့ကားကိုကော တွေ့သလား"

"မတွေ့ဘူးဆရာ"

"အိမ်ရဲ့ ဟိုဘက်ခြမ်း ဘေးတံခါးနားမှာ ကားရပ်ထားလေ့ရှိတယ် မဟုတ်လား။ ဒီတော့ မစ္စက်ကာဆင်ရဲ့ကား ရှိမရှိကို ခင်ဗျားသတိမထားမိတာကော မဖြစ်နိုင်ဘူးလား"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်ကလည်း တခြားကိစ္စတွေ စဉ်းစားနေတော့ အသေအချာ မကြည့်မိတာတော့ မှန်ပါတယ်။ ပြီးတော့ မစ္စတ်ကာဆင်ရဲ့ကားက ဂိုထောင်ထဲထည့်ထားတာလည်း ဖြစ်နိုင်တယ်။ သံဆူးကြိုး စည်းရိုးရဲ့ တိုဘက်ခြမ်းမှာ ကားဂိုဒေါင် ရှိတယ်ဆရာ"

မေဆင်က အိုဒင်ကို စဉ်းစဉ်းစားစား အမူအရာဖြင့် ကြည့်နေပြီး အလေးအနက် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် အီဒင်၊ ရှင်းရှင်းပြောကြရအောင်ဗျာ၊ ခင်ဗျား ဒီကိုရောက်တာ ဘယ်အချိန်လဲ၊ အတိအကျပြောစမ်းပါ"

"ဘုရားရေ ကျွန်တော်အတိအကျတော့ မသိဘူးဘူးဆရာ တစ်နာရီမထိုးခင်၊ အဲလေ...တစ်နာရီထက် နည်းနည်းကျော်ရင် ကျော်မယ်၊ ဘာဖြစ်လို့လဲဆရာ၊ ကျွန်တော့်ကို ပြန်လှန်မေးခွန်းတွေနဲ့ စစ်ဆေးနေလို့ ဘာထူးမှာလဲ"

"ခင်ဗျားကို ပြန်လှန်မေးခွန်းတွေ မေးနေတာ မဟုတ်ဘူး အီဒင်၊ အချက်အလက် အမှန်တွေရအောင် ကြိုးစားနေတာ၊ ခင်ဗျားရဲ့ ရုံးခန်းက ထွက်လာတဲ့အချိန် အတိအကျကိုလည်း သိချင်တယ် ခင်ဗျား အခုမပြောရင် ရဲအဖွဲ့က မေးတဲ့အခါ ဒုက္ခရောက်လိမ့်မယ်"

"အို ရဲအဖွဲ့ကမေးလည်း ကျွန်တော် မပြောနိုင်ပါဘူး။ ကျွန်တော် အလုပ်လုပ်တာ အချိန်မှတ်နာရီကြည့်ပြီး လုပ်နေတာမှ မဟုတ်ဘဲ။ ရုံးခန်းက ဘယ်အချိန်ထွက်ခဲ့တယ်ဆိုတာလည်း အတိအကျတော့ မသိဘူးဆရာ"

"ထွက်လာတော့ တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်၊ ဟိုအမျိုးသမီး ဖုန်းဆက်ပြီးချိန်းတဲ့ လမ်းထောင့်က နေရာတစ်နေရာကို သွားစောင့်နေတာ နာရီဝက်လောက်ကြာတယ်။ အစိမ်းရင့်ရောင်ဝတ်စုံနဲ့ အမျိုးသမီးဆိုတာကို လုံးဝမတွေ့လို့ အဲဒီနေရာကနေ ဒီကိုတန်းပြီး ကားမောင်းလာခဲ့ပါတယ်"

"ကာဆင်ရဲ့ အလောင်းက ဓားမြှောင်ကိုတွေ့သလား"

"ဟုတ်တဲ့တွေ့ပါတယ်"

"အဲဒီဓားမြှောင်ကို အရင်က မြင်ဖူးသလား"

"မြင်ဖူးတယ်ထင်တယ်ဆရာ"

"ဘယ်မှာလဲ၊ ဘယ်မှာမြင်ဖူးတာလဲ"

"အဲဒီဓားမြှောင်ဟာ ဓားအစုံလိုက် အတွဲထဲက တစ်ခုဖြစ်မယ်





ထင်တယ်။ ကာဆင်က ကျွန်တော့်ကို အဲဒီလိုဓားမျိုးတွေ အစုံလိုက် ပေးဖူးတယ်"

"ဘာဗျ ကာဆင်က ခင်ဗျားကို ဓားတွေပေးဖူးတယ် ဟုတ်စ"

"ဟုတ်ပါတယ်ဆရာ၊ အိမ်ဆောက်လို့ ပြီးသွားတော့ ကျွန်တော်က သူ့ကို ပေးစရာကျန်တဲ့ငွေကို ချက်လက်မှတ်ရေးပြီး ပေးချေပါတယ်၊ အဲဒီအခါ ကာဆင်က ကျွန်တော့်ကို အမှတ်တရ လက်ဆောင်ကလေး ပေးမယ်ဆိုပြီး မီးဖိုဆောင်မှာ ဓားတွေချိတ်ဆွဲဖို့ သံလိုက်ချောင်း တပ်ဆင်ပေးတယ်။ ပြီးတော့ ဓားမျိုးစုံ အစုံလိုက် ဝယ်ပြီး သံလိုက်ချောင်းမှာ ချိတ်ဆွဲ ပေးခဲ့တယ်။ ဓားတွေကတော့ အသေးဆုံးအရွယ်ကနေ ပေါင်မုန့်လှီးဖို့ အသားတင် လှီးဖို့၊ တိုလီမိုလီခုတ်ဖို့အထိ မျိုးစုံပါပဲ။ ကာဆင်ဟာ ကျွန်တော့်ကို လက်ဆောင်ပေးတဲ့ ဓားအစုံလိုက်အတိုင်း သူ့အတွက်လည်း ဝယ်သေးတယ်လို့ပြောတယ်၊ အခုသူ့အလောင်းမှာ စိုက်နေတဲ့ ဓားလက်ကိုင်ရိုးမျိုးကို အဲဒီဓားအစုံတွေထဲမှာ တွေ့ဖူးတယ် ထင်ပါတယ်"

"အဲဒီဓားမြှောင်ဟာ ကာဆင်က ခင်ဗျားကို လက်ဆောင်ပေးတဲ့ ဓားတွေထဲက ဟုတ်မဟုတ် ခင်ဗျား မပြောနိုင်ဘူး မဟုတ်လား"

"ဘယ်လိုမေးလိုက်တာလဲ ဆရာ၊ ဆရာဘာသိချင်လို့ မေးနေတာလဲ ကာဆင်ရဲ့အလောင်းကိုဒီမှာတွေ့တာ ဆရာနဲ့ကျွန်တော် အတူတူပဲ၊ ဆရာကတောင် အရင်တွေ့တယ်ထင်တယ်၊ ကျွန်တော်က ကာဆင်ရဲ့ အလောင်း ဆိုတာ သေချာရုံလောက်ပဲ အနားက ကပ်ကြည့်ခဲ့ပါတယ်၊ အဲဒီနောက်တော့ သတင်းထောက်တွေက ကျွန်တော့်ကို ဝိုင်းပြီး မေးကြမြန်းကြတာပါပဲ၊ သူတို့ဟာ အနေအထားတွေကို ရှုပ်ထွေးသွားအောင် လုပ်ခဲ့ကြတာတော့ မကောင်းဘူးထင်တယ်"

"သတင်းထောက်တွေက ပြဿနာမဟုတ်ပါဘူး။ ရဲအဖွဲ့ကလည်း ခင်ဗျားကို အသေးစိတ် မေးကြည့်ကြဦးမှာပဲ၊ ဘယ်အချိန်က ခင်ဗျားဘယ်နေရာမှာ ရှိနေခဲ့သလဲဆိုတာ ရအောင်မေးကြလိမ့်မယ်၊ ခင်ဗျားတို့ မြင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါတယ်ဆိုတဲ့ သက်သေတွေလည်း မြနိုင်းလိမ့်မယ်"

"တျွန်တော် ဘယ်နေရာမှာရှိနေခဲ့ပါတယ်ဆိုတာ သက်သေ မပြနိုင်ဘူးဆရာ၊ သူတို့က ဘယ်အချိန်ကို သိချင်တာလဲ"

"ဒါကတော့ အလောင်းကို ခွဲစိတ်စစ်ဆေးတဲ့ ဆရာဝန်က သေတဲ့အချိန်ကို ပြောတော့မှ သိရမှာပဲ"

မဆောင်တ ပြောပြောဆိုဆို ရဲအုပ်ကြီးထရက်တို့အဖွဲ့ ရှိနေသော ဧည့်ခန်းဘက်သို့ ပြန်လှည့်လာခဲ့သည်၊ ထရက်သည် လေးဖက်ထောက်လျက် ဦးခေါင်းကိုမြှင့်လိုက် နှိမ့်လိုက်လုပ်တာ ကြမ်းပြင်ပေါ်မှ ရေစက်ရေတွက်များ၏ရောင်ပြန်ကို ကြည့်ရှုနေသည်၊

"ခင်ဗျား ကျုပ်ကို ထပ်ပြီးမေးစရာ ရှိသေးသလား ရဲအုပ်ကြီး"

မဆောင်က လှမ်းမေးသည်၊

"ထပ်ပြီး မေးစရာရှိသလားတဲ့၊ နေစမ်းပါဦးမဆောင် ခင်ဗျားကို တျုပ်ဘာမှ မမေးရသေးပါလား၊ ပြီးတော့ မော်လေအိခင်ကိုလည်း ဘာမှမမေး ရသေးဘူး၊ သူ့ကို ဘယ်မှမသွားစေနဲ့ဦး"

"ခင်ဗျား အခုဘာလုပ်နေတာလဲ"

"အခုလား ကြမ်းပေါ်က ရေစက်ကလေးတွေကို ကြည့်နေတာလေ၊ ဒါတွေဟာ ရေခဲအတုံးကလေးတွေ ရေပျော်လို့ဖြစ်တဲ့ ရေစက်ကလေးတွေလို့ ခင်ဗျားထင်သလား"

"ခင်ဗျားဆိုလိုတာက ကာဆင်ဟာ အသတ်ခံရချိန်မှာ လက်ထဲမှာ ဖန်ခွက်ကိုင်ပြီး တစ်ခုခုသောက်နေတယ်လို့ ပြောချင်တာလား"

မဆောင်က မေးသည်၊

"အစစ်ပဲ၊ ကျုပ်တော့ အဲသလိုထင်တယ်"ဟု ထရက်က ပြန်ဖြေသည်၊

"တျုပ်တော့ မသိဘူးဗျာ၊ ဒါပေမယ့် ခင်ဗျား စဉ်းစားသင့်တဲ့အချက်တစ်ခုကို အကြံပေးချင်တာရှိတယ်"





"ဘာလဲဗျ"

"စောစောက ကျုပ်ပြောခဲ့တဲ့ဟာလေဗျာ၊ အိမ်ရဲ့ ဟိုဘက်ခြမ်းနဲ့ ဒီဘက်ခြမ်း ကူးသန်းချင်ရင် အိမ်နောက်ဖေး ရေကူးကန်အလယ်က သံဆူးကြိုးအောက် ရေငုပ်ဝင်ပြီး ဖြတ်ကူးနိုင်တယ်ဆိုတာလေ"

"ဒါဖြင့် ဒီရေစက်ကလေးတွေဟာ ရေကူးကန်က ရေတွေလို့ ခင်ဗျားထင်သလား"ဟု ထရက်က မေးသည်၊

"ဖြစ်နိုင်တဲ့ အချက်တစ်ချက်ကို ပြောရတာပဲ ရဲအုပ်ကြီး၊ ရေကူးကန်ထဲက ရေဟာ ထုံးစံအတိုင်း သန့်ရှင်းစင်ကြယ်အောင် ဆေးခတ်ထားကြတယ် မဟုတ်လား၊ ဒီတော့ အခုကြမ်းပေါ်က ရေစက်ကလေးတွေဟာ ရေကူးကန်ကရေလား သောက်ရေလား ကွဲကွဲပြားပြားသိအောင် ဓာတ်ခွဲကြည့်ရင်ကောင်းမယ်၊ ရေငွေ့ပျံပြီး ခြောက်မသွားခင် ပုလင်းကလေးတွေထဲ ရအောင်ထည့်..."

မဆောင်၏ စကားမဆုံးမီ ရဲအုပ်ကြီးထရက်က ရဲအဖွဲ့ဝင်တစ်ဦးကို လှမ်းပြောသည်၊

"ကျားသားမိုးကြိုးကွာ၊ မဆောင်က တို့ကို အကူအညီပေးနေပါလား၊ ဒါဆိုသူ့ဆီမှာအကြံတစ်ခုခုရှိတာ သေချာနေပြီ၊ ဘာပဲဖြစ်ဖြစ်လေ ဒီရေစက်ကလေးတွေကိုယူပြီး ဓာတ်ခွဲကြည့်ခိုင်းဖို့တော့ လိုတယ်"

ထရက်က မတ်တတ်ရပ်လိုက်ပြီး ရဲအဖွဲ့ဝင်တစ်ဦးအား ဌာနချုပ်သို့ ဝါယာလက်ဖြင့်ဆက်၍ ရေစက်များကို စုပ်ယူရန် ကိရိယာများ အမြန်ပို့ပေးဖို့ ပြောခိုင်းသည်၊ ရဲအဖွဲ့ဝင် အရေးတကြီး ထွက်သွားချိန်တွင် ထရက်က အိခင်ဘက်သို့ လှည့်၍

"ကိုင်း...ပြောစမ်းပါဦး၊ ကာဆင်ဟာ ဒီအိမ်ထဲကို ဘယ်လို ရောက်နေသလဲ ခင်ဗျားက တံခါးတော့ ဖွင့်မထားခဲ့ပါဘူးနော်"

အိခင်က ခေါင်းခါပြသည်၊ မဆောင်က ကြားဝင်၍ ရှင်းပြသည်၊

"ဒီလိုရှိပါတယ် ရဲအုပ်ကြီး၊ လော်ရင်းကာဆင်ဆီမှာ ဒီအိမ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သော့တွေ အစုံလိုက်ရှိနေခဲ့ပါတယ်၊ ကာဆင်ဟာ ဒီအိမ်ကို ဆောက်ခဲ့တဲ့ တန်ထရိုက်ပါ။ အီဗင် လိုချင်တဲ့ပုံစံအတိုင်း အိမ်ကို ဆောက်ပေးပြီးတော့ ကာဆင်က အီဗင်ကို လွှဲပေးခဲ့တာ ဖြစ်ပါတယ်"

ထရက်က...

"ကောင်းပြီလေ၊ ကျုပ်နားလည်ပါပြီ။ ဒီတော့ သေမှုသေခင်း စစ်ဆေးရေးရုံးက ကိုယ်စားလှယ်တစ်ယောက် ရောက်တဲ့အထိ ထုံးစံအတိုင်း စောင့်ရမှာဖြစ်ပေမယ့် အခြေအနေအရ အရေးကြီးတာမို့ သေသူရဲ့ အိတ်တွေထဲကို ကျုပ်တို့ ရှာကြည့်ရင်ကောင်းမယ်ထင်တယ်၊ တွေ့တဲ့ ပစ္စည်းတွေ စာရင်းနဲ့မှတ်ထားကြတာပေါ့။ မှတ်တမ်းတင် ဓာတ်ပုံဆရာနဲ့ သေမှုသေခင်းစစ်ဆေးရေးရုံးက ကိုယ်စားလှယ်လည်း အတော်ကလေး ကြာရင် ရောက်လာမှာပါ"

ထို့နောက် အီဗင်ဘက်သို့လှည့်၍ အိပ်ရာခင်း သို့မဟုတ် ခေါင်းအုံးစွပ် တစ်ခုခုရနိုင်မလားဟု မေးသည်။ သေသူ၏ အိတ်ထဲမှ ရှာဖွေတွေ့ရှိသော ပစ္စည်းများထည့်ရန် တောင်းခြင်းဖြစ်သည်။ အီဗင်က ခေါင်းအုံးစွပ်တစ်ခု ယူပေးမည်ဟု ပြောပြီး ထွက်သွားသည်။ ထရက်က အလောင်းကို ကြည့်နေရာမှ နောက်သို့ အနည်းငယ်ဆုတ်၍ အတဲခတ်သလို လှမ်းကြည့်နေပြန်၍ မေဆင်က...

"ဘာတွေ့လို့လဲ ရဲအုပ်ကြီး"ဟု မေးသည်။

"စဉ်းစားစရာတွေ ရှိနေတယ်ဗျ၊ ဒီလူ့ရုပ်အင်္ကျီကိုကြည့်စမ်း၊ အတော့ကို အဖိုးတန်တဲ့ အင်္ကျီဗျ၊ အင်္ကျီလက်အနားတွေကိုကြည့် လက်ကြယ်သီးတွေဟာ မည်းနေပေမယ့် အမည်းရောင်ကွာနေတဲ့ နေရာတွေမှာ စိန်ရောင်တောက်နေတယ်"

ထိုစဉ် အီဗင်ဝင်လာပြီး ခေါင်းအုံးစွပ်တစ်ခု လှမ်းပေး၍

"တစ်ခုဆို တော်ပြီလား ရဲအုပ်ကြီး"

"တစ်ခုဆို ရပါပြီ၊ ကျေးဇူးပဲ"





ထရက်က ပြောပြောဆိုဆို ကြမ်းပြင်ပေါ်တွင် ခေါင်းအုံးစွပ်ကို ချ၍ အလောင်းဘေး၌ ဒူးထောက်ကာ အင်္ကျီအိတ်များထဲမှ ပစ္စည်းများကို ထုတ်ပြီး ခရီးသွားချက်လက်မှတ်စာအုပ် တစ်ခုကိုတွေ့၍ ဖွင့်ကြည့်ပြီးနောက် ထရက်က

"အလို...တစ်ရာတန် ခရီးသွားချက်လက်မှတ်တွေနဲ့ ဒေါ်လာ ငါးထောင်ဖိုးပါလား၊ နာမည်က အေ၊ တီ၊ အယ်လ်၊ ဆေးမားတဲ့ ဒါ... သူ့ရဲ့ နာမည်ခွဲတစ်ခု ဖြစ်လိမ့်မယ်၊ ဝင်ငွေခွန်ဌာနကို လှည့်ဖြားဖို့ နာမည်ခွဲ အသုံးပြုနေခဲ့တယ်ထင်တယ်။ ဒါမှမဟုတ်ရင် မိန်းမကိစ္စ တစ်နေရာရာမှာ ရှုပ်ဖို့ ပွေဖို့အတွက် နှစ်ကိုယ်ခွဲ ဘဝနဲ့ စမ်းသွားနေသလားပဲ"

အိတ်တစ်ခုကို လက်နှိုက်ပြီးနောက် ထရက်က

"ဟော...ပိုက်ဆံအိတ်ထဲမှာက ဒေါ်လာ တစ်ထောင်တန်ငွေ စက္ကူ ၁၅ ရွက်၊ တင်ပါးအိတ်ထဲမှာ ပိုက်ဆံအိတ်တစ်ခု ထပ်တွေ့ပြန်ပြီ။ ဒီအထဲမှာက တစ်ရာတန် ငွေစက္ကူတွေ၊ အတော်ငွေဖောတဲ့ လူပါလားဗျို့ အင်း... ပြီးတော့ ခုနက ခင်ဗျားက သော့တွေအကြောင်းပြောလို့၊ ဟော ဒီမှာ သော့တွဲတစ်ခု တွေ့တယ်"

ထရက်က အီဗင်ဘက်သို့လှည့်၍

"ကိုင်း မစ္စတာအီဗင်၊ သေသူ ကာဆင်က ဒီအိမ်ရဲ့သော့ အပိုင်ဆောင်ထားတယ်ဆိုတာ ဟုတ်မဟုတ် စမ်းကြည့်ကြရအောင်၊ အဲလေ-ဒီတ်ခရိုပါနဲ့နော်၊ ကာဆင်ဆီမှာ သော့တွဲအပို တစ်ခု ရှိကောင်းရှိနိုင်တယ်လို့ပြောတာ ခင်ဗျား မဟုတ်ဘူး၊ ပယ်ရီမေဆင်က ပြောခဲ့တာပဲ၊ ပယ်ရီမေဆင်က ဒီလိုကိစ္စမျိုးမှာ ဝင်ပြီး အကြံပေးရင် ပိုရှုပ်ကုန်တတ်တယ်ဗျ၊ အဲဒါဖြစ်ဖြစ်လေ သော့ချင်းတိုက်ကြည့်ရင် သိမှာပါ။ ခင်ဗျားဆီက သော့ပြစမ်းပါ"

မော်လေအီဗင်က သူ့အိတ်ထဲမှ သော့တွဲအိတ်ကို ထုတ်ပေးသည်။ သော့များကို အချောင်းလိုက် သူနေရာနှင့်သူ ထည့်ထားရသော သားရေ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကလေး ဖြစ်သည်။ ထရက်က အိတ်ကိုဖွင့်၍ သော့များကို စစ်ကြည့် ပြီး…

"ဟောဒီမှာ ကြည့်ရအောင် ဒါက အိမ်ရှေ့တံခါး သော့လား"

"ဟုတ်ကဲ့၊ အိမ်ရှေ့တံခါးသော့ပါ"

"ခင်ဗျားရဲ့ သော့တွဲအိတ်ထဲမှာ သော့တစ်နေရာစာ လစ်လပ်နေ လား၊ ဘာဖြစ်လို့လဲ"

အီဒင်က ပယ်ရီမေဆင်အား မသက်မသာဖြင့် လှမ်းကြည့်သည်။

ထရက်က-

"ခင်ဗျားရဲ့ ရွှေနေကြီးကို စိတ်ပျက်လက်ပျက် လှမ်းကြည့်နေ လား။ ဒါဆို ဒီသော့တစ်ချောင်း လစ်လပ်နေတဲ့ ကိစ္စဟာ အတော်အ ကြီးနေပြီထင်တယ်။ ဒီတော့ကာ မစ္စတာအီဒင် အဲဒီသော့ကိစ္စကို အရ ရှင်းရင် ကောင်းမယ်"

မေဆင်က ဝင်ပြောသည်။

"ကိစ္စမရှိပါဘူး ရဲအုပ်ကြီး ကျုပ်ရှင်းပြပါ့မယ်၊ ကျုပ်က အိမ် တစ်ဖက်ခြမ်း တံခါးသော့ကို အီဒင်ဆီကတောင်းတယ်၊ သူက သော့အိမ် ဖြုတ်ပေးလိုက်တယ်၊ ဒါကြောင့် အဲဒီသော့ နေရာလစ်နေတာပဲ"

"ဪ… ဒီလိုလား ဒါဖြင့် အီဒင်က အဲဒီသော့ကို ဖြုတ်ပြီး ခင် ကို ပေးလိုက်တာပေါ့၊ ဘယ်တံခါးဖွင့်တဲ့သော့လဲ"

"ဒီအိမ်ရဲ့ ဟိုဘက်ခြမ်း ဘေးတံခါးသော့ပါ"

"မစ္စက်ကာဆင်ကို ပိုင်ဆိုင်ခွင့် ပေးထားတဲ့ ဟိုဘက်ခြမ်းလား"

"ဟုတ်ပါတယ်"

"ကောင်းပြီလေ၊ အဲဒီသော့ ကျုပ်ကို ပေးနိုင်မလား မေဆင် သော့ တွေ အားလုံးကို ယှဉ်ကြည့်ပြီး ကာဆင်ဆီမှာ အိမ်သော့အားလုံး ဆောင်ထားတာ ရှိမရှိ စစ်ကြည့်ရအောင်"

မေဆင်က ထိုသော့ကို ကမ်းပေးလိုက်သည်။





"ကျေးဇူးပါပဲ ခင်ဗျာ" ဟု ထရက်က တမင်အမူအရာလုပ်၍ ပြောဆို ပြီး

"ခင်ဗျားတော့ ကိုယ့်ထောင်ချောက်ထဲ ကိုယ်ပြန်ဝင်မိပြီ ထင်တယ်။ သေသူ ကာဆင်ဆီမှာ ဒီအိမ်ရဲ့သော့ပိုတွေ ရှိလိမ့်မယ်လို့ ခင်ဗျားက အကြံပေးခဲ့တယ်။ အီဒင်ဆီက သော့တွေကို ကျုပ်က တောင်းကြည့်လိမ့် မယ်လို့ ခင်ဗျားမထင်ခဲ့ဘူး မဟုတ်လား မေဆင်။ ဒါပေမယ့် အီဒင်ဆီက သော့တွဲကို ကျုပ်ကနေ တောင်းကြည့်တော့ သော့တစ်ချောင်း ခင်ဗျား ယူထားတယ်ဆိုတာ ပေါ်သွားတော့တာပေါ့။ စိတ်မရှိပါနဲ့နော်၊ ဒါပေမယ့် ဟိုဘက်ခြမ်းမှာက အခုတယ်သူမှ မနေဘူးမဟုတ်လား"

"မစ္စက်ကာဆင် နေနေပါတယ်"

အီဒင်က ဝင်ပြောသည်။

ထရက်က အီဒင်ဆီမှရသော သော့တွဲနှင့် အလောင်းမှ ရသော သော့တွဲကို တစ်ခုချင်း ယှဉ်ကြည့်နေရာမှ

"နေစမ်းပါဦး၊ မစ္စတာမေဆင်က မစ္စက်ကာဆင်နေတဲ့ ဟိုဘက်ခြမ်း တံခါးသော့ကို ဘာကြောင့် တောင်းရတာလဲ"ဟု ရုတ်တရက် မေးသည်။

"ဒါတော့ ကျွန်တော်မသိဘူး"

အီဒင်က ပြန်ဖြေသည်။

"ခင်ဗျား သိလိမ့်မယ်လို့ ကျုပ်လည်း မထင်ပါဘူး၊ ဒီတော့ မစ္စတာ မေဆင်ကပဲ ရှင်းပြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"လူသတ်သမားဟာ ဟိုဘက်ခြမ်းမှာများ ခိုအောင်းနေမလားလို့ သွားကြည့်ဖို့ အဲဒီသော့ကို တောင်းခဲ့တာပါ"

မေဆင်က ပြန်ဖြေသည်။

"တယ်သတ္တိကောင်းပါလား မေဆင်"

ထရက်က ရိတိတိပြန်ပြောသည်။

"ဒါကတော့ဗျာ၊ လူသတ်မှုဟာ ခါးမြှောင်နဲ့ ထိုးသတ်သွားတဲ့အမှု



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ လူသတ်သမားဟာ ဓားမြှောင်နဲ့ ထိုးသွားပြီး ဓားလည်း အလောင်းမှာကျန်ခဲ့တယ်ဆိုတော့ သူ့မှာ လက်နက်မရှိတော့ဘူးလို့ တွက်နိုင်တယ်လေ၊ သေနတ်နဲ့ပစ်သတ်သွားတဲ့ လူသတ်မှုနဲ့ မတူဘူးဗျ၊ သေနတ်ကတော့ ကျည်ဆန်တွေ ကျန်နိုင်သေးတယ်"

မေဆင်က ခပ်တည်တည်ဖြင့် ပြန်ရှင်းပြသည်။

"အင်း ယုတ္တိရှိပါပေတယ်၊ အင်မတန် ယုတ္တိရှိပါပေတယ်ဗျာ"

ထရက်က ပြန်ပြောသည်။

"ပြီးတော့ ခင်ဗျားက လူသတ်သမားဟာ အမျိုးသမီး တစ်ယောက်လို့ ထင်ပုံရတယ်။ ဒီတော့ ဒီလိုလုပ်ရအောင်၊ ခင်ဗျားက မကန့်ကွက်ဘူးဆိုရင် တစ်ဖက်ခြမ်းကို ကျုပ်နဲ့ လိုက်ခဲ့ပါလား၊ ခင်ဗျား ဟိုဘက်ခြမ်းမှာ ဘာကို သွားကြည့်သလဲဆိုတာ လေ့လာရအောင်"

"အခု သွားကြည့်ရင် မစ္စက်ကာဆင်ကို တွေ့ရမှာပေါ့"

မေဆင်က ပြန်ပြောသည်။

"ဩော်... ခင်ဗျားက သိနေတာကိုး ။ ဒါပေမယ့် အခုသွားကြည့်ရင်ဆိုတဲ့ စကားကိုထောက်တော့ ခင်ဗျားသွားစဉ်တုန်းက မစ္စက်ကာဆင်ဟာ အဲဒီမှာ မရှိသေးဘူးပေါ့"

"ဟုတ်တယ် မစ္စက်ကာဆင် ဈေးသွားဝယ်နေတယ်"

"ဟုတ်လား၊ ကောင်းဗျာ။ ကျုပ်တို့တော့ သတင်းတစ်ခုပြီးတစ်ခု ရနေပြီပဲ ။ ကိုင်း... ဒါဆို ကျုပ်တို့မစ္စက်ကာဆင်ဆီ အခုသွားတွေ့ပြီး စကားပြောကြမယ်၊ ပယ်ရီမေဆင်က သူ့ကို ပြောခဲ့တဲ့ ညွှန်ကြားချက်တွေကို သေသေချာချာ စဉ်းစားပြီး မပြင်ဆင်နိုင်ခင် သွားမေးမှပဲ"

ထရက်က သူ့လူတစ်ယောက်ဘက်သို့လှည့်၍-

"ဒီမယ်ပေ့ာ ကြမ်းပေါ်က ရေစက်ကလေးတွေ အကုန်လုံး တစ်စက်မကျန် စုပ်ယူထားနော်၊ ရေစုပ်တဲ့ကိရိယာတွေနဲ့ သေသေချာချာ ရအောင်လုပ်ကြ၊ သေမှုသေခင်း စစ်ဆေးရေးရုံးက အရာရှိရောက်လာရင်လည်း





ဒီလူသေဆုံးတဲ့အချိန်ကို ငါအမြန်ဆုံးသိချင်တယ်၊ သေသူဟာ နောက်ဆုံး ဘာအစားအစာ စားထားသလဲဆိုတာကိုလည်း သိချင်တယ်လို့ပြောပြကြားလား၊ ကိုင်း. . . မစ္စတာမေဆင် မစ္စက်ကာဆင်ဆီကို သွားတွေ့ကြရအောင်၊ ဟိုရောက်ရင် မိတ်ဆက်ရုံမိတ်ဆက်ပေးဖို့ပဲ ခွင့်ပြုနိုင်မယ်။ ပြီးရင် မစ္စက်ကာဆင်ကို ကျုပ်က မေးမြန်းနေတုန်း ခင်ဗျား ဘာမှ ဝင်မစွက်ပါနဲ့"

"ရပါတယ်လေ၊ လာ. . . ရှေ့တံခါးက ထွက်ပြီး ကားလမ်းအတိုင်း ပြန်သွားပြီးမှ လမ်းထိပ်က ပြန်တွေ့ဝင်ရမယ်"

မေဆင်က ပြောသည်။

"ရေကူးကန်ဘက်က သွားလို့ မရဘူးလား"

"မရဘူးလေ၊ ရေကူးကန်အလယ်တည့်တည့်က ပိုင်းပြီး သံဆူးကြိုး ကာထားတာပဲ"

"ဟုတ်လား၊ အတော်လုံလုံခြုံခြုံ လုပ်ထားတာပဲနော်၊ ထားပါတော့ လေ ဒါထက် မစ္စက်ကာဆင်ကို ခင်ဗျားဘာတွေ ပြောခဲ့သလဲ"

"သူ့ယောကျ်ား အသတ်ခံရတယ်ဆိုတာ ပြောခဲ့တယ်"

"ဟာ တကယ်ပဲလား၊ အဲဒါ နာတာပဲဗျာ၊ ဒါမျိုးဟာ ရဲအဖွဲ့က ပြောရမယ့် ကိစ္စဗျ။ လူသတ်ခံရတဲ့သတင်းကို ပြောလိုက်ရင် အပြောခံရတဲ့ လူဟာ အံ့အားသင့်သွားသလား ဝမ်းနည်းသွားသလား၊ ဘယ်လိုနေသလဲ၊ မျက်နှာအမူအရာ ဘယ်လိုရှိသလဲဆိုတာ ကျုပ်တို့အကဲခတ်ဖို့ ရှိတယ်၊ ဒီလိုနည်းနဲ့ တစ်ခါတလေ ကျုပ်တို့အတွက် အင်မတန် အဖိုးတန်တဲ့ သဲလွန်စတွေ ရတတ်တယ်"

"ဆောရီးဗျာ၊ ကျုပ်ကတော့ သူ့ခင်ပွန်းဟောင်းသေတာ သူသိသင့်တယ်ထင်လို့"

"အဲဒါပြောဖို့ ဟိုဘက်ခြမ်းကိုခင်ဗျားသွားခဲ့လား"

"ဟင့်အင်း လူသတ်သမားဟာ ဟိုဘက်ခြမ်းမှာ ပုန်းချင်ပုန်းနေ



www.burmeseclassic.com

www.burmeseclassic.com



မယ် ထင်လို့ သွားကြည့်တာပဲ။ အဲဒီတုန်း မစ္စက်ကာဆင် ရောက်လာပြီး ရုတ်တရက် ကျုပ်နဲ့ တိုးတာပဲ"

"ခင်ဗျားက ဘာလုပ်နေလို့ ရုတ်တရက် တိုးရတာလဲ"

"အင်း ကျုပ်က တယ်လီဖုန်းပြောနေတုန်းထင်ပါရဲ့"

"တယ်လီဖုန်းပြောနေတယ် ဟုတ်စ စိတ်ဝင်စားစရာ ကောင်းလာပြန်ပြီ။ ခင်ဗျား ဖုန်းပြောနေတုန်း မစ္စက်ကာဆင်ရောက်တာဆိုတော့ ခင်ဗျား ဘာတွေ ပြောနေသလဲ၊ သူကြားမှာပေါ့"

"ဒါတော့ သူ့ကို မေးကြည့်လေ"

"စိတ်ချ...စိတ်ချ မေးမှာပါ။ ကျုပ်မမေးမီဘဲ မေ့နေရင်လည်း သတိပေးပါဦးနော်၊ ကဲ...လာဗျာ သွားကြရအောင်"

"နေဦးဗျ၊ ကာဆင်ရဲ့ အလောင်းကရတဲ့ သော့တွေဟာ အိမ်တံခါးတွေနဲ့တော်သလား ပြောစမ်းပါဦး"

"သေသေချာချာ စမ်းဖွင့်မကြည့်ရသေးဘဲ မပြောနိုင်ဘူး အိဒင်ဆီက သော့တွေနဲ့ ယှဉ်ကြည့်ရတာတော့ အတော်တူပါတယ် ကဲ. . . မစ္စတ်ကာဆင်နဲ့ ကျုပ်ကိုလိုက်ပြီး မိတ်ဆက်ပေးပါဦး"

ထရက်က မေဆင်၏လက်မောင်းကိုဆွဲ၍ တံခါးမှ ထွက်လာခဲ့သည်။

ထရက်က ကားဖြင့်သွားကြရန် ပြော၍ လမ်းမပေါ်တွင် အသင့်ရှိနေသော မေဆင်၏ ကားတံခါးကိုဖွင့်ပြီး ဝင်ထိုင်မည်ပြုစဉ် အိမ်ရှေ့ကွက်လပ်၌ စုရုံးနေကြသော သတင်းထောက်များ ဝိုင်းအုံလာကြသည်။

"ရဲအုပ်ကြီး. . . ခင်ဗျား ဘာတွေ စစ်ဆေးခဲ့ရသလဲ ခင်ဗျားနဲ့ တွေ့ပြီး မေးချင်တယ်၊ ဘယ်အချိန်တွေ့နိုင်မလဲ"

သတင်းထောက်တစ်ယောက်က လှမ်း၍မေးသည်။

"မကြာပါဘူး၊ ခဏလေးဗျာ အခုပြန်လာမယ်"

ထရက်က ပြောသည်။





"ပယ်ရီမေဆင်ကို ဘယ်ခေါ်သွားမလို့လဲဗျ၊ ဘာဖြစ်ကြတာလဲ"

ထရက်က မေဆင်ကို တိုးတိုးလှမ်းပြောသည်။

"စက်နှိုးဗျာ၊ မြန်မြန်ထွက်ပေတော့"

မေဆင်က စက်နှိုးပြီး ကားမောင်းထွက်စဉ်-

"သိပ်မကြာပါဘူး၊ ကိုယ့်လူတို့"ဟု ပြောခဲ့သည်။

မေဆင်က ကားကို လမ်းထိပ်အုတ်တိုင်အထိ မောင်းခဲ့ပြီး တစ်ဖက်ခြမ်းသို့ ကွေ့ဝင်ခဲ့သည်။

"မေဆင်. . . ဒီသော့နဲ့ ခင်ဗျား ဘေးတံခါးကို ဖွင့်ဝင်ခဲ့တာလား"

"ဟုတ်တယ်"

"ပိုင်ရှင်ဆီက ခွင့်ပြုချက် ယူရဲ့လား"

"ပိုင်ရှင်ဆီက ခွင့်ပြုချက် ယူခဲ့တယ်လေ ကျုပ်အမှုသည် အိဒင်က ဒီအိမ်ရဲ့ ပိုင်ရှင်ပဲ"

"ဒါပေမယ့် တရားရုံးက အမိန့်ရှိနေတယ် မဟုတ်လား"

"ဟုတ်တယ်လေ တရားရုံးအမိန့်ဆိုတာ အယူခံခွင့်ရှိသေးတာပဲ။ နောက်ဆုံး အပြီးအပြတ်အမိန့်ချထားတာမှ မဟုတ်တာ"

"အင်း. . . ခင်ဗျားတို့ ရှေ့နေတွေကတော့ ဆင်ခြေရန်ရှာတယ်လုပ်တတ်ကြသတိုး"

ထိုစဉ် မေဆင်က အိမ်၏ဘေးတံခါးရှေ့၌ ကားကိုထိုးဆိုက်လိုက်သည်။

"တရားရုံးက တားမြစ်မိန့်ထုတ်ထားတယ် မဟုတ်လား"

ထရက်က ထပ်မေးသည်။

"ဟုတ်တယ်၊ တရားရုံးကတားမြစ်မိန့်ကို ကျုပ်က ချိုးဖောက်ခဲ့တယ်။ အဲဒါက တရားသူကြီး ဂွတ်ဖွင်းနဲ့ ကျုပ်ဖြေရှင်းရမယ့် ကိစ္စပါ"

"ထားပါတော့လေ၊ ကျုပ်ရှင်းရှင်းပဲပြောမယ်မေဆင်၊ ဘယ်လိုမှ မအောက်မေ့နဲ့၊ ခင်ဗျားပြောတာ မှန်မမှန်သိရအောင် ဒီတံခါးကို ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ဝင်ခဲ့တယ်ဆိုတဲ့ သော့နဲ့ပဲ ဖွင့်ကြည့်ရအောင်၊ ခင်ဗျားပြောတာကို ထျှဲ့တ လုံးဝမယုံလို့ မဟုတ်ဘူးနော်၊ နောင်အခါ တရားရုံးမှာ ထွက်ဆိုတဲ့ အခါ အတိအကျ ပြောနိုင်ဖို့စမ်းကြည့်ရလိမ့်မယ်"

ထရက်က မေဆင်ကို ရှင်းလင်းပြောဆိုရင်း တံခါးသော့အိမ်ကို သော့တံဖြင့်ထည့်၍ ဖွင့်ကြည့်သည်။

တံခါးပွင့်သွားသောအခါမှ ပြန်ပိတ်ပြီး နံရံ လူခေါ်ခေါင်းလောင်းတိုနှိပ်သည်။ မိနစ်အတန်ကြာမှ တံခါးကို အတွင်းမှ ဖွင့်သံကြားရပြီး ဗီဗီယန်တာဆင်က တံခါးဖွင့်ပေးသည်။

"မစ္စက်ကာဆင်၊ ဒါလူသတ်မှုစုံစမ်းရေးဌာနက ရဲအုပ်ကြီး ထရက်ပဲ သူက ခင်ဗျားကို..."

မေဆင်၏ စကားမဆုံးမီ ထရက်က မေဆင်နှင့် ဗီဗီယန်ကြားသို့ ဝင်ရပ်လိုက်ပြီး

"ခင်ဗျားကို နည်းနည်းပါးပါး မေးမြန်းချင်တယ် မစ္စက်ကာဆင်၊ ခင်ဗျားအနေနဲ့ အခုပြောတာတွေဟာ အမှုပတ်စရာတွေ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဒါပေမယ့် ခင်ဗျားအတွက် မနစ်နာရအောင် ကျွန်တော်တို့ ကြိုးစားပေးပါ့မယ်၊ ကျွန်တော်သိချင်တာက လူသတ်မှုဖြစ်ပွားချိန်မှာ ခင်ဗျား ဘယ်မှာရှိနေခဲ့သလဲ"

"ကျွန်မ မသိပါဘူးရှင်၊ ဘာကြောင့်လဲဆိုတော့ လူသတ်မှု ဘယ်တုန်းက ဖြစ်တယ်ဆိုတာ ကျွန်မ မသိလို့ပါ"

ဗီဗီယန်က ရဲအုပ်ကြီးထရက်ကို မျက်လုံးချင်း ဆိုင်ကြည့်၍ ပြန်ဖြေသည်။

"ကောင်းဗျာ၊ အင်မတန်ကောင်းတဲ့ အဖြေပါပဲ၊ ပယ်ရီမေဆင်-သင်ပေးထားသလားလို့တောင် ထင်စရာပါပဲ"ဟု ထရက်က ပြန်ပြောသည်၊ ထို့နောက် ဆက်ပြောသည်။

"စိတ်တော့မရှိပါနဲ့ဗျာ၊ ဒီအိမ်ရဲ့ ခင်ဗျားဘက်အခြမ်းက ညှိခန်း





ကို ကျွန်တော်တို့ သွားကြည့်ချင်တယ်၊ ဒါထက် စကားမစပ် အိမ်ကိုခြမ်းထားတာက ဘယ်လိုခြမ်းထားသလဲ"

"သံဆူးကြိုးနံရံကို ညှိခန်းအလယ်ကနေ နောက်ဖေးအထိ ခြမ်းထားတယ်၊ ကျွန်မဘက် အခြမ်းမှာ တိုလီမိုလီ အသုံးအဆောင်တွေထားတဲ့ အခန်းရယ်၊ မီးဖိုဆောင်ရယ် ရေချိုးခန်းရယ်၊ အိမ်ဖော် အဆောင်ရယ် ရှိတယ်၊ ကျွန်မတ အိမ်ဖော်အဆောင်မှာ နေနေတယ်"

"မီးဖိုက ခင်ဗျားဘက်မှာပေါ့"

"ဟုတ်ပါတယ်"

"မီးဖိုဆောင်ထဲဝင်ကြည့်ပါရစေလား"

ထရက်ကပြော၍ ဗီဗီယန်က ရှေ့ဆောင်ပြီး ခေါ်သွားသည်။

မီးဖိုခန်းအဝင်တွင် ထရက်က ရပ်ပြီး ကြည့်ရှုနေရာမှ

"ခဏကလေးနော် ဟောဒီကြမ်းပေါ်မှာ အရောင်တစ်မျိုး ဖြစ်နေပါလား၊ စိုထိုင်းထိုင်းနဲ့ တစ်ခုခုဖိတ်ကျထားသလို ထင်ရတယ်"

"ဟုတ်ကဲ့ ကျွန်မ ဈေးအထုပ်တွေနဲ့ ဝင်လာတော့ မစ္စတာမေဆင်က ကျွန်မယောကျ်ား သေတဲ့အကြောင်း ပြောလိုက်ချိန်မှာ အထုပ်တွေ လွှတ်ကျပြီး နို့ပုလင်းနဲ့ ဆီပုလင်း တွဲကုန်ပါတယ် ဒါကြောင့် ကျွန်မ ဆေးကြော ရှင်းလင်းထားတာပါ"

"ဪ. . . ဪ သိပြီ မေဆင်က ဘယ်နားမှာ ရပ်နေခဲ့သလဲ"

"တယ်လီဖုန်းနားမှာပါ"

"တယ်လီဖုန်းနဲ့ဘာလုပ်နေသလဲ"

"တစ်ယောက်ယောက်ဆီ ဖုန်းလှမ်းဆက်နေတယ်"

"သူ ဘာတွေပြောနေသလဲ ကြားရသလား"

"တချို့တစ်ဝက် ကြားရပါတယ်"

"သူဘာတွေပြောနေတာ ကြားသလဲ၊ မစ္စတာမေဆင်ဟာ ထားခဲ့ တားမြစ်မိန့်ကိုတောင် ခဖောက်ဖျက်ပြီး ဒီဘက်ခြမ်းကို တယ်လီဖုန်း လာ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ အင်မတန် စိတ်ဝင်စားစရာပဲ"ဟု ထရက်ကပြောသည်။

"မစ္စတာမေဆင်ဟာ တစ်ယောက်ယောက်ဆီကို လှမ်းပြီးညွှန်ကြား နေတာဝါ၊ လူတစ်ယောက်ကို နောက်ယောင်ခံလိုက်ခိုင်းတဲ့ ကိစ္စပြောနေ ဝါတယ်"

"ဘယ်သူ့ကို နောက်ယောင်ခံခိုင်းသလဲ နာမည်ကို ကြားတယ် မဟုတ်လား"

"ဟုတ်ကဲ့ရှင့်၊ နာဒင်းပါးမားဆိုတဲ့ အမျိုးသမီးကို နောက်ယောင်ခံ လိုက်ပေးဖို့ ပြောသံကြားပါတယ်"

ထရက်က ဘောပင်ဖြင့် မှတ်စုစာအုပ်တွင် ခပ်သွက်သွက် ရေးမှတ် နေရာမှ

"နာဒင်းပါးမားတဲ့လား သူက ဘယ်သူလဲသိလား"

ဗီဗီယန်က

"နာဒင်းပါးမားဆိုတာ ကျွန်မယောက်ျားငှားခဲ့တဲ့ အလွှတ်စုံထောက် က ကျွန်မနဲ့ လူမှားပြီး နောက်ယောင်ခံ လိုက်ခဲ့တဲ့ မိန်းမပဲ၊ လူတစ်ယောက် နဲ့ ချိန်းတွေ့နေတာကို စုံထောက်က သိခဲ့တယ်လေ"

"သိပြီ၊ သိပြီ၊ ဒီတော့ ပယ်ရီမေဆင်က အဲဒီမိန်းမကို နောက်ယောင် ခံလိုက်ဖို့ တစ်ယောက်ယောက်ဆီကို တယ်လီဖုန်းနဲ့ လှမ်းပြောနေတယ်ပေါ့ ဟုတ်စ၊ ဘယ်သူ့ကို ညွှန်ကြားနေတယ်ဆိုတာကော သိလား"

"ဟင့်အင်း... အဲဒါတော့ ကျွန်မ မသိဘူး"

"ပေါလ်ဆိုတဲ့ နာမည်ခေါ်သံမကြားဘူးလား"

"ကြော် ဟုတ်တဲ့၊ ပေါလ်လို့ ခေါ်သံတော့ ကြားလိုက်ရတယ်၊ အဲဒီ တော့ ကျွန်မက အိမ်ထဲဝင်လာခါစ"

"ပြီးတော့ကော"

"မစ္စတာမေဆင်ဟာ ကျွန်မရောက်နေတာ သိသွားပုံရတယ်၊ လှည့် ကြည့်တော့ ကျွန်မကိုတွေ့သွားတယ်၊ ကျွန်မလည်း အတော် ပေါ်သဖြစ်





သွားတယ်၊ ဒါကြောင့် သူ့ကို အိမ်ပြန်ပြီး ယူစရာရှိတာ ယူမေတော့လို့ ပြောလိုက်ပါတယ်"

"ဟာ. . . သိပ်ကောင်းဗျာ၊ ပယ်ရီမေဆင်ကို ခုလို လက်ပူး လက် ကျပ် ဖမ်းမိလိုက်တာ သိပ်နိပ်တာပေါ့။ ဒီတော့ သူကဘာပြောသလဲ တယ်လီဖုန်းကို ဘာလုပ်သလဲ"

"သူက ဖုန်းပြန်ချလိုက်ပြီး ကျွန်မယောက်ျား အသတ်ခံရတဲ့ အကြောင်း ပြောတယ်"

"အဲဒီတော့ ခင်ဗျားလက်ထဲကိုင်လာတဲ့ ဈေးအထုပ်တွေ လွှတ်ကျ ကုန်တယ်ပေါ့"

"ဟုတ်ပါတယ်"

"ခင်ဗျားက ပြန်တောက်သလား"

"ဟုတ်ကဲ့"

"ပြီးတော့ ဘယ်မှာသွားထားသလဲ"

"မီးဖိုဆောင်မှာ ထားပါတယ်"

"ကောင်းပြီ ဒါဆို ကျုပ်တို့ မီးဖိုဆောင်ထဲ ဝင်ကြည့်ရအောင်၊ ဒါထက် ခင်ဗျားက ဘယ်မှာ ဈေးဝယ်ခဲ့တာလဲ"

"ကုန်မျိုးစုံကုန်တိုက်မှာ သွားဝယ်တာပါ"

"ဘယ်နားကဈေးလဲ"

"ဟောလီးဝုဒ်က ကုန်တိုက်လေ"

"ခင်ဗျားဆီမှာ ကုန်တိုက်ရဲ့ ဖောက်သည်လက်မှတ်ရှိသလား"

"ဟုတ်ကဲ့. . . ကျွန်မမှာ လက်မှတ်ရှိပါတယ်"

"ကောင်းတာပေါ့ ဖောက်သည်လက်မှတ်မှာ နံပါတ်တွေပါတယ် မဟုတ်လား။ ဒါဆိုကုန်တိုက်မှာ ခင်ဗျား ဈေးဝယ်တဲ့အချိန်ကို ငွေချေတဲ့ ကောင်တာမှာ ရှိတဲ့ ငွေရှင်းမှတ်တမ်းနဲ့ တိုက်ကြည့်ရင် ရတာပေါ့ ကိုင်း. . . မီးဖိုဆောင်ထဲသွားကြည့်ရအောင်၊ ရှေ့ကကြွပါ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုဗီယန်က ဦးဆောင်၍ခေါ်သွားသည်။ ထရက်က ပန်းကန်ဆေးဘန့်ဘောင်ပေါ်တွင် တင်ထားသော ဈေးထုပ်များကို လှမ်းကြည့်ပြီး

"ဈေးထုပ် လေးထုပ်နော်၊ အထုပ်ကြီးတွေ ပါလား"

"ဟုတ်ပါတယ်"

"ဒါဆို လေးထုပ်စလုံးကိုင်ပြီး အိမ်ထဲကို ခင်ဗျားဝင်ခဲ့တာ မဖြစ်နိုင်ဘူး။ နှစ်ထုပ်ကိုင်ပြီးဝင်ခဲ့မယ်၊ မေဆင်နဲ့တွေ့မယ်၊ လူသတ်မှုအကြောင်းသိရတော့ အထုပ်တွေ လွှတ်ကျမယ်၊ ပြီးတော့မှ နောက်ထပ် အထုပ်နှစ်ထုပ် ပြန်ယူမယ် အဲဒါ"

ထရက်၏စကားမဆုံးမီ ဗိဗီယန်က ဖြတ်ပြောသည်။

"မစ္စတာမေဆင်က ကားထဲက အထုပ်နှစ်ထုပ်သွားယူပေးပါတယ်"

"မေဆင်က ကျန်တဲ့ ဈေးထုပ်နှစ်ထုပ် သွားယူနေတုန်း ခင်ဗျားဘယ်မှာရှိနေသလဲ။ ဧည့်ခန်းဘက်သွားပြီး ဟိုဘက်ခြမ်းမှာ ဘာတွေဖြစ်နေသလဲလို့ ချောင်းကြည့်ရင် ရတယ်မဟုတ်လား"

"ဟင့်အင်း. . . ကျွန်မ ဘာမှမလုပ်နိုင်ဘူး၊ မစ္စတာမေဆင် ပြန်လာတဲ့အထိ ကျွန်မ ကုလားထိုင်ပေါ်ကတောင် မထနိုင်ဘူး၊ အရုပ်ကြိုးပြတ်ထိုင်နေမိတယ်"

ထရက်က မီးဖိုဆောင်အတွင်း မျက်စိရှင်ရှင်ဖြင့် လှည့်ပတ်ကြည့်နေပြီး

"ဟော... စိတ်ဝင်စားစရာတစ်ခု တွေ့ပြန်ပြီ။ သံလိုက်ချောင်းမှာ ဓားတွေ ချိတ်ထားပါလား။ လူသတ်မှုကလည်း ဓားနဲ့ထိုးသတ်သွားတာဆိုတော့ ဓားတွေကို ကြည့်ပါရစေ"ဟု ပြောပြောဆိုဆို ဓားများ ချိတ်ဆွဲထားသော သံလိုက်ချောင်းအနီးသို့ ကပ်ကြည့်သည်။

ဗိဗီယန်က

"ကြည့်ပါရှင်၊ ဓားတွေအားလုံး သူ့နေရာနဲ့သူ ရှိပါတယ်"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ အားလုံးသူ့နေရာသူ ရှိနေပုံပဲ၊





ဒါပေမယ့် ဒါက ဘယ်လိုလဲ"ဟု ပြောကာ သစ်သားရိုးတပ် အသားခုတ်ဓားတစ်ချောင်းကို စင်မှ ဖြုတ်လိုက်သည်။

"အဲဒါ ဓားတစ်ချောင်းပဲပေါ့ရှင်"

"ဟုတ်ပါတယ်. . . ဒါပေမယ့်"

ထရက်က ဓားကိုလက်ထဲ၌ လှည့်ပတ်ကြည့်ပြီး "ဒီဓားက လုံးဝမသုံးရသေးတဲ့ အသစ်စက်စက်လို ဖြစ်နေတယ်၊ ဓားသွားပေါ်မှာ ဆေးမင်တောင့်နဲ့ ရေးထားတဲ့ ဈေးနှုန်းတောင် ရှိနေသေးတယ်။ သုံးဒေါ်လာနဲ့ဆင့် ၂၀ တဲ့"

"အို. . . ဒါကတော့ ကျွန်မက ဒီအိမ်ကို မနေ့တစ်နေ့ကမှရောက်လာတာပဲ။ အချို့ပစ္စည်းတွေကိုဘာမှ မသုံးရသေးဘူးရှင့်"

"ခင်ဗျားပြောင်းလာတာ ဘယ်နေ့ကလဲ"

"တနင်္ဂနွေနေ့က ပြောင်းလာတာ၊ ယံဆူးကြိုးကာတာက စနေနေ့ညမှာပြီးတယ်။ တနင်္ဂနွေမနက်မှာ ကျွန်မပြောင်းလာတယ်"

"ဒီကြားထဲမှာ ခင်ဗျားအနေနဲ့ ဓားတွေကို မစစ်ဆေးကြည့်ရသေးဘူးပေါ့ ဟုတ်လား။ ဒီမယ် မစ္စက်ကာဆင်. ခင်ဗျား မှန်မှန်ပြောစမ်းပါ။ ခင်ဗျား ဈေးဝယ်တုန်းက ဓားတစ်ချောင်းမဝယ်ခဲ့ဘူးလား။ ခင်ဗျားယောက်ျား ကိုယ်ထဲ ထိုးသတ်ခဲ့တဲ့ ဓားနေရာမှာ အစားထိုးဖို့ ဓားတစ်ချောင်း လေ"

ဗိဗီယန်က အလောတကြီး တစ်စုံတစ်ရာ ပြန်ပြောမည်ပြုပြီးမှ ရုတ်တရက် ရပ်တန့်ကာ-

"ကျွန်မ. . . ကျွန်မ"ဟု ပြောနေစဉ် မေဆင်က-

"ရဲအုပ်ကြီး ထရက်ရဲ့ မေးခွန်းကို ဖြေဖို့မလိုဘူး မစ္စက်ကာဆင် သိတယ်မဟုတ်လား"ဟု ဝင်ပြောသည်။

ထရက်က မေဆင်ဘက်သို့ လှည့်၍

"မစ္စတာမေဆင်၊ ခင်ဗျားလည်း ဒီမှာရှိနေဖို့မလိုဘူး ထွက်ဆက်ငေး



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ခင်ဗျားကိစ္စပြီးပြီ၊ ခင်ဗျားသွားရင် ကောင်းမယ်"

"ဒါဟာ မစ္စက်ကာဆင်ရဲ့အိမ်ပါဗျ။ ဘယ်သူရှိနေစေချင်တယ် မရှိစေချင်ဘူးဆိုတာ သူက ဆုံးဖြတ်ပါလိမ့်မယ်"

"ဩော်. . . ခင်ဗျား ခုနက ပြောတော့ တစ်မျိုးပါလား၊ ဒါဟာ မော်လေအီဒင်ရဲ့အိမ်လို့ ခင်ဗျားပဲ ပြောခဲ့တယ်။ ဒါပေမယ့် ခုတော့ မစ္စက်ကာဆင်ရဲ့အိမ်လို့ ပြောပြန်ပြီ၊ ဒီမယ် မေဆင် အိမ်ရဲ့ဒီဘက်ခြမ်းကို မလာရဘူးလို့ တရားရုံးက တားထားတယ် မဟုတ်လား။ ဒီတော့ ဥပဒေကို ထိန်းသိမ်းရတဲ့ ရဲအရာရှိတစ်ယောက်အနေနဲ့ ခင်ဗျားကို ဒီနေရာက ထွက်သွားဖို့ ကျုပ်က အတင်းအကျပ် လုပ်လို့လည်းရတယ်၊ ကျုပ်ပြောတာ မလိုက်နာရင် ခင်ဗျား ဝတ္တရားနှောင့်ယှက်မှု ဖြစ်လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ်လေ မစ္စက်ကာဆင်ကို ဒီမှာ မေးမြန်းဖို့ မလွှတ်လပ်ရင် ရဲဌာနချုပ်ကို ကျုပ်ခေါ်သွားနိုင်တယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား။ ဒါကြောင့် ခင်ဗျား အေးအေးဆေးဆေး လာလမ်းအတိုင်းပြန်သွား၊ အီဒင်ဘက်အခြမ်းကနေ ကျုပ်တို့ စောင့်နေဗျာ၊ ဟုတ်ပြီလား ရှေ့နေကြီး"

မေဆင်က ဟန်ပါပါ ဦးခေါင်းညွှတ်၍

"ကောင်းပါပြီတဲ့ဗျာ ရဲအုပ်ကြီး၊ တရားရုံးတားမြစ်မိန့်တလည်း ရှိနေပြန်၊ မစ္စက်ကာဆင်ကလည်း ခုအချိန်မှာ ဘာမှဖြေစရာ မလိုဘူးဆိုတာ နားလည်ထားပြီဆိုတော့ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ထွက်ခွာသွားပါတော့မယ်ခင်ဗျာ"

"ကျုပ်လာတဲ့အထိ အီဒင်ဘက်အခြမ်းက စောင့်နေနော် "

ထရက်က သတိပေးသည်။

"စောင့်နေရမှာပေါ့ဗျာ"ဟု မေဆင်ကပြောကာ ဗီဗီယန်အား မျက်လုံးချင်း ဆုံကြည့်ပြီး သတိပေးသည့်သဘောဖြင့် မသိမသာ မျက်မှောင်ကြုတ်ပြလိုက်သည်။

* * *



## အခန်း (၈)

မိနစ် ၂၀ ခန့် ကြာပြီးမှ ရဲအုပ်ကြီး ထရက်သည် အီဒင်ဘက်အခြမ်းသို့ ပြန်ရောက်လာသည်၊ ဧည့်ခန်းထဲတွင် မေဆင်နှင့် အီဒင်ကို တွေ့ရသည်။

"မစ္စက်ကာဆင်နဲ့ အင်တာဗျူးလုပ်ခဲ့ရတာ ဘယ့်နှယ်လဲ ရဲအုပ်ကြီး"

မေဆင်က လှမ်းမေးသည်။

"ခင်ဗျား ပယောဂကြောင့် ကျေနပ်စရာတော့ မရှိလှဘူးပေါ့ ဒါပေမယ့် သတင်းတချို့တော့ ရခဲ့သေးတယ်လေ"

"ကောင်းတာပေါ့ဗျာ ကိုင်း. . . ကျုပ်ဆီကကော ခင်ဗျား ဘာတွေ သိချင်သေးလဲ"

"မလိုပါဘူးဗျာ၊ ခင်ဗျားဆီက စေတနာနဲ့ပေးတဲ့ လက်ဆောင်ဆိုရင်တောင် ကျုပ်က ခပ်လန့်လန့်ပဲ။ ဒါပေမယ့် ပြောစရာရှိတာ ပြောသာ ပြောပါလေ၊ သတိထားပြီး နားထောင်ပါ့မယ်"

"ဒီလိုဗျ၊ သေသူကာဆင်ရဲ့ ရှပ်အင်္ကျီလက်တွေကို သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြီးမြီလား၊ တံတောင်ဆစ်အထိ ရေတွေစိုနေတယ်၊ ဒါပေမယ့် ကုတ်အကျီလက်တွေကတော့ ရေမစိုပြန်ဘူး"

"ဒါတွေကို ခင်ဗျားဘယ်လိုသိသလဲ"

"သတင်းထောက်တစ်ယောက်က ပြောလို့ သိရတာပါဗျာ"

"ဟုတ်လား၊ အင်း. . . စိတ်ဝင်စားစရာပဲဗျ အဲဒါ ဘာကြောင့်လို့ ခင်ဗျားထင်သလဲ"

"ဆက်စပ်ကြည့်ဗျာ၊ နောက်ဖေးမှာ ရေကူးကန်ရှိတယ်၊ ဒီလူရဲ့ လက်မောင်းတွေ ရေစိုနေတယ်၊ ဒါဆို ဘာသဘောလဲ စဉ်းစားကြည့်ပေါ့"

"ကောင်းပြီ ကျုပ်တို့ ကြည့်ကြရအောင်"

ထရက်က ပြောပြောဆိုဆို ရေကူးကန်ဘက်သို့ လျှောက်သွားသည်၊ မဆောင်နှင့် အီဖင်က နောက်တလိုက်သွားရာ ထရက်က လှည့်ကြည့်ပြီး ဟန့်တားသည်။

"ခင်ဗျားတို့ လိုက်လာစရာ မလိုပါဘူးဗျ"

"အီဖင်ဟာ ကျုပ်ရဲ့ အမှုသည်လေဗျာ၊ ခင်ဗျားဘာတွေ တွေ့တယ်ဆိုတာ စောင့်ကြည့်ဖို့ ကျုပ်တို့ပါ လိုက်လာရလိမ့်မယ်"

"ခင်ဗျားအမှုသည်က ပြတာကို ကျုပ်က ကြည့်စရာ မလိုပါဘူးဗျ"

"မဟုတ်သေးဘူးလေ ရဲအုပ်ကြီး၊ ခင်ဗျားက ဒီလိုကတ်သတ်နေရင် ကျုပ်ကလည်း မေးရလိမ့်မယ်၊ ခင်ဗျားမှာ ရှာဖွေခွင့် ဝရမ်းပါသလား"

"ဝရမ်းမလိုဘူးမဆောင်၊ လူသတ်မှု ဖြစ်ထားတဲ့ နေရာမှာ ကျုပ်အနေနဲ့ သက်သေ အထောက်အထားတွေရဖို့အတွက် လှည့်ပတ်ကြည့်ရှုနိုင်တယ်"

"တာ... သိပ်ဟုတ်တာပေါ့၊ ဒါပေမယ့် ခင်ဗျားအနေနဲ့ သက်သေအထောက်အထားတွေ ဖျောက်ဖျက်ဖယ်ရှားနိုင်တဲ့ လူတွေကိုသာ နှင်ထုတ်ခွင့် ရှိတယ်၊ ရှာဖွေပုံစံ မပါရင် စစ်ဆေးချင်တာ လိုက်စစ်ဆေးလို့ မရသေးဘူးဆိုတာ နားလည်တယ် မဟုတ်လား"





"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ခင်ဗျားနဲ့ ငြင်းမနေတော့ပါဘူး။ လိုက်သာလာခဲ့ပါတော့၊ ဒါပေမယ့် ဘာမှဝင်မစွက်ပါနဲ့။ သက်သေအထောက်အထားတွေကို ဖုံးဖုံးဖိဖိလုပ်ဖို့ လုံးဝမကြိုးစားပါနဲ့"

ထရက်က ရေကူးကန်ဘက်သို့ ထွက်သွားပြီး အလယ်တည့်တည့်ရှိ သံဆူးကြိုးတန်းများကို စစ်ဆေးကြည့်ရှုနေသည်။

"အတော်ကို ခိုင်ခိုင်ခံ့ခံ့ လုပ်ထားတာပဲ"

ထရက်က မှတ်ချက်ချ၍ မဆောင်က ခေါင်းညိတ်လိုက်သည်။

"သံဆူးကြိုးတန်းအောက်ကိုရောက်ဖို့ ဒိုင်ဗင်ထိုးချ ရေငုပ်ပြီးသွားမှ ရမယ်၊ သံဆူးကြိုးတွေက သိပ်မာတယ်၊ တန်းချဉ်းကလည်း နီးလွန်းတော့ ကြိုးတွေကြားက လျှိုသွားလို့ မရနိုင်ဘူး"

ထရက်က ဆက်ပြောပြီးနောက် သူ၏ ကုတ်အကျီကိုချွတ်ကာ ရှပ်အကျီလက်မောင်းကို ပင့်တင်ပြီး လေးဖက်ထောက်၍ ရေကူးကန်နံရံတစ်လျှောက် လက်ဖြင့် လိုက်စမ်းသည်၊ ညာဘက်လက်မှာ ရေထဲသို့ ရောက်နေသည်။

"ဒီမှာ ဘာများထူးခြားတာ တွေ့မယ်ထင်သလဲ မဆောင်"ဟု ထရက်က မေးသည်။

"မသိဘူးလေဗျာ၊ သေသူရဲ့ လက်မောင်း ရေစိုနေတာတွေ့လို့ ပြောမိတာပဲ"

"အေးလေ အဲဒါဟာ ထူးခြားတာပဲ"

ထရက်က ပြန်ပြောပြီး ရေထဲလက်ချ၍ နံရံတစ်လျှောက် လိုက်စမ်းနေသည်

ထိုအချိန်တွင် ဗီဗီယန်တာဆင်သည် သူမ၏ ဝိုင်နယ်အခြမ်းနောက်ဖေးတံခါးဝမှ ထွက်ကြည့်ပြီး

"ရှင်တို့ ဘာကိုရှာနေကြတာလဲရှင့်"ဟု လှမ်းမေးသည်။

"အထောက်အထား ရှာနေတာလေ" ထရက်က ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ထရက်သည် ရေကူးကန်၏ သံဆူးကြိုးတစ်ဖက်ခြမ်းတွင် စစ်ဆေးပြီးစီးသွား၍ -

"ဘယ်လိုလဲမေဆင်၊ ဒီဘက်ပိုင်းတော့ ကြည့်ပြီးသွားပြီ။ ဘာမှ မတွေ့ရပါလား၊ ခင်ဗျား ဘယ်လိုထင်သလဲ" ဟု မေးသည်။ တစ်ဆက်တည်းတွင် ဗီဗီယန်အား လှမ်းပြောသည်။

"မစ္စက်ကာဆင်၊ တစ်ဆိတ်လောက်ဗျာ၊ ခင်ဗျားဘက်ကသံဆူးကြိုးတန်းနားမှာ ကုလားထိုင်တစ်လုံးလောက် ချပေးပါလား၊ ဒီဘက်က ကုလားထိုင်ခုပြီး ကျော်တက်လာချင်လို့ "

ဗီဗီယန်က ကုလားထိုင်တစ်လုံးယူလာပြီး သံဆူးကြိုး တစ်ဖက်တွင် ချပေးသည်။ အီဒင်ကလည်း ကုလားထိုင်တစ်လုံးကို ထရက်အနီးတွင် ချပေးသည်။

"အေးဗျာ... ကျေးဇူးပါပဲ။ နို့မဟုတ်ရင် တစ်ပတ်ကြီးပတ်ပြီး တစ်ဖက်ခြမ်းကို လာနေရဦးမှာ" ပြောပြောဆိုဆို ထရက်သည် အီဒင်၏ ကုလားထိုင်ပေါ် တက်၍ သံဆူးကြိုးကို လွှားကျော်ကာ တစ်ဖက်ရှိ ဗီဗီယန်၏ ကုလားထိုင်ပေါ်သို့ ဆင်းလိုက်သည်။ ထို့နောက် ရေကူးကန်နံရံများကို လက်ဖြင့် လိုက်၍ စမ်းကြည့်ပြန်သည်။ သို့ရာတွင် တစ်စုံတစ်ရာထူးခြားမှု မတွေ့ရကြောင်း မေဆင်ကို လှမ်းပြောသည်။

မေဆင်က ရေကူးကန်၏ ရေနိမ့်ပိုင်းအဆုံးရှိ သမံတလင်း လှေကားဆီသို့ ညွှန်ပြပြီး-

"ရဲအုပ်ကြီး ဟိုလှေကားဘေးတွေကို စမ်းကြည့်ပြီးပြီလား"

"ကြည့်ပြီးပြီဗျ၊ ဘာမှမရှိဘူး"

"လှေကားအောက်ခြေတွေကိုကော စမ်းကြည့်သေးလား။ ဒီနေရာက ကျုပ်လှမ်းကြည့်တော့ ပထမအဆင့် အောက်နားမှာ တစ်ခုခု ရှိနေမလားလို့"

"အင်းလေ၊ ကြည့်သေးတာပေါ့" ဟု ထရက်က စိတ်မရှည်ဟန်ဖြင့်





ပြောပြီး ဒူးပြန်ထောက်ကာ လှေကားအောက်ဘက်သို့ လက်နှိုက်ကြည့်သည်။

"ဟာ. . . ဟုတ်တယ်ဗျို့ မေဆင်၊ ပထမအဆင့် လှေကားထစ်အောက်မှာ ကွဲကြောင်းတစ်ခုတွေ့တယ်၊ ကျုပ်လက်ချောင်းတွေ ထိုးထည့်သို့ရတယ်။ ဒါပေမယ့် ဘာမှမရှိဘူး"

"ဘာမှမရှိဘူး ဟုတ်လား"

"နေဦးဗျို့. . . နေဦး၊ ဟောဒီမှာ ကွင်းတစ်ခု စမ်းမိတယ်"

"ဘာကွင်းလဲဗျ"

မေဆင်က လှမ်းမေးသည်။

"သံကွင်းဗျ၊ ကြိုးတပ်ထားတဲ့ သံကွင်း ဆွဲကြည့်မယ်ဗျာ"

ထရက်က ညာလက်ဖြင့် အားစိုက်၍ ဆွဲလိုက်သည်။

"လှုပ်တယ်ဗျို့ လှုပ်တယ်၊ ဟော. . . ဘာဝါလိမ့်"

ထရက်၏ဘေးတွင် ရေကူးကန်နှင့် ၁၀ ပေခန့် အကွာ၌ ဇုတ်ကြွပ်ကြမ်းခင်းတစ်ခု ကြွတက်ပြီး ပွင့်လာသည်။

ပတ္တာတပ်ထားသောတံခါး ပွင့်လာခြင်း ဖြစ်သည်။ ထရက်တသံကွင်းကို လွှတ်ပြီး ခုန်၍ထလိုက်ကာ ပွင့်နေသော လေးထောင့်ပုံ မနေရာသို့ကြည့်၍

"အထဲမှာ ဘာတွေရှိသလဲမသိဘူး"ဟု ပြောသည်။

"ခင်ဗျား ဒီမှာ နေခဲ့ဦး" ဟု မေဆင်က အီဒင်ကို ပြောကာ ရဲအုပ်ကြီးသေချာတူးသွားသော ကုလားထိုင်မှပင် တစ်ဖက်သို့ လွှားကျော်၍ ဆင်းသွားသည်၊ ထရက်အနီးသို့အမြန်သွားပြီး နှစ်ယောက်သား ငုံ့ကြည့်ကြသည်။ ၁၈ လက်မပတ်လည်နှင့် ၂ ပေ ခန့်အနက်ရှိသော မီးခံသေတ္တာအခြောင်းတစ်ခုကိုသာ တွေ့ရသည်၊

"အထဲမှာ ဘာမှမရှိဘူးဗျ"ဟု ထရက်က ပြောသည်။

ထရက်နှင့် မေဆင်၏နောက်မှာ ဗီဗီယန်ကာဆင်က ငုံ့ကြည့်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘာသင်္ကေတလဲရှင့်" မေးသည်။

ထရက်က မော်ကြည့်၍

"ဘာသင်္ကေတလဲဆိုတာ ခင်ဗျားက ပြောပြရလိမ့်မယ် မစ္စက် ကာဆင်" ဟု ပြန်ပြောသည်။

သူမက ခေါင်းခါပြပြီး

"ကျွန်မ မသိဘူးရှင့်"

ထရက်က မျက်မှောင်ကြုတ်ပြီး စဉ်းစားနေရာမှ...

"ဒီအိမ်ကိုဆောက်တာ ကာဆင်နော် ဟုတ်တယ် မဟုတ်လား မဆင်"

"အဲသလိုပဲ ကျုပ်သိထားရတာပဲ"

"ဒီရေကူးကန်ကိုကော သူပဲဆောက်တာ မဟုတ်လား"

"အိမ်ရော ရေကူးကန်ရော အားလုံးကို သူပဲဆောက်ခဲ့တာပဲ"

ဗီဗီယန်က

"ဟုတ်တယ်၊ ဒါဟာ ကာဆင်သူ့ငွေတွေ ဖွက်တဲ့နေရာ ဖြစ်မှာပဲ"

"ဘာငွေတွေလဲ" ထရက်ကမေးသည်။

"အို သူကတော့နည်းမျိုးစုံနဲ့ ငွေရအောင် လုပ်ခဲ့တဲ့သူပဲ၊ အမြတ်ခွန် ရှောင်ချင်လို့ သူ့ငွေတွေကို ဝှက်ထားတယ်ဆိုတာ တရားသူကြီး ဂွတ်ဖွင်းကလည်း သိတယ်။ တရားသူကြီးက ကာဆင်ဆီက ငွေတွေပေါ်လာအောင် အကျပ်ကိုင်ဖို့ ကြိုးစားခဲ့သေးတယ်။ သူ့မှာ ငွေစုတဲ့ စာရင်းဖွင့်ထားသလား၊ တခြားတစ်နေရာတွေမှာ လုံခြုံရေးသေတ္တာအပ်ပြီးထားတာ ရှိသလား၊ အားလုံး စုံစမ်းခဲ့တယ်။ ဒါကြောင့် ကာဆင်ဟာ ဒီအိမ်ကို ဆောက်တော့ သူ့ငွေတွေ ဝှက်ထားဖို့ လျှို့ဝှက်မီးခံသေတ္တာကို ဒီနေရာမှာ လုပ်ထားခဲ့တာ ဖြစ်မယ်" ဟု ဗီဗီယန်က ပြောသည်။

ထရက်က သူမအား အကဲခတ်ပြီး ကြည့်၍

"ဒီကျင်းထဲမှာ ဘာမှမရှိဘဲ ဗလာဖြစ်နေတာ တွေ့ရုံနဲ့ ခင်ဗျားက





ကောက်ချက်တွေဆွဲတာ များလှချည်လား"

"ဒါဖြင့် ရှင်ကကော ဘယ်လိုထင်လို့ပါလဲ ရဲအုပ်ကြီး"

"ကျုပ်ကတော့ အထောက်အထားတွေ စုဆောင်းနေတာပဲလေ။ အထောက်အထားတွေရပြီးမှ ကောက်ချက်ဆွဲရလိမ့်မယ်၊ ကောက်ချက်ကို အလျင်ဆွဲပြီးမှ ကိုယ်ဆွဲတဲ့ ကောက်ချက်နဲ့ ကိုက်ညီအောင် အထောက်အထားတွေရှာရင် ဒုက္ခရောက်တတ်တယ်"

မေဆင်က ဝင်ပြောသည်။

"မစ္စက်ကာဆင်က သူ့ထင်မြင်ချက်ကို သူပြောတာ ဖြစ်ပါလိမ့်မယ် ရဲအုပ်ကြီး"

"ကျုပ်လည်း အဲသလိုပဲထင်ပါတယ်၊ ဒါပေမယ့် ကောက်ချက် မြန်မြန် ချတတ်တဲ့ လူတွေကို ကျုပ်က မသင်္ကာဖြစ်တတ်တယ်ဗျ၊ ဒါထက် ဒီအံ့ဝှက်နေရာကို ခင်ဗျား အခု ပထမဆုံး အကြိမ်တွေ့တာလား မစ္စက် ကာဆင်"

"ဟုတ်ပါတယ် ဒါပထမဆုံးပါပဲ"

"ဒီသံမံတလင်းကို ခုလိုဖွင့်လာတာကိုလည်း ခုမှတွေ့တာပဲလား"

"ဟုတ်တယ်လေ၊ ဒီလိုလုပ်ထားတယ်ဆိုတာ ကျွန်မ လုံးဝမသိဘူး၊ ဘယ်လိုဖွင့်ရတာလဲ ရေကူးကန်ထဲက ဖွင့်ရတာလား"

"ဟုတ်တယ်၊ ရေကူးကန်ထဲက ဖွင့်ရတာ"ဟု ထရက်ကပြောသည်။

ထို့နောက် ရေကူးကန် လှေကားထစ်ဆီသို့ ပြန်လျှောက်သွားပြီး ထပ်မံကြည့်ရှုတာ ထရက်က မေဆင်ကို လှမ်းပြောသည်။

"ဟိုလူ ရှုပ်အကျီလက်တွေ ရေစိုနေတဲ့ လျှို့ဝှက်ချက်ကို စဉ်းစားလို့ရပြီဗျ။ တကယ်လို့ ကာဆင်ဟာ ငွေတွေနည်းမျိုးစုံနဲ့ ရှာပြီးသူ့မိန်းမလည်း မသိအောင် ဝင်ငွေခွန်ဌာနက လူတွေကိုလည်း ရှောင်နိုင်အောင် ဝှက်ထားမယ်ဆိုရင် ဒီနေရာဟာ အကောင်းဆုံး ဖြစ်လိမ့်မယ်။ တောင် လှေကားထစ်အောက်ဘက်မှာ ကြိုးတပ်ထားတဲ့သံကွင်း မြှုပ်ထားတယ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်လတ်မလောက် ဆွဲလိုက်ရင် ခလုတ်ကို ဆွဲမိပြီး စပရိန်ကန်အားနဲ့ သံတလင်း တစ်ချပ် ပွင့်သွားမယ်၊ အင်း. . . ဒါဟာ သူ့ကို သတ်ရတဲ့ အကြောင်းတစ်ချက် ဖြစ်နိုင်တယ်"

"ရှင်ဘာကို ဆိုလိုသလဲဆိုတာ ကျွန်မ နားမလည်ဘူး ရဲအုပ်ကြီး"ဟု ဗိုဗီယန်က ဝင်ပြောသည်။

"ရိုးရိုးလေးပါလေ၊ လော်ရင်းကာဆင်ဟာ ဒီနေရာမှာ ငွေတွေအများကြီး ထားခဲ့လိမ့်မယ်။ သူ့အလောင်းမှာတွေ့တာထက် အဆပေါင်းများစွာ ပိုများလိမ့်မယ်။ သူ့ရုပ်အကြီလက်တွေ ရေစိုနေတာနဲ့ ဆက်စပ်ကြည့်ရင် သူဟာ ဝှက်ထားတဲ့ နေရာက ငွေတွေယူပြီး နေရာရွှေ့ဖို့ ကြိုးစားခဲ့လိမ့်မယ်။ သူ့ငွေတွေကို လိုချင်တဲ့ တစ်ယောက်ယောက်က သူ့ကို ဓားနဲ့ထိုးပြီး ငွေတွေကို ယူသွားခဲ့တာ ဖြစ်နိုင်တယ်"

"အခု ခုန်ပျံပြီး ကောက်ချက်ဆွဲတာ ဘယ်သူဖြစ်နေပြီလဲ ထရက်" ဟု မေဆင်က ဝင်မေးသည်။

"ဟုတ်တယ်၊ ကျုပ်အနေနဲ့ ဒီအတိုင်းပဲ ကောက်ချက်ဆွဲရမှာပဲ၊ မစ္စတ်ကာဆင်ရဲ့ တုံ့ပြန်ပုံကို သိချင်လို့ ခုလို ပြောနေတာ"

"ဩော်. . . ဒီလိုလား၊ ဒါဆို အခုကျွန်မရဲ့ တုံ့ပြန်ပုံတွေကို ရှင်မြင်ရပြီပဲ၊ ရှင်အကဲခတ်ချင်သလို အကဲခတ်နိုင်ပါတယ်" ဟု ဗိုဗီယန်က ဝင်ပြောသည်။ ဆက်လက်၍ သူမက ရှင်းပြသည်။

"ကျွန်မအနေနဲ့ မှန်မှန်တတ တင်ပြဖို့ ကြိုးစားပါတယ်ရှင်၊ ကြောင်သူတော် မလုပ်ချင်ပါဘူး။ ပွဲဆွဲသောက မရောက်ဘဲနဲ့ ရောက်ဟန်လည်း မဆောင်ချင်ဘူးရှင့်။ တကယ်က လော်ရင်းကာဆင်ဟာ အတော် စက်ဆုပ်စရာကောင်းတဲ့ လူတစ်ယောက်ပါ။ ဒါပေမယ့် ကျွန်မတို့ လက်ထပ်ဖြစ်ခဲ့ကြတယ်၊ လင်မယားအဖြစ် နီးနီးစပ်စပ် နေထိုင်ခဲ့ကြတယ်။ ဒါကြောင့် သူသေတဲ့အတွက် ကျွန်မစိတ်မကောင်းပါဘူး။ ဒီနေရာမှာ ပိုင်ဆိုင်မှု အခွင့်အရေးနဲ့ ပတ်သက်ပြီး ပြောရရင်တော့ ကျွန်မက ကိုယ့် အခွင့်အရေးကို





တိုယ်တာတွယ်ရမှာပဲ ။ ကျွန်မပိုင်ဆိုင်တဲ့ ဒီဘက်အခြမ်းမှာ သိုဝှက်ထားတဲ့ ပစ္စည်းအားလုံးဟာ ကျွန်မ ပိုင်ဆိုင်မှုပဲ မဟုတ်လား"

"အဲသလို ခင်ဗျား ဘာကြောင့် ယူဆရသလဲ" ဟု ထရက်က မေးသည်။

"ဘာကြောင့်လဲဆိုတော့ တရားသူကြီးဂွတ်ဖွင်းက ကျွန်မကို တရားသဖြင့် ခံစားခွင့် ပိုပြီးရစေချင်တယ်။ တာဆင်ဟာ လင်မယား နှစ်ယောက်ပိုင် ငွေကြေးပစ္စည်းတွေကို ဝှက်ထားတယ်လို့ တရားသူကြီးက တိန်းသေတွက်ထားတယ်။ ဒီအကြောင်း မစ္စတာမေဆင်က ရှင့်ကို ရှင်းပြနိုင်ပါတယ်၊ လျှို့ဝှက်ချက်လည်း မဟုတ်ပါဘူး တရားသူကြီးက တရားခွင်မှာ အဲဒီအတိုင်း ပြောခဲ့တာပဲ"

"ခင်ဗျားသဘောထားက အဲသလိုရှိနေတယ်ဆိုရင် ဒီကျွင်းထဲမှာ ငွေတွေ ဝှက်ထားခဲ့တယ်ဆိုတာသိတာနဲ့တစ်ပြိုင်နက် ခင်ဗျားက သိမ်းယူလိုက်မယ်ဆိုတဲ့ သဘောပေါ့ "

ဗိုဗီယန်က ပြန်မဖြေခင် မေဆင်က ဝင်ပြောသည်။

"ခဏနေပါဦး၊ ဒီမေးခွန်းဟာ မမျှတဘူးဗျ။ တကယ်လို့ မစ္စတ်တာဆင်ဟာ ဒီလျှို့ဝှက်အံဖုံး အကြောင်းကို မသိခဲ့ရင် သူဟာ. . . "

ထရက်က ဖြတ်ပြောသည်။

"ကျုပ်မေးခွန်းဟာ မျှတပါတယ်လေ၊ ရဲအဖွဲ့က မေးသင့်မေးထိုက်လို့မေးတာပဲဗျ၊ ကိုင်း. . . မစ္စက်ကာဆင်၊ ခင်ဗျားကို ကျုပ်မေးမယ်၊ တကယ်လို့ ဒီအံဖုံးတံခါးဝှက်အကြောင်းကို ခင်ဗျားသိခဲ့ရင် အထဲမှာရှိတဲ့ ပစ္စည်းတွေကို ခင်ဗျား ယူလိုက်မယ်ပေါ့ ဟုတ်လား "

ဗိုဗီယန်က ထရက်ကို မျက်လုံးချင်းဆိုင်ကြည့်၍-

"ကျွန်မ လိမ်လည်းမပြောချင်ဘူး။ ကြောင်သူတော်လည်း မလုပ်ချင်ဘူးရှင်၊ ဟုတ်တယ်၊ ကျွန်မသာ ဒီနေရာ အကြောင်းသိခဲ့ရင် ကျွန်မ ဖော်ယူလိုက်မှာပဲ "



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ခင်ဗျားအနေနဲ့ ပွင့်ပွင့်လင်းလင်း အမှန်အတိုင်း ပြောတာ ဖြစ်ပါလိမ့်မယ်။ လက်ရှိအခြေအနေအရ ခင်ဗျားကိုထပ်ပြီး မေးစရာတွေ မေးရဦးမှာ ဖြစ်လို့ ကျွန်တော်နဲ့ လိုက်ခဲ့ပါ မစ္စတ်ကာဆင်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီအိမ်ကို ကျွန်တော်တို့ ရှာဖွေပုံစံနဲ့ ရှာရလိမ့်မယ်၊ ဒီလျှို့ဝှက် အံဖုံးထဲမှာ ဘာရှိခဲ့သလဲဆိုတာ ဖော်ထုတ်နိုင်ဖို့ ကြိုးစားရဦးမယ်"

"ကျွန်မကို ဖမ်းတယ်လို့ သဘောထားရမှာလား"

"ဟင့်အင်း. . . မဟုတ်ပါဘူးဗျာ၊ ရဲအဖွဲ့ကို စိတ်ပါလက်ပါ ကူညီဖို့ မြို့ထဲကို လိုက်ခဲ့တယ်လို့ပဲ သဘောထားပါ။ ပြီးတော့... ဟို...အီဒင်ဆိုတဲ့ လူကိုပါ ခေါ်သွားရလိမ့်မယ်။ မစ္စတာအီဒင်ကိုလည်း မစ္စတ်ကာဆင်နဲ့ အတူ ကျုပ်တို့ကားနဲ့ ခေါ်သွားမယ်၊ ဒီတော့ ရှေ့နေကြီးလည်း ဒီနေရာက ခုချက်ချင်း ထွက်သွားဖို့ ကျုပ်ပြောချင်တယ် အပြင်လူတွေအားလုံး ဒီအိမ်က ထွက်သွားကြဖို့ ပြောရမှာပဲ။ ပြီးရင် အိမ်ကိုချိတ်ပိတ်မယ်၊ နောက်ထပ် တစ်ခေါက်လာပြီးမှ ပိုက်စိပ်တိုက်ရှာမယ်"

"ဆက်လုပ်ပါ ရဲအုပ်ကြီး ခင်ဗျားကတော့ မိုးလွန်မှ ထွန်ချသလို လုပ်နေပြန်ပြီ။ ဒီမယ် ကျုပ်ပြောမယ် လော်ရင်းကာဆင်ဟာ ဒီအိမ်ကို လမ်းလျှောက်လာတာ မဖြစ်နိုင်ဘူး၊ ကားနဲ့လာခဲ့ရမယ်၊ သူ့ကား သူမောင်းလာတာ ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမယ့် အဖော်ပါလာရမယ်၊ ပါလာတဲ့ အဖော်က သူ့ကားကို မောင်းသွားပြီး သူ့ကို ဒီမှာထားခဲ့လိမ့်မယ်၊ ဖြစ်နိုင်ခြေတွေကို ဆက်စပ်ကြည့်ရင် ကာဆင်တာ ဒီမှာသေကျန်ခဲ့ပြီး သူ့အဖော်က ဒီအိမ်က ထွက်သွားတယ်၊ ပြီးတော့..."

မေဆင်စကား မဆုံးမီ ထရက်က ကြားဖြတ်၍...

"သိပြီ၊ သိပြီ၊ သိပြီ၊ ခင်ဗျားလည်း တခြားလူတွေလိုပဲ ရဲအဖွဲ့ကို မိကျောင်းမင်း ရေကင်းပြဖို့ ကြိုးစားနေတာတလား။ ထားပါတော့လေ ခင်ဗျား သိထားရအောင် ပြောပြရရင် ကျုပ်ဒီကို ရောက်လာပြီး သေသူ





ဘယ်သူဆိုတာသိပြီးတာနဲ့ တစ်မြို့နတ် ကာဆင်ရဲ့ ကားကိုတွေ့အောင် ရှာဖို့ တစ်မြို့လုံး ရဲစခန်းတွေကို ညွှန်ကြားထားပြီးပြီ။ တစ်ချို့မတွေ့ တစ်ချို့တွေ့မှာ သေချာတယ်၊ ကားအမျိုးအစားနဲ့ လိုင်စင်နံပါတ်တွေပါ အားလုံးရထားပြီးပြီ။ ဒါတင်မကသေးဘူး။ ခင်ဗျားသိရအောင် ထပ်ပြောချင်တာက ကျုပ်တို့ဟာ လေဆိပ်နဲ့ လေဆိပ်သွားတဲ့ လမ်းတွေအားလုံးတို စောင့်ကြည့်နေတယ်၊ ကာဆင်ရဲ့ကားနဲ့အတူတွေ့တဲ့လူကို ထိန်းသိမ်းထားဖို့လည်း ညွှန်ကြားထားတယ်၊ ကိုင်း. . . ဘယ့်နှယ့်ရှိစ၊ ခင်ဗျား အကြံပေးထားတာတွေအတွက်တော့ ကျေးဇူးတင်ပါတယ် ရှေ့နေကြီး၊ ဒါပေမယ့် ဒီအမှုကို ခင့်ဗျားအကူအညီ မပါဘဲ ကျုပ်တို့ကိုင်သွားနိုင်ပါတယ်။ ဒါကြောင့် ခင်ဗျားကို ကျုပ်အခု တံခါးဝကို လိုက်ပို့မယ် ခင်ဗျားကားနဲ့ ခင်ဗျားပြန်ပါ၊ မစ္စတ်ကာဆင်နဲ့ မစ္စတာအီဒင်ကို ကျုပ်ရဲ့ကားနဲ့ ခေါ်သွားမယ်၊ ဒါပါပဲ၊ လာ. . . သွားကြရအောင်"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

'ပယ်ရီမေဆင်၊ သီးသန့်ရုံးခန်း'ဟု စာတန်းရေးထားသော တံခါးကို သော့ဖွင့်၍ မေဆင်ဝင်လိုက်ရာ အခန်းတွင်း၌ ဒယ်လာစထရီ ထိုင်စောင့်နေသည်ကို တွေ့ရသည်။

"အရှုပ်တော်ပုံကြီးတစ်ခု ကြုံခဲ့ပြီမဟုတ်လားဆရာ"ဟု ဒယ်လာက လှမ်းပြောသည်။

"အေးကွယ်၊ ဘာတွေဖြစ်တယ်ဆိုတာ မင်းသိပြီးပြီလား"

"ယော်ရင်းကာဆင် လူသတ်ခံရတယ် ဆိုတာလောက်ပဲ သိပါသေးတယ်ဆရာ၊ ဘာတွေထူးသေးလဲ"

"ကာဆင်ရဲ့ ရှပ်အင်္ကျီလက်တွေ ရေစိုနေတယ်၊ ကုတ်အင်္ကျီ လက်တွေကတော့ မစိုဘူး။ ဒီတော့ သူကုတ်အင်္ကျီချွတ်ထားတုန်းက ရေစိုစရာ ကိစ္စလုပ်ခဲ့တာဖြစ်မယ်၊ ပြီးမှ ကုတ်အင်္ကျီပြန်ဝတ်လိမ့်မယ်။ ရဲအုပ်ကြီး ထရက်က ရှပ်အင်္ကျီလက်ရေစိုတဲ့ အကြောင်းကို လိုက်ရှာရင်း ရေကူးကန် လှေကားထစ်အောက်က သံကွင်းတစ်ခုကို ဆွဲမိပြီး ကန်နံဘေးက သပ်





တလင်းကျောက်ပြားတစ်ခုပွင့်သွားတယ်။ ၁၈ လက်မပတ်လည်လောက်ရှိပြီး နှစ်ပေလောက်နက်တဲ့ ကျင်းတစ်ခု ပေါ်လာတယ်၊ အဖိုးတန်ပစ္စည်းတွေ ဝှက်ထားဖို့လုပ်ထားတဲ့ လျှို့ဝှက်နေရာလို့ ယူဆရတယ်။ ဒါပေမယ့် ကျင်းထဲမှာ ဘာမှမရှိတော့ဘူး၊ ကိုင်း. . . ဒယ်လာရေ၊ ဆရာတို့ အချိန်လေးတွေ ပြန်စစ်ကြည့်ချင်တယ်။ ဆရာတို့အမှုသည် မော်လေအီဒင်ကို မေးတော့ မရေမရာ ဖြစ်နေတယ်။ လူသတ်မှုဖြစ်တဲ့အချိန်ကို ဆရာတို့ တတ်နိုင်သမျှ ခန့်မှန်းပြီး တခြားအချိန်တွေနဲ့ တိုက်ဆိုင်ကြည့်ချင်တယ်။ ဒီတော့. . . ဆရာ့ရုံးခန်းကို ကာဆင်လာတွေ့တာ ဘယ်အချိန်လဲ မှတ်ထားတယ် မဟုတ်လား ဒယ်လာ"

"ကျွန်မ မှတ်စုစာအုပ် ကြည့်ပြီး ပြောမယ်ဆရာ၊ အတိအကျ ပြောနိုင်မှာပါ"

ဒယ်လာက သူမ၏ အတွင်းရေးမှူးစားပွဲသို့ သွား၍ မှတ်စုစာအုပ်ကို ထုတ်ယူကြည့်ရှုကာ

"ကာဆင်ဟာ ဆရာ့ဆီကို မနက် ၉ နာရီ ၃၅ မိနစ်မှာ လာတွေ့ပါတယ်၊ ၉ နာရီ ၄၅ မိနစ်မှာ ဒီအခန်းထဲက ပြန်ထွက်သွားပါတယ်"

မေဆင်က"ပေါလ်ဒရိတ်ကို ဆရာက မှာထားလို့ စကြီလမ်းတစ်စောင့်ပြီး ကာဆင်ကို လူမှတ်မိအောင်ကြည့်နေခဲ့တယ်၊ ဒီတော့ အခုပေါလ်ဆီက ဘာရသလဲ၊ သူ့ကို ဆရာဖုန်းဆက်ပြီး လုပ်ခိုင်းထားတဲ့ ကိစ္စတွေ အကြောင်း ဘာသတင်းပို့သလဲ"

"ပေါလ်က ဆရာ သူ့ကို ခိုင်းထားတာတွေကို လုပ်နေတယ်လို့ ပြောတယ်။ ကာဆင် အသတ်ခံရတဲ့ အကြောင်းလည်း ပေါလ်က ပြောပြပါတယ်ဆရာ"

"အေးကွယ် ပေါလ်ဆီ ဖုန်းဆက်ပေးစမ်းပါ။ နေဦးကွယ့် မနက်က ကာဆင်ကို အီဒင်က တရားစွဲဖို့ကိစ္စ တရားရုံးတင်ဖို့ လျှောက်လွှာ ဆရာ နှုတ်တိုက် ချပေးတာ ၉ နာရီလောက်မှာ ပြီးသွားခဲ့တယ်နေ့မှတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"၉ နာရီမထိုးခင်ကလေးမှာ ပြီးတယ်ဆရာ။ အသံသွင်းစက်နဲ့ ဆရာ နှုတ်တိုက်ချပေးပြီးတော့ လက်နှိပ်စက်သမားတွေကို ကျွန်မ ရိုက်ခိုင်းခဲ့တယ်။ ဆရာအပြင်မသွားခင် အားလုံးရိုက်ပြီးသွားတယ်။ ၁၀ နာရီထိုးဖို့ ငါးမိနစ်လောက်ပဲ၊ ဆရာကော ဆံပင်ဝင်ညှပ်ဖြစ်သေးတယ် မဟုတ်လား"

"အေးကွယ့် . . . ဆံပင်ညှပ်တယ် မုတ်ဆိတ်ရိတ်တယ်၊ အနှိပ်ခံတယ်၊ လက်သည်းညှပ်တယ်၊ လက်သည်းတွေညီအောင် တိုက်တယ်၊ ဒယ်လာပဲ ဆရာ့ကိုပြောတယ်မဟုတ်လား၊ သတင်းစာ ဓာတ်ပုံ သတင်းထောက်တွေနဲ့ တွေ့တဲ့အခါ အသပ်ရပ်ဆုံးဖြစ်အောင် လုပ်ဖို့လိုတယ်ဆို"

"ဟိုမှဆိုးမ အချောအလှကလေး နာဒင်းပါးမားနဲ့ သွားတွေ့တဲ့အခါ စမတ်အကျဆုံးဖြစ်ဖို့ လိုတယ်လို့ကော ဆရာမထင်ခဲ့ဘူးလား"

"နာဒင်းပါးမား၊ ဟုတ်လား ဒယ်လာ။ အေးခုမှ သတိရတယ်။ အဲဒီ အမျိုးသမီးဟာ တစ်ခုခုလျှို့ဝှက်ချက်ရှိပုံရတယ်ကွယ့်၊ ဒီမယ် . . . ဆရာ မေးစမ်းပါရစေ ဒယ်လာ။ တကယ်လို့ ဒယ်လာဟာ ရေကူးဝတ်စုံနဲ့ မဟုတ်ဘဲ အတွင်းခံကလေးတွေနဲ့ပဲ ရေဆင်းကူးခဲ့ရင် ဘယ်လိုဖြစ်မယ် ထင်သလဲ"

"ကျွန်မ ဟုတ်လားဆရာ"

"အေး ဟုတ်တယ်"

"ကျွန်မရဲ့ အတွင်းခံတွေက ခေတ်ပေါ်ပုံစံပဲဆရာ။ သိပ်ဈေးကြီးကြီး ပေးရတာမျိုး မဟုတ်ပါဘူး။ နိုင်လွန်ထည်တွေဆိုတော့ ရေစိုရင် မစုပ်ဘူး။ ဘာဖြစ်လို့လဲဆရာ ဆရာ့မေးခွန်းဟာ ပုဂ္ဂိုလ်စွဲမေးတာမဟုတ်ဘူး ထင်ပါတယ်။ ဆရာတစ်ခုခု သိချင်နေတယ် မဟုတ်လား"

"အေးကွယ် ဆရာ ဇဝေဇဝါဖြစ်နေတာ တစ်ခုရှိလို့"

ထိုစဉ် ဒယ်လာက တယ်လီဖုန်းနံပါတ်များ လှည့်ပြီးပြီဖြစ်၍ တစ်ဖက်သို့ လှမ်းမေးသည်။





"ပေါလ်ဒရိတ် ရှိပါသလားရှင်၊ မစ္စတာမေဆင်က သူ့ကို တွေ့ချင်လို့ပါ၊ ရုံးခန်းမှာ စောင့်နေပါတယ်၊ ခဏလောက် လာခဲ့ပါလို့ ပြောပေးပါရှင်၊ ကျေးဇူးတင်ပါတယ်ရှင်"

ဒယ်လာက ဖုန်းပြန်ချပြီး

"ပေါလ် အခုပဲ လာလိမ့်မယ် ဆရာ"ဟု ပြောသည်။

မေဆင်က သူ၏ကုတ်အင်္ကျီဘေးအိတ်ထဲမှ စီးကရက်ကိုထုတ်ယူလိုက်ပြီး ကြည့်ရှုနေရာ ဒယ်လာက

"ဘာလဲဆရာ"ဟု မေးသည်။

"ဒါဟာ စိုထိုင်းပျော့ဖတ်နေတဲ့ စီးကရက်တစ်လိပ်ပေါ့ကွယ်။ ကိုင်းခုနကစကား ဆက်ပြောရအောင်၊ အမျိုးသမီးတစ်ယောက်ဟာ အတွင်းခံဘောင်းဘီကလေးနဲ့ ဘရာစီယာပဲဝတ်ပြီး ရေဆင်းကူးတယ်ဆိုပါစို့။ ပြီးတော့ ရေစိုနေတဲ့ အဲဒီအတွင်းခံတွေကိုလည်း လူမြင်မှာစိုးလို့ ထားမပစ်ခဲ့ချင်ရင် သူ့ရဲ့ လက်ဆွဲအိတ်ထဲကိုထည့်မှာပဲ မဟုတ်လား။ ဘယ့်နှယ်လဲ ဒယ်လာ"

"ရေစိုအဝတ်တွေကို ဆက်ဝတ်ထားပြီး ကိုယ်ပေါ်မှာ အခြောက်မခံဘူးဆိုရင်တော့ ဆရာပြောသလိုပဲ လက်ဆွဲအိတ်ထဲ ထည့်ယူမှာပေါ့ ဆရာ"

"ဆရာကတော့ နာဒင်းပါးမားဟာ သူ့အတွင်းခံအဝတ်တွေကို ရေညှစ်ပြီး လက်ဆွဲအိတ်ထဲ ထည့်ခဲ့တယ်လို့ ထင်တာပဲ"

"သူက အတွင်းခံ အဝတ်ကလေးတွေနဲ့ ဘာကြောင့် ရေဆင်းကူးခဲ့ရသလဲဆရာ"

"အေး အဲဒါ စဉ်းစားစရာဖြစ်နေတာပေါ့ကွယ့်၊ နာဒင်းပါးမားဟာ. . ."

စကားမဆုံးမီ ပေါလ်ဒရိတ်၏ သူ့တို့ချင်း နားလည်သော အချက်ပေးသင်္ကေတဖြင့် တံခါးခေါက်သံ ကြားရ၍ ဒယ်လာက သွားဖွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နာဒင်းပါးမားကိစ္စ ဘာထူးသလဲပေါလ်"ဟု ပေါလ်ဒရိုက်ဝင်လာစဉ် မဆောင်က လှမ်းမေးသည်။

"ဘာမှ မထူးပါဘူးဗျာ"

"ကိုယ့်ကားပေါ်က သူဆင်းသွားပြီး စီးသွားတဲ့တက္ကစီကားကို စုံစမ်းလို့ မရဘူးလား"

"နာဒင်းပါးမားစီးသွားတဲ့ တက္ကစီကိုတော့ ကျွန်တော်တွေ့ပါတယ်။ ပယ်ရီ အမျိုးသမီးက ဒရိုင်ဘာကို လေဆိပ်ပို့ခိုင်းတယ်။ ပြီးတော့ လေဆိပ်မှာ ဆင်းသွားတယ် ဒါပဲစုံစမ်းလို့ရတယ်။ လေဆိပ်ကနေ လေယာဉ်တစ်စင်းစင်းနဲ့ ခရီးသွားသလား၊ ခေတ္တနားနေပြီးမှ တခြားတက္ကစီ တစ်စီးစီးနဲ့မြို့ထဲ ပြန်လာသလား။ အဲဒါတော့ မသိတော့ဘူး ။ လေယာဉ်စီးသွားရင်လည်း နာဒင်းပါးမားဆိုတဲ့နာမည် မသုံးတာသေချာတယ် အဲဒီနေ့က လေဆိပ်က ထွက်တဲ့ လေယာဉ်တွေမှာ ပါတဲ့ ခရီးသည်စာရင်းတွေကို ကျွန်တော့် တပည့်တွေ စုံစမ်းကြည့်ပြီးပြီ၊ ဒရိုက်က ခေတ္တနားပြီး ဆက်ပြောသည်။

"ဒီမယ်. . . ပယ်ရီ၊ ခင်ဗျား စုံစမ်းခိုင်းတဲ့ နာဒင်းပါးမားနဲ့ ပတ်သက်ပြီး ထူးတယ်လို့ ဆိုနိုင်တာတစ်ခုကတော့ အဲဒီအမျိုးသမီးကို ရဲအဖွဲ့ကလည်း လိုက်ရှာနေတယ်ဆိုတာပဲ"

"ရဲတပါ လိုက်နေတယ် ဟုတ်လား"

"ဟုတ်တယ်ဗျာ။ နာဒင်းပါးမား နေသွားတဲ့ တိုက်ခန်း ရှိတဲ့ အဆောက်အအုံ ပိုင်ရှင် အမျိုးသမီးကြီးကို ရဲအဖွဲ့က စုံစမ်းစစ်ဆေးပြီးပြီ။ ပြီးတော့ နာဒင်းပါးမားရဲ့ အခန်းကို ရှာဖွေပုံစံနဲ့ ရှာဖွေလို့မပြီးခင် တိုက်ခန်းကို ဘယ်သူ့မှ မငှားပါနဲ့ဦးလို့ ရဲကတားထားတယ်။ တိုက်ခန်းမှာလည်း အစောင့်တွေ ချထားတယ်"

"အေး. . . အဲဒါထူးတယ်ကွ၊ သူတို့ဘာကြောင့် ခုလိုလုပ်သလဲ"

"ဒါတော့ ကျွန်တော်မသိဘူး၊ ရဲတွေကြည့်ရတာတော့ အတော်





တလေး အရေးတကြီးဖြစ်နေပုံပဲ၊ ဒါပေမယ့် နာဒင်းပါးမား တက္ကစီငှားပြီး ပါသွားတယ်ဆိုတာရဲအဖွဲ့ကမသိသေးဘူးထင်တယ်။ ဒါကြောင့် ကျွန်တော်တို့က သူတို့ထက် ခြေတစ်လှမ်းလောက် ရှေ့ပြေးပြီး စုံစမ်းနိုင်ခဲ့တယ်"

မဆောင်က အတွေးနက်နက် စဉ်းစားနေရာမှ

"အင်း. . . ဒီအမျိုးသမီးဟာ တစ်ခုခုတော့ ပတ်သက်နေတာ သေချာတယ်ကွ၊ ဒီမယ်ပေါလ်၊ ဟောဒီ စီးကရက်ကိုကြည့်စမ်း၊ ရေစိုလို့ ပျော့ဖတ်နေတယ်မဟုတ်လား"

ဒရိုက်က မဆောင်ပြသော စီးကရက်ကိုကြည့်ပြီး

"ဒီစီးကရက်က ဘာကြောင့် ရေစိုတယ်လို့ခင်ဗျား ထင်သလဲ၊ ရေကူးကန်ထဲက ရတာလား"

"မဟုတ်ဘူးကွ၊ ကိုယ်တွေးမိတာ ပြောရရင် နာဒင်းပါးမားဟာ အပြင်အဝတ်တွေ ချွတ်ပြီး အတွင်းခံတလေးနဲ့ပဲ ရေကူးကန်ထဲဆင်းခဲ့လိမ့်မယ်၊ ပြီးတော့ အတွင်းခံတွေချွတ်၊ ရေညှစ်ပြီး လက်ဆွဲအိတ်ထဲထည့် အပြင်အဝတ်တွေ ပြန်ဝတ်ပြီး အိမ်ပြန်ခဲ့လိမ့်မယ်၊ သူ့ကိုကိုယ်သွားတွေ့ပြီး ပြောဆိုတဲ့စကားထဲမှာ သူ့စိတ်ထဲ သတိရစရာတစ်ခု ပါသွားလိမ့်မယ် ကိုယ်က သူ့ကို ဘာတွေပြောခဲ့သလဲ ဆိုတော့. . . လော်ရင်းကာဆင် အကြောင်း၊ အေး. . . ဟုတ်ပြီ နေဦးတော့. . . ကိုယ်ပြောတာက. . ."

မဆောင်က စကားကို ရုတ်တရက်ဖြတ်ပြီး

"ဒယ်လာရေ၊ တယ်လီဖုန်းနဲ့ အလုပ်ရှုပ်လိုက်စမ်းပါဦးကွယ်၊ လဝ်စ်ဗေးဂတ်စ်မြို့ကို အမြန်ဆုံး လိုက်နိုင်မယ့် လေယာဉ်လက်မှတ် စီစဉ်စမ်းပါ။ လေယာဉ်ကွင်းရောက်မှ ဖုန်းပြန်ဆက်မယ်၊ ဆရာခုချက်ချင်း တက္ကစီတစီးနဲ့ လေယာဉ်ကွင်းကိုသွားမယ်၊ ဆရာ့ကားယူမသွားဘူး၊ ကားရစ်ဖို့ နေရာရှာရတာ ကြာနေဦးမယ်၊ ဆရာ ဒီကသွားနေတုန်း လေယာဉ်လက်မှတ် လှမ်းစီစဉ်ထား၊ ဆရာ ဖုန်းဆက်ရင် လက်မှတ်နံပါတ်ပြောပေးတော့ ပေါ့... ပေါလ် မင်းလုပ်စရာရှိတာဆက်လုပ်၊ နာဒင်းပါးမားနဲ့ ပတ်သတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရနိုင်သမျှ အချက်အလက်တွေ လိုချင်တယ်။ ရဲအဖွဲ့က နာဒင်းရဲ့ တိုက်ခန်းမှာရှာဖွေတဲ့အခါ ဘာကိုလိုချင်လို့ ရှာတယ်ဆိုတာလဲ သိချင်တယ်။

"ဖယ်လာ. . . ၊ ရဲအဖွဲ့က ဆရာ့အမှုသည် အီဒင်ကို စစ်ဆေးစရာရှိလို့ ဆိုပြီး ခေါ်သွားတယ်။ ဗီဗီယန်တာဆင်ကိုလည်း အတူတူ ခေါ်သွားတယ်။ ပြန်လွှတ်လိုက်ရင် အီဒင်က ဆရာ့ဆီကို ဖုန်းဆက်လိမ့်မယ်။ ဒီကိုလာပြီး ဆရာ့ကိုစောင့်နိုင်းပါ။ ဒီအမှုမှာ အချိန်ဇယားနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့အကြောင်း အီဒင်ကိုပြောပြ၊ ဒီနေ့မနက်တစပြီး ဘယ်အချိန် ဘယ်နေရာမှာ ဘာလုပ်ခဲ့တယ်ဆိုတာ ပြောပြဖို့ တိုက်တွန်းပေတော့။ သူပြောသမျှကို လက်ရေးတိုနဲ့ လိုက်မှတ်ထားနော်၊ သူလန့်သွားလောက်အောင်လည်း မမှတ်နဲ့ဦး၊ ကဲ...ဆရာသွားမယ်"

"ခင်ဗျားကိုတွန်တော့်တားနဲ့ လိုက်ပို့ပေးမယ်လေ"

ဒရိတ်က ဝင်ပြောသည်။

"နေပါစေ တက္ကစီနဲ့ပဲသွားမယ် မောင်ရင် ဆက်လုပ်စရာရှိတာ လုပ်ပါ"

မေဆင်က တံခါးကို ဖွင့်ပြီး အရေးတကြီး ထွက်သွားသည်။

* * *



အခန်း (၁၀)

လပ်စ်ဗေးဂတ်စ် ပျော်ပွဲစားရုံတစ်ခုတွင် မေဆင်က ဟိုတယ်လုပ်သား လူငယ်တစ်ယောက်ကို မုန့်ဖိုး သုံးဒေါ်လာပေး၍ ညည်ကြိုမယ်တလေး ဖျင်နီဗီးဟွန်တတ်ဟိုက် ရှိရာသို့ ညွှန်ပြပေးရန်ပြောသည်။ သူငယ်က မုန့်ဖိုးမျှတ်နှာကြောင့် လိုလိုချင်ချင် ခေါ်သွားသည်။ အရက်ခန်းကိုဖြတ်၍ တာစီနိုတစားပွဲ ခန်းမကြီးအတွင်းသို့ ရောက်သွားရာ ထစားပွဲသုံး ချားရဟတ်များ၏အသံနှင့် လောင်းကစားနေသူများ၏ ဆူညံသံများကို ကြားရသည်။ ပေါက်မဲနံပါတ်များကိုလည်း အသံချဲ့စက်မှ ကြေညာ ကြေညာပေးနေသည်။ စားပွဲတစ်လုံးတွင် ထိုင်နေသော အတိုဆောင်းဘီကျပ်ကျပ် ဝတ်ထားသည့် အမျိုးသမီးငယ်တစ်ယောက်ကို ဟိုတယ်လုလင်က ညွှန်ပြ၍-

"ဆရာကြီး တွေ့ချင်တဲ့ အမျိုးသမီးကတိုမှာ"ဟု ပြောသည်။

"ဘယ်မှာလဲကွယ့်"

"ဟိုနားမှာ ထိုင်နေတဲ့ အဖျံစားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မျက်စိထဲဖြင့် အားလုံးအပျံစားတွေပဲကွ"

"ဒါပေါ့ ဆရာကြီး၊ ဟိုတယ်မယ်တွေဆိုတာ အပျံစားတွေ ဖြစ်နေအောင် လခပေးထားတာကိုး၊ ဒါပေမယ့် ဆရာကြီး ရှာနေတဲ့ အမျိုးသမီးကတော့ အပျံတကာ့ အပျံစားပဲ"ဟု ဟိုတယ်လုလင်က ပြောသည်။

မေဆင်က ကျေးဇူးတင်ကြောင်းပြောပြီး လောင်းကစားသမားများကြားမှ ဖြတ်၍ အမျိုးသမီးဆီသို့ လျှောက်သွားသည်။ အမျိုးသမီးတမေဆင်ဘက်သို့ ကျောပေးနေသည်။ သူမကိုယ်ပေါ်တွင် ကြက်သွန်ခွံကဲ့သို့ ပါးလှပ်နေသော အနက်ရောင်ဝတ်ရုံကို ဆင်မြန်းထားသည်။ မေဆင် အနီးတွင် ရပ်လိုက်သောအခါ စူးစမ်းသလို လှမ်းကြည့်သည်။ ကြီးမားနက်မှောင်သော မျက်လုံးများက မေဆင်အား တစ်ကိုယ်လုံး ထွင်းဖောက်ကြည့်ရှုနေသကဲ့သို့ ရှိသည်။

"ဟလို" မေဆင်ကနှုတ်ဆက်လိုက်သည်။

"ဟလို" ဟု သူမက တုံ့ပြန်သည်။

"ဂျင်နီဗီးကို ကျုပ်ရှာနေတာ"

"ရှင်အခု တွေ့ပြီလေ"

"ကျုပ်နာမည် မေဆင်ပါ"

"ရှေ့ကနာမည်က ပယ်ရီမဟုတ်လား ပယ်ရီမေဆင်ပေါ့"

"ဟုတ်ပါ့ဗျာ"

"ရှင့်ဓာတ်ပုံကို တစ်နေရာရာမှာ တွေ့ဖူးတယ် ထင်တယ် သတင်းစာတွေထဲမှာဖြစ်မယ်ထင်တယ်။ ကဲ ဆိုပါဦး ရှင်က လပ်စ်ဗေးဂတ်စ်လိုနေရာကို ဘာလာလုပ်ရတာလဲ"

"ပျော်ရ ပါးရအောင်ပေါ့ဗျာ"

"အို... ရှင့်လို ပုဂ္ဂိုလ်တစ်ယောက်က ဒီအတွက်တော့ ဟုတ်မယ်မထင်ပါဘူး။ ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်မကိုတော့ တစ်မျိုးမထင်နဲ့နော် ကျွန်မက ကောင်းရောင်းကောင်းဝယ် လုပ်စားနေတာရှင့်၊ ကြေးစားမဟုတ်ဘူး





ရောင်းကုန် မဟုတ်ဘူး"

"ရောင်းကုန်မဟုတ်ဘူးဆိုတော့ ငှားလို့ရမ်းလို့တော မရဘူးလား"

မေဆင်က အမှတ်မထင်သဘောမျိုး မေးလိုက်သည်။

သူမက ပြုံး၍

"ရေရှည် အငှားသဘောမျိုး ဆိုရင်တော့ စဉ်းစားစရာပေါ့လေ"ဟု ပြန်ပြောပြီး မေဆင်ကို အကဲခတ်သလို ကြည့်နေသည်။ စိတ်ဝင်စားလာသော အမူအရာမှာ ပေါ်လွင်နေသည်။

"မင်းတို့ကျုပ်စကားပြောချင်တယ်၊ ခုလိုအချိန်အတွင်းမှာ ပြောလို့ဖြစ်ရဲ့လား"

"ညှိသည်တွေနဲ့ ညှိခံဖို့က ကျွန်မအလုပ်ပဲ။ ရှင့်ကို ကစားဝိုင်းတစ်ခုကို ခေါ်သွားပြီး ထိုင်စကားပြော. . ."

"ဒီပြင် ဘာရုံတွေ မမှားချင်ဘူးလေ၊ ဒီတော့ အရက်ကလေးနည်းနည်းပါးပါး ထိုင်သောက်ပြီး စကားပြောရအောင်"

"ဒီမှာက အရက်သောက်ရုံနဲ့ မပြီးဘူးရှင့်၊ အရက်သောက်တာကထောမအဆင့်ပဲ အင်းလေ အခြေအနေအရပေါ့"

"သီးသန့်ခန်းကလေးတွေ ရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ် သီးသန့်ခန်းတစ်ခန်းမှာ စကားပြောကြမှာပါ။ ဒါပေမယ့် ကျွန်မက အလုပ်ချိန်တွေ ဖြစ်နေတယ်နော် ။ ကျွန်မအလုပ်ကဧည့်သည်တွေကို ကစားဝိုင်းတွေဆီ ရောက်အောင် ပို့ပေးရတယ်၊ ဧည့်သည်တွေ ပျော်ရွှင်အောင် ဧည့်ခံပေးရတယ်၊ ပြီးတော့ သူဝင်ကစားရင်နိုင်ဖို့ လွယ်လွယ်ကလေးပဲလို့ ထင်လာအောင် လုပ်ပေးရတယ်"

"နိုင်ဖို့တော လွယ်ရဲ့လား"

"ဒါကတော့ ကျွမ်းကျင်ရာ လိမ္မာပေါ့ရှင်"

"ကျွမ်းကျင်အောင် ဘယ်လိုသင်ရသလဲ"

"လာလေ. . . ရှင့်ကို ကျွန်မပြမယ်"

www.burmeseclassic.com



သူမက မေဆင်၏ လက်မောင်းကိုဆွဲကိုင်၍ လောင်းကစား စားပွဲတစ်လုံးသို့ ခေါ်သွားသည်။

"ဒေါ်လာ ၂၀ ပေးပြီး တိုကင်ပြားတွေ ဝယ်လိုက်ပါ"ဟု သူမက ပြော၍ မေဆင်က စားပွဲရှိ တိုကင်လဲသော နေရာတွင် ဒေါ်လာ ၂၀ ဖိုး လဲလိုက်သည်။

"ကဲ. . . အခုရှင့်ငွေနဲ့ ကျွန်မ ကစားပြမယ်"

သူမက စက်ရဟတ်လည်နေသည်ကို ခေတ္တမျှစောင့်ကြည့်ပြီးနောက် နံပါတ်(၇) နေရာတွင် တိုကင်ပြားအချို့ကို ချထားလိုက်သည်၊ ဘီးအလည်ရပ်သွားသောအခါ ပေါက်ဂဏန်းမှာ (၉)အတွင်း ကျလေသည်၊

"မင်းပြောတော့ နိုင်ဖို့လွယ်တယ်ဆို"ဟု မေဆင်က ပြောသည်၊

"အို တစ်ခါတလေတော့ လွဲတတ်တာပေါ့ရှင်။ ခုတစ်ခါ နံပါတ်(၂၇)မှာ တစ်ချက်၊ သုညနှစ်လုံးမှာတစ်ချက်၊ အနီရောင်နေရာမှာ တိုကင်ပြားငါးခု၊ နံပါတ်(၁၂)မှာ သုံးပြားထိုးရှင်၊ မလွဲတမ်း နိုင်ရမယ်"

"ဒီအတိုင်းဆို ဒေါ်လာ ၂၀ ခဏလေးနဲ့ ချောတော့မယ် ထင်တယ်"

သူမက လေသံတိုးတိုးဖြင့်

"အဲသလိုလုပ်မှဖြစ်မှာရှင့်၊ ဒါမှ ကျွန်မတို စောင့်ကြည့်နေရင် ရှင့်ကို ကျွန်မက လောင်းကစားဖို့ ကျုံးသွင်းနေတာလို့ ယုံကြည်မှာ၊ ပြီးတော့ သီးသန့်ခန်းထဲ သွားကြတာပေါ့"

ထိုအချိန်တွင် ရဟတ်ဘီး စလည်ပြီ ဖြစ်၍ မေဆင်က အမျိုးသမီး ပြောသည့် နေရာများတွင် ထိုးလိုက်သည်။

ဤတစ်ချီတွင် အနိုင်ရပြီး တိုကင်ပြားများပြန်လျော်သည်၊

"ကဲ. . . ရှင့်အရင်းထက်ပိုရသွားပြီ မဟုတ်လား"ဟု သူမကပြောသည်။

မေဆင်က နိုင်သော တိုကင်ပြားများ၏ ထက်ဝက်ကို အမျိုးသမီးထံ ပေးလိုက်သည်၊





"ဒါ မင်းအတွက် သက်သက်ပေးတာနော်"ဟု မေဆင်က ပြောသည်၊

သူမက တိုကင်ပြားအချို့ကိုသာ ယူပြီး နောက်တစ်ကြိမ် ထပ်လောင်းသည်၊ စားပွဲအစွန်နေရာရှိအကွက်သို့ လှမ်းထိုးရသည်ဖြစ်၍ မေဆင်၏ ရင်ခွင်တွင် သူမ၏ကိုယ်ကို မှီတပ်ထားသည်။ ထိုနောက် သူမ၏ နှုတ်ခမ်းကို မေဆင်၏နားဝသို့တပ်၍

"နိုင်တဲ့တိုကင်ပြားတွေကို ကျွန်မတို့က ငွေသားပြန်လဲခွင့် မရှိဘူး ဒါပေမယ့် ရှင်ကပြန်လဲပြီး ငွေသားပေးရင်တော့ ကျွန်မလက်ခံလို့ ရတယ်"

"ဒီနေရာက ကိုယ့်အတွက်တော့ အတွေ့အကြုံအသစ်ပဲ"

"ရှင် နိုင်နေရင် စန်းထနေလို့ပဲ၊ ဆက်သာထိုး၊ ရှုံးလာပြီဆိုရင် လောဘသတ်ပြီး လစ်ပေတော့"

"အင်း. . . ဒါဟာ လောင်းကစားတဲ့ နေရာမှာ အနိုင်ရတဲ့ ဆောင်ပုဒ်ပဲ"

"ဒါပေမယ့် ကစားသမားတွေဆိုတာ စိတ်ကိုမထိန်းနိုင်ကြဘူး။ ရှုံးနေရင်လည်း၊ သဲသဲမဲမဲ ဆက်ကစားနေတော့တာပဲ၊ နိုင်လာပြီဆိုရင် လောဘမသတ်နိုင်ဘူး"

မေဆင်က သူမ ထိုးထားသော အကွက်များကို စောင့်ကြည့်နေသည်၊ နောက်ထပ် နှစ်ကြိမ်တိုင်တိုင် သူမကဆက်၍ နိုင်သည်။ မေဆင်သည် ဂျင်နီဖိထိုးထားသော အကွက်များကို လိုက်၍ထိုးရာ ဆက်တိုက်အနိုင်ရ၍ သူတို့နှစ်ဦး၏ရှေ့တွင် တိုကင်ပြားများပုံနေတော့သည်၊ အနီးဝန်းကျင်တွင် လျှောက်ကြည့်နေကြသော လူအများကပင် မေဆင်တို့အတွဲ ထူးထူးကဲကဲ အနိုင်ရနေခြင်းကို စိတ်ဝင်စားလာကြပြီး ဘေးမှဝိုင်းအုံ ကြည့်ရှုလာကြသည်၊

မကြာမီ ထိုစားပွဲတွင် ကစားသမားများ ပို၍များလာသဖြင့် ကြည့်ရှုသူများမှာ နောက်မှ တစ်ထပ်ဝိုင်း၍ ကြည့်ကြရသည်။

မေဆင်က ဆက်၍လောင်းကစားနေရာ သုံးလှည့်တစ်လှည့်ခန့် နိုင်



www.burmeseclassic.com

www.burmeseclassic.com



နေပြီးနောက် ငါးလုည့်ခန့် ဆက်တိုက်ရှုံးသွားသည်။ ထိုအခါ ကျန်ရှိသော တိုကင်ပြားများကို သိမ်းယူ၍ ကုတ်အင်္ကျီအိတ်ထဲ ထည့်လိုက်ပြီး ဂျင်နီဖီး တို လှမ်းပြောသည်။

"တော်ပြီကွယ်၊ နားချင်ပြီ၊ အရက်ကလေးတစ်ခွက်လောက်လည်း သောက်ချင်တယ်"

"သောက်ချင်ရင် ဒီက လှမ်းမှာလည်း ရပါတယ်ရှင့်"ဟု သူမက ခိုင်လှကြီး ကြားအောင် ပြောသည်။

"တဂ္ဂအင်း ဖောဖောဆောဆော ထိုင်ပြီး နားနားနေနေ သောက်ချင် တယ်၊ အရက်ဖိုးအတွက် ဒီတိုကင်ပြားတွေနဲ့ ပေးလို့ရသလား"

"အို . . . ရတာပေါ့ ဒါမှမဟုတ်ရင် ငွေစာရင်းကောင်တာမှာ တိုကင်ပြားနဲ့ ငွေသားနဲ့ သွားလဲလို့ရတယ်"

သူမက ပြောပြောဆိုဆို ရှေ့ဆောင်၍ခေါ်သွားရာ မေဆင်က နောက်တလိုက်သွားသည်။ ငွေလဲလှယ်သည့်နေရာတွင် တိုကင်ပြားများ နှင့် ငွေသားများ သွားလဲရာ ဒေါ်လာ ၅၈၀ ရလာခဲ့သည်။ မေဆင်က ဂျင်နီဖီး၏ လက်မောင်းကို ဆွဲကိုင်ပြီး ထွက်လာရင်း ဒေါ်လာ ၀၀၀တန် တစ်ရွက်ကို သူ၏လက်ဝါးထဲထိုးထည့်ပေးလိုက်ကာ

"လက်ခံနိုင်တယ်မဟုတ်လား"ဟု မေးသည်။

"လက်ခံနိုင်ပါပြီရှင်"ဟု သူမက ငွေစက္ကူကိုမကြည့်ဘဲ လက်ဖြင့် ဆုပ်ထားပြီး ပြန်ပြောသည်။ အရုတ်ခန်းကို ဖြတ်လာပြီးနောက် သီးသန့် ခန်းကလေးများရှိရာသို့ မေဆင်ကို သူမက ခေါ်လာသည်၊ အခန်းတစ်ခု အတွင်း ဝင်ထိုင်ကြပြီးနောက် မေဆင်ကို သူမက ပြုံး၍ ကြည့်ပြီး

"ရှင်က လောင်းကစားသမားလား"ဟု မေးသည်။

"ခုတော့ ကစားသမားဖြစ်လာပြီပေါ့၊ ဘယ်လို စခန်းသွားရမယ် ဆိုတာ သိလာပြီ၊ လောင်းကစားတာ ဒီလောက်လွယ်သလား"

"ရှင်ကံလိုက်နေရင်တော့ လွယ်တာပေါ့"





"ညှံ့နေရင်တော့"

"ညှံ့နေရင်တော့ ရှုံးပြီသာ မှတ်ပေတော့ ၊ ရှုံးပြီးရင်း ရှုံးလာတဲ့ အခါ ရှင်ဟာ ကစားဝိုင်းဒိုင်က ရှင့်ကိုလိမ်ကစားနေတယ်လို့ထင်လာ မယ်၊ ပြီးရင် ကစားအောင် ဆွဲဆောင်ခဲ့တဲ့ ကျွန်မကို မသင်္ကာတဲ့မျက်စိနဲ့ လှည့်ကြည့်မယ်၊ ရန်လုပ်ချင်လာမယ်၊ အဲဒီအချိန်မျိုးမှာ ကျွန်မက အသာ လျှိုပြီး တခြားညှံ့ကြိုမယ်တစ်ယောက်ယောက်ကို မျက်ရိပ်ပြ၊ အဲဒီ အမျိုး သမီးက ဝိုင်းနားကပ်လာ၊ လောင်းကြေးငွေ ဝင်ထိုးသလိုလိုနဲ့ ရှင့်ကိုယ်ကို ဖိတပ်မိအောင်လုပ်မယ်၊ အဲသလိုနဲ့ ရှင်က အဲဒီအမျိုးသမီးကလေးကို စိတ်ဝင်စားသွားတဲ့အချိန်မှာ ကျွန်မက လစ်ထွက်ခဲ့မယ်။ ဒါ ကျွန်မတို့ လုပ်နည်းလုပ်ဟန်ပဲ"

"ဒီလိုဆို ညှံ့သည်ဆီက ဆုကြေးကိုမင်းမရတော့ဘဲ ဟိုအမျိုးသမီး က ရသွားမှာပေါ့ "

"အို . . . ကြုံကြုံဖန်ဖန်ရှင်၊ ကစားဝိုင်းမှာ ရှုံးတဲ့လူဆိုတာ ဘယ်တော့ မှ ဆုကြေးပေးလေ့မရှိဘူး၊ နိုင်လာရင်သာ စေတနာဗရပွနဲ့ ပေးကမ်း ထတ်ကြတာ" ထိုအချိန်တွင် စားပွဲထိုးတစ်ယောက်ဝင်လာပြီး စောင့်နေ သဖြင့် မေဆင်က ဂျင်နီဖီးအား မျက်ခုံးပင့်ကြည့်၍မေးလိုက်ရာ

"စတော့ချ် ဝီစကီနဲ့ ဆိုဒါ ပေးပါ ဘတ်ရေ"ဟု သူမက မှာလိုက် သည်၊

"ကိုယ့်အတွက်တော့ ဂျင်နဲ့ တော်နစ်စပ်ပေးပါ" ဟု မေဆင်က မှာသည်၊

စားပွဲထိုး ထွက်သွားချိန်တွင် ဂျင်နီဖီးသည် စားပွဲအောက်တွင် သူမ၏ ဝတ်စုံကို ဆန့်ဆန့်ရန့်ရန့် လုပ်ဟန်ဖြင့် လက်ထဲရှိ ငွေစက္ကူကို ကြည့်ပြီး မေဆင်ကို တအံ့တသြဖြင့် လှမ်းပြောသည်၊

"ရှင် ကျွန်မကိုပေးတာ ဒေါ်လာ ၁၀၀ တန်ကြီးပါလား"

"ဟုတ်တယ်လေ. . . "



www.burmeseclassic.com

www.burmeseclassic.com



မဆေင်က အေးအေးဆေးဆေး ပြန်ပြောသည်။

"အို. . . ဝမ်းသာလိုက်တာရှင်၊ ကျေးဇူးပါပဲ"

"မင်းကို တစ်ခုပြောစရာရှိတယ်၊ အဲဒါကတော့ ကျုပ်လိုချင်တာ တစ်ခုရှိလို့ပဲ"

"ယောကျ်ားတွေဟာ တစ်ခုခုလိုချင်နေကြတာချည်းပဲ၊ ကဲပါလေ. . . ရှင်လိုချင်တယ်ဆိုတာ ကျွန်မပေးနိုင်တဲ့ဟာ ဖြစ်ပါလိမ့်မယ် လွယ်လွယ်ကလေး ပေးပါ့မယ်တဲ့ရှင်"

သူမက ပြုံးစစဖြင့်ပြောကာ သွေးဆောင်သော အမူအရာဖြင့် မဆေင်ဘက်သို့ တိုးကပ်လိုက်သည်။ ထိုနောက် ဟက်ဟက်ပက်ပက် ရယ်လျက်

"ထားပါတော့လေ လိုရင်းပြောကြရအောင်၊ ရှင်ဘာလိုချင်သလဲ ပြောပါ ရှေ့နေကြီး ပယ်ရီမဆေင်"

"ကျုပ်သိချင်တာက နာဒင်းပါးမားဆိုတဲ့ အမျိုးသမီးကို မင်းသိ သလားဆိုတာပဲ"

"ပါးမား၊ ပါးမား၊ နာဒင်းပါးမား"

သူမက နှုတ်မှရေရွတ်လျက် မျက်လုံးကလယ်ကလယ်လုပ်ကာ စဉ်းစားနေပြီး၊ ထို့နောက် ဖြေးညင်းစွာ ခေါင်းခါပြပြီး

"ဒီနာမည် တစ်ခါမှမကြားဖူးဘူးရှင်၊ လူမြင်ရင်တော့ သိချင်သိမယ် ကျွန်မတို့ဆီမှာ နာမည်သိပ်မသိဘဲ လူချင်းပဲဆက်ဆံကြတာများတယ်၊ အဲဒီအမျိုးသမီးက ဒီမှာနေသလား"

"လော့စ်အိန်ဂျလီမှာနေတယ်"

ဂျင်နီဗီးက ထပ်မံ၍ ခေါင်းယမ်းပြသည်။

"လော်ရင်းကာဆင်ကို မင်းသိသလား"

မဆေင်ကမေးလိုက်ရာ သူမက ဆတ်ခနဲကြည့်ပြီး အပြုံးရိပ်ပျောက် ကွယ်သွားကာ...





"လော်ရင်းကာဆင်ကို ကျွန်မသိတယ်"ဟု ဖြေသည်။

"သူ့ကို နောက်ပိုင်းမှာမင်းတွေ့သေးသလား"

သူမက မျက်မှောင်ကြုတ်၍-

"နောက်ပိုင်းဆိုတာ ဘာကိုပြောတာလဲ၊ ကျွန်မ သူ့ကို တွေ့တာ တော့ အင်း. . . နေပါဦး၊ ပြီးခဲ့တဲ့အပတ်ကပဲ၊ တစ်ပတ်လောက်ရှိပြီပေါ့၊ သူဒီကို လာသွားတယ်လေ"

"သူသေပြီကွယ့် "

"သူ. . . သူ. . . ဘာဖြစ်တယ်"

"သူ သေပြီ၊ ဒီနေ့ပဲ လူသတ်ခံရတယ်၊ ဒီနေ့ မွန်းမတည့်ခင်လောက် ဒါမှမဟုတ် မွန်းတိမ်းပြီးခါစ အချိန်လောက်မှာပဲ"

"လော်ရင်းကာဆင် သေပြီ ဟုတ်လား"

"အေး. . . လူသတ်ခံရတာ "

"သူ့ကို ဘယ်သူသတ်သလဲ"

"ဒါတော့ ကျုပ်မသိဘူးလေ"

သူမက မျက်လွှာချသွားပြီး ဆယ်စက္ကန့်မျှ ငြိမ်နေကာ သက်ပြင်း တစ်ချက် ချ၍ မဆေင်ကို မျက်လွှာပြန်ပင့်ကြည့်သည်။

"တောင်းပါပြီ သူသေပြီဆိုတော့ ဘာဖြစ်လို့လဲ"

"သူဟာ မင်းရဲ့မိတ်ဆွေတစ်ယောက် မဟုတ်လား"

"အင်း...၊ သူဟာ ကျွန်မအပေါ် အတော်ကောင်းရှာပါတယ်၊ အဲ သလိုပဲ ပြောပါစို့ရှင်"

"ကာဆင်ဟာ သူ့ဇနီးနဲ့ ပြဿနာတွေ ဖြစ်တယ်ဆိုတာ မင်းသိတယ် မဟုတ်လား"

"ယောကျ်ားတွေဟာ ဒီလိုချည်းပါပဲလေ၊ သူတို့မိန်းမတွေနဲ့ အမြဲနဲ့ အမြန် ပြဿနာဖြစ်တတ်ကြတာပဲ၊ ကျွန်မနဲ့ ဆုံဖူးတဲ့ယောကျ်ားတိုင်း အဲသလိုချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တာဆင်ဟာ လောင်းကစားတာ အတော်လုပ်ခဲ့တယ်မဟုတ်လား"

"တာဆင်ဟာ ကျွန်မတို့ ပျော်ပွဲစားရုံရဲ့ ဖောက်သည်တစ်ယောက်ပါ၊ ကျွန်မတို့အနေနဲ့ ဖောက်သည်တွေရဲ့ ကိစ္စတွေကို ဆွေးနွေးလေ့မရှိပါဘူး။ ဒါပေမယ့် ရှင့်ကိုတော့ ပြောပြပါ့မယ်၊ ဟုတ်ပါတယ်၊ တာဆင်ဟာ အတော်တလေး လောင်းကစားတတ်ပါတယ်"

"နိုင်တော နိုင်သလား"

"သူက အင်မတန်လျင်တဲ့ ကစားသမားပဲရှင့် "

"ဘာကိုဆိုလိုတာလဲ"

"ခုနက ရှင့်ကို ပြောပြခဲ့သလိုပေါ့။ ဖဲထနေတဲ့အချိန် ပိအောပြီး ကစားတယ်။ ဖဲသေစပြုလာပြီဆိုရင် အသာလျှိုသွားတယ်။ အဲဒီစနစ်နဲ့သာ ကစားသွားရင် ရှင်လည်းနိုင်မှာပဲ။ လောင်းကစားပွဲတွေမှာ ရှုံးနေကြတဲ့ လူတွေဟာ လောဘမသတ်နိုင်ကြလို့ရှင့်"

"တာဆင်ကတော့ အဲသလို မဟုတ်ဘူးလား"

"သူက အင်မတန်တော်တာပဲ။ ရှုံးပွဲနည်းနည်းဆင်းလာရင် ရှင်ခုန လုပ်တဲ့အတိုင်းလုပ်တော့တာပဲ"

"ဘယ်လိုလုပ်လို့လဲ"

"ဝိုင်းထဲက တစ်နည်းနည်းနဲ့ထွက်ပြီး ကျွန်မနဲ့ အရက်လာသောက်နေတတ်တယ်"

"မင်းတို့ ပျော်ပွဲစားရုံ အုပ်ချုပ်ရေးပိုင်းက ဒါမျိုးကို ခွင့်ပြု သလား"

"ဒီမယ်မစ္စတာမေဆင် ရှင်လည်း အရွယ်ရောက်ပြီးနေတဲ့ လူကြီးတစ်ယောက်ပဲ၊ ကျွန်မလည်း အလုပ်လုပ်နေတဲ့ အမျိုးသမီးတစ်ယောက်ပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီလိုပျော်ပွဲစားရုံတွေက အရက်နဲ့ စားစရာရောင်းရုံနဲ့ အမြတ်ရတာမဟုတ်ဘူးရှင့်။ ကစားဝိုင်းတွေက ပိုက်ဆံ နင့်နေအောင်ရတာ၊ နိုဗားဒါးပြည်နယ်အနေနဲ့ ခုလိုကစားဝိုင်းတွေဆီက အခွန်အတုတ်တွေ အပေါ်မှာ မှီခိုနေရတာပဲ။ ဒီတော့ လောင်းကစားသမားတွေ





ကို စိတ်ကြိုက်ကစားဖို့ ခွင့်ပြုထားရတယ်။ တာဆင်လို အချိန်မှန်ဖောက်သည်မျိုးဆိုရင် ညှိုကြိုမယ်ကလေးတွေ ခေါ်ထုတ်သွားလည်း မကန့်ကွက်ဘူး"

"အေးတွယ် မင်းတို့ လောတာအကြောင်းကလည်း စိတ်ဝင်စားစရာပါပဲ"

"စီးပွားရေးကိုး၊ ဒီလိုပဲပေါ့။ ကိုင်း. . . စကားကောင်းနေလိုက်ကြတာ ရှင်ဘာလိုချင်သလဲဆိုတာပြောပါဦး"

"ဪ ကျုပ်သိချင်တာက နာဒင်းပါးမားနဲ့ မင်းအဆက်အသွယ်ရှိသလားဆိုတာပဲ၊ သူဟာ ဒီနေ့ မွန်းလွဲပိုင်းမှာ လော့စ်အိန်ဂျလိမြို့ကနေ ဒီကိုလာခဲ့တယ်လို့ ကျုပ်ယုံကြည်ထားတယ်၊ လာတဲ့အကြောင်းက မင်းတိုလိုက်ရှာဖို့ ဖြစ်လိမ့်မယ်၊ ဒီတော့ နာဒင်းက မင်းကိုဆက်သွယ်လာရင် သူဘာလိုချင်သလဲဆိုတာ ကျုပ်သိချင်တယ်"

ထိုစဉ် စားပွဲထိုးက အရက်ခွက်များ ယူလာ၍ မေဆင်က သူ၏ဖန်ခွက်နှင့် ဂျင်နီဗီး၏ဖန်ခွက်ကို တို့ထိနှုတ်ဆက်ပြီး

"ဘယ့်နှယ့်လဲ"ဟု မေးသည်

အမျိုးသမီးက

"ကျွန်မတော့ နာဒင်းတ လာဆက်သွယ်လိမ့်မယ် မထင်ဘူး၊ ကျွန်မနဲ့ ဘာမှမဆိုင်တဲ့ကိစ္စပဲ"

"တာဆင်ကိုတော့ မင်းသဘောကျတယ်မဟုတ်လား"

ဂျင်နီဗီးက ခေတ္တဆိုင်းနေပြီး မျက်လွှာပင့်ကြည့်ကာ

"ဟုတ်ကဲ့"ဟု ဖြေသည်၊

"အတော်တလေး ရင်းနှီးခဲ့ကြတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ရှင်းရှင်းမေးပါရစေတွယ်၊ မင်းတို တာဆင်တ ယူထားပြီလား"

"ဟင့်အင်း အဲသလိုတော့ မထုတ်ဝါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် မယူဖြစ်ခဲ့သလဲ"

"ကျွန်မက ကျွန်မအလုပ်ရှိတယ်၊ သူကလည်း သူ့အလုပ်နဲ့သူရှင့်၊ ကျွန်မဟာ သူ့အတွက် လောင်းကစားဝိုင်းထဲမှာ တွဲဖို့ကောင်းတဲ့ မိန်းမ တစ်ယောက်ဖြစ်ပေမယ့် ဇနီးအဖြစ် နေဖို့ကတော့ မလွယ်ပါဘူး။ တာဆင် ကလည်း လူပေါ်ကြော့တစ်ယောက်ဆိုတော့ ဘယ်မိန်းမကိုမှ အတည် ကြံမယ့်ပုံမရှိဘူး၊ သူ့ဇနီးသာ ဖြစ်ရရင်အတော် စိတ်ပျက်စရာ ကောင်းမှာ ပဲ"ဟု ဂျင်နီဗီးက ပြောပြောဆိုဆို သူမ၏အရက်ခွက်ကို အပြီးသတ် မော့ချလိုက်သည်။ မေဆင်ကလည်း သူ၏ခွက်ကိုရှင်းလိုက်ပြီး

"ဝိုင်းတွေဆီကို ပြန်သွားကြရအောင် နာဒင်းပါးမားက မင်းကို ဆက်သွယ်လာရင်တော့ ကျုပ်ကို အသိပေးပါနော်"

"ဈေးက ဘယ်လောက်လဲ"

"ဒေါ်လာ ၂၀၀ ပေးမယ်"

"အဲဒီထက် ပိုပေးရလိမ့်မယ် မစ္စတာမေဆင်၊ နာဒင်းပါးမားဆိုတဲ့ မိန်းမက ကျွန်မကိုပြောတဲ့ စကားတွေအပေါ်မှာ ကြေးအနည်းအများ မူတည်နေတယ်။ ကိုင်း. . . လာသွားကြမယ်၊ ရှင်ဘယ်လောက် စန်းထ နေတယ်ဆိုတာ ကြည့်သေးတာပေါ့"

သူမက ရှေ့ဆောင်၍ ဝထမကစားဝိုင်းဆီသို့ ခေါ်သွားသည်။

"တိုကင်ပြား ၁၀၀ ဖိုးဝယ်လိုက်ပါ" ဟု သူမက ပြော၍ မေဆင်က ဒေါ်လာ ၁၀၀ ထုတ်ပေးလိုက်သည်။

မေဆင်သည် သူ့စိတ်ကြိုက်နံပါတ်များတွင် လောင်းကြေးများကို ထိုးလိုက်သည်။ ဤတစ်ကြိမ်တွင် ဂျင်နီဗီးကမတူညီတဲ ရ၀်၍သာကြည့်နေ သည်။ တစ်လှည့်ပြီးတစ်လှည့် မေဆင်မှာ ရှုံးပွဲဆက်နေသည်။ နိုင်သည့် အလှည့်များတွင်လည်း လောင်းကြေး နည်း၍ အလျော်အနည်းငယ်သာ ပြန်ရသည်။ တစ်စတစ်စဖြင့် သူ့ရှေ့ရှိ တိုကင်ပြားများ လျော့နည်းသွားပြီ ဖြစ်သည်။





ဂျင်နီဗီးက မေဆင်ကို ကြည့်ပြီးပြုံးသည်။ ထိုစဉ် ကိုယ်ကျစ်ဝတ်စုံ ဖြင့် အမျိုးသမီးငယ်တစ်ယောက် ဝိုင်းထဲသို့ တိုးဝှေ့ဝင်ပြီး စားပွဲထောင့်စွန်းရှိ နံပါတ်ဆီသို့ လောင်းကြေးတိုကင်ပြားကို လှမ်းချသည်။ သူမ၏အိထွေး သော ကိုယ်အထက်ပိုင်းက မေဆင်၏ လက်မောင်းကို ဖိကပ်သွားသည်။

"အို ခွင့်လွှတ်ပါရှင်"ဟု သူမက ပြောပြီး မေဆင်ကို မော်ကြည့်၍ ပြုံးပြသည်။

"ရပါတယ်၊ ကိစ္စမရှိပါဘူး"ဟု မေဆင်က ပြန်ပြောသည်။

"ကျွန်မက အဲဒီနံပါတ်ကို အတော်ကြိုက်နေတာရှင့်၊ ဟော လွဲသွား ပြီရှင် ကျွန်မနံပါတ်မကျဘူး"

"နောက်တစ်လှည့်မှာ ကံကောင်းပါလိမ့်မယ်ဗျာ"ဟု မေဆင်က အားပေးသည်။

သူမက မေဆင်ကို မျက်လုံးချင်းဆိုင်ကြည့်ပြီး

"အင်း တစ်လှည့်တစ်လှည့်နဲ့ ဒီလိုပါပဲရှင်"ဟု ပြောသည်။ ထို နောက် စားပွဲထောင့်တစ်နေရာရှိ နံပါတ်တစ်ခုကို လှမ်းထိုးပြန်သည်။ ဤတစ်ကြိမ်တွင် သူမက မေဆင်ကိုပို၍ဖိကပ်တိုးဝှေ့ရုံမက လက်မောင်း ကိုပါ ကိုင်ထားတော့သည်။

"ဒီတစ်လှည့် ကျွန်မနိုင်ပါစေလို့ ဆုတောင်းပေးပါရှင်"

"ကိုယ်နိုင်ပါစေလို့လည်း မင်းက ဆုတောင်းပေးဦးမှပေါ့"

"ကောင်းပါပြီတဲ့ရှင်၊ အပြန်အလှန်ဆုတောင်းကြတာပေါ့"

ပေါက်မဲနံပါတ် လှည့်သောအခါ အမျိုးသမီးငယ်၏ ထိုးကွက်သို့ ကျ၍ သူမကဝမ်းမြောက်ဝမ်းသာ ခုန်ပေါက်သည်။ မေဆင်၏ လက်မောင်း ကို သူမ၏ရင်ဖြင့် တိုး၍ဖိကပ်တာလှုပ်ရှားနေသည်။ မေဆင်က ပြုံး၍သာ ကြည့်နေသည်။ ထို့နောက် သုံးလှည့်ထပ်မံ၍ တစားရာ မေဆင်၏ တိုကင် ပြားများ ပြောင်သလင်း ခါသွားတော့သည်။ မေဆင်သည် စားပွဲမှ လှည့် ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို…ရှင် မထွက်သွားပါနဲ့ဦး"ဟု အမျိုးသမီးငယ်က လှမ်းပြောသည်။

"ခဏတလေးပါ လေကောင်းလေသန့်ကလေး ရှူပြီးမှ ပြန်လာခဲ့မယ်"

"ဆက်ဆက်ပြန်လာနော်၊ ရှင်နဲ့တွဲပြီးကစားရတာ ကျွန်မ ကံကောင်းတယ်ရှင့်၊ ရှင်ဟာ လာဘ်ကောင်ပဲ"

မဆောင်က ခန်းမထဲတွင် ဟိုဟိုဒီဒီကြည့်ရှုရာ ဂျင်နီဗီးဟွန်ကတ်ဟိုက်တို အရိပ်အယောင်မျှပင် မတွေ့ရတော့ပေ။ မဆောင်သည် အရက်ခန်းသို့ ပြန်လာပြီး ဂျင်နှင့် တော်နစ်ထပ်မှာ၍ တစိမ့်စိမ့်စုပ်မျိုနေသည်။

၁၅ မိနစ်မျှ အကြာတွင် နာဒင်းပါးမားကို ပရိသတ်များကြားတွင် လှမ်းမြင်လိုက်သည်။ မဆောင်က ဖန်ခွက်ကို ကမန်းကတန်းချထားလိုက်ပြီး နာဒင်းပါးမားနောက်သို့ လိုက်သွားသည်။ နာဒင်းသည် တိုကင်ပြားများထည့်ထားဟန်တူသော ပိုက်ဆံအိတ်ကို ကိုင်ထားသည်။ အရက်သောက်ထားပုံလည်း ရသည်။ လောင်းကစား စားပွဲတစ်ခုဆီသို့ နာဒင်းက ဝင်၍လောင်းကြေး စထိုးနေသည်။

မဆောင်က မသိမသာ စောင့်ကြည့်နေရာ နာဒင်းသည် ခဏကလေးအတွင်း အတော်များများ နိုင်နေသည်ကို တွေ့ရ သည်။ မိနစ်ပိုင်းမျှအတွင်း နာဒင်းဘေး၌ လူအများ ဝိုင်းအုံနေပြီး သူမ ထိုးသော နံပါတ်ကွက်များကို လိုက်ထိုးသူများရှိလာသည်။ မဆောင်သည် နာဒင်းကို စောင့်ကြည့်နေရာမှ သူ့ကိုတစ်စုံတစ်ယောက်က ကြည့်နေသည်ဟု ခံစားလာရ၍ လှည့်ကြည့်ရာ ဂျင်နီဗီးက သူ့အား မလှမ်းမကမ်းမှ ကြည့်နေကြောင်း တွေ့လိုက်ရသည်။

မဆောင်က နာဒင်းကိုတစ်လှည့် ဂျင်နီဗီးကိုတစ်လှည့်ကြည့်၍ အရိပ်အမြွက် ဖော်ပြလိုက်သည်။ သို့သော် ဂျင်နီဗီးက အမူအရာမပြောင်းဘဲရှိသည်။ မဆောင်သည် နောက်နားခပ်ကွယ်ကွယ်မှနေ၍ နာဒင်းကစား





နေသည်ကို ဆက်လက် စောင့်ကြည့်နေသည်။ နောက်ဆုံးတွင် နာဒင်း၏ရှေ့၌ ခံတပ်ငယ်တစ်ခုသဖွယ် တိုကင်ပြားများ စုပုံနေသည်ကိုတွေ့ရသည်။ ခဏအကြာတွင် မဆောင်က ကိုယ်ကိုရှေ့သို့ကိုင်းပြီး နံပါတ် ၁၁ အကွက်၌ တစ်ဒေါ်လာတန်တစ်ရွက် ထိုးလိုက်ကာ နာဒင်း၏နားအနီးကပ်၍

"ငွေလဲပြီးထွက်ခဲ့"ဟု တိုးတိုးပြောလိုက်သည်။

နာဒင်းက ချာခနဲ လှည့်ကြည့်ပြီး အံ့အားကြီးသင့်ကာ ပါးစပ်ဟသွားသည်။

"ငွေလဲပြီးထွက်ခဲ့"ဟု မဆောင်က ထပ်ပြော၏။ ထိုနောက် နှစ်လှည့်ခန့် မဆောင်က ဆက်၍ ထိုးနေပြီးနောက် စားပွဲမှအသာခွာလျက် "တျော်ပြောတာကြားတယ်နော်"ဟု နာဒင်းကို ပြောခဲ့သည်။

ငါးမိနစ်ခန့်အကြာတွင် နာဒင်းသည် ငွေလဲလှယ်သော ကောင်တာပေါက်ဝသို့ ထွက်လာခဲ့သည်။ ဟိုတယ်လုလင်နှစ်ဦးက တိုကင်ပြားများကို သယ်ယူလာရသည်။ နာဒင်းနိုင်သောငွေ စုစုပေါင်းမှာ ဒေါ်လာတစ်သောင်းကျော်မည်ဖြစ်သည်။ သူမ ငွေသားများ လဲလှယ်နေသည်ကို လူအများက တအံ့တသြ ဝိုင်းကြည့်နေကြသည်။

ငွေလဲပေါက်မှ သူမ လှည့်အထွက်တွင် မဆောင်ကလက်မောင်းကို သွားဆွဲကိုင်၍ ခေါ်လာခဲ့သည်။

"ရှင်ဒီမှာ ဘာလာလုပ်နေတာလဲ"ဟု နာဒင်းက မေးသည်။

"မင်းကကော ဒီမှာ ဘာလာလုပ်နေတာလဲ"

"ကျွန်မက လာကစားတာပေါ့"

"ဟုတ်ရဲ့လား။ မင်းလစ်လာခဲ့တာမဟုတ်လား"

"ကျွန်မက ဘာလို့လစ်ရမှာလဲရှင့်၊ လပ်စ်ဗေးဂတ်စ်ကို ကျွန်မ မကြာမကြာ ဒီလိုပဲ လာကစားနေတာပဲ။ ကျွန်မဟာ အရွယ်ရောက်ပြီးတဲ့ မိန်းမတစ်ယောက်ပါ မစ္စတာပယ်ရီမဆောင် ရှင်ကျွန်မကို အကြံဉာဏ်ပေးနေစရာ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ကျုပ်ပေးတဲ့အကြံဟာ ကျေးဇူးတင်စရာ ဖြစ်မှာပါ။ အခုခင်ဗျားကို ရှေ့နေတစ်ယောက်အနေနဲ့ ကျုပ်စကားပြောနေတာ မဟုတ်ဘူး။ မိတ်ဆွေတစ်ယောက်အနေနဲ့ပြောနေတာ"

"မိတ်ဆွေဖြစ်တာကလည်း မြန်လှချေကလားရှင့်၊ ကျွန်မတို့ လူချင်း သိတာမှ မကြာသေးဘူး"

"ဒါတွေထားပါတော့လေ၊ ခင်ဗျားကို မေးစရာတချို့ ရှိတယ်။ တစ်ခုခု သောက်မလား"

"ဟင့်အင်း ကျွန်မ အတော်ကလေးသောက်ထားပြီးပြီ၊ ကျွန်မအခန်းကိုပြန်မယ် ရှင်လိုက်မလား"

"လိုက်လို့ဖြစ်မလား"

"ဘာဖြစ်လို့လဲရှင့် ရှင်က ကျွန်မကို ကလေးထိန်းတစ် ယောက်ငှားထားစေချင်လို့လား"

"မဟုတ်ပါဘူး၊ ခင်ဗျားအခန်းကို လိုက်ခဲ့လို့ဖြစ်မလားလို့ မေးတာပါ"

နာဒင်းက ဘာမျှပြန်မပြောဘဲ ပျော်ပွဲစားရုံဘေးပေါက်မှ ထွက်လာခဲ့သည်။ မေဆင်ကလိုက်သွားရာ နာဒင်းသည် တန်းစီ၍ဆောက်ထားသော ဘန်ဂလိုအိမ်ငယ်ကလေးများဆီသို့ လျှောက်သွားပြီး ဘန်ဂလိုတစ်ခုရှေ့၌ ရပ်၍ သော့ထုတ်ကာ တံခါးဖွင့်သည်။

အခန်းတွင်းသို့ဝင်လိုက်ကြရာ အိပ်ရာခုတင်တစ်လုံး၊ တယ်လီဗီးရှင်း၊ ပက်လက်ကုလားထိုင်များနှင့် ခန်းလုံးပြည့်ကော်ဇောများ ခင်းကျင်းမွမ်းမံထားသော ဇိမ်ခံအခန်း၏ မြင်ကွင်းကို တွေ့မြင်ရသည်။ မေဆင်က တံခါးပြန်ပိတ်နေစဉ် နာဒင်းက ကုလားထိုင်တစ်လုံးတွင် ခြေချင်းချိတ်၍ ဝင်ထိုင်လိုက်သည်။ အသားကပ်နိုင်လွန်ဝတ်ထားသော ခြေတံ၏အလှအပများကို မြင်ရသည်။

သူမက မေဆင်ကို အကဲခတ်သကဲ့သို့ လှမ်းကြည့်ပြီး

"ဘယ့်နှယ့်လဲ၊ အခန်းကောင်းရဲ့လား"





"ကောင်းပါလေ့ဗျာ"

"ခုနက ရှင်ကျွန်မကိုလာတားတဲ့အချိန်မှာ ကျွန်မဆက်တိုက်နိုင် ...တာရှင့်"

"ဘယ်လောက်နိုင်ခဲ့သလဲ"

"အများကြီးပဲ"

"မင်းငွေသွားလဲခဲ့တာ တစ်သောင်း၊ သောင်းနှစ်ထောင်လောက် ...ယ် ထင်တယ်"

"အဲဒါ ကျွန်မ ဒုတိယအကြိမ် ငွေလဲတာရှင့်"

"ပထမအကြိမ် နိုင်တုန်းကလည်း ဒီလောက်များသလား"

"ဒီထက်ပိုသေးတယ်"

"ခင်ဗျားဒီကိုဘယ်အချိန်ရောက်သလဲ"

"ကျွန်မ တက္ကစီငှားပြီး လေဆိပ်ကိုသွားတယ်၊ ပထမဆုံး ထွက်တဲ့ ...ယာဉ်နဲ့လိုက်ခဲ့တယ်"

"ခင်ဗျားနာမည်အမှန်နဲ့ လက်မှတ်မဝယ်ခဲ့ဘူးမဟုတ်လား"

"နာမည်အမှန်မသုံးတာ ရာဇဝတ်မှုလားရှင့်"

"အင်း ရာဇဝတ်မှုတစ်ခုနဲ့ ဆက်စပ်နေတယ်လို့ထင်စရာ ဖြစ်ရတာ ...လေ၊ နာမည်အမှန်မသုံးတာ ခိုင်လုံတဲ့အကြောင်းရှိလို့လား"

"အကြောင်းရှိတာပေါ့ရှင့်"

မေဆင်က နာဒင်းကို အကဲခတ်ကြည့်နေပြီး

"ကျုပ် ထင်တာကတော့ ခင်ဗျားဘယ်အချိန် ဘယ်နေရာမှာ ရှိတယ် ... ဖုံးကွယ်ချင်လို့ အဲသလိုလုပ်တယ် ထင်တာပဲ"

"ကျွန်မကလည်း ရှင်ဟာ ကျွန်မဆီသတင်းလာအစ်တယ်လို့ ထင် ...ပဲ"

"အဲဒါကို ကျုပ်မငြင်းပါဘူး၊ ကျုပ်က ခင်ဗျားဆီက သိချင်တာတွေ ...နေတာပဲ။ ကဲ. . ဆိုစမ်းပါဦး၊ ခင်ဗျားနာမည်ရင်းနဲ့ လေယာဉ်လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ဝေယ်တာ ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ ကျွန်မကိုလူတွေမှတ်မိသွားမှာစိုးလို့ပဲ လော်ရင်းကာဆင်မွေးတဲ့ မီးကြောင့် ကျွန်မရဲ့နာမည်ကို လူတွေက ကြားဖူးနေကြပြီလေ၊ နာဒင်းပါးများဆိုတဲ့ နာမည်ရင်းကို တွေ့လိုက်တာနဲ့ လူတွေက လက်တို့ပြီး မေးငေါ့လာကြမှာ"

"အို မဟုတ်တာပဲဗျာ၊ သတင်းစာထဲပါခဲ့တဲ့ သတင်းကို လူနည်းနည်းပါးပါးကပဲ မှတ်မိမှာပါ။ ဒီသတင်းမျိုးကို ဖတ်မိရင်လည်း အလေးအနက် မှတ်ထားကြမှာ မဟုတ်ဘူး။ နောက်တစ်ခုပြောစရာရှိတာက အဲဒီကိစ္စမှာ နာမည်ဖျက်ရတာ ခင်ဗျားမဟုတ်ပါဘူး။ ဗီဗီယန်ကာဆင်က ပိုပြီး ခံခဲ့ရတယ် မဟုတ်လား။ ဗီဗီယန်ကာဆင်ကို တခြားယောကျ်ား တစ်ယောက်နဲ့ ဖောက်ပြန်နေပါတယ်ဆိုပြီး လော်ရင်းကာဆင်က စွပ်စွဲခဲ့တာဆိုတော့ ဗီဗီယန်ခမျာ ပိုပြီး နစ်နာခဲ့ရတယ်"

"အဲဒါတွေထားပါတော့လေ၊ ရှင် လိုရင်းကိစ္စကိုသာပြောပါ။ လောင်းတစားဝိုင်းမှာ ကျွန်မနိုင်နေတာ ရှင်လည်းတွေ့သားပဲ။ နိုင်ပွဲဆက်နေတုန်း ရှင်တခေါ်ထုတ်လာလို့ ထွက်ခဲ့ရတာ၊ ရှင်နဲ့ စကားပြောပြီးရင် ကျွန်မ ပြန်သွားမယ်၊ ရှင်ပြောစရာရှိတာ မြန်မြန်မပြောရင် ကျွန်မ ပြန်သွားတော့မှာပဲ"

သူမက ထိုင်ရာမှ ထလိုက်ပြီး အဝတ်အစားများကို ဆန့်ဆန့်ရန့်ရန့် ဆွဲချကာ တံခါးဆီသို့ လျှောက်သွားသည်။

"နေဦးလေ လော့စ်အိန်ဂျလီတ ခင်ဗျား ထွက်လာတဲ့အချိန်မှာ လော်ရင်းကာဆင် အသတ်ခံရတယ်ဆိုတာ သိခဲ့ပြီလား"ဟု မေဆင်က ရှုတ်တရက် မေးလိုက်သည်။

မေဆင်၏မေးခွန်းသည် သူမအား ဆောင့်တွန်းလိုက်သည့်အလား လှုပ်ရှားသွားစေပြီး ချာခနဲလှည့်ကြည့်သည်။ မျက်လုံးများ ပြူးကျယ်လျက် မေးကြောများ တင်းနေသည်။





"လူသတ်ခံရတယ် ဟုတ်လား"ဟု နာဒင်းက အံ့အားသင့်စွာ ပြန်မေးသည်။

"ဟုတ်တယ်"

"ဘုရားရေ"ဟု သူမက ရေရွတ်ပြီး မူလကထိုင်ခဲ့သော ကုလားထိုင်ဆီ ပြန်လျှောက်သွားကာ ဒူးများခွေလျော့၍ အားမရှိတော့သည့်အလား ခစ်ထိုင်ချလိုက်သည်။ သူမ၏ မျက်လုံးများက မေဆင်၏ မျက်နှာကို စူးစမ်းကြည့်ရှုနေသည်။

"ဘယ်တုန်းကလဲရှင်"

"အသတ်ခံရတဲ့အချိန် အတိအကျတော့ မသိသေးဘူး ဒီနေ့ မွန်းလွဲချိန်တစ်ဝိုက်ပဲ"

"ဘယ်မှာအသတ်ခံရတာလဲ"

"မော်လေအီဒင်အတွက် သူဆောက်ခဲ့တဲ့အိမ်မှာ"

"သတ်. . . သတ်တာကဘယ်သူလဲရှင်"

"မသိသေးဘူးလေ၊ အလောင်းကို အီဒင်ဘက်အခြမ်းအိမ်ထဲမှာ တွေ့ရတယ်။ သံဆူးကြိုးခြံတန်းနဲ့တပ်လျက် လဲကျနေတယ်"

"ဘာနဲ့အသတ်ခံရတာလဲ"

"သားလှီးဓားနဲ့ ထိုးသတ်ခံရတာ၊ ဗီဗီယန်ဘက်အခြမ်း မီးဖိုဆောင်ထဲက ဓားတစ်ချောင်းဖြစ်ဖို့များတယ်လို့ဆိုတယ်၊ စိတ်ဝင်စားစရာ တစ်ခုက ရေကူးကန်ဘေးမှာ ကာဆင်ဟာ သူ့ငွေတွေဝှက်တဲ့နေရာ လုပ်ထားပုံရပြီး ငွေတွေကို ရှာဖို့လာဖော်ဟန်တူတယ်။ လူသတ်သမားက အဲဒီငွေတွေ ခိုးပြေးသွားတယ်"

ထိုအချိန်တွင် နာဒင်းက မေဆင်ကို အသာကြည့်ပြီး နားထောင်နေသည်။ မေဆင်ပြောပြနေသော အကြောင်းများသည် သူမနှင့် မသက်ဆိုင်သော အမှုအရာမျိုးဖြင့် နားထောင်နေခြင်းဖြစ်သည်။

မေဆင်က...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့သိပ်ကြာကြာ စကားပြောဖို့ အချိန်ရမယ်မထင်ဘူး နာဒင်း၊ ရဲအဖွဲ့က ခင်ဗျားကို မတွေ့တွေ့အောင် လိုက်ရှာနေကြပြီ"

"ရဲကရှာနေတယ်၊ ဟုတ်လား၊ သူတို့က ကျွန်မကို ဘာကိစ္စရှာရမှာလဲ"

"ရဲက ခင်ဗျားကို ဘာကြောင့် လိုက်ရှာနေသလဲဆိုတော့ စစ်ဆေးတွေ့ရှိချက်တွေအရဆိုရင် လူသတ်သမားဟာ မားတိုအိမ်ရဲ့ တစ်ဖက်ခြမ်းက ယူတယ်၊ ပြီးတော့ ရေတူးတန်ထဲဆင်း၊ သံဆူးကြိုးတန်းအောက်က ရေငုပ်ပြီး တစ်ဖက်ကို ထွက်ခဲ့တယ်လို့ ယူဆရလို့ပဲ"

ခေတ္တနားထောင်ပြီး မေဆင်က ဆက်ပြောသည်။

"ခင်ဗျားမှတ်မိမှာပေါ့၊ ခင်ဗျားရဲ့ တိုက်ခန်းကို ကျုပ်ရောက်လာတော့ ခင်ဗျားဆံပင်တွေ ရေစိုနေတယ်လေ။ ခင်ဗျားက ရေချိုးနေတယ်လို့ ကျုပ်ကို ပြောတယ်၊ တကယ်က သာမန်အားဖြင့် ရေချိုးချိန် မဟုတ်တဲ့ အချိန်ပဲ"

"အို. . . ကျွန်မက အဲဒီအချိန် ရေချိုးနေတာပဲ ဘာဆိုင်လို့လဲရှင့်"

"နေပါဦးလေ၊ ဒါတင်မကသေးဘူး၊ ကျုပ်က စီးကရက် ရှိသလားလို့ ခင်ဗျားကိုမေးတော့ လက်ပွေ့အိတ်ထဲမှာ ရှိတယ်လို့ပြောတယ်၊ ကျုပ်က အိတ်ထဲရှာကြည့်တော့ စီးကရက်တစ်ဘူးတွေ့တယ်၊ တစ်လိပ်ထုတ်ယူပြီး သောက်မယ်လုပ်တော့ ရေတွေစိုနေလို့ မီးညှိလို့တောင်မရဘူး။ အဲဒီအချိန် ခင်ဗျားအခန်းထဲက ကမန်းကတန်းထွက်လာပြီး လက်ပွေ့အိတ်ကို ဆွဲယူတယ်၊ အိတ်ထဲက စီးကရက်ဘူး နှိုက်ပေးယန်ဆောင်ပြီး ဘူးအသစ်တစ်ခုကို ကျုပ်ဆီလှမ်းပေးတယ်၊ အဲဒီ စီးကရက်တွေကျတော့ လုံးဝခြောက်သွေ့နေတယ်။ အဲဒီစီးကရက်ဘူးဟာ အခန်းထဲက ခင်ဗျားယူလာတဲ့ ဘူးသစ်ဖြစ်လိမ့်မယ်"

"အင်း... တယ်ဟုတ်ပါလားရှင်၊ အဲဒါတွေက ဘာအဓိပ္ပာယ်ပါလိမ့် စုံထောက်ကြီးရှားလော့ဟုမ်းရယ်"ဟု နာဒင်းက မယီတရီဖြင့် ပြန်မေးသည်။





"အဓိပ္ပာယ်ကတော့ အီဒင်ရဲ့အိမ်မှာ ဝီဝီယန်ဘက်အခြမ်းကနေ အီဒင်ဘက်အခြမ်းကို ကူးဖို့အတွက် ခင်ဗျားကိုယ်ပေါ်မှာ ဘရာစီယာနဲ့ အတွင်းခံဘောင်းဘီသာချန်၊ အပေါ်က အဝတ်တွေချွတ်ပြီး ရေကူးတန်ထဲဆင်းခဲ့တယ်။ သံဆူးကြိုးအောက်က ရေငုပ်ပြီး တစ်ဖက်ကို ရောက်ခဲ့တယ်။ ပြီးတော့မှ လာလမ်းအတိုင်း သံဆူးကြိုးအောက်က ရေငုပ်ပြန်လာပြီး အတွင်းခံတွေချွတ် ရေညှစ်၊ လက်ပွေ့အိတ်ထဲ ထည့်ခဲ့တယ်။ အဝတ်အစားတွေ ပြန်ဝတ်ပြီး တိုက်ခန်းကိုပြန်လာ၊ အဝတ်လဲမလို့ လုပ်နေတုန်း ကျုပ်က ခင်ဗျားဆီ ရောက်လာခဲ့တာပဲ။ ဒါကြောင့်လက်ပွေ့အိတ်ထဲက စီးကရက်ဘူး ရေစိုကုန်တာပေါ့၊ ဟုတ်ဘူးလား"

"ဒါဆို. . . လော်ရင်းကာဆင်ကို ကျွန်မ သတ်ခဲ့တယ်လို့ ဆိုလိုတာလား"

"ဆိုလိုတာကတော့ ရဲအဖွဲ့အနေနဲ့ ခုနက ပြောခဲ့တဲ့အချက်အလက်တွေအပေါ်မှာ မသင်္ကာစရာအဖြစ် သဘောထားကြမှာ သေချာတယ် ပြီးတော့ ခင်ဗျားကို ကျုပ်တားနဲ့ ခေါ်လာတုန်းလမ်းမှာ လော်ရင်း ကာဆင်ရဲ့အဆက် ဂျင်နီဗီးဟိုက်ဆိုတဲ့ အမျိုးသမီးအကြောင်း ခင်ဗျားကို ကျုပ်ပြောလိုက်တယ်၊ ဂျင်နီဗီးဟာ လပ်စ်ဗေးဝတ်စ်မှာ ဟိုတယ်စည်ကြိုမယ် လုပ်နေတယ်လို့လည်း ပြောလိုက်တယ်။ အဲဒါလည်းကြားပြီးရော ခင်ဗျား ချက်ချင်း စိတ်ကူးပေါ်ပြီး ကျုပ်ကိုကားရပ်ခိုင်း၊ တစ္ဆစ်ငှားပြီး ထွက်သွားခဲ့တာပဲ။ တကယ်က ကျုပ်ဟာ အိတ်ထဲထည့် ခေါ်လာတဲ့ ကြောင်တစ်ကောင်ကို အိတ်ဖွင့်ပေး လိုက်သလို ဖြစ်ခဲ့တယ်၊ ခင်ဗျားအနေနဲ့ ကာဆင်ရဲ့အဆက် ကောင်မလေး နာမည်ကိုမသိဘူး ကျုပ်ကပြောလိုက်တော့မှ ခင်ဗျားအကြံရပြီး လစ်ထွက်သွားတာပဲ၊ ဘာကြောင့် ခင်ဗျားလစ်ထွက်သွားသလဲဆိုတာ အခု ကျုပ်တွေးမိပြီ"

"ဆိုစမ်းပါဦးရှင့်၊ ဘယ်လိုတွေးမိသလဲ"

"ဒီလိုပါလေ၊ ခင်ဗျားဟာ ရှတ်တရက် ငွေတွေအစုလိုက်အပုံလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့တာ ရှိလိမ့်မယ်။ အဲဒီငွေတွေကို ခင်ဗျားဘယ်လိုရတယ် ဆိုတာကို အထောက် အထားပြဖို့စဉ်းစားရလိမ့်မယ် အဲသလိုစဉ်းစားနေတုန်း ကျုပ်က ခင်ဗျားအခန်းကို ရောက်လာပြီး လပ်စ်ဗေးဂတ်စ်မြို့အကြောင်း စကားစလိုက်တော့ ခင်ဗျားအကြံရသွားတယ်။ လပ်စ်ဗေးဂတ်စ်ကို ခင်ဗျားလာဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီမှာ တစ်စားပွဲပြီးတစ်စားပွဲ ကူးကစားမယ်၊ ကစားဝိုင်းတွေမှာ ခင်ဗျားအကြီးအကျယ်နိုင်တယ်လို့ပြောမယ်"

နာဒင်းက စကားဖြတ်၍ ဝင်ပြောသည်။

"အစစ်ပေါ့ရှင်၊ ဒါပေမယ့် ကျွန်မ ကစားဝိုင်းတွေမှာနိုင်တာက တကယ်နိုင်တာရှင့်၊ ရှင်လည်းကျွန်မကစားနေတုန်း အတူတူကြည့်နေတာတွေ့တယ်မဟုတ်လား၊ ကျွန်မ ဘယ်လိုနိုင်တယ်ဆိုတာ"

"ဟုတ်ပါတယ်လေ၊ ခင်ဗျားနိုင်တယ်ဆိုတာ ကျုပ်မငြင်းပါဘူး။ ကျုပ်ပြောချင်တာက ခင်ဗျားဟာ ရုတ်တရက် ငွေတွေအစုလိုက်အပုံလိုက် ရခဲ့တဲ့အတွက် အဲဒါကို အကြောင်းပြဖို့ ဒီမှာ လာကစားတာ မဟုတ်လား"

နာဒင်းက မေဆင်ကို တစ်စုံတစ်ရာပြန်မပြောဘဲ ကြည့်၍သာနေသည်။

မေဆင်က

"ပြောလေ ဘယ်လိုလဲ"ဟု မေးလိုက်ရာသူမက

"ရှင်ဟာ အတော် အတွေးခေါင်ပါလား မစ္စတာပယ်ရီမေဆင် ရှင်ပြောတဲ့ ရေစိုစီးကရက်တွေအကြောင်း ကျွန်မဘာမှ မသိဘူးရှင့်၊ ဖြစ်ဝိုက ကျွန်မဟာ အဝတ်အစားတွေ မလဲဘဲ အောက်ခံအဝတ်တွေနဲ့ပဲ ရေကူး ခဲ့တယ်ဆိုတာလည်း မဟုတ်ဘူး။ လပ်စ်ဗေးဂတ်စ်ကို ကျွန်မလာပြီး လောင်း ကစားတာကလည်း အဆန်းမဟုတ်ဘူး။ အရင်ကလည်း ခုလိုပဲ မကြာခဏ လာကစားနေခဲ့တာပဲ၊ လောင်းကစားတာကို ကျွန်မက အင်မတန် သဘောကျတယ်လေ၊ လောင်းကစားတဲ့ နေရာမှာ ကျွန်မက ကံလည်း လိုက်တတ်တယ်။ ခါတိုင်းတော့ ကျွန်မဒီကိုလာရင် ယောကျ်ား





အဖော်နဲ့ လာတတ်တယ်။ ဒါပေမယ့် လပ်စ်ဗေးဂတ်စ်အကြောင်း ရှင်ပြောတဲ့ အချိန်ကျတော့မှ ကျွန်မ ချက်ချင်းစိတ်ထဲ နိုးကြားလာပြီး လပ်စ်ဗေး ဂတ်စ် ကို ပြေးလာချင်စိတ် ပေါက်သွားတယ်၊ အဲသလို သိပ်စိတ်ပါလာတဲ့ အချိန်မျိုး ကျွန်မ လောင်းတစားရင် နိုင်တာများတယ်လေ။ ဒါကြောင့် ကျွန်မ ချက်ချင်းထွက်လာခဲ့တာပဲ"

"ဪ ဒါဖြင့် လပ်စ်ဗေးဂတ်စ်ကို အခုလာခဲ့တာ လောင်းကစားရင် နိုင်မယ်ထင်လို့ပေါ့ ဟုတ်စ"

"ဟုတ်တယ်လေ၊ စိတ်ထဲ သိပ်ထင်နေတဲ့ အချိန်မို့ လာခဲ့တာပဲ"

"ထင်တာကလည်း မြန်လှချေလား"

"ကျွန်မကတော့ နေရာတကာ မြန်မြန်ပဲရှင့်။ ဒါထက် လော်ရင်းတာဆင်က ငွေတွေကို အီဒင်အိမ်မှာ ဝှက်ခဲ့တယ်ဆိုတာက ဘာသဘော လဲ"

"ဒါကတော့ သူဝှက်နေကျ နေရာဖြစ်လို့ နေမှာပေါ့။ သူအဲဒီအိမ်ကို ဆောက်တတည်းက ရည်ရွယ်ချက်နဲ့ တမင်အံဝှက်လုပ်ပြီး ဆောက်တာ ဖြစ်လိမ့်မယ်။ ရေကူးကန်ထဲဆင်းတဲ့ လှေကားအောက်က သံတွင်းကို ဆွဲလိုက်ရင် စကြံလမ်းက အံဖုံးတံခါးပွင့်သွားပြီး ဝစ္စည်းဝှက်တဲ့နေရာ ပေါ်လာအောင် လုပ်ထားတယ်လေ"

မေဆင်က ခေတ္တနားပြီး ဆက်ပြောသည်၊

"အီဒင်အိမ်က ကျုပ်ထွက်လာတော့ ရဲအဖွဲ့က အဲဒီ အံဝှက်နေရာကို စစ်ဆေးနေတယ်၊ လက်ဗွေရာတွေ ရှာနေတယ်"

နာဒင်းသည် ရုတ်တရက် မျက်နှာတွက်ခနဲပျက်သွားပြီး

"ဘာရှင့်၊ လက်ဗွေရာ ရှာနေတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ လက်ဗွေရာတွေကို ရှာနေတာပါ"

"မဖြစ်နိုင်တာရှင်၊ အဲသလောက် ပြောင်ချောနေတဲ့ နေရာမှာ လက် ဗွေရာဘယ့်နှယ့်တျန်နိုင်မလဲရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်သားပေါ်မှာတော့ မကျန်နိုင်ဘူးပေါ့ ။ ဒါပေမယ့် အုံး တံခါးဖွင့်တဲ့ နှုတ်ခမ်းတွေမှာ လက်ဗွေရာတွေ သေချာပေါက် ကျန်နိုင်တာပဲ။ ပြီးတော့ အံဝှက်အတွင်းပိုင်း သံမဏိပြားတွေမှာလည်း လက်ဗွေရာ ထင်ခဲ့နိုင်တယ်လေ"

နာဒင်းက ခေတ္တမျှ စဉ်းစားနေပြီးနောက်

"ဒီမယ်. . . မစ္စတာမေဆင်၊ ရှင့်ကို ကျွန်မ တစ်ခုပြောချင်တယ် ရှင်"

"နေဦးဗျို့၊ ကျုပ်အခု ဒီကိုလာတာ သတင်းအချက်အလက်တွေ သိချင်လို့လာတာနော်၊ ကျုပ်ဟာ ရှေ့နေတစ်ယောက်ဖြစ်ပေမယ့် ခင်ဗျားက ကျုပ်ရဲ့ အမှုသည်မဟုတ်ဘူး။ ကျုပ်မှာအမှုသည် ရှိပြီးနေပြီ၊ ဒီတော့ ခင်ဗျားပြောမယ့်အကြောင်းအရာတွေကို ကျုပ်အနေနဲ့ လျှို့ဝှက်ထိန်းချန်မထားနိုင်ဘူး"

"ဆိုလိုတာက ရှင်သိသမျှ ရဲအဖွဲ့ကို ပြောပြမယ်ပေါ့ ဟုတ်လား"

"ဒါပေါ့ ပြောရမှာပဲ"

"ဒါဆိုရှင့်ကို ကျွန်မကလည်း ဘာမှမပြောနိုင်တော့ဘူးပေါ့ရှင်"

"ကောင်းပြီလေ၊ မပြောပါနဲ့။ ဒါပေမယ့် တစ်ခုတော့ မှတ်ထားပါ။ တကယ်လို့ ရဲအဖွဲ့က ဖော်ထုတ်ပြီး သိသွားကြပြီဆိုရင်တော့ ခင်ဗျားအနေနဲ့ ရှေ့နေကောင်းကောင်းတစ်ယောက် ရှာထားဖို့ လိုလိမ့်မယ်၊ နားလည်ပြီလား"

နာဒင်းက တစ်စုံတစ်ရာပြန်မပြောဘဲ အတန်ကြာမျှ ဆိတ်ဆိတ်ငြိမ်နေသည်။

"ကိုင်း. . . ဘယ့်နှယ့်လဲ ပြောစရာရှိတာ ပြောမလား"

"ဟုတ်ကဲ့၊ ကျွန်မ အဲဒီကို ရောက်ခဲ့ပါတယ်ရှင်"

"ရေတူးကန်တိုလား"

"ဟင့်အင်း၊ အဲဒီအိမ်ကို လုံးဝမရောက်ခဲ့ပါဘူးရှင်၊ ကျွန်မ သွားခဲ့





တာက အီဒင်အိမ်ကြီးရဲ့အပေါ်တောင်တုန်း အထက်ဘက်ကိုပါ။ အဲဒီမှာ ရောင်းရန်ရှိသည်ဆိုတဲ့ မြေကွက်တွေရှိတယ်လေ၊ အရင်က ကျွန်မ ရောက်ဖူးတယ်၊ အဲဒီနေရာက ကြည့်ရင် အီဒင်အိမ်ဝင်းကိုရော၊ ရေတူးကန်ရော လှမ်းမြင်ရတယ်"

"ခင်ဗျားက အဲဒီနေရာကို ဘာကြောင့် သွားခဲ့တာလဲ၊ နေဦး ရဲအဖွဲ့မသိစေချင်တဲ့ အကြောင်းဆိုရင် ကျုပ်ကိုမပြောနဲ့နော်"

"ရဲအဖွဲ့က စုံစမ်းရင် သိမှာပါရှင်၊ မထူးပါဘူး"

"တဲ. . . ဆိုစမ်းပါဦး၊ ဘယ်လိုဖြစ်သလဲ"

"အီဒင်အိမ်ဘက်ကို ကျွန်မကြည့်နေတုန်း ဖြဲမြေလုံခြုံရေးအစောင့်တစ်ယောက်က ကျွန်မကို တွေ့သွားတယ်"

"အဲဒီတော့ ခင်ဗျားက ဝယ်ဖို့မြေနေရာ ကြည့်နေတာလို့ ပြောလိုက်သလား"

"ဟင့်အင်း ပြောခွင့်မသာဘူးရှင့်၊ ကျွန်မမှန်ပြောင်းနဲ့ ကြည့်နေတုန်း အစောင့်က မိသွားတာကိုး။ ကျွန်မရဲ့အတွဲ နော်ဘတ်ဂျင်းနင်းဟာ တာဆင်ကို တွေ့ရာသင်္ချိုင်း စာရင်းရှင်းမယ်ဆိုပြီး လိုက်ရှာနေတယ်ဆိုတာ ကျွန်မ သိထားတယ်။ တာဆင်ဟာ အီဒင်အိမ်မှာ ရှိလိမ့်မယ်လို့ ဂျင်းနင်းက သတင်းရခဲ့တယ်။ ကျွန်မကြောင့် ဖြစ်ရမယ့်ရန်ပွဲကို ကျွန်မက ကိုယ်တိုင်ကြည့်ချင်တယ်လေ၊ ဒါကြောင့် အီဒင်အိမ်ကို ကြည့်မှန်ပြောင်းနဲ့ သွားချောင်းတာပဲ၊ ဒါပေမယ့် ရန်ပွဲတွေ့ရမယ့်အစား ကျွန်မမြင်ခဲ့တာက. . ."

နာဒင်း၏အသံ တိုးဝင်သွားရာ မေဆင်က "ဘာမြင်သလဲ၊ ပြောစမ်းပါ"ဟု မေးသည်။

"ကျွန်မမြင်ရတာက. . . မြင်ရတာက. . ."

သူမ၏စကားမဆုံးမီ တံခါးခေါင်းလောင်းသံ မြည်လာသည်။

"ကျွန်မရဲ့အသိ အမျိုးသမီးတစ်ယောက်ကို ချိန်းထားလို့ လာပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နာဒင်းတ ပြောပြောဆိုဆို တံခါးဆီသို့ ထသွားပြီး ဖွင့်ပေး၍

"ဝင်ခဲ့လေ၊ ကိုယ့်ကို ခဏတော့ စောင့်ရလိမ့်ဦးမယ်၊ ကိုယ်က…" ဟု ပြောနေစဉ် ဝင်လာသူမှာ ရဲအုပ်ကြီးထရက် ဖြစ်နေ၍ သက်ပြင်းတစ်ချက် ရှိုက်ပြီး စကားရပ်သွားသည်။

အားရပါးရပြုံး၍ ဝင်လာသော ရဲအုပ်ကြီးက…

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တလည်း ဝင်လာမှာပါပဲ၊ ကိုယ့်ကိုယ်ကို မိတ်ဆက်ရရင် ကျုပ်ကတော့ လော့စ်အိန်ဂျလိမြို့ လူသတ်မှု စုံစမ်းရေး ရဲတပ်ဖွဲ့က ရဲအုပ်ကြီးထရက်ပါ။ နောက်က အတူပါလာတာက ဒီလပ်စ်ပေး ဝတ်စ်မြို့ ရဲတပ်ဖွဲ့က ရဲကြပ်ကြီး ကမ့်ဖြစ်ပါတယ်"ဟု ပြော၍ နှစ်ယောက်စလုံး အခန်းတွင်း ဝင်လာကြသည်။

ထရက်တမေဆင်ကို ပြုံးကြည့်၍…

"တကယ်ပါပဲဗျာ ခင်ဗျားကတော့ တကယ့်ကို လှလည်းကျတာပဲဗျနော်"ဟု ပြောသည်။

မေဆင်က…

"ခင်ဗျား ကျုပ်ကို နောက်ယောင်ခံ လိုက်လာတာလား"ဟု မေးသည်။

"အိုး…လွယ်လွယ်နဲ့တော့ ဘယ်လိုက်လို့ရမလဲဗျာ၊ အတော် ကလေး အလုပ်များခဲ့ရသေးတာပေါ့၊ ခင်ဗျားဟာ နာဒင်းပါးမားကို ရှာနေ တယ်၊ ခင်ဗျားရဲ့ စုံထောက်တစ်ယောက်ကို နာဒင်းနောက် ခြေရာခံလိုက်ခိုင်းထားတယ်ဆိုတာသိရတော့မှ ဘယ်လေယာဉ် ခရီးစဉ်မှာ ပါသွားသလဲဆိုတာ ရှာရတာပေါ့"ဟု ရဲအုပ်ကြီးထရက်က ပြောပြီး နာဒင်းပါးမားဘက်သို့ လှည့်၍

"မစ္စက်ပါးမားကတော့ သူ့နာမည်အမှန်ကိုမသုံးဘဲ လေယာဉ်လက်မှတ်ဝယ်ခဲ့ပုံ ရတယ်ဗျ။ နာဒင်းပါးမားနာမည်နဲ့ လေယာဉ်ခရီးသည်စာရင်းမှာ လုံးဝရှာမတွေ့ခဲ့ဘူး၊ ပယ်ရီမေဆင်နာမည်ပဲ တွေ့တယ်၊ ခင်ဗျား





က နာမည်ကြီးပုဂ္ဂိုလ်တစ်ယောက်ဆိုတော့ ရှာရတာ လွယ်ပါတယ်လေ။ ကိုင်း…မစ္စတ်ပါးမား၊ ခင်ဗျား ဒီမြို့ကိုရောက်လာပြီးတော့ အတော်ကလေး လောင်းကစားပြီးခဲ့ပြီ ထင်ပါရဲ့"

"ဟုတ်ပါတယ်ရှင်၊ အဲဒါ ဘာဖြစ်လို့ပါလဲ"ဟု နာဒင်းတ ပြန်မေးသည်။

"အို…ဘာမှတော့ မဖြစ်ပါဘူး။ ခင်ဗျားအတော်ကလေး နိုင်ထားတယ်လို့ ထင်ပါတယ်၊ ဟုတ်ရဲ့လား"

"အင်မတန် ကံကောင်းတဲ့ နေ့ပါပဲရှင်၊ လောင်းကစားပွဲတွေမှာ ကျွန်မ နိုင်တာဟာ တရားမဝင်တဲ့ အလုပ်တော့ မဟုတ်ဘူး ထင်ပါတယ်နော်"

"မဟုတ်ပါဘူး။ အင်မတန်ကောင်းပါတယ်ဗျာ။ ပြည်တွင်းအခွန်ဌာနက အတော်ကလေး စိတ်ဝင်စားကြပါလိမ့်မယ်၊ အဲသလို ငွေများများနိုင်တဲ့ လူတွေကို သူတို့က ရှာနေကြတာခင်ဗျ။ အင်း…ဒီတော့ ခင်ဗျားနိုင်တဲ့ ငွေတွေကို ဘယ်မှာထားခဲ့သလဲ မစ္စက်ပါးမား"

"ကျွန်…ကျွန်မဆီမှာရှိပါတယ်ရှင်"

"သိပ်ကောင်းပေါ့ဗျာ ဒီတော့ကာ အခုခင်ဗျားကို ကျွန်တော် စာရွက်တစ်ရွက်ပြပါ့မယ်။ အဲဒါကတော့ ရှာဖွေရေးဝရမ်းစာရွက်ပါ၊ ခင်ဗျားရဲ့ အိတ်တွေကို ကျွန်တော်တို့ ရှာဖွေခွင့် ရခဲ့ပါပြီ"

"ဟင့်အင်း၊ ရှင်တို့ ဒီလိုလုပ်လို့ မရဘူးရှင့် ရှင်တို့…"ဟု နာဒင်းက အော်ပြောသည်။

"ရပါတယ်လေ၊ ကျုပ်တို့ကတော့ ရှာရမှာပဲ။ ဟောဒီမှာ လက်ကိုင်အိတ်တစ်လုံးပါလား တစ်စုံတစ်ခုကို အရေးတကြီးထည့်ပြီး အိပ်ရာခေါင်းပစ်တင်ထားတဲ့ပုံပဲ၊ အိတ်ထဲဘာရှိသလဲ၊ ကျုပ်တို့ ရှာရလိမ့်မယ်"ဟု ထရက်တ ပြောပြောဆိုဆို လက်ကိုင်အိတ်ကို ဆွဲယူပြီး ဖွင့်၍ ကြည့်သည်။

"ဩော်…ဩော် ဒါတွေတိုး "ဟု သူက ပြောရာ နာဒင်းက…



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပိုက်ဆံတွေဟာ ကျွန်မနိုင်ထားတာတွေရှင့်၊ ဒီလပ်စ်ဗေးဂတ်စ်မြို့မှာ လောင်းကစားလို့ နိုင်ထားတာတွေ"ဟု ပြောသည်။

ထရက်က သူမအား ပြုံး၍ပြန်ကြည့်နေသည်။ ဖော်ရွေသော အပြုံးကိုဆင်ထားသော်လည်း သူ၏မျက်လုံးအစုံမှာ စိန်ကဲ့သို့ မာကျောနေသည်။

"ခင်ဗျားလောင်းကစားလို့ နိုင်ထားတာတွေ ဆိုရင်တော့ ချီးကျူးပါရဲ့ဗျာ"

မေဆင်က ဝင်ပြောသည်။ "ဒီမယ်၊ ကျုပ်အနေနဲ့ ဒီမှာဆက်ရှိနေဖို့ မလိုတော့ဘူး ထင်ပါတယ်၊ မစ္စက်ပါးမား ခင်ဗျားကို ကျုပ်ပြောထားတာ သတိရတယ်နော်၊ ခင်ဗျားဟာ..."

"နေဦး...နေဦး၊ မသွားနဲ့ဦး၊ ခင်ဗျားကို အကြောင်းနှစ်ခုနဲ့ ကျုပ်က ဒီမှာနေခိုင်းရဦးမယ်။ ပထမအကြောင်းက မစ္စက်ပါးမား ပြောတာတွေကို ခင်ဗျား နားထောင်ဖို့ပဲ၊ သက်သေအနေနဲ့ ခင်ဗျားရှိနေဖို့လိုတယ်၊ ဒုတိယ အကြောင်းက ခင်ဗျားကို ကျုပ်ရှာရဦးမယ်"

"ရှာလေဗျာ၊ အခု" ဟု မေဆင်ကပြောသည်။

"စိတ်ချပါ၊ ရှာမှာပါ၊ ခင်ဗျားဟာ အမှုသည်အတွက် ငွေပေးငွေယူ လုပ်ဖို့ လာတာဖြစ်နိုင်တာပဲ၊ ခင်ဗျားကိုရှာရင် ဘာမှုတွေ့မှာ မဟုတ်တာတော့ သေချာတယ်၊ ဒါပေမယ့် လပ်စ်ဗေးဂတ်စ်ရဲအဖွဲ့ကတော့ ထုံးစံအတိုင်း ရှာချင်လိမ့်မယ်၊ ဒီတော့...ခင်ဗျားမတ်တတ်ရပ်ပြီး စောင့်နေပါ"ဟု ထရက်ကပြောသည်။

"ခင်ဗျားမှာ ကျုပ်ကိုရှာဖို့ ဝရမ်းပါသလား"

မေဆင်က ပြန်မေးသည်။

လပ်စ်ဗေးဂတ်စ် ရဲအရာရှိက...

"ခင်ဗျားကိုရဲစခန်းခေါ်သွားနိုင်တယ်၊ ဝတ္တရားနှောင့်ယှက်မှုနဲ့ အရေးယူလို့ရတယ်၊ မကောင်းသောကြံရွယ်ချက်နဲ့ တည်းခိုခန်းကို ရောက်နေတယ်လို့ စွဲဆိုလို့ရတယ်၊ ရဲအရာရှိတစ်ဦးကို ခုခံတယ်လို့လည်း အမှုတင်လို့





ရတယ်၊ တခြားစွဲချက်တွေလည်း အများကြီး လုပ်လို့ရပါတယ်လေ၊ ဒီတော့ အခုပဲ အရှာခံမလား၊ စခန်းကို ခေါ်သွားပြီးရှာရမလား၊ ကြိုက်ရာရွေးလေ။ ဒီတော့ အခုအရှာခံမယ်ဆိုရင် လက်နှစ်ဖက်မြှောက်ပြီး ဘေးကို ဆန့်ထားပေတော့"

မေဆင်က ခပ်ပြုံးပြုံးဖြင့်ပင် လက်နှစ်ဖက်မြှောက်၍ ဘေးသို့ ဆန့်ပေးကာ...

"ကောင်းပါပြီဗျာ၊ ဆက်လုပ်ကြပါဆရာတို့"ဟု ပြောလိုက်သည်။

ထရက်က -

"သူ့မှာဘာမှရှိမှာမဟုတ်ဘူး၊ ကျုပ်သိပါတယ်၊ သူ့အကြောင်းကို ကျုပ်အသိဆုံးပါ။ တကယ်လို့ သူ့ကိုယ်ပေါ်မှာ တစ်ခုခုဝှက်ထားတာများ ရှိနေရင်လား၊ ခုလိုဘယ်တော့မှ အသာတကြည်ခွင့်မပြုဘူး"

သို့ရာတွင် လပ်စ်ဗေးဂတ်စ်ရဲအရာရှိက မေဆင်၏ ကိုယ်ပေါ်တွင် သွက်လက်လျင်မြန်စွာ ရှာဖွေသည်။ ဘာမှမတွေ့သဖြင့် လက်လျှော့ပြီး

"အင်း... ဟိုအမျိုးသမီးရဲ့ အိတ်ထဲမှာပဲ အကုန်ရှိနေတယ်ထင်တယ်" ဟု ပြောသည်။

"အိတ်ထဲမှာ နည်းတဲ့ငွေတွေမှမဟုတ်တာ၊ ထောင်ပေါင်းများစွာ ရှိနေတာပဲ၊ ကိုင်း... မစ္စက်ပါးမား၊ ဒီငွေတွေ အားလုံးကို လောင်းကစား စားပွဲတွေမှာ နိုင်ခဲ့တာလား"ဟု ထရက်က မေးသည်။

နာဒင်းပါးမားက-

"ဒီမယ်ရှင့်၊ ရှင်တို့မေးပုံမြန်းပုံကို ကျွန်မကြိုက်ဘူး၊ ကျွန်မအခန်းထဲ ဒီလိုဝင်ပြီး ပိုင်စိုးပိုင်နင်း ဆက်ဆံပုံတို့လည်း ကျွန်မ မကြိုက်ဘူး။ ရှင်တို့ မေးတာတွေကို ဘာတစ်ခုမှ ကျွန်မဖြေစရာမလိုဘူး၊ ရှင်တို့ ကျွန်မတို့ မေးတာတွေ မဖြေခင် ရှေ့နေတစ်ယောက် ငှားရလိမ့်မယ်၊ ရှေ့နေက တစ်ဆင့်ပဲ ပြောစရာ ရှိတာပြောမယ်"

"ခင်ဗျားငှားမယ့် ရှေ့နေဆိုတာ ပယ်ရီမေဆင်ကို ပြောတာလား"

"ပယ်ရီမေဆင်မဟုတ်ပါဘူး၊ သူက တခြားအမှုသည်တို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီ။ ကျွန်မက တခြားဝတ်လုံတစ်ယောက်ကို သီးသန့်ငှားရလိမ့်မယ်"

ဤတွင် ထရက်က တံခါးဆီသို့ အသာလျှောက်သွားပြီး မဆောင်တို့ ဦးခေါင်းညွတ်၍ ပြုံးပြကာ-

"ကိုင်း... ရှေ့နေကြီး၊ ဒါဆိုရင်တော့ ခင်ဗျားကြွနိုင်ပါပြီ။ ခင်ဗျားတို့ ရှာလို့ဖွေလို့လည်း တွေ့ပါပြီ။ ခင်ဗျားဟာ ဒီအမျိုးသမီးရဲ့ ရှေ့နေလည်း မဟုတ်ဘူး ဆိုတော့ ဆက်ပြီးရှိနေစရာ မလိုတော့ပါဘူး။ ကျုပ်တို့အနေနဲ့ မစ္စက်ပါးမားကို ရဲဌာနချုပ်ခေါ်သွားပြီး စစ်ဆေးမေးမြန်းဖို့ပဲ ရှိတော့တယ်။ ခင်ဗျား သိထားအောင် ပြောလိုက်ချင်တာက ဒီညနေလှုပ်ရှားမှုတွေကို ကျုပ်တို့ အားလုံး စောင့်ကြည့်နေခဲ့တယ်ဆိုတာပဲ။ လောင်းကစားပွဲ တချို့မှာ ခင်ဗျား နည်းနည်းပါးပါး နိုင်ခဲ့တယ်ဆိုတာလည်း ကျုပ်တို့သိတယ်။ ခင်ဗျားကို အရပ်ဝတ်အရပ်စားနဲ့ စုံထောက်က စောင့်ကြည့်နေပြီး ကျုပ်တို့ရောက်လာတာနဲ့ သတင်းပို့ပြီးပြီ။ ဒီတော့ လပ်စ်ဗေးဂတ်စ်ရဲအဖွဲ့က ခင်ဗျားတို့ ဆက်ပြီး စောင့်ကြည့်နေဦးမှာ သေချာတယ်၊ စိတ်တော့မရှိနဲ့ပေါ့ဗျာ။ ကိုင်း... ကြွပေဦးတော့"

ထရက်က တံခါးကို ဖွင့်ပေးထားရင်း ပြောင်လှောင်သောအမူအရာဖြင့် ဦးခေါင်းညွတ်ပြသည်။

မဆောင်က နာဒင်းပါးမားကို ကြည့်၍ "ရှေ့နေတစ်ယောက်ငှားမယ်လို့ ဆုံးဖြတ်လိုက်တာ အမြော်အမြင်ကြီးတဲ့ ဆုံးဖြတ်ချက်ပါပဲ ကောင်းတယ်ဗျာ"ဟု ပြောသည်။

"အဲသလိုလုပ်ဖို့ ခင်ဗျားအကြံပေးလိုက်တာ မဟုတ်လား" ဟု ထရက်က မေးသည်။

"ရှေ့နေတစ်ယောက်အနေနဲ့မဟုတ်ပါဘူး၊ မိတ်ဆွေတစ်ယောက်အနေနဲ့ အကြံပေးတာပါ"ဟု မဆောင်က ပြောသည်။

ထရက်က နာဒင်းပါးမားကို ပြောသည်။ "ဒီမယ် မစ္စတ်ပါးမား ဒီအမှုမှာ မစ္စတာမဆောင်ဟာ တခြားလူဘက်က အမှုလိုက်နေတာနော်၊ သူလုပ်ဆောင်ချက်အားလုံးဟာ သူ့အမှုသည်တွေအကျိုးအတွက် လုပ်





တာချည်းပဲ ရဲအဖွဲ့နဲ့ ခင်ဗျားနဲ့ ပြဿနာဖြစ်လေ သူ့အမှုသည်တွေအတွက် ကောင်းလေပဲ ဒီတော့ ခင်ဗျား အနေနဲ့ လုပ်စရာရှိတာတွေကို စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်နဲ့သာ လုပ်ပါ၊ တဲ့. . . မစ္စတာမဆောင် ခင်ဗျား သွားချင်တဲ့နေရာ သွားပေတော့"

"ကျေးဇူးပါပဲဗျာ၊ လပ်စ်ဗေးဂတ်စ်မြို့ကို ရောက်တုန်းရောက်ခိုက် ခင်ဗျားလဲ ပျော်ရွှင်နိုင်ပါစေ"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သူ၏ ဘန်ဂလိုတည်းခိုရိပ်သာသို့ ပယ်ရီမေဆင် ပြန်ရောက်ပြီး တံခါးဖွင့်ဝင်လိုက်စဉ်မှာပင် တယ်လီဖုန်းမြည်သံ ကြားရသည်။ မေဆင်က တံခါးကို ခြေဖြင့်ကန်ပိတ်ပြီး တယ်လီဖုန်းဆီသို့ ကမန်းကတန်းသွား၍ကောက်နားထောင်သည်။

"မစ္စတာ ပယ်ရီမေဆင်ကို လော့စ်အိန်ဂျလိမြို့က အဝေးပြောဖုန်းခေါ်နေပါတယ်ရှင်"ဟု အော်ပရေတာကပြောသည်။

"ဟုတ်ကဲ့. . . အခု ပယ်ရီမေဆင်ပြောနေပါတယ်"

"ခဏကိုင်ထားပါနော်"ဟုအော်ပရေတာကပြောပြီး ချက်ချင်းလိုလိုပင် ပေါလ်ဒရိတ်၏အသံကို ဖုန်းထဲတွင် ကြားရသည်။

"ဟိုင်း. . . . ပယ်ရီ"

"ဟလို ပေါလ်၊ ကိုယ့်ကိုဘယ်လိုခြေရာခံမိသလဲကွ"

"ဒါစုံထောက်အလုပ်ပဲဗျာ၊ ခင်ဗျားလပ်စ်ဗေးဂတ်စ်မြို့ကို သွားတာကျွန်တော်သိတယ်၊ ဂျင်နီဗီးဟိုက်ဆိုတဲ့အမျိုးသမီးက အဲဒီမှာရှိနေတယ်၊





ဒီတော့ခင်ဗျား သူရှိတဲ့နေရာမှာ တည်းခိုမှာပဲလို့ တွက်မိတာပေါ့"

"အေး... ကိုယ်ဒီမှာရောက်နေသလိုပဲ တို့ရဲ့ မိတ်ဆွေကြီး ရဲအုပ်ကြီးထရက် ရောက်နေတယ်"

"ဘယ့်နှယ်...သူဘယ်လိုရောက်လာတာလဲ"

"ကိုယ့်ကို နောက်ယောင်ခံလိုက်လာတာပဲ ဖြစ်မှာပေါ့။ လပ်စ်ဗေးဂတ်စ်ကို ကိုယ်ထွက်လာပြီးချိန်မှာ ထရက်က ဒီက ရဲအဖွဲ့ကို ဖုန်းလှမ်းဆက်ပြီး ကိုယ့်ကိုမျက်ခြည်မပြတ် စောင့်ကြည့်ခိုင်းခဲ့တယ်၊ ပြီးတော့မှ သူက မီရာလေယာဉ်နဲ့ လိုက်လာပြီး ကိုယ့်ဆီ တန်းတန်းမတ်မတ် ရောက်လာတာပဲ"

"သူတို့ဘာတွေရသွားသလဲပယ်ရီ"

"အင်း...အဲဒါတ ပြဿနာပဲကွ၊ နာဒင်းဝါးမားဟာ လောင်းကစားဝိုင်းတွေမှာ အတော်ကလေးနိုင်ခဲ့တယ်။ ရဲအုပ်ကြီးထရက်တို့ ရောက်လာပြီး နာဒင်းဆီမှာ ရှာဖွေဝရမ်းနဲ့ ရှာတော့ ငွေတွေအတော်များများတွေ့သွားတယ်"

"ဒီမှာလည်း သူတို့ အတော်ကလေးသဲလွန်စတွေ ရသွားကြပြီဗျ၊ ခင်ဗျားအမှုသည်တွေတနေတော့ မလွယ်ဘူးထင်ဟယ်ပယ်ရီ"

"ကိုယ့်အမှုသည်တွေ. . . ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"နေဦးကွ၊ မင်းပြောတဲ့ စကားမှာ အမှုသည်တွေဆိုပြီး 'တွေ' ဆိုတဲ့ ဗဟုဝုစ်ကိန်းကိုသုံးထားတယ်၊ ရဲအုပ်ကြီးထရက်တလည်း ကိုယ့်ရဲ့အမှုသည်တွေဆိုပြီး ပြောသွားတယ်၊ ခုချိန်ထိ ကိုယ်နားလည်ထားတာက ကိုယ့်မှာဒီအမှုအတွက် မော်လေအိဒင်တစ်ယောက်ပဲ အမှုသည်ရှိတာဝဲ"

"အခု သူတို့ နှစ်ယောက် ဖြစ်သွားပြီလေ၊ အတူတူဖြစ်သွားကြပြီ"

"ဘယ်သူတွေလဲ၊ အတူတူဖြစ်တာ..."

"မော်လေအိဒင်နဲ့ ဗီဗီယန်ကာဆင်လေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . သူတို့က ရန်သူတော်တွေပဲ၊ ဘုရားရေ. . . ပေါ်လ် သူတို့ ဘယ်နည်းနဲ့မှ. . . ."

မဆောင်က ပြောနေရင်းမှ စကားသံတိုးသွားပြီး ရုတ်တရက် အတွေး တစ်ခုဝင်လာသည်၊ မဆောင်ငြိမ်နေ၍ ဒရိတ်က ပြန်ပြောသည်။

"သူတို့နှစ်ယောက် ပေါင်းမိသွားတာတော့ သေချာတယ်ဗျာ"

"အင်း-ဆက်ပြောစမ်း ပေါလ် အချက်အလက်တွေကို တိတိကျကျ ပြောစမ်းကွာ ရဲအဖွဲ့က ဘာတွေရသွားသလဲ"

"လော်ရင်းကာဆင်ရဲ့ကားကို သူတို့တွေ့သွားပြီ"

"ဘယ်နေရာမှာလဲ"

"ဗီဗီယန်ကာဆင်ရဲ့ ကားဂိုဒေါင်ထဲမှာဗျ"

"တို့. . . မော်လေအီဒင်ရဲ့အိမ်က ဗီဗီယန်ဘက်အခြမ်းမှာရှိတဲ့ ကားဂိုဒေါင်ထဲမှာလား၊ ဒါမှမဟုတ်. . . ."

"ဟင့်အင်း၊ ဗီဗီယန်ရဲ့ မြို့ထဲက တိုက်ခန်းရှိတဲ့နေရာက ကားဂိုဒေါင်မှာ"

"ဟုတ်လား၊ ဆက်ပြောစမ်းပါဦး"

"ဒီလိုဗျာ. . . လော်ရင်းကာဆင်နဲ့ ခွာပြဲကြပြီးချိန်မှာဗီဗီယန်ဟာ မြို့ထဲမှာ တိုက်ခန်းတစ်ခုငှားပြီးသွားနေတယ်၊ တိုက်ခန်းတစ်ခုအတွက် ကားဂိုဒေါင်တစ်ခုစီရှိတဲ့ စုပေါင်းရိပ်သာမျိုးပေါ့၊ ဗီဗီယန်ဟာ အဲဒီမှာ စနေနေ့အထိနေခဲ့တယ်၊ စနေနေ့မှာဆောက်လုပ်ရေးလုပ်သားအဖွဲ့နဲ့ မြေတိုင်းစာရေးကိုခေါ်ပြီး အီဒင်ရဲ့ အိမ်ကိုသွား၊ အလယ်တည့်တည့်ပိုင်းပြီး သံဆူးကြိုးကာခဲ့တယ်၊ သံဆူးကြိုးကာပြီးတော့မှ အဲဒီကို ဗီဗီယန်ပြောင်း လာတာ"

"အင်း. . . ဆက်ပြောကွာ"

"သံဆူးကြိုးကာပြီးတာနဲ့ အီဒင်ရဲ့ အိမ်ကို ချက်ချင်းပြောင်းရ ရွှေ့ရ တာဆိုတော့ ဗီဗီယန်ဟာ သူ့ကားနဲ့ တင်နိုင်သလောက်ပဲ ပစ္စည်းတွေ





ယူခဲ့နိုင်တယ်၊ မြို့ထဲတိုက်ခန်းမှာ ပစ္စည်းအတော်များများ ကျန်ခဲ့သေးတယ်။ အခန်းကိုလည်း ပြန်မအပ်ရသေးဘူး "

"ကာဆင်ရဲ့ကားကို အဲဒီတိုက်ခန်းရဲ့ ကားဂိုဒေါင်က တွေ့တာပေါ့ ဟုတ်လား"

"ဟုတ်တယ် အဲဒီဂိုဒေါင်က တွေ့တာပဲ"

"အဲဒီနေရာကို ရဲအဖွဲ့က ဘယ်လိုကြောင့် သွားပြီးရှာဖြစ်ခဲ့တာလဲ"

"ဒါတော့ ကျွန်တော်မသိဘူး ဖယ်ရီ"

"ကာဆင်ဟာ သူ့ကားကို သူကိုယ်တိုင် အဲဒီမှာ သွားထားခဲ့တာ တော့ မဖြစ်နိုင်ဘူးလား"

"ဟင့်အင်း... အဲဒါတော့ လုံးဝမဟုတ်ဘူး၊ သူတို့နှစ်ယောက်တ ကားကို လာထားသွားတာပဲ"

"မောင်ရင် ဆိုလိုတာ ဗီဗီယန်နဲ့ လော်ရင်းကာဆင်တို့က လာထား သွားတယ်လို့ ဆိုလိုတာလား"

"မဟုတ်ဘူး၊ ဗီဗီယန်နဲ့ မော်လေအီဒင်"

"မင်းဟာ သေချာရဲ့လားကွာ"

"ကျွန်တော်ကတော့ အသေအချာ မပြောနိုင်ဘူးပေါ့၊ ဒါပေမယ့် ရဲအဖွဲ့ကတော့ သေချာပေါက် အဲသလိုပြောတာပဲ၊ အဲဒီကားဂိုဒေါင်မှာ ကာဆင်ရဲ့ကားကို လာထားသွားတာ ဗီဗီယန်ရယ် ယောကျ်ားတစ်ယောက် ရယ်၊ ယောကျ်ားက တခြားလူမဟုတ်ဘူး၊ မော်လေအီဒင် ဆိုတာ မျက်မြင် သက်သေရှိသတဲ့"

"မျက်မြင်သက်သေ တစ်ယောက်တည်းလား"

"ဒီကိစ္စမျိုးမှာသက်သေတစ်ယောက်ထက်ပိုပြီး ရနိုင်မယ်လို့ ခင်ဗျား ထင်သလား ပယ်ရီ"

"အမြင်မှားတာဖြစ်မယ်ပေါ်လ်၊ ဒီကိစ္စမှာ ကာဆင်ရဲ့ ကားကို ဗီဗီ ယန်က သူ့ဂိုဒေါင်မှာ လာထားသွားတာ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မော်လေအီဒင်ဟာ ဗီဗီယန်နဲ့ အတူရှိမနေခဲ့နိုင်ဘူး၊ မျက်မြင်သက်သေဆိုတဲ့လူ အမြင်မှားတာပဲဖြစ်မယ်"

"မဟုတ်ဘူးပယ်ရီ။ ကျွန်တော်တို့ စဉ်းစားဖို့ ရှိတာက ဗီဗီယန်ကာဆင်ဆိုတဲ့ အမျိုးသမီးဟာ လင်ကွာ မယားကွာ အမှုအခင်း ဖြစ်ထားတယ်ဆိုတော့ ပတ်ဝန်းကျင်က စိတ်ဝင်စားခြင်းခံနေရတယ် မဟုတ်လား"

"အဲဒါ ဘာဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့ဗျာ။ ဒီလို အမျိုးသမီးမျိုးကို အိမ်နီးချင်း မိန်းမတစ်ယောက်ယောက်က စောင့်ကြည့်နေတတ်တာပဲ စပ်စုတဲ့သဘောနဲ့ စောင့်ကြည့်နေပြီး. . ."

"တော်ပါတော့ကွာ၊ မင်းအတွေးအခေါ်တွေ ပြောမနေစမ်းပါနဲ့။ အခုပြောတဲ့ တယ်လီဖုန်းခကို နှမြောစရာ ကောင်းပါတယ်။ လိုရင်းကိုသာ ပြောစမ်းပါ"

"မပူပါနဲ့ ပယ်ရီ၊ အခုပြောနေတာ တယ်လီဖုန်းခကို ကျွန်တော့် စာရင်းထဲသွင်းပြီး ပြောနေတာပါ။ ကျွန်တော်စဉ်းစားမိတာတော့ ပြောရမှာပဲ"

"လုပ်မနေပါနဲ့ကွာ၊ အပြောင်းအလဲတွေက သိပ်များနေတယ်ကွ ဘာဖြစ်သလဲဆိုတာသာ ဆက်ပြောစမ်းပါ"

"အိမ်နီးချင်းတစ်ယောက်က ဗီဗီယန်ရဲ့ ကားဂိုဒေါင်တံခါးဖွင့်သံကြားရသတဲ့။ ဒါနဲ့ ပြတင်းပေါက်ကနေ လှမ်းကြည့်တော့ ဗီဗီယန့်ကို တွေ့ရသတဲ့၊ သူတစ်ယောက်တည်းမဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်ပါ ပါတယ်တဲ့ ။ အဲဒီယောကျ်ားဟာ မော်လေအီဒင်ပါပဲလို့ အဲဒီအိမ်နီးချင်း အမျိုးသမီးကပြောတယ်။ ကားကို ဂိုဒေါင်ထဲမောင်းသွင်းတာက ဗီဗီယန့်ကားအနေအထားမှန်မှန် ဝင်အောင် ရှေ့ကနေ လက်ပြလမ်းညွှန်ပေးတာက မော်လေအီဒင်တဲ့။ ကားသွင်းပြီး မော်လေအီဒင်က ဂိုဒေါင်တံခါးကို ပိတ်တယ်၊ ဗီဗီယန်က ဂိုဒေါင်တံခါးသော့ကို ခတ်တယ်။ ပြီးတော့ သူတို့





နှစ်ယောက်သား ခပ်သုတ်သုတ်ထွက်သွားကြတယ်တဲ့။ သူတို့ ဂိုဒေါင်ထဲ သွင်းခဲ့တဲ့ အဲဒီကားဟာ သေသူကာဆင်ရဲ့ ပျောက်ဆုံးနေတဲ့ကားဖြစ်နေတယ်"

"အင်း... ကောင်းရောပေါ့ကွာ ပထမ သူတို့က အီဒင်နဲ့ ဗီဗီယန့်ကို မသင်္ကာဖြစ်တယ်။ အခုတစ်ခါ ဒီမှာ နာဒင်းပါးမားကို မသင်္ကာဖြစ်ပြီး ဆွဲပြန်ပြီ။ ဒီအမှုမပြီးပြတ်ခင် ရဲအုပ်ကြီးထရက်ဟာ နောက်ထပ် လူသတ်သမားတွေ ဘယ်နှယောက် ဆွဲဦးမလဲ မသိဘူး"

"အဆွဲခံရတဲ့အထဲ ခင်ဗျားပါ ပါမသွားစေနဲ့ဦး ပယ်ရီ၊ ခင်ဗျားတတော ဘယ်တော့ပြန်လာမှာလဲ"

"မနက်ဖြန် မနက်ပိုင်းလောက် ပြန်လာမယ်စိတ်ကူးတယ်၊ နာဒင်းပါးမားကိုတော့ သူတို့ ပြန်လွှတ်ရမှာပဲထင်တယ်"

"ကာဆင်ရဲ့ ကားကိုတွေ့ပြီဆိုတော့ နာဒင်းကို သူတို့ဆက်ပြီး ဆွဲမထားဘူးထင်ပါတယ်ဗျာ။ မသင်္ကာတဲ့လူတိုင်းကို ရဲတလိုက်ဖမ်းနေတယ်လို့ သတင်းစာတွေကရေးမှာကို သူတို့ခံချင်မှာမဟုတ်ပါဘူး"

"ဟာ...မောင်ရင့်ကိုကျေးဇူးတင်တယ်ကွာ၊ နာဒင်းပါးမားဟာ အိုယ့်အမှုသည် မဟုတ်ပေမယ့် အခုမောင်ရင်ပြောမှ လုပ်စရာတစ်ခုစိတ်ကူးပေါ်လာတယ်"

"ကျွန်တော့်ကိုဘာကြောင့် ကျေးဇူးတင်တာလဲ"

"မောင်ရင့်အကြံဉာဏ်အတွက် ကျေးဇူးတင်တာပေါ့ကွ။ ကိုင်း. . . ဒီလိုလုပ်ကွာ၊ ကြေးနန်းသတင်းဌာနတွေကို တယ်လီဖုန်းဆက်၊ ကာဆင်အသတ်ခံရမှုနဲ့ပတ်သတ်ပြီး စိတ်ဝင်စားစရာ သတင်းတွင်းဆက်ရမြိုလို့ပြော၊ လပ်စ်ပေးဂတ်စ် ရဲအဖွဲ့က နာဒင်းပါးမားကို ထိန်းသိမ်းထားပြီး ကာဆင်သတ်မှုအတွက် စစ်ဆေးမေးမြန်းနေတယ်၊ အသေးစိတ် သိချင်ရင် လပ်စ်ပေးဂတ်စ် ရဲအဖွဲ့ကို လှမ်းမေးပါလို့ပြော၊ မောင်ရင့်နာမည်ကို မပြောနဲ့၊ အမည်မဖော်လိုသူတစ်ဦးက သတင်းပေးတာပါလို့ပဲပြော"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ပယ်ရီ၊ နောက် ဆက်ဘာလုပ်စရာရှိသေးသလဲ"

"ခုလောလောဆယ်တော့ အဲဒါပါပဲကွာ"ဟု ပြောကာ မေဆင်က မျက်မှန်ချွတ်လိုက်ပြီး မေးကြောကို လက်ချောင်းများဖြင့်ပွတ်၍ ခေတ္တမျှ စဉ်းစားခန်း ဝင်နေသည်။ ထိုနောက် တယ်လီဖုန်းကောက်ကိုင်၍ ဟိုတယ် ဝန်ထမ်းမှူးထံ ဖုန်းဆက်သည်။"အခန်းနံပါတ် ၂၀၇ က ပယ်ရီမေဆင် စကားပြောနေပါတယ်။ ကျွန်တော့်အတွက် ခရီးဆောင်ပစ္စည်းကလေး တချို့ လိုချင်လို့ပါ လျှပ်စစ်မုတ်ဆိတ်ရိတ်ဓားရယ် သွားပွတ်တံရယ် ဝတ်မှင်ဘီးနဲ့ ရှိုးရိုးဘီးရယ် ပြီးတော့. . . ."

ထိုသို့ပြောနေစဉ် မေဆင်၏မျက်လုံးအစုံက အခန်းထောင့်စွန်း၌ လက်ဆွဲသေတ္တာ အညိုရောင် တစ်လုံးကိုလှမ်းမြင်လိုက်၍ စကားရပ်သွားသည်။

"ဟုတ်ကဲ့ ပြောပါ မစ္စတာမေဆင်၊ တခြားဘာလိုချင်ပါသေးသလဲ" ဟု ဝန်ထမ်းမှူးက လှမ်းမေးသည်။

"ခဏနေမှ ပြန်ဆက်မယ်၊ ခုနက မှာထားတာတွေပဲလုပ်ထားပေးပါဦး"ဟု မေဆင်က ပြန်ပြောသည်။

"လျှပ်စစ်မုတ်ဆိတ်ရိတ်ဓားက ဘာအမျိုးအစားလဲဆိုတာသိပါရစေ ကျွန်တော်တို့မှာက . . . . ."

"ရပါတယ်လေ၊ ရနိုင်တဲ့အမျိုးအစား ဘာပဲဖြစ်ဖြစ်စီစဉ်ပေးပါ။ ကျွန်တော်ပြန်ဆက်ပါဦးမယ်"

"ဟုတ်ကဲ့ ကျွန်တော်တို့ စီစဉ်ထားပါ့မယ်"

မေဆင်က ဖုန်းကို ကမန်းကတန်းချ၍ လက်ဆွဲသေတ္တာကလေးဆီသို့ အမြန်လျှောက်သွားပြီး မ ယူကြည့်သည်။ သေတ္တာမှာ သားရေအထူ အကောင်းစားဖြင့် 'ပီ၊ မေဆင်' ဟူသော အမည်စာရွက်ကလေး တပ်ထားသည်။ မေဆင်က သေတ္တာကို အရေးတကြီးဖွင့်၍ အတွင်းကို စစ်ဆေးကြည့်သည်။ သေတ္တာထဲတွင် စနစ်တကျ အထပ်လိုက် စီထားသော





စာရွက်စာတမ်းများကို တွေ့ရသည်။ စာရွက်စာတမ်းတစ်ခုကို ထုတ်ယူကြည့်ရာ ဒေါ်လာငါးထောင်တန် ငွေစုလက်မှတ် ဖြစ်နေသည်။ 'ဇေဘီ အယ်လ်ဆေးမား'နာမည်ဖြင့် ဝယ်ထားသော စာချုပ်ဖြစ်၏။ မေဆင်သည် သေတ္တာထဲရှိ စာရွက်စာတမ်း အားလုံးကို အကြမ်းဖျင်း စစ်ဆေးကြည့်ရှုသည်။ အားလုံးသည် ငွေစုစာချုပ်များဖြစ်ပြီး ဇေဘီအယ်လ်ဆေးမား နာမည်ဖြင့် ဝယ်ယူထားခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။ စာချုပ်အားလုံးမှာ ဆေးမား၏လက်မှတ်ထိုး၍ထားသော ငွေလွှဲစာရွက်တွင် ကြိုက်ရာနာမည်ကို ထည့်သွင်း၍ လွှဲစာဖြင့် ငွေထုတ်ယူနိုင်သည့်သဘော ဖြစ်သည်။ စာရွက်များကိုစစ်ဆေးပြီးနောက် မေဆင်သည် သေတ္တာကိုပြန်ပိတ်ပြီး တယ်လီဖုန်းရှိရာစားပွဲသို့ပြန်သွားကာ ဝန်ထမ်းမှူးထံ ဖုန်းဆက်သည်။

"ဒီမယ် တစ်ဆိတ်လောက်ဗျာ၊ သေတ္တာတစ်လုံးဝယ်ချင်လို့ ဒီအချိန်မှာ ဘယ်မှာများဝယ်လို့ ရမလဲ"

"ဪ...ရပါတယ်၊ ကျွန်တော်တို့ ဟိုတယ်အောက်ထပ်မှာ သေတ္တာဆိုင် ရှိပါတယ်၊ အတော်ညဉ့်နက်ချိန်အထိ ဖွင့်ပါတယ်"

"ကျေးဇူးပဲဗျာ၊ ကျွန်တော်အဝတ်ထည့်တဲ့ သေတ္တာတစ်လုံးနဲ့ လက်ဆွဲ ခရီးဆောင် သေတ္တာကလေးတစ်လုံး လိုချင်ပါတယ်၊ သေတ္တာတွေမှာ ရွှေရောင်စာလုံးနဲ့ 'ပီ၊ မေဆင်' ဆိုတဲ့နာမည်စာလုံးတွေ ထည့်ပေး စေချင်တယ်။ ပြီးတော့ အိမ်သာသုံး ပစ္စည်းတချို့လည်းလိုချင်တယ်ဗျာ။ အမြန်ဆုံး ရနိုင်ရင် ကောင်းမယ် ရနိုင်မလား"

"ရ ရပါစေ့မယ်ခင်ဗျာ၊ သေတ္တာတွေပေါ်မှာ ပီ၊ မေဆင် ဆိုတဲ့ နာမည်ကို ရွှေရောင်စာလုံးနဲ့ ထည့်ပေးရမယ်နော် ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ပယ်ရီမေဆင်လို့ ရေးပေးရင် ပိုမကောင်းဘူးလား"

"ဟင့်အင်း ပီ၊ မေဆင်လို့ပဲရေးပါ၊ အမြန်ဆုံးလိုချင်တယ်နော်။ အမြန်နှုန်းအတွက် ကျသင့်သလောက် ပေးမှာပါ။ ပြီးတော့ ခင်ဗျားအတွက်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးဆောင်ပေးခ သတ်သတ်ဒေါ်လာ ၃၀ ပေးမယ်ဗျာ"

"ကျေးဇူးတင်ပါတယ် မစ္စတာမဆင်၊ အမြန်ဆုံးကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

မဆင်က တယ်လီဖုန်းကိုပြန်ချပြီး ချက်ချင်းပင် ပြန်တောက်ကိုင်ကာ လော့စ်အိန်ဂျလိမြို့သို့ အဝေးပြော လှမ်းခေါ်သည်။ အတွင်းရေးမှူးမကလေး ဒယ်လာစထရိထံ လှမ်းဆက်ခြင်းဖြစ်သည်။ ဒယ်လာဖုန်းကိုင်ချိန်တွင် မဆင်က

"အိပ်နေပြီလား ဒယ်လာ"ဟု မေးလိုက်သည်။

"ဟင့်အင်း မအိပ်သေးပါဘူးဆရာ ကျွန်မစာဖတ်နေတာပါ ဘယ်လိုလဲဆရာ ဘာတွေဖြစ်နေလို့လဲ"

"ဘာမှတော့မဖြစ်ပါဘူးကွယ် ဆရာထောင်ချောက်တစ်ခုထဲတော့ဝင်မိနေပြီကွယ့် "

"ဘာကိုဆိုလိုတာလဲဆရာ"

ဒယ်လာက ထိတ်လန့်တကြားဖြင့် ပြန်မေးသည်။

"ဆရာလည်းမသိသေးဘူး ဒယ်လာ။ ဒါပေမယ့် တစ်စုံတစ်ယောက်က ကာဆင်လူသတ်မှုနဲ့ ပတ်သက်တယ်လို့ ယူဆရတဲ့ သက်သေခံ ပစ္စည်းကို ဆရာ့ဆီမှာ လာထောင်ထားတယ်"

"ဘယ်လိုပစ္စည်းလဲဆရာ "

"ဖုန်းထဲက ပြောလို့မဖြစ်သေးဘူးကွယ့်"

"ဘယ်သူကထောင်တာလဲဆရာ"

"လူသတ်သမားက ထောင်ထားတာ ဖြစ်နိုင်တယ်ကွယ့်။ ဒီတော့ မော်လေအီဗင်ရော၊ ဗီဗီယန်ကာဆွဲလ်ရော မဖြစ်နိုင်ဘူး။ တခြားတယောက်ဖြစ်လိမ့်မယ်၊ အခုလောလောဆယ် စဉ်းစားလို့ရတာကတော့ နာဒင်းပါးမားပဲရှိတယ်၊ သူကအတော်လည်ပြီး အတော်ကြောက်ဖို့ကောင်းတဲ့ အမျိုးသမီးပဲ။ နာဒင်းပါးမား မဟုတ်ရင်တော့ တခြားစဉ်းစားလို့မရဘူး။





ဂျင်နီဗီးဟိုက် ဆိုတဲ့ ဟိုတယ်မယ်ပဲကျန်တော့တယ်။ သူကလေးကတော့ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ပုံစံမျိုးနဲ့ ဆရာ့ကိုဆက်ဆံခဲ့တာပဲ"

"အဲဒီပုံစံမျိုးတွေကကြောက်စရာ အကောင်းဆုံးပဲဆရာ၊ သတိသာထားပေတော့"

"ဆရာသိပါတယ် ဒယ်လာ။ ကောင်မကလေးရဲ့ အလုပ်ကလည်း သရုပ်ဆောင်ကောင်းကောင်းနဲ့ လူတွေကို စည်းရုံးရတဲ့အလုပ်ကွယ့်၊ ဟိုတယ်ကိုလာတဲ့ ယောကျ်ားတွေ လောင်းကစားချင်လာအောင် ဆွယ်ရတဲ့ ညှို့ကြို အလုပ်ပေါ့ကွယ်။ ညှို့သည်ယောကျ်ားတွေ ပိုက်ဆံမဖြုန်းဖြုန်းအောင် သွေးဆောင်ရတာ သူတို့အလုပ်ပဲ"

"ဆရာ့ကိုတော အမျိုးသမီးက သွေးဆောင်လိုက်သေးသလား"

"အင်း... ဆိုပါတော့လေ"

"ဒါဖြင့် ကျွန်မလိုက်လာခဲ့ရမလားဆရာ၊ ဆရာ့အတွက် ကျွန်မ အကူအညီပေးနိုင်စရာ ရှိသလား"

"ဒယ်လာ့အကူအညီကိုတော့ ယူရမှာပဲ၊ ဒါပေမယ့် ခုအချိန်မှာ ဒီကို လိုက်လာဖို့ မလိုသေးဘူး။ ဆရာ့ကို ထောင်ချောက်ဆင်တဲ့ကိစ္စ ရှင်းပြီးတာနဲ့ လော့စ်အိန်ဂျလိမြို့ကို ဆရာချက်ချင်းပြန်လာမှာဆိုတော့ ဒယ်လာနဲ့ လွဲနေဦးမယ်၊ ဆရာ့ ဘာန်ဂလိုနံပါတ်က ၂၀၇ နော် မှတ်ထား။ မနက်ကျလို့ဆရာ့ဆီက အဆက်အသွယ်မလုပ်ရင် ဒယ်လာလှမ်းပြီး စုံစမ်းပေတော့"

"ကောင်းပါပြီဆရာ၊ ကျွန်မကတော့ အဲဒီကိုလိုက်လာပြီး ထိထိရောက်ရောက် ကူညီချင်တာပဲ။ မြွေမြွေချင်း ခြေမြင်တယ်ဆိုသလို မိန်းမအချင်းချင်းစောင့်ကြည့်မှ တစ်ယောက်ခြေလှမ်းကို တစ်ယောက်က မြင်နိုင်တာ ဆရာရဲ့။ မိန်းမမာယာနဲ့တွေ့ရင် ယောကျ်ားတွေဟာ ပင့်ကူမျှင်ထဲ တိုးဝင်မိတဲ့ ယင်ကောင်လို ဖြစ်တတ်တယ်လေ"

"ငါ့တပည့်က တယ်လဲ ကဗျာဆန်လိုက်ပါလားကွယ့်"

"ကဗျာဆန်ဆန်ပြောတာမဟုတ်ဘူးဆရာ၊ ဆရာ့ကို သတိပေးလှန့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြောနေတာ၊ ဒီတော့ဒီည မီရာလေယာဉ်နဲ့ ကျွန်မလိုက်လာခဲ့မယ်လေ၊ ညသန်းခေါင်လောက်၊ ဒါမှမဟုတ် သန်းခေါင်ကျော်ကျော်လောက် ရောက်နိုင်တယ်၊ ပြီးတော့ . . .”

“နေဦးကွယ့်၊ အခြေအနေက အဲဒီအချိန်ထက်စောပြီး ထူးခြားနိုင်တယ်။ ညသန်းခေါင်ကျော်ကျော်လောက်ဆို ဆရာပြန်လာကောင်း ပြန်လာ ဖြစ်တော့မယ်။ တကယ်လို့ ဆရာအချုပ်ထဲ ရောက်မနေရင်ပေါ့လေ”

“ဒါဖြင့်ဆရာ သတိကြီးကြီးထားပါနော်”

“တတ်နိုင်သမျှ သတိထားပါ့မယ် ဖယ်လာ”ဟု မေဆင်တပြောပြီး နှုတ်ဆက်၍ ဖုန်းချလိုက်သည်။ ထိုနောက် မေဆင်သည် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ၁၀ မိနစ်တစ်ခါ နာရီကိုကြည့်၍ စောင့်နေသည်။ အတန်ကြာမှ တယ်လီဖုန်း ခေါ်သံကြား၍ မေဆင်တ ချက်ချင်း ကောက်နားထောင်ရာ ဟိုတယ်ဝန်ထမ်းမှူး၏အသံကို ကြားရသည်။

“မစ္စတာမေဆင်လား”

“ဟုတ်ပါတယ် ”

“ဝန်ထမ်းမှူးပြောနေပါတယ် ဆရာမှာထားတဲ့ ပစ္စည်းတွေယူလာမလို့ပါ။ မှာထားတာတွေအားလုံး ရပါတယ်ခင်ဗျာ”

“သိပ်ကောင်းတယ်ဗျာ လာခဲ့ပါ”

ခဏမျှအကြာတွင် ဝန်ထမ်းမှူးသည် အဝတ်အစားသေတ္တာတစ်လုံးကို ဆွဲ၍ ရောက်ရှိလာသည်။ အဝတ်သေတ္တာကို ဖွင့်လိုက်ပြီး အထဲမှ ခရီးဆောင်လက်ဆွဲသေတ္တာနှင့် အိမ်သာသုံးပစ္စည်းများ ထည့်ထားသော နိုင်လွန်အိတ်ငယ်ကို ထုတ်ယူလိုက်သည်။

“ကျွန်တော်တော့ ကောင်းမယ်ထင်တဲ့ အမျိုးအစားတွေ ရွေးပြီး ဝယ်ခဲ့တာပဲဆရာ”

“ကောင်းပါတယ်လေ၊ အားလုံးဘယ်လောက်ကျသလဲ”





“အားလုံး တစ်ရာ့တစ်ဒေါ်လာနဲ့ ၃၅ ဆင့် ကျသင့်ပါတယ်ဆရာ”

“ကောင်းပါတယ်။ တိုင်း. . . ရော့၊ ခင်ဗျားတူညီတာ ကျေးဇူးတင်တယ်” ဟု ဆိုကာ မေဆင်က ဒေါ်လာတစ်ရာတန်တရွက်နှင့် ငါးဆယ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။

“ကျေးဇူးအများကြီးတင်ပါတယ် ဆရာရယ်”ဟု ဝန်ထမ်း တပြောတာ” တကယ်လို့ သေတ္တာတွေတိုမကြိုက်ရင်”ဟု စကားဆက်စဉ် မေဆင်က “အို...ရပါတယ် ကျွန်တော်လိုချင်တာ ဒါမျိုးပါပဲ၊ ညကြီးမင်းကြီး ကျွန်တော့်အတွက် ဒီပစ္စည်းတွေ ရှာပေးတာပဲ ကျေးဇူးတင်လှပါပြီ”ဟု ပြန်ပြောသည်။

“ကဲကောင်းလို့ဆရာ၊ ဆိုင်က ပိတ်တောင်ပိတ်ခါနီးပြီ။ နောင်လည်း လိုချင်တာရှိရင် ခိုင်းပါဆရာ၊ ကျွန်တော်သွားမယ်နော်”ဟု ဆိုကာ ဝန်ထမ်းမှူး ထွက်သွားသည်။ မေဆင်က တံခါးပြန်ပိတ်ပြီးနောက် သူ့အခန်းတွင်း၌ တစ်စုံတစ်ယောက်က လာထားသွားသော လက်ဆွဲသေတ္တာကို ဖွင့်၍ အတွင်းမှ စာရွက်စာတမ်းများကို သေတ္တာအသစ်ထဲသို့ ပြောင်းထည့်သည်။ ဗလာဖြစ်သွားသော လက်ဆွဲသေတ္တာကို အဝတ်သေတ္တာအသစ်ထဲသို့ထည့်ပြီး အဝတ်သေတ္တာကို သော့ခတ်လိုက်သည်၊ ထို့နောက် သေတ္တာသော့ကို အိတ်ထဲထည့်၍ ဘန်ဝလိုခန်းမှ ထွက်လာသည်။ မေဆင်က ကာဆီနိုကစားဝိုင်းများရှိသော ခန်းမသို့သွားရောက်ရာ မလှမ်းမကမ်းမှ အရပ်ဝတ်အရပ်စားဖြင့် စုံထောက်တစ်ယောက်ထက်ကြပ်မကွာ လိုက်ပါလာသည်ကို သတိထားမိသည်။ မေဆင်သည် ကစားဝိုင်းစားပွဲ အချို့တွင် လှည့်ဝတ် ကြည့်ရှုနေရာ စားပွဲတစ်ခုအား၌ မတ်တတ်ရပ်နေစဉ် ရှေ့မှ အမျိုးသမီးငယ်တစ်ယောက်က သူ့ကိုဖိတိုးမိလိုက်သည်။ သူ့မတ လောင်းကြေးအတွက်တစ်ခုသို့ လှမ်း၍ လောင်းကြေးထိုးစဉ် မေဆင်ကို ဖိတွန်းမိခြင်း ဖြစ်၏။ (ညွှေကြီးမကလေး ဂျင်နီစီးပြောပြသွားသောပုံစံမျိုးအတိုင်း ကြုံရခြင်း ဖြစ်သည်။) ထိုမိန်းကလေးသည် ထိုအလှည့်တွင် အနိုင်ရပြီး



www.burmeseclassic.com

www.burmeseclassic.com



အလျော်များ ရရှိလိုက်သည်။ သူမက မေဆင်ကို လှည့်ကြည့်ပြီး "ရှင့်ကို ကျွန်မကျေးဇူးတင်လိုက်တာ"ဟု ပြောသည်။

"ဘာအတွက်ကျေးဇူးတင်တာလဲဗျာ"ဟု မေဆင်က မေးသည်။

"တံကောင်းလို့ပေါ့ရှင့်၊ ရှင်နဲ့တွေ့ရတာ ကျွန်မကံကောင်းသွားတော့တာပဲ။ တခြားဝိုင်းတွေမှာ ကျွန်မရှုံးချည်းနေတာ၊ ရှင်ရပ်နေတဲ့ဝိုင်းမှာလာကစားတော့မှ နိုင်တော့တယ်၊ ရှင့်ကိုကျွန်မ လောင်းကြေးလှမ်းထိုးရင်း ဒယီးဒယိုင်ဖြစ်သွားလို့ တိုးမိသွားတယ်၊ ရှင့်လက်မောင်းနဲ့ ဖိကပ်မိသွားတယ်လေ"

"အင်း. . . ကျုပ်မှတ်မိတယ်"

"ဟုတ်တယ်၊ အဲသလို ရှင်နဲ့ လူချင်းဖိကပ်မိလိုက်ပြီးတော့ ကျွန်မနိုင်တော့တာပဲရှင့်"

"ဒါဆို မင်းပိုပြီးနိုင်အောင် ကိုယ်လုပ်ပေးနိုင်လိမ့်မယ် ထင်တယ်"

"တစ်ညညတော့ ကြုံဦးမှာပေါ့ရှင်"

"တစ်ခုခုသောက်ရင်း စကားပြောကြရအောင်"

"ကောင်းသားပဲ"ဟု သူမက ဖိတ်ခေါ်သော မျက်လုံးများဖြင့် မေဆင်ကို ကြည့်၍ ပြောသည်။ မေဆင်က ဘားဆီသို့ သူမကို ခေါ်လာရင်း-

"မင်း ဒီကို မကြာမကြာလာတတ်သလား"

"ဒီမှာချည်းပဲအချိန်ကုန်တာ များပါတယ်ရှင်၊ ကျွန်မက လောင်းကစား မလုပ်ရရင် မနေနိုင်ဘူးရှင့်၊ ရှင်ကော ဒီညဘယ့်နှယ့်လဲ"

"မဆိုးပါဘူး၊ အတော်ကလေးနိုင်ပါတယ်"

"အင်း...ဒါကြောင့် ရှင့်ဆီက မာတ်ကူးပြီး ကျွန်မနိုင်ခဲ့တာ ဖြစ်မယ်"

"ဝမ်းသာပါတယ်လေ"ဟု မေဆင်က ပြန်ပြောစဉ် စားပွဲထိုး ရောက်လာ၍သူမက "စတော့ချ်နဲ့ ဆိုဒါပေးပါဘော့ဘ်" ဟု မှာသည်။

မေဆင်က "ငါ့အတွက် ဂျင်နဲ့တော်နစ် ပေးကွာ"ဟု မှာသည်။





စားပွဲထိုး ပြန်ထွက်သွားစဉ် မေဆင်က "ကိုယ့်နာမည် မေဆင်လို့ခေါ်တယ်"

"သိရတာ ဝမ်းသာပါတယ် မစ္စတာမေဆင်၊ ကျွန်မက ပေါ်လီတာမတ်ချ်ဝဲလ်ပါ"

"ဒီမှာ နေသလား"

"ဟုတ်ကဲ့၊ လပ်စ်ဗေးဂတ်စ်မှာဝဲ နေပါတယ်"

"အတော်ပဲပေါ့၊ လောင်းကစားဝိုင်းတွေပေါတာနဲ့ အရန်သင့်ပဲ"

"ကျွန်မဒီမှာသိပ်ပျော်တယ်၊ နေရာဒေသကော ပတ်ဝန်းကျင်ကော လူတွေကော အားလုံးကို သဘောကျတယ်။ ဒါနဲ့ ရှင်ကတော့ ဒီမြို့က မဟုတ်ဘူး ထင်တယ်။ ရှင့်ကြည့်ရတာ စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်လိုပဲ။ ဒါပေမယ့် တခြားစီးပွားရေးမားတွေ ပုံစံမျိုးတော့ မဟုတ်ဘူး။ ရှင်က အတော်တလေးထက်ထက်မြက်မြက် ရှိပုံရတယ်။ ရှင်ဆရာဝန်တော့ မဟုတ်ဘူး ထင်ပါတယ်နော် မစ္စတာ မေဆင်၊ အဲ... ဘုရားရေ ရှင့်ပထမ နာမည်က ပယ်ရီလား"

မေဆင်က ခေါင်းညိတ်ပြလိုက်သည်။

"အလို... နာမည်ကျော် ရွှေနေကြီး ပယ်ရီမေဆင်နဲ့လာတွေ့နေတာကိုး။ ဘုရားရေ ကျွန်မအစကတည်းက သိဖို့ကောင်းတာ ရှင့်ပုံစံက တခြားလူတွေလိုမဟုတ်ဘဲ ထူးထူးခြားခြားပုံစံမျိုး ရှိနေတာ ကျွန်မသတိထားမိလျက်နဲ့ မစဉ်းစားမိခဲ့ဘူး။ ညနေကတောင် ရှင့်ကို တွေ့မိခဲ့သေးတာပဲ။ အမျိုးသမီးတစ်ယောက်နဲ့တွဲလာတယ် မဟုတ်လား"

"ဒီဟိုတယ်က ညေ့်ကြိုမယ်ကလေးတစ်ယောက်နဲ့ပါ၊ သူ့နာမည်က မစ္စဟိုက်ဆိုလား"

"အို...ဂျင်နီဗီးဟိုက်နဲ့တွဲခဲ့တာကိုး၊ ကျွန်မက"သူမက စကားထစ်မိလိုက်ပြီး ရယ်နေသည်။

"ဘာကြောင့်ရယ်နေတာလဲကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဖျင်နီဗီးကို ကျွန်မကောင်းကောင်းသိတာပေါ့"

"သူငယ်ချင်းတွေလား"

"သူငယ်ချင်းတော့မဟုတ်ပါဘူး၊ မျက်မှန်းတန်းမိရာက ရင်းနှီးသွားကြတာပါ"

ထိုစဉ် စားပွဲထိုးက အရက်ခွက်များ ယူလာသည်၊ မေဆင်က သူ၏ခွက်ကိုကိုင်မြှောက်ပြီး "မင့်အတွက်"ဟု ဆုတောင်းစကား ဆိုလိုက်ရာ သူမက မေဆင်နှင့် ဖန်ခွက်ချင်း ထိခတ်လိုက်သည်။

"မင်း ဒီမြို့မှာ နေတာကြာပြီလား"

သူမက ခံစားချက်ရှိသောလေသံဖြင့် "ကျွန်မဒီကိုလာတာ ဆေးကုဖို့ပါရှင်"

"ဆေးကုဖို့ ဟုတ်လား"

"သီတင်းခြောက်ပတ်ကုထုံး ဆိုတာ ရှင် မကြားဖူးဘူးလား။ လစ်စ်ဗေးဂတ်စ်မှာ ရက်သတ္တ ခြောက်ပတ်လာနေ၊ လွတ်လွတ်လပ်လပ် နေနိုင်တဲ့နေရာ တစ်နေရာရှာ အိမ်ထောင်ရေး စိတ်ပျက်စရာတွေကို မေ့ပစ် လူသစ်စိတ်သစ်မွေး၊ ဒါပေမယ့် ကျွန်မကတော့ သီတင်းခြောက်ပတ်နဲ့တင် မတင်းတိမ်တော့ဘူး၊ ဒီမှာပဲ အတော်ကြာကြာဆက်နေခဲ့တယ်။ ရှင်လည်း ဒီမြို့က လူတွေနဲ့ ဆက်ဆံဖူးမှာပေါ့၊ သိပ်သဘောကျဖို့ ကောင်းတာရှင့်"

"ဒါဖြင့် ခင်ဗျားဟာ အိမ်ထောင်ရှင် တစ်ယောက်ပေါ့ မစ္စက် မတ်ချ်ဝဲလ်ပေါ့၊ ဟုတ်လား"

"ရှင့်အတွက်တော့ ပေါ်လီတာဆိုကဲ့ မိန်းကလေးတစ်ယောက်လို့ပဲ သဘောထားလိုက်ပါရှင်"ဟု သူမက မေဆင်ကို ညို့မျက်လုံးတစ်ချက်ဝင့်ကြည့်ပြီး ပြောသည်၊ ပြီးမှ

"ရှင် ဒီကို ဘာကိစ္စနဲ့ လာတာလဲ မစ္စတာမေဆင်၊ အလုပ်ကိစ္စနဲ့လား"

"အလုပ်ကိစ္စလည်း ပါတာပေါ့လေ"





"ဖျင်နီဗီးနဲ့ ပတ်သတ်နေသလား"

"ဘယ်သူနဲ့ ပတ်သတ်လာလိမ့်မယ်ဆိုတာ ပြောရခက်သားပဲဗျာ"

"ဖျင်နီဗီးက တလေးသာသာ အရွယ်ပါရှင်"

"အင်း ပုံပန်းကတော့ အတော်ကလေး နုပုံရပါတယ်"

"သူမကလေးလည်း အရွယ်နဲ့မလိုက် အတော် သောကရောက်ခဲ့ရတယ်ရှင့်"

"ယောကျ်ားတစ်ယောက်ယောက်နဲ့ပတ်သတ်လို့လား"

ပေါ်လီတာက ခေါင်းညိတ်ပြသည်။ မေဆင်က နားထောင်နေရာ သူမက ဆက်ပြောသည်။

"လော့စ်အိန်ဂျလီမြို့က ကန်ထရိုက်တာ လုပ်ငန်းရှင်တစ်ယောက်နဲ့ ဖျင်နီဗီးနဲ့ အဆက်ဖြစ်ခဲ့တယ်၊ အဲဒီလူကိုကောင်မလေးက အတော်စွဲစွဲလမ်းလမ်းဖြစ်နေရှာတာ၊ ဟိုလူက ကျွန်မကိုတွေ့တော့ လိုက်ကြိုးစားမြန်ရော ဖျင်နီဗီး အတော်ဒေါသူပုန်ထခဲ့သေးတယ်"

မေဆင်က-

"အဲဒီလူနာမည် ကာဆင်မဟုတ်လား"ဟု မေးလိုက်ရာ ပေါ်လီတာ ဆတ်ခနဲဖြစ်သွားပြီး မျက်လုံးများ တင်းမာသွားသည်။

"ဘယ့်နှယ့်လဲ၊ ဟုတ်တယ်မဟုတ်လား"

မေဆင်က ဆက်မေးသည်။

"ရှင် ဘယ်လိုလုပ်သိသလဲ"

"ကျုပ်အလုပ်ကိစ္စက ကာဆင်နဲ့ ပတ်သတ်တယ်လေ"

"ဘယ်လိုပတ်သတ်တာလဲ"

"ကာဆင်သေသွားလို့ပေါ့"

"သေပြီ ဟုတ်လား"

"ဟုတ်တယ်၊ လူသတ်ခံရတာ"

"ဘုရား. . . . ဘုရား၊ ဘယ်တုန်းကလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့မနက်ပိုင်းကပဲ၊ မွန်းမတည့်ခင်လောက်က"

စက္ကန့်အတန်ကြာမျှ သူမငြိမ်သက်နေသည်။ ထိုနောက် သက်ပြင်းရှည်ကြီးတစ်ချက်ချကာ

"အြော် ဒီလိုဖြစ်သွားတာကိုး၊ ကာဆင်ဟာ သူ့အကြောင်း သိတဲ့လူတွေအတွက်တော့ လူကောင်းတစ်ယောက်ပါ"ဟု ပြော၍ ငြိမ်သက်နေပြန်သည်။ ခဏကြာမှ

"ဂျင်နီဗီး ဒီတိစ္စသိပြီးပြီလား"

မေဆင်က ခေါင်းညိတ်ပြသည်။

"ဒါကြောင့် လော့စ်အိန်ဂျလိက ဂျင်နီဗီး စောစောပြန်လာတာကိုး"ဟု သူမကပြောသည်။

"လော့စ်အိန်ဂျလီက ပြန်လာတယ်ဟုတ်လား"

မေဆင်က အရေးတကြီးမေးလိုက်သည်။ သူမက ခေါင်းညိတ်ပြသည်။

မေဆင်က"ဂျင်နီဗီးဟာ ဒီနေ့ လော့စ်အိန်ဂျလီမှာ ရှိနေခဲ့တယ်လို့ ပြောချင်တာလား"ဟု ဆက်မေးသည်။

"သေချာပါတယ်ရှင်၊ မနေ့တပဲ လောဥ်ပျံနဲ့ အဲဒီကို သူသွားတယ် ညအိပ်တယ် ၊ ဒီညလည်း အဲဒီမှာပဲ ညအိပ်မယ်လို့ ကျွန်မထင်တာ၊ ညနေ ၄ နာရီလောက် ပြန်ရောက်လာတယ်"

မေဆင်၏ မျက်ပေါက်များ ကျဉ်းသွားသည်။ ပေါ်လီတာက ဆက်ပြောသည်။

"ရှင်က အရာရာကို မသင်္ကာတဲ့သဘောနဲ့ စဉ်းစားနေတာကိုး။ ဂျင်နီဗီးက လော့စ်အိန်ဂျလီကို သူသွားခဲ့တယ်ဆိုတာ ရှင့်ကို မပြောပြခဲ့ဘူးထင်တယ်။ ဒါကြောင့် ရှင့်စိတ်ထဲ တစ်မျိုးတွက်မိနေပြီမဟုတ်လား၊ ဒါပေမယ့် ကျွန်မရှင့်ကို ပြောရပါတယ်ရှင်၊ ဂျင်နီဗီးဟာ အရိုးခံ တောင်မလေး ပါ၊ သူ့အကြောင်းသိရင် သူလိမ်မပြောဘူးဆိုတာ ရှင်လက်ခံလာပါ





သိမ့်မယ်"

"ဂျင်နီဗီး လော့စ်အိန်ဂျလိမြို့ကို သွားခဲ့တယ်ဆိုတာ သေချာသလား"ဟု မေဆင်က ထပ်မေးသည်။

"သေချာပါတယ်ရှင့်၊ ညနေ ၄ နာရီသာသာလောက် ဆိုက်တဲ့လေယာဉ်နဲ့ သူပြန်လာတာပဲ၊ ၄နာရီ ၁၇ မိနစ်၊ ဒါမှမဟုတ် ၄ နာရီ ၁၉ မိနစ် တစ်ခုခုဖြစ်လိမ့်မယ်၊ လေဆိပ်က မြို့ထဲလာတဲ့ တတ်စ်တားနဲ့ ဂျင်နီဗီးပါလာတာ ကျွန်မကိုယ်တိုင်တွေ့တာပဲ"

ထိုအချိန်တွင် ရဲအုပ်ကြီးထရက်သည် မေဆင်နှင့် ပေါ်လီတာ ထိုင်နေသော စားပွဲအနီးသို့ ရုတ်တရက် ရောက်လာပြီး-

"အနှောင့်အယှက်ပေးရတာ ဝမ်းနည်းပါတယ် ပယ်ရီ၊ ဒါပေမယ့် အခြားကိစ္စတစ်ခု ပေါ်လာပြန်လို့ လိုက်လာခဲ့ရတာ၊ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ကျုပ်နဲ့ပါလာတဲ့ ရဲကြပ်ကြီးကမ့်ကိုတော့ တွေ့ပြီးပြီနော်၊ ဒီ အမျိုးသမီးက မစ္စ. . . ."ဟု ပြောကာ မေဆင်၏ဘေးရှိ ပေါ်လီ မတ်ချ်ဝဲလ်ဘက်သို့ လှည့်ကြည့်သည်။

မေဆင်က"အြော်. . . သူက မစ္စမတ်ချ်ဝဲလ်ပါ၊ ကဲ. . . ရဲအုပ်ကြီးခင်ဗျားဘာသိချင်လို့လဲ"ဟု မေးသည်။

"ဒီလိုဗျာ၊ ကိစ္စက ခင်ဗျားကို နှောင့်ယှက်ရသလိုဖြစ်မှာဆိုတော့ ဝမ်းနည်းပါတယ်။ ရဲကြပ်ကြီးကမ့်ဆီကို အမည်မဖော်လိုသူတစ်ယောက်ဆီက တယ်လီဖုန်းနဲ့ သတင်းပေးတယ်ဗျာ၊ တယ်လီဖုန်းနဲ့ သတင်းပေးခုတ်တွေက တချို့မှန်တတ်ပေမယ့် တချို့ကျတော့ တမင်နှောင့်တဲ့သဘော လုပ်ကြတာတွေလည်း ရှိတယ်၊ ဒါပေမယ့် ကျုပ်တို့အနေနဲ့ ဘာဖြစ်ဖြစ် လျစ်လျူရှုလို့ မရပေဘူးပေါ့ဗျာ၊ ဒီတော့ ရဲကြပ်ကြီးကမ့်ဆီကို ဖုန်းဆက်ပြီး သတင်းပေးတဲ့ ကိစ္စကိုလည်း ကျုပ်တို့ စစ်ဆေးကြည့်လိုက်ရတာကောင်းမယ်လို့ ယူဆတယ်၊ ခင်ဗျားကို အနှောင့်အယှက် မပေးချင်ပေမယ့် မေးစရာမြန်းစရာတချို့ကို မေးချင်တယ်ဗျာ၊ အဲဒီမေးခွန်းတိုတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားပြောနိုင်လိမ့်မယ်ထင်တယ်"

"ဘာမေးခွန်းလဲဗျ"

"ဒီလိုဗျာ၊ ခင်ဗျားရဲ့အမှုသည်ဗီဗီယန်ကာဆင်ကပဲဖြစ်ဖြစ်၊ မော်လေအီဒင်ကပဲဖြစ်ဖြစ် ခင်ဗျားကိုငွေလွှဲစာနဲ့ ငွေထုတ်နိုင်တဲ့ အာမခံ စာချုပ်၊ ငွေစုစာချုပ်၊ အစုရှယ်ယာစာချုပ် အလားတူ စာချုပ်စာတမ်းတွေနဲ့ အမှုလိုက်ခ ပေးခဲ့သလားလို့ ကျုပ်တို့သိချင်တယ်"

"ဟင့်အင်း. . . . . သူတို့အဲသလိုဟာ လုံးဝမပေးဖူးပါဘူး"

ဤတွင် ရဲကြပ်ကြီးကမ့်က ကြားဝင်၍ "ရှင်းရှင်းမေးမယ်ဗျာ၊ ခင်ဗျားရဲ့ အမှုသည်တွေက ခင်ဗျားကို ဆေးမားဆိုတဲ့ နာမည်နဲ့ အာမခံ ငွေစုစာချုပ်တွေ ပေးထားသလား"

"ဟင့်အင်း၊ မပေးထားဘူး "

"ခင်ဗျားအမှုသည်တွေက ဒါမှမဟုတ် အမှုသည်နှစ်ယောက်အနက် တစ်ယောက်က ငွေလွှဲစာနဲ့ ထုတ်နိုင်တဲ့ အာမခံစာချုပ်တွေကို ငွေသားအဖြစ် လဲပေးဖို့ ခင်ဗျားကိုခိုင်းထားသလား"

"ဟင့်အင်း"

"ဒါမှမဟုတ်ရင် ခင်ဗျားအမှုသည်အတွက် အာမခံစာချုပ်တွေကို ခင်ဗျားက ထိန်းသိမ်းပေးထားသလား"

"ဟင့်အင်း"

ထရက်က ကမ့်ကို လှမ်းပြောသည်။ "မေဆင်လိမ်ပြောမှာ မဟုတ်ပါဘူး "

ရဲကြပ်ကြီးကမ့်က "ဘာပဲဖြစ်ဖြစ်လေ သူ့အခန်းကိုတော့ ကျွန်တော်တို့ ရှာကြည့်ဖို့ လိုလိမ့်မယ်"

ရဲအုပ်ကြီးထရက် မျက်ခေါက်များ ကျဉ်းသွားပြီး "ပယ်ရီမေဆင်ဟာ သစ္စာရှိပါတယ်ကိုယ့်လူ၊ သူဟာ ဉာဏ်ချင်းပြိုင်ပြီး လှည့်ပတ်ပြေးချင် ပြေးနေမယ်၊ ဒါမှမဟုတ် သူသိချင်တာကို ရအောင်ညှစ်ထုတ်ယူချင်ယူမယ်။





ဒါပေမယ့် သူပိုင်ပိုင်နိုင်နိုင်ပြောပြီဆိုရင် ပြောတဲ့စကားဟာ အမှန်ချည်းပါပဲ"

"သတင်းပေးချက် မှန်မမှန်ကိုတော့ ကျွန်တော်အစအဆုံး စစ်ဆေးရလိမ့်မယ်ဆရာ"ဟု ရဲကြပ်ကြီးကမ့်က ထရက်ကိုပြောသည်။

"ခင်ဗျားက ဘယ်လိုစစ်ဆေးချင်လို့လဲ" မေဆင်ကမေးသည်။

"ခင်ဗျားရဲ့အခန်းကို ခဏလောက်လိုက်ခဲ့နိုင်မလား"

"လောလောဆယ်တော့ ကျုပ်ဒီမှာ အလုပ်နည်းနည်းရှိတယ်ဗျ"

ထရက်က "ဒါဖြင့်လည်းကောင်းပါပြီလေ၊ ခင်ဗျားအလုပ်ကိစ္စပြီးတဲ့အထိ တခြားစားပွဲတစ်ခုက ကျုပ်တို့စောင့်မယ်၊ ခင်ဗျားကိစ္စပြီးမှ အခန်းကိုသွားကြတာပေါ့။ ဒါမှမဟုတ်ရင် ခင်ဗျားအခန်းသော့ ခဏပေးလိုက်ပါလား"

"ရှာဖွေဝရမ်းပါသလား" မေဆင်က ပြန်မေးသည်။

"တကယ်က ဝရမ်းမလိုပါဘူးလေ၊ ခင်ဗျားက ဝရမ်းပါမှဆိုရင်လည်း ယူပေးရမှာပေါ့။ ဒီဟိုတယ်က အများပြည်သူ ဝင်ထွက်သွားလာနေတဲ့ ဟိုတယ်ဝဲ၊ ဟိုတယ်အုပ်ချုပ်ရေးပိုင်းက ကျုပ်တို့ကို အမြဲတမ်းကူညီပါတယ်"ဟု ရဲကြပ်ကြီးကမ့်က ပြောသည်။

"ကျုပ်ရဲ့သေတ္တာတွေ အသုံးအဆောင်တွေက အများနဲ့ဆိုင်တဲ့ ပစ္စည်း မဟုတ်ဘူးဗျ။ ဒါပေမယ့် ကျုပ်တလည်း ခင်ဗျားတို့ကို ကူညီချင်ပါတယ်လေ၊ ဒီမှာက ကိစ္စရှိနေတော့ လိုက်လည်း မလိုက်ချင်..."

မေဆင်၏ စကားမဆုံးမီ ပေါ်လီက ဗျာဗျာသလဲဝင်ပြောသည်။

"အို...လိုက်သွားပါ မစ္စတာမေဆင် ဒီကိစ္စမျိုးမှာ ကျွန်မကြောင့် လိုက်မသွားဘဲနေတာ မဖြစ်စေချင်ဘူး"

ရဲကြပ်ကြီးကမ့်ကိုလည်း ပေါ်လီတာက ပြုံးကြည့်၍ "လပ်စ်ဗေးဂတ်စ်မြို့ရဲအဖွဲ့ကို ကျွန်မတလည်း ကူညီချင်ပါတယ်ရှင်"ဟု ပြောသည်။ ထို့နောက် ပေါ်လီတာက ထိုင်ရာမှထ၍ မေဆင်ကို လက်ဆွဲနှုတ်ဆက်ကာ "ရှင်နဲ့တွေ့ရတာ သိပ်သဘောကျပါတယ်ရှင်၊ ရှင့်မှာ အချိန်ပိုပြီးရတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်လောက် ထပ်တွေ့ချင်ပါသေးတယ်”ဟု ပြောပြောဆိုဆို အကြည့်တစ်မျိုးဖြင့် မေဆင်ကိုကြည့်၍ စားပွဲအနီးမှ ထွက်ခွာသွားသည်။

မေဆင်က ကုန်အောင် မသောက်ရသေးသော အရက်ခွက်ကို တွန်းဖယ်လိုက်ပြီး “ခင်ဗျားတို့ အတော်ဆိုးတယ်ဗျာ ကျွန်တော့်အစီအစဉ်ကလေးဝေ့ပျက်ကုန်ပြီ”ဟု ပြောသည်။

ရဲကြပ်ကြီးကမ့်က “ဒီအစီအစဉ်မျိုးတွေက ဘယ်အချိန်ပြန်စစ ရပါတယ်ဗျာ၊ ကိုင်း. . . . သွားကြစို့”

မေဆင်က ရဲအုပ်ကြီးထရက်နှင့် ရဲကြပ်ကြီးကမ့်တို့နှစ်ဦးနောက်မှ နေ၍ သူ၏ဘန်ဂလိုဆီသို့ လိုက်ပါသွားသည်။

“ခင်ဗျား ဒီမြို့ကိုအတော်ကလေး ကမန်းကတန်းလာခဲ့တာ မဟုတ်လားပယ်ရီ”ဟု ထရက်ကမေးသည်။

“ကျုပ်ကတော့ ဘယ်သွားသွားကမန်းကတန်းချည်းပါပဲဗျာ. . . .”

“သေတ္တာတွေဘာတွေ ပါခဲ့သလား”

“ကျုပ်ရဲ့အထုပ်အပိုးအားလုံး အခန်းထဲမှာရှိတယ်”

“ကျုပ်တို့က ခင်ဗျားအခန်းကို ခဏကလေးရှာမှာပါ၊ တယ်လီဖုန်းသတင်းပေးချက်က ခင်ဗျားဆီမှာ ခရီးဆောင်လက်ဆွဲသေတ္တာတစ်လုံးနဲ့ အပြည့်အာမခံစာချုပ်တွေပါလာသတဲ့၊ အဲဒါတွေဟာ လော်ရင်းကာဆင် ပိုင်ဆိုင်တဲ့ စာချုပ်တွေဖြစ်ပြီး လက်ဆွဲသေတ္တာပေါ်မှာ ပီ၊ မေဆင် ဆိုတဲ့ နာမည်စာတန်း ရေးထားသတဲ့၊ အဲဒီအိတ်ကို ခင်ဗျားက လော့စ်အိန်ဂျလီမြို့တနေ ဒီမြို့ကို ယူလာခဲ့တာတဲ့”

မေဆင်က ဘာမျှပြန်မပြောဘဲနေသည်။ အခန်းတွင်းသို့ရောက်လျှင် ရဲကြပ်ကြီးကမ့်က လက်ဆွဲသေတ္တာကိုတွေ့တွေ့ချင်း ပြေးဆွဲ၍ “ဟောဒီမှာဗျို့”ဟု ထရက်ကို လှမ်းပြောသည်။

ထရက်၏ မျက်ပေါက်များ ကျဉ်းသွားပြီး မေဆင်တိုတစ်ချက်လှမ်းကြည့်ကာ“ဖွင့်ကြည့်စမ်းဗျာ”ဟု ကမ့်ကို ပြောသည်။





ရဲကြပ်ကြီးကမ့်က သေတ္တာကို ဖွင့်လိုက်သည်။ “ဘယ်လိုလဲ ဆရာ၊ ပယ်ရီမေဆင်ဟာ အမှန်အတိုင်းပဲ ပြောတယ်ဆို”ဟု ကမ့်က သေတ္တာထဲမှ စာချုပ်များကို ကြည့်၍ ထရက်ကို လှမ်းပြောသည်။

ထရက်က “အေးဗျာ၊ ကျုပ်လည်း သိပ်အံ့ဩသွားတာပဲ ပယ်ရီမေဆင်လိမ်ပြောတာ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်”

မေဆင်က “နေစမ်းပါဦးဗျ၊ ကျုပ်လိမ်ပြောတယ်ဆိုတာ ဘာကို ဆိုလိုတာလဲ။ ခင်ဗျားတို့ ကျုပ်ကို မေးခဲ့တဲ့မေးခွန်းတွေ ပြန်စဉ်းစားစမ်းပါ။ အာမခံစာချုပ်တွေထည့်ထားတဲ့ သေတ္တာတစ်လုံး ကျုပ်ဆီမှာ ရှိနေသလားလို့ ခင်ဗျားတို့မမေးခဲ့ဘူးနော်၊ ဗီဗီယန်ကာဆင် သို့မဟုတ် မော်လေအီဒင်က ကျုပ်ကို အာမခံစာချုပ်တွေ ပေးထားသလားလို့ပဲ မေးခဲ့တယ်၊ ခင်ဗျားတို့ လှည့်ပတ်မေးတဲ့ မေးခွန်းတိုင်းဟာ ကျုပ်ရဲ့အမှုသည်တွေဆီက အာမခံစာချုပ်တွေ ကျုပ်ကို ပေးထားသလားဆိုတာချည်းပဲ၊ သူတို့က ကျုပ်ကို ဒီဟာတွေ လုံးဝပေးထားတာမှမဟုတ်တာ၊ မပေးထားဘူးလို့ပဲ ကျုပ်က ဖြေခဲ့တာပေါ့၊ ရှင်းပြီလား”

မေဆင်၏အဖြေကို ရဲအုပ်ကြီးထရက်ကောင်းစွာ သဘောပေါက်သွားပြီး“ကောင်းပါပြီဗျာ၊ ကောင်းပါပြီ၊ ကျုပ်တို့မေးခဲ့တဲ့ မေးခွန်းတွေဟာ တလွဲဦးတည်သွားတယ်ဆိုတာ ကျုပ်လက်ခံပါတယ် ကိုင်း. . . အခု မေးချင်တာက ဒီစာချုပ်တွေ ဘယ်ကရခဲ့သလဲ”

“ကျုပ်မပြောနိုင်ဘူးဗျာ”

“မပြောနိုင်ဘူးဆိုတာ ဘာသဘောလဲ”

“ရိုးရိုးလေးပဲဗျာ၊ မပြောနိုင်ပါဘူးလို့ ဖြေတာ မပြောနိုင်လို့ပေါ့ဗျ”

ရဲကြပ်ကြီးကမ့်က “တော်ပါတော့ဗျာ။ ဒီမယ်ရဲအုပ်ကြီး၊ ခင်ဗျားအနေနဲ့ ကြိုက်သလိုသာ ဆက်လုပ်ပေတော့၊ ကျွန်တော်ကတော့ ဒီလူပြောတာတွေကို တျမ်းတိုင်ပြီး ပြောတောင် မယုံတော့ဘူး။ ဒီသေတ္တာကို ကျွန်တော်တို့ ယူသွားမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းစာရင်းလေး ဘာလေး မလုပ်တော့ဘူးလား"မဆေင်က ဝင်ထောက်သည်။

"မလိုပါဘူးဗျ ရဲဌာနချုပ်ရောက်မှ ကျုပ်တို့ဘာသာ လုပ်မယ် ကိုင်းလာဗျာ ရဲအုပ်ကြီး"ဟု ဆိုကာ လက်ဆွဲသေတ္တာနှင့်အတူ နှစ်ယောက်သား အခန်းထဲမှ ထွက်သွားကြသည်။

မဆေင်က တယ်လီဖုန်း ကောက်ကိုင်ပြီး လေဆိပ်သို့လှမ်းဆက်၍ "လော့စ်အိန်ဂျလီကို ထွက်မယ့်လေယာဉ် ဘယ်အချိန်မှာ ရှိသေးလဲ" ဟုမေးမြန်းသည်။

* * *



## အခန်း (၁၂)

လော့စ်အိန်ဂျလီ အကျဉ်းထောင်၌ ရှေ့နေများနှင့် တွေ့ဆုံခွင့်ပြုသော ညှိခန်းတွင် ပယ်ရီမဆေင်သည် အချုပ်ခံနေရသောအမှုသည် မော်လေအီဒင်နှင့် တွေ့ဆုံသည်။

"အီဒင် ကျုပ်ဟာခင်ဗျားရဲ့ရှေ့နေအဖြစ် ခင်ဗျားအသိအမှတ်ပြုတယ်ဆိုရင် ဘာတွေဖြစ်ခဲ့သလဲဆိုတာ ကျုပ်ကိုပြောပြရလိမ့်မယ်"ဟု မဆေင်က ပြောသည်။

အီဒင်က သောကဖိစီးနေသောမျက်လုံးများဖြင့် မဆေင်ကို ကြည့်ပြီး "ကျွန်တော်မပြောနိုင်ဘူးဆရာ"

"မဟုတ်တာဗျာ၊ ကိုယ့်ရှေ့နေကို အားလုံးဖွင့်ပြောရတယ်ဗျ၊ ဒါမှ လုပ်သင့်တာတွေ လုပ်လို့ရမယ်"

အီဒင်က ခေါင်းကိုသာ ယမ်းပြသည်။

"ဘာဖြစ်လို့လဲအီဒင်၊ ဘာလို့ မပြောနိုင်ရတာလဲ"

"သိပ်ခက်တယ်ဆရာ၊ တကယ်ဖြစ်ခဲ့တာတွေကိုပြောပြရင် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ယုံမှာလည်း မဟုတ်ဘူး။ ပြီးတော့ ကျွန်တော်တို့အတွက်လည်း အကျိုးဆောင်ပေးမှာ မဟုတ်တော့ဘူး"

"ဒါဖြင့်ကာဆင်ကို ခင်ဗျားသတ်သလား"

"မဟုတ်ပါဘူးဆရာ"

"ဘယ်သူသတ်တယ်ဆိုတာကော သိသလား"

"ဟင့်အင်း... မသိပါဘူးဆရာ"

"ခင်ဗျားနဲ့ ဗီဗီယန်ကာဆင် နှစ်ယောက်စလုံးအတွက် ကျုပ်ရှေ့နေလိုက်ပေးဖို့ ခင်ဗျားက တောင်းပန်ထားတယ်နော်"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့ကို ဂရင်းဂျူရီ တရားရေးအဖွဲ့နဲ့ စွဲတင်လိမ့်မယ်။ ပထမဒီကရီ လူသတ်မှုကို ကျွန်တော်တို့ ပူးတွဲကျူးလွန်တယ်လို့စွဲဆိုလိမ့်မယ်၊ ပတ်ဝန်းကျင်သက်သေ အထောက်အထားတင်ပြပြီး ကျွန်တော်တို့ကို မလွတ်သာအောင် လုပ်ကြတော့မှာပဲ၊ အဲဒါ ဆရာခုခံနိုင်ပါ့မလား"

"ဒါကြောင့် ကျုပ်ပြောနေတာပေါ့၊ တကယ် ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ ခင်ဗျားကပြောပြမှ ဘယ်လိုခုခံရမယ်ဆိုတာ ကျုပ်က စီစဉ်နိုင်မယ်။ ပတ်ဝန်းကျင် အထောက်အထားတွေအရ အပြစ်ရှိတယ်လို့ အထင်ခံရတဲ့ လူတစ်ယောက်လွတ်ဖို့အတွက် အကောင်းဆုံး ခုခံနိုင်တဲ့ အချက်တစ်ချက်ပဲရှိတယ်။ အဲဒါကတော့ အမှန်ကိုအမှန်အတိုင်း တင်ပြခြင်းပဲ"

"ကျွန်တော်ပြောပြီးပါပကောဆရာ၊ အမှန်အတိုင်း ပြောလို့လည်း ဆရာ့အတွက် အထောက်အကူဖြစ်မှာမဟုတ်ပါဘူး။ အမှန်အတိုင်း တင်ပြပြီး လျှောက်လဲရင် ပိုးဆိုးတုန်လိမ့်မယ်ဆရာ၊ သူတို့တင်ပြမယ့် ပတ်ဝန်းကျင် အထောက်အထားတွေ ဆိုတာတို ဘယ်လောက်ချေဖျက်နိုင်မလဲဆိုတာသာ စဉ်းစားပါတော့ဆရာ၊ သူတို့ရဲ့ အထောက်အထားတွေ မခိုင်လုံပါစေနဲ့လို့သာ ဆုတောင်းရတော့မှာပဲ"

"ဒါထက်နေစမ်းပါဦး။ ဗီဗီယန်ကာဆင်အတွက်ပါ ကျုပ်က ရှေ့နေ





လိုက်ပေးဖို့ ခင်ဗျားကဘာကြောင့် လိုလိုလားလား ဖြစ်လာရတာလဲ"

"ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ကို ပူးတွဲတရားခံတွေအဖြစ် အမှုတင်မှာမို့လို့ပါ"

"မဆိုင်တာပဲဗျာ၊ ခင်ဗျားက ကျုပ်ရဲ့မူလအမှုသည်ပဲ၊ ကာဆင်ကို ခင်ဗျားမသတ်ရင် ကိစ္စပြတ်ပြီ။ ဗီဗီယန်က သတ်ချင်သတ်ခဲ့လိမ့်မယ် မပြောနိုင်ဘူး၊ ဒီတော့ခင်ဗျားနဲ့တစ်ပေါင်းတည်းတွဲပြီး ဗီဗီယန်အတွက်ပါ ခုခံပေးဖို့ဆိုတာက. . . ."

"မဟုတ်. . . မဟုတ်ပါဘူးဆရာ၊ ကာဆင်ကို ဗီဗီယန်မသတ်ပါဘူး ကျွန်တော်သိပါတယ်၊ ကျွန်တော်သစ္စာဆိုပြီး ပြောဝံ့ပါတယ်"

"ဗီဗီယန်မသတ်ဘူးဆိုတာ ခင်ဗျား ဘယ်လိုသိသလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဗီဗီယန်ဟာ. . . . ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်သိပါတယ်ဆရာ"

မေဆင်က ဓော်လေဟီဇင်အား အကဲခတ်သော မျက်လုံးများဖြင့် လှမ်းကြည့်၍

"ဒီမယ်ဟီဇင်၊ ကျုပ်ခင်ဗျားကိုရှင်းရှင်းမေးမယ်ဗျာ၊ ဗီဗီယန်နဲ့ ခင်ဗျား ချစ်ကြိုက်နေကြသလား"

ဟီဇင်က မေဆင်အားပြန်ကြည့်၍...

"ဟုတ်ပါတယ်ဆရာ၊ ဗီဗီယန်ကို ကျွန်တော်ချစ်နေပါတယ်၊ ကျွန်တော် ဘယ်လိုမှ မထင်တဲ့ကိစ္စတွေ ဖြစ်လာခဲ့တာပါပဲ။ ကျွန်တော့်ဘဝမှာ စိတ်လှုပ်ရှားစရာ အကောင်းဆုံးခံစားမှုနဲ့ ကြုံခဲ့ရပါတယ်၊ ဘယ်လိုကဘယ်လို ဖြစ်သွားသလဲတော့ မပြောတတ်ပါဘူးဆရာ။ ဗီဗီယန်ကို မြင်မြင်ချင်း ကျွန်တော့်စိတ်ထဲမှာ စွဲလမ်းသွားတော့တာပဲ"

ဟီဇင်က ခဏရပ်နားပြီးနောက် ဆက်ပြောသည်။

"တစ်ခုတော့ရှိတယ်ဆရာ၊ ဗီဗီယန်နဲ့ ကာဆင်ဟာ မဖြတ်ရသေးဘူး။ တရားရုံးက ကွာရှင်းခွင့် အမိန့်ထုတ်ပြီးဖြစ်ပေမယ့် တရားခံတာထမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တရားဝင်မလုပ်ရသေးဘူး။ လုံးလုံးလျားလျား တရားဝင်ပြတ်စဲဖို့အတွက် နှုတ်လုပ်ထုံးလုပ်နည်းတွေ ခြောက်လလောက်ကြာဖို့ ရှိသေးတယ်။ ဒီတော့ တာ ကျွန်တော်တာ ဗီဗီယန်နဲ့ ချစ်နေကြတယ်ဆိုတာ သတ်ဆိုင်ရာက သိသွားကြရင် သူ့ယောကျ်ားကိုသတ်ဖို့ အကြောင်းတစ်ချက်အနေနဲ့ သူတို့ က အသုံးချကြတော့မှာပဲ"

"ခင်ဗျားတို့ကိစ္စက ဘယ်တုန်းကဖြစ်ခဲ့ကြတာလဲ"ဟု မေဆင်က မေးကြည့်သည်။

"ဘာကိုပြောတာလဲဆရာ"

"ဗီဗီယန်နဲ့ခင်ဗျား ချစ်ကြိုက်ကြတဲ့ ကိစ္စကိုပြောတာ၊ ဩော်. . . ဩော် ကျုပ်မှတ်မိပြီ၊ အဲဒီအမျိုးသမီးကို ဘီကီနီရေကူးဝတ်စုံကလေးနဲ့ စပြီး တွေ့ခဲ့ရတဲ့အချိန်က စတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ တကယ်တော့ ဗီဗီယန်ဟာ အင်မတန် ကျက်သရေရှိရှိနဲ့ ဆွဲဆောင်နိုင်တဲ့အလှပိုင်ရှင်ပါ"

"ဟုတ်ပါပြီလေ၊ ကျုပ်နားလည်ပါတယ်။ ခင်ဗျားဟာ အထီးကျန်မုဆိုးဖိုတစ်ယောက်ဆိုတော့ ဗီဗီယန်လိုအလှပိုင်ရှင်နဲ့ ကြုံတဲ့အခါ ဘယ်လိုဖြစ်မယ်ဆိုတာ ကျုပ်သဘောပေါက်ပါတယ်၊ တကယ်ကတော့ အဲဒီအိမ်ကို ခင်ဗျားရောက်တဲ့အချိန်မှာ ဗီဗီယန်ကို ရေကူးကန်ဘေး ဘီကီနီကလေးနဲ့ နေစာလှုံနေတာ တွေ့ရတာကိုက တမင် အကွက်ဆင်ထားခဲ့တာတွေပဲ၊ ခင်ဗျားပြန်ရောက်လာမယ့် အချိန်ကိုသူသိတယ်၊ ဒါ့ကြောင့်လည်း ခင်ဗျားမြင်အောင် တမင်..."

"ဟုတ်ပါတယ်ဆရာ၊ ဗီဗီယန် တမင်လုပ်ခဲ့တာဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ အဲဒီအချိန်တုန်းက သူ့ဆန္ဒကိုလည်း ဆရာသိပြီးသားပဲ။ လော်ရင်းတာဆင်ကို ကျွန်တော်က တရားစွဲဖို့ ဗီဗီယန်က အကွက်ဆင်ခဲ့တယ်လေ၊ သူ့ဘက်ကို ကျွန်တော်က ကာယကံမြောက် ကျူးကျော်လာအောင် ကျွန်တော့်စိတ်ကို ဆွပေးဖို့ ကြိုးစားခဲ့တယ်။ အဲသလိုဖြစ်လာရင် ကျွန်တော့်





ကို သူကအကျပ်ကိုင်မယ်၊ တာဆင်ကို ကျွန်တော်က လိမ်လည်မှုနဲ့ တရားစွဲချင်စွဲ၊ မစွဲရင် ကျွန်တော့်ကိုသူက တရားစွဲမယ်လို့ ခြိမ်းခြောက်လို့ပဲ"

"အင်း... ဆက်ပြောပါဦး၊ ခင်ဗျားတို့ရဲ့ စိတ်လှုပ်ရှားမှုတွေ ဘယ်လိုတိုးတက်လာတယ်ဆိုတာ"

"နောက်တစ်နေ့မနက်တျတော့ ဗီဗီယန်က ကျွန်တော့အပေါ် ပျူငှာလာပြန်တယ်၊ သံဆူးကြိုးကြားက နေ တော်ဖီခွက်လှမ်းပေးတယ်လေပြီးတော့. . . ."

"ဒီလိုနဲ့ ခင်ဗျားတို့စပြီး သိကျွမ်းသွားကြတယ်ပေါ့"

"ဟုတ်ပါတယ်ဆရာ၊ အဲဒါကစတာပါပဲ"

"ပြီးတော့ ဘာဆက်ဖြစ်ကြသလဲ"

"အဲဒီနောက် ဆရာရောက်လာတဲ့အချိန် ဗီဗီယန်က သူ့ဘက်အခြမ်းမှာ ညစာပွဲလုပ်နေတာတွေ၊ ပြောကြဆိုကြတာတွေ ဆရာသိပြီးသားပဲ။ အဲဒီမှာ သူ့သတ္တိကို ကျွန်တော် တော်တော်သဘောကျသွားတယ်၊ အနိုင်မခံတဲ့ တွန်းလှန်တိုက်ပွဲဝင်ချင်တဲ့ သူ့စိတ်ဓာတ်ကိုလည်း လေးစားမိတယ်။ ကျွန်တော် အိမ်မှာနေခဲ့တော့ ညစာပွဲပြီးသွားတဲ့နောက် ဗီဗီယန်က ကန့်လန့်ကာတွေ ဖွင့်လိုက်တယ်။ ကျွန်တော် ညစာခန်းထဲထိုင်နေတုန်း သူ့ကို လှမ်းမြင်လိုက်တော့ ကြည့်ပြီး ရယ်လိုက်မိတယ်၊ သူကလည်း ပြန်ရယ်တယ်။ အဲဒီနောက်တော့ နှစ်ယောက်သား ထိုင်စကားပြောကြတယ် အတော်ကလေးကြာတော့ ကျွန်တော်သူ့ဘက်အခြမ်းကို တူးသွားပြီး အဲ...အတော်ကလေးကြာခဲ့တယ်ဆရာ"

"ဘယ်လောက်ကြာသလဲ"

"မနက်လင်းအားကြီး အချိန်အထိပဲ"

"ဒါနဲ့ ခင်ဗျားက သူ့ကိုချစ်သွားရောလား"

"ဟုတ်ကဲ့ဆရာ"

"သူ့ကိုချစ်တယ်လို့ ခင်ဗျားကပြောခဲ့သလား"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးဆရာ၊ ဆရာအခုမေးနေတာတွေဟာ အမှုနဲ့ ဆိုင်လို့လား"

"မေးတာကိုဖြေပါလေ၊ ပြောသလား မပြောဘူးလား"

မေဆင်က ထပ်ဆင့်မေးရာ အီဒင်က တွံ့ဆိုင်းနေပြီးမှ-

"အဲချစ်တယ်လို့တော့ မပြောမိပါဘူးဆရာ။ ဒါပေမယ့် ကျွန်တော်ဟာ သူ့ကိုအတော်စိတ်ဝင်စားတယ်ဆိုတာ ဗီဗီယန်က သိပါတယ်။ တကယ်ကလည်း သူဟာ လူညစ်လူဆိုးတစ်ယောက်နဲ့ အိမ်ထောင်ရေးကံဆိုးခဲ့ရှာတဲ့ မိန်းကလေးတစ်ယောက်ဆိုတော့..."

မေဆင်က လက်ကာပြ၍ တားလိုက်ပြီး

"ဟိုလူက သေသွားပြီလေ၊ သူ့ကိုသတ်မှုနဲ့ ခင်ဗျားတရားစွဲခံရတော့မှာ သတိထားဦး၊ ဒီအတွေးမျိုး ခင်ဗျားစိတ်ထဲမထားနဲ့"

"ကျွန်တော် ဂရုမစိုက်ပါဘူးဆရာ ကာဆင်ဟာ လူယုတ်မာ တစ်ယောက် အမှန်ပဲ။ ဗီဗီယန်ကို သူလက်ထပ်ပြီး ပစ်ထားတယ်၊ တခြားမိန်းမတစ်ယောက်နဲ့ ဖောက်ပြန်ခဲ့တယ်။ ပြီးတော့ ကိုယ့်မိန်းကို မတော်မတရားပြန်စွပ်စွဲဖို့ ကြိုးစားတယ်။ ကွာရှင်းတဲ့အခါ သူ့ဘက်က ပိုင်ဆိုင်မှု အမြတ်ထွက်အောင် လီဆယ်ဖန်တီးတယ်၊ ဒါတင်မကသေးဘူး သူ့ငွေတွေကို တိတ်တိတ်ဝှက်ထားခဲ့တယ်"

"ထားပါတော့လေ၊ ဒါတွေ အားလုံးဟာဗီဗီယန်ဆီက ခင်ဗျားသိရတာတွေမဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဗီဗီယန်က အမှန်တွေပြောပြတာပါ"

"ဒါပေမယ့် ဒီလိုရှိတယ် အီဒင်။ ခင်ဗျား အခုပြောတာတွေကို အစိုးရ ရှေ့နေရှေ့မှာပြောရင် သေသူကို ခင်ဗျား သတ်ချင်တဲ့အကြောင်းတွေလို့ စွပ်စွဲခံရမှာပဲ ဒီတော့ ဘာတွေ ဖြစ်ခဲ့သလဲဆိုတာကိုပဲ ကျုပ်သိချင်တယ်။ ဒါမှသာ သက်သေခုံပေါ် ခင်ဗျားကိုတင်ပြီး ကျုပ်က မေးခွန်းတွေမေးပြီး အဖြစ်မှန်ကို ဖော်ထုတ်နိုင်မှာ"

"ဒီမယ်ဆရာ၊ ကျွန်တော့်ကိုယုံပါ။ ကျွန်တော်တို့မသတ်တာ အမှန်





ပါ။ ဒါပေမယ့် ကျွန်တော်တို့ကို အမှုပတ်စရာကိစ္စတစ်ခုကိုတော့ လုပ်ခဲ့မိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံး အကျပ်ရိုက်နေကြတာပါ။ ဒါပေမယ့် အဲဒါက တကယ်တော့ ပတ်ဝန်းကျင် အထောက်အထားလောက်ပဲ ရပါတယ်။ ရှေ့နေကောင်းတစ်ယောက်အနေနဲ့ ပတ်ဝန်းကျင် အထောက်အထားနဲ့ စွဲတင်တဲ့အမှုကို ခုခံနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"ဒါကတော့ အထောက်အထားရဲ့ ခိုင်လုံမှုရှိမရှိ အပေါ်တည်တယ်လေ"ဟု မေဆင်က ပြန်ပြောသည်။

"ဟုတ်ပါတယ်။ ဒါပေမယ့် ပတ်ဝန်းကျင် အထောက်အထား တစ်ခုတည်းအပေါ် အခြေတည်ထားတဲ့အမှုမျိုးမှာ လွတ်လမ်းတော့ ရှိနိုင်ပါတယ်ဆရာ၊ ကျွန်တော်တို့ကို သက်သေခုံပေါ်တင်ပြီး ကျွန်တော်တို့ရဲ့ ဖာတ်လမ်းကို ပြောခိုင်းရင်တော့ တံကျင်လျှိုသတ်သလို ဖြစ်တော့မှာပဲ"

"အဲသလိုမဖြစ်အောင် တတ်နိုင်သမျှတော့ ကြိုးစားမယ်လေ၊ သူတို့တင်မယ့် ပတ်ဝန်းကျင်အထောက်အထားဟာ ဘယ်လောက်ခိုင်လုံတယ်ဆိုတာကြည့်ပြီး ဆက်လုပ်ရမှာပဲ။ အဲဒါကို လေ့လာပြီးမှ ခင်ဗျားတို့ကို သက်သေခုံပေါ် တင်သင့် မတင်သင့် ဆုံးဖြတ်ရလိမ့်မယ်"

"အချိန်ရပါ့မလားဆရာ"

"တရားလို စွဲဆိုချက်တင်ပြပြီးတဲ့အထိစောင့်ပြီး ရုံးကိုခေတ္တအနားပေးအောင် လုပ်နိုင်လိမ့်မယ်ထင်တယ်၊ သူတို့တင်ပြတဲ့အထောက်အထားဟာ သိပ်ခိုင်မာနေရင် ခင်ဗျားလျှို့ဝှက်မထားနဲ့တော့၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ အရင်းအတိုင်းသာ ကျုပ်ကို ထုတ်ပြောပေတော့"

"ကောင်းပါပြီဆရာ၊ ကျွန်တော်သဘောတူပါတယ်"

အီဒင်က မေဆင်အား လက်ဆွဲနှုတ်ဆက်ပြီး "တရားလို ဘက်က တင်ပြတဲ့ စွဲချက်တွေထဲက အားနည်းချက်တွေကိုပဲ အမိဖမ်းရအောင်ပါ ဆရာ၊ ကျွန်တော်နဲ့ ဗီဗီယန်က ပြောပြမယ့် အချက်တွေအပေါ်မှာ အား



www.burmeseclassic.com

www.burmeseclassic.com



ထားဝါနဲ့"တု ပြောသည်။

မဆင်က "အင်း... အဲဒီအတိုင်းဆိုရင်တော့ သေတွင်းကိုသွားဖို့ပဲ ရှိတယ်" ဟုပြောလိုက်သည်။

* * *



## အခန်း (၁၃)

တရားသူကြီး နတ်ဗလေ၊ စီ၊ ကာဖစ် (စ်) (ခ်) တ ခရိုင်အစိုးရရှေ့နေ ရုံးမှ အစိုးရရှေ့နေ မော်ရစ်ဆင်အွမ်စတီအား လှမ်းကြည့်လိုက်ပြီး ဂျူရီ အဖွဲ့ခေါ် တရားစီရင်ရေးအဖွဲ့ဝင် လူကြီးများ စုံညီရောက်ရှိပြီ ဖြစ်ကြောင်း ကြေညာလိုက်သည်။ ဂျူရီအဖွဲ့ဝင် လူကြီးများ၏ အမည်စာရင်းကို အစိုး ရရှေ့နေက အသေးစိတ်ကြည့်ရှုပြီးနောက် တရားသူကြီးအား မော်မကြည့် ဘဲ ဂျူရီအဖွဲ့ကို တွေ့နပ်လက်ခံကြောင်း ပြောကြားလိုက်သည်။ တရား သူကြီးက ပယ်ရီမဆင်ကိုလှမ်းကြည့်ပြီး တရားခံဘက်မှ သဘောထား ကို မေးမြန်းရာ မဆင်က "ဤဂျူရီအဖွဲ့ကို တရားခံဘက်မှ လုံးဝတွေ့နပ် လက်ခံပါကြောင်း တင်ပြပါတယ် ရှုံမင်းခင်ဗျား"ဟု ဖြေကြားသည်။

အစိုးရရှေ့နေ အွမ်စတီက အံ့အားသင့်သွားဟန်ဖြင့် မဆင်ကို မော်ကြည့်သည်။ အရေးကြီးသော လူသတ်မှုတရားခွင်တွင် ဂျူရီလူကြီး တစ်ဦးတလေကိုမျှ တရားခံဘက်မှ ကန့်ကွက်ခြင်းမရှိ၍ အံ့ဩသွားခြင်း ဖြစ်သည်။ အမေရိကန်တရားရေးစနစ်တွင် ဂျူရီလူကြီးများကို ငြိုးလူထုထဲ



www.burmeseclassic.com

www.burmeseclassic.com



မှ အလှည့်ကျရွေးချယ်၍ တရားသူကြီးနှင့် တွဲဖက်ကြားနာကာ စီရင်ဆုံးဖြတ်စေသည်ဖြစ်ရာ တရားခံဘက်မှ မကြိုက်သူ ပါရှိပါက လဲလှယ်ပေးပါရန် တောင်းဆိုပိုင်ခွင့်ရှိသည်။ သို့ရာတွင် တရားခံအကျိုးဆောင် ပယ်ရီမေဆင်က လုံးဝစစ်ဆေးမေးမြန်းခြင်းမပြုဘဲ လက်ခံလိုက်၍ ဂျူရီအဖွဲ့အား တရားသူကြီးက ကျမ်းကျိန်စေသည်။ ပြီးလျှင် တရားသူကြီးက ဂျူရီအဖွဲ့ဝင်များအား စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

"ယခု ဂျူရီအဖွဲ့မှာ ပါဝင်တာဝန်ယူတဲ့ ပုဂ္ဂိုလ်များဟာ အမှုစစ်ဆေးကြားနာလို့ ပြီးပြတ်ချိန်အထိ အမှုနဲ့ပတ်သက်ပြီး ထင်မြင်ချက် ပုံသွင်းထားရှိခြင်း၊ ထင်မြင်ချက်တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မပြုရပါ။ ယခု အမှုမှာ တင်ပြတဲ့သက်သေအထောက်အထားအကြောင်း ဆွေးနွေးပြောဆိုခြင်း မပြုရပါ။ ဂျူရီလူကြီးများရဲ့ရှေ့မှာ အခြားသူများက ဆွေးနွေးပြောဆိုခြင်းကိုလည်း ခွင့်မပြုရပါ။ တရားရုံးကို ယခု ၁၅ မိနစ် ရပ်နားပါမယ်၊ ၁၀ နာရီတိတိမှာ တရားရုံးပြန်ဖွင့်ပြီး စတင်ကြားနာပါမယ်"ဟု ပြောဆိုကာ 'တရားသူကြီးဖစ်' ထွက်ခွာသွားသည်။ မေဆင်က ပေါလ်ဒရိတ်နှင့် ဒယ်လာစထရိ ထိုင်နေသောဘက်သို့ လှည့်၍

"အင်း. . . ဒီတစ်ပွဲမှာ တရားခံရှေ့နေတော့ ခံပေါက်ပဲပေါ့၊ တရားလိုဘက်က ဘယ်လို အထောက်အထားတွေတင်ပြီး စွဲဆိုလာမယ်ဆိုတာကို ရင်တထိတ်ထိတ်စောင့်နေရမယ့် ဘဝပါလား"ဟု ပြောသည်။

ဒရိတ်က ရဲအရာရှိနှစ်ယောက်ကြားတွင် ထိုင်နေသော မော်လေဗိဒင်နှင့် ဗီဗီယန်ကာဆင်ဘက်သို့ လှမ်းကြည့်ပြီး "ခင်ဗျားရဲ့ တရားခံတွေဆီက ဘာမှထုတ်မပြောဘူးလား ပယ်ရီ"

"ဟင့်အင်း...ဘာတစ်ခွန်းမှ မပြောဘူး"

"တရားလိုဘက်ကို အတဲခတ်ရတာ အတော်ကလေး ပိုင်ပိုင်နိုင်နိုင် အထောက်အထားရထားပုံပဲဗျ၊ အစိုးရရှေ့နေ ဗွမ်စဘီကလည်း အတော်လည်တယ်နော်၊ သတိထား"





"သူ့အကြောင်းကိုယ်သိပါတယ်ကွာ၊ သူက သူ့ကိုယ်သူ့သိပ်စိတ်ချတတ်တဲ့လူမဟုတ်ဘူး။ စိတ်ခတ်စစ်ဆင်ရေး လုပ်ရင် သူ ကယောင်ချောက်ချား ဖြစ်တတ်တယ်၊ သူ့ကို တရားခံတွေအပေါ်မှာ သံသယအကျိုးခံစားခွင့်မပေးဘဲ အပြစ်ရှိကြောင်း အခိုင်အလုံသက်သေပြနိုင်းရမယ်၊ ခတ်ဝန်းကျင် အထောက်အထားဟာ သံသယဖြစ်စရာရှိတယ်ဆိုတာကို ဘာကြောင်းဆီလျော်တဲ့ အနုမာနအယူအဆနဲ့တင်ပြရင် တရားခံကိုအပြစ်ပေးဘဲ လွှတ်ပေးရမယ်လို့ ဒီပြည်နယ်ရဲ့ စီရင်ထုံးတစ်ခုရှိဖူးတယ်၊ ဂျူရီလူကြီးတွေရဲ့စိတ်ထဲမှာ တရားခံအပြစ်ကျူးလွန်တာ ဟုတ်မှဟုတ်ပါ့မလား ဆိုတဲ့ သံသယဝင်လာအောင်လုပ်နိုင်ရင် ကိုယ်တို့ဟန်တျပြီသာ မှတ်ပေတော့"

ဒရိတ်က "သံသယရဲ့ အကျိုးခံစားခွင့်ဆိုတာ ဥပဒေရဲ့အနှစ်သာရတစ်ခုပဲ၊ တရားခံတစ်ယောက်ဟာ သံသယလုံးဝရှိစရာမလိုဘဲ အပြစ်ရှိကြောင်းကို တရားလိုဘက်က အထောက်အထားပြနိုင်ရမယ်၊ တရားခံကသူ့မှာ အပြစ်မရှိကြောင်း အထောက်အထားမပြဘဲ နေလို့လည်း ရတယ်။ တရားခံဟာ ဘာမှမထုချေဘဲ ငြိမ်ငြိမ်ကလေး ထိုင်နားထောင်နေလို့လည်း ရတယ်၊ ဟုတ်တယ် မဟုတ်လား"ဟု ပြောသည်။

ထိုအချိန်တွင် တရားသူကြီး ဖစ်သည် တရားခွင်သို့ ပြန်ထွက်လာသည်။ ဂျူရီလူကြီးများလည်း အသီးသီး နေရာယူကြသည်၊ တရားရုံးခန်းမအတွင်း သတင်းထောက်များ ကြိတ်ကြိတ်ခဲ စည်ကားနေသည်။ သံဆူကြိုးတာ၍ နှစ်ခြမ်း ပိုင်းခြားထားသော အိမ်ကြီးမှ ရန်သူတော်နှစ်ဦးသည် လူသတ်မှုတွင် ပူးတွဲတရားခံများ ဖြစ်နေကြခြင်းမှာ ယခုနှစ်အဖို့ အကြီးဆုံးသတင်းထူးသတင်းဆန်း ဖြစ်နေပေသည်။

သတင်းထောက်များက ပယ်ရီမေဆင်အား အမှုအခြေအနေကို မေးမြန်းခဲ့ကြသော်လည်း တစ်စုံတစ်ရာမျှ မပြောနိုင်သေးကြောင်း ပြောကြားသည်။ ဤသည်ကိုပင် သတင်းထောက်များက ရှေ့နေကြီး ပယ်ရီ



www.burmeseclassic.com

www.burmeseclassic.com



မေဆင်သည် ထုံးစံအတိုင်း ပရိယာယ်ဆင်နေသည်ဟု မှတ်ထင်ခဲ့ကြသည်။ တရားခံများကို မေးမြန်းရာ၌လည်း ရေငုံနှုတ်ဆိတ်နေကြခြင်းမှာ ပယ်ရီမေဆင်၏ညွှန်ကြားချက်အရ ဖြစ်လိမ့်မည်ဟု ယူဆခဲ့ကြသည်။ အချို့သော သတင်းထောက်များကမူ အခြေအနေမှန်ကို ရိပ်မိကြ၍ ဤတစ်ကြိမ်တွင် ပယ်ရီမေဆင် ဘေးကျပ်နံကျပ်ဆိုက်နေပြီဟု တွက်ဆမိကြသည်။ အမှုသည်ထံမှ အချက်အလက်မှန်များမသိရဘဲ အမှုလိုက်နေရသော ဥပဒေအကျိုးဆောင် တစ်ယောက်အဖို့ 'ဆင်ကန်းတောတိုး' အနေအထား၌ ရှိနေသည်ကို ရိပ်စားမိကြသည်။ ထို့ကြောင့်လည်း ယခုအမှုတွင် ခါတိုင်းထက် သတင်းထောက်များပို၍ စည်ကားနေခြင်း ဖြစ်သည်။

တရားသူကြီး ဖစ်က တရားလိုအစိုးရရှေ့နေကြီးအား အမှုကို စတင်၍ တင်ပြရန် ညွှန်ကြားလိုက်ရာ အစိုးရရှေ့နေကြီး အွမ်စဘီတ ထိုင်ရာမှထပြီး

"ရုံးမင်းနှင့်တကွ ဂျူရီအဖွဲ့ဝင်များခင်ဗျား၊ ကျွန်တော် အတိုဆုံး တင်ပြသွားပါမယ်။ သေသူလော်ရင်းကာဆင်နဲ့ တရားခံ ဗီဗီယန်ကာဆင်ဟာ လင်မယားဖြစ်ခဲ့ကြပါတယ်။ သူတို့ အိမ်ထောင်ရေးဟာ အဆင်မပြေခဲ့ကြပါဘူး။ ဗီဗီယန်ကာဆင်က ကွာရှင်းခွင့် လျှောက်ထားခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ပူးတွဲတရားခံဖြစ်တဲ့ မော်လေအီဒင်က သူ့အတွက် အိမ်ဆောက်ဖို့ လော်ရင်းကာဆင်ကို ကန်ထရိုက်နဲ့ငှားရမ်းခဲ့ပါတယ်။ကာဆင်ဆီက အီဒင်ဝယ်ခဲ့တဲ့ မြေနှစ်ကွက်ပေါ်မှာ အဆိုပါအိမ်ကို ဆောက်ခဲ့ပါတယ်။ အဲဒီမြေကွက်နှစ်ကွက်ဟာ တရားရုံးဆုံးဖြတ်ချက်အရ တစ်ကွက်ကို သေသူကာဆင်က သီးသန့်ပိုင်ဆိုင်ပြီး ကျန်တစ်ကွက်ကို တရားခံ တစ်ဦးဖြစ်တဲ့ ဗီဗီယန်က ပိုင်ဆိုင်ပါတယ်။ အဲဒီဆုံးဖြတ်ချက်အရ မြေနှစ်ကွက်ပေါ် ဆောက်ပြီးတဲ့အိမ်ကို ဗီဗီယန်ကသူ့ဘက်အခြမ်း မြေကွက်ပေါ်က အပိုင်းဟာ သူပိုင်ဆိုင်တယ်ဆိုပြီး သံဆူးကြိုး ကာခဲ့ပါတယ်။ ကာဆင်ပိုင်တဲ့မြေကွက်ပေါ်က အိမ်တစ်ခြမ်းမှာ တရားခံတစ်ဦးဖြစ်တဲ့ အီဒင်ကနေခဲ့ပါတယ်"





အစိုးရရှေ့နေက ခေတ္တနားပြီး ဆက်လက်တင်ပြသည်။

"တရားခံတစ်ဦးစီဟာ လော်ရင်းကာဆင်အပေါ် ရန်ငြိုးတွေရှိနေကြပါတယ်၊ ဗီဗီယန်ကဆိုရင် ကာဆင်ဟာ သူပိုင်ငွေတွေကို သိုဝှက်ထားတယ်လို့ယူဆပြီး ကွာရှင်းတဲ့အခါ ခံစားခွင့်မမျှမတဖြစ်အောင် လုပ်တယ်လို့ ခံယူထားပါတယ်။ မော်လေအီဒင်ကဆိုရင်လည်း ကာဆင်ဆီက မြေကွက်တွေဝယ်တယ်၊ မြေကွက်တွေပေါ်မှာ အိမ်ဆောက်ဖို့ ကန်ထရိုက်ပေးတယ်၊ နောက်ဆုံးတော့ ကာဆင်ဟာ မြေကွက်နှစ်ခုစလုံးကို သူပိုင်သလို လိမ်ညာပြီး သူ့ကိုရောင်းခဲ့တာဖြစ်ကြောင်း သိသွားလို့ အီဒင်ဟာ အကြီးအကျယ် မကျေမနပ်ဖြစ်နေခဲ့ပါတယ်။ လော်ရင်းကာဆင်က သူ့ရဲ့ငွေတွေကို သိုဝှက်ထားခဲ့တယ်ဆိုတာ အမှန်ပါပဲ။ အီဒင်နဲ့ ဗီဗီယန်တို့ ဘယ်လိုမှ မတွေ့နိုင်ဘူးလို့ သူထင်ခဲ့တဲ့နေရာတစ်နေရာမှာ ကာဆင်ဟာ သူ့ငွေတွေကို သိုဝှက်ထားခဲ့ပါတယ်။ အဲဒီနေရာကတော့ အီဒင်အတွက် သူဆောက်ပေးတဲ့ အိမ်နောက်ဖေးက ရေကူးကန်ဘေးသမံတလင်းအောက်က အံဝှက်တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီအံဝှက်လုပ်ပြီး ငွေတွေဝှက်ပြီး ချိန်ရောက်တော့မှ တရားရုံးက မြေကွက်နှစ်ကွက်ကို ကာဆင်နဲ့ ဗီဗီယန် တစ်ဦးစီ ပိုင်ဆိုင်ခွင့် အမိန့်ချခဲ့တာပါ။ အဲဒီမှာ ကံကြမ္မာလှည့်စားချက်အရ ကာဆင်ငွေတွေ ဝှက်ထားတဲ့နေရာဟာ အီဒင်ဘက်အခြမ်းထဲ မပါဘဲ ဗီဗီယန်ဘက်ထဲ ပါ သွားခဲ့ပါတယ်၊

"ပြီးခဲ့တဲ့ မတ်လ ၁၅ ရက်နေ့မှာ ကာဆင်ဟာ သူ့ငွေတွေ ဝှက်ထားတဲ့ အဲဒီနေရာကိုသွားပြီး ဖော်ယူဖို့ ကြိုးစားခဲ့ပါတယ်။ သူ့ရဲ့ လျှို့ဝှက်ချက်ကို သူတို့ ဘယ်လိုနည်းနဲ့မှမသိနိုင်ဘူးလို့ ကာဆင်က ယုံကြည်ခဲ့ပေမယ့် လွဲမှား သွားခဲ့ပါတယ်။ တရားခံတွေဟာ ကာဆင်ရဲ့ ပစ္စည်းဝှက်ရာနေရာကို တွေ့ရှိဖော်ထုတ်ခဲ့ကြပြီး ကာဆင်ကိုလည်း သတ်ဖြတ်လိုက်ကြပါတယ်။ တရားခံတွေ ယူသွားတဲ့ငွေနဲ့ အာမခံစာချုပ်တွေဟာ စုစုပေါင်း တန်ဖိုး ဒေါ်လာ တစ်သိန်းခွဲကျော်ကျော် ရှိတယ်၊ အဲဒီအထဲက အငြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွားတဲ့နေ့ ညမှာပဲ သူတို့ရဲ့ရှေ့နေဖြစ်တဲ့ ပယ်ရီမေဆင်ထံမှ အာမခံစာချုပ်တွေကို ပြန်လည် ရရှိခဲ့ပါတယ်။

"ယခုတင်ပြတဲ့ အချက်အလက်တွေကို ကျွန်တော်တို့အနေနဲ့ ပတ်ဝန်းကျင်သက်သေ အထောက်အထားတွေအရ တင်ပြခြင်း ဖြစ်ပါတယ်။ ပတ်ဝန်းကျင် အထောက်အထားဆိုတာဟာ တကယ်တော့ အင်မတန် ခိုင်လုံပါတယ်။ လုံးဝ သံသယဖြစ်စရာမလိုဘဲ ပတ်ဝန်းကျင် အထောက်အထားသက်သက်ဖြင့် တရားခံများဟာ လော်ရင်းကာဆင်ကို သတ်ဖြတ်ပြီး ပြစ်မှုရဲ့သက်သေခံများကို ထိမ်ချန်ကွယ်ဖျက်ဖို့ ကြိုးစားခဲ့တာ ထင်ရှားနေပါတယ်။

"ဒါကြောင့် တရားရုံးတော်အနေဖြင့် တရားဥပဒေနှင့်အညီ အရေးယူအပြစ်ပေးရန် တင်ပြအပ်ပါတယ်ခင်ဗျား၊ ကျေးဇူးတင်ပါတယ်"

အစိုးရရှေ့နေ အွမ်စဘီက ၎င်း၏ အဖွင့်တင်ပြချက်ကို အဆုံးသတ်ပြီးနောက် ကုလားထိုင်သို့ ပြန်ထိုင်လိုက်သည်။ သူ၏ ဟန်ပန်အမူအရာမှာ စိတ်ချလက်ချ ပိုင်ပိုင်နိုင်နိုင် ရှိနေဟန်ပေါ်သည်။ ပယ်ရီမေဆင်က မိမိအနေဖြင့် တနည်း ချေဆိုချက် မတင်ပြလိုသေးကြောင်း ပြောပြီး ပြန်ထိုင်နေသည်။

ဤတွင် အွမ်စဘီက သမားတော်ကြီးတစ်ယောက် အရေးကြီးသော ခွဲစိတ်မှုတစ်ခုကို ပြုသည့်အမူအရာမျိုးဖြင့် တရားလိုပြ သက်သေများကို တစ်ဦးချင်း ခေါ်ယူစစ်မေးသည်။ ပထမဦးစွာ သေသူ၏အလောင်းကို ခွဲစိတ်ရသည့် ဆရာဝန်ကို မေးမြန်းရာ ဆရာဝန်က လော်ရင်းကာဆင်၏ အလောင်းကို မိမိခွဲစိတ်သည်မှာ သေဆုံးပြီး သုံးနာရီမှ ငါးနာရီခန့်အကြာတွင် ဖြစ်ကြောင်း၊ သေဆုံးသည့်အချိန်မှာ မတ်လ ၁၅ ရက် နံနက် ၁၁ နာရီ မိနစ် ၃၀ မှ ၁၂ နာရီ မိနစ် ၃၀ အတွင်း ဖြစ်မည်ဟု မိမိမှတ်ချက်ချကြောင်း၊ ရှစ်လက်မအသွားရှိ ဓားမြှောင်တစ်ချောင်းဖြင့် ထိုးသတ်ခံရခြင်းဖြစ်ကြောင်း၊ ဒဏ်ရာသည် နှလုံးသွေးကြောအတွင်းထိ ရောက်ရှိကြောင်း





ခန္ဓာကိုယ်တွင်း သွေးအများဆုံးထွက်နေပြီး ပြင်ပ သွေးထွက်မှု အနည်းငယ်မျှရှိကြောင်း၊ သေသူသည် ဓားနှင့်ထိုးခံရပြီးချိန်မှ သေဆုံးချိန်အထိ ခမ်းလျားထိုး လဲကျခြင်းမှအပ နေရာအရွေ့အပြောင်းမရှိဟု မိမိခန့်မှန်းကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ဆက်လက်၍ အစိုးရရှေ့နေက လော်ရင်းကာဆင်နှင့် တရားခံ ဒီဗီယန်တို့အား မြေကွက်နှစ်ကွက်ကို သီးသန့်ပိုင်ဆိုင်ခွင့်ပြုကြောင်း တရားရုံးတချမှတ်သည့်စီရင်ချက် မိတ္တူများကိုလည်းကောင်း၊ ဗီဗီယန် ပိုင်ဆိုင်သည့် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံဘက်သို့ လော်ရင်းကာဆင် (သို့မဟုတ်)ကာဆင်၏ ကိုယ်စားလှယ် (သို့မဟုတ်) ကာဆင်နှင့် ဆက်သက်သူ မည်သူမျှ ကူးဖြတ်ကျော်နင်းခြင်းမပြုရန် တရားရုံးက ထုတ်ပြန်ပေးခဲ့ သည့်တားမြစ်မိန့် မိတ္တူများကိုလည်းကောင်း ရုံးတော်သို့ တင်ပြသည်။ ထိုနောက် အစိုးရရှေ့နေ အွမ်စဘီက အခင်းဖြစ်ပွားသော အိမ်ကြီးကို နှစ်ပိုင်းခွဲခြမ်းရန် တိုင်းတာပေးရသော မြေတိုင်းစာရေးကို သက်သေအဖြစ် တင်ပြသည်။

မြေတိုင်းစာရေးက "စနေနေ့ နံနက်တွင် ဗီဗီယန်ကာဆင်က ကျွန်တော့်အား ခေါ်ယူပါသည်။ သော့ပြင်ဆရာ တစ်ယောက်ကိုလည်း ခေါ်ယူပါသည်။ ထိုနောက် အဆိုပါ အိမ်ကြီးဆီသို့ သွား၍ အဝင်ဝတံခါးသော့များကို သော့ပြင်ဆရာအား ဖျက်ခိုင်းပြီး ဝင်ကြပါသည်။ ထိုနောက် ဗီဗီယန်က သူမပိုင်ဆိုင်ခွင့် ရှိသည်ဆိုသော အိမ်တစ်ခြမ်းအတွက် သော့များ လုပ်ခိုင်းပါသည်။ ထိုနောက် ကျွန်တော့်ကို အိမ်အလယ်တည့်တည့်မှအောင် တိုင်းတာပြီး ဗီဗီယန်ဘက်အခြမ်းသို့ နှစ်လက်မ အတွင်းကျသောနေရာတွင် မျဉ်းဆွဲခိုင်း၍ ဆောင်ရွက်ပေးရပါသည်။ ထိုအချိန်တွင် အလုပ်သမားများက အသင့်စောင့်နေပြီး ကျွန်တော် အလယ်မျဉ်း ဆွဲပြီးသည်နှင့်တစ်ပြိုင်နက် သံဆူးကြိုးများ ကာရံကြပါသည်။ သံဆူးကြိုး ကာရံသည်အထိ ကျွန်တော်ရှိနေခဲ့ပါသည်။ ထိုနောက် ကာရံပြီးစီးသွား



www.burmeseclassic.com

www.burmeseclassic.com



သော သံဆူးကြိုးမျှဉ်းသည် အိမ်၏ အလယ်တည့်တည့် နှစ်လက်မ အလိုတွင် ကျ မကျကို ပြန်လည်တိုင်းတာ စစ်ဆေးပေးရပါသည်"ဟု ထွက်ဆိုသွားသည်။

အစိုးရရှေ့နေက "အဲဒီတုန်းက တရားခံ ဗီဗီယန်ကာဆင်က ဘာကြောင့် သံဆူးကြိုးကိုအိမ်အလယ်တည့်တည့်နေရာက နှစ်လက်မ အကွာမှာ ကာရံဖို့ လုပ်ရသလဲဆိုတာ ခင်ဗျားကို ပြောပြသလား"ဟု မေးသည်။

"ဟုတ်ကဲ့၊ ပြောပြပါတယ်"ဟု မြေတိုင်းစာရေးက ဖြေသည်။

"ဘာပြောသလဲ"

"တရားရုံး ဆုံးဖြတ်ချက်က ဗီဗီယန်ပိုင်ဆိုင်တဲ့အခြမ်းကို ကျူးကျော်ရင် ပိုင်နက်ကျူးလွန်မှုနဲ့ အရေးယူခံရမယ်လို့ ဆိုထားလေတော့ တကယ်လို့ တစ်ဖက်က မော်လေအိဒင်ဟာ သံဆူးကြိုးပေါ်ကို လက်ညှိုးတစ်ချောင်း လာတင်ရင်တောင် ပိုင်နက်ကျူးလွန်မှု ကျူးလွန်ရာ ရောက်အောင် လုပ်ထားတာလို့ ပြောပါတယ်"

"သူ့ယောကျ်ား လော်ရင်းကာဆင်နဲ့ ပတ်သက်လို့ကော တရားခံ ဗီဗီယန်က ဘာပြောသေးသလဲ"

"သူ့ယောကျ်ားက သူ့အပေါ် မတော်မတရားစွပ်စွဲလို့ သိပ်မုန်းတီးတယ်လို့ ပြောပါတယ်"

"တခြားကော ဘယ်လိုပြောသေးသလဲ"

"ကာဆင်ဟာ လူယုတ်မာတစ်ယောက်ဖြစ်လို့ သူ့နံကြားထဲ ဓားစိုက်ရမှ ကျေနပ်နိုင်မယ်လို့ ပြောပါတယ်"

အစိုးရရှေ့နေက ဂျူရီလူကြီးများအားတစ်ချက် မော်ကြည့်လိုက်ပြီး သက်သေကို ပြန်လှည့်ကြည့်ကာ"တစ်ဆိတ်လောက်ဗျာ ခုနက ထွက်ဆိုချက်ကလေး ပြန်ပြောနိုင်မလား၊ ဗီဗီယန်က ဘယ်လိုပြောတယ်"

"ကာဆင်ရဲ့နံကြားထဲ ဓားစိုက်ရမှ ကျေနပ်မယ်လို့ ပြောပါတယ်"ဟု





သက်သေက ထပ်မံပြောဆိုသည်။ ဤတွင် အစိုးရရှေ့နေက ကျေနပ်သွားဟန်ဖြင့် ပယ်ရီမေဆင်ဘက်သို့ လှည့်ပြီး

"ပြန်လှန်စစ်မေးနိုင်ပါပြီ"ဟု ပြောသည်။

မေဆင်က ထရပ်လိုက်ပြီး သက်သေကို ပြုံးကြည့်၍ မေးသည်။

"ခင်ဗျား လင်မယားကွာရှင်းတဲ့ အတွေ့အကြုံ ရှိဖူးသလား"

"ကိုယ်တိုင်မကြုံဖူးပါဘူး"

"မိတ်ဆွေထဲမှာကော"

"ဟုတ်ကဲ့ရှိပါတယ်"

"ယောကျ်ားနဲ့ ကွာရှင်းခွင့်လျှောက်ပြီး ပြတ်စဲခဲ့တဲ့မိန်းမတချို့နဲ့ သိကျွမ်းခင်မင်ဖူးသလား"

"ဟုတ်ကဲ့"

"လင်မယား ကွာပစ်ပြီးခါစမှာကော အဲဒီမိန်းမတွေနဲ့ စကားပြောဖူးသလား"

"ဟုတ်ကဲ့ပြောဖူးပါတယ်"

"ဆိုကြပါစို့ဗျာ၊ ယောကျ်ားနဲ့ ကွာရှင်းပြတ်စဲခဲ့တဲ့မိန်းမ ဘယ်နှယောက်လောက်က သူတို့ရဲ့ခင်ပွန်းဟောင်း၊ လူယုတ်မာဖြစ်တဲ့အကြောင်း၊ ဓားနဲ့ ထိုးသတ်ဖို့ကောင်းတဲ့အကြောင်း ဒါမှမဟုတ် မျက်လုံးတုတ်ထုတ်ပစ်ဖို့ ကောင်းတဲ့အကြောင်း၊ စသည်ဖြင့် ပြောဖူးကြသလဲ"

ဤတွင် အစိုးရရှေ့နေ ဘွမ်စတီက ကမန်းကတန်း မတ်တတ်ရပ်၍ "နေပါဦး နေပါဦး၊ ဒီမေးခွန်းကို ကန့်ကွက်ပါတယ် မေးခွန်းဟာ ပြည့်စုံဆီလျော်ခြင်းမရှိပါဘူး ဒီသက်သေဟာလည်း လင်ကွာမယားကွာ ပါရဂူမဟုတ် ပါဘူး"

မေဆင်က "ရုံးမင်းခင်ဗျား ဒါဟာ မေးရိုးမေးစဉ် ပြန်လှန်မေးခွန်းမျှသာ ဖြစ်ပါတယ်၊ ဒါပေမယ့် တရားလိုအကျိုးဆောင်ကြီးက ဒီမေးခွန်းကို သက်သေက အဖြေပေးမှာကြောက်တယ်ဆိုရင်တော့ ကျွန်တော့်မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ရှုပ်သိမ်းပါ့မယ်"

"အို. . . ကျွန်တော်က အဖြေကိုကြောက်လို့ မဟုတ်ပါဘူး။ မှုံ့မှတ်တမ်းမှာ မှန်မှန်ကန်ကန်ဖြစ်ဖို့အတွက် တင်ပြတာပါ"ဟု အွမ်စဘီက ပြန်ပြောသည်။

တရားသူကြီးက "ကောင်းပြီ၊ တန့်ကွက်ချက်ကိုလက်ခံတယ်၊ ဒါဟာ မေးသင့်မေးထိုက်တဲ့ ပြန်လှန်မေးခွန်း ဟုတ်ရဲ့လားလို့ ကျုပ်လည်းယုံသသယ ရှိတယ်၊ တရားခံအကျိုးဆောင်ကြီးအနေနဲ့ တခြားမေးစရာတွေရှိသေးသလား"

မဆင်က သက်သေကို ပြုံးကြည့်နေပြီးနောက် ဆက်မေးသည်။ "တရားခံ ဗီဗီယန်ကာဆင်က သူ့ယောကျ်ားလောရင်းကာဆင်ကို နံကြားထဲ ဓားစိုက်ပစ်ချင်တယ်လို့ ပြောတုန်းက ဗီဗီယန်ရဲ့လေသံဟာ ခင်ဗျားရဲ့မိတ်ဆွေ တခြားအမျိုးသမီးတွေက သူတို့ယောကျ်ားတွေကို ဘာလုပ်ပစ်ချင်တယ်၊ ညာလုပ်ပစ်ချင်တယ်လို့ ပြောခဲ့ကြတဲ့လေသံနဲ့ဘယ်လို ကွာခြားသလဲ"

အွမ်စဘီက "နေပါဦး၊ ဒါဟာလည်း ခုနက မေးခွန်းနဲ့ အလားတူပဲ၊ ဒီကိစ္စနဲ့ပတ်သတ်ပြီး ရုံးတော်က ခုတင်ပဲ ဆုံးဖြတ်ပေးခဲ့ပါပြီ။ ဒါကို ထပ်မေးနေတာဟာ တစ်ဖက်အကျိုးဆောင်ကြီးအနေနဲ့ ရှေ့နေကျင့်ဝတ် ဖောက်ဖျက်ရာရောက်ရုံမက ရုံးတော်ရဲ့ အာဏာကို ဖီဆန်ရာလည်း ရောက်နေပါတယ်"ဟု ဝင်ပြောသည်။

တရားသူကြီးက ခေတ္တမျှ စဉ်းစားနေပြီးနောက် ဖြည်းညင်းစွာ ခေါင်းယမ်းလျက်"ခုမေးခွန်းဟာ ပထမမေးခဲ့တာနဲ့ မတူဘူးလို့ ကျုပ်ယူဆတယ်၊ ဒါက လေသံချင်းကွာခြားပုံကိုမေးတာပဲ ဒါကြောင့် တန့်ကွက်ချက်ကို ပယ်တယ်။ သက်သေက မေးခွန်းကိုဖြေပါ"

သက်သေမြေတိုင်းစာရေးက မဆင်ကို ပြုံးဖြဖြပြန်ကြည့်ပြီး...

"ဗီဗီယံန်က ကျွန်တော့်ကိုပြောတဲ့လေသံဟာ တခြားမိန်းမတွေ





ပြောပုံမျိုး ပါပဲဗျာ အဲ. . . . သူလိုတော့ နံကြားထဲ ဓားစိုက်ပစ်ချင်တယ်လို့ တခြား ဘယ်သူမှ မပြောဖူးပါဘူး။ မိန်းမတစ်ယောက်ကတော့ သူ့ယောင်ယောကျ်ားကို ကမ်းပါးစောက်နက်နက်က တွန်းချပြီး သတ်ပစ်ချင်တယ်လို့ ပြောဖူးပါရဲ့"

"အဲသလိုပြောတဲ့လေသံဟာ ဗီဗီယန်ရဲ့ လေသံမျိုးပဲလား"

မေဆင်က မေးသည်။

"ဟုတ်ကဲ့လေသံချင်းအတူတူလောက်ပါပဲခင်ဗျာ"

"ဒီမှာမိတ်ဆွေ၊ ခင်ဗျားသိဖူးခဲ့သမျှထဲမှာ လင်နဲ့ပြဿနာဖြစ်ပြီး ကွာရှင်းခဲ့တဲ့ မိန်းမတွေက သူတို့ယောကျ်ားတွေကို ချောက်ထဲတွန်းချပစ်ချင်တယ်၊ မျက်လုံးကိုကော်ထုတ်ပစ်ချင်တယ် စသည်ဖြင့်ပြောခဲ့ကြပေမယ့် တကယ်တမ်းသူ့ယောကျ်ားကိုချောက်ထဲတွန်းချ မျက်လုံးကော်ထုတ်ပစ်တဲ့ မိန်းမ ဘယ်နှယောက်လောက် တွေ့ဖူးပါသလဲ"

"ကန့်ကွက်ပါတယ်၊ ဒါဟာ ပြန်လှန်မေးခွန်း၏ထုံးတမ်းနဲ့ မညီပါဘူး"ဟု အွမ်စဘီက ထပြောသည်။

"ကန့်ကွက်ချက်ကိုလက်ခံတယ်၊ တရားခံရဲ့ လေသံအကြောင်း မေးမြန်းဖို့သာ ကျုပ်ခွင့်ပြုခဲ့တယ်။ ဒီလောက်ကျယ်ကျယ်ဝန်းဝန်း ဆက်မေးနေဖို့ မသင့်ဘူးထင်တယ်"ဟု တရားသူကြီးက ဆုံးဖြတ်သည်။

မေဆင်က ဂျူရီအဖွဲ့ဝင်များရှိရာဆီသို့ အဓိပ္ပာယ်များစွာပါသော အကြည့်ဖြင့် ပြုံးကြည့်ပြီးနောက် "မေးစရာမကျန်တော့ပါဘူး၊ ဒါပါပဲ ခင်ဗျား"ဟု ပြောလိုက်သည်။ ဂျူရီအဖွဲ့ဝင်အချို့က မေဆင်ကိုပြန်၍ ပြုံးပြကြလေသည်။

အစိုးရရှေ့နေ အွမ်စဘီက လေသံကို ချုပ်တီး၍ ဂုဏ်ရှိမျက် ထလာပြီးနောက် "ယခုဆက်လက်ပြီး ရဲအုပ်ကြီးထရက်ကို သက်သေတင်ပါတယ်"ဟု ပြောသည်။ ထိုနောက် ရဲအုပ်ကြီးထရက် သက်သေခုံတွင်နေရာယူပြီး လူသတ်မှုဖြစ်ပွားပြီးနောက် တွေ့ရှိရသော မြင်ကွင်းများကို ထွက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ အလောင်းဓာတ်ပုံများနှင့် ပတ်ဝန်းကျင် အနေအထား ဓာတ်ပုံများကိုလည်း တင်ပြသွားသည်။ ပြီးလျှင် အွမ်စဘီက မေးခွန်း စထုတ်သည်။

"အလောင်းဘေးမှာ ရေစက်တွေ တွေ့တယ်နော် ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ ရေစက်နှစ်ခုတွေ့ပါတယ်"

"ရေစက်တွေက ဘယ်လောက်ကြီးသလဲ"

"ကျွန်တော့် လက်ဖဝါးလောက်အကွက်တွေပါ"

"ရေတွေကို ဘယ်ပေါ်မှာတွေ့သလဲ"

"ကြမ်းပေါ်မှာ တွေ့ပါတယ်"

"အလောင်းနဲ့ ဘယ်လောက်ဝေးသလဲ"

"ရေစက်တစ်ခုက အလောင်းနဲ့ ခြောက်လေးပိုင်းသုံးပိုင်း လက်မ အကွာမှာပါ၊ တခြားတစ်ခုက ၁၂ လက်မ ခွဲလောက်ကွာပါတယ်"

"အဲဒီရေစက်တွေကိုစစ်ဆေးကြည့်ပါသေးသလား"

"ဟုတ်ကဲ့၊ အဲဒီရေစက် ရေပေါက်တွေကို ဝိုက်နဲ့စုပ်ပြီး စစ်ဆေးကြည့်ပါတယ်၊ နောက်ဖေးရေကူးကန်က ရေတွေလို့ပဲ ပြောနိုင်ပါတယ်။ ရေကူးကန်ထဲက ဆေးခတ်ထားတဲ့ ရေတွေနဲ့ အတူတူပါပဲ"

"ကောင်းပါပြီ၊ ရဲအုပ်ကြီးအနေနဲ့ ရေကူးကန် အလယ်တည်တည့်က ဖြတ်ပြီး ဆောက်ထားတဲ့ သံဆူးကြိုးတွေရဲ့ အနေအထားကိုဓာတ်ပုံရိုက်ယူခဲ့ပါသလား"

"ဟုတ်ကဲ့ရိုက်ထားပါတယ်"

ထိုနောက် အစိုးရရှေ့နေက သက်သေခံဓာတ်ပုံများကို တင်ပြရန် ပြော၍ ရဲအုပ်ကြီးက အလောင်းဓာတ်ပုံများကိုတင်ပြသည်၊ ဆက်လက်၍ အွမ်စဘီက မေးခွန်းများ မေးမြန်းသည်၊

"လူသတ်မှုဖြစ်ပွားရာကို ခင်ဗျားရောက်တော့ ဘယ်သူတွေရှိနေသလဲ"





"ဟုတ်ကဲ့၊ တရားခံတစ်ယောက်ဖြစ်တဲ့ မော်လေအီဒင်ရယ်၊ ယခု အကျိုးဆောင်အဖြစ် ဆောင်ရွက်နေတဲ့ ပယ်ရီမေဆင်ရယ်၊ နောက်ခဏ ကြာတော့ ဗီဗီယန်ကာဆင် ရောက်လာတယ်။ သတင်းထောက်တွေလည်း အတော်ကလေး များပါတယ်"

"ဩော်. . . ဩော် မစ္စတာဝယ်ရီမေဆင်လည်း အဲဒီမှာ ရှိနေခဲ့သလား"

"ဟုတ်ပါတယ်"

"အမှုနဲ့ ပတ်သက်ပြီး ရဲအုပ်ကြီးဟာ ပယ်ရီမေဆင်နဲ့ ဆွေးနွေးခဲ့သေးသလား"

"ဟုတ်ကဲ့"

"သူက ထင်မြင်ချက်၊ အကြံပေးချက်တွေ ပေးခဲ့သလား"

"ဟုတ်ကဲ့"

"ဘာတွေ အကြံပေးသလဲ"

"အလောင်းရဲ့အဝတ်တွေကို သေသေချာချာ စစ်ဆေးကြည့်ပါလို့ ပယ်ရီမေဆင်က အကြံပေးပါတယ်"

"ဘယ်အဝတ်ကိုပြောတာလဲ"

"သေသူဝတ်ထားတဲ့ အကျီလက်မောင်းတွေကို ကြည့်ဖို့ပြောတာပါ"

"ခင်ဗျား စစ်ဆေးကြည့်တော့ ဘာတွေ့သလဲ"

"အကျီလက်ကြယ်သီးတွေ တွေ့ပါတယ်။ စိန်ကြယ်သီးတွေကို အမည်းရောင် သုတ်ထားပါတယ်၊ ဒါပေမယ့် ညာဘက်လက်ကြယ်သီးပေါ်က အမည်းရောင်ဆေးက နည်းနည်းကွာနေလို့ အတွင်းက စိန်သားကို တွေ့ရပါတယ်"

"စိန်အကြီးလား အသေးလား"

"အတော်ကလေး ကြီးပါတယ်၊ အဖိုးတန်စိန်ကြီးပါပဲ၊ လက်ကြယ်သီး စွပ်တံတွေကို ပလက်တီနံနဲ့ လုပ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှပ်အင်္ကျီကို စစ်ဆေးကြည့်တော့ ဘာတွေ့သလဲ"

"အင်္ကျီလက်မောင်း တံတောင်ဆစ်အထိ ရေစိုနေပါတယ်"

"နေပါဦး သေသူဟာ ကုတ်အင်္ကျီဝတ်ထားတယ် မဟုတ်လား"

"မှန်ပါတယ်"

"ကုတ်အင်္ကျီလက်တွေကော ရေစိုနေသလား"

"ဟင့်အင်း… အထဲက ရှပ်အင်္ကျီလက်က ရေစိုကြောင့် နည်းနည်း ထိုင်းနေတာတလွဲပြီး ကုတ်အင်္ကျီလက်တွေ ရေမစိုပါဘူး"

"ကောင်းပါပြီ၊ အဲဒီကိစ္စ ပယ်ရီမေဆင်နဲ့ ဆွေးနွေးသေးသလား"

"ဟုတ်ကဲ့ဆွေးနွေးပါတယ်"

"မစ္စတာမေဆင်က ဘာပြောသလဲ"

"ရေကူးကန်ကို စစ်ဆေးကြည့်သင့်တယ်လို့ အကြံပေးပါတယ်"

"ခင်ဗျား သူပြောသလိုလုပ်ခဲ့သလား"

"ဟုတ်ကဲ့"

"အဲဒီတော့ ဘာတွေတွေ့သလဲ"

"ဘာမှမတွေ့ပါဘူး"

"ပြီးတော့ ဘာဖြစ်သလဲ"

"ပြီးတော့ မစ္စတာမေဆင်က ကျွန်တော် သေသေချာချာမကြည့်လို့ ဖြစ်လိမ့်မယ်လို့ ပြောပါတယ်"

"ဒီလိုဆိုရင် မစ္စတာမေဆင်ဟာ သေသူရဲ့ ပစ္စည်းတွေဝှက်တဲ့ နေရာကို သိပြီးဖြစ်နေလို့ ခင်ဗျားကို မတွေ့တွေ့အောင် ရှာခိုင်းနေတာလို့ မတွေးမိဘူးလား"

ဤတွင် ပယ်ရီမေဆင်က ကြားဝင်၍"ခဏနေပါဦး၊ မေးခွန်းဟာ သက်သေကို ကောက်ချက်ဆွဲခိုင်းတာ ဖြစ်နေပါတယ်။ အမှုနဲ့ မသက်ဆိုင် မပတ်သက်ပါဘူး"

တရားသူကြီးက မေဆင်၏ ကန့်ကွက်ချက်ကို လက်ခံကြောင်း





ဆုံးဖြတ်ပြီး တရားလိုအကျိုးဆောင်အနေဖြင့် သက်သေကိုကောက်ချက် မချခိုင်းရန်သတိပေးသည်။ သက်သေဘာလုပ်ခဲ့သည်၊ ဘာမြင်တွေ့ခဲ့သည် ကိုသာမေးရန် တရားသူကြီးက ပြောသည်။

အွမ်စဘီက"ကောင်းပါပြီ ရုံးမင်းခင်ဗျား၊ ကျွန်တော် ဆက်မေးပါမယ်၊ ရဲအုပ်ကြီးအနေနဲ့ ရေကူးကန်ကို သေသေချာချာ စစ်ဆေးကြည့်ခဲ့ပါသလား"

"ဟုတ်ကဲ့"

"ဘာမှမတွေ့ဘူးနော်"

"ဘာမှမတွေ့ပါဘူး"

"တစ်ခါ ဒုတိယအကြိမ် ထပ်ပြီးစစ်ဆေးကြည့်သေးသလား"

"ဟုတ်ကဲ့၊ ထပ်ပြီးစစ်ဆေးပါတယ်"

"ဘယ်သူ့အကြံပေးချက်နဲ့ ထပ်ပြီးစစ်ဆေးသလဲ"

"မစ္စတာ ပယ်ရီမေဆင်က ထပ်ပြီးရှာပါဦးလို့ ပြောလို့ပါ"

"ပယ်ရီမေဆင်လို့ ခင်ဗျားပြောတဲ့ပုဂ္ဂိုလ်ဟာ ယခုအမှုမှာ တရားခံတွေဘက်က လိုက်ပါအကျိုးဆောင်တဲ့ ရှေ့နေကြီးပယ်ရီမေဆင်ပဲလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"မစ္စတာမေဆင်က ဘယ်လိုအကြံပေးသလဲ" ဤသို့မေးလိုက်ပြီးနောက် အွမ်စဘီသည် ကုလားထိုင်မှ ထရပ်လိုက်ပြီး သက်သေဖြစ်သူ၏အဖြေကို အလေးအနက် နားထောင်မည့်ဟန်ဖြင့် စောင့်နေသည်။

ရဲအုပ်ကြီး ထရက်က "ရေကူးကန်ထဲ ဆင်းတဲ့ အုတ်လှေကား အောက်ဘက်ကို စစ်ဆေးကြည့်ဖို့ ကျွန်တော့်ကို အကြံပေးပါတယ်"ဟု ပြောသည်။

"ရေကူးကန်လှေကားရဲ့ အောက်ဘက်ဟုတ်လား" ဟု အွမ်စဘီက ထပ်ဆင့်၍ ပြောသည်။

"ဟုတ်ပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ခင်ဗျားက ရှာကြည့်သလား"

"ဟုတ်ကဲ့"

"ဘာတွေ့သလဲ"

"ကျွန်တော် လှေ့ကားအောက်ကို လက်နဲ့ လိုက်စမ်းကြည့်တော့ သံကွင်းကလေးတစ်ခု စမ်းမိပါတယ်"

"ဒီတော့ ခင်ဗျားဘာလုပ်သလဲ"

"သံကွင်းထဲ လက်လျှိုပြီး ဆွဲကြည့်ပါတယ်"

"ဒီတော့ ဘာဖြစ်သလဲ"

"သံကွင်းကလေးကို ဆွဲလို့ရတာတွေ့ရပါတယ်၊ ဒါနဲ့ ဆက်ပြီး နှစ်လက်မ သုံးလက်မလောက်ဆွဲလိုက်တော့ ရေကူးကန်ဘေးက စကြိုလမ်းပေါ်မှာ အုံဖုံးကျောက်ပြားတစ်ခုပွင့်လာတာ တွေ့ရပါတယ်"

ထို့နောက် အစိုးရရှေ့နေက ဆက်မေး၍ ရဲအုပ်ကြီးထရက်က အုံဖုံးတံခါးပေါက် ကျောက်ပြား ပွင့်လာသောနေရာကို စစ်ဆေးကြည့်ရှုပုံ၊ အုံဖုံးကျောက်ပြားနှင့် ရေကူးကန်လှေ့ကားအောက်မှ သံကွင်းဆီသို့ စပရိန်ကြိုးနှင့် ဆက်သွယ်ထားပုံတို့ကို ရှင်းလင်းတင်ပြသည်။

"အုံဖုံးအောက်မှာဘာတွေ့သလဲ"

"ဘာမှမတွေ့ပါဘူး"

"ဘာမှမတွေ့ဘူး၊ ဟုတ်လား"

"မှန်ပါတယ်၊ ဘာမှမတွေ့ပါဘူး"

"အုံဖုံးနဲ့ ကျင်းနှုတ်ခမ်း သံပြားတွေမှာ လက်ဗွေရာတွေ စစ်ဆေးကြည့်ခဲ့ပါသလား"

"ဟုတ်ကဲ့"

"လက်ဗွေရာတွေကို ဓာတ်ပုံရိုက်ယူထားသလား"

"ဟုတ်ကဲ့"

အဲဒီလက်ဗွေရာတွေကို ခင်ဗျားအနေနဲ့ တခြားလူတွေရဲ့ လက်ဗွေ





နဲ့ တိုက်ဆိုင်ကြည့်သေးသလား"

"ဟုတ်ကဲ့ တချို့လူတွေရဲ့ လက်ဗွေတွေနဲ့ တိုက်ဆိုင်ကြည့်ပါတယ်"

"ဘယ်သူတွေရဲ့ လက်ဗွေတွေနဲ့ တူပါသလဲ"

"တရားခံဗီဗီယန်နဲ့ မော်လေဖအီဒင်တို့ရဲ့ လက်ဗွေရာတွေနဲ့ တူနေပါတယ်ခင်ဗျား"

"သူတို့နှစ်ယောက်စလုံးရဲ့ လက်ဗွေရာတွေကို အဲဒီ အုံဖုံးမှာတွေ့ရသလား"

"ဟုတ်ကဲ့ သူတို့နှစ်ယောက်စလုံးရဲ့ လက်ဗွေရာတွေပါပဲ"

"ဓာတ်ပုံတွေပါသလား"ဟု မေး၍ ထရက်က ပါလာကြောင်းပြောပြီး သက်သေခံ လက်ဗွေဓာတ်ပုံများကို တင်ပြသည်။

"ခင်ဗျားခုနက ပြောသွားတဲ့အထဲမှာ အခင်းဖြစ်ပွားပြီးနောက် ဗီဗီယန်ကာဆင်လည်း ရောက်လာတယ်လို့ ပြောတယ်နော်"

"ဟုတ်ကဲ့ ဗီဗီယန်ကာဆင်ဟာ အိမ်ရဲ့တစ်ဖက်ခြမ်းမှာ ရောက်နေပါတယ်"

"သူ့ကို ခင်ဗျားသွားတွေ့ပါသလား"

"ဟုတ်ကဲ့ သွားတွေ့ပါတယ်"

"ဗီဗီယန်ကို ခင်ဗျားမေးမြန်းခဲ့သေးလား"

"ဟုတ်ကဲ့"

"သူဘယ်သွားနေသလဲ၊ ဘာတွေလုပ်နေခဲ့သလဲလို့ မေးသလား"

"ဟုတ်ကဲ့- သူက ဈေးဝယ်ထွက်နေရာ အခုကလေးတွင် ပြန်ရောက်လာတယ်လို့ပြောပါတယ်"

"ခင်ဗျားမေးမြန်းတာ ဘယ်နေရာမှာလဲ"

"ဗီဗီယန်ဘက်အခြမ်းက မီးဖိုဆောင်ထဲမှာပါ"

"မီးဖိုဆောင်ထဲမှာ မေးမြန်းတယ်ဆိုတော့ စားတွေချိတ်ဆွဲထားတဲ့ သံလိုက်စင်ကလေးတစ်ခု တွေ့ရသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့တွေ့ပါတယ်"

"လူသတ်မှု ကျူးလွန်တဲ့ဓားကို ရဲအုပ်ကြီးသိမ်းဆည်းထားပါသလား"

"ဟုတ်ကဲ့ ရှိပါတယ်"ဟု ဆိုကာ သက်သေခံအဖြစ်ဓားကို တင်ပြသည်။ တရားခံအကျိုးဆောင်က ကန့်ကွက်ရန် ရှိမရှိမေးရာ ပယ်ရီမေဆင်က မကန့်ကွက်ကြောင်း ပြောလိုက်သည်။ အွမ်စဘီက ဆက်၍မေးသည်။

"မစ္စက်တာဆင်ကို မီးဖိုဆောင်ထဲမှာ မေးမြန်းတဲ့အချိန်မှာ လူသတ်လက်နက်အကြောင်း ပြောဆိုခဲ့ပါသလား"

"ဟုတ်ကဲ့ ကျွန်တော်က သူ့ရဲ့ဓားထားတဲ့ သံလိုက်စင်မှာ ဓားတစ်ချောင်းချောင်း ပျောက်နေသလားလို့ မေးပါတယ်"

"ဒီတော့ သူက ဘာပြန်ပြောသလဲ"

"ဓားမပျောက်ပါဘူးလို့ပြောပါတယ်"

BURMESE CLASSIC

"ပြီးတော့ကော"

"ကျွန်တော်က စင်မှာချိတ်ထားတဲ့ဓားတွေထဲက သစ်သားလက်ကိုင်ရိုးတပ် ဓားမြှောင်တစ်ချောင်းကိုပြပြီး အဲဒီဓားဟာ အတော်ကြာပြီလားလို့ မေးပါတယ်။ ဗီဗီယန်က ကြာပါပြီလို့ဖြေပါတယ်။ ဒါနဲ့ ကျွန်တော်က ဓားကိုယူကြည့်တော့ တစ်ခါမှမသုံးရသေးတဲ့ အသစ်စက်စက်ဓားဖြစ်နေတာ တွေ့ရတယ်။ ဓားသွားမှာ ဈေးနှုန်းတံဆိပ်ရိုက်ထားတာတောင် မဖျက်သေးဘူး"

"အဲဒါကို ခင်ဗျားက ပြကြည့်သလား"

"ဟုတ်ကဲ့၊ ပြကြည့်ပါတယ်"

"အဲဒီတော့ သူကဘယ်လိုပြောသလဲ"

"အဲဒီဓားကို တစ်ခါမှ မသုံးရသေးဘူးလို့ ပြောပါတယ်၊ ဒီတိမ်ကို သူပြောင်းလာတာလည်း ရက်ပိုင်းကလေး ရှိသေးလို့ပါတဲ့"

"အဲဒီဓားအသစ်ကို ခင်ဗျားသိမ်းဆည်းခဲ့သလား"

ရဲအုပ်ကြီးထရက်က သိမ်းဆည်းလာခဲ့ကြောင်းဖြေ၍ သက်သေခံ





အဖြစ် တင်ပြသည်။ ထိုနောက် အွမ်စဘီက ဆက်မေးသည်။

"သေသူလော်ရင်းကာဆင်ရဲ့ကားကို ခင်ဗျားရှာဖွေခဲ့ပါသလား"

"ဟုတ်ကဲ့၊ ကားရဲ့ ပုံပန်းသဏ္ဌာန်နဲ့ နံပါတ်တွေစုံစမ်းပြီး ယာဉ်ထိန်းဌာနနဲ့ ပူးပေါင်းရှာခဲ့ပါတယ်"

"တွေ့သလား"

"ဟုတ်ကဲ့၊ အလောင်းတွေ့ပြီး နာရီအတော်ကြာတော့ ကားကို တွေ့ပါတယ်"

"ဘယ်နေရာမှာ ကားကိုတွေ့ပါသလဲ"

"တရားခံဗီဗီယန့်ကာဆင် ငှားရမ်းနေခဲ့တဲ့တိုက်က သော့ခတ်ထားတဲ့ ကားဂိုဒေါင်ထဲမှာ သွားတွေ့ပါတယ်"

"သေသူရဲ့ ကားဟာ အဲဒီ ဂိုဒေါင်ထဲကို ဘယ်လိုရောက်နေတယ်ဆိုတာ တရားခံတွေက ဒါမှမဟုတ် တရားခံတစ်ယောက်ယောက်က ရှင်းပြသလား"

"ရှင်းမပြပါဘူး၊ သူတို့က လုံးဝမဖြေဘဲ နေပါတယ်"

ဤနေရာတွင် ပယ်ရီမေဆင်က ထရပ်လိုက်ပြီး "သက်သေရဲ့နောက်ဆုံး ထွက်ဆိုချက်အပိုဒ်ကို တရားရုံးမှတ်တမ်းထဲက ထုတ်ပေးဖို့ တောင်းဆိုပါတယ်။ တရားဥပဒေအရဆိုရင် တရားခံတွေအနေနဲ့ ရှင်းလင်းတင်ပြချက် တစ်စုံတစ်ရာမှ ပေးစရာမလိုပါဘူး"

တရားသူကြီးက "တရားခံအကျိုးဆောင်ရဲ့ တောင်းဆိုချက်ကို ခံတယ်၊ သက်သေဟာ တရားခံတွေက ရှင်းလင်းထွက်ဆိုချက်ပြုခြင်းပယ်ကြောင်း တင်ပြသွားခြင်းသာဖြစ်တယ်"ဟု ပြော...သည်။ ထို့ကြောင့် အစိုးရရှေ့နေက ဆက်မေးသည်။ "ရဲအုပ်ကြီးအနေနဲ့ သေသူရဲ့ သိုဝှက်ထားတဲ့ပစ္စည်းတွေအကြောင်း ဗီဗီယန်ကာဆင်ကို မေးမြန်းကြည့်သေးသလား"

"ဟုတ်ကဲ့၊ ကျွန်တော်မေးကြည့်တော့ ဗီဗီယန်က သူ့ယောက်ျား...



www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ တိတ်တိတ်ပုန်း သိုဝှက်ထားတဲ့ငွေတွေနဲ့ အာမခံ စာချုပ်တွေရှိကြောင်း၊ ဘယ်နေရာမှာ သိုဝှက်ထားမှန်းမသိတဲ့အကြောင်း။ သူတို့ လင်မယား ကွာရှင်းမှုကို ဆုံးဖြတ်ပေးခဲ့တဲ့ တရားသူကြီး ဗွတ်ဖွင်းကလည်း လော်ရင်းကာဆင်ဟာ ငွေတွေကိုဝှက်ထားတယ်လို့ ယုံကြည်တဲ့အကြောင်း ပြောပြပါတယ်"

"ကာဆင်ရဲ့အလောင်းကို စစ်ဆေးကြည့်တော့ သူကိုယ်ပေါ်မှာ ဘာပစ္စည်းတွေတွေ့သလဲ"

"ငွေတွေ အတော်များများ တွေ့ပါတယ်၊ အဲ... ရဲအရာရှိ တစ်ယောက်အနေနဲ့တော့ အတော်များတဲ့ ငွေတွေပေါ့ခင်ဗျာ၊ ပြီးတော့ ခရီးသွားချက်လက်မှတ်တွေလည်း တွေ့ပါတယ်။ ချက်လက်မှတ်တွေ ပေါ်မှာ အေ၊ ဘီ၊ အယ်လ် ဆေးမားဆိုတဲ့ နာမည်နဲ့ ငွေထုတ်ယူခွင့် ရေးထားတာ တွေ့ပါတယ်"

"အဲဒီ ခရီးသွားချက်လက်မှတ်တွေ အခု ခင်ဗျားဆီမှာ ပါလာသလား"

"ပါလာပါတယ်"ဟုဆိုကာ ရဲအုပ်ကြီးက ချက်လက်မှတ် စာအုပ်နှင့် အလောင်းမှတွေ့ရသော ငွေစက္ကူများကိုပါ တင်ပြသည်။

"ခရီးသွား ချက်လက်မှတ်တွေမှာ အေ၊ ဘီ၊ အယ်လ် ဆေးမားဆိုတဲ့ နာမည်နဲ့ ငွေထုတ်ဖို့ ရေးထားတာတွေ့တော့ အဲဒီလူကိုခင်ဗျား ရှာကြည့်သေးသလား"ဟု အစိုးရရှေ့နေက ဆက်မေးသည်။

"ဟုတ်ကဲ့၊ ရှာပါတယ်။ ဒါပေမယ့် အေ၊ ဘီ၊ အယ်လ် ဆေးမားဆိုတဲ့လူ လုံးဝမရှိပါဘူး၊ လောရင်းကာဆင်ဟာသူ့ရဲ့ တိတ်တိတ်ပုန်း ငွေတွေကို ဘဏ်တိုက်မှာနာမည်ဝှက်နဲ့ အထုတ်အသွင်းလုပ်ဖို့ တမင်စီစဉ်ထားတာဖြစ်ပါတယ်။ ခရီးသွားချက်လက်မှတ်တွေအများကြီးကို ကာဆင်ဟာ ဝယ်ထားပြီး ဆေးမားနာမည်နဲ့ ငွေပြန်ထုတ်နိုင်အောင် ရေးထားခဲ့ပါတယ်။ ပြီးတော့လည်း အာမခံစာချုပ်တွေကိုလည်း ဆေးမားဆိုတဲ့နာမည်





နဲ့ပဲ ဝယ်ထားခဲ့ပါတယ်။ လပ်စ်ဗေးဂတ်စ်မြို့က ဘဏ်မှာ ဆေးမားနာမည်နဲ့ ကာဆင်က ဘဏ်စာရင်းဖွင့်ထားပါတယ်၊ အဲဒီ ဘဏ်စာရင်းမှာပဲ သူ့ရဲ့ လက်ကျန်ငွေဟာ ဒေါ်လာတစ်သန်းကျော်ရှိနေပါတယ်"

"ဒါဖြင့်. . . . အေ၊ ဘီ၊ အယ်လ် ဆေးမားနာမည် ရေးထိုးတဲ့ လက်မှတ်ကို သေသူကာဆင်ရဲ့ လက်ရေးနဲ့ တိုက်ကြည့်သေးသလား"

"ဟုတ်ကဲ့၊ တိုက်ကြည့်ပြီးပါပြီ"

"ဆေးမားနာမည်နဲ့ အာမခံစာချုပ်တွေကိုကော ခင်ဗျားရှာတွေ့ခဲ့သလား"

"ဟုတ်ကဲ့၊ တွေ့ထားပြီးပါပြီ"

"ဘယ်မှာတွေ့သလဲ"

"လပ်စ်ဗေးဂတ်စ်မြို့မှာပါ"

"လပ်စ်ဗေးဂတ်စ်မြို့ ဘယ်နေရာမှာတွေ့သလဲ"

"မစ္စတာပယ်ရီမေဆင် တည်းခိုနေတဲ့ ဟိုတယ်ဘန်ဂလို အိမ်ခန်း တစ်ခုထဲမှာတွေ့ခဲ့ပါတယ်"

"မစ္စတာ ပယ်ရီမေဆင်ရဲ့ တည်းခိုခန်းထဲမှာတွေ့တယ် ဟုတ်စ" ရှေ့နေအွမ်စဘီက အံ့ဩသွားဟန် တမင်လုပ်၍ ပြန်မေးသည်။

"ဟုတ်ပါတယ်ခင်ဗျာ"

"အာမခံစာချုပ်တွေကို ပယ်ရီမေဆင်ပိုင်ဆိုင်တဲ့ ပစ္စည်းထဲမှာ တွေ့တာလား"

"ဟုတ်ကဲ့ သူ့ရဲ့လက်ဆွဲသေတ္တာကလေးထဲမှာ တွေ့တာပါ"

"လော့စ်အိန်ဂျလီမြို့က သူယူသွားတဲ့ လက်ဆွဲသေတ္တာလား"

"သူပိုင်ဆိုင်တဲ့ သေတ္တာထဲမှာ တွေ့တာပါ၊ တွေ့တဲ့နေရာကလည်း ပယ်ရီမေဆင် တည်းခိုနေတဲ့ အခန်းထဲမှာပဲ၊ ဒီတော့ သူနဲ့ပါသွားတဲ့ သေတ္တာပဲလို့ ယူဆရပါတယ်"

"ယူဆချက်တွေကို မပြောပါနဲ့လေ၊ အချက်အလက်တွေတိုပဲ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပါ”ဟု တရားသူကြီးက ဝင်ပြောသည်။ ဤနေရာတွင် ပယ်ရီမေဆင်က ထပြောသည်။ “ကိစ္စမရှိပါဘူး ရှုံးမင်းခင်ဗျား၊ နိမိတ်ပြမေးခွန်းတွေနဲ့ မေးသွားတာကို သူယူဆသလို ဖြေနိုင်ပါတယ်။ သက်သေရဲ့ အဖြေအားလုံးကိုရုံးမှတ်တမ်းမှာ အတိအကျပါစေချင်ပါတယ်”

တရားသူကြီးမင်းက မေဆင်အား စူးစမ်းဟန်ဖြင့် လှမ်းကြည့်ပြီးနောက် ပြုံး၍ပြောသည်။ “ကောင်းပြီလေ၊ တရားခံအကျိုးဆောင်က မကန့်ကွက်ဘူးဆိုတော့လည်း သက်သေက ဆက်ဖြေနိုင်ပါတယ် ”

ထို့ကြောင့် အွမ်စဘီက ဆက်မေးသည်။ “အဲဒီ အာမခံစာချုပ် လက်မှတ်တွေ သူပိုင်ဆိုင်မှုအတွင်း ဘယ်လိုရောက်လာတယ်ဆိုတာကို ပယ်ရီမေဆင်က ပြောပြသလား”

“သူဘာမှမပြောပါဘူး”

“လက်ဆွဲသေတ္တာနဲ့အတူ အာမခံစာချုပ်တွေကို ခင်ဗျားယူလာသလား”

“ဟုတ်ကဲ့ ယူလာပါတယ်”

“လက်ဆွဲသေတ္တာပေါ်မှာ အမှတ်အသားပါသလား”

“ဟုတ်ကဲ့ ပယ်ရီမေဆင်နာမည် ပုံနှိပ်စာလုံးနဲ့ရေးထားတဲ့ ကတ်ပြားတလေးကို ကပ်ထားပါတယ်။ ပီ၊ မေဆင်လို့ ရေးထားပါတယ်”

“အဲဒီသေတ္တာနဲ့ အာမခံစာချုပ်တွေပါလာသလား ”

“ဆရာ့ဆီကျွန်တော်ပေးထားတယ်လေ၊ ကျွန်တော်တို့ ရဲအဖွဲ့က သက်သေခံအမှတ်အသားတွေ လုပ်ပေးလိုက်တယ်”ဟု ထရက်က ပြော၍ အွမ်စဘီက သူ၏စားပွဲမှ လက်ဆွဲသေတ္တာနှင့်အစုရှယ်ယာ လက်မှတ်များကို ထုတ်ယူပြီး သက်သေခံအဖြစ် တင်ပြသည်။

ထိုနောက် အွမ်စဘီက “သက်သေ ရဲအုပ်ကြီး ထရက်ကို ကျွန်တော် တိုက်ရိုက်စစ်မေးလို့ပြီးပါပြီ။ လိုအပ်လာရင်တော့ ပြန်ခေါ်သက်သေအဖြစ် သူ့ကိုတင်ပါဦးမယ်”





“ကန့်ကွက်စရာမရှိပါ”ဟု ပယ်ရီမေဆင်က ဝင်ပြောသည်။

တရားသူကြီးက ပယ်ရီမေဆင်ကို မေးသည်။ “ဒီသက်သေကို အခု ပြန်လှန်မေးခွန်းမေးမလား၊ ထွက်ဆိုချက်တွေပြီးမှ မေးမလား”

“အခု မေးခွန်းနည်းနည်း မေးချင်ပါတယ်။ နောက်မှ ကျန်တာတွေ ထပ်မေးပါ့မယ်”ဟု မေဆင်က ဖြေသည်။

“ကောင်းပြီ၊ ဆက်လုပ်ပါ”ဟု တရားသူကြီးက ခွင့်ပြု၍ မေဆင်က သက်သေရှိရာသို့ မျက်နှာမူပြီး

“ရဲအုပ်ကြီးခင်ဗျား ဒီအာမခံစာချုပ်လက်မှတ်တွေနဲ့ လက်ဆွဲသေတ္တာကို လော့စ်အိန်ဂျလီမြို့ကနေ နီဗားဒါးပြည်နယ် လပ်စ်ဗေးဂတ်စ်မြို့ကို ကျုပ်ကယူသွားတာ ဖြစ်တယ်လို့ ခင်ဗျားထွက်ဆိုသွားခဲ့တယ် တုတ်တယ်မဟုတ်လား”

“ဒါတော့ ကျွန်တော့်ထင်မြင်ချက်ကို ပြောခဲ့တာပဲလေ” ဟု ထရက်က ခပ်ပြုံးပြုံးဖြင့် ပြန်ပြောသည်။

“ကျုပ်က အဲဒီ အာမခံစာချုပ်လက်မှတ်တွေကို လော့စ်အိန်ဂျလီမြို့မှာ လက်ခံရရှိပြီး လပ်စ်ဗေးဂတ်စ်မြို့ကို ယူသွားတယ်ဆိုတာ ခင်ဗျားမှာ အထောက်အထားပြစရာရှိသလား”

“တိုက်ရိုက်အထောက်အထားတော့ ဘယ်ပြနိုင်ပါ့မလဲ၊ ဒါမျိုးဆိုတာ ရဲအဖွဲ့ဝင်တွေရဲ့ရှေ့မှာ အပေးအယူ ဘယ်တော့မှမလုပ်ဘူးမဟုတ်လား”

ထရက်၏ အဖြေကြောင့် တရားခွင်တွင် ပွဲကျသွားသည်။

ထို့ကြောင့် တရားသူကြီးက သက်သေအား မသက်ဆိုင်သောအဖြေများ မမေးရန် သတိပေးသည်။ ရဲအုပ်ကြီးက ဝမ်းနည်းကြောင်း တောင်းပန်သည်။

“ရဲအုပ်ကြီးအနေနဲ့ သေသူရဲ့အကျီလက်တွေ ရေစိုနေတဲ့ အကြောင်း သိဖို့အတွက် အခင်းဖြစ်ပွားတဲ့ အိမ်ကြီးရဲ့ နောက်ဖေးက ရေကူးကန်မှာ စစ်ဆေးကြည့်ခဲ့တယ်နော်။ ရေကူးကန်နံရံတွေကို ခင်ဗျားလက်နဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



စမ်းကြည့်တဲ့အခါ ခင်ဗျားရဲ့အကျီလက်တွေ ရေစိုခဲ့ပါသလား" မဆောင်က ဆက်မေးသည်။

"ဟင့်အင်း... မစိုပါဘူး၊ ကျုပ်က အလောတကြီးလုပ်ခဲ့တာမှ မဟုတ်ပဲ"

"ခင်ဗျားက ဘယ်လိုလုပ်ခဲ့ပါသလဲ"

"ကျုပ်ရဲ့အကျီလက်တွေကို ခေါက်တင်ပြီးမှ ရေကူးကန်နံရံတွေကို စမ်းသပ်ခဲ့တယ်လေ"

"လက်နှစ်ဖက်စလုံးခေါက်တင်ခဲ့သလား"

"ဟုတ်တယ်၊ အဲလေ. . . မှားသွားတယ်၊ ကျုပ်ရဲ့ညာဘက် အကျီလက်ကို တံတောင်ဆစ်အထက်အထိ ခေါက်တင်ခဲ့တာပါ"

"ဘယ်ဘက် အကျီလက်ကို မခေါက်တင်ခဲ့ဘူးပေါ့"

"ဟင့်အင်း"

"ဒီတော့ ဘယ်ဘယ် အကျီလက်ရေစိုသလား"

"ဘယ်စိုမလဲ၊ ကျုပ်က ညာဘက်လက်ကိုပဲ ရေထဲနှိုက်ပြီး နံရံမှာ လိုက်စမ်းခဲ့တယ်"

"ကျေးဇူးတင်ပါတယ်၊ ခုလောလောဆယ်တော့ ဒါလောက်ပဲ မေးပါဦးမယ်"ဟု မဆောင်က ပြောလိုက်သည်။

ထို့ကြောင့် အစိုးရရှေ့နေက ဖော်လီတာအိုင်ဗင်ဆိုသူကို သက်သေအဖြစ် ဆက်လက်တင်ပြသည်။ အိုင်ဗင်မှာ လူလတ်ပိုင်းအရွယ် တုတ်တုတ်ခိုင်ခိုင်၊ မထုံတက်တေးအမူအရာမျိုး ရှိသည်။

"ခင်ဗျားရဲ့ အလုပ်အကိုင်က ဘာလဲ" ဟု အစိုးရရှေ့နေက စမေးသည်။

"တုန်မာဆိုင်တစ်ဆိုင်ရဲ့ ဆိုင်ရှင်ပါ"

"ခင်ဗျားရဲ့ဆိုင်ကို မတ်လ ၁၅ ရက်နေ့က ဖွင့်ထားသလား"

"ဟုတ်ကဲ့ ဖွင့်ပါတယ်"





"ဘယ်နားက ဆိုင်လဲ"

"ဒူးပွန်လမ်းက ရှုပ်ရှင်ရုံဘေးမှာပါ"

"တရားခံတွေကို ယခင်က မြင်ဖူးသလား"

"မြင်ဖူးပါတယ်"

"ဘယ်တုန်းကလဲ"

"မတ်လ ၁၅ ရက်နေ့ကပါ"

"ဘယ်အချိန်လဲ"

"နေ့လယ် ၁၂ နာရီနဲ့ ၁၂ နာရီ ခွဲ ကြားလောက်ပဲ"

"သူတို့နဲ့ခင်ဗျား စကားပြောခဲ့သလား"

"ဟုတ်ကဲ့ ပြောခဲ့ပါတယ်"

"သူတို့ကို ခင်ဗျားရဲ့ ဆိုင်တပစ္စည်းရောင်းလိုက်သေးလား"

"ဟုတ်ကဲ့"

"ဘာပစ္စည်းရောင်းလိုက်ရသလဲ"

"ဓားမြှောင်တစ်ချောင်း ဝယ်သွားပါတယ်"

"သူတို့နှစ်ယောက်အတူတူ လာကြတာလား"

"ဟုတ်ပါတယ်"

"ဓားမြှောင်ကို ခင်ဗျားရောင်းလိုက်သလား"

"ဟုတ်ကဲ့၊ ရောင်းလိုက်ပါတယ်"

"အဲဒီဓားမြှောင်ကို ခင်ဗျားမြင်ရင် မှတ်မိမလား"

"မှတ်မိလိမ့်မယ် ထင်ပါတယ်"

"ကိုင်း. . . ဒါဖြင့် ရုံးတော်မှာ တင်ပြထားတဲ့ သက်သေခံ ပစ္စည်း (ဆ)ကို ကြည့်ပါ၊ ဒီဓားမြှောင်ကို အလျင်က ခင်ဗျား မြင်ဖူးသလား"

အွမ်စဘိက သက်သေခံ ဓားကိုယူ၍ ပြသည်။

"ဟုတ်ပါတယ်၊ သူတို့ကို ကျွန်တော်ရောင်းလိုက်တဲ့ဓားဟာ ဒါပါပဲ ဓားသွားမှာ ကျွန်တော့်ဆိုင်က ဈေးနှုန်းအမှတ်အသားတွေတောင် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ပါသေးတယ်၊ ကျွန်တော့်ဝယ်စျေးမှတ်ထားတာရယ်၊ ရောင်းစျေးနှုန်းရေးထားတာရယ်"

"တရားခံနှစ်ယောက် ဓားလာဝယ်တော့ သူတို့ချင်းတိုင်ပင်ကြတဲ့ စကားတချို့ကိုခင်ဗျားကြားမိသလား"

"ဟုတ်ကဲ့ သူတို့တီးတိုးတိုင်ပင်ကြပေမယ့် ကျွန်တော် ကောင်းကောင်းကြားခဲ့ရပါတယ်။ သူတို့ပြောနေကြတာက ဟိုဓားနဲ့ တစ်ပုံစံတည်းဖြစ်ဖို့ လိုတယ်လို့ပြောနေကြပါတယ်"

"သူတို့အမူအရာတွေကိုကော သတိထားမိလိုက်သလား"

"ဟုတ်ကဲ့၊ အမျိုးသမီးက တုန်တုန်ယင်ယင် ဖြစ်နေပါတယ်။ ဓားကို တိုင်ကြည့်တာတောင် တုန်နေပါတယ်၊ အမျိုးသားကလည်း စိတ်အတော်လှုပ်ရှားနေပုံပဲ၊ ဒါပေမယ့် အမျိုးသမီးကို သူက နှစ်သိမ့်ဖို့ ကြိုးစားတယ်"

"သူတို့ တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံပုံကကော ဘယ်လိုလဲ"

"အမျိုးသားက တစ်ချိန်လုံးလိုလို အမျိုးသမီးကိုဖက်ထားပြီး အမျိုးသမီးရဲ့ကျောကိုပုတ်ရင်း စိတ်အေးအေးထားပါလို့ ပြောနေပါတယ်"

"အမျိုးသားလို့ ခင်ဗျားပြောတာ ဘယ်သူ့ကိုရည်ညွှန်းသလဲ"

"တရားခံဖြစ်နေတဲ့ မော်လေအီဒင်ကို ရည်ညွှန်းတာပါ"

"ဒီဓားဟာ သူ့ကိုခင်ဗျားရောင်းလိုက်တဲ့ ဓားဖြစ်ကြောင်းသေချာတယ်နော်"

"သေချာပါတယ်"

"ပြန်လှန်မေးခွန်းမေးနိုင်ပါပြီ"ဟု အွမ်စဘီက မေဆင်ကို ပြောသည်။

မေဆင်က အရေးကြီးသောဟန်ဖြင့် ထရပ်ပြီး မေးသည်။

"ခုနက သက်သေခံဓားကို ခင်ဗျား ဘယ်တဝယ်ခဲ့သလဲ မှတ်မိသလား"

"ဖေဖော်ဝါရီလ ၄ ရက်နေ့တုန်းက ကတ်လရီ တုမ္ဗကီက အဲဒီဓားတွေကို ဝယ်ခဲ့ပါတယ်။ ၁၂ ဒါဇင် ဝယ်ခဲ့တာပါ"





"၁၂ ဒါဇင်နော်"ဟု မေဆင်က အံ့ဩဟန်ဖြင့် ပြန်မေးသည်။

"ဟုတ်ပါတယ်"

"ဓားရဲ့တန်ဖိုးနဲ့ စျေးနှုန်းကို ဒီဓားတစ်ချောင်းမှာပဲ မှတ်ထားခဲ့တာလား"

"အဲသလိုကျွန်တော်မပြောခဲ့ပါဘူး၊ ဒီဓားရဲ့ဓားသွားမှာ ဝယ်စျေးနဲ့ ရောင်းစျေး အမှတ်အသားတွေရှိနေတယ်လို့ ပြောခဲ့တာပါ"

"ဒါဖြင့် တခြားဓားတွေပေါ်မှာလည်း အလားတူ မှတ်သားထားတာပဲပေါ့၊ ဟုတ်စ"

"ဓားအားလုံးအပေါ်မှာ မှတ်ထားခဲ့ပါတယ်"

"၁၂ ဒါဇင်လုံးပေါ့"

"ဟုတ်ကဲ့ ၁၂ ဒါဇင်လုံးပါ"

"အဲဒီဓားတွေကို ဆိုင်မှာ ရောင်းနေခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် အခုဒီဓားဟာ ဖေဖော်ဝါရီလ ၄ ရက်နေ့ ကနေ မတ်လ ၁၅ ရက်နေ့အတွင်း ဘယ်အချိန်မဆို ဝယ်သွားတာ ဖြစ်နိုင်တာပေါ့"

"ဒီဓားဟာ သူတို့နှစ်ယောက်ကိုရောင်းတဲ့ဓားဆိုတာ ကျုပ်မှတ်မိတယ်ဗျာ"

"နေဦးလေ၊ ခင်ဗျားမှတ်မိတာက ဓားတစ်ချောင်း ရောင်းလိုက်တာကို မှတ်မိတာမဟုတ်လား၊ ဒါပေမယ့် အခုဒီမှာ သက်သေခံအဖြစ် ရောက်ရှိနေတဲ့ ဓားနှင့်ပတ်သတ်ပြီးပြောရရင် ဒီဓားဟာ ဖေဖော်ဝါရီ ၄ ရက်နေ့တနေ မတ်လ ၁၆ ရက်အထိ မတ်လ ၁၅ ရက်နေ့အပါအဝင် တစ်ချိန်ချိန်မှာ ရောင်းလိုက်ရတဲ့ ဓားတစ်ချောင်းချောင်း မဖြစ်နိုင်ဘူးလား"

"ဟုတ်ကဲ့၊ အဲသလိုလည်း ဖြစ်နိုင်ပါတယ်"

"ဒီဓားကို တခြားတစ်ယောက်ယောက်က ဝယ်သွားတာလည်း ဖြစ်နိုင်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဖြစ်နိုင်ပါတယ်"

"ကျမ်းကျိန်ပြီး အစစ်ခံနေတဲ့ သက်သေတစ်ယောက် အနေနဲ့ ခင်ဗျားဟာ ဗီဓားအကြောင်းပြောမယ်ဆိုရင် သေသူ တာဆင်က ခင်ဗျား ဆီက ဗီဓားကို ဝယ်သွားခဲ့တယ်။ ပြီးတော့ မော်လေအီဒင်အတွက် သူ ဆောက်ပေးတဲ့အိမ်ရဲ့ မီးဖိုဆောင်မှာ ထားပေးခဲ့တယ်၊ အဲသလိုတော မပြောနိုင်ဘူးလား"

သက်သေသည် ဂနာမငြိမ်ဘဲ နေရာရွှေ့ပြောင်းထိုင်ပြီးနောက် "တရားခံနှစ်ယောက်နဲ့ စကားပြောခဲ့ရတာ ကျုပ်မှတ်မိတယ်ဗျာ။ သူတို့ ကို ဓားတစ်ချောင်းရောင်းလိုက်ရတာလည်း မှတ်မိတယ်ဗျာ"ဟု ပြန်ပြော သည်။

"ခင်ဗျား မှတ်မိတယ်ဆိုတာက သူတို့ကို ဓားတစ်ချောင်း ရောင်း လိုက်ရတာကို မှတ်မိတာနော်။ အဲဒီဓားဟာ ဗီဓားပါပဲလို့ ဘယ်လို ပြော နိုင်သလဲ ခင်ဗျား ဆိုင်ပေါ်တင်ရောင်းဖို့ ဗီလိုဓားမျိုး ၁၂ ဒါဇင် ဝယ်ခဲ့တယ်။ ဓားအားလုံးရဲ့ ဓားသွားတွေပေါ်မှာ ဈေးနှုန်းတွေ အတူတူ ရေးထားခဲ့ တယ်။ ဒါဆိုရင် ဗီဓားဟာလည်း အဲဒီ ၁၂ ဒါဇင်ထဲက တစ်ချောင်းချောင်း ပဲ ဖြစ်ရမယ် မဟုတ်လား။ ဒါထက်ပိုပြီး ခင်ဗျားပြောနိုင်ဦးမလား"

"ဟုတ်ပါတယ်၊ ဒါလောက်ပဲ ပြောနိုင်မှာပေါ့"

"တရားခံနှစ်ယောက်ကို ဓားတစ်ချောင်း ရောင်းလိုက်ရတာ ခင်ဗျား မှတ်မိတယ်နော်၊ ဒါဖြင့် အခုကျုပ်ဆက်မေးမယ်။ သက်သေခံအဖြစ် တင်ပြ ထားတဲ့ဗီဓားဟာ ဖေဖော်ဝါရီလ ၄ ရက်နေ့ကနေ မတ်လ ၁၅ ရက် အကြား တစ်ချိန်ချိန်မှာ လော်ရင်းတာဆင်တိုခင်ဗျား ရောင်းလိုက်တဲ့ ဓား မဟုတ်ပါဘူးလို့ ကျမ်းကျိန်ပြီး ခင်ဗျားပြောနိုင်သလား"

"အဲ...အဲသလိုတော့ မပြောနိုင်ဘူးပေါ့"

"ဒါပါပဲခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"ဟု မေဆင်က အဆုံးသတ် လိုက်သည်။





ဤတွင် အစိုးရရှေ့နေအွမ်စဘီက ကမန်းကတန်းထ၍ -

"ကျွန်တော် ထပ်ဆင့် မေးခွန်းမေးပါရစေ"ဟု ဆိုကာ သက်သေကို ဆက်မေးသည်။

"မတ်လ ၁၅ ရက်နေ့မှာ ခင်ဗျားဟာ တရားခံနှစ်ယောက်ကို ဓား တစ်ချောင်းရောင်းခဲ့တယ်၊ အဲဒီဓားဟာ အခုသက်သေခံ ပစ္စည်းအဖြစ် တင်ပြထားတဲ့ဓားမှာ ဈေးနှုန်းအမှတ်အသား ရေးထားသလိုလည်း တစ်ပုံစံ တည်း ဖြစ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ်အလားတူ တစ်ပုံစံတည်းဖြစ်တယ်။ အဲဒါ မှန်သလား မမှန်ဘူးလား"

"တန့်တွတ်ပါတယ်" မေဆင်က ပြောသည်။

"တရားလိုအကျိုးဆောင်ကြီးဟာ သူ့ရဲ့ တရားလိုပြသက်သေကို ပြန်လှန်မေးခွန်းထုတ်ဖို့ ကြိုးစားနေသလိုဖြစ်နေပါတယ်။ မေးပုံကလည်း နိမိတ်ပြမေးခွန်း ဖြစ်နေပါတယ်"

"သက်သေရဲ့ထွက်ချက်တွေကို အကျဉ်းချုပ်ပြီး လိုရင်းကို ထောက်ပြ ဖို့ ကျွန်တော် ကြိုးစားခြင်းဖြစ်ပါတယ်"ဟု အွမ်စဘီက ရှင်းလင်းသည်။

"ဒီသက်သေရဲ့ ထွက်ချက်တွေကို အကျဉ်းချုပ်တင်ပြချင်တယ် ဆို ရင် တရားလိုအကျိုးဆောင်ကြီးအနေနဲ့ ဂျူရီအဖွဲ့ကို လျှောက်လဲတဲ့ အချိန်ထိ စောင့်ဆိုင်းဖို့ အကြံပြုပါရစေ"ဟု မေဆင်က ဝင်ထောက်သည်။

တရားသူကြီးက ပြုံးရယ်လျက် "ဟုတ်တယ် တရားခံအကျိုးဆောင် ကြီး ပြောတာမှန်တယ်လို့ ကျုပ်ထင်တယ်။ တရားလိုအကျိုးဆောင်ကြီး အနေနဲ့ တခြားမေးစရာရှိတာပဲ မေးပါ။ ဒီကိစ္စကိုတော့ ရှောင်ထားပါဦး"

"တော်ပါပြီခင်ဗျာ၊ ကျွန်တော်မေးစရာမရှိတော့ပါဘူး ဒါပါပဲ"ဟု အွမ်စဘီက ပြောသည်။

"ကောင်းပြီ၊ သက်သေ ထွက်ခွာနိုင်ပါပြီ"ဟု တရားသူကြီးက ပြော သည်။

အွမ်စဘီက "လော်ရိန်းဟင်လီကို သက်သေတင်ပါမယ်"ဟု ထင်ခြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် အသက် ၄၀ ကျော်အရွယ် ပိန်ပိန်သွယ်သွယ် နှုတ်ခမ်းပါးပါးနှင့်အမျိုးသမီးတစ်ဦး သက်သေခုံတွင် နေရာယူသည်။ သက်သေကျမ်းကျိန်ပြီးနောက် အွမ်စဘီက စမေးသည်။ "ဘယ်မှာနေပါသလဲ"

"လပ်ချ်မိုးတိုက်မှာ နေပါတယ်"

"ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်ကျော်ကျော် ကြာပါပြီ"

"တရားခံ ဗီဗီယန်ကာဆင်ကို သိပါသလား"

"ဟုတ်ကဲ့၊ သိပါတယ်"

"ဗီဗီယန်နေတဲ့တိုက်ခန်းနဲ့ ခင်ဗျားနေတဲ့နေရာနဲ့ နီးသလား"

"နီးပါတယ်၊ သူက တိုက်ခန်းအမှတ် ၄-ဘီမှာနေပါတယ် ကျွန်မနဲ့ မျက်စောင်းထိုးနေရာပါ။ ကားထားတဲ့နေရာတွေနဲ့ မျက်နှာချင်းဆိုင်မှာ ကျွန်မ အခန်းရှိပါတယ်"

"ကားထားတဲ့ နေရာဆိုတာက ဘယ်လိုပါလဲ"

"ဟုတ်ကဲ့၊ အဆောက်အအုံက 'အယ်လ်' ပုံသဏ္ဍာန် ရှိပါတယ်၊ အဆောက်အအုံမှာရှိတဲ့ တိုက်ခန်းအသီးသီးအတွက် ကားထားဖို့ ဂိုဒေါင်အခန်းတွေကို အယ်လ်ပုံသဏ္ဍာန်ရဲ့ တစ်ဖက်ဆီမှာ ဆောက်ထားပါတယ်၊ ကျွန်မ အခန်းက ထောင့်ခန်းဆိုတော့ ဗီဗီယန်ကာဆင်ရဲ့ ကားဂိုဒေါင်နဲ့ မျက်နှာချင်းဆိုင်ဖြစ်ပါတယ်"

"ကောင်းပါပြီ၊ မတ်လ ၁၅ ရက်နေ့မှာ ဗီဗီယန်ကာဆင်ကို ခင်ဗျား တွေ့မိပါသလား"

"ဟုတ်ကဲ့၊ တွေ့ပါတယ်"

"ဘယ်အချိန်လောက်လဲ"

"မနက် ၁၁ နာရီ ၁၅ မိနစ်၊ ဒါမှမဟုတ် ၁၁ နာရီခွဲလောက်မှာပါ"

"သူဘာလုပ်နေတာကိုတွေ့သလဲ"

"ဗီဗီယန်ကာဆင်ဟာ သူ့ရဲ့ကားဂိုဒေါင်ခန်းကို ဖွင့်ပါတယ်၊ သူ့ကား





ဂိုဒေါင်က နှစ်ခန်းတွဲ ဖြစ်ပါတယ်၊ နှစ်ခန်းအနက် တစ်ခန်းကို ဖွင့်ထားတာ တွေ့ပါတယ်"

"ပြီးတော့ကော"

"ယောကျ်ားတစ်ယောက်က ဂိုဒေါင်ထဲကို ကားတစ်စီးမောင်းသွင်းပါတယ်"

"အဲဒီလူကိုကြည့်လိုက်သေးသလား"

"သေသေချာချာကြည့်လိုက်ပါတယ်"

"သူ့ကို နောက်ထပ်တွေ့သေးသလား"

"ဟုတ်ကဲ့"

"အခုကော အဲဒီလူကိုတွေ့ပါသလား"

"တွေ့ပါတယ်၊ သူဟာ ဒီအမှုမှာ တရားခံတစ်ယောက်ဖြစ်နေတဲ့ မော်လေအီဗင်ပါပဲ၊ ဟိုစားပွဲမှာထိုင်နေတဲ့လူပါ"

"ဗီဗီယန်ကာဆင်ဘေးမှာ ထိုင်နေတဲ့လူလား"

"ဟုတ်ပါတယ်"

"အင်း . . ဒီတော့ သူတို့ အဲဒီနေ့က ကားဂိုဒေါင်မှာ ဘာလုပ်ကြသလဲ"

"ဗီဗီယန်ကာဆင်က ကားဂိုဒေါင်တံခါးကို ဖွင့်ပေးပြီးတဲ့အခါ မော်လေအီဗင်က ကားမောင်းသွင်းပါတယ်၊ ခဏကြာတော့ သူထွက်လာတယ်၊ ဗီဗီယန်က ဂိုဒေါင်တံခါးပိတ်သော့ခတ်တယ်၊ ပြီးတော့ နှစ်ယောက်သား ခပ်သုတ်သုတ်လမ်းလျှောက်ထွက်သွားကြတယ်"

"ဗီဗီယန်ရဲ့အခန်းကိုသွားတာ မဟုတ်ဘူးလား"

"ဟင့်အင်း ဗီဗီယန်အခန်းဘက်ကို တက်သွားတာမမြင်ဘူး၊ လမ်းကြားထဲကနေ တစ်ဖက်ကို ထွက်သွားကြတာပဲ"

"ဒါပါပဲခင်ဗျာ၊ ပြန်လှန်မေးခွန်း မေးနိုင်ပါတယ်"ဟု အစိုးရရှေ့နေက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗယ်ရီမေဆင်က ယဉ်ကျေးသိမ်မွေ့စွာဖြင့် စတင်မေးမြန်းသည်။ "ဒီမယ်ခင်ဗျာ၊ တရားခံတွေက ဂိုဒေါင်ထဲ ကားသွင်းနေချိန်မှာ ခင်ဗျား ဘာလုပ်နေပါသလဲ"

"သူတို့ကို စောင့်ကြည့်နေပါတယ်"ဟု သက်သေအမျိုးသမီးက ခပ်ပြတ်ပြတ် ပြန်ဖြေသည်။

"အဲသလိုကြည့်မနေခင် ခင်ဗျားဘာလုပ်နေပါသလဲ"

"ပြတင်းပေါက်နားမှာ ထိုင်နေတယ်"

"ဗီဗီယန်ရဲ့တိုက်ခန်းဘက်ကို ကြည့်နေတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် သူ့တိုက်ခန်းကို ကျွန်မဘက်က တည့်တည့်မြင်ရတယ်"

"ခင်ဗျား အဲဒီပြတင်းပေါက်နားမှာ ဘယ်လောက်ကြာအောင် ထိုင်နေသလဲ"

"အတော်ကလေးကြာတယ်၊ ဘယ်လောက်ကြာသလဲတော့ မပြောတတ်ဘူး"

"တစ်မနက်ခင်းလုံး ထိုင်နေတာလား"

"အဲ. . . မနက်ခင်းရဲ့ အချိန်အတော်တော်များများ ထိုင်နေခဲ့ပါတယ်"

"အဲဒီနေ့မတိုင်ခင် ညပိုင်းတုန်းကကော ဗီဗီယန်ရဲ့ တိုက်ခန်းကို ခင်ဗျားစောင့်ကြည့်နေခဲ့တာပဲလား"

"ဟုတ်ကဲ့၊ ကျွန်မက စိတ်ဝင်စားစရာတွေကို စောင့်ကြည့်တတ်တဲ့ အကျင့်ရှိတယ်"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ ဗီဗီယန်ဟာ သူ့တိုက်ခန်းကနေ အဝတ်သေတ္တာတွေနဲ့ ထွက်သွားတာတော်တော်ကြာပြီ။ အခန်းကိုပြန်လဲမလာဘူး။ သူဘယ်သွားပြီး ဘာလုပ်တယ်ဆိုတာ ကျွန်မတသိချင်နေတယ်လေ"

"ဒါနဲ့ခင်ဗျားက ဗီဗီယန်ရဲ့ အခန်းကို စောင့်ကြည့်နေတယ်ပေါ့၊





ဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီနေ့က သူတို့ကား ဂိုဒေါင်ထဲကို သွင်းခဲ့တဲ့ ကားအမျိုးအစားနဲ့ ပုံစံကို ခင်ဗျားမပြောနိုင်ဘူးမဟုတ်လား"

"ကားက အစိမ်းရောင်ပဲရှင့်"

"ကားပုံစံနဲ့ အမျိုးအစားတွေကို ခင်ဗျားအနေနဲ့ ခွဲခြားမပြောနိုင်ဘူး မဟုတ်လား"

"ဟုတ်တဲ့၊ ကျွန်မ မပြောတတ်ပါဘူး"

"ခင်ဗျားကားမောင်းတတ်လား"

"ဟင့်အင်း. . . မမောင်းတတ်ဘူး"

"ကိုယ်ပိုင်ကားကော ရှိလား"

"မရှိပါဘူး"

"ကိုယ်ပိုင်ကားကော ပိုင်ဆိုင်ဖူးသလား"

"ကိုယ်ပိုင်ကား မရှိခဲ့ဖူးပါဘူး။ ကျွန်မက ဈေးဝယ်ရင် ဘတ်စ်ကားပဲ စီးသွားတာပဲ "

"ဗီဗီယန် ဂိုဒေါင်ထဲသွင်းတယ်ဆိုတဲ့ ကားနံပါတ်ကို ခင်ဗျား ရေးမှတ်မထားဘူး မဟုတ်လား"

"မမှတ်ထားမိပါဘူး။ ကျွန်မက ကားကိုကြည့်နေတာမဟုတ်ဘူးရှင့် အဲဒီမိန်းမနဲ့ ယောကျ်ားကိုကြည့်နေတာ"

"ဒါဖြင့် ခင်ဗျားဟာ ဗီဗီယန်ကာဆင်ရဲ့ အဝင်အထွက်ကို တမင်စောင့်ကြည့်နေခဲ့တာပေါ့ ဟုတ်လား"

"ဒါကတော့ သူနဲ့သူ့ယောကျ်ား ပြဿနာဖြစ်ကြတာတွေ၊ ကွာရှင်းလို့မှု စွဲဆိုကြတာတွေ သတင်းစာထဲပါထားတော့ ဘာတွေဖြစ်နေသလဲဆိုတာ စိတ်ဝင်စားမိတာပေါ့"

"သတင်းစာထဲပါခဲ့တဲ့ သူ့အကြောင်းတွေ မှားသလား မှန်သလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ခင်ဗျား သိသလား"

"မှန်တယ်မှားတယ် ကျွန်မ မဆိုလိုပါဘူး။ ဗီဗီယန်ကာဆင်အကြောင်း သတင်းစာတွေထဲ ဖတ်ခဲ့ရတယ်၊ ဒါကြောင့် စိတ်ဝင်စားတယ်လို့ ကျွန်မ ပြောခဲ့တာပဲ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားရဲ့ ထွက်ဆိုချက်တွေဟာ အခြေအနေကို ကောင်းကောင်းဖော်ပြနိုင်ပေတာပဲ၊ မစ္စက်ဟင်လီ... အဲ... မစ္စဟင်လီ ၊ ဘယ်လိုခေါ်ရမလဲ"

"မစ္စဟင်လီပါရှင့်၊ တရားရုံးမှာ သက်သေစာရင်းပေးတုန်းက 'မစ္စ' လို့ သေသေချာချာ ပြောခဲ့တာပဲ"

မေဆင်က မသိမသာပြုံးပြီး ဂျူရီလူကြီးများထံ တစ်ချက်လှမ်းကြည့်၍ "အများကြီး ကျေးဇူးတင်ပါတယ်. . . မစ္စဟင်လီ၊ မေးစရာမရှိတော့ပါဘူး" ဟု ပြောလိုက်သည်။

တရားသူကြီးက အစိုးရရှေ့နေအား နောက်ထပ်သက်သေတင်ရန် ညွှန်ကြားသည်။ အစိုးရရှေ့နေ ဗွမ်စဘီက အများဖဲ့ခြသွားမည့်ကိစ္စတစ်ခုကို ဆောင်ရွက်တော့မည့် ဟန်ပန်မျိုးဖြင့် မတ်တတ်ရပ်ပြီး ဇာတ်ဟန်ပါပါ ကြေညာခေါ်ယူလိုက်သည်။

"ရုံးမင်းခင်ဗျား၊ ဒီယခု အလှည့်မှာတော့ နာဒင်းပါးမားကို သက်သေတင်ပါမယ်၊ နာဒင်းပါးမား ကြွပါခင်ဗျား"

နာဒင်းပါးမားထွက်လာပြီး ကျမ်းကျိန်သည်။ သူမသည် ဝတ်စုံအညိုအညိုရောင်သားရေလက်ကိုင်အိတ်နှင့် အညိုရောင်ဖိနပ်တို့ဖြင့် ဆင်ယင်ထားသည်။

"နာမည်က နာဒင်းပါးမားနော်၊ နေရပ်က ခရော့တလီက ရိပ်သာလမ်း အမှတ် ၁၇၂၁၊ ဟုတ်ပါသလား" ဗွမ်စဘီက စမေးသည်။

"ဟုတ်ပါတယ်ရှင့်"

"တရားခံတွေကို ခင်ဗျားသိပါသလား"





"သူတို့နဲ့ ကျွန်မ ပုဂ္ဂိုလ်ရေး မသိကျွမ်းခဲ့ဖူးပါဘူး"

"လော်ရင်းကာဆင်တို့တော မသေခင်သိကျွမ်းဖူးသလား"

"လော်ရင်းကာဆင်ကိုမြင်ဖူးပါတယ်။ စကားပြောဖူးတယ်လို့တော့ မမှတ်မိဘူး၊ မစ္စက်ကာဆင်ကိုလည်း လူချင်းမသိကြပေမယ့် ဘယ်သူ ဘယ်ဝါ ဆိုတာတော့ မြင်ရင်သိပါတယ်၊ ညစ်ခံပွဲတွေမှာ ဆုံဖူးကြပါတယ်"

"ကောင်းပါပြီ၊ မတ်လ ၁၅ ရက်နေ့မနက်က ခင်ဗျား ဘယ်မှာရှိခဲ့ပါသလဲ"

"ဗစ္စတာပွိုင့် ရှုခင်းသာဆီကို ကားမောင်းပြီး ရောက်သွားခဲ့ပါတယ်"

"အဲဒီ ဗစ္စတာရှုခင်းသာ ဆိုတဲ့နေရာဟာ လော်ရင်းကာဆင်က ဆောက်ပြီး မော်လေအီဒင်ကို ရောင်းလိုက်တဲ့အိမ်ကြီးနဲ့ ဘယ်လိုအဆက်အစပ်ရှိသလဲ ပြောပြနိုင်မလား"

"ရှုခင်းသာဟာ အဲဒီအိမ်နဲ့ နှစ်ဖာလုံလောက်ပဲ ဝေးပါတယ်၊ ရှုခင်းသာက လှမ်းမျှော်ကြည့်ရင် အိမ်တိုရော ရေကူးကန်တိုရော အပေါ်စီးမြင်ရပါတယ်"

"ဒါဖြင့် ရှုခင်းသာနေရာဟာ အဲဒီအိမ်ထက် မြင့်မှာပေါ့"

"ဟုတ်တဲ့၊ ဘယ်လောက်မြင့်သလဲတော့ မသိဘူး၊ လှမ်းကြည့်တဲ့အခါ ငုံကြည့်ရတာပဲ၊ အိမ်အမိုးကို အပေါ်စီးက မြင်ရတယ်"

"အိမ်ဆီကို သွားတဲ့လမ်းကိုတော အဲဒီနေရာက မြင်ရသလား"

"ဟင့်အင်း၊ လမ်းကိုတော့ မမြင်ရဘူးရှင့်၊ နောက်ဖေးဘက်က ကွက်လပ်ရယ်၊ ရေကူးကန်ရယ်၊ အိမ်ထဲက အခန်းတွေရယ်ကို လှမ်းမြင်ရတယ်"

"ကောင်းပါပြီ၊ ကိုင်း. . . ဟောဒီ မြေပုံကိုကြည့်ပြီး မတ်လ ၁၅ ညနေ့က ခင်ဗျားရှိနေခဲ့တဲ့ နေရာအနေအထားကို ဂျူရီလူကြီးတွေ သိသာအောင် ပြောပြစမ်းပါဟု"ဟု ဗွမ်စဘီက ရှုခင်းသာနယ်မြေ၏ အဝိုင်းကိုထုတ်ပြပြီး မေးသည်။

မြေပုံကို လှေလာပြီးနောက် နာဒင်းပါးမားက တစ်နေရာတွင် တိတ်



www.burmeseclassic.com

www.burmeseclassic.com



ညိုး ထောက်ပြီး "ကျွန်မ ရှိနေတာ ဒီနေရာမှာပါ"ဟု ပြောသည်။

"ဘယ်အချိန်လောက်လဲ"

"အင်း. . . ခန့်မှန်းခြေ ၁၁ နာရီ ၁၅ မိနစ် ဒါမှမဟုတ် အဲဒီအချိန်သာသာလောက်ပဲ"

"ခင်ဗျားဆီမှာ ကြည့်စရာ ဘာပါခဲ့သလဲ"

"မှန်ပြောင်းပါလာပါတယ်"

"မှန်ပြောင်းနဲ့ဘာလုပ်သလဲ"

"ကာဆင်ရဲ့အိမ်နောက်ပိုင်းကိုစောင့်ကြည့်နေခဲ့ပါတယ်"

"ကာဆင်ရဲ့ အိမ် ဆိုတာ လော်ရင်းကာဆင်က ဆောက်ပေးပြီး မော်လေအီဒင်ကို ရောင်းလိုက်တဲ့အိမ်ကို ဆိုလိုတာလား"

"ဟုတ်ပါတယ်"

"ခင်ဗျား အဲသလိုဘာကြောင့် စောင့်ကြည့်နေခဲ့သလဲ"

"ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု ရှိလို့ပါ၊ ဟိုဒင်းရှင် ...ကျွန်မ ဂုဏ်သိက္ခာကျဆင်းအောင် လော်ရင်းကာဆင်က လီဆယ် လုပ်ကြံခဲ့တယ် ဆိုပြီး ဒေါသထွက်နေတဲ့ ကျွန်မရဲ့မိတ်ဆွေ တစ်ယောက်က ကာဆင်ကို လက်တုံ့ပြန် ဆုံးမမယ်ဆိုပြီး လိုက်ရှာနေခဲ့တယ် ဒါကြောင့် ဘာတွေများ ဖြစ်ကုန်မလဲဆိုပြီး အဲဒီနေရာက ကျွန်မ စောင့်ကြည့်နေခဲ့တာပါ"

"ရှခင်းသာနေရာက ခင်ဗျားလှမ်းကြည့်နေချိန်မှာ လှုပ်ရှားမှုတစ်ခု တွေ့ခဲ့ရသလား"

"ဟုတ်ကဲ့"

"ဂျူရီလူကြီးတွေကို အဲဒီအကြောင်း ပြောပြနိုင်မလား"

"ဒီလိုပါရှင် ကျွန်မ ပထမကြည့်နေတုန်းတော့ အိမ်ထဲမှာ ဘယ်သူမှ မရှိသလိုပဲ၊ ပြီးတော့. . ."

"သက်သေအနေနဲ့ ထင်မြင်ချက်ကိုပြောဖို့မလိုပါဘူးလေ။ မြင်တာကိုသာ ပြောပါ" အွမ်စဘီတ ဝင်ထောက်သည်။





"ဟုတ်ကဲ့၊ ကျွန်မကားကို ရပ်ထားပြီး ကားထဲက ထွက်ပါတယ်၊ ပြီးတော့ အဲဒီအိမ်ဘက်ကို မှန်ပြောင်းနဲ့ စောင့်ကြည့်နေခဲ့ပါတယ်၊ မှန်ပြောင်းက မျက်လုံးခွာပြီး ခဏနားလိုက်ပြန်ကြည့်လိုက် လုပ်နေခဲ့ပါတယ် အတော်တလေးကြာတော့ စိတ်ဝင်စားစရာ တစ်ခုတွေ့တာနဲ့ မှန်ပြောင်းနဲ့ သေသေချာချာကြည့်နေခဲ့ပါတယ်"

"ပထမဆုံး ဘာမြင်သလဲ"

"လော်ရင်းကာဆင်ကိုမြင်ရပါတယ်"

"သူ့ကို ဘယ်နေရာမှာ မြင်သလဲ"

"အိမ်ရဲ့ မီးဖိုဆောင်ဘက်မှာ"

"ခဏနေပါဦး။ မှတ်တမ်းတင်တဲ့အခါ ပေါ်လွင်အောင် အိမ်ရဲ့ အနေအထားကိုဖော်ပြဖို့လိုမယ်။ အဲဒီအိမ်ကြီးကို သံဆူးကြိုးနဲ့ အလယ်တည့်တည့်က နှစ်ပိုင်းပိုင်းခြားထားတယ်နော်၊ ခင်ဗျား တွေ့ခဲ့တယ်မဟုတ်လား"

"ဪ... ဟုတ်ပါတယ်"

"သံဆူးကြိုးရဲ့တစ်ဖက်ခြမ်းမှာ မီးဖိုဆောင် ရှိနေပြီး တစ်ဖက်ခြမ်းမှာ အိပ်ခန်းတွေနဲ့ ဧည့်ခန်းရှိတယ်၊ ဒီတော့ လော်ရင်းကာဆင်ကို ခင်ဗျား လှမ်းမြင်ရတယ်ဆိုတာ ဘယ်ဘက်အခြမ်းလဲ"

"မီးဖိုဆောင်ရှိတဲ့ အခြမ်းပါ"

"ခင်ဗျားကြည့်တဲ့မှန်ပြောင်းရဲ့ ချဲ့အားဘယ်လောက်ရှိသလဲသိလား"

"သိပါတယ် ရှစ်ဆအားပါ"

"သဲသဲကွဲကွဲမြင်ရသလား"

"သဲသဲကွဲကွဲမြင်ရပါတယ်"

"လော်ရင်းကာဆင်လို့မှတ်မိသလား"

"မှတ်မိပါတယ်",

"သူဘာလုပ်နေတယ်ဆိုတာကော မြင်ရသလား"

"သူဟာ ရေကူးကန်လှေတားဘေးမှာ ရေထဲကို ကုန်းနေတာ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်မမှန်ပြောင်းကို ချိန်သားကိုက်ပြီး သေသေချာချာ ကြည့်တော့”

“ဟုတ်ပြီ. . . ဘာတွေ့သလဲ”

“မစ္စတာကာဆင်ဟာ အင်္ဂတေလှေကားထစ်တွေအောက်မှာ ရေကူးကန်နှုတ်ခမ်းပေါ် ဒူးထောက်နေတာ တွေ့ပါတယ်”

“သူ့အောက်မှာကော ဘာတွေ့သလဲ”

“သားရေလက်ဆွဲ သေတ္တာတစ်လုံးကို တွေ့ပါတယ်”

“ကောင်းပါပြီ၊ မစ္စတာကာဆင် ဘာလုပ်တာကိုတွေ့ရသေးသလဲ”

“သူဟာ ဒူးထောက်ပြီး ကုန်းနေတယ်၊ ပြီးတော့ ညာဘက်လက်ကို ရေထဲနှစ်တယ်၊ တစ်စုံတစ်ခုကိုဆွဲလိုက်သလိုတွေ့ရတယ်။ ချက်ချင်းလိုလိုပဲ ရေကူးကန်နှုတ်ခမ်းစကြီလမ်းမှာ အံဖုံးတစ်ခုပွင့်လာတာ တွေ့ရတယ်”

“ဒီတော့ မစ္စတာကာဆင်က ဘာလုပ်သလဲ”

“ကာဆင်က သူ့လက်ဆွဲသေတ္တာထဲက စာရွက်တွေယူထုတ်ပြီးအံဖုံးအောက်က ကျင်းထဲကိုထည့်တယ်၊ ပြီးတော့ အံဖုံးကို ပြန်ပိတ်တယ်”

“ဆက်ပြောပါ၊ တခြားဘာထပ်တွေ့သေးသလဲ”

“ပြီးတော့ အိမ်ထဲကို ကာဆင်ဝင်သွားတယ်၊ အဲဒီတုန်းမှာပဲ အိမ်ရဲ့တစ်ဖက်ခြမ်းက. . .”

“နေဦး၊ ကာဆင်ဝင်သွားတယ်ဆိုတာ အိမ်ရဲ့ဘယ်ဘက်အခြမ်းလဲ”

“မီးဖိုဆောင်ဘက်အခြမ်းကို ဝင်သွားတာပါ”

“ဒီတော့ အခုပြောတဲ့ တစ်ဖက်အခြမ်းဆိုတာက ဘယ်နေရာကို ဆိုချင်တာလဲ”

“အိပ်ခန်းတွေရှိတဲ့ဘက် အခြမ်းကိုပြောတာပါ”

“ဆက်ပြောပါ၊ အဲဒီဘက်အခြမ်းက ဘာဖြစ်သလဲ”

“မိန်းမတစ်ယောက် တိုယ်လုံးတီးနဲ့ ပြေးထွက်လာပြီး ရေကူးကန်ထဲ လှစ်ခနဲ ဆင်းသွားတယ်”

“ခင်ဗျားက မှန်ပြောင်းနဲ့ ကြည့်နေတာနော်၊ ဟုတ်လား”





“ဟုတ်ပါတယ်”

“အဲဒီမိန်းမကို မှတ်မိလား”

“ဘယ်သူဘယ်ဝါဆိုတာ တိတိကျကျတော့ မပြောနိုင်ပါဘူးရှင် ဒါပေမယ့် ကျွန်မထင်တာက. . . .”

ဤတွင် ပယ်ရီမေဆင်က ကြားဖြတ်၍“ခဏနေပါဦး၊ သက်သေဟာ မေးခွန်းကိုဖြေပြီးနေပါပြီ၊ ဘယ်သူဘယ်ဝါဆိုတာ တိတိကျကျမပြောနိုင်ပါဘူးလို့ ဖြေပြီးပါပြီ၊ ဘယ်သူလို့ထင်ပါတယ်ဆိုပြီး ဆက်ပြောစရာ မလိုတော့ပါဘူး”

အွမ်စဘီက “ဒါကတော့ သက်သေအနေနဲ့ အဲဒီအမျိုးသမီးဟာ ဘယ်သူဘယ်ဝါဆိုတာ အတော်ကလေး သေချာပေမယ့် သူထင်သလို မဟုတ်ဘဲ လွဲမှားချင် လွဲမှားနိုင်တယ်လို့ ယူဆတာကြောင့် မှုမှုတတ ဖြေသွားတာ ဖြစ်ပါတယ်”ဟု ရှင်းပြသည်။

မေဆင်က“တရားလို အကျိုးဆောင်ကြီးအနေနဲ့ သက်သေရဲ့ ထွက်ဆိုချက်ကို အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ တာဝန်မရှိပါဘူး။ သက်သေဟာ အင်္ဂလိပ်ဘာသာစကားနဲ့ ဖြေသွားတာပါ။ ကျွန်တော်ဟာ တရားလိုအကျိုးဆောင်ကြီးနည်းတူ အင်္ဂလိပ်ဘာသာစကားကို နားလည်ပါတယ်”

တရားသူကြီးက မျက်မှောင်ကြုတ်၍ ဝင်ပြောသည်။ “သက်သေကို မေးစမ်းပါရစေ၊ ကျုပ်တို့ ကြားဖြတ်ပြီး ဝင်မပြောကြဖို့ အကျိုးဆောင်ကြီးတွေကို မေတ္တာရပ်ပါတယ်။ ကိုင်း. . . မစ္စက်ဝါးမား ရေကူးကန်ထဲ ဆင်းသွားတဲ့ အမျိုးသမီးဟာ ရေကူးဝတ်စုံတောင် ဝတ်မထားဘူးလား”

“ဘာမှ ဝတ်မထားပါဘူး”

“သူက ဘာလုပ်သလဲ”

“အိပ်ခန်းရှိတဲ့ဘက်က နောက်ဖေးပေါက်ကနေ အပြေးကလေးထွက်လာပြီး ရေကူးကန်ထဲ စွပ်ခနဲခုန်ချသွားတာပဲ။ ပြီးတော့ ဖျံမကလေးအစ်တောင်လို ရေကူးသွားတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ပြေးထွက်လာခဲ့တာလား"

"ဟုတ်ကဲ့ပြေးထွက်လာခဲ့တာပါ"

"ခင်ဗျားက မှန်ပြောင်းနဲ့ ကြည့်နေတာနော် ဟုတ်စ"

"ဟုတ်ပါတယ်၊ မှန်ပြောင်းနဲ့ ကြည့်နေတာပါ။ ဒါပေမယ့် အမျိုးသမီးက သိပ်မြန်လွန်းတော့ သူ့လှုပ်ရှားမှုအားလုံးကို မှန်ပြောင်းနဲ့ လိုက်ကြည့်ဖို့ မမီပါဘူး"

"သေသေချာချာတော့ မြင်လိုက်သလား"

"ဖျတ်ခနဲ တွေ့လိုက်တဲ့သဘောပါပဲ"

"အဲဒီအမျိုးသမီး ဘယ်သူဆိုတာ ကျမ်းကျိန်ပြီး ပြောနိုင်မလား"

"အဲသလောက် အတိအကျကြီး မပြောနိုင်ပါဘူး၊ ဘယ်သူဘယ်ဝါဆိုတာ ပုံဖမ်းမိတာတော့ ရှိပါတယ်"

တရားသူကြီးက "ကောင်းပြီ၊ ခုအတိုင်းဆိုသက်သေဟာ ရေကူးကန်ထဲ ခုန်ဆင်းသွားသူကို မည်သူမည်ဝါ ဖြစ်ကြောင်းသိတယ်လို့ ယူဆတာပဲရှိတယ်၊ အတိအကျမှတ်မိပါတယ်လို့ မပြောနိုင်သေဘူး။ ဒီတော့ တရားလိုအကျိုးဆောင်ကြီးအနေနဲ့ ခိုင်လုံတဲ့ အချက်ကိုသာ မေးဖို့သင့်ပါတယ်" ဟု ဆုံးဖြတ်လိုက်သည်။

အွမ်စဘီက "ဟုတ်ကဲ့၊ ကျွန်တော်ဆက်မေးပါ့မယ်"ဟု ဆိုကာ သက်သေဘက်သို့လှည့်၍ "အဲဒီအမျိုးသမီးဟာ ရေကူးကန်ထဲ ခုန်ဆင်းပြီး ရေကူးသွားတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ဖျံမကလေး တစ်ကောင်လို ကူးသွားပါတယ်"

"ရေကူးပြီး သူဘာလုပ်သလဲ"

"ရေကူးကန်ရဲ့ အနိမ့်ပိုင်းဘက်ဆီမှာ လှေကားတွေက တက်ပြီး တစ်စုံတစ်ခုကိုလက်နဲ့ ဆွဲလိုက်ပါတယ်။ ခုနက လော်ရင်းကာဆင် ဆွဲတဲ့နေရာပဲ၊ စကြိုလမ်းက အံဖုံးလည်းပွင့်သွားပါတယ်။ သူဟာ အဲဒီကျင်းထဲက စာရွက်တွေကို ယူပြီး အိတ်တစ်အိတ်ထဲ ထည့်ပါတယ်၊ အိတ်က ပလတ်





စတစ်အိတ် အဖြူရောင်၊ သူနဲ့အတူပါလာတာပါ"

"အဲဒီလို စာရွက်တွေလှမ်းယူပြီး ထည့်နေချိန် သူ့ကိုခင်ဗျားတောင်းတောင်းမြင်ရမှာပေါ့"

"အဲဒီအချိန်မှာ သူကကျောပေးလျက် အနေအထားရှိနေပါတယ်"

"ခင်ဗျားက မှန်ပြောင်းနဲ့ ကြည့်နေတာမဟုတ်လား"

"ဟုတ်ပါတယ်"

"ပြီးတော့ ခင်ဗျားဘာလုပ်သလဲ"

"ဘာတွေဖြစ်တယ်ဆိုတာ စဉ်းစားမိတာနဲ့"

"စဉ်းစားမိတာကို ပြောစရာမလိုပါဘူးလေ၊ ခင်ဗျားဘာလုပ်သလဲဆိုတာသာ ပြောပါ"

"ဟုတ်တဲ့တွန်မဟာ မှန်ပြောင်းကို ကားကူရှင်ပေါ် ပစ်ချပြီး ပြေးသွားပါတယ်"

"ဘယ်ကိုပြေးသွားတာလဲ"

"ကာဆင်အိမ်ရဲ့ ရေကူးကန်ဘက်ကို သွားတဲ့လမ်းကလေးအတိုင်း ပြေးဆင်းသွားတာပါ"

"အဲဒီလမ်းရှိနေတာ ခင်ဗျားသိလို့လား"

"ဟုတ်ကဲ့၊ သိပါတယ်"

"ဘယ်လောက်ကြာအောင်ပြေးရသလဲ"

"သိပ်မကြာလှပါဘူး၊ အဲ. . . . ကိုက် ၂၀၀ လောက် ဝေးလိမ့်မယ်ထင်တယ်"

"ပြေးဆင်းလာတုန်းမှာ ရေကူးကန် ဒါမှမဟုတ် အိမ်ကိုမြင်ရသလား"

"မမြင်ရပါဘူး၊ ချုံတွေကွယ်နေပါတယ်"

"ချုံတွေ လွန်လာတော့ကော ဘယ်နေရာလောက်မှာ ရောက်နေလဲ၊ မြေပုံကြည့်ပြီး ပြောပြပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာလောက်မှာပါ"ဟု သက်သေ နာဒင်းပါးမားက မြေပုံပေါ်မှ တစ်နေရာကိုထောက်ပြသည်။

"ဟုတ်ပြီ၊ အဲဒီနေရာကို ကျူပ်ဝိုင်းပြီး မှတ်ထားမယ်၊ အဲဒီ နေရာက နေ အိမ်ကို ရှင်ရှင်းလင်းလင်းမြင်ရပြီပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ပြီးတော့ ခင်ဗျားဘာလုပ်သလဲ"

"အိမ်ဘက်ကို ခပ်မြန်မြန်လျှောက်သွားပါတယ်၊ မောတော့ အတော် မောနေတယ်။ ဒါပေမယ့် အတော်မြန်မြန်ရောက်အောင် သွားခဲ့ပါတယ်"

"ဒီတော့ ခင်ဗျားဘာမြင်ရသလဲ"

"ဘာမှမမြင်ရပါဘူး"

"ရေကူးကန်မှာကော"

"ဘယ်သူမှ မရှိပါဘူး "

"ပွင့်နေတဲ့အဲဖုံးကကော"

"အဲဖုံးတံခါးက ပွင့်လျက်သား ရှိနေပါတယ်"

"အဲဒီတော့ ခင်ဗျား ဘာလုပ်သလဲ"

"ရေကူးတန်ဘေးက ကွက်လပ်ဆီကိုရှေ့တိုးပြီး သွားပါတယ်။ အဲဒီ တုန်းမှာ အိမ်ထဲက ခပ်အုပ်အုပ်အသံတချို့ ကြားရပါတယ်"

"ခင်ဗျားက အဲဒီအချိန်မှာ အိပ်ခန်းတွေရှိတဲ့ ဘက်မှာလား"

"ဟုတ်ပါတယ်"

"ဒီတော့ ခင်ဗျားဘာလုပ်သလဲ"

"အိမ်နံရံနားကို ကပ်သွားပါတယ်"

"ပြီးတော့ ဘာဖြစ်သလဲ"

"အိမ်ထဲမှာပြောနေကြတာတွေကို ကြားရပါတယ်"

"ဘာတွေပြောနေကြသလဲ"

အစိုးရရှေ့နေ၏ အမေးကို သက်သေက မဖြေရသေးမီ ပယ်ရီ





မေဆင်က ထ၍ "နေပါဦး၊ စကားပြောနေကြတာ ဘယ်သူတွေဆိုတာ အလျှင်ဖော်ဦးမှပေါ့ "

"လာမယ်လေ၊ မေးမှာပေါ့" ဟု အွမ်စဘီက ပြန်ပြောသည်။

"အဲဒါကို အလျှင်မေးဖို့ လိုမယ်ထင်တယ်"ဟု မေဆင်က ပြောသည်။

"ကောင်းပြီလေ၊ မေးဆိုလည်း မေးရတာပေါ့။ ကိုင်း. . မစ္စတ်ပါးမား အိမ်ထဲမှာ စကားပြောနေကြသူတွေကိုခင်ဗျားမြင်ရသလား"

"အဲဒီအချိန် ချက်ချင်းတော့မမြင်ရဘူး။ ခဏကြာတော့ မြင်ရတယ်"

"သူတို့ဘယ်သူတွေလဲ"

"တရားခံ ဗီဗီယန်နဲ့ မော်လေအီဒင်တို့ ဖြစ်ကြပါတယ်"

"သူတို့ဘယ်နေရာမှာ စကားပြောနေကြသလဲ"

"ဧည့်ခန်းထဲမှာပါ"

"အဲဒီနေရာက ပြောနေကြတာကို ရေကူးကန်နားက ကြားရသလား"

"ဟုတ်ကဲ့၊ မှန်တရှုတ်ကပ် တံခါးတွေကပွင့်နေတော့ ကောင်းကောင်း ကြားရပါတယ်"

"သူတို့ ဘာပြောနေကြတာကို ကြားသလဲ၊ ဘာတွေပြောနေကြ သလဲ"

"အမျိုးသမီးကပြောတယ်. . . "

"အမျိုးသမီးဆိုတာ ဘယ်သူလဲ"

"တရားခံ ဗီဗီယန်ကာဆင်ပါ"

"ကောင်းပြီ၊ ဗီဗီယန်ကာဆင်က ဘာပြောသလဲ"

"ဒါလင်၊ ကျွန်မတို့တော့ ပြဿနာပေါ်ပြီထင်တယ်လို့ အမျိုးသမီးက ပြောပါတယ်"

"ဆက်ပြောပါ၊ ဘာတွေပြောကြသလဲ"

"မော်လေအီဒင်က ကိုယ်တို့ပြဿနာဖြစ်စရာ မရှိပါဘူး။ ခိုတ်စွာဆို



www.burmeseclassic.com

www.burmeseclassic.com



ထိုယ်တို့ကဘယ်သူမှမပြောဘဲ သတင်းထောက်တွေက အလောင်းကို တွေ့သွားအောင် လုပ်ရလိမ့်မယ်။ မကြာခင်မှာ ရွှေနေကြီး ပယ်ရီမေဆွင်က ဒီအိမ်မှာ သတင်းစာရှင်းလင်းပွဲလုပ်ဖို့ စီစဉ်ထားတယ်။ သတင်းထောက်တွေ ရောက်လာရင် အလောင်းကို သူတို့စတွေ့ကြမှာပဲ။ ကိုယ်က ဘာမှ မသိသလို နေလိုက်မယ်လို့ ပြောပါတယ်"

နာဒင်းပါးမားက ခေတ္တနားပြီး ဆက်ပြောသည်။

"အဲဒီတော့ ဗီဗီယန်က ဒါပေမယ့် ဓားမြှောင်ကိစ္စက ဘယ်လိုလုပ်မလဲ ဒီဓားမြှောင်ဟာ ကျွန်မရဲ့ မီးဖိုဆောင်ထဲက ဓားမြှောင်ရှင့်လို့ ပြောတယ်။ အိဗင်က အလားတူဓားမြှောင်တစ်ချောင်းရအောင်ရှာပြီး အစားထိုးထည့်ထားရမှာပေါ့၊ ဒီကိစ္စမှာ ကိုယ်တို့အပြစ်မကျအောင် လုပ်ရလိမ့်မယ်။ ကိုယ်တို့ နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိခဲ့ကြပြီ မဟုတ်လား ကိုယ်တို့ ပျော်ပျော်နေနိုင်ဖို့အတွက် ဖန်တီးရမှာပဲလို့ ပြန်ပြောပါတယ်"

"ပြီးတော့တော ဘာဖြစ်သလဲ"

"ပြီးတော့ သူတို့လှုပ်ရှားသံကြားရတယ်။ ကျွန်မက သူတို့ ရေကူးကန်ဆီ လာနေတယ်လို့ထင်တယ်။ ဒါနဲ့ ခဏငြိမ်နေပြီး အိမ်နံရံထောင့်မှာ ကပ်ပြီး ပုန်းနေတယ်"

"ပြီးတော့ကော"

"တံခါးပိတ်သံကြားရတယ်၊ ဒီတော့မှ သူတို့ထွက်သွားကြပြီလို့ သိလိုက်ပါတယ်။ အိမ်ထဲမှာတော့ တိတ်ဆိတ်ကျန်ခဲ့တာပဲ"

"အဲဒီတော့ ခင်ဗျားကဘာလုပ်သလဲ"

"လာလမ်းအတိုင်းပြန်ခဲ့ပြီး ကားနဲ့အိမ်ပြန်လာခဲ့ပါတယ်"

"အိမ်ကိုဘယ်အချိန်ရောက်သလဲ"

"၁၁နာရီခွဲကျော်ကျော်လောက် ပြန်ရောက်ပါတယ်"

"ပြီးတော့ ခင်ဗျားဘာလုပ်သလဲ"





"ရဲအဖွဲ့ကို ကျွန်မသတင်းမပေးပါဘူး။ ဘာတွေဖြစ်တယ်ဆိုတာ ကျွန်မ အသေအချာလည်း မသိခဲ့ဘူးလေ၊ ကျွန်မကို အမှုပတ်မှာလည်း ကြောက်တယ်"

"ကောင်းပြီ၊ ကျုပ်မေးစရာရှိတာ ထပ်မေးပါရစေ။ အဝတ်မဝါဘဲ အိမ်ထဲက ပြေးထွက်လာပြီး ရေကူးကန်ထဲ ခုန်ဆင်းတဲ့ အမျိုးသမီးကို ခင်ဗျားမှတ်မိသလား"

"မှတ်မိတယ်ထင်ပါတယ်"

"ထင်ပါတယ်ဆိုတာမပြောဘဲ တိတိကျကျပြောရင် ကောင်းမယ်။ တစ်ဖက်ရွှေနေကြီးက ဒီစကားကို အခွင့်ကောင်းယူပြီး ချေပနေလိမ့်မယ်။ ဒါကြောင့်မှတ်မိတာကို ပြောပြစမ်းပါ၊ သူဘယ်သူလဲ သိသလား"

"ကျွန်မ အနီးစပ်ဆုံးပြောနိုင်တာက အဲဒီအမျိုးသမီးဟာ တရားခံ ဗီဗီယန်ကာဆင်ဖြစ်ပါတယ်"

အွမ်စဘီက မေဆင်ကို ခပ်ပြုံးပြုံးကြည့်ပြီး "ပြန်လှန်မေးခွန်းထုတ်နိုင်ပါပြီ အကျိုးဆောင်ကြီး"ဟု ပြောလိုက်သည်။

မေဆင်က ထပြီး ဆက်မေးသည်။ "ဗီဗီယန်ကာဆင်ဖြစ်တယ်ဆိုတာ အနီးစပ်ဆုံးပြောတာမဟုတ်လား"

သက်သေက ခေါင်းညိတ်ဖြေသည်။

"လုံးလုံးလျားလျား သေချာတာ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး"

"ဗီဗီယန်ပါပဲလို့တော့ ကျမ်းကျိန်မဆိုနိုင်ဘူး မဟုတ်လား"

"ဟုတ်ကဲ့၊ အဲသလိုတော့ မပြောနိုင်ပါဘူး"

"ခင်ဗျားအိမ်ပြန်ရောက်တော့ ဘာလုပ်သလဲ"

"ရေချိုးပါတယ်"

"ဘာကြောင့်ရေချိုးသလဲ"

"အို. . . ဒါကတော့ ဒီလိုလေ၊ ဖုန်တွေဘာတွေလည်း ပေလာတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဒါကြောင့် ရေချိုးလိုက်တာပဲ"

"ခင်ဗျားရေချိုးနေတုန်း ဧည့်သည်တစ်ယောက် ရောက်လာတယ် မဟုတ်လား"

"ရေချိုးပြီးခါစမှာရောက်လာတာပါ။ ဘာလဲ ရှင်ကျွန်မဆီရောက်လာတာကိုပြောမလို့ မဟုတ်လား မစ္စတာမေဆင်"

"ခင်ဗျား အမှန်အတိုင်းပြောအောင် မေးနေတာပဲ။ ခင်ဗျားဆီ ဧည့်သည် လာတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ဘယ်သူလာသလဲ"

"ရှင်ပေါ့"

"ကောင်းပြီ၊ ကျုပ်နဲ့ခင်ဗျား စကားပြောခဲ့သေးသလား"

ဗွမ်စဘီက ထပြောသည်။ "ဒါဟာ အမှုနဲ့မသက်ဆိုင်တာကို မေးနေတာ ဖြစ်ပါတယ်၊ မေးရိုးမေးစဉ် ပြန်လှန်မေးခွန်း မဟုတ်ပါဘူး"

တရားသူကြီးက "သူတို့စကားပြောခဲ့ကြတဲ့အကြောင်းကို မေးတာဟာ ပြဿနာ ဘာမှမရှိနိုင်ဘူးထင်တယ် မဟုတ်ဘူးလား အစိုးရ ရှေ့နေကြီး" ဟု စိတ်မရှည်ဟန်ဖြင့် မေးသည်။

"မပြောနိုင်ပါဘူး၊ ပြဿနာရှိချင်လည်း ရှိနိုင်ပါလိမ့်မယ်"

မေဆင်က "ကျွန်တော်တို့ စကားပြောခဲ့ကြပုံကို မေးရတာက သက်သေဟာ အဲဒီအချိန်မှာ တစ်စုံတစ်ရာကို ထိန်ချန်ဖုံးကွယ်ထားခဲ့တယ်ဆိုတာ ဖော်ထုတ်ချင်လို့ ဖြစ်ပါတယ်"

"အို... ဒါကတော့ သူဘာတွေ တွေ့ခဲ့မြင်ခဲ့တယ်ဆိုတာ ခင်ဗျားကိုပြောဖို့ တာဝန်မရှိဘူးလေ"ဟု ဗွမ်စဘီက ဝင်ပြောသည်။

တရားသူကြီးက နာရီကိုမော်ကြည့်ပြီး "ကိုင်း... မွန်းလွဲပိုင်း ပြန်စစ်တော့မှ ဒီအကြောင်း ဆက်ကြတာပေါ့။ အခု ၁၂ နာရီတောင်ကျော်သွားပြီ။ ရုံးတော်ကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်အထိ ရွှေ့ဆိုင်းမယ်၊ ဒီကြား





ထဲမှာ ဂျူရီအဖွဲ့ဝင်များအနေနဲ့ ဒီအမှုအကြောင်း ထင်မြင်ချက်ပေးခြင်း တရားခံတွေ အပြစ်ရှိမရှိ ဆွေးနွေးခြင်း မပြုကြပါနဲ့။ တခြားသူတွေက မိမိတို့ရှေ့မှာ ဆွေးနွေးနှီးနှောခြင်းကိုလည်း ခွင့်မပြုကြပါနဲ့ "

တရားစစ်ဆေးခြင်းကို လာရောက်နားထောင်သူများ အခန်းတွင်းမှ ထွက်ခွာနေကြချိန်တွင် မေဆင်က သူ၏အမှုသည်များဘက်သို့ လှည့်ပြီး အစောင့်ရဲအရာရှိအား အမှုသည်များနှင့် သီးသန့်ဆွေးနွေးလိုကြောင်း အမူအရာဖြင့်ပြ၍ ဖယ်ခိုင်းလိုက်သည်။ ထို့နောက် မေဆင်က အသံနိမ့်၍ "ကိုင်း. . . မိတ်ဆွေတို့၊ ခုအတိုင်းဆို ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျုပ်ကို ပြောပြဖို့ကောင်းပြီ"ဟု တရားခံနှစ်ယောက်ကို ပြောလိုက်သည်။ အီဒင်က ခေါင်းခါ၍သာ ပြောသည်၊ ဗီဗီယန်က မျက်ရည်မကျအောင် အားတင်း၍ နေသည်။

"တစ်ခုချင်း ပြန်မေးရအောင်ဗျာ။ ကာဆင်ရဲ့တားကို ဗီဗီယန်ရဲ့ ဝိုဒေါ်ထဲ ခင်ဗျားတို့ သွင်းခဲ့တယ်ဆိုတာ ဟုတ်လား၊ သက်သေအမျိုးသမီးကြီး လူမှားပြီး ပြောတာလား"

အီဒင်က "ဟုတ်ပါတယ်၊ သက်သေက အမှန်အတိုင်းပြောသွားတာပါ။ တားကိုသွင်းခဲ့တာ ကျွန်တော်တို့ပါပဲ "

"အလို. . . ဘာကြောင့် ခင်ဗျားတို့ အဲသလိုလုပ်ခဲ့ကြသလဲ" မေဆင်က ဒေါသဖြင့် မေးသည်။

"အဖြစ်မှန်တွေအားလုံး ဆရာသိရင် ဒီနည်းအပြင် တခြားလုပ်စရာ မရှိဘူးလို့ နားလည်မှာပါ"

"ဒါဖြင့် အဖြစ်မှန်ကိုပြောလေ၊ ဘာကြောင့် ကာဆင်ရဲ့တားကို ဝိုဒေါင်ထဲထည့်ခဲ့ကြသလဲ"

"ဘာကြောင့်လဲဆိုတော့ ကာဆင်ရဲ့ တားဟာ ဗီဗီယန်ရဲ့ တိုက်ခန်းရှေ့ လမ်းဘေးကားရပ်တဲ့နေရာမှာ ရှိနေခဲ့လို့ပါ ဆရာ၊ ကာဆင်ရဲ့တားကို ဗီဗီယန်ရဲ့တိုက်ခန်းရှေ့မှာတွေ့ရင် ပို့ရှုပ်ကုန်မှာစိုးလို့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် တာဆင်ရဲ့ကားဟာ ဗီဗီယန်ရဲ့ တိုက်ခန်းရှေ့ကို ရောက်နေတယ်ပေါ့"

"ဟုတ်ပါတယ်ဆရာ၊ မနက်လင်းအားကြီး ၄ နာရီလောက်မှာ တာဆင်ရဲ့ကားရပ်ထားပါတယ်၊ ရပ်ချိန်လွန်နေလို့ ဒဏ်တပ်တဲ့ကတ်ပြားတောင် အချိတ်ခံထားရပါတယ်၊ သူ့ကားကို အဲသလိုတွေ့ရင် တာဆင်နဲ့ ကျွန်မ လင်မယားပြန်ပေါင်းထုပ်နေကြပြီလို့ ထင်စရာဖြစ်သွားနိုင်တယ်"ဟု ဗီဗီယန်က ဝင်ပြောသည်။

"တာဆင်က သူ့ကားကိုဘာကြောင့် ခင်ဗျားရဲ့ တိုက်ခန်းရှေ့လာရပ်ထားသလဲ"

"ဒါတော့ ကျွန်မ မသိပါဘူး။ တာဆင်ဟာ ညဏ်နီညဏ်နက်ဆင်ပြီး အကြံနဲ့လာထားတာဖြစ်မှာပဲ၊ ဒဏ်တပ်ကတ်ပြားအချိတ်ခံရအောင် တမင်ရပ်ထားခဲ့တာဖြစ်မယ်"

"ခင်ဗျားတို့နှစ်ယောက် မြို့ထဲကို အတူရောက်နေကြတာကကော ဘယ်လိုလဲ"

အီဒင်က "ဝမ်းနည်းပါတယ်ဆရာ၊ ကျွန်တော်တို့ ထုတ်ပြောလို့ ရနိုင်သလောက် ဆရာ့ကိုပြောပြပြီးပါပြီ။ ရှေ့နေတစ်ယောက်အနေနဲ့ ဆရာလုပ်သင့်တာကိုသာ ဆက်လုပ်ပါတော့။ ကျွန်တော်တို့ဟာ သွေးအေးအေးနဲ့ လူသတ်ခဲ့တယ်လို့ ဆရာထင်ချင်လည်းထင်ပါ၊ ဒါပေမယ့် ရှေ့နေတစ်ယောက်အနေနဲ့ တစ်ဖက်ကတင်ပြတဲ့ အထောက်အထားတွေထဲကလိုပေါက်ကိုရှာပြီး တတ်နိုင်သမျှ ခုခံပေးပါဆရာ၊ ဒါလောက်ပဲ ကျွန်တော်တို့မျှော်လင့်ပါတယ်"

"ခက်တော့တာပဲဗျာ၊ ခင်ဗျားတို့ တိုယ့်သေတွင်း ကိုယ်တူးနေကြတာလား"

"မဟုတ်ပါဘူးဆရာ၊ ကျွန်တော်တို့ကိုအပြစ်ရှိတယ်လို့ ဆုံးဖြတ်ရင်တော့ သေဖို့ပဲရှိတယ်။ အပြစ်မရှိဘူးဆုံးဖြတ်ရင်လည်း လူကြားထဲ ခေါင်း





ဖော်ပြီး နေနိုင်တဲ့ဘဝကို ပြန်လိုချင်တယ်၊ ဒါလောက်ပဲပြောပါရစေဆရာ ကျွန်တော်တို့တာဆင်ကို မသတ်တာတော့ အမှန်ပါ"

ထိုအချိန်တွင် ခပ်လှမ်းလှမ်းမှစောင့်နေသော အစောင့်ရဲများက စိတ်မရှည်တော့ဟန်ဖြင့် ချဉ်းတပ်လာသည်။ မေဆင်က ပခုံးများကိုတွန့်၍ "ကောင်းပြီ၊ သူတို့ကို ခေါ်သွားပေတော့" ဟု ပြောလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ပယ်ရိုမဆင်၊ ဒယ်လာစထရိနှင့် ပေါလ်ဒရိတ်တို့သည် တရားရုံးအနီးရှိ အီတလီစားသောက်ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာ စားနေကြသည်။

ဒရိတ်က "ဒီအမှုမှာ ပတ်ဝန်းကျင် အထောက်အထားတွေ ရှိနေတယ်လို့ ခင်ဗျားပြောခဲ့တယ်နော်၊ ဘယ်လိုလဲ"ဟု မေးသည်။

"အေး. . အထောက်အထားတွေကတော့ ရှိနေတာပဲ၊ ဒါပေမယ့် အဓိပ္ပာယ်ဖော်လို့ မရတာတွေလည်း ရှိနေတယ်ကွ"

"ကျွန်တော်တို့ဘက်ကတော့ အကောင်းဆုံးလုပ်နိုင်သမျှတော့ လုပ်ခဲ့တာပဲဗျာ"

ဒယ်လာက "ဒီမနက် ဆရာမေးမြန်းခဲ့တာတွေဟာ အကောင်းဆုံးကြိုးစားသွားတာပဲ။ သူတို့တင်တဲ့ အထောက်အထားတွေကို အများကြီး ပြန်ဖျက်နိုင်ခဲ့တယ် မဟုတ်လား"

"ဒါပေမယ့်ကွယ် နာဒင်းပါးမားရဲ့ ထွက်ဆိုချက်တွေကို ဖျက်ဖို့က





တော့ မလွယ်ဘူးကွယ့်"

"နာဒင်းပါးမားဟာ အမှန်တွေ ထွက်ဆိုသွားတယ်လို့ ဆရာထင်သလား"

"မသိတော့ဘူး ဒယ်လာရယ်"

"ဆိုပါစို့ဗျာ၊ ခင်ဗျားရဲ့ အမှုသည်တွေဟာ တကယ်အပြစ် ကျူးလွန်ခဲ့ကြတယ်လို့ ခင်ဗျားသိနေရင် ဘာလုပ်မလဲ၊ နာဒင်းပါးမားရဲ့ ထွက်ချက်တွေကိုဖျက်ဖို့ ကြိုးစားဦးမလား"ဒရိတ်က မေးသည်။

"နာဒင်းပါးမားရဲ့ ထွက်ချက်တွေကို ဖျက်ဖို့ ကတော့ ငါ့တာဝန်ပဲကွ။ ဘယ်နည်းနဲ့မဆို မပျက်ပျက်အောင်ဖျက်ရမှာပဲ" မဆင်က ခေတ္တစဉ်းစားပြီးနောက် "ပေါလ်၊ တစ်ခုလောက်လုပ်ပေးစမ်းကွာ"

"ဘာလုပ်ပေးရမလဲ"

"ဒယ်လာရဲ့ လတ်ဗွေရာတွေ ယူပေးစမ်းကွာ"

"ဘာယူမယ်" ဒယ်လာက တအံ့တသြမေးသည်။

"ဒယ်လာစထရိရဲ့ လက်ဗွေပုံစံတွေကို ပြောတာကွာ"

"ဟာ. . . လွယ်ပါတယ်ဗျာ၊ ဒယ်လာက မကန့်ကွက်ဖို့ပဲ အရေးကြီးတယ်"

"ကျွန်မရဲ့လက်ဗွေပုံစံတွေ ဘာလုပ်ဖို့လိုချင်ရတာလဲဆရာ" ဒယ်လာက မေးသည်။

မဆင်ကပြုံး၍ "ပြန်လှန်မေးခွန်းထုတ်ချိန်မှာ သုံးနိုင်မလားလို့ပါကွယ်"

"ဘာကြောင့်လဲဆရာ"

"ဂျူရီလူကြီးတွေ အံ့အားသင့်စရာ စဉ်းစားစရာဖြစ်သွားကောင်းဖြစ်သွားနိုင်လို့ပဲ"

"ကျွန်မ လက်ဗွေပုံစံတွေကို ဘယ်တော့ လိုချင်တာလဲဆရာ"

"နေ့လယ်စာ စားပြီးရင် လိုချင်တယ်။ ပေါလ်ဒရိတ်က ဒယ်လာ့ကို



www.burmeseclassic.com

www.burmeseclassic.com



သူ့ရုံးခေါ်သွားပြီး ဘယ်သူမှမသိစေဘဲ လက်ဗွေတွေနှိပ်ခဲ့၊ လက်ဗွေနှိပ်တဲ့ စက္ကူတွေနဲ့ နှိပ်ယူခဲ့နော်။ ပြီးတော့ အမှတ်အသားလုပ်ထား၊ ဒယ်လာတွင်မကဘူး၊ မောင်ရင့်ရုံးက အတွင်းရေးမှူးကောင်မလေးရဲ့ လက်ဗွေပုံစံတွေလည်း နှိပ်ယူခဲ့၊ မှတ်မိပြီလား၊ ဒယ်လာရဲ့လက်ဗွေတွေရယ်၊ မောင်ရင့် အတွင်းရေးမှူးမကလေး လက်ဗွေတွေရယ်၊ လက်ဗွေတွေကို ဘယ်လိုနှိပ်ရမလဲဆိုတော့ ပထမ ဒယ်လာရဲ့လက်သန်း၊ ပြီးရင် မောင်ရင့် အတွင်းရေးမှူးရဲ့ လက်သူကြွယ်၊ ပြီးရင် ဒယ်လာရဲ့ လက်ခလယ်၊ ပြီးတော့ လက်သူကြွယ်၊ ပြီးရင် ဒယ်လာရဲ့ လက်ခလယ်၊ ပြီးတော့ တစ်ခါ အတွင်းရေးမှူးမကလေးရဲ့လက်ညှိုး၊ ပြီးမှ ဒယ်လာရဲ့ လက်မ၊ အဲသလို တစ်ခုစီခြားပြီး နှိပ်ခဲ့"

"ကြံကြံဖန်ဖန် ဆရာရယ် ဆရာဘာတွေကြံနေတာလဲ"ဟု ဒယ်လာက မေးသည်။

"စမ်းကြည့်ရမှာပဲ ဒယ်လာ၊ ဥပဒေသဘောအရဆိုရင် ရှေ့နေတစ်ယောက်အနေနဲ့ သက်သေဟာ အမှန်ထွက်ဆိုခြင်း ဟုတ်မဟုတ်ကို စမ်းသပ် ဖော်ထုတ်ခွင့်ရှိတယ်"

ဒရိတ်က "ကျွန်တော်တော့ သဘောမကျဘူး ပယ်ရီ၊ ခင်ဗျား ဒုက္ခဖြစ်သွားနိုင်တယ်နော်၊ လက်ဗွေတွေရောပြီးပြတာဆိုရင် ပြဿနာဖြစ်နိုင်တယ်"

"ဖြစ်ချင်ရာဖြစ်ကွာ ငါ့မှာ ငါ့ဒုက္ခနဲ့ငါ ရှိနေပြီပဲ။ အမှုသည်တွေကလည်း ဘာမှ အထောက်အကူမပြု ရှုပ်နှုတ်ပိတ် လုပ်နေကြတယ်၊ ဒီတော့ မှားကာမှ မှားရော စမ်းကြည့်ရမှာပဲ "

"ခင်ဗျား ဒီလိုလုပ်တာတော့ မှားလိမ့်မယ်ထင်တယ် ပယ်ရီ၊ လူတစ်ယောက်ရဲ့ လက်ဗွေရာပုံစံကိုယူပြီးပြတာ အပြစ်မရှိဘူး။ ဒါပေမယ့် လူနှစ်ယောက်ရဲ့ လက်ဗွေတွေကိုရောပြီး တစ်ယောက်ယောက်ကိုပြတာ လှည့်စားတဲ့သဘော ဖြစ်သွားလိမ့်မယ်။ တစ်ဖက်က ဒါကိုကိုင်ပြီး ပြော





လာလိမ့်မယ် "

"အေး. . . . ဒါကလည်း ငါ့ကိုမကိုင်နိုင်အောင် လုပ်မှာပဲကွ"

ဒယ်လာက ဝင်ပြောသည်။ "စိတ်မပူပါနဲ့ ပေါလ်၊ ဆရာ့မှာ သူ့အကြံနဲ့သူ ရှိပါလိမ့်မယ်၊ မြန်မြန်စားသောက်ပြီး လုပ်စရာရှိတာ ဆက်လုပ်ကြရအောင်"

ဒရိတ်က သက်ပြင်းကြီးချ၍ "တော်ပါပြီကွာ စားချင်သောက်ချင်စိတ်လည်းမရှိတော့ပါဘူး၊ ပယ်ရီမေဆင်အတွက် ပံ့ပိုးပေးရတဲ့ အလွတ်စုံထောက် ဘဝမှာ ထမင်းစားဖျက်ပေါင်းလည်းများလှပါပြီ"ဟု ပြောလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် တရားရုံးပြန်လည်ဖွင့်လှစ်ရာ တရားသူကြီး ဖစ်(စ်)(ခ်)က မစ္စတ်နားဒင်းပါးမား သက်သေခုံသို့ ပြန်လည် နေရာယူပြီး ဆက်လက်အစစ်ခံရန် ပြောကြားသည်။ ထို့နောက် "မစ္စတာမေဆောင် ပြန်လှန်မေးခွန်း ဆက်ထုတ်နိုင်ပါပြီ"ဟု တရားသူကြီးက ပြောသည်။

မေဆောင်က နာဒင်းပါးမားနေရာတကျ ထိုင်ပြီးချိန်အထိ စောင့်ဆိုင်းနေပြီးနောက် စ၍ မေးမြန်းသည်။ "အီဒင်ရဲ့ အိမ်နောက်ဖေး ရေကူးကန်ထဲ ခုန်ဆင်းသွားတယ်ဆိုတဲ့အမျိုးသမီးကို ခဏကလေးမြင်လိုက်ရတာ မဟုတ်လား"

"အတော်ကလေးကြာကြာ မြင်လိုက်ရတာပါ၊ ဒါပေမယ့် အမျိုးသမီးက လှပ်ရှားတာသိပ်မြန်တယ်"

"အဲဒီအမျိုးသမီးရဲ့ မျက်နှာကို ခင်ဗျားမြင်လိုက်ရတဲ့အချိန်ဟာ အိမ်ထဲက ထွက်လာပြီး ရေကူးကန်ဆီကို ပြေးလာတဲ့အချိန်ကလေးပဲ မဟုတ်လား"





"ကြည့်မယ်ဆိုရင် သူ့မျက်နှာကို ကောင်းကောင်းမြင်လိုက်နိုင်တာကတော့ အဲဒီအချိန်မှာပါပဲ"

"ခင်ဗျားပြောတဲ့ စကားက သူ့မျက်နှာကို မြင်နိုင်တဲ့အချိန်ဟာ အဲဒီအချိန်ပဲ ဆိုတော့ အဲဒီအခိုက်မှာ မျက်နှာကို သတိထားကြည့်မယ်ဆိုရင် မြင်နိုင်တယ်လို့ ဆိုလိုတာပေါ့ မဟုတ်လား"

"ဟုတ်တဲ့၊ သူက လှုပ်ရှားတာသိပ်မြန်တော့ မှန်ပြောင်းချိန်သားကိုက်အောင် လိုက်ရွှေ့ပြီးကြည့်ဖို့ နည်းနည်းခက်ပါတယ်၊ ဒါပေမယ့် သူ့ကို ကျွန်မ မြင်တော့ မြင်လိုက်ပါတယ်"

"ပြီးတော့ အမျိုးသမီးဟာ ရေထဲခုန်ဆင်း၊ ရေကူးကန်တစ်ဖက်ကို ဖြတ်ကူးသွား လျှို့ဝှက်ဖခုံးခလုတ်ကိုတုန်းဖွင့်၊ အဲဒီအချိန်တွေအားလုံးမှာ ခင်ဗျားဘက်ကို ကျောပေးလျက်ချည်းပဲ မဟုတ်လား"

"ရေကူးကန်ထဲမှာ ရှိနေတဲ့အချိန်မှာတော့ ဟုတ်ပါတယ်၊ ကျောပေးလျက် ဖြစ်နေတယ်"

"ရေကူးသွားတဲ့အချိန်မှာ မျက်နှာဟာ ရေအောက်ရောက်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျားရဲ့တိုက်ခန်းကို ကျုပ်လာတွေ့တဲ့အချိန်မှာ ခင်ဗျားဆံပင်တွေ ရေစိုနေတယ်မဟုတ်လား"

"ကျွန်မက ရေပန်းအောက်မှာ ရေချိုးထားတာကိုး"

"ရေပန်းနဲ့ ရေချိုးတိုင်း ဆံပင်တွေရေစိုတတ်တာပဲလား၊ ဆံပင်ကို ဝါလောင်းပြီး ရေချိုးလေ့ရှိသလား"

"နောက်တစ်နေ့မှာ ဆံပင်အလှပြင်ဆိုင်သွားပြီး ပြုပြင်တော့မယ်ဆိုရင် ဒီနေ့လိုမှာ ကျွန်မဆံပင်ဝါ ရေပန်းအောက်ခံပြီး ရေချိုးဝစ်တတ်တာပဲ"

"ခင်ဗျားဆီမှာ ကျုပ်က စီးကရက်တစ်လိပ်တောင်းသောအခါတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားရဲ့လက်ပွေ့အိတ်ထဲမှာ နှိုက်ယူပေတော့လို့ အိပ်ခန်းထဲက လှမ်းပြောတယ် မှတ်မိလား"

"ဟုတ်ပါတယ်"

"ခင်ဗျား လက်ပွေ့အိတ်ထဲနှိုက်ပြီး စီးကရက်ယူနေတုန်း အိပ်ခန်းထဲက ခင်ဗျား ကမန်းကတန်း ပြေးထွက်လာတယ်၊ အဝတ်တောင် ကောင်းကောင်း မဝတ်ရသေးဘူး၊ အရေးတကြီး ထွက်လာခဲ့တယ် မဟုတ်လား"

"ဒါကတော့ ရှင့်ကို ဧည့်ဝတ်ကျေပွန်စွာ စီးကရက်ကိုယ်တိုင် ယူပေးမလို့ပါ၊ ရှင့်ကိုလူကြီးလူကောင်းတစ်ယောက်လို့ ကျွန်မထင်တယ်လေ"

"အဲသလို ကမန်းကတန်း ထွက်လာပြီး စီးကရက် တစ်ဘူးကို လက်ပွေ့အိတ်ထဲကထုတ်ပြီး ကျုပ်ကို ကမ်းပေးတယ်နော်"

"ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လို့လဲ"

"အခု ခင်ဗျားကျမ်းကျိန်ပြီး ထွက်ဆိုနေတယ်နော်၊ ဒီတော့ကာ ကျုပ်ကို အဲဒီတုန်းက တမ်းပေးတဲ့ စီးကရက်ဘူးဟာ လက်ပွေ့အိတ်ထဲက နှိုက်ယူပြီးပေးတာလား၊ အိပ်ခန်းထဲက အပြေးထွက်လာကတည်းက လက်ထဲပါလာတာလား၊ မှန်မှန်ဖြေပါ"

"အမှန်ပြောရရင် ကျွန်မလက်ထဲပါလာတာပါ"

"ကောင်းပြီ၊ ဒီတော့ ခင်ဗျားရဲ့ လက်ပွေ့အိတ်ထဲက စီးကရက်ကို ကျုပ်မယူနိုင်ခင် ကျုပ်ကိုစီးကရက် အမြန်ဆုံးလာပေးတာ ဘာကြောင့်လဲ၊ အကြောင်းကတော့ ခင်ဗျားရဲ့ လက်ပွေ့အိတ်ထဲက စီးကရက်တွေဟာ ရေစိုနေတာ ခင်ဗျားချက်ချင်းသတိရသွားလို့ပဲ၊ ခင်ဗျားဟာ ရေကူးကန်ထဲကို အတွင်းခံဘောင်းဘီကလေးနဲ့ ဘရာစီယာနဲ့ ဆင်းခဲ့တယ်၊ အဲဒီအတွင်းခံတွေကို ချွတ်ပြီး လက်ပွေ့အိတ်ထဲထည့်ခဲ့တယ်၊ အကြောင်းက ဒါပဲ မဟုတ်လား"

အွမ်စဘီက ဝင်၍ ကန့်ကွက်သည်၊





"ဒါဟာ မေးမြဲမေးစဉ် ပြန်လှန်မေးခွန်း မဟုတ်ပါဘူး၊ ကျွန်တော် တင်ပြခဲ့တဲ့ အထောက်အထားတွေထဲမှာလည်း ဒီအချက်တွေမပါခဲ့ဘူး၊ တိုက်ရိုက်စစ်မေးတုန်းကလည်း ဒီအကြောင်းတွေ မပါခဲ့ဘူး"

"ကျွန်တော်တတော့ ဒီမေးခွန်းတွေက မေးခွင့်ရှိတယ်ထင်တာပဲ၊ သက်သေဟာ ဘက်လိုက်ပြီး ထွက်ဆိုခဲ့ခြင်း ဟုတ် မဟုတ် ဖော်ထုတ်ဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်"ဟု မေဆင်က ရှင်းပြသည်၊

တရားသူကြီးက သက်သေတို့ အသေအချာ စူးစမ်းကြည့်နေပြီး "မေးခွန်းကို သက်သေက ဖြေရလိမ့်မယ်၊ သူ့အဖြေဘာဆိုတာသိဖို့ ကျုပ် ကိုယ်တိုင် စိတ်ဝင်စားနေတယ်"ဟု ပြောသည်၊

ထို့ကြောင့် သက်သေနာဒင်းပါးမားက "အိပ်ခန်းထဲက စီးကရက်ယူပြီး ရှင့်ကိုထွက်ပေးတာက ကျွန်မရဲ့လက်ပွေ့အိတ်ထဲက မိန်းမအသုံးအဆောင်တွေကြားမှာ စီးကရက်ရှာနေရမှာစိုးလို့ပဲ"

"ကျုပ်မေးခွန်းကို ခင်ဗျား မဖြေသေးဘူးလေ၊ ခင်ဗျားရဲ့ အတွင်းခံ ရေစိုအဝတ်တွေကြောင့် လက်ပွေ့အိတ်ထဲက စီးကရက်တွေ ရေစိုနေတာ ကို ကျုပ်ကတွေ့သွားမှာစိုးတဲ့အတွက် အိပ်ခန်းထဲက စီးကရက်ဘူးအသစ် ကို ယူလာပြီး ပေးတာမဟုတ်လား"

နာဒင်းပါးမားက ခဏတာမျှဆိုင်းငံ့နေပြီး မေဆင်ကို ပမာမခန့် ကြည့်ကာ "မဟုတ်ဘူးရှင့်"ဟု ခပ်ပြတ်ပြတ်ပြောသည်၊

"ကောင်းပြီလေ၊ ကျုပ်ဆက်မေးမယ်၊ ခင်ဗျားနဲ့ကျုပ် စကားပြောကြပြီးတဲ့အခါ ကျုပ်နဲ့ ကားကြုံလိုက်ခဲ့မယ်လို့ ခင်ဗျားကပြောတယ်၊ ဟုတ်သလား"

"ဟုတ်တယ်လေ"

"ဒါနဲ့ ကျုပ်ကားပေါ်မှာ ခင်ဗျားလိုက်လာတုန်း လပ်စ်ဗေးဂတ်စ်မှာ သေသူ လော်ရင်းကာဆင်ရဲ့ အဆက်ကောင်မလေးတစ်ယောက် ရှိတယ်လို့ ကျုပ်က ပြောလိုက်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှင်ပြောတယ်"

"အဲဒီစကားလည်း ပြောပြီးရော ခင်ဗျားက ရွှေမှာတွေ့တဲ့အနီးဆုံး တက္ကစီဂိတ်မှာ ရပ်နိုင်းပြီး ကားပေါ်က ဆင်းသွားတယ်"

"ဟုတ်ပါတယ်"

"ပြီးတော့ တက္ကစီတစ်စီး ငှားစီးသွားတယ်"

"ဟုတ်ကဲ့"

"အဲဒီ တက္ကစီနဲ့ ခင်ဗျားဘယ်ကိုသွားသလဲ"

"'တိုက်ရိုက်စစ်မေးတုန်းကမပါတဲ့ အချက်တွေကို မေးနေတာဖြစ်လို့ ကန့်ကွက်ပါတယ်"ဟု အွမ်စဘီတ ဝင်ပြောသည်။

တရားသူကြီးက "ကန့်ကွက်ချက်ကိုပယ်တယ်၊ အခုတရားခံ အကျိုးဆောင် မေးမြန်းနေတာဟာ သတ်သေဘက်လိုက်မှု ရှိမရှိပေါ်လွင်အောင် ကြိုးစားနေတယ်လို့ ကျုပ်ယူဆတယ်"ဟု ဆုံးဖြတ်သည်။

ထို့ကြောင့် နာဒင်းပါးမားက အဖြေပေးသည်။ "အဲဒီတော့ တက္ကစီကားနဲ့ လေဆိပ်ကို တန်းမသွားပါတယ်"

"ကောင်းပါပြီ ထပ်မေးပါရစေ၊ လပ်စ်ပေးဂတ်စ်မြို့ကို လေယာဉ်နဲ့ ခင်ဗျားသွားတဲ့အခါမှာ အေဘီအယ်လ်ဆေးမားနာမည်နဲ့ ငွေထုတ်ခွင့်ရှိတဲ့ အာမခံစာချုပ်တွေပါသွားသလား"

"ဟင့်အင်း မပါဘူး"

"အီဗင်အိမ် ရေကူးကန်ဆီကို ခင်ဗျားသွားကြည့်တုန်းက စကြိုလမ်းက အံဝှက်တံခါးပွင့်နေတာ တွေ့ခဲ့တယ်လို့ ထွက်ဆိုထားတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီနေရာကို ခင်ဗျားသွားကြည့်သေးသလား"

"ဟင့်အင်း"

"အံဝှက်ကျင်းကို ထိတိုင်ကြည့်ခဲ့သေးသလား"





"ဟင့်အင်း"

"အဲဒီကျင်းထဲက အာမခံစာချုပ်တွေကိုကော ယူခဲ့သလား"

"ဟင့်အင်း"

"ကိုင်း. . . ဒါဖြင့် ကျုပ်ပြောမယ်၊ အီဗင်အိမ်ထဲက ပြေးထွက်ပြီး ရေကူးကန်ထဲခုန်ဆင်း၊ ရေကူးပြီး တစ်ဖက်က အံဝှက်ကျင်းထဲက အာမခံစာချုပ်တွေကိုယူခဲ့တာ ခင်ဗျားကိုယ်တိုင်ပဲမဟုတ်လား၊ ဒါပေမယ့် အဝတ်လုံးလုံးမပါတာတော့ မဟုတ်ဘူး။ ခင်ဗျားကိုယ်ပေါ်မှာ ဘရာစီယာနဲ့ ဝင်တီ ဝတ်ထားတယ်။ ကန်ထဲကအပေါ်ပြန်တက်ပြီးတော့ အဲဒီအတွင်းခံတွေကို ချွတ်၊ ရေညှစ်ပြီး လက်ပွေ့အိတ်ထဲထည့်ခဲ့တယ် မဟုတ်လား"

"အို. . . တစ်ခုမှ မဟုတ်ဘူး၊ ကျွန်မ အဲဒါတွေ လုံးဝမလုပ်ခဲ့ဘူး"

"လပ်စ်ပေးဂတ်စ်ကို ခင်ဗျားသွားတော့ အာမခံစာချုပ်တစ်ခုမှ မပါခဲ့ဘူးလား"

"ဟင့်အင်း... မပါပါဘူး"

"ဗီ၊ မေဆင်ဆိုတဲ့ စာတန်းရေးထားတဲ့ လက်ဆွဲသေတ္တာတစ်လုံးကို တရားလို အကျိုးဆောင်ကြီးက သက်သေခံပစ္စည်းအဖြစ် တင်ပြထားတာရှိတယ်၊ အဲဒီသေတ္တာကို အလျင်က မြင်ဖူးသလား"

"မမြင်ဖူးပါဘူး"

"အဲဒီလက်ဆွဲသေတ္တာကို လပ်စ်ပေးဂတ်စ်ကို ခင်ဗျားယူသွားခဲ့သလား"

"ဟင့်အင်း မဟုတ်ပါဘူး"

"အဲဒီလက်ဆွဲသေတ္တာကို လပ်စ်ပေးဂတ်စ်မှာ ကျုပ်ရဲ့ တည်းခိုခန်းထဲ ခင်ဗျားလာထည့်သွားသလား"

ဤတွင် အစိုးရရှေ့နေ အွမ်စဘီက "ရုံးမင်းခင်ဗျား၊ ရုံးမင်းခင်ဗျား ဒါတော့ လွန်လွန်းနေပြီထင်ပါတယ်၊ ဒါဟာ ပြန်လှန်မေးခွန်းတွေ မဟုတ်တော့ပါဘူး၊ သက်သေကို စွပ်စွဲနေတာတွေဖြစ်နေပါပြီ"ဟု ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးက စဉ်းစဉ်းစားစားဖြင့် ခေတ္တမျှ ငြိမ်သက်နေသည်။ ပြီးမှ ပြောသည်။ "အင်း. . . ဒါဟာ တရားခံဘက်ကကြည့်ရင် အရေးကြီးတဲ့ မေးခွန်းပဲ၊ သက်သေဘက်လိုက်မှု ရှိမရှိကိုဖော်ဖို့ကြိုးစားနေတာဖြစ်လို့ သက်သေဟာ မေးခွန်းကို ဖြေရလိမ့်မယ်"

"မဟုတ်ပါဘူး၊ ကျွန်မ မထည့်ခဲ့ဘူး" ဟု သက်သေက ဖြေသည်။

မဆင်က အကျိုးဆောင်များ၏ စားပွဲကိုကျော်၍ လျှောက်သွားပြီး သူ၏အတွင်းရေးမှူးမလေး ဒယ်လာစထရိထံ လက်တမ်းပေးလိုက်ရာ ဒယ်လာက စာအိတ်တစ်အိတ် လှမ်းပေးသည်။ ပေါလ်ဒရိတ်ယူလာသော စာအိတ်ဖြစ်၏။ မဆင်က သက်သေနာဒင်းပါးမား၏အနီးသို့ ပြန်လျှောက်သွားပြီး စာအိတ်ကို ဟန်ပါပါဖွင့်လိုက်ကာ အတွင်းမှစာရွက်တစ်ရွက်ကို ထုတ်ယူသည်။ စာရွက်ပေါ်တွင် လက်ဗွေပုံစံ ၁၀ ခုနှိပ်ထားသည်။

"ဒီလက်ဗွေတွေဟာ ခင်ဗျားရဲ့လက်ဗွေတွေ တုတ်သလား မဟုတ်ဘူးလား"ဟု မဆင်က သက်သေကို မေးသည်။

ဤတွင် အစိုးရရှေ့နေ အွမ်စဘီက ခုန်၍ ထလိုက်ပြီး "နေပါဦး၊ နေပါဦး၊ ဒါဟာ ထုံးစံမဟုတ်တာတွေ လုပ်နေတာပါ။ တရားခံ အကျိုးဆောင် အနေနဲ့ ဒီလိုပုံမှားရိုက်ခွင့်မရှိပါဘူး" ဟု အော်ဟစ်ပြောဆိုသည်။

"ကျုပ်က ဘာပုံမှားရိုက်နေလို့လဲ" မဆင်က ပြန်မေး၏။

"သက်သေအမျိုးသမီးရဲ့ လက်ဗွေကို ယူလာပြီး စစ်မေးတာကို ကန့်ကွက်ပါတယ်"ဟု အွမ်စဘီက ထပ်ပြောသည်။

"ရုံးတော်နှင့်တကွ တရားလိုအကျိုးဆောင်ကြီးကိုရော ဂျူရီအဖွဲ့ဝင်များကိုပါ ကျွန်တော်အာမခံပြီး ပြောပါရစေ၊ ဒီလက်ဗွေပုံစံတွေဟာ အစိုးရအဖွဲ့အစည်းတစ်ခုခုက ယူထားတဲ့ လက်ဗွေတွေကို ယူခဲ့တာမဟုတ်ပါဘူး။ ပုံမှားရိုက်ခြင်းလည်း လုံးလုံးမဟုတ်ပါဘူး။ ဒါတွေဟာ သူ့ရဲ့ လက်ဗွေရာတွေ ဟုတ်မဟုတ်ကိုသာ ကျွန်တော်မေးမြန်းနေခြင်းဖြစ်ပါတယ်"





"ဒါဟာ သက်သေကို ကောက်ချက်ဆွဲခိုင်းတာ ဖြစ်နေပါတယ်။ ပြန်လှန်မေးခွန်းပုံစံ မဟုတ်ပါဘူး" အွမ်စဘီက ထပ်မံကန့်ကွက်သည်၊ တရားသူကြီးကလည်း မဆင်ကို မျက်မှောင်ကြုတ်ကြည့်၍-

"အင်း. . . သက်သေကို ကောက်ချက်ဆွဲခိုင်းတဲ့ သဘောဖြစ်နေတယ်လို့ ကျုပ်လည်း ယူဆတယ်"ဟု ပြောသည်။

"ရုံးမင်းခင်ဗျား၊ သက်သေတစ်ယောက်ကို ထိုးမြဲလက်မှတ်တစ်ခု ပြပြီး ဒါဟာ ခင်ဗျားရဲ့လက်မှတ် ဟုတ်သလား မဟုတ်ဘူးလားလို့ မေးခွင့်ရှိစမြဲပါ၊ အခုလည်း ဒါတွေဟာ ခင်ဗျားရဲ့လက်ဗွေရာတွေ ဟုတ်မဟုတ် ဖြေပါလို့ပဲ မေးမြန်းနေတာဖြစ်ပါတယ်"

တရားသူကြီးက "ထိုးမြဲလက်မှတ်ကိုကြည့်ပြီး ဆုံးဖြတ်ဖို့ကတော့ လွယ်တယ်လေ၊ လက်ဗွေရာဆိုတာမျိုးကျတော့ ပါရဂူတွေရဲ့အလုပ်ပဲ လွယ်လွယ်လေး ဘယ်ပြောနိုင်ပါ့မလဲ"

မဆင်က "ရုံးမင်းခင်ဗျား၊ ကျွန်တော့်အနေနဲ့ အဖြေတစ်ခုကို ဖော်ထုတ်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ သက်သေအမျိုးသမီးရဲ့လက်ဗွေရာတွေကို မင်နဲ့နှိပ်ပြီး စက္ကူစာရွက်ပေါ်မှာ ယူကြည့်ပါ။ ပြီးတော့ တရားရုံးစာရေးတစ်ယောက်ရဲ့ လက်ကို ကျွန်တော့်ဆီက စာရွက်ပါအပ်ပြီး တစ်ခုစီ သီးခြားမှတ်သားပါစေ၊ ပြီးတော့ ဘယ်စာရွက်မှာ သက်သေရဲ့လက်ဗွေရာတွေရှိတယ်ဆိုတာ စစ်ဆေးကြည့်၊ ကျွန်တော့်စာရွက်ပေါ်က လက်ဗွေတွေဟာ သက်သေအမျိုးသမီးရဲ့ လက်ဗွေရာတွေနဲ့ မတူဘူးဆိုရင် ကျွန်တော်မှားတယ်ပဲ ထားလိုက်ပါတော့"

အွမ်စဘီက "နေပါဦး၊ ခင်ဗျားပြောသလို ကျုပ်တို့က ဘာကြောင့် လုပ်ရမှာလဲ"ဟု ဝင်မေးသည်၊

"ဘာကြောင့်လဲဆိုတော့ လက်ဗွေရာတချို့ဟာ သူ့ရဲ့လက်ဗွေရာတွေ ဟုတ်မဟုတ် သက်သေကို ကျုပ်အနေနဲ့ မေးခွင့်ရှိလို့ပဲ။ သက်သေတစ်ယောက်ကို ထိုးမြဲလက်မှတ်တစ်ခုပြပြီး ဒါဟာခင်ဗျားရဲ့ လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သလား၊ မဟုတ်ဘူးလားလို့ မေးခွင့်ရှိတဲ့နည်းတူ လက်ဗွေပုံစံတွေ ဖြပြီး ဒါဟာခင်ဗျားရဲ့ လက်ဗွေရာတွေ ဟုတ်သလား၊ မဟုတ်ဘူးလားလို့ မေးခွင့်ရှိတယ်"

တရားသူကြီးက ဝင်ပြောသည်။ "အင်း. . . ဒီကိစ္စကတော့ ကျုပ်ရဲ့ တွေ့ဖူးကြုံဖူးသမျှထဲမှာ ခပ်ဆန်းဆန်းဖြစ်နေပြီ။ ဘာပဲဖြစ်ဖြစ်လေ သက်သေ အမျိုးသမီးရဲ့ လက်ဗွေပုံစံကိုယူပြီး တရားခံအကျိုးဆောင်ကြီး တင်ပြတဲ့စာရွက်က ပုံစံနဲ့ တိုက်ဆိုင်ကြည့်ဖို့ ကျုပ်သဘောတူတယ်၊ လက်ဗွေပါရဂူ တစ်ယောက်ခေါ်ပြီး စစ်ဆေးကြည့်နိုင်းကြတာပေါ့"

"ကျွန်တော့်ဘက်က ငြင်းပယ်စရာမရှိပါဘူး ရှုံမင်းခင်ဗျား" မေဆင်က ပြောသည်။

တရားသူကြီးက "ခင်ဗျား ဒီမေးခွန်းတို မေးရတဲ့အကြောင်းတော့ ပြောရလိမ့်မယ်"ဟု တောင်းဆိုသည်။

"ရှုံမင်းခင်ဗျား၊ ကျွန်တော်ဟာ သက်သေအမျိုးသမီးရဲ့ ထွက်ဆိုချက်တွေ ဘယ်လောက်မှန်ကန်မှု ရှိတယ်ဆိုတာကို ဖော်ထုတ်ဖို့ ကြိုးစားနေခြင်း ဖြစ်ပါတယ်။ ဒီမေးခွန်း ဘာကြောင့်မေးရတယ် ဆိုတာတော့ ခုအချိန်မှာ ကျွန်တော်မပြောပါရစေနဲ့ဦး၊ ဘာကြောင့်လဲဆိုတော့ အခုထုတ်ပြောလိုက်ရင် ကျွန်တော့်ရဲ့ ကြံရွယ်ချက်ကိုသိသွားပြီး သက်သေအနေနဲ့ တစ်မျိုးတစ်ဖုံ. . ."

မေဆင်၏စကားမဆုံးမီ တရားသူကြီးက ကြားဖြတ်၍

"ကောင်းပြီ ကောင်းပြီ ကျုပ်နားလည်ပါပြီ၊ အခုဆိုရင် ဂျူရီအဖွဲ့ဝင် လူကြီးမင်းများလည်း ရှိနေကြလေတော့ ဒီကိစ္စနဲ့ပတ်သတ်ပြီး ကျုပ်တို့ ဆက်လက် မဆွေးနွေးကြဖို့ ကျုပ်အနေနဲ့ အကြံပြုပါတယ်။ တရားရုံးကို ၁၀ မိနစ်ရပ်နားမယ်၊ ဒီကြားထဲမှာသက်သေနာဒင်ပါးမားရဲ့ လက်ဗွေပုံစံတွေကိုယူပြီး တရားခံအကျိုးဆောင်ကြီးဆီက လက်ဗွေပုံစံတွေနဲ့ တိုက်ဆိုင်ကြည့်ဖို့ စီစဉ်ရလိမ့်မယ်"





ဗွမ်စဘီက "ရှုံမင်းခင်ဗျား၊ အခုလိုလုပ်ဖို့ ကျွန်တော်တော့ ဘာအကြောင်းမှ မရှိဘူးထင်တယ်"ဟု ဝင်ပြောသည်။

တရားသူကြီးက "မဟုတ်သေးဘူးလေ၊ တရားခံဘက်က ပြန်လှန်မေးခွန်းထုတ်တာကို ကျုပ်တို့အနေနဲ့ အတတ်နိုင်ဆုံး လိုက်လျောခွင့်ပြုဖို့ လိုတယ်။ အရေးကြီးတဲ့ သက်သေတွေကို တရားခံဘက်က ကျေနပ်အောင် ပြန်လှန်စစ်မေးခွင့်ပြုရမယ်ဆိုတာ ကျုပ်ရဲ့ပေါ်လစီပဲ" ဟု ပြန်ရှင်းပြသည်။

ထိုအခါတွင်မှ ဗွမ်စဘီက "ကောင်းပါပြီလေ ကျွန်တော်တို့ကလည်း အဲသလိုပဲ ဖြစ်စေချင်ပါတယ်၊ မစ္စတာမေဆင်ကို သူကြိုက်သလို လှည့်ကွက်တွေ သုံးပါစေ၊ သူကြိုက်သလို ဇာတ်တွေခင်းပါစေ၊ ပြီးတော့. . ."

"တော်လောက်ပြီ အစိုးရရှေ့နေကြီး၊ ဒီအချိန်ဟာ အချေအတင်ပြောနေဖို့ မဟုတ်ဘူး။ ရုံးတော်ကို ၁၀ မိနစ် ရပ်နားပေးမယ်။ ဒီအချိန်အတွင်း သက်သေရဲ့ လက်ဗွေတွေကို နှိပ်ယူပြီး အမှတ်အသားလုပ်ပြီး တင်ပြပါ"ဟု တရားသူကြီးက ပြောလိုက်သည်။

တရားသူကြီး တရားခွင်မှ ထွက်သွားသောအခါ ရုံးခန်းအတွင်း လှုပ်လှုပ်ရှားရှားဖြစ်၍ကျန်ရစ်သည်။ သတင်းထောက်များသည် ပယ်ရီမေဆင်၏ဘေးတွင် ဝိုင်းအုံပြီး လက်ဗွေပုံစံများ ဘယ်ကရပါသလဲ ထိုလက်ဗွေများသည် ဘယ်လောက်အရေးပါသလဲစသည်ဖြင့် မေးမြန်းကြသည်။ မေဆင်က မေးခွန်းအားလုံးကို "ဘာမှမပြောပါရစေနဲ့ဦး" တူ၍သာ အပြုံးဖြင့် ဖြေကြားသည်။

၁၀ မိနစ်ခန့်ပြီးနောက် တရားခွင်ကို ပြန်စ,ရာ အစိုးရရှေ့နေကြီးက မျက်နှာတင်းတင်းဖြင့်စ၍တင်ပြသည်။ "ရှုံမင်းခင်ဗျား၊ သက်သေမစ္စတ်ပါးမားရဲ့ လက်ဗွေပုံစံတွေကို သီးသန့်နှိပ်ယူပြီး မြို့နယ်ရဲ့[illegible] လက်ဗွေပါရဂူတစ်ယောက်က တရားခံအကျိုးဆောင်ပယ်ရီမေ[illegible] တဲ့ စာရွက်ပေါ်က လက်ဗွေပုံစံနဲ့ တိုက်ဆိုင်စစ်ဆေး [illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနဲ့တစ်ခုလုံးဝမတူပါဘူး။ ဆင်ဆင်ကလေးတောင် မတူပါဘူးခင်ဗျား။ ဒါကြောင့် ရွှေနေကြီးပယ်ရီမေဆင်ဟာ တရားခံရဲ့ လုပ်ထုံးလုပ်နည်းတွေကို အခွင့်ကောင်းယူပြီး သက်သေကို ထင်ယောင်ထင်မှား ဖြစ်အောင်လုပ်မှု၊ ချူရီအဖွဲ့ဝင်များက သက်သေအပေါ် အမြင်လွဲအောင် လုပ်မှုတို့ဖြင့် အပြစ်ရှိကြောင်းတင်ပြပါတယ်"

မေဆင်က မထူးခြားသောတန်ဖြင့် "တရားလိုအကျိုးဆောင်ကြီး တိုးတားသွားတဲ့ရဲအဖွဲ့က လက်ဗွေပါရဂူကို သက်သေခုံပေါ်တင်ပြီး ထွက်ဆိုခိုင်းပါ။ တကယ်လို့ ပါရဂူကိုယ်တိုင်က လက်ဗွေရာတွေဟာ တစ်ခုနဲ့တစ်ခုမတူပါဘူးလို့ တင်ပြသွားရင် ကျွန်တော့မေးခွန်းကို ရုပ်သိမ်း ပေးပါမယ်။ အချုပ်နိုင်လှန်စစ်မေးခြင်း ခေတ္တရပ်နားပြီး လက်ဗွေပါရဂူကို သက်သေအဖြစ်ခေါ် ပေးဖို့ မေတ္တာရပ်ပါတယ်"

ဗွမ်စဘီက ဒေါသတကြီးဖြင့် "ကောင်းပြီ မစ္စတ်ပါးမား ခဏဆင်းပေးပါ၊ ဟာဗေးလာဗာကို သက်သေထွက်ဆိုပေးဖို့ ခေါ်ပါတယ်"

"မစ္စတာလာဗာဟာ ခရိုင်အစိုးရရှေ့နေရုံးက လက်ဗွေပါရဂူလား" မေဆင်က မေးသည်။

"မဟုတ်ဘူး၊ သူက မြို့နယ်ရဲမှူးရုံးက"

"ကောင်းလှပါပြီ၊ မစ္စတာလာဗာရဲ့ အရည်အချင်းကို တျှပ်ကျေနပ် လက်ခံပါတယ်။ ဒီတော့ ခင်ဗျား မေးစရာရှိတာ ဆက်မေးပါ"ဟု မေဆင်က ပြော၍ ဗွမ်စဘီက သက်သေခုံတွင် နေရာယူပြီးဖြစ်သော လက်ဗွေပါရဂူကို စမေးသည်။

"လက်ဗွေတွေ နှိပ်ထားတဲ့ စာရွက်နှစ်ရွက်ကို ခင်ဗျားကို ကျွန်တော် ပေးမယ်။ တစ်ခုက နံပါတ်အက်ဖ်-အေလို့ မှတ်ထားတယ်၊ ကျန်တစ်ခုက နံပါတ်အက်ဖ်-ဘီလို့ မှတ်ထားတယ် တွေ့တယ်နော်..."

"ဟုတ်ကဲ့ခင်ဗျာ"

"နံပါတ်အက်ဖ်-ဘီလို့ မှတ်ထားတဲ့ စာရွက်ပေါ်မှာ ဘာတွေ့သလဲ"





"ခုနက သက်သေအမျိုးသမီးဖြစ်တဲ့ မစ္စက်နာဒင်းပါးမားရဲ့ လက်ဗွေရာတွေကို နှိပ်ထားပါတယ်"

"ကောင်းပြီ၊ အက်ဖ်-အေလို့ မှတ်ထားခဲ့တဲ့ စာရွက်ပေါ်မှာကော"

"တရားခံအကျိုးဆောင် ပယ်ရီမေဆင်က သက်သေကို ပြပြီး သက်သေရဲ့ လက်ဗွေတွေဟုတ်မဟုတ် ဖြေခိုင်းတဲ့ လက်ဗွေပုံစံတွေ ဖြစ်ပါတယ်"

"အဲဒီစာရွက်နှစ်ရွက်ပေါ်က လက်ဗွေရာတွေဟာ တစ်ခုနဲ့တစ်ခု ဆင်တူပါသလား"

"မတူပါဘူး"

"လူတစ်ဦးတည်းရဲ့ လက်ဗွေတွေလား"

"မဟုတ်ပါဘူး"

"အက်ဖ်-အေလို့ မှတ်ထားတဲ့ စာရွက်တွေဟာ မစ္စက်ပါးမားရဲ့ လက်ဗွေတွေလား"

"မဟုတ်ပါဘူး"

"ဒါပါပဲ၊ ထပ်မေးစရာ မရှိပါဘူး"ဟု ဗွမ်စဘီက အဆုံးသတ်လိုက်သည်။

မေဆင်က "ခုအချိန်မှာ ကျွန်တော့်အနေနဲ့ ပြန်လှန်မေးခွန်းထုတ်စရာ မရှိသေးပါ၊ အဲ. . . ဒီလက်ဗွေပုံစံ စာရွက်တွေကိုသက်သေခံအဖြစ် လက်ခံထားဖို့ပဲ တင်ပြပါတယ်"

"တရားလိုဘက်က ပြောရရင် ဒီလက်ဗွေပုံစံတွေကို သက်သေခံပစ္စည်းအဖြစ် တင်ပြစရာမလိုပါဘူး"ဟု ဗွမ်စဘီက အပြတ်ပြောသည်။

"ဒါဖြင့်လည်း တရားခံဘက်က တင်ပြတဲ့ သက်သေခံပစ္စည်းအဖြစ်ပဲ စာရင်းသွင်းပေးပါခင်ဗျား"ဟု မေဆင်က ပြောလိုက်သည်။

တရားသူကြီးက "ကောင်းပြီ၊ လက်ဗွေစာရွက်နှစ်ရွက်ကို တ[illegible] သက်သေခံပစ္စည်းအမှတ် (၁)နဲ့ (၂)အဖြစ် လက်ခံတယ်၊ တိုင်း. . .



www.burmeseclassic.com

www.burmeseclassic.com



မစွက်ပါးမား သက်သေခုံကို ပြန်လာပါ ပြန်လှန်စစ်မေးခြင်း ဆက်လုပ်ပါ"

မဆေင်က "ကျွန်တော်မေးစရာ မကျန်တော့ပါဘူး ရှုံမင်းခင်ဗျား" ဟု ပြောလိုက်၍ တရားသူကြီးက မစွက်ပါးမားအား သက်သေခုံမှ ပြန်လည် ထွက်ခွာခွင့်ပြုလိုက်သည်။

"တရားခံဘက်က သက်သေတွေမတင်ခင် ရုံးတော်ကို ရပ်နားစေချင်သလား"ဟု တရားသူကြီးက မဆေင်ကို မေးသည်။

"ရပ်နားပေးစရာ မလိုပါဘူးခင်ဗျား။ တရားခံဘက်က တဦးတည်းသောသက်သေ အက်စ်တယ်လ်ရန်ကင်ကိုပဲ တင်ပြပါမယ်"

"ခင်ဗျားဘက်က သက်သေတစ်ယောက်တည်းလား"ဟု အွမ်စဘီက အံ့အားသင့်ဟန်ဖြင့် ပြောသည်။

"တစ်ယောက်တည်းပါပဲ၊ အများကြီးမလိုပါဘူးဗျ"ဟု မဆေင်က ပြန်ပြောသည်။

ထို့ကြောင့် တရားသူကြီးက သက်သေ မစ္စရန်ကင်သက်သေခုံသို့ တက်ရောက်နေရာယူရန် ဆင့်ခေါ်လိုက်သည်။ အက်စ်တယ်လ်ရန်ကင်မှာ အရပ်မြင့်မြင့်၊ ကိုယ်လုံးလှလှ၊ ဆံပင်နီနီ၊ ကြီးမားသော အညိုရောင်မျက်လုံးများပိုင်ရှင် မိန်းမပျိုတစ်ဦး ဖြစ်သည်။ သက်သေခုံတွင် ခြေချိတ်ထိုင်ပြီး ဂျူရီ အဖွဲ့ဝင်များထံ တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် ပယ်ရီမဆေင်ဘက်သို့ လှည့်၍ ရင်ဆိုင်သည်။

"မစ္စရန်ကင်၊ နေရပ်ပြောပြပါ"

"နီးဗားဒါးပြည်နယ်၊ လပ်စ်ဗေးဂတ်စ်မြို့မှာနေပါတယ် "

"မတ်လ ၁၅ ရက်နေ့တုန်းက လပ်စ်ဗေးဂတ်စ်မှာ ရှိနေပါသလား"

"ဟုတ်ကဲ့၊ ရှိပါတယ်"

"ခင်ဗျားရဲ့ အလုပ်အကိုင်ကဘာလဲ"

"ညပိုင်းဖွင့်တဲ့ လက်ဆောင်ပစ္စည်းအရောင်းဆိုင်မှာ အလုပ်လုပ်ပါတယ်"





"ခင်ဗျားရဲ့ဆိုင်မှာ ရောင်းချတဲ့ပစ္စည်းတွေအကြောင်း နည်းနည်းပြောပြနိုင်မလား"

"သားရေထည်ပစ္စည်း၊ အလှကုန်တချို့၊ ပို့စကတ်၊ လပ်စ်ဗေးဂတ်စ်မြို့ အထိမ်းအမှတ်ပစ္စည်းတွေ၊ ပြီးတော့ မဂ္ဂဇင်းစာစောင်၊ ဆေးလိပ်၊ စီးကရက် အဲ. . . . သေတ္တာတွေလည်း ရောင်းပါတယ်"

"မတ်လ ၁၅ ရက်နေ့ညမှာ ဟိုတယ်ဝန်ထမ်းတစ်ယောက် ခင်ဗျားဆိုင်က လက်ဆွဲသေတ္တာတစ်လုံး လာဝယ်ခဲ့သလား"

"ဟိုတယ်ဝန်ထမ်းမှူးက လက်ဆွဲသေတ္တာတစ်လုံး လာဝယ်သွားပါတယ်"

ဘယ်အချိန်လဲ"

"ည ၉ နာရီ ၄၅ မိနစ်ရှိပါပြီ"

"အဲဒီ လက်ဆွဲသေတ္တာကို ထပ်တွေ့ရင် မှတ်မိမလား"

"မှတ်မိပါတယ်"

"ကိုင်း. . . ဒါဖြင့် ဒီအမှုမှာ သက်သေခံပစ္စည်း ၂၆(က)အဖြစ် တင်ပြထားတဲ့ ဟောဒီသေတ္တာကိုကြည့်ပါ၊ ဒီပစ္စည်းကို အလျင်ကမြင်ဖူးပါသလား"

သက်သေက လက်ဆွဲသေတ္တာကိုယူကြည့်ပြီး "ဟုတ်ကဲ့ ဟိုညက ကျွန်မရောင်းလိုက်တာဒီသေတ္တာပါပဲ "

"သေချာသလား"

"သေချာပါတယ်ရှင်"

"ဒါပါပဲ ခင်ဗျား၊ တရားလိုဘက်က ပြန်လှန်မေးခွန်းမေးနိုင်ပါတယ်" ဟု မဆေင်က ပြောလိုက်သည်။

အွမ်စဘီက စိတ်ရှုပ်ထွေးနေသော အမူအရာဖြင့် ထပြီး မေးမြန်းသည်။ "မစ္စရန်ကင်၊ သက်သေခံပစ္စည်း အမှတ် ၂၆(က)အဖြစ် တင်ပြထားတဲ့ ဒီလက်ဆွဲသေတ္တာဟာ ရဲအဖွဲ့ကို ရှုပ်ထွေးသွားအောင် လုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဆောင်က တမင်မှားပြီး ဝယ်ခိုင်းခဲ့တာမဟုတ်လား၊ ဒီသေတ္တာ ထဲက တွေ့ပြီး ရဲအဖွဲ့က သိမ်းဆည်းခဲ့တဲ့ အာမခံစာချုပ်တွေဟာ တခြားသေတ္တာ ထဲက မစ္စတာမဆောင် ထုတ်ယူခဲ့တာ ဖြစ်လိမ့်မယ်"

မဆောင်က "တန့်ကွက်ပါတယ်။ ဒါဟာသက်သေကို ကောက်ချက် ဆွဲခိုင်းနေတာဖြစ်ပါတယ်။ တရားလိုဘက်က ဒီသေတ္တာကို သက်သေခံ တင်ပြခဲ့တာဟာ ဘာကြောင့်လဲ၊ အာမခံစာချုပ်တွေ ထည့်ထားတဲ့ ဒီ သေတ္တာကို လော့စ်အိန်ဂျလီမြို့ကနေ လပ်စ်ဗေးဂတ်စ်မြို့ကို ကျွန်တော်က သယ်ဆောင်သွားတယ်လို့ ဖော်ပြချင်တဲ့အတွက်ကြောင့် မဟုတ်လား။ ဒီတော့ကာ ဒီသေတ္တာဟာ တကယ်တမ်း ဘယ်ကလာတယ်ဆိုတာ ပေါ် လွင်အောင် ရှင်းပြဖို့ ကျွန်တော့်မှာ အခွင့်အရေးရှိပါတယ်"

"ဒါပေမယ့် ဒီအထောက်အထားဟာ အဓိပ္ပာယ်မရှိပါဘူး။ ဒါဟာ သက်သေရဲ့ မှန်းဆချက်ပဲဖြစ်တယ်"ဟု အွမ်စဘီက ပြန်ပြောသည်။

"တရားလိုအကျိုးဆောင်ကြီးအနေနဲ့ ဒီအချက်ကို ဂျူရီအဖွဲ့ကို တင်ပြနိုင်ပါတယ်။ ကျုပ်အနေနဲ့ကတော့ ဒီအချက်ဟာ အများကြီး အဓိပ္ပာယ် ရှိတယ်။ ဘာကြောင့်လဲဆိုတော့ လပ်စ်ဗေးဂတ်စ်မြို့မှာ ကျုပ်ရှိ နေခဲ့စဉ် လပ်စ်ဗေးဂတ်စ်ရဲအဖွဲ့က ရဲအဖွဲ့ဝင်တစ်ယောက်ဟာ ကျုပ်ကို တစ်ချိန်လုံး မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့လို့ပဲ"

"ဒါပေမယ့် ဒီအထောက်အထားက ဘာမှမဆိုင်ပါဘူး။ ခင်ဗျား ကို နောက်ယောင်ခံလိုက်နေခဲ့တယ်ဆိုတာလည်း အဓိပ္ပာယ်မရှိဘူး"

"ကောင်းပြီ၊ ဒါဆိုရင် ရဲအုပ်ကြီးထရက်ကို ပြန်လှန်မေးခွန်းပြန်မေး ချင်တယ်၊ ခေါ်ပေးပါ"

"ကျုပ်ဘက်က စစ်မေးလို့ပြီးပြီပဲ။ အခုမှ ပြန်ခေါ်သက်သေ မတင် နိုင်ဘူး"

"ဒါဖြင့် ရဲအုပ်ကြီးထရက်ရဲ့ ဂုဏ်သိက္ခာကို ကျုပ်လေးစားယုံကြည် တယ်။ ဒါကြောင့် သူ့ကို တရားခံပြသက်သေအဖြစ် ကျုပ်က တင်ပြမယ်





ဗျာ"ဟု မေဆင်က တောင်းဆို၍ ရဲအုပ်ကြီးထရက်သက်သေခုံသို့ ပြန်လည် နေရာယူရသည်။ ရဲအုပ်ကြီးမှာ တရားခံပြသက်သေအဖြစ် သူ့အား တင်ပြ ခြင်းအတွက် နားမလည်နိုင်သော အမူအရာ ပေါ်လွင်နေသည်။

မေဆင်က "ရဲအုပ်ကြီး ခင်ဗျားဟောဒီ သက်သေခံပစ္စည်းအမှတ် ၂၆(က) ဖြစ်တဲ့ လက်ဆွဲသေတ္တာကို ကျုပ်ရဲ့ တည်းခိုခန်းထဲမှာ ဘယ်သူက တွေ့တာလဲ"

"ကျွန်တော်တွေ့တာပါ"

"အခန်းထဲမှာ အခြားလက်ဆွဲသေတ္တာ မြင်ခဲ့သေးသလား"

"မမြင်ပါဘူး၊ အဝတ်အစားသေတ္တာတစ်လုံးတော့ တွေ့ပါတယ်"

"လက်ဆွဲသေတ္တာအကြောင်းကို ကျုပ်တို့ပြောနေကြတာပါ။ တခြား လက်ဆွဲသေတ္တာတစ်လုံး ကျုပ်အခန်းထဲမှာ မြင်ခဲ့ပါသလား"

"မြင်ကွင်းထဲမှာတော့ လုံးဝမတွေ့ခဲ့ပါဘူး"

"ကျုပ်ရဲ့ တည်းခိုခန်းထဲကို ရည်ရွယ်ချက်တစ်ခုနဲ့ ခင်ဗျားဝင်လာခဲ့ တယ်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ခင်ဗျားနဲ့အတူ လပ်စ်ဗေးဂတ်စ် ရဲအဖွဲ့က ရဲကြပ်ကြီးကမ့်လည်း ပါတယ်နော်"

"ဟုတ်ကဲ့"

"အဲဒီတုန်းက ကျုပ်နောက်ကို နောက်ယောင်ခံလိုက်ဖို့ ရဲအဖွဲ့ဝင် တစ်ယောက်ကို တာဝန်ချထားခဲ့တာ ဟုတ်သလား"

"ဟုတ်ကဲ့၊ ခင်ဗျားကို စောင့်ကြည့်ဖို့ အရပ်ဝတ်နဲ့ ရဲအဖွဲ့ဝင် တစ်ယောက် လွှတ်ထားပါတယ်"

"ကျုပ်အခန်းကို ရှာမယ်လို့လည်း ခင်ဗျားတို့က ခြိမ်းခြောက်ခဲ့တာလဲ နော်၊ ဟုတ်လား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရည်ရွယ်ချက်နဲ့ ရှာမှာလဲ"

"အာမခံစာချုပ်တွေ ထည့်ထားတဲ့ လက်ဆွဲသေတ္တာတစ်လုံးကို ရှာဖို့ပါ"

"အာမခံစာချုပ်တွေထည့်ထားတဲ့ လက်ဆွဲသေတ္တာကို ခင်ဗျားတို့ တွေ့သလား"

"တွေ့ပါတယ်"

"ဒီတော့တာ အဲဒီအခန်းထဲမှာ တခြားလက်ဆွဲသေတ္တာတစ်လုံးကို တော့ တွေ့ခဲ့သလား။ အာမခံစာချုပ်တွေထည့်ထားတဲ့ သေတ္တာသော် လည်းကောင်း၊ ယခုသက်သေခံတင်ပြထားတဲ့ သေတ္တာထဲကို စာချုပ်တွေ ပြောင်းထည့်လိုက်တာဖြစ်နိုင်တဲ့ မူလသေတ္တာသော်လည်းကောင်း တွေ့ခဲ့ ပါသလား"

"ကျွန်တော်မှန်တာပြောရရင် အဲဒါတော့ မသိဘူးဗျာ"

"ဘာကြောင့် မသိသလဲ"

"ဘာကြောင့်လဲ ဆိုတော့ ခင်ဗျားရဲ့ တည်းခိုခန်းကို ကျွန်တော်တို့ လာတာဟာ အာမခံစာချုပ်တွေထည့်ထားတဲ့ လက်ဆွဲသေတ္တာတစ်လုံးကို ရှာဖို့ပဲ၊ ဒီတော့ အဲဒါလည်းတွေ့ရော ကျွန်တော်တို့က ကျန်တဲ့ပစ္စည်းတွေ ကို ဆက်ပြီး မရှာဖြစ်တော့ဘူး"

"ဒီအတိုင်းဆိုရင် သက်သေခံအမှတ် ၂၆(က)အဖြစ် တင်ပြထားတဲ့ ဒီလက်ဆွဲသေတ္တာဟာ ကျုပ်ရဲ့တည်းခိုခန်းထဲမှာ ခင်ဗျားတွေ့ခဲ့တဲ့ တစ်လုံး တည်းသော လက်ဆွဲသေတ္တာပဲပေါ့ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"သက်သေခံအမှတ် ၂၆(က) လက်ဆွဲသေတ္တာပေါ်မှာ လက်ဗွေရာ တွေ ရှာကြည့်ခဲ့သေးသလား"

"ဟုတ်ကဲ့၊ ရှာကြည့်ပြီးပါပြီ"

"လက်ဗွေရာတွေ တွေ့ပါသလား"



"ဟုတ်ကဲ့၊ ခင်ဗျားရဲ့ လက်ဗွေရာတချို့ရယ်၊ ခုလောလောဆယ် ဘယ်သူ့လက်ဗွေရာလို့ မသိရသေးတဲ့ တခြားလူတစ်ယောက်ရဲ့ လက်ဗွေ ရာတွေရယ် တွေ့ရပါတယ်၊ အခုဆိုရင်တော့ အဲဒီလက်ဗွေရာတွေဟာ ခုနက သက်သေထွက်ဆိုသွားတဲ့ မစ္စ အက်စ်တယ်လ်ရန်တင်ရဲ့ လက် ဗွေရာတွေဖြစ်ဖို့ များပါတယ်၊ သူက ဒီသေတ္တာကို ရောင်းလိုက်တာကိုး"

ဤတွင် မေဆင်က ထိုသေတ္တာပေါ်မှ လက်ဗွေရာများကို ဓာတ်ပုံ ရိုက်ယူထားခြင်း ရှိမရှိမေး၍ ရဲအုပ်ကြီးထရက်က လက်ဗွေရာ ဓာတ်ပုံ များ ပါရှိကြောင်း ပြောပြီး ထုတ်ပေးသည်။

"ဒီလက်ဗွေရာဓာတ်ပုံတွေကို တရားခံပြ သက်သေခံ ပစ္စည်းအမှတ် (၃)နဲ့ (၄) အဖြစ်တင်ပြပါတယ်။ ကျွန်တော့်အနေနဲ့ ရဲအုပ်ကြီးထရက်ကို မေးခွန်းထပ်မေးစရာ မရှိတော့ပါ" ဟု မေဆင်က ပြောလိုက်သည်။

အစိုးရရှေ့နေအွမ်စဘီလ၁ ၄င်းအနေဖြင့်လည်း မေးစရာမရှိကြောင်း ပြော၍ မေဆင်က သက်သေကို ထွက်ခွာခွင့်ပြုလိုက်ပြီး တရားခံဘက်မှ ထပ်မံ၍ သက်သေတင်စရာ မရှိတော့ကြောင်း တရားသူကြီးအား ပြော ကြားသည်။ အွမ်စဘီမှာ အံ့အားတသင့် ဖြစ်သွားသည်၊ တရားသူကြီး ကလည်း အံ့ဩသွားသည်၊ ထို့နောက် တရားသူကြီးက "တရားလို အကျိုးဆောင်ကြီးအနေနဲ့ ယခုပဲ လျှောက်လဲချက် ပေးချင်သလား"ဟု မေးသည်။

အွမ်စဘီက "ကျွန်တော်တို့ဘက်ကတော့ ယခုပဲ လျှောက်လဲချက် ပေးဖို့အသင့်ပါ"ဟု ပြန်ပြောသည်။

"ကျွန်တော်ကလည်း အသင့်ပါပဲ"ဟု မေဆင်ကပြောသည်။

"ကောင်းပြီ၊ ဒါဖြင့်လျှောက်လဲချက်ပေးနိုင်ပြီ"ဟု တရားသူကြီးက ပြော၍ အွမ်စဘီက ရှေ့သို့ထွက်သွားပြီး ဂျူရီအဖွဲ့ဝင်များအား ဦးညွှတ်ကာ စတင်လျှောက်လဲသည်။

"ဂျူရီအဖွဲ့ဝင်များခင်ဗျား၊ ဒီအမှုဟာ ထူးဆန်းပါတယ်၊ ဖြစ်နိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အမှုမျိုး မတုတ်ပါဘူး။ သွေးအေးအေးနဲ့ တမင်ကြံရွယ်ပြီး ကျူးလွန်ခဲ့တဲ့ လူသတ်မှုဖြစ်ပါတယ်။

"သေသူဟာ အပြစ်ကင်းစင်တဲ့ လူတောင်းသူတောင်းတစ်ယောက်တော့ မဟုတ်ပါဘူး။ သို့သော်လည်း ဘာပဲဖြစ်ဖြစ် သူဟာ အသက်ရှင်နေထိုင်ခွင့် ရှိတဲ့ လူသားတစ်ယောက် ဖြစ်ပါတယ်၊ သူဟာ တရားဥပဒေရဲ့ စောင့်ရှောက် ကာကွယ်မှုကို ခံယူခွင့်ရှိသူလည်း ဖြစ်ပါတယ်။

"တရားခံဗီဗီယန်ကာဆင်ဟာ သေသူနဲ့ မသင့်မြတ်တော့တဲ့အတွက် ကွာရှင်းခွင့်လျှောက်ခဲ့ပါတယ်၊ သူ့ရယာကျိုးဆီမှာ အာမခံစာချုပ်တွေ သိုဝှက်ထားတယ်ဆိုတာလည်း သူသိထားပါတယ်။ ဒါဟာလူသတ်မှုအတွက် ကြံရွယ်စရာ အချက်တစ်ချက်ဖြစ်ခဲ့ပါတယ်၊

"အဲဒီအချိန်မှာဗီဗီယန်ကာဆင်ဟာ ပူးတွဲတရားခံဖြစ်တဲ့ မော်လေအီဗင်နဲ့ လက်တွဲမိပြီး လူသတ်မှုကို ကျူးလွန်ခဲ့ပါတယ်၊ တရားလိုပြသက်သေ နာဒင်းပါးမားရဲ့ထွက်ဆိုချက်ဟာ ခိုင်လုံတဲ့ အထောက်အထားဖြစ်လာပါတယ်၊ အတိအကျပြောဆိုသွားခြင်းမရှိပေမယ့် နာဒင်းပါးမားက ရေကူးကန်ထဲ ခုန်ချခဲ့သူဟာ ဗီဗီယန်ကာဆင်ဖြစ်တယ်လို့ စိတ်ထဲကသိနေတဲ့အကြောင်း ထွက်ဆိုသွားပါတယ်၊ ဂျူရီလူကြီးများအနေနဲ့ ၎င်းအချက်ကို ချင့်ချိန်သုံးသပ်ကြဖို့ တင်ပြပါတယ်။

"သေသူရဲ့ပစ္စည်းတွေ သိုဝှက်ထားတဲ့ အံဝှက်ထဲမှာ တရားခံနှစ်ယောက်ရဲ့ လက်ဗွေရာတွေ တွေ့ခဲ့တာဟာလည်း အင်မတန် ခိုင်လုံတဲ့ အချက်တစ်ရပ် ဖြစ်ပါတယ်။ ဓာတ်ပုံအထောက်အထားတွေနဲ့ ကျွန်တော်တို့ တင်ပြထားပါတယ်၊ သေသူရဲ့ ပစ္စည်းတွေ သိုဝှက်ထားတဲ့နေရာမှာ တရားခံတွေရဲ့ လက်ဗွေရာတွေ ဘာကြောင့် ရှိနေရပါသလဲ၊ ဒီနေရာမှာ ရှင်းရှင်းကလေး အဖြေပေါ်နေတာကတော့ သူတို့ဟာ လော်ရင်းကာဆင်ကို သတ်ပြီး သူဝှက်ထားတဲ့ အာမခံစာချုပ်တွေကိုတော့ သူတို့ရဲ့ ရှေ့နေ ပယ်ရီမေဆင်နဲ့ ထည့်ပေးပြီး လပ်စ်ဗေးဂတ်စ်မြို့ကို လွှတ်လိုက်ပါတယ်၊





ဒါတွေဟာ တိုက်ဆိုင်မှုတွေလို့ ဆိုနိုင်ပါသလားခင်ဗျာ၊ မဟုတ်ပါဘူး။ ဒါတွေကို ဆက်စပ်ကြည့်ရင် တရားခံတွေဟာ ပထမဒီကရီ လူသတ်မှုကျူးလွန်ကြောင်း ထင်ရှားနေပြီဖြစ်တဲ့အတွက် ပြစ်ဒဏ်စီရင်ဖို့ တင်ပြအပ်ပါတယ်ခင်ဗျား"

အွမ်စတီက တိုတိုနှင့် လိုရင်း လျှောက်လဲချက် တင်ပြပြီးနောက် သူ၏ စားပွဲဆီသို့ ပြန်လျှောက်သွားသည်၊ ပယ်ရီမေဆင်က မတ်တတ်ရပ်ပြီး ဂျူရီအဖွဲ့ဝင်များအား ပြုံး၍ ကြည့်လိုက်သည်။

"ဂျူရီအဖွဲ့ဝင်များခင်ဗျား၊ ဒီအမှုဟာ မမှန်မတဖြစ်နေပါတယ်၊ တရားခံတွေအပေါ် အမှုတင်ထားတာဟာ ခုအတိုင်းဆိုရင် သက်သေနာဒင်းပါးမားတစ်ဦးတည်းရဲ့ ထွက်ဆိုချက်အပေါ် အားပြုထားသလိုဖြစ်နေပါတယ်။ အစိုးရရှေ့နေကြီးက နာဒင်းပါးမားဟာ အင်မတန် မှန်မှန်ကန်ကန် ထွက်ဆိုသွားတဲ့ သက်သေအဖြစ် တင်ပြခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရေကူးကန်ထဲ အဝတ်မပါဘဲ ခုန်ဆင်းသွားသူဟာ ဗီဗီယန်ကာဆင် ဖြစ်ပါတယ်လို့ အတိအကျမထွက်ဆိုဘဲ နေခဲ့တဲ့အတွက် မှန်ပါတယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်၊

"သက်သေ နာဒင်းပါးမားဟာ ရေကူးကန်ထဲ ခုန်ချခဲ့သူဟာ ဗီဗီယန်ကာဆင်ပါလို့ တထစ်ချ ဘာကြောင့် မပြောနိုင်ခဲ့ပါသလဲ၊ ဘာကြောင့်လဲဆိုတော့ အဲဒီအမျိုးသမီးဟာ ဗီဗီယန်ကာဆင်မဟုတ်ဘူးဆိုတာ သူသိနေလို့ပါပဲ၊ ဗီဗီယန်ကာဆင် မဟုတ်ဘဲ တခြားအမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း နောင်မှပေါ်ပေါက်သွားရင် မတရား သက်သေထွက်ဆိုမှုနဲ့ အပြစ်ရောက်စိုးတဲ့အတွက် နာဒင်းပါးမားက ပါးပါးနပ်နပ် ရှောင်တိမ်းခဲ့ခြင်း ဖြစ်ပါတယ်"

"တကယ်က နာဒင်းပါးမားဟာ ရေကူးကန်ထဲ အပြေးခုန်ချသွားသူရဲ့ မျက်နှာကို လုံးဝမမြင်လိုက်ပါဘူး။ အဝတ်မပါဘဲ အပြေးထွက်လာတဲ့ အမျိုးသမီးကို မှန်ပြောင်းနဲ့ ကြည့်နေတုန်း ရိပ်ခနဲ မြင်လိုက်ရပြီး ရေကူး



www.burmeseclassic.com

www.burmeseclassic.com



ကန်ထဲရောက်သွား၊ ရေကူး၊ လှေကားနားက အံဝှက်သေတ္တာဘက်ကို မျက်နှာလှည့်ပြီး ကုန်းနေတာတွေကိုပဲ တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။

"နာဒင်းပါးမားဟာ တကယ်ကော အဝတ်မပါတဲ့ မိန်းမ တစ်ယောက်ကို မြင်ခဲ့သလား၊ သူမြင်ခဲ့တဲ့ လှုပ်ရှားမှုတွေဟာ အမှန်ပဲ ဆိုရင် ရဲအဖွဲ့ကို ဘာကြောင့် သတင်းမပေးခဲ့သလဲ၊ ဘာကြောင့် အိမ်ကို တန်းပြန်ပြေးပြီး ခေါင်းပေါ်က ရေလောင်းချိုးရသလဲ၊ သူ့လက်ပွေ့အိတ်ထဲက စီးကရက်တွေ ဘာကြောင့် ရေစိုနေရသလဲ၊ ဘာကြောင့် ဒါတွေ ဖြစ်ရသလဲဆိုတာ ကျွန်တော်တင်ပြပါ့မယ်။ ဘာကြောင့်လဲဆိုတော့ ရေကူးကန်ထဲ ခုန်ဆင်းခဲ့တယ်ဆိုတာ တခြားသူ မဟုတ်ပါဘူး၊ နာဒင်းပါးမားပါပဲ။ သူဟာ အာမခံစာချုပ်တွေကို ယူခဲ့သူဖြစ်ပါတယ်။ ကျွန်တော် အထောက်အထားတွေ တင်ပြသွားပါ့မယ်။

"နာဒင်းပါးမားဟာ မှန်ပြောင်းနဲ့ လှမ်းကြည့်နေတုန်း လော်ရင်းကာဆင်ရဲ့ ပစ္စည်းသိုဝှက်တဲ့နေရာကို တွေ့သွားတယ်။ ဒါကြောင့် လော်ရင်းကာဆင် အိမ်ထဲဝင်နေတုန်းမှာ ရေကူးကန်ဆီကို ချဉ်းကပ်လာပြီး အိမ်တစ်ဖက်ခြမ်းထဲဝင်၊ အဲဒီဘက်အခြမ်းမှာ လူတစ်ယောက်မှ မရှိတာတွေ့တော့ ဧည့်ခန်းမှာ အဝတ်တွေချွတ်၊ အတွင်းခံအဝတ်တလေးတွေနဲ့ ကန်ထဲဆင်း၊ ရေကူးပြီး သံဆူးကြိုးအောက်ကနေ တစ်ဖက်ခြမ်းကို ဖြတ်သွား အာမခံစာချုပ်တွေကို ပလပ်စတစ်အိတ်ထဲ ထည့်ပြီး ပြန်ယူလာ၊ အဲဒီအချိန်မှာ လော်ရင်းကာဆင် အိမ်ထဲက လှမ်းမြင်လို့ ထွက်လာပြီး နာဒင်းပါးမား ရေပေါ်ပေါ်လာချိန်မှာ ခေါင်းကိုဖမ်းကိုင်၊ ရေထဲနှစ်၊ နောက်ဆုံး နာဒင်းပါးမားဆီက ပလတ်စတစ်အိတ်ကို ရတဲ့အထိ ရေထဲ နှစ်ထားခဲ့လိမ့်မယ်။

"ဒါတွေ ဖြစ်ခဲ့တယ်လို့ကျွန်တော်တို့ ဘယ်လိုသိသလဲ၊ ဘာကြောင့်လဲ ဆိုတော့ လော်ရင်းကာဆင်ရဲ့ ရှပ်အင်္ကျီလက်နှစ်ဖက်စလုံးဟာ တံတောင်ဆစ်အထိ ရေတွေ စိုနေခဲ့ပါတယ်။ သူ့ရဲ့ အံဝှက်တံခါးကို ရေကူး





ကန် လှေကားအောက်က ကြိုးခလုတ်ဆွဲပြီး ဖွင့်ရုံနဲ့ လက်နှစ်ဖက်စလုံး ရေတွေစိုနေစရာ အကြောင်းမရှိပါဘူး။ သူဟာ ကြိုးခလုတ်ကို ဆွဲဖွင့်တုန်းက ညာဘက်လက်တစ်ဖက်တည်းနဲ့ ဖွင့်ခဲ့မှာပါပဲ။ ရဲအုပ်ကြီးထရက် ကြိုးခလုတ် ဆွဲတုန်းက ညာဘက်အင်္ကျီလက်ကို ဆွဲတင်ပြီး ဖွင့်ခဲ့သလိုပဲ လော်ရင်းကာဆင်ဟာ သူ့အင်္ကျီလက်ကို ပင့်တင်ပြီး ဖွင့်ခဲ့တာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် သေသူကာဆင်ရဲ့ အင်္ကျီလက်နှစ်ဖက်စလုံး ရေစိုနေတာဟာ ရေကူးကန်ထဲမှာ ရှိနေသူတစ်ယောက်ယောက်ကို ခေါင်းက ကိုင်ဖိပြီး ရေထဲနှစ်ထားခဲ့လို့ပါပဲ။

"ရေကူးကန်ထဲ အနှစ်ခံရသူဆီက အာမခံစာချုပ်တွေ ထည့်ထားတဲ့ ပလတ်စတစ်အိတ်ကို လှမ်းယူလိုက်တဲ့အခါ လက်ချိန်သားလွဲသွားတုန်း အနှစ်ခံနေရသူဟာ လွတ်ထွက်သွားပါလိမ့်မယ်။ အဲဒီအခါမှာ လော်ရင်းကာဆင်က အဲဒီအမျိုးသမီးချွတ်ထားတဲ့ အဝတ်တွေ ရှိတဲ့နေရာကို မှာပြီး စောင့်နေပါလိမ့်မယ်။ ရေကူးကန်ထဲက အမျိုးသမီးဟာ ဘယ်နည်းနဲ့မဆို အဝတ်တွေရှိတဲ့နေရာကို လာမှာပဲ။ ရေစိုနေတဲ့ အတွင်းခံကလေးတွေနဲ့တော့ ထွက်ပြေးသွားရမှာ မဟုတ်ဘူးလို့ သူက တွက်ထားပါလိမ့်မယ်။

"အဲဒီတော့ ရေကူးကန်ထဲက အမျိုးသမီးဟာ တခြားသူမဟုတ်ဘဲ နာဒင်းပါးမားကိုယ်တိုင် ဖြစ်နေလိမ့်မယ်ဆိုတာ ကျွန်တော်တို့ အထောက်အထား ယူလို့ ရပါပြီ။ နာဒင်းပါးမားဟာ ထောင်ချောက်ထဲ ပိတ်မိသလို ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် ရေငုပ်ပြီး တစ်ဖက်ကိုကူး၊ မီးဖိုချောင်ထဲ ပြေးဝင်၊ ဓားထားတဲ့စင်က ဓားမြှောင်တစ်ချောင်းဆွဲယူ၊ ဖိနပ်မပါဘဲ အသာ ခြေဖော့နင်းပြီး အိမ်ထဲမှာ လိုက်ကြည့်ပါလိမ့်မယ်၊ သံဆူးကြိုး တစ်ဖက် ဧည့်ခန်းထဲမှာ သူ့အဝတ်တွေ အပေါ် ရပ်ပြီး စောင့်နေတဲ့ လော်ရင်းကာဆင်ကို တွေ့လိမ့်မယ်။ ကာဆင်ဟာ သံဆူးကြိုးကို ကျောပေးပြီး [illegible] နောက်ဖေးဘက်ဆီ အာရုံစိုက်နေပါလိမ့်မယ်။ အဲဒီအချိန်မှာ နာဒင်းပါးမားက သူ့ကျောကို သံဆူးကြိုးကြားက ဓားနဲ့ထိုးစိုက်ချလိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် လုပ်ခဲ့သလဲဆိုတော့ အာမခံစာချုပ်တွေရယ်၊ ငွေတွေရယ်ရဖို့ သေချာနေပြီ။ ပြီးတော့ တရားခံအဖြစ် ဓားစာခံ ထိုးပြစရာ လူတွေလည်း ရှိနေပြီ။ ဒါကြောင့် ကာဆင်ကို ဓားနဲ့ထိုးပြီးတော့ နာဒင်းပါးမားဟာ ရေကူးကန်ဆီပြန်လာ၊ သံဆူးကြိုးအောက်ကနေ တစ်ဖက်ကိုပြန်ကူး၊ အဝတ်တွေရှိတဲ့နေရာ ပြန်သွား၊ ကာဆင်ရဲ့ အလောင်းဘေးမှာပဲ အတွင်းခံကလေးတွေချွတ်၊ အဝတ်တွေပြန်ဝတ်၊ ရေစိုနေတဲ့ အတွင်းခံတွေကို လက်ပွေ့အိတ်ထဲထည့်၊ အာမခံစာချုပ်နဲ့ ငွေတွေထည့်ထားတဲ့ ပလတ်စတစ်အိတ်ကိုပြန်ယူ၊ ပြီးတော့မှ လာလမ်းအတိုင်း တောင်ကုန်းပေါ်က ကားဆီပြန်သွား။ အဲဒီကနေ တိုက်ခန်းကို အမြန်ဆုံးပြန်ခဲ့ပါတော့တယ်။ အခန်း ပြန်ရောက်ရောက်ချင်း အဝတ်တွေလဲနေတုန်း ကျွန်တော်သူ့ဆီ ရောက်သွားပါတယ်။ နာဒင်းပါးမားဟာ ကြောက်အားလန့်အား ဖြစ်နေပါတယ်။ အထူးသဖြင့် သူ့လက်ပွေ့အိတ်ထဲက ရေစိုစီးကရက်တွေကို ကျွန်တော် တွေ့သွားမှာစိုးလို့ အိပ်ခန်းထဲက အဝတ်အစား မလဲ့မဖြီးနဲ့ အရေးတကြီး ပြေးထွက်လာတဲ့အထိ တုန်လှုပ်နေပါတယ်။

"နာဒင်းပါးမားဟာ လခစား အမျိုးသမီးတစ်ယောက်ဖြစ်ပါတယ်။ သူ့ဆီမှာ ရုတ်တရက် ငွေတွေတစ်ပုံကြီး ရလာတယ်ဆိုရင် မသင်္ကာစရာအဖြစ် ခံရမယ်ဆိုတာ သူသိတယ်။ ငွေတွေဘယ်က ရသလဲဆိုတာ အကြောင်းပြဖို့ စဉ်းစားရခက်နေတုန်း ကျွန်တော်က လပ်စ်ဗေးဂတ်မြို့မှာ ကာဆင်ရဲ့အဆက် အမျိုးသမီးကလေးတစ်ယောက် ရှိတယ်ဆိုတာ ဟုတ်ပလားလို့ မေးလိုက်တော့ ချက်ချင်းအကြံရသွားတယ်။ လပ်ဗေးဂတ်ကို သွားပြီး လောင်းကစားဝိုင်းတွေမှာ ကစားမယ်၊ အကြာကြီး ဝိုင်းတွေပြောင်းလဲကစားနေရင် သူနိုင်သလား ရှုံးသလားဆိုတာ ဘယ်သူမှ သတိထားမိမှာ မဟုတ်ဘူး။ နောက်တော့မှ ကစားဝိုင်းတွေမှာ နိုင်လို့ဆိုပြီး ငွေတွေကို ထုတ်သုံးမယ်လို့ အကြံရသွားတယ်။ အာမခံစာချုပ်တွေကတော့ သူ့အတွက် အသုံးမကျဘူး။ ဒါတွေကို ငွေထုတ်ရင် ခြေရာကောက်





မိသွားမယ်။ ဒီတော့ သူဘာလုပ်သလဲ၊ အင်မတန် ညက်သွားတဲ့ နာဒင်းပါးမားဟာ လက်ဆွဲသေတ္တာတစ်လုံးထဲ အဲဒီစာချုပ်စာရွက်တွေ ထည့်၊ သေတ္တာပေါ်မှာ 'ပီ၊ မေဆင်'ဆိုတဲ့ စာတပ်ပြီး ကျွန်တော့်တည်းခိုခန်းထဲ လာထားသွားပါလေရောခင်ဗျာ။ ပြီးတော့ ရဲအဖွဲ့ကို ဖုန်းဆက်သတင်းပေး၊ ကျွန်တော့်အမှုသည်တွေ ဖြစ်တဲ့ ယခုအမှုက တရားခံတွေက ကျွန်တော့်ကို အာမခံစာချုပ်တွေ လက်လွှဲပေးလိုက်တယ်ဆိုတဲ့အကြောင်း သတင်းပေးခဲ့တာဖြစ်ပါတယ်။

"ဒါပေမယ့် ရဲအဖွဲ့က ကျွန်တော့်တည်းခိုခန်းမှာ ရှာဖွေသိမ်းဆည်းသွားတဲ့ ပီ၊ မေဆင့် နာမည်ရေးထိုးထားတဲ့ လက်ဆွဲသေတ္တာဟာ နာဒင်းပါးမား လာထားသွားတာဖြစ်တဲ့အကြောင်း ကျွန်တော်အထောက်အထားပြပါမယ်။ ဒီအမှုမှာ သက်သေခံတင်ပြထားတဲ့ ပစ္စည်းများအနက် အာမခံစာချုပ်တွေ ထည့်ထားတဲ့ လက်ဆွဲသေတ္တာကို လူကြီးမင်းများ တွေ့ကြပါလိမ့်မယ်။ အဲဒီသေတ္တာပေါ်မှာ ကျွန်တော့်ရဲ့ လက်ဗွေရာတွေအပြင် တခြား တစ်ယောက်ယောက်ရဲ့ လက်ဗွေရာတွေ ရှိနေတယ်ဆိုတာ ရဲအဖွဲ့က တင်ပြထားပြီးပါပြီ။ ဒါတင်မက အီဒင်အိမ်နောက်ဖေး ရေကူးကန်ဘေးက ကာဆင်ရဲ့ ပစ္စည်းဝှက်တဲ့ ကျင်းနှုတ်ခမ်းက လက်ဗွေရာကိုလည်း ဓာတ်ပုံရိုက်ပြီး သက်သေခံအဖြစ် တင်ထားတာ ရှိပါတယ်။ အဲဒီ လက်ဗွေရာတွေဟာ ကျွန်တော့်အမှုသည်တွေရဲ့ လက်ဗွေရာတွေပါပဲလို့ ရဲအဖွဲ့က တင်ပြခဲ့ပါတယ်။ ကျွန်တော့်အမှုသည်တွေဟာ ပွင့်နေတဲ့ ကျင်းနှုတ်ခမ်းကို ထိမိတိုင်မိနိုင်တဲ့အတွက် သူတို့ရဲ့ လက်ဗွေရာတွေ ထင်နေတာဖြစ် ကောင်းဖြစ်ပါ လိမ့်မယ်။ ဒါပေမယ့် သူတို့ရဲ့ လက်ဗွေရာတွေအပြင် တခြားသူ တစ်ယောက်ယောက်ရဲ့ လက်ဗွေရာတွေလည်း တွေ့ရမှာ သေချာပါတယ်။

"ဒါကြောင့် ဂျူရီလူကြီးများခင်ဗျား၊ ဟောဒီမှာ မှန်ဘီလူး ၁၂ ခုရှိပါတယ်။ အဖွဲ့ဝင် ၁၂ ယောက်ကိုယ်တိုင် တိုက်ဆိုင်ကြည့်ကြပါ။ နာဒင်း



www.burmeseclassic.com

www.burmeseclassic.com



ဝါးမားရဲ့ လက်ဗွေရာဓာတ်ပုံကြီးလည်း ရှိနေပါတယ်။ အဲဒီလက်ဗွေရာတွေနဲ့ ကျွန်တော့်တည်းခိုခန်းထဲက သိမ်းခဲ့တဲ့ လက်ဆွဲသေတ္တာပေါ်က လက်ဗွေရာတွေရယ်၊ တာဆင်ပစ္စည်းဂိုက်တဲ့ တျင်းနှုတ်ခမ်းက လက်ဗွေရာတွေရယ် ယှဉ်ကြည့်ပါခင်ဗျား"

ဤတွင် အစိုးရရှေ့နေ အွမ်စတီက ထ၍ "နေပါဦး၊ နေပါဦး၊ ဂျူရီလူကြီးတွေဟာ လက်ဗွေပါရဂူတွေ မဟုတ်ပါဘူး။ လက်ဗွေစစ်ဆေးတယ်ဆိုတာ သိပ္ပံပညာတစ်ရပ်ဖြစ်ပါတယ်၊ ကျွမ်းကျင်သူတွေသာလျှင် တိုက်ဆိုင်စစ်ဆေးလို့ရပါတယ်။ အဲသလို စစ်ဆေးချင်တယ်ဆိုရင် ကျွန်တော်တို့ ဒီအမှုကို နောက်ကြောင်းပြန်ဖွင့်ပြီး မြို့နယ်ရဲမှူးရုံးက လက်ဗွေပါရဂူကို ခေါ်စစ်နိုင်းရပါလိမ့်မယ်"

တရားသူကြီးက ကြားဝင်၍ "နေပါဦး၊ တရားလိုအကျိုးဆောင်ကြီးခင်ဗျားအနေနဲ့ ကန့်ကွက်တယ်ဆိုရင် တော်ပါပြီ၊ ရုံးတော်အနေနဲ့ အခုလို လက်ဗွေရာတွေကို စစ်ဆေးဖို့ဆိုတာ ထုံးစံ မဟုတ်ဘူးဆိုတာတော့ သိတယ်။ သို့သော်လည်း တရားခံအကျိုးဆောင်ကြီး တင်ပြသလိုပဲ၊ ဂျူရီအဖွဲ့ဝင်တွေဟာ သက်သေခံပစ္စည်းတွေကို စစ်ဆေးကြည့်ခွင့်ရှိနေတယ်။ ဒါကြောင့် ဂျူရီလူကြီးတွေအနေနဲ့ လက်ဗွေရာတွေကို တိုက်ဆိုင်ကြည့်ဖို့ ခွင့်ပြုရလိမ့်မယ်"

မေဆင်က "ကျေးဇူးတင်ပါတယ် ရုံးမင်းခင်ဗျာ" ဟု ပြောကာ ဂျူရီအဖွဲ့ဘက်သို့ လှည့်၍ ဦးညွှတ်ပြီး "တရားလိုအကျိုးဆောင်ကြီး ပြောခဲ့သလိုပါပဲ။ လက်ဗွေရာ စစ်ဆေးတယ်ဆိုတာ မျက်စိကောင်းကောင်းနဲ့ ကြည့်တတ်ဖို့၊ ဆုံးဖြတ်ချက်ကောင်းကောင်းချထားဖို့ လိုပါတယ်။ လူကြီးမင်းများအနေနဲ့ အထောက်အထားတွေအားလုံးကို လေ့လာစစ်ဆေးပြီးတဲ့ အခါ ကျွန်တော်ရဲ့ အမှုသည်တွေအပေါ် အပြစ်မရှိနိုင်ဘူးလို့ ယုံသယဖြစ်စရာတွေ့ရတယ်ဆိုလျှင် အပြစ်မှ လွှတ်ပေးဖို့ ပန်ကြားပါတယ်"ဟု ဆိုကာ ထိုင်ချလိုက်သည်။



အွမ်စဘီက မတ်တတ်ရပ်လျက် စားပွဲကို လက်သီးဖြင့် မထျေနေစ်ထုပြီး မေဆင်သည် ရှေ့နေကျင့်ဝတ်နှင့် မညီဘဲ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲပြောဆိုသည်။ ရဲအဖွဲ့က မည်သူမည်ဝါ၏ လက်ဗွေရာဟု မစစ်ဆေးခဲ့ရသေးသော လက်ဗွေရာများသည် နာဒင်းပါးမား၏ လက်ဗွေရာများဖြစ်သည်ဟု စောစောက အဘယ်ကြောင့် မတင်ပြဖဲ့သလဲ၊ လက်ဗွေပါရဂူတစ်ယောက်ကိုခေါ်ပြီး အဘယ်ကြောင့် မစစ်ဆေးခိုင်းဖုံ့သလဲ၊ ထိုသို့စစ်ဆေးခံရမည်ကို ကြောက်၍ မတင်ပြခဲ့ခြင်းဖြစ်သည် မဟုတ်လောစသည်ဖြင့် အော်ဟစ်ပြောဆိုနေသည်။ မေဆင်က ခပ်ပြုံးပြုံးဝင် ထိုင်၍နေရာက အွမ်စဘီကိုတစ်လှည့်၊ ဂျူရီလူကြီးများကို တစ်လှည့် ကြည့်၍နေသည်။ သူ၏ အပြုံးမှာ အောင်နိုင်သူတစ်ဦး၏ ပိုင်နိုင်သော အပြုံးမျိုးဖြစ်သည်။

ဂျူရီအဖွဲ့ဝင်များသည် သီးသန့်ခန်းတွင် နှစ်နာရီခွဲမျှ ကြာမြင့်အောင်စစ်ဆေးလေ့လာခဲ့ကြသည်၊ ထို့နောက် တရားခွင်သို့ ပြန်ထွက်လာကြပြီးတရားသူကြီးက စီရင်ချက်ကို ကြေညာသည်။ တရားခံနှစ်ဦးစလုံးအား အပြစ်မရှိကြောင်း တွေ့ရ၍ တရားသေလွှတ်လိုက်သည်ဟူသော စီရင်ချက်ပေတည်း။

* * *

ပန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

ပယ်ရီမေဆင်၊ ဗယ်လာစထရီနှင့် မော်လေအီဗင်၊ ဗီဗီယန်ကာဆင်တို့ လေးယောက်သား ပယ်ရီမေဆင်၏ သီးသန့်ရုံးခန်းထဲ၌ ဝိုင်းဖွဲ့မိကြသည်။ မေဆင်က "ကိုင်း...ခင်ဗျားတို့ရဲ့ ရှေ့နေရယ်၊ သူ့အတွင်းရေးမှူးရယ်၊ နံရံလေးဖက်ရယ် အပြင်တခြား ဘယ်သူမှမရှိဘူး။ ခင်ဗျားတို့ဟာ လူသတ်မှုကလည်း တရားသေလွတ်ခဲ့ကြပြီ၊ နောက်တစ်ကြိမ်ပြန်ပြီး တရားစွဲခံရဖို့လည်း မရှိတော့ဘူး။ ဒီတော့ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ အမှန်အတိုင်း ပြောစမ်းပါ။ ခင်ဗျားတို့ လွတ်ဖို့အတွက် ကျုပ်အနေနဲ့ တရားလိုဘက်က ပင်မသက်သေကို သံသယဖြစ်လာအောင် အမြစ်ပုံချခဲ့ရတယ်။ ခင်ဗျားတို့ကို ကိုယ်စားပြုပြီး အကျိုးဆောင်ပေးရတဲ့ တာဝန်အရ အဲသလိုလုပ်ခဲ့ရတာပဲ။ ဂျူရီလူကြီးတွေ စိတ်ထဲ ဇဝေဇဝါဖြစ်လာအောင် တမင်ဖန်တီးခဲ့ရတာ၊ တကယ်တော့ လော်ရင်းကာဆင်ကို နာဒင်းပါးမား သတ်ခဲ့တယ်လို့ ကျုပ်လည်း အသေအချာ မပြောနိုင်ဘူး။ ဟုတ်ချင်မှ ဟုတ်မှာ၊ ဒါကြောင့် ဘယ်သူသတ်ခဲ့တယ်ဆိုတာ စဉ်းစားလို့ရအောင် ခင်ဗျားတို့က





အဖြစ်မှန်ကို ပြောပြီး ကူညီကြပါ၊ နာဒင်းပါးမား သတ်တာတွေ့ရှင်သော့ သူ့ဗိုက္ခမရောက်အောင် တစ်နည်းနည်း ကူညီရလိမ့်မယ်"

အီဗင်က ဗီဗီယန်ကို လှမ်းကြည့်သည်၊ ဗီဗီယန်က ခေါင်းယမ်း၍ "ရှင်ပြောလိုက်ပါ" ဟု ပြောသည်။ အီဗင်က "ဒါဖြင့် ကောင်းပါပြီ၊ ကျွန်တော်ပြောပြပါ့မယ်ဆရာ၊ တကယ်ဖြစ်ပျက်ခဲ့တာတွေတိုသာ ရဲအဖွဲ့က သိထားရင် ကျွန်တော်တို့နှစ်ယောက် လူသတ်မှုနဲ့ အပြစ်ပေးခံရဖို့ မြေကြီးလက်ခတ်မလွဲပါပဲ။ ဒါကြောင့် အခုမှ ကျွန်တော်ပြောရဲတာပါ"

"ကိုင်း...ဘာတွေဖြစ်ခဲ့သလဲ၊ ဆိုစမ်းပါဦး"ဟု မေဆင်က ထောက်ပေးသည်။

"စပြောရရင်တော့ ဗီဗီယန်ကာဆင်ကို အိမ်တစ်ဖက်ခြမ်းမှာ တွေ့လိုက်ရချိန်ကစပြီး ကျွန်တော် အစွဲကြီး စွဲခဲ့မိပါတယ်"

"ဒါကတော့ မေတ္တာရောင်ပြန်သဘောပါပဲရှင်၊ ကျွန်မလည်း မှန်တဲ့အတိုင်း ပြောရရင် မော်လေအီဗင်ကို မြင်လိုက်ရချိန်မှာ သစ်ရွက်တလေးလေဟတ်ခံရသလို စိတ်လှုပ်ရှားခဲ့ရပါတယ်"ဟု ဗီဗီယန်က ကဗျာဆန်ဆန်ဝင်ပြောသည်။ ဤတွင် အီဗင်က ဗီဗီယန်အား ပခုံးမှသိုင်းဖက်၍ ကျောကိုပုတ်ပြီး ကျီစယ်လိုက်သည်။

မေဆင်က "ဟုတ်ပြီ၊ ဒီနေရာကစကြရအောင်၊ ချစ်ခြင်းအစ ဈတ်စီက ဆိုကြပါစို့"

"မျက်စိက စတယ်ဆိုတာတော့ သိပ်မှန်တယ်ဆရာ"ဟု အီဗင်က ပြောသည်။

"ဘီကီနီကလေးနဲ့ တွေ့လိုက်ချိန်ကစတာပေါ့ ဟုတ်လား" မေဆင်က မေးလိုက်ရာ ဗီဗီယန်က ဝင်ဖြေသည်။ "မှန်ပါတယ်ဆရာ၊ အီဗင်မြင်လောက်တဲ့ နေရာမှာ ရေကူးကန်ဘေး ဘီကီနီကလေးနဲ့ ကျွန်မရပ်ပြခဲ့တာ တမင်လုပ်ခဲ့တာပါ။ ကျွန်မကို အီဗင် စိတ်ဝင်စားလာစေချင်သည်။ နယ်ကျွံလာတဲ့အထိ ဖြစ်အောင် သူ့စိတ်ကို နှိုးဆွဖို့ တမင်ဖန်တီးခဲ့တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဝဲ။ ဒါမှ ဝိုင်နတ်ကျူးလွန်မှုနဲ့ တရားရုံးဆုံးဖြတ်ချက်ကို ဖောက်ဖျက်မှုနဲ့ အီဒင်ကို အရေးယူနိုင်မယ်။ အဲသလို အမှုဖြစ်လာရင် အီဒင်ဟာ လော်ရင်း တာဆင်ကို ဗိုပြီး သဲသဲမဲမဲ ဒေါသထွက်လာမယ်လို့ ကျွန်မက တွက်ထား တယ်"

မေဆင်က "ကောင်းပြီ၊ ခင်ဗျားတို့နှစ်ယောက် စပြီးဆုံစည်းမိကြတဲ့ နောက်ပိုင်း ဘာဖြစ်သလဲ ဆက်ပြောပါ"

အီဒင်က "မတ်လ ၁၄ရက် နေ့ ညနေမှာ ဗီဗီယန်က သူကားပြင် စရာ ရှိလို့ အိမ်နီးချင်းအနေနဲ့ ကူညီပါလို့ ပြောတယ်။ အနီးဆုံး ကားဝပ် ရှော့တစ်ခုကို လိုက်ပို့ပြီး ကျွန်တော့်ကားနဲ့ သူ့ကို ပြန်ခေါ်ခဲ့ဖို့ အကူအညီ တောင်းတာပါ။ အဲဒီအချိန်မှာ ကျွန်တော်တို့ဟာ အတော်ကလေး အကျွမ်း တဝင် ရှိနေကြပါပြီ။ အိမ်နီးချင်း မိတ်ဆွေအနေနဲ့ အပြန်အလှန် ကူညီဖို့ လိုတဲ့အကြောင်းတွေ စကားစမြည်ပြောပြီးကြပါပြီ။

"ဒါနဲ့ ကျွန်တော် ဗီဗီယန်ကို ကားဝပ်ရှော့လိုက်ပို့ပြီး အိမ်ပြန်ကြ မယ်လုပ်တုန်း သူက မြို့ထဲက တိုက်ခန်းမှာ ယူစရာတစ်ခု ကျန်နေလို့ သွားယူချင်တဲ့အကြောင်း ပြောပါတယ်။ ကျွန်တော်ကလည်း မြို့ထဲ တိုက်ခန်းကို လိုက်ပို့ပြီး အိမ်အရောက် ပြန်ပို့ပေးမယ်လို့ ပြောပါတယ်။ အဲဒီအချိန်မှာ ညစာစားချိန် ရောက်ပြီဆိုတော့ ကျွန်တော်က သူ့ကို ညစာကျွေးပါရစေလို့ ဖိတ်တယ်။ ပြီးတော့ တစ်နေရာမှာ ညစာသွားစား၊ ကပွဲတစ်ခု သွားကြည့်၊ အဲဒီကမှ သူ့တိုက်ခန်းကို သွားကြပါတယ်။ ဗီဗီယန် ယူစရာရှိတာယူပြီးတော့ ခဏထိုင်စကား ပြောနေကြပါတယ်။ ဗီဗီယန်က ဒီတိုက်ခန်းကလေးကတော့ ကျွန်မတို့နှစ်ယောက်အတွက် ကြားနေနယ်မြေ ပဲလို့ ပြောတယ်၊ ကျွန်တော်က တိုက်အိမ်ကြီးမှာ သံဆူးကြိုးကာထား ပုံကို ပြောတော့ ဗီဗီယန်က ဒီအခန်းမှာ သံဆူးကြိုး မရှိပါဘူးရှင် လို့ ပြန်ပြောတယ်၊ ခဏကြာတော့ သူဟာ ကျွန်တော့်ရင်ခွင်ထဲ ရောက်နေ ပါတယ်။ အချိန်ဘယ်လိုကုန်သွားမှန်းတောင် မသိလိုက်ပါဘူး။ ကျွန်တော်





တို့ဟာ ဘာစ်ယောက်နဲ့တစ်ယောက် နားလည်မှု ရှိကြပြီဖြစ်လေတော့ ရှေ့ ခရီး အစီအစဉ်တွေကို တိုင်ပင်ဆွေးနွေးနေမိကြပါတယ်။ အဲဒီ အချိန်မှာ ရုတ်တရက် တံခါးသော့ဖွင့်သံ ကြားရပြီး လော်ရင်းတာဆင်ဟာ ဟံခါးဝမှာ မားမားကြီး ရပ်နေပါတယ်။ တာဆင်က ဗီဗီယန်ကို အင်မတန် နင့်သီးတဲ့ စကားလုံးတွေနဲ့ စော်ကားမော်ကားပြောနေပါတယ်။ ဒါကြောင့် ကျွန်တော် က သူ့ကို ထထိုးတယ်၊ သူကလည်း ပြန်ထိုးတယ်။ နောက်ဆုံးတော့ ကျွန်တော်က သူ့ကို တံခါးအပြင်ဘက် တွန်းထုတ်ပစ်ပြီး ဗီဗီယန်ကို နောက်တစ်ခါ လာစော်ကားဝံ့ရင် လာကြည့်စမ်း၊ သတ်ပစ်မယ်လို့ ကြိမ်း မောင်းလိုက်ပါတယ်"

"အဲသလို ခင်ဗျားပြောတာ တစ်ယောက်ယောက် ကြားသွား သလား" မေဆင်က မေးသည်။

"ဟုတ်ကဲ့ ကြားသွားတယ်၊ အခန်းနီးချင်းတစ်ယောက်က အဖြစ် အပျက် အစအဆုံး သိတယ်၊ ဒါပေမယ့် ကံကောင်းထောက်မလို့ အဲဒီလူ က နှုတ်ပိတ်နေခဲ့တယ်၊ ရဲအဖွဲ့ကလည်း ဗီဗီယန်ရဲ့ တိုက်ခန်းအနီးအနား က လူတွေကို အဲဒီညက အကြောင်း မေးမြန်းခဲ့ပုံမရပါဘူး။ ကျွန်တော်နဲ့ ဗီဗီယန် အဲဒီညက တိုက်ခန်းထဲမှာ ရှိခဲ့ကြတယ်ဆိုတာ သူတို့ လုံးဝမရိပ် မိခဲ့ဘူး ထင်ပါတယ်။ တာဆင်ရဲ့ကားကို ဂိုဒေါင်ထဲ ကျွန်တော်တို့ သွင်း တုန်း မြင်သွားတဲ့ အမျိုးသမီးကြီးက ရဲအဖွဲ့ကို သတင်းပေးခဲ့ပေမယ့် ကျွန်တော်တို့ဟာ ညတုန်းက တခြားတစ်နေရာမှာ ရှိနေခဲ့ကြတယ်လို့ပဲ ရဲအဖွဲ့က ယူဆပုံ ရတယ်"

"တာဆင်ကို မောင်းထုတ်ပြီးတော့ ဘာဖြစ်သလဲ"

"ဟုတ်ကဲ့၊ တာဆင်ကို ကျွန်တော် မောင်းလုပ်ပြီး မနက်အထိ ကျွန်တော်တို့ စောင့်နေကြပါတယ်။ မိုးလင်းစာ စားပြီးမှ အပြင်ထွက် ကျွန်တော်တို့ထွက်တယ်။ အဲဒီတော့မှ လော်ရင်းတာဆင်ရဲ့ကား ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ရပ်ထားပြီး ကားမှန်ပေါ်မှာ ယာဉ်ထိန်းရဲက ဒဏ်ဆောင်ဖို့ ဆင့်ဆိုတဲ့စာ ကပ်ထားတာ တွေ့ရပါတယ်။ ကာဆင်ဟာ အဲဒီနေရာမှာ ကားကို တမင်ရပ်ထားခဲ့တာဖြစ်မယ်၊ သူ့ကို အရှုက်ခွဲဖို့ တမင်လုပ်တာပဲလို့ ဗီဗီယန်က ထင်တယ်။ အခန်းထဲက ကျွန်တော်တို့မထွက်ရဲအောင် ကားကို ရပ်ထားပြီး စောင့်နေဟန်ဆောင်တာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်"

"ပြီးတော့ ခင်ဗျားဘာလုပ်သလဲ"

"ပြီးတော့ ကျွန်တော် ဆရာ့ရုံးကို လာပါတယ်၊ ကာဆင်အပေါ် လိမ်လည်မှုနဲ့ တရားရုံးကို တင်မယ့်လျှောက်လွှာမှာ လက်မှတ်ထိုးပါတယ်။ အဲဒီအချိန်မှာ ဗီဗီယန်က ကျွန်တော့်ကားထဲမှာ နေရစ်ပါတယ်၊ အဲဒီအကြောင်းသာ ဆရာသိရင် ဘယ်လောက်များ အံ့ဩလိမ့်မလဲလို့တောင် တွေးမိပါသေးတယ်"

မေဆင်က ဒယ်လာကို လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ အီဒင်က ဆက်ပြောသည်၊

"ကျွန်တော်တို့ အိမ်ပြန်ကြပါတယ်။ ကျွန်တော့်ဘက် အခြမ်းကပဲ ဝင်လိုက်ကြတော့ ဧည့်ခန်းထဲမှာ လူတစ်ယောက်လဲကျနေတာ တွေ့တယ်။ လော်ရင်းတာဆင်ရဲ့ အလောင်းဖြစ်နေပါတယ်။ သူ့ကျောမှာ စိုက်ဝင်နေတဲ့ ဓားက ဗီဗီယန်ရဲ့ မီးဖိုဆောင်က ဓားဖြစ်နေလေတော့ ကျွန်တော်တို့ နှစ်ယောက်အပေါ် အမှုပတ်တော့မှာပဲလို့ စိုးရိမ်ထိတ်လန့် သွားကြပါတယ်။ ဒါကြောင့် ဗီဗီယန်ရဲ့ တိုက်ခန်းကို ကျွန်တော်တို့ ပြန်သွား၊ ကာဆင်ရဲ့ကားကို ဗီဗီယန်ရဲ့ ကားဝိုဒေါင်ထဲထည့်၊ ညရောက်မှ ပြန်ထုတ်ပြီး တစ်နေရာရာမှာ သွားစွန့်ထားမယ်ပေါ့လေ၊ ပြီးတော့ ဗီဗီယန် ကားပြင်တဲ့ ဝပ်ရှော့ကိုသွား၊ သူ့ကားကို ပြင်ပြီးပြီဖြစ်လို့ ပြန်ယူခဲ့၊ မီးဖိုဆောင်က ဟိုဓားနှင့် တစ်မျိုးတစ်စားတည်း ဓားတစ်ချောင်းကို သွားဝယ်၊ ဗီဗီယန်က သူ့ကားနဲ့သူ နောက်မှ လိုက်ခဲ့၊ ကျွန်တော်က ဆရာချိန်းထားတဲ့ သတင်းထောက်တွေနဲ့ တွေ့ဖို့ စောစောပြန်သွားခဲ့တယ်။ သတင်း





ထောက်တွေနဲ့ အတူတူ အိမ်ထဲကို ဝင်တော့မှ အလောင်းကို တွေ့ရတဲ့ အနေမျိုး ဟန်ဆောင်ရပါတယ်၊

"အဲဒီလို တစ်ပတ်ရိုက်ခဲ့တာတွေဟာ မှားမှန်း အခုမှ ကျွန်တော် သိလာပါတယ်။ အလောင်းကို တွေ့တွေ့ချင်း ရဲအဖွဲ့ကို သတင်းပေးပြီး မှန်တဲ့အတိုင်း ပြောခဲ့ရင် ခုလို ပြဿနာပေါ်မှာ မဟုတ်ဘူး၊ ဒါပေမယ့် စကတည်းက အမှန်တိုင်း မပြောဘဲ ဖုံးကွယ်ထားပြီး နောက်မှ ထုတ်ပြောရင် ယုံစရာ မဟုတ်တော့ဘဲ မသင်္ကာစရာ ပိုဖြစ်နိုင်တယ်လို့ စဉ်းစားမိပါတယ်။ ဆရာက ကျွန်တော်တို့ကို အမှန်အတိုင်း ပြောခိုင်းတော့လည်း ကျွန်တော်တို့ ဘာမှ မပြောတော့ဘဲ နေခဲ့တာဟာ အဲဒါကြောင့်ပါပဲ၊ အမှုနဲ့ ပတ်သက်ပြီး ဆရာ့ကို လုံးလုံးလွှဲ၊ ဆရာ့ပညာကို အားကိုးပြီး နေလိုက်ပါတော့တယ်။ ဒါကြောင့် ဆရာလည်း ဆင်ကန်းတောတိုး ဖြစ်ခဲ့ရတော့တာပဲနော်"

ထိုစဉ် မေဆင်၏ စားပွဲပေါ်မှ တယ်လီဖုန်းသည် မြတ်တောင်းမြတ်တောင်း အသံမြည်လာ၍ "အင်း...ရဲအုပ်ကြီးထရက် ဒီကို လာနေပြီဆိုတာ ဂါတီက တယ်လီဖုန်းသံနဲ့ အချက်ပေးနေတယ်"ဟု မေဆင်က ပြောလိုက်သည်။ ဂါတီမှာ မေဆင်၏ ရှေ့နေရုံး အပြင်ခန်းမှ ဧည့်ကြိုအမျိုးသမီးဖြစ်သည်၊ ရဲအုပ်ကြီးထရက်သည် ခွင့်မတောင်းဘဲ မေဆင်ထံ အတင်းဝင်တွေ့ တတ်သည်ဖြစ်၍ ထရက် ထိုသို့ လာရောက်လျှင် ဂါတီက အတွင်းခန်းထဲရှိ မေဆင်ထံ တယ်လီဖုန်းမြည်သံဖြင့် အချက်ပေးသတင်းပို့ရသည်၊ ချက်ချင်းလိုလိုပင် တံခါးပွင့်သွားပြီး ထရက်က တံခါးဝမှ လှမ်းပြောသည်၊

"ခြော်...ခြော်...ခြော် ဆွေးနွေးပွဲတစ်ခုကို ကျုပ်လာနှောင့်ယှက်သလိုဖြစ်သွားပြီထင်တယ်"

"နှောင့်ယှက်သလိုဖြစ်သွားတာ မဟုတ်ဘူးထရက်။ ခင်ဗျားက နှောင့်ယှက်တာပဲ"ဟု မေဆင်က ပြန်ပြောသည်။

"ဟာ ဒါဆိုရင် ကျုပ်တော်တော် ဆိုးတာပဲပေါ့"ဟု ထရက်ကပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီမယ် ထရက်၊ ကျုပ်အမှုသည်တွေဟာ ဝေါ်ရှင်းတာဆင်လတ်မှုနဲ့ ပတ်သက်ပြီး တရားသေ လွှတ်ခဲ့ကြပြီ၊ သူတို့နဲ့ ခင်ဗျားတွေ့စရာ အကြောင်းမရှိတော့ဘူး"

"နေစမ်းပါဦး မေဆင်ရယ်၊ ဖြည်းဖြည်းပေါ့။ ကျုပ်က ခင်ဗျားရဲ့ အမှုသည်တွေနဲ့ တွေ့ဖို့လာတာ မဟုတ်ပါဘူး၊ ခင်ဗျားနဲ့တွေ့ချင်လို့ပါ"

"ကျုပ်နဲ့...ဟုတ်လား"

"ဟုတ်ပါ့ဗျာ" ထရက်က ပြောပြောဆိုဆို လျှောက်ဝင်လာပြီး ကုလားထိုင်တစ်လုံးတွင် သက်သောင့်သက်သာ ဝင်ထိုင်လိုက်တာ ဦးထုပ်ကို နောက်သို့လှန်၍ မေဆင်ကို ပြုံးပြသည်။

"ဒီမယ် မေဆင်၊ ခင်ဗျားက ကျုပ်တို့ကို ပြဿနာပေးထားခဲ့တာ တော့ မကောင်းဘူးဗျာ"

"ဘာပြောတာလဲ၊ ကျုပ်က ဘာလုပ်ခဲ့လို့လဲ"

"သတင်းစာတွေက ရေးကုန်ကြပြီလေဗျာ၊ တာဆင်သတ်မှုမှာ တရားခံအစစ်မပေါ်သေးဘူးလား၊ နာဒင်းပါးမားကို ဘာကြောင့် မဖမ်းသလဲလို့ ဝိုင်းရေးနေကြတယ်။ ဒါပေမယ့် ကျုပ်တို့ကလည်း နာဒင်းပါးမားကို ဖမ်းပြီး အမှုတင်လောက်အောင် ခိုင်လုံတဲ့ အချက်အလက် ရှာမတွေ့ဘူးဖြစ်နေတယ်။ ခင်ဗျားကတော့ ကိုယ့်အမှုသည်တွေအပေါ်မှာ အပြစ်ရှိမရှိ ဂျူရီလူကြီးတွေ သံသယဖြစ်သွားအောင် ဖန်တီးပေးပြီး ရုန်းထွက်သွားပြီ၊ တစ်နည်းအားဖြင့် ပြောရရင် တာဆင်ကို သတ်တာ ခင်ဗျားရဲ့ အမှုသည်တွေမဟုတ်ဘဲ နာဒင်းပါးမား ဖြစ်ကောင်းဖြစ်လိမ့်မယ်လို့ ဂျူရီလူကြီးတွေ ဖဝေဖဝါဖြစ်သွားအောင် ခင်ဗျား လုပ်ခဲ့တာ မဟုတ်လား။ ဒါပေမယ့် အဲဒါ တကယ်ဝါပဲလို့လည်း ခင်ဗျား အထောက်အထား မပြနိုင်ခဲ့ဘူး။ ကျုပ်တို့ရဲ့ဌာနဖွဲ့ကလည်း မပြနိုင်ဘူး၊ ခုမှ ချောက်ပေါက်တိုးနေတော့တယ်ဗျာ"





"ခရိုင်အစိုးရ ရှေ့နေကြီးဟာ ဒီကိစ္စမှာ ကျုပ်ကို ဘာတစ်ခုမှ မတိုင်ပင်ဘဲ သူလုပ်ချင်တာ လုပ်ခဲ့တာပဲ။ ဒီတော့ ကျုပ်ရဲ့ အကူအညီမပါဘဲ သူပြဿနာသူ ရှင်းနိုင်ပါလိမ့်မယ်"

"ဟုတ်ပါတယ်လေ၊ ခင်ဗျားဘက်က ဒီလိုခံစားရလိမ့်မယ်ဆိုတာ ကျုပ်နားလည်ပါတယ်။ ဒါပေမယ့် ဒီကိစ္စမှာတော့ ဌာနတစ်ခုလုံးနဲ့ မပတ်သက်ပါဘူးဗျာ။ ရဲအုပ်ကြီးထရက်ဆိုတဲ့ ခင်ဗျားရဲ့ မိတ်ဆွေတစ်ယောက်ကို ပုဂ္ဂိုလ်ရေးအရ ပူးပေါင်းဆောင်ရွက်တဲ့သဘောနဲ့ ကူညီစမ်းပါ"

မေဆင်က ပြုံးလိုက်ပြီး "ဒီလိုလား၊ ဒါဆိုရင်တော့ အခြေခံတစ်မျိုးနဲ့ ကျုပ်တို့ ပြန်သုံးသပ်ကြတာပေါ့လေ"ဟု ပြောသည်။

ထရက်က "ကောင်းပြီဗျာ၊ ကျုပ်တို့စပြီး ပြန်စဉ်းစားကြဖို့က ရှပ်အကျီလက်တွေ ရေစိုနေတဲ့ ကိစ္စပဲ၊ တာဆင်တာ လျှို့ဝှက်အံဖုံးတံခါးကို ဖွင့်တဲ့ ကြိုးခလုတ်ကို လက်နဲ့စမ်းဖို့ ကုတ်အကျီကို ချွတ်၊ ရှပ်အကျီညာဘက်လက်ကို လိပ်တင်ခဲ့လိမ့်မယ်၊ ကြိုးခလုတ်ဆွဲ၊ အံဖုံးကို ဖွင့်ပြီး ပစ္စည်းတွေထည့်ပြီးတဲ့အခါ အကျီလက်ကို ပြန်ချ၊ အိမ်ထဲဝင်၊ ကုတ်အကျီပြန်ဝတ်မယ် လုပ်နေတုန်း တစ်စုံတစ်ယောက်ကို ရေကူးကန်ထဲမှာ သူတွေ့လိမ့်မယ်။ ဒါကြောင့် ရေကူးကန်ဆီကို ပြန်လာပြီး ရေထဲက အမျိုးသမီးကို စောင့်ဖမ်း၊ ရေထဲနှစ်၊ ပလတ်စတစ်အိတ်ကို လုနေတုန်း အမျိုးသမီးက ရုန်းထွက်သွား၊ သံဆူးကြိုးအောက်ကနေ တစ်ဖက်ခြမ်းကို ကူးပြေး၊ သံဆူးကြိုးခံနေလို့ တာဆင်က ချက်ချင်း လိုက်မဖမ်းနိုင်ခဲ့ဘူး၊ ဒါကြောင့် အမျိုးသမီးအဝတ်တွေ ချွတ်ထားခဲ့တဲ့နေရာမှာ လာရပ်စောင့်နေတုန်း သံဆူးကြိုးကြားထဲကနေ နောက်က ဓားနဲ့ ထိုးသတ်တာကို ခံခဲ့ရတယ်၊ ဖြစ်စဉ်အကျဉ်းက ဒါပဲဗျ။ ဒီတော့ ခင်ဗျားရဲ့ အကူအညီလိုချင်တာက..."

"ဘာကူညီရမလဲ"

"ဒီလိုဗျာ၊ ခင်ဗျားရဲ့ အမှုသည်တွေလည်း ကွင်းလုံးကျွတ် လွတ်ခဲ့ကြပါပြီ၊ သူတို့အပြစ်ကျူးလွန်ခဲ့တယ်ဆိုရင်တော့ ကျွန်တော်က ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံမခိုင်းတော့ပါဘူး။ သူတို့ကိုလည်း တရားပြန်စွဲလို့ မရပါဘူး။ ဒါပေမယ့် အဖြစ်မှန်ကိုတော့ ပြောနိုင်ရင် ပြောပြစေချင်တယ်ဗျာ"

"သူတို့ရဲ့ဇာတ်လမ်းကို ဘယ်သူမှ ပြောမှာမဟုတ်ဘူးဗျ"

"တကယ်လားဗျာ"

"တကယ်ပဲ။ ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး"

ထရက်က သက်ပြင်းကြီးတစ်ချက် ချလိုက်သည်။ ဤတွင် မေဆင်က "လက်ဆွဲသေတ္တာကိစ္စကို ခင်ဗျား ထည့်မစဉ်းစားဘူးလား"ဟု မေးလိုက်သည်။

ထရက် ခေါင်းယမ်းပြပြီး "လက်ဆွဲသေတ္တာပေါ်က လက်ဗွေရာတွေကိစ္စ ခင်ဗျား အကွက်ဖန်လိုက်တာတော့ တကယ်တော်တယ်ဗျာ၊ ဂျူရီလူကြီး ၁၂ ယောက်စလုံးဟာ သူတို့ကိုယ်သူတို့ လက်ဗွေပါရဂူတွေအဖြစ် ခံယူပြီး တိုက်ဆိုင်စစ်ဆေးနေလိုက်ကြတာ၊ သေတ္တာပေါ်က လက်ဗွေရာတစ်ခုဟာ နာဒင်းပါးမားရဲ့ လက်ဗွေနဲ့ တူတယ်လို့ပြောတဲ့လူကပြော၊ အံဝှက်တံခါးပေါ်က လက်ဗွေရာထဲမှာလည်း နာဒင်းပါးမားရဲ့ လက်ဗွေရာပါတယ်လို့ ပြောတဲ့လူကပြော၊ နောက်ဆုံးတော့ တရားခံအစစ်ဟာ နာဒင်းပါးမားဖြစ်စရာ ရှိတယ်ဆိုတဲ့ဘက်က သူတို့မဲတင်းသွားကြပြီး ခင်ဗျားရဲ့ အမှုသည်တွေကို လွှတ်ပေးလိုက်တော့တာပဲ"

မေဆင်က "ဒေ့ဦးဘျ၊ လက်ဆွဲသေတ္တာကိစ္စမှာ ခင်ဗျားတို့လွဲချော်ခဲ့တာ ရှိတယ်၊ သိရဲ့လား"

"ဘာပါလိမ့်ဗျာ"

"အာမခံစာချုပ်တွေ ထည့်ထားတဲ့ လက်ဆွဲသေတ္တာဟာ ကျုပ်ရဲ့ တည်းခိုခန်းထဲမှာ တစ်ယောက်ယောက်က လာထောင်ထားခဲ့တာ အမှန်ပဲဗျ။ ဒါနဲ့ ကျုပ်လည်း ဟိုတယ်ဝန်ထမ်းမှူးကို ညဘက်ဖွင့်တဲ့ သေတ္တာဆိုင်က လက်ဆွဲသေတ္တာတစ်လုံး မှာလိုက်တယ်။ ပြီးတော့ လာ ထောင်ထားတဲ့ ရေဒာတ္တာထဲက အာမခံစာချုပ်တွေကို သေတ္တာအသစ်ထဲ ပြောင်း





ထည့်၊ သေတ္တာအဟောင်းကို အဝတ်သေတ္တာကြီးထဲ ထည့်ထားလိုက်တယ်။ ခင်ဗျားတို့ရဲ့ သက်သေတွေက ကျုပ်ဟာ လော့စ်အိန်ဂျလီမြို့က နေ အာမခံစာချုပ်တွေ ထည့်ထားတဲ့ လက်ဆွဲသေတ္တာကို ယူလာပါတယ်လို့ စွပ်စွဲထွက်ဆိုကြရင် ခုခံကာကွယ်ဖို့ ပြင်ဆင်ခဲ့ရတာပဲ"

"ဟုတ်တယ်ဗျို့၊ ဟုတ်တယ်၊ လပ်စ်ဖေးဂတ်စ်က ရဲတွေကို ကျုပ် ပြောပါသေးတယ်။ ခင်ဗျားဟာ ဒီလောက် မိုက်မဲတဲ့ အလုပ်ကိုလုပ်မှာ မဟုတ်ပါဘူးလို့၊ ဒါပေမယ့် ကျုပ်ပြောတာ သူတို့နားမထောင်ကြဘူး"

မေဆင်က "ကိုင်း...ကျုပ်ရဲ့ တည်းခိုခန်းထဲ လာထားသွားတဲ့ မူလ လက်ဆွဲသေတ္တာကို ကျုပ်ပြမယ်။ အဲဒီ လက်ဆွဲသေတ္တာပေါ်မှာ တရားခံ အစစ်ရဲ့ လက်ဗွေရာတွေကို ခင်ဗျားစစ်ဆေးကြည့်ရင် တွေ့ရလိမ့်မယ်ထင် တယ်၊ ဒီသေတ္တာပေါ်က လက်ဗွေရာမျိုးကို ရေကူးကန်ဘေးက အံဝှက် တံခါးပေါ်မှာလည်း တွေ့ရလိမ့်မယ်"ဟု ဆိုကာ ဗီရိုဆီသို့ လျှောက်သွား ပြီး လချေးကော်ပြားစွပ်အိတ်ဖြင့် ထည့်ထားသည့် လက်ဆွဲသေတ္တာတစ်လုံး ကို ယူထုတ်လာသည်။

"ဟောဒီ သေတ္တာပေါ်က ပီ၊ မေဆင်လို့ ရေးထားတဲ့ စာလုံးတွေကို သေသေချာချာ ကြည့်စမ်း ရဲအုပ်ကြီး"

မေဆင်က ပြော၍ ထရက်က စေ့စေ့စပ်စပ်ကြည့်ရှုသည်။

"သေတ္တာပေါ်မှာ နာမည်စာလုံး ရေးရိုးရေးစဉ်ထုံးစံမဟုတ်တာ သတိထားမိလား။ ဥပမာ ထုံးစံအတိုင်းဆိုရင် ပယ်ရီမေဆင် လို့ ရေးချင် ရေးမယ်၊ အတိုကောက်ရေးမယ်ဆိုရင် ပီ၊ အမ် လို့ပဲ ရေးမယ်၊ ဒါမှမဟုတ် နောက်ဆုံးနာမည်ဖြစ်တဲ့ မေဆင် လို့ပဲ ရေးမယ်၊ ဟုတ်တယ်မဟုတ်လား"

"အင်း...ဟုတ်တယ်ဗျို့၊ ဆက်စမ်းပါဦး"

"ရေးထားတဲ့ စာလုံးတွေကိုလည်း သတိထားပြီး ကြည့်စမ်းပါ ဟောဒီ ပီ ဆိုတဲ့ စာလုံးနဲ့ အမ် ဆိုတဲ့ စာလုံးတွေဟာ ယောင်းမြောင်း တွေ့ရလိမ့်မယ်။ နောက်က အေအက်စ်အင် ဆိုတဲ့စာလုံးတွေက သင်္ချေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကြောင့် ပီ၊ အမ်ဆိုတဲ့ စာနှစ်လုံးဟာ စာစောပိုင်းက ပုံနှိပ်ထားတဲ့ မူလစာလုံးတွေဖြစ်တယ်။ နောက်က သုံးလုံးက ရက်အတော်ကြာပြီးမှ ထပ်နှိပ်ထားတာ ဖြစ်မယ်၊ ဘယ့်နှယ့်လဲ"

"ဟုတ်တယ်ဗျို့၊ ခင်ဗျားပြောတဲ့အတိုင်း ကျုပ်လည်း သတိထားမိပြီ"

"ကိုင်း... ဒါကို အသာထားဦး၊ သေသူ လော်ရင်းကာဆင်ဟာ အသတ်ခံရတဲ့နေရာကို သွားတုန်းက ဘာနဲ့သွားခဲ့သလိုဆိုတာတော့ ခင်ဗျားတို့ ယည့်စဉ်းစားခဲ့ကြသေးသလား"

"ဟာ...အဲဒါကို အခြေခံပြီး စဉ်းစားရတာပေါ့၊ ဘယ်လွတ်ပါ့မလဲ၊ ကာဆင်ဟာ သူ့ကားကို သူမောင်းပြီး အီဒင်အိမ်ကို သွားခဲ့တယ်။ ခင်ဗျားရဲ့ အမှုသည်တွေက ကားကို ပြန်မောင်းလာပြီး ဗီဗီယန်ကာဆင်ရဲ့ ကားဂိုဒေါင်မှာ လာသွင်းသွားခဲ့ကြတယ်။ သူတို့က ညဘက်ကျမှ တိတ်တိတ်ပြန်သုတ်ပြီး တစ်နေရာရာမှာ သွားပစ်ထားခဲ့ကြဖို့ ကြံရွယ်ပုံရတယ်"

"တစ်နေရာရာမှာ သွားပစ်ထားခဲ့ကြဖို့ ကြံရွယ်တယ်ဆိုရင် အီဒင်အိမ်ကနေ မြို့ကမှာ ရှိတဲ့ ဗီဗီယန်ရဲ့ တိုက်ခန်းဂိုဒေါင်အရောက် ယူသွားပါဦးတော့မလား၊ လမ်းမှာတွင် တစ်နေရာရာမှာ စွန့်ပစ်ခဲ့လို့ မရဘူးလား"

"ဟုတ်ပါတယ်မေဆင်၊ ကျုပ်လည်း အဲဒီအချက်ကို စဉ်းစားမိလို့ ဝေဝေဝါဖြစ်နေခဲ့ရတယ်"

"ဒီလိုဗျ၊ လော်ရင်းကာဆင်ဟာ ဒီမြို့ကို လပ်စ်ဗေးဂတ်စ်က လာခဲ့တာ သူတစ်ယောက်တည်း မဟုတ်ဘူး။ သူတွဲနေကျ အဆက်တလေး ဂျင်နီဗီးဟိုက်နဲ့လည်း မဟုတ်ဘူး။ လပ်စ်ဗေးဂတ်စ်မြို့ထုံးစံအတိုင်း အတွဲကို အလဲလဲ တွဲတဲ့အကျင့် ရှိနေပြီဖြစ်လို့ တခြားအမျိုးသမီးတစ်ယောက်နဲ့ တွဲလာခဲ့တယ်။ သူ့နာမည်က ပေါ်လီတာမတ်ချ်ဝဲလ် တဲ့ဗျာ၊ အတိုကောက်နာမည် ရေးရင် ပီ၊ အမ်ပေါ့ဗျာ၊ ဒါကြောင့် အာမခံစာချုပ်တွေထည့်လာတဲ့ သေတ္တာဟာ အဲဒီအမျိုးသမီးရဲ့သေတ္တာဖြစ်တယ်ဆိုတာ ကျုပ်သေချာပေါက် ပြောရဲတယ်၊ ပေါ်လီတာဟာ ကာဆင်နဲ့အတူတူ လော့စ်အိန်





ဂျလီကို လာခဲ့တာ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ကာဆင်က ခေါ်လို့ ဒီမှာ လာဆုံခဲ့ကြတာ ဖြစ်ချင်ဖြစ်မယ်၊ ကာဆင်ဟာ ဗီဗီယန်ရဲ့ တိုက်ခန်းရှေ့မှာ သူ့ကားကို အကြောင်းတစ်ခုခုနဲ့ ထားခဲ့တယ်။ ဒါကြောင့် ကာဆင်ဟာ အီဒင်အိမ်ကို သွားတဲ့အခါ ပေါ်လီတာရဲ့ ကားနဲ့သွားကြလိမ့်မယ်။ အီဒင်အိမ်ရောက်တော့ ကာဆင်က ပေါ်လီတာကို ကားထဲမှာ စောင့်ခိုင်းထားတယ်။ သူက အိမ်နောက်ဖေးရေကူးကန်ဘေးမှာ သူ့ရဲ့အာမခံစာချုပ်တွေနဲ့ ငွေတွေကို သွားဝှက်တယ်၊ သူ့ကို ဝင်ငွေခွန်ထိန်ချန်မှုတို့ ဘာတို့နဲ့ အမှုလုပ်ရင် သူ့ရဲ့ပိုင်ဆိုင်မှုတွေကို ဘယ်သူမှ မထင်မှတ်တဲ့ နေရာမှာ လုံလုံခြုံခြုံရှိနေစေဖို့ အဲဒီနေရာမှာ သွားဝှက်တာပဲ ဖြစ်တယ်။ သူပစ္စည်းဝှက်တဲ့နေရာက ဗီဗီယန်ဘက်အခြမ်းရဲ့ နောက်ဖေးမှာ၊ ဒါပေမယ့် ကားကို အီဒင်ဘက်အခြမ်းရဲ့ အိမ်ရှေ့မှာ တမင်ရပ်ခဲ့တယ်၊ ပေါ်လီတာလိုက်ပြီး စပ်စုမှာစိုးလို့ နေရာလွှဲရပ်ခဲ့တာဖြစ်တယ်။

"ကာဆင်ဆီမှာ အီဒင်ရဲ့ သော့တွေအားလုံး ရှိနေတယ်၊ ဒါကြောင့် သံဆူးကြိုးကို ပတ်ပြီး ဗီဗီယန်ဘက်အခြမ်း၊ အိမ်ဘေးတံခါးက အထဲကို ဝင်၊ ရေကူးကန်ဘေးက သူ့အံဝှက်ကိုဖွင့်၊ ပစ္စည်းတွေထည့်၊ အဲသလိုလုပ်နေတုန်း ပေါ်လီတာက လိုက်ချောင်းတယ်၊ အီဒင်ဘက်အခြမ်း ပြတင်းပေါက် တစ်ခုခုကနေ ကျော်ဝင်ခဲ့တာဖြစ်နိုင်တယ်။ ကာဆင်ပစ္စည်းတွေ ဝှက်နေတာတွေ့တော့ ပေါ်လီတာဟာ အိမ်ရဲ့ ဧည့်ခန်းမှာ အဝတ်တွေချွတ်၊ ကာဆင်တစ်ဖက်ခန်းထဲဖသွားမှာ ရေကူးကန်ထဲခုန်ဆင်း၊ သံဆူးကြိုးအောက်က ရေငုပ်ပြီး တစ်ဖက်ကိုရောက်၊ အံဝှက်ကိုဖွင့်၊ ပစ္စည်းတွေယူပြီး ပြန်ကူးလာ..."

"အဲဒီတစ်ချိန်လုံး ကာဆင်က ဘာလုပ်နေမလဲ" ထရက်က ဝင်ထောက်သည်။

"ကားဆီကို ပြန်သွားနေလိမ့်မယ်။ ကားဆီကို သူရောက်တော့ ပေါ်လီတာကို မတွေ့တဲ့အခါ ချက်ချင်းရိပ်မိပြီး အီဒင်ဘက်အခြမ်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးတို သော့နဲ့ဖွင့်ဝင်၊ ရေကူးကန်ဆီ ပြေးလာ၊ ပေါ်လီတာ ဒီဘက်ခြမ်း ပြန်ရောက်ပြီး အဝတ်မပါဘဲ ပလတ်စတစ်အိတ်နဲ့ တက်လာတာတွေ၊ ကာဆင်က ကမန်းကတန်း ကုတ်အင်္ကျီချွတ်ချပြီး လိုက်ဖမ်း၊ ပေါ်လီတာက တန့်ထဲခုန်ချပြေး ဒါပေမယ့် ဆံပင်တိုပဲဖြစ်ဖြစ် ဖမ်းဆွဲမိလိုက်မယ်၊ ပြီးတော့ လည်ကုပ်က ကိုင်ပြီး ရေထဲနှစ်နေတုန်း ပေါ်လီတာက ရုန်းထွက်ပြီး သံဆူးကြိုးတစ်ဖက်ကို ရေငုပ်ပြေးတယ်။

"ကာဆင်ဟာ ကုတ်အင်္ကျီပြန်ဝတ်ပြီး အိမ်ထဲပြန်ဝင်ရင်း ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားတဲ့အခါ ဧည့်ခန်းမှာ ပေါ်လီတာ ချွတ်ခဲ့တဲ့ အဝတ်တွေ တွေ့တယ်၊ ဒီတော့မှ အကြံရသွားတယ်။ ပေါ်လီတာဟာ အဝတ်ဗလာနဲ့ ဘယ်လိုမှ ထွက်မသွားရဲဘူးဆိုတာ စဉ်းစားမိလိမ့်မယ်၊ ဒါကြောင့် အဝတ်တွေပေါ်မှာ ရပ်ပြီး စောင့်နေတယ်။

"ဒါပေမယ့် ပေါ်လီတာက သူထက်ပိုပြီး လျင်တယ်။ ဗီဗီယန်ရဲ့ မီးဖိုဆောင်ထဲက ဓားတစ်ချောင်းဖြုတ်ယူ၊ ခြေဖျားထောက်ပြီး အိမ်ရှေ့ကို ထွက်လာ၊ တစ်ဖက်ကို လှည့်နေတဲ့ ကာဆင်ရဲ့ကျောပြင်ကို သံဆူးကြိုးကြားတနေ ဓားနဲ့ထိုးစိုက်လိုက်တယ်။ ပြီးမှ သံဆူးကြိုးအောက်တနေ သူ့အဝတ်တွေလှမ်းယူ၊ ပြန်ဝတ်ဆင်ပြီး ကာဆင်အိတ်ထဲက ကားသော့ကို ထုတ်၊ အိမ်ပြင်ထွက်၊ အီဒင်ဘက်အခြမ်းကို လျှောက်လာ၊ တံခါးပြန်ပိတ်၊ ကားပေါ်တက် မောင်းထွက်လာခဲ့တယ်။

"အဲဒါတွေဖြစ်ပြီးချိန်မှာ ကျုပ်ရဲ့အမှုသည်တွေ အိမ်ပြန်ရောက်လာကြတယ်။ အလောင်းကြီးကို တွေ့တော့ သူတို့ထိတ်လန့်တကြားဖြစ်ပြီး ကျုပ်ဆီလည်း လှမ်းအကြောင်းမကြားဘဲ သူတို့ထင်ရာတွေ လျှောက်လုပ်ကြတော့တာပဲ။ ကိုင်း...ဘယ့်နှယ့်လဲ၊ ကျုပ်ရဲ့ အယူအဆတွေကို သဘောကျရဲ့လား"

"သိပ်အံ့ဩစရာကောင်းတဲ့ အယူအဆပါပဲ မေဆင်၊ ဒါပေမယ့် ခင်ဗျားပြောခဲ့တာတွေဟာ မှန်ပါတယ်လို့ အထောက်အထားပြနိုင်သလား"





ထရက်က စောကြောသည်။

မေဆင်က "ကာဆင်ရဲ့ အဆက်ပေါင်း ဂျင်နီဗီးဟိုက်ဆိုတဲ့ သစ်စ်ပေးဂတ်စ်က ကောင်မလေးကို နည်းနည်းစစ်မေးကြည့်ဗျာ၊ ဂျင်နီဗီးဟိုက်ဟာ လော့စ်အိန်ဂျလီကို အခင်းဖြစ်ပွားတဲ့နေ့က လေယာဉ်နဲ့ လာခဲ့တယ်။ ပေါ်လီတာဆိုတဲ့ အမျိုးသမီးက သူ့အဆက် ကာဆင်ကို လုပြီး တွဲသွားတယ်ဆိုတာ သတင်းကြားလို့ နောက်က လိုက်ခဲ့တာပဲ။ ကောင်မလေးက ရေငုံနှုတ်ပိတ်လုပ်နေပေမယ့် ခင်ဗျားတို့ သေသေချာချာ မေးရင် လိမ်ပြောမှာ မဟုတ်ပါဘူး။ အဲဒီနေ့က ကာဆင်နဲ့ ပေါ်လီတာ တွဲနေခဲ့တယ်ဆိုတာ ဂျင်နီဗီးဆီက ခင်ဗျားသိရလိမ့်မယ်။

"ပြီးတော့ ပစ္စည်းဝှက်တဲ့ အံဖုံးတံခါးက လက်ဗွေရာတွေ၊ ကျွန်ရဲ့ တည်းခိုခန်းထဲမှာ လာထောင်သွားတဲ့ လက်ဆွဲသေတ္တာက လက်ဗွေရာတွေနဲ့ ပေါ်လီတာရဲ့ လက်ဗွေရာတွေကို တိုက်ဆိုင်ကြည့်ပေါ့ဗျာ"

ထရက်က အတန်ကြာမျှ စဉ်းစားနေပြီးနောက် "ဒါဖြင့် နာဒင်းဝါး မား ကိစ္စက ဘယ်လိုလဲဗျာ"ဟု မေးသည်။

"အင်း...နာဒင်းဝါးမား သက်သေထွက်ဆို သွားတာတွေဟာ အတော်များများ မှန်ပါလိမ့်မယ်။ ဒါပေမယ့် သူလည်း လောကီသားပေမို့ ဆိုသလိုပေါ့ဗျာ၊ မှန်ပြောင်းနဲ့ လှမ်းကြည့်ရင်း ကာဆင်ပစ္စည်းဝှက်တာကိုလည်း တွေ့၊ အဝတ်မဲ့ မိန်းမတစ်ယောက်ရေကူးပြီး အဲဒီနေရာကို သွားတာတိုလည်း တွေ့တော့ တောင်ကုန်းပေါ်ကနေ ရေကူးကန်ဆီကို သူသွားကြည့်ပါလိမ့်မယ်။ သူတောင်ကုန်းပေါ်က ဆင်းပြီး အိမ်ဆီကို လာနေတုန်းမှာ ခုနက အဖြစ်အပျက်တွေ ဖြစ်ပြီးနေပြီ၊ နာဒင်းပါးမားဆင်းလာတဲ့လမ်းဟာ အီဒင်ရဲ့ အခြမ်းဘက်ကို ရောက်တယ်။ ဒါကြောင့် သူဟာ အီဒင်ဘက်ကနေ ဗီဗီယန်ဘက် အခြမ်းရောက်အောင် အတွင်းခံတလေးတွေနဲ့ ရှေ့ဆုံး ပြီး သွားခဲ့ရတယ်။ ဟိုဘက်ရောက်တော့ အံဝှက်ထဲမှာ ဘာမှမတွေ့ပြီး ပြန်လာပြီး အတွင်းခံတွေချွတ်၊ ရေညှစ်ပြီး လက်ပွေ့အိတ်ထဲထည့် အဝတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြန့်ဝေတဲ့နေတုန်း အီဒဝင်နဲ့ ဗီဗီယန်တို့အိမ်ထဲမှာ ပြောကြဆိုကြတာတွေ ကြားရတာပဲ၊ ဒါနဲ့ နံရံနား ကပ်နားထောင်တဲ့အခါ အီဒဝင်က ဗီဗီယန်တို့ အားပေးစကားပြောနေတာကို ကြားခဲ့ရတယ်၊ အဲဒီထွက်ဆိုချက်ဟာ အမှန်တွေပဲ၊

"ပစ္စည်းတွေ ဝှက်တဲ့နေရာက လက်ဝှေ့ရာတွေထဲမှာ နာဒင်းပါးမားရဲ့ လက်ဗွေရာ ပါနေတာတော့ သေချာတယ်၊ ဒါကြောင့် ဂျူရီလူကြီးတွေက တင်ပြတာကို လက်ခံခဲ့ကြတာပဲဗျာ"

ထရက်က ခေါင်းယမ်းပြီး-

"အင်း...ခင်ဗျား ပြောပြတော့လည်း အတော်ဟုတ်နေတာပဲ၊ ကျုပ်တို့အနေနဲ့ကတော့ တရားခံအစစ် ဘယ်သူပါလို့ စွဲဆိုလောက်အောင်နိုင်လုံတဲ့အချက်တွေ မရသေးဘူးဗျာ"

မဆင်က ပြုံးပြီး-

"ကျုပ်အမှုသည်တွေ လွတ်အောင်ဆင်တူရိုးမှား လက်ဗွေရာတွေကို အကြောင်းပြုပြီး ကြိုးစားခဲ့တာပဲလေ၊ အဲဒီလက်ဗွေရာတွေထဲမှာ ပေါ်လီတာမတ်ချ်ဝဲလ်ရဲ့ လက်ဗွေရာတွေပါနေသလား စစ်ဆေးကြည့်ဦးပေါ့"

ထရက်က အတန်ကြာအောင် စဉ်းစားနေပြီးနောက် ရုတ်တရက်ထလိုက်သည်၊

"ဟုတ်တယ်ဗျာ လပ်စ်ဗေးဝတ်စ်ကို ကျုပ်လိုက်သွားမယ်"ဟု ဆိုကာ ရဲအုပ်ကြီးထရက် ထွက်ခွာသွားသည်၊

အီဒဝင်က ဗီဗီယန်ကို လှမ်းကြည့်၏၊

ဗီဗီယန်က

"တွေ့တယ်မဟုတ်လားဒါလင်၊ မစ္စတာမဆင်ကို ကျွန်မတို့ကိစ္စလျှို့ဝှက်ထားတာ အကောင်းဆုံးလို့ ကျွန်မ ပြောခဲ့တာ မှန်တယ်မဟုတ်လား၊ သူ့ဉာဏ်နဲ့သူ လုပ်သွားနိုင်တာပဲလေ"

အီဒဝင်က ချက်စာအုပ်တို့ ထုတ်၍...





"ကျွန်တော်တို့နှစ်ယောက်ကို လူသတ်မှုက ကွင်းလုံးကျွတ်လွတ်အောင် ဆောင်ရွက်ပေးတဲ့အတွက် အကျိုးဆောင်ခ ဒေါ်လာနှစ်သောင်းငါးထောင်ပေးရင် သင့်မြတ်လိမ့်မယ် ထင်ပါတယ်ဆရာ၊ ဒါပေမယ့် တိုယ့်ရွှေနေကို အမှန်အတိုင်းမပြောဘဲ ထိန်ချန်ထားပြီး ဆင်ကန်းတောတိုးဖြစ်အောင် လုပ်ခဲ့မိတဲ့အတွက် ဒဏ်ကြေးအနေနဲ့ နောက်ထပ် ဒေါ်လာနှစ်သောင်းငါးထောင် ကန်တော့ပါ့မယ်ဆရာ"ဟု ပြောသည်၊

ဒယ်လာစထရိတ အီဒင် ချက်စာအုပ်တင်၍ ရေးနိုင်ရန် စားပွဲပေါ်ရှိ စာရွက်စာတမ်းများကို ရှင်းပေးသည်၊ ထို့နောက် အီဒင်က ချက်လက်မှတ်ပေါ်တွင် ရေးချလိုက်သည်၊

"ပယ်ရီမေဆင်သို့ ဒေါ်လာငါးသောင်းထုတ်ပေးရန်...' ဟူ၍၊

အားလ်၊ စတင်လေ၊ ဂဒ္ဒနာ

မောင်ဝံသ

(မြန်မာပြန်သူ)



www.burmeseclassic.com